ဝိစိတ္တာဘိဓဇ,မိပတိ,ပဝရ,မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ရ

မန္တလေးမြို့ မဂ္ဂလာရာမတိုက်၊ ပြည်ဆရာတော်ဘုရားကြီး၏ အန္တေဝါသိကတပည့်ဖြစ်သော၊

မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဆရာရင်းဖြစ်သော၊

မင်းတုန်းမင်းတရားကြီးနှင့် သားတော်သီပေါမင်းတရားတို့ နှစ်ဆက်တိုင်တိုင် ကိုးကွယ်ခြင်းခံရသော၊

အမရပူရမြို့ မင်္ဂလာရာမတိုက် ပထမကျော်စာချ

ဆရာကြီးဦးအုန်း (ဘဒ္ဒန္တအာဒိစ္စ)

ပဋ္ဌာနသာရမဉ္ဇူ(ခေါ်)

ညဝါတံခွန်

ဆရာကြီး၏တူသားရင်း

အမရပူရမြို့ မင်္ဂလာရာမတိုက်ဆရာတော်

ဘဒ္ဒန္တဓမ္မသာမိ

၁၂၈၉ - ခုတွင် ပထမအကြိမ်ပုံနှိပ်သည်။

သာသနာတော်နှစ် - ၂၅၅၈ ကောဇာ - ၁၃၇၆ ခရစ် - ၂၀၁၄

ဝိစိတ္တာဘိဝံသ,ဓိပတိ,ပဝရ,မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ရ
မန္တလေးမြို့ မဟ္လာလာရာမတိုက်၊ ပြည်ဆရာတော်ဘုရားကြီး၏ အန္တေဝါသိကတပည့်ဖြစ်သော၊
မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဆရာရင်းဖြစ်သော၊
မင်းတုန်းမင်းတရားကြီးနှင့် သားတော်သီပေါမင်းတရားတို့ နှစ်ဆက်တိုင်တိုင် ကိုးကွယ်ခြင်းခံရသော၊

အမရပူရမြို့ မင်္ဂလာရာမတိုက် ပထမကျော်စာချ

ဆရာကြီးဦးခုန်း (ဘဒ္ဒန္တအာဒိစ္စ)

ပဋ္ဌာနသာရမဉ္ဇူ(ခေါ်)

ညဝါတံခွန်



ဆရာကြီး၏တူသားရင်း
အမရပူရမြို့ မင်္ဂလာရာမတိုက်ဆရာတော်

ဘဒ္ဒန္တဓမ္မသာမိ

၁၂၈၄ – ခုတွင် ပထမအကြိမ်ပုံနှိပ်သည်။

သာသနာတော်နှစ် - ၂၅၅၈ ကောဇာ - ၁၃၇၆ ခရစ် - ၂၀၁၄

၂၉၀၁၉
စာမှတ် ....

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသည့်အကြိမ် - ပထမအကြိမ်၊ ၁၉၂၇-ခုနှစ်
ဒုတိယအကြိမ်၊ ၂၀၁၄-ခုနှစ်

မူပိုင်ခွင့် - ဒေါ်ရှုပသီဂိ (I.T.B.M. University)

အတွင်းပန်းချီ - နေဝင်းအောင် ဖုန်း-၀၉ ၇၃၁၀၈၃၉၈
- မင်းနေလ ဖုန်း-၀၉ ၅၁၄၇၃၂၃

မျက်နှာဖုံးဒီဇိုင်း - နိုင်လင်း (စွယ်တော်)

ကွန်ပြူတာစာစီ - ဖေယျာနရီနီ (မြောင်းမြ)
ဦးရေဝတ (နှ.ပ.သ.တက္ကသိုလ် - ရန်ကုန်၊)

စာအပြင်အဆင် - Dream city ဖုန်း-၀၉ ၇၃၀၅၂၄၃၃

ပုံနှိပ်သူ - ဦးတင်အောင်ကျော် (မြ-၀၇၁၅၃)
စွယ်တော်ပုံနှိပ်တိုက်
အမှတ် - ၁၄၇၊ ၅၁ လမ်း (အထက်)
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့

ထုတ်ဝေသူ - မဇ္ဈိမပဋိပဒါစာပေ (မြ-၀၄၉၅၂)

ဖြန့်ချိရေး - ၁။ မိုးကုတ်ဝိပဿနာ မိစင်ပင်မ သံဝေဇနီယဌာန
မင်္ဂလာမင်္ဂလာမဂ္ဂင်ရိပ်သာနှင့်မင်္ဂလာတိုက်၊
ဒိုးတော်ရပ်၊ အမရပူရမြို့နယ်၊ မန္တလေးမြို့
၂။ ကုသိုလ်ဝိပဿနာ မိစင်ပင်မ သံဝေဇနီယဌာန
ရွှေတိဂုံဘုရားတောင်ဘက်မုခ်ဈေးတော်ရုံ
ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၄၈၁၃

အုပ်ရေ - ၂၀၀၀

တန်ဖိုး - ၆၀၀၀ ကျပ်

ထုတ်ဝေသည့်စာအုပ်ကတ်တလောက်အညွှန်း (CIP)

ဦးရေဝတ	၂၉၄·၃
ညဝါတ်ခွန်ကျမ်း/ဦးရေဝတ၊ -ရန်ကုန်	
မဇ္ဈိမပဋိပဒါစာပေ၊ ၂၀၁၄၊	
၅၀၄ စာ၊ ၁၅.၂၄ စင်တီ X ၂၂.၈၆ စင်တီ	
(၁)ညဝါတ်ခွန်ကျမ်း	

ပိဋကတ္တာဘိဓေ၊မိပတိ၊ပဝရ၊မဟာသဒ္ဓ၊ရာဇာဓိရာဇဂုရု
တံဆိပ်တော်ရ-မင်္ဂလာရာမတိုက်၊ မြည်ဆရာတော်ဘုရားကြီး၏
အင်္ဂေါဝါဒ်သိကတ်ပည့်ဖြစ်သော

{ ဦးအာဒိစ္စ‌ခေါ် }

ဆရာကြီးဦးအုန်းကိုယ်တိုင်
ရေးသားစီရင်အပ်သော၊
ဆရာကြီး၏တူရင်း၊အမရပူရမြို့၊
မင်္ဂလာရာမတိုက်မှ

{ ဦးဝမ္မသာမိ }

သေရာ၊ ပြည့်စွက်ပြင်ဆင်စီစဉ်ရေးသားအပ်သော၊
ဗျာနသာရမဥ္စရီခေါ်

ဿဝါတန်းခွန်ကျမ်း

အလှူရှင်
ကိုဘသက်-မပု၊
မြန်မာပိဋကတ်-ပုံနှိပ်တိုက်ဆိုင်ကြီး၊ ဈေးချိုတော်(စီ)ရုံ
မန္တလေးမြို့၊

၁၂၈၉-ခု၊ တအုပ်-၃ိ
မန္တလေးမြို့၊ ရတနာ့ဗိမ်ပိဋကတ် ပုံနှိပ်တိုက်၊ 191

မန္တလေးမြို့၊ မဏ္ဍလာရာမတိုက် ပြည်ဆရာတော်ဘုရားကြီး၏
အန္တေဝါသိကတပည့်ဖြစ်သော၊
မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဆရာရင်းဖြစ်သော၊
အမရပူရမြို့၊ မင်္ဂလာရာမတိုက် ပထမကျော်စာချ

ဆရာကြီးဦးအုန်း (ဘဒ္ဒန္တအာဒိစ္စ)

ရေးသားပြီး၊ ဆရာကြီး၏တူသားရင်း
အမရပူရမြို့၊ မင်္ဂလာရာမတိုက်ဆရာတော်

ဘဒ္ဒန္တဓမ္မသာမိ

၁၂၈၉-ခုတွင် ပထမအကြိမ်ပုံနှိပ်သော
ပဋ္ဌာနသာရမဉ္ဇူရီ

ညဝါတံခွန် ဓမ္မစေတီတော်

ပဲခူးမြို့၊ ကျောက်တန်းကျေးရွာအုပ်စု၊ ကျောက်ဆောင်ကျေးရွာ၊
ပတ္တမြားကျောင်းတိုက် ပဓာနနာယကဆရာတော်

ဘဒ္ဒန္တသုန္ဒရ

ပတ္တမြားဆရာတော်မှ
ပါရမီအဟုန်အဖြစ် တည်ထားပူဇော်ပါသည်။
ပဋ္ဌာန်းဆက်အသီးသီးတို့၏ ဟဒယနှလုံးအိမ်အရောက်
ပင့်ဆောင်တည်ထားနိုင်ကြပါစေသောဝ်။

သာသနာတော်နှစ်-၂၅၅၈ ကောဇာ-၁၃၇၆ ခရစ်-၂၀၁၄

အမရပူရမြို့ မိုးကုတ်-မင်္ဂလာ ဓမ္မစေတီတော်ကျမ်းစာများ

စဉ် ကျမ်းအမည်	ကျမ်းပြုဆရာတော်
၁။ "ဝိထိသင်္ခေပဒီပနီကျမ်း နှင့် ပုဂ္ဂလစိတ္တဒီပနီကျမ်း"	**ဘဒ္ဒန္တသုဇာတ မဟာထေရ်** (တိုက်အုပ်ဆရာတော်၊မင်္ဂလာတိုက်၊ အမရပူရမြို့ ဆရာကြီးဦးအုန်း၏ဓမ္မန္တေဝါသိက၊ မိုးကုတ်ဆရာတော်၏ဥပဇ္ဈာယ်ဆရာတော်)
၂။ "ပုထုဇ္ဇနအလင်းပြကျမ်း"	**ဘဒ္ဒန္တဝိမလ မဟာထေရ်** (အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်)
၃။ "ညဝါတဲခွန်ကျမ်း" (ပဋ္ဌာနသာရမဥ္စူရီကျမ်း)	**ဆရာကြီးဦးအုန်း (ခေါ်) ဦးအာဒိစ္စ** မင်းတုန်းမင်းနှင့်သီပေါမင်းတို့ကိုးကွယ်သော ပထမကျော်စာချ။
၄။ "အဘိဓမ္မာတဲခွန်ကျမ်း" (မာတိကာ.ဓာတုကထာ နှင့် ယမကဝိထိမဥ္စူရီကျမ်း)	**ဆရာကြီးဦးအုန်း နှင့် ဘဒ္ဒန္တဝိမလ** (အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်)
၅။ "သုံးချက်စုချုပ်စဉ်ကျမ်း" (မိုးကုတ်ဆရာတော်ချုပ်သည်)	**ဘဒ္ဒန္တဇောတိက (လေး)** (မိုးကုတ်ဆရာတော်၏ဓမ္မန္တေဝါသိက၊ ပဓာနမဟာနာယက၊မင်္ဂလာတိုက်၊ အမရပူရမြို့)

ဓမ္မစေတီတော်များကို မိုးကုတ်ဆရာတော်ကြီး၏ ဝိဇာတမင်္ဂလာ (၁၀၈)နှစ်ပြည့် အထိမ်းအမှတ် ကောဇာသက္ကရာဇ် (၁၃၆၉)၊ ခရစ်နှစ် (ဇန်နဝါရီလ - ၂၀၀၈) ခုနှစ်တွင် အမရပူရမြို့ မိုးကုတ်ဝိပဿနာ မင်္ဂလာမဂ္ဂင်ရိပ်သာ မိခင်ပင်မ သံဝေဇနိယဌာန၊ မင်္ဂလာတိုက် တပည့်သံဃာများမှ ထုတ်ဝေပူဇော်ဖြန့်ချိရန် ပဓာနနာယကဆရာတော် ဦးဇောတိက(လေး) ၏ ထိုနှစ်များမတိုင်မီကပင် ကြိုတင်စီစဉ်ဆောင်ရွက်ခဲ့ခြင်းသည် ယခုပြီးစီးပါ၏။

ကျေးဇူးတင်လွှာ

မိုးကုတ်–မင်္ဂလာ ဓမ္မစေတီတော်များကို ရေးသားပြုစု၊ ချပို့ပေးတော်မူကြသော အမရပူရမြို့၊ မင်္ဂလာတိုက်မှ ဆရာကြီးဦးအုန်း၊ အဂ္ဂမဟာပဏ္ဍိတ **မိုးကုတ်ဆရာတော်ဘုရားကြီးနှင့်** တိုက်သစ်နာယကဆရာတော် **ဘဒ္ဒန္တဓမ္မသာမိ** တို့အားလည်းကောင်း၊ ပုံနှိပ်ပူဇော်ရန် စီစဉ်တော်မူသော အမရပူရမြို့၊ မိုးကုတ်ဝိပဿနာ မင်္ဂလာမဂ္ဂင်ရိပ်သာ မိခင်ပင်မသံဝေဇနိယဌာန၊ ပဓာန မဟာနာယက ဆရာတော်**ဘဒ္ဒန္တဇောတိက(လေး)** (မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဓမ္မန္တေဝါသိက) အားလည်းကောင်း၊ မင်္ဂလာတိုက်သစ်၊ ပဓာနနာယကဆရာတော် **ဘဒ္ဒန္တတေဇောသာရ** အားလည်းကောင်း၊ လိုအပ်သောပုံနှိပ်ခများ လှူဒါန်းပေးတော်မူသော **ဘဒ္ဒန္တသုန္ဒရ (ပတ္တမြားဆရာတော်)** နှင့် **ဘဒ္ဒန္တသုမင်္ဂလ (ဒယ်အိုးဆရာတော်)** တို့အားလည်းကောင်း၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)မှ မော်ကွန်းထိန်းဆရာတော် ဒေါက်တာ **ဘဒ္ဒန္တပညာဝံသ**၊ လက်ထောက် မော်ကွန်းထိန်းဆရာတော် **ဘဒ္ဒန္တနရိန္ဒ** တို့အားလည်းကောင်း၊ **ဦးကျော်လင်း** (ဓမ္မာစရိယ၊ ပါဠိပါရဂူ) အားလည်းကောင်း၊ ကျမ်းစာအုပ်များဆိုင်ရာ ပတ်သက်ဆက်စပ်သမျှသော ဆရာတော်သံဃာတော်များ၊ အလှူရှင်များအားလုံးအားလည်းကောင်း၊ စွယ်တော်ပုံနှိပ်တိုက် ပိုင်ရှင်နှင့်အဖွဲ့သားများ၊ ပဌာန်းသရုပ်ဖော်ပေးသော ပန်းချီဆရာများအားလည်းကောင်း၊ ကျေးဇူးဥပကာရ အထူးတင်ရှိပါသည်။

ဆရာတော်ကြီးများ၏မိန့်ခိုင်းချက်အရ ကြိုးစားဆောင်ရွက်ရပါသဖြင့် ဆောင်ရွက်သူ၏ မပြည့်ဝမှုကြောင့် ချွတ်ယွင်းချက်များတွေ့ရှိပါက ဖြည့်စွက်ပြင်ဆင်၍ ခွင့်လွှတ်သည်းခံတော်မူနိုင်ကြပါစေ။

ဆောင်ရွက်သူ

မရူပသီဂီ (I.T.B.M. University)

၈/သရန (သီ) ၀၀၁၃၀

ဖုန်း- ၀၉ ၇၃၀၈၇၀၉၁

ဓမ္မကျမ်းစာများကို ပုံနှိပ်ပူဇော်သော ဆရာတော်၏

အဓိဋ္ဌာန်တော်

ကိုယ်တည်းတစ်ယောက် ချမ်းသာရောက်ဖို့

ခုလောက်ကြိုးကုတ် အားမထုတ်ဘူး

ဝူရနှစ်ပြာ မိုးကုတ်မင်္ဂလာ သာသနာ၏

ရှေးခါဘိုးဘ လက်ထက်ကလျှင်

ရသည့်တန်ဖိုး ထပ်မညှိုးဖို့

အားကြိုးမာန်တက် ငါဆောင်ရွက်သည်

နေနှစ်ဆူ လနှစ်ဝန်းလို

ထွန်းလင်းစေသော်။

ဆရာတော် ဘဒ္ဒန္တဇောတိက (လေး)

မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဓမ္မန္တေဝါသိက

ကောဇာ (၁၂၈၃-၁၃၇၂)၊ ခရစ်နှစ် (၁၉၂၁-၂၀၁၁)

ပဓာနမဟာနာယကဆရာတော်

မိုးကုတ်ဝိပဿနာမင်္ဂလာမဏ္ဍင်ရိပ်သာ၊ မင်္ဂလာတိုက်၊ အမရပူရမြို့။

ဓမ္မကျမ်းစာများကို ပုံနှိပ်ပူဇော်သော ဆရာတော်၏

အာသီသတော်

ပို့သူသင်လူ လွန်လွယ်ကူ ညည်းညူမဖြစ်ရ

သိလိုသူတွေ သင်ကြစေ ငှဝေဉာဏ်ဒါန

ပဋိစ္စဒေသနာ နေရောင်ဝါ စမ်းလိုအားလို့ ပန်းလိုလှ

ခေတ်အမှီသုံး ကျဉ်း၍ချုံး ရှေးထုံးမကွယ်ရ

ကြောင်းကျိုးဆင့်ဆင့် မဂ်ဉာဏ်ပွင့် နန်းမြင့်နိဗ္ဗာန်ရ

နန်းမြင့်နိဗ္ဗာန် ရောက်ကြောင်းမှန် သင်အံကျင့်ကြံကြ။

ဆရာတော် ဘဒ္ဒန္တကောဝိဒ (လေး)
မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဓမ္မန္တေဝါသိက
ကောဇာ (၁၂၈၃-၁၃၇၂)၊ ခရစ်နှစ် (၁၉၂၁-၂၀၁၁)
ပဓာနမဟာနာယကဆရာတော်
မိုးကုတ်ဝိပဿနာမင်္ဂလာမဂ္ဂင်ရိပ်သာ၊ မင်္ဂလာတိုက်၊ အမရပူရမြို့။

မင်္ဂလာတိုက်သစ်ဆရာတော်၏ အမှာနိဒါန်း

ဗုဒ္ဓံ ဓမ္မဉ္စ သံဃဉ္စ၊ အာစရိယံ နမာမဟံ။
ယာစိတော ဓမ္မသေကေဟိ၊ ကဿံ သခေပနိဒါနံ။

အဟံ၊ ရုပ်နာမ်နှစ်ဝ သင်္ခါရကို **တေဇောသာရ**ဟု ခေါ်ကြသမုတ် အကျွန်ုပ်သည်။ **ဗုဒ္ဓဉ္စ**၊ သိစရာအဖုံဖုံ အလုံးစုံကို အကုန်မကျန် မြတ်ရွှေဉာဏ်ဖြင့် အမှန်ထိုးထွင်း အလင်းထင်ပေါ် သိမြင်တော်မူသော မြတ်စွာဘုရားကို လည်းကောင်း။ **ဓမ္မဉ္စ**၊ မဂ်လေးဝ ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ် ဆယ်ပါးသော တရားတော်မြတ်ကိုလည်းကောင်း။ **သံဃဉ္စ**၊ ပရမတ္ထနှင့် သမုတိနှစ်ဖြာ ထေရ် သံဃာကိုလည်းကောင်း။ **အာစရိယဉ္စ**၊ ဘိဓမ္မခဲဆစ် ရသာနှစ်ကို သင်ကြား ပေတတ် ဆရာမြတ်ကိုလည်းကောင်း။ **နမာမိ**၊ ကာယဝစီ မနောချိုလျက် အလီလီ ရှိခိုးပါ၏ဘုရား။

နတ္ွာ၊ ရှိခိုးပြီး၍။ **ဓမ္မသေကေဟိ**၊ ဆရာကဝိ ထေရပ္ပတ္တိတို့၌ လိမ္မာ ကျွမ်းကျင် အမှန်သိမြင်လိုသော သူတို့သည်။ **ယာစိတော**၊ ကရုဏာရေးရှု တောင်းပန်မှုပြုအပ်သည်ဖြစ်၍။ **သခေပနိဒါနံ**၊ မြို့အမရ၌ နာမထင်ပေါ် ပထမကျော်ဟု တော်ဘွဲ့တစ်လုံး ခေါ်ချဲ့သုံးသည့် **ဦးအုန်း**သညာ မြတ်ဆရာနှင့် ဆင်းသက်နွယ်လာ **ဥက္ကံသထေရ်**ဆရာတို့၏ ပြဆိုရည်မှန်း အကျဉ်းနိဒါန်းစကား ကို။ **ကဿံ-ကရိဿာမိ**၊ ကျေးဇူးတရား မမေ့ကြား၍ ရေးသားပြုပြင် မှတ်တမ်း တင်ရပေသတည်း။

အရှင်တေဇောသာရ
၉/အမရ(သ)၀၀၀၅၃၁
ပဓာနနာယကဆရာတော်
မင်္ဂလာတိုက်သစ်၊
အိုးတော်ရပ်၊ အမရပူရမြို့။

ကောဇာသက္ကရာဇ် ၁၃၇၃-ခုနှစ်၊
သီတင်းကျွတ်လပြည့်ကျော် (၅)ရက်၊
တနင်္လာနေ့ နံနက်(၉)နာရီ။
(၁၇-၁၀-၂၀၁၁)

ပဋ္ဌာနသာရမဉ္ဇရီဂန္ထကာရကဿ ဂုဏာဘိတ္ထဝ ဂါထာ

၁။ မာတရံ ပမုခံ ကတွာ၊ ဒိဝိယံ ပဏ္ဍုကမ္ဗလေ။
အဘိဓမ္မကထံ သတ္ထာ၊ ဒေသေတိ နယသာဂရံ။
၂။ သာရိပုတ္တော မဟာပညော၊ မထေမော အဂ္ဂသာဝကော။
သတ္ထုဒေသိတာဘိဓမ္မံ၊ ပုန ဒေသေတိ သာဝကေ။
၃။ ဧတေနေဝါ နုပါယေန၊ သုဒန္တာ သတ္ထုသာဝကာ။
ဝါစုဂ္ဂတာ တေ ဓာရေန္တိ၊ သေဋ္ဌံ ယာဝဇ္ဇဝါသရာ။
၄။ ဦးအုန်းတိပါကဗ္ဗော သန္တော၊ ဘိက္ခုန္နံ ဂဏဝါစကော။
အဘိဓမ္မနယော ဝါယု-ဝေဂေါဝ မတိယာ ဂတော။
၅။ အဘိဓမ္မံ သုဝါစေတိ၊ ဘိက္ခုန္နံ သော ပရာပရံ။
ကာလံ ခေပေတိဘိဓမ္မံ၊ စိန္တယန္တော နိရန္တရံ။
၆။ အဘိဓမ္မေ သုဝိညာတုံ၊ ရစယီ ဂန္ထကေ ဗဟူ။
အာစေရေန ကတာ ဂန္ထာ၊ သာသနေ အဘိပါကဋာ။
၇။ အဘိဓမ္မံ သုဝါစေန္တု၊ ဗျတ္တာ သာသနဇောတကာ။
ယံ တိဋ္ဌတိ စိရံ ကာလံ၊ သာသနံ ဇောတယံ ဘဝေ။
၈။ အာ-လောကံ ဒေတိ အာစေရော၊
ဒီ-ဝါကရောဝ ခေတလေ။
နှ-ရတိ ဟိတဘာဝါယ၊
ထေရော-သိဿာန ဘူတလေ။
၉။ ယာဝ တိဋ္ဌတိ လောကမှိ၊ ဇိနစက္ကော အကောပယံ။
တာဝ တိဋ္ဌန္တု ဂန္ထာ ယေ၊ ဇောတယံ ဇိနသာသနံ-တိ။

မောင်လင်းဟန် (သံတွဲ)
ဓမ္မာစရိယ၊ ပါဠိပါရဂူ။

အမရပူရမြို့၊ မင်္ဂလာတိုက်၊ အဘိဓမ္မာ-ညဝါ၊ ပဌမကျော်

ကျမ်းပြုဆရာကြီးဦးအုန်း (ဦးအာဒိစ္စ)

ခရစ်နှစ် (၁၈၄၆-၁၉၂၅) ခုနှစ်

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	ပဏာမ နှင့် ပဋိညာဉ်	က
	နိဒါန်း	ကိ
	ကျမ်းပြုဆရာကြီးဦးအုန်း၏ ပဋိညာဉ်	ကဲ
*	ပဌာန်းပုဒ်၏ဝစနတ္ထနှင့် ပဌာန်းမည်ပုံ	၁
	ပစ္စယုဒ္ဒေသ ဝဝတ္ထာန်ဆိုရိုး	၄
	ပဌာန်း(၂၄)ပစ္စည်း အဓိပ္ပာယ်	၅
	သုံးချက်စု ခေါ်ရခြင်း (ပစ္စည်း၊ ပစ္စယုပ္ပန်၊ ပစ္စနိက်)	၁၁
	သုံးချက်စု ဟောရိုးအကောက်	၁၁
*	**ဆဝါရ** နှစ်ချက်စု (နှုတ်ငုံဆောင်ရန်)	၂၇
	ပဋိစ္စဝါရ၊ သဟဇာတဝါရ သင်္ချာဥပဒေသ	၃၄
	ပစ္စယဝါရ နိဿယဝါရ သင်္ချာဥပဒေသ	၃၆
	သံသဋ္ဌဝါရ သမ္ပယုတ္တဝါရ သင်္ချာဥပဒေသ	၃၇
	ပဉှာဝါရ သင်္ချာဥပဒေသ	၃၇
	ဒုကာဒိသင်္ချာဝါရ ခဲရာခဲဆစ် ပစ္စည်းတွန်းပုံ	၃၈
၁။	**ဟေတုပစ္စည်းမှတ်ရန်**	၄၇
	ပစ္စယပုဒ်၏ဝစနတ္ထနှင့် ပစ္စယ(၃)ပါးအထူး	၄၉
	ပစ္စယဟူသော မာဂဓဘာသာ ရှုတ်ဖတ်ပုံ	၅၂
	ဟေတုနှင့် ပစ္စယတို့၏ အကြောင်းဟောအထူး	၅၃
	အဟိတ်တရားတို့ ပစ္စနိက်ဖြစ်ခြင်း	၅၆
	စေတသိကဇရုပ် မခေါ်ရခြင်း	၅၇
	သဟဇာတမျိုးတို့ ပဝတ္တိကမ္မဇရုပ်အား ကျေးဇူးမပြုရခြင်း	၅၈

သဟာဇာတမျိုးတို့ ဥပါဒ်ဌီ ခဏနှစ်ပါး၌ ကျေးဇူးပြုပုံ ၅၉
ဝီထိချ၍ ဟေတုပစ္စည်းတပ်ပုံ ၆၃
ပစ္စည်းတွန့် လေးချက်စု လေးချက်သေ ကောက်ပုံ ၆၅
ဟေတုပစ္စယနိဒ္ဒေသ၏ အဓိပ္ပာယ်များ ၆၆

၂။ **အာရမ္မဏပစ္စည်းမှတ်ရန်** ၇၀
အာရမ္မဏပစ္စည်း ခဏတ္တယ(၃)ပါးလုံး ကျေးဇူးပြုပုံ ၇၂
ဝီထိချ၍ အာရမ္မဏပစ္စည်းတပ်ပုံ ၇၅
လောကုတ္တရာတရားတို့ ကျေးဇူးမပြုသောတရား ၇၈
'ဥပ္ပန္နံ'ကြိယာသည် ကာလသုံးပါးဟောပုံ ၈၀
'ယေယေဓမ္မာ'ဟု ဝိစ္ဆာနှင့် ဟောတော်မူရခြင်း ၈၁
ပစ္စယုပ္ပန် ပစ္စနိက်သည် ဆဝါရ၊ ပစ္စည်းသည် ပဥ္စဝါရ ၈၂
ပစ္စယနယ(၄)ပါး ပစ္စည်းတွန်းနည်း ၈၃

၃။ **အဓိပတိပစ္စည်းမှတ်ရန်** ၈၉
အာရမ္မဏာဓိပတိပစ္စည်း ကျေးဇူးပြုပုံ ၉၀
အာရမ္မဏာဓိပတိပစ္စည်းမှ ကြဉ်သောတရားများ ၉၂
ပစ္စနိက်၌ မပြုတတ်ခိုက် မပြုတတ်နေ ဆိုရိုးရှင်းပုံ ၉၅
အာရမ္မဏာဓိပတိ ပစ္စည်းတပ် ယူဆချက်အထူး ၉၇
သဟဇာတာဓိပတိပစ္စည်း ပဋိသန္ဓေအခါ ကျေးဇူးမပြုပုံ ၉၉
အဓိပတိသဘော တစ်ပါးစီသာ ကျေးဇူးပြုနိုင်ပုံ ၁၀၀
မောဟမူဇောနှင့် ဟသိတုပ္ပါဒ်ဇော အဓိပတိမတပ်ကောင်း ၁၀၀
တပ်ခိုက်တပ်နေ၊ ရခိုက်ရနေ ဆိုရိုးရှင်းပုံ ၁၀၁
သဟဇာတာဓိပတိပစ္စည်းတပ်ပုံ ၁၀၁
အဓိပတိပစ္စယနိဒ္ဒေသ၏ အဓိပ္ပာယ်များ ၁၀၃

၄။ **အနန္တရပစ္စည်း** ၁၀၅
ကေစိဆရာတို့အလို အနန္တရနှင့်သမနန္တရ ၁၀၆
နိရောဓသမာပတ်၊ အသညသတ်ပုဂ္ဂိုလ်တို့ ပစ္စည်းတပ်နိုင်ပုံ ၁၀၉
အနန္တရပစ္စည်းတပ်ပုံ၊ ရဟန္တာတို့စုတိကြံပုံ ၁၁၁

၅။ **သမနန္တရပစ္စည်းမှတ်ရန်** ၁၁၃

၆။ **သဟဇာတပစ္စည်းမှတ်ရန်** ၁၁၄
သဟဇာတ၌ ခဏတ္တယယူပုံ အထူး ၁၁၄
'အချင်းချင်းအားလည်းကောင်း' ဆိုရိုး စာစပ်ပုံ ၁၁၆
သဟဇာတပစ္စည်းတပ်ပုံ ၁၁၇
သဟဇာတပစ္စည်း၌ ပစ္စနိက်မထွက်ရခြင်း ၁၁၈

၇။ **အညမညပစ္စည်းမှတ်ရန်** ၁၂၀
သဟဇာတနှင့် အညမည အထူး ၁၂၀
အညမညပစ္စည်းတပ်ပုံ ၁၂၂

၈။ **နိဿယပစ္စည်းမှတ်ရန်** ၁၂၄
သဟဇာတနှင့် သဟဇာတနိဿယ အထူး ၁၂၆
ဝတ္ထုပုရေဇာတနိဿယပစ္စည်းတပ်ပုံ ၁၂၇
မဏိမဉ္ဇူအလို မန္ဒ-အမန္ဒ-မၛ္ဈိမာယုက ယူပုံ ၁၂၉
ပစ္စယုပ္ပန်၊ ပစ္စနိက်၌ 'ဖြစ်ခိုက်ဖြစ်နေ' ယူပုံ ၁၃၁
ဝတ္ထာရမ္မဏနိဿယ အဆုံးအဖြတ် ၁၃၂
ဝတ္ထာရမ္မဏပစ္စယုပ္ပန်၌ အဘိညာဉ်ဒွေး အဆုံးအဖြတ် ၁၄၄

၉။ **ဥပနိဿယပစ္စည်းမှတ်ရန်** ၁၄၇
အာရမ္မဏူပနိဿယ နှင့် အာရမ္မဏာဓိပတိ အထူး ၁၄၇

အနန္တရူပနိဿယ နှင့် အနန္တရ အထူး ၁၄၈
ပကတူပနိဿယ၏ ဝစနတ္ထနှင့် သဘာဝတ္ထ ၁၄၉
ပကတူပနိဿယပစ္စည်းတပ်ပုံ ၁၅၁

၁၀။ **ပုရေဇာတပစ္စည်းမှတ်ရန်** ၁၅၄
ဝတ္ထုပုရေဇာတ နှင့် ဝတ္ထုပုရေဇာတနိဿယ အထူး ၁၅၄
ပဋိသန္ဓေအခါ ပုရေဇာတ(၂)ပါးလုံး ကျေးဇူးမပြုခြင်း ၁၅၅
အာရမ္မဏပုရေဇာတပစ္စည်းတပ်ပုံ ၁၅၇
ပစ္စယုပ္ပန်၌ အဘိညာဉ်ဒွေး ကောက်ပုံ ၁၅၈
ပစ္စယနိဒ္ဒေသ၌ ဒေသနာအကြွင်းထားဟောရခြင်း ၁၅၉
ဝိဘင်္ဂဝါရ၌ အာရမ္မဏပုရေဇာတကို မဟောရခြင်း ၁၆၀

၁၁။ **ပစ္ဆာဇာတပစ္စည်းမှတ်ရန်** ၁၆၂
ပစ္ဆာဇာတသည် ဋီခဏ၌သာ ကျေးဇူးပြုခြင်း ၁၆၄
ပစ္ဆာဇာတ ကျေးဇူးပြုပုံ (ပြည်ဆရာတော်ဝါဒ) ၁၆၅
ပစ္ဆာဇာတပစ္စည်းတပ်ပုံ ၁၆၅
ပစ္ဆာဇာတ ကျေးဇူးပြုပုံ (မိုင်းခိုင်းဆရာတော်အလို) ၁၆၈
ဆဝါရ အနုလုံ ဝိဘင်္ဂဝါရ၌ ပစ္ဆာဇာတ မဟောရခြင်း ၁၆၉

၁၂။ **အာသေဝနပစ္စည်းမှတ်ရန်** ၁၇၁
အာသေဝနသည် ဇာတ်တူရာ၌သာ ကျေးဇူးပြုကြောင်း ၁၇၂
ဝိပါက်တရားတို့ အာသေဝနပစ္စည်း မတပ်ခြင်းအကြောင်း ၁၇၃
အာသေဝနသတ္တိသဘောမှ လွတ်သောဇော မရှိခြင်း ၁၇၅
အာသေဝနပစ္စည်းတပ်ပုံ ၁၇၆

၁၃။ **ကမ္မပစ္စည်းမှတ်ရန်** ၁၇၇
ကမ္မပစ္စည်း(၂)မျိုး ၁၇၈

နာနာက္ခဏိကကမ္မပစ္စည်း၌ ဇောဖြင့်ဝေဖန်ယူပုံ ၁၇၉
နာနာက္ခဏိကကမ္မပစ္စည်း၌ မျိုးကွဲပုံ ၁၈၁
သဟဇာတကမ္မပစ္စည်းတပ်ပုံ ၁၈၁
နာနာက္ခဏိကကမ္မပစ္စည်းတပ်ပုံ ၁၈၂

၁၄။ **ဝိပါကပစ္စည်းမှတ်ရန်** ၁၈၃
စိတ် စေတသိက်တို့ကို ဥဿာဟ(၄)ပါးဖြင့် ခွဲပြပုံ ၁၈၃
ဝိပါက်တို့ အာရုံယူခြင်းကိုသိရန် ခဲယဉ်းကြောင်း ၁၈၆
ဝိပါကပစ္စည်းတပ်ပုံ ၁၈၆

၁၅။ **အာဟာရပစ္စည်းမှတ်ရန်** ၁၈၈
အာဟာရ(၄)ပါး၏ ဆောင်တတ်သောသဘောအကြောင်း ၁၈၉
ရုပ်အာဟာရပစ္စည်းတပ်ပုံ (၂)နည်း ၁၉၁
ဥပတ္ထမ္ဘကသတ္တိသာလျှင် ပဓာနဖြစ်ကြောင်း ၁၉၃
နာမ်အာဟာရပစ္စည်းတပ်ပုံ ၁၉၄
ရုပ်အာဟာရပစ္စည်းတပ်ပုံ ၁၉၄

၁၆။ **ဣန္ဒြိယပစ္စည်းမှတ်ရန်** ၁၉၆
အဓိပတိ နှင့် ဣန္ဒြိယတို့၏ အစိုးရပုံအထူး ၁၉၇
ဣတ္ထိန္ဒြေ၊ ပုရိသိန္ဒြေတို့ ပစ္စည်းမတပ်နိုင်ခြင်း ၁၉၇
အခြင်းအရာ(၄)ပါး ဆိုပုံအထူး ၂၀၀
သုံးပါးသော ဣန္ဒြိယပစ္စည်းတို့ ပစ္စည်းတပ်ပုံ ၂၀၂

၁၇။ **ဈာနပစ္စည်းမှတ်ရန်** ၂၀၄
ဈာနပစ္စည်းမတပ်သော ဝေဒနာ(၃)ပါးနှင့် ဧကဂ္ဂတာ ၂၀၆
အကြွင်းအဟိတ်စိတ်တို့၌ အင်္ဂကထာ 'န'သဒ္ဒါနှင့်ဆိုပုံ ၂၀၈
ဈာနပစ္စည်းတပ်ပုံ ၂၀၉

၁၈။ **မဂ္ဂပစ္စည်းမှတ်ရန်** ၂၁၁
'ဒွါဒသ မဂ္ဂင်္ဂါနိ'အရ အင္ဂကထာ နှစ်ကျမ်း ဆိုပုံအထူး ၂၁၂
မိစ္ဆာမဂ္ဂင်တို့ မဂ္ဂပစ္စည်း မတပ်နိုင်ခြင်း ၂၁၃
အဟိတ်စိတ်တို့၌ မဂ္ဂပစ္စည်းမတပ်ပုံ ၂၁၅
မဂ္ဂပစ္စည်းတပ်ပုံ ၂၁၆

၁၉။ **သမ္ပယုတ္တပစ္စည်းမှတ်ရန်** ၂၁၇

၂၀။ **ဝိပ္ပယုတ္တပစ္စည်းမှတ်ရန်** ၂၁၉
ဝိပ္ပယုတ္တ (၃)ပါး၏သဘော ၂၁၉
သမ္ပယောဂလက္ခဏာ (၄)ပါးဖြင့်ပြခြင်း ၂၂၀
ရုပ်တရားတို့ ဝိပ္ပယုတ်ဖြစ်သော်လည်း မဟောခြင်း ၂၂၁
ယုံမှားသင်္ကာ ဖြစ်ရာ၌သာ ဝိပ္ပယုတ်ဟောခြင်း ၂၂၂
သဟဇာတဝိပ္ပယုတ်၌ ပစ္စည်းတပ်ပုံ ၂၂၄

၂၁။ **အတ္ထိပစ္စည်းမှတ်ရန်** ၂၂၆
နိဗ္ဗာန်သည် အတ္ထိပစ္စည်းမတပ်ခြင်း ၂၂၇
အတ္ထိ (၅)ပါး ပြဆိုခြင်း ၂၂၈
အတ္ထိ၏ ဥပတ္ထမ္ဘကသတ္တိ ဖြစ်သင့်ကြောင်း ၂၂၈

၂၂။ **နတ္ထိပစ္စည်းမှတ်ရန်** ၂၃၀

၂၃။ **ဝိဂတပစ္စည်းမှတ်ရန်** ၂၃၁

၂၄။ **အဝိဂတပစ္စည်းမှတ်ရန်** ၂၃၃
အတ္ထိ နှင့် အဝိဂတ ပစ္စယာကာရသတ္တိ အထူး ၂၃၃

* **ပကိဏ္ဏကမှတ်ရန်** ၂၃၇
ကာလ၊ ဘုံစသည်တို့ဖြင့် (၂၄)ပစ္စည်းကို ဝေဖန်ပြခြင်း ၂၃၇

'အာရမ္မဏူပနိဿယကမ္မတ္ထိပစ္စယေသု' အရ စုပေါင်းနည်း ၂၄၁
'ဆဓာ နာမံ တု နာမဿ'အရ ၆-မျိုး စုပေါင်းနည်း ၂၄၄
၈-ပစ္စည်း၊ ၉-မျိုး စုပေါင်းနည်း ၂၄၅
ပဉှာဝါရနှစ်ချက်စု (နှုတ်ငုံဆောင်ရန်) ၂၄၈
ပဉှာဝါရနှစ်ချက်စုဟူသည် ၂၅၄

*** သဘာဂ နှင့် ဃဋ္ဋနာ** ၂၅၅
ပစ္စယသဘာဂ ပဉှာဝါရ ပစ္စည်းတွန်း မှတ်ရန် ၂၅၅
သဘာဂ ခေါ်သော ပဉှာဝါရ ပစ္စည်းတွန်း ဆိုရိုး ၂၅၈
ဃဋ္ဋနာပစ္စည်းပြိုင် မှတ်ရန် ၂၆၁
ပစ္စည်းပြိုင်သဘောကို ဥပမာပြဆိုချက် (ဆရာကြီးနည်း) ၂၆၂
အဋ္ဌကထာ ဋီကာတို့၌ သာမည ဝိသေသ ပြိုင်ပုံ ၂၆၃
ဃဋ္ဋနာပစ္စည်းပြိုင် ဆိုရိုး ၂၆၆
ဃဋ္ဋနာဝေါဟာရ ဥပဒေသ ၂၆၈
သဟဇာတမိဿကဋ္ဌ ဩမက ဥက္ကဋ္ဌ ပြိုင်ပုံအထူး ၂၇၀
၂၄-ပစ္စည်းပြိုင်ပုံဆိုရိုး (ဆရာကြီးဦးအုန်း ချုပ်နည်း) ၂၇၁
ဃဋ္ဋနာအရေအတွက်လင်္ကာ (ကျက်မှတ်ပါ) ၂၈၃

*** ပုစ္ဆာဝါရ(၂၄)ကျမ်း ပြောဆိုချုပ်နည်း** ၂၈၄
ဓမ္မနယ လေးပါး၌ ပုစ္ဆာဝါရကျမ်းပေါင်း ၂၈၅
ဝါရ (၇)ပါး၊ သုဒ္ဓ၊ ဒုကာဒိသင်္ချာဝါရတို့ဖြင့် စစ်ပုံအထူး ၂၈၈
ပုစ္ဆာဝါရပါဠိတော် ၃၀၀
ပုစ္ဆာဝါရသင်္ချာကဏ္ဍ ၃၁၀
ပဋိစ္စဝါရ၊ သဟဇာတဝါရ ပုစ္ဆာဝိသဇ္ဇနာ ဟောပုံအထူး ၃၁၇
ပစ္စယဝါရ၊ နိဿယဝါရ ပုစ္ဆာဝိသဇ္ဇနာ ဟောပုံအထူး ၃၂၈

သံသဋ္ဌဝါရ၊ သမ္ပယုတ္တဝါရ ပုစ္ဆာဝိသဇ္ဇနာ ဟောပုံအထူး ၃၃၁
ပဉှာဝါရ ပုစ္ဆာဝိသဇ္ဇနာ ဟောပုံအထူး ၃၃၃

* **မင်္ဂလာရာသီစုချုံး** ၃၃၆
ဟေတုရာသီစုချုံး ၃၃၆
အာရမ္မဏရာသီစုချုံး ၃၅၈
ဟေတု၊ အာရမ္မဏ ပစ္စည်းနှစ်ပါးကိုသာ ရာသီစုပြရခြင်း ၃၉၃

* **ဝိဘင်းသင်္ချာထုတ်ပုံ** ၃၉၄
ပစ္စည်းမျိုးရောရာတို့၌ သင်္ချာထုတ်ပုံ ၃၉၆
ပစ္စယုဒ္ဒါရထုတ်နည်း ၄၀၀
ပစ္စယနယလေးပါး အထူး ၄၀၅

* **ပရမတ္ထတရားတို့၌ ပဋ္ဌာန်းပစ္စည်းဝေဖန်သောဇယား** ၄၁၁
သင်္ကေတ အသုံးအနှုန်း ၄၁၈
ပရမတ္ထတရားတို့၌ ပဋ္ဌာန်းပစ္စည်းတို့ ကျေးဇူးပြုပုံ လင်္ကာ ၄၁၉
ပဋ္ဌာနာသီသနိဂမ ၄၂၂
ပိဋကတ်ကျမ်းညှိစာရင်း ၄၂၆
ထေရုပ္ပတ္တိကထာ ၄၂၉

* **နောက်ဆက်တွဲ**
ပဋ္ဌာန်းပစ္စည်းအဓိပ္ပါယ် ပန်းချီသရုပ်ဖော်ပုံများ ၄၄၂

မာတိကာ ပြီး၏။

> မှတ်ချက်
> ပဋ္ဌာန်းပစ္စည်းအဓိပ္ပါယ်များကို အလွယ်တကူ သိလိုသူများအတွက် ပန်းချီသရုပ်ဖော်ပုံများကို နောက်ဆက်တွဲအဖြစ် ဖြည့်စွက်ပါသည်။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ပဏာမ နှင့် ပဋိညာဉ်

ဗုဒ္ဓံ ဓမ္မဉ္စ သံဃဉ္စ၊ တီဟိ ဒွါရေဟိ ဝန္ဒိတွာ။
ဂမ္ဘီရနယမဏ္ဍိတ္တံ၊ လိက္ခိဿာမိ ဂဏ္ဌိပဒံ။

အဟံ၊ ရုပ်နာမ်ခန္ဓာ နှစ်ဖြာတွဲစပ် ပညတ်ဟုသမုတ် **ဓမ္မသာမိ** အကျွန်ုပ်သည်။ ဗုဒ္ဓဉ္စ၊ အတိဂမ္ဘီရ ပဋ္ဌာနဒေသနာ ဘိဓမ္မာကို ဆရာမရှိ မိမိအလိုလို ကိုယ်တော်တိုင် သိတော်မူသော မြတ်စွာဘုရားကိုလည်း ကောင်း။ ဓမ္မဉ္စ၊ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန် ပရိယတ် ဆယ်ပါး သော တရားတော်မြတ်ကိုလည်းကောင်း။ သံဃဉ္စ၊ မဂ္ဂဋ္ဌာန်ဖလဋ္ဌာန် ရှစ်တန်ထင်ပေါ် အရိယာ သံဃာတော်မြတ်အပေါင်းကိုလည်းကောင်း။ တီဟိ ဒွါရေဟိ၊ သုံးဖြာပဏာမ သုံးဒွါရတို့ဖြင့်။ ဝန္ဒိတွာ-ဝန္ဒာမိ-၊ သဒ္ဒါမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏။ ဝန္ဒိတွာ၊ ရှိခိုးပြီး၍။ ဂမ္ဘီရနယမဏ္ဍိတ္တံ၊ ခက်ခဲနက်နဲ သိမ်မွေ့သော နည်းတို့ဖြင့် တန်ဆာဆင်အပ်သော။ ဂဏ္ဌိပဒံ၊ သုံးချက်စုဒ္ဓ ခဲရာခဲဆစ် မိပ္ပာယ်နှစ်ကို စိစစ်ဖွေရှာ အာစရိယဝါဒ လဒ္ဓေါ ပဒေသ ရရှိသည်အားလျော်စွာ ပြရာပြကြောင်းဖြစ်သော ဂဏ္ဌိသစ်ကျမ်း ကို။ လိက္ခိဿာမိ၊ ဆရာနည်းနာ အဓိပ္ပာယ်ကို စိတ်ဖြာဝေငှ သောတုဇနတို့ အကျိုးငှာ ရေးသားပြုပြင် စီရင်ပေအံ့သတည်း။ *(ဤကား ပဏာမ။)*

ရတနာသုံးပါးကို ရိုသေမြတ်နိုး ရှိခိုးပြီး၍ အလွန်နက်နဲ ခက်ခဲ သိမ်မွေ့စွာသော နည်းနာနယ အဝဝတို့ဖြင့် တန်ဆာဆင်အပ်သော အနန္တနယ သမန္တပဋ္ဌာန်းကျမ်းကြီး၌ လွယ်လွယ်ကူကူ မှတ်ယူလေ့ကျက်နိုင်ရန် ရည်သန်စိတ်ရင်း နှလုံးသွင်းရှိသဖြင့် အမရပူရမြို့၊ မင်္ဂလာရာမတိုက်၊ **စာချဆရာကြီး ဦးအုန်း**၏ ချနည်းစဉ်ဆက် မိန့်မြွက်ချက်များကို လဒ္ဓေါပဒေသ ဟတ္ထမုဋ္ဌိ လက်ဆုပ်လက်ကိုင် ပိုင်ပိုင်နိုင်နိုင် ရကြီးရသည် အားလျော်စွာ ဆရာကြီး၏ တူသားရင်းဖြစ်ပေသော အကျွန်ုပ်သည် မန္ဒသောတ အခြေပြုကြသော စာသင်သားတစ်စုတို့အား သနားကရုဏာ ရှေးရှုကာဖြင့် ပါဠိ အဋ္ဌကထာ ဋီကာစကား အဓိပ္ပာယ်များ၌ သဒ္ဒနယ အတ္ထနယ မပါပြန်က လိုရင်းစကားရပ် မပြီးပြတ်သကဲ့သို့ ဖြစ်ဘိ၍ သဒ္ဒါကို အနည်းငယ်ထည့်လျက် ပဋ္ဌာန်း ဂဏ္ဌိသစ်ကျမ်းကို မကျဉ်းမကျယ် ရေးသားပေအံ့။ *(ဤကား ပဋိညာဉ် ဝန်ခံချက်။)*

ပဏာမနှင့်ပဋိညာဉ် ပြီး၏။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

နိဒါန်း

ဧဝံမေ သုတံ။ ။ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း၊ တွက်ကိန်းပြည့်ထ ဒသပါရမီ၊ စာဂီပဉ္စ ပုညဒဗ္ဗ သမ္ဘာရကြောင့်၊ အတိဥက္ကဋ္ဌ ဒွိပဒုတ္တမ၊ ဓမ္မိဿရ ဓမ္မသာမိ၊ မုနိပုင်္ဂဝ အနုတ္တရစစ်၊ ဓမ္မရာဇ်မှန်ကူ သယမ္ဘူမြတ်စွာ စောသတ္ထာသည်၊ တရားအဆီ ဂမ္ဘီလေးဝ ပြည့်စုံလှ၍၊ တိဝိဓသုခ ဒေဝနတ်လူ၊ နိဗ္ဗူချမ်းသာ ပေးတတ်စွာသော၊ အဘိဓမ္မာ ဒေသနာကို၊ ခြောက်ဝါအလွန် ခုနစ်ဝါမြောက်၊ ထွန်းတောက်တေဇာ ဝတီသာဝယ်၊ ပဏ္ဍုကမ္ဗလာ ကျောက်နေရာထက်၊ မွေ့လျော်သာကြည် တုသိနတ်သား၊ အမှူးထား၍ တစ်သောင်းစကြာ၊ နတ်ဗြဟ္မာအား ဟောကြားကြူးရင့်၊ မိန့်ခွန်းဖွင့်တော်မူလေသတည်း။

ယင်းသို့ ဟောကြားကြူးရင့် မိန့်ဖွင့်ဒေသနာ ဘိဓမ္မာတွင် ခုနစ်ဆင့်မြောက် ဉာဏ်လျောက်သိခက် နက်နက်နဲနဲ သမုဒ်ဝဲမျှ အတိဥတ္တမ အတိသုခုမ အတိဂမ္ဘီရ အတိဝိသိဋ္ဌ အနန္တနယ သမန္တပဋ္ဌာန်းကျမ်းကြီး၌ သိစွမ်းခက်ခဲ နက်နဲသိမ်မွေ့ ခလေ့သဘော အတ္ထောခိပ္ပာ နိဿယာကို သေချာစေ့ငု ဉာဏ်ဖြင့်ရှု၍ နုနုနယ်နယ် စာသင်ငယ်တို့ လွယ်လွယ်ကူကူ ဉာဏတံချူဖြင့် မှတ်ယူစေခြင်းအကျိုးငှာ ညဝါအရာ ချပို့ရာတွင် အမှီသဟဲပြုအပ်သော ပုဗ္ဗာပရ အာစရိယ စဉ်လာမပျက် အဆက်ဆက်တို့ကား အောက်ပါအတိုင်းပင် ဖြစ်လေသတည်း။

ထိုသို့ဖြစ်ရာ စဉ်အလာကား သာဠကထ ပိဋကတ္တယကောဝိဒ အတိရေက ဝိသေသအားဖြင့် အဘိဓမ္မတ္ထညူ ပါရဂူမြောက် တံခွန်ဆောက်သို့ ဖြိုးမောက်လှိုင်ကြူ ဓမ္မူမြဆန့် ကျော်ပြန့်သတင်း ဂုဏ်ရောင်လင်းသော **အရှင်စန္ဒမာလာ** အမည်ရှိသော ရတနာပူရ၊ အဝမြို့(အင်းဝမြို့) တုတ်လှမ်း ဆရာတော်ဘုရားကြီး **မာတိကာချိုး** စသည်မျိုးကို ရေးသားပြုစုတော်မူလေသတည်း။ (အဘိဓမ္မာညဝါ စည်ပင်ခြင်း ပထမအကြိမ်၊ အင်းဝ)

၄င်းဆရာတော်ဘုရားကြီး၏ ဓမ္မန္တေဝါသိက ဂုဏဝန္တ ပါမောက္ခ အမျုး အဘိဓမ္မာ ညဝါအရာ၌ ပထမအကြိမ် အထူးကျော်စောတော်မူသော နှောင်တော် ပုဂံမင်းတရားမှစ၍ ပဥ္စမသင်္ဂါယနာတင် မင်းတရားကြီးတိုင် ကြံ့ခိုင်တည်ကြည် ဇာနည်မုန်သောက် ဂုဏ်ထူးရောက်သဖြင့် ညဝါအရာ လွန်စွာလိုလား တပည့်သားတို့အား အဓိပ္ပာယ်ရပ် စေ့စုံလပ်အောင် မပြတ် ပို့ချကာ နေလေ့ရှိတော်မူသော အမရပူရမြို့၊ ရေးမြို့ပြင်ကြီးဆရာတော် **ဦးအရိန္ဒမသည်** မာတိကာ ဓာတုကထာ ယမိုက် ပဋ္ဌာန်းတို့၏ **အဓိပ္ပာယ် ကျမ်းများကို** ရေးသားပြုစုတော်မူခဲ့လေသတည်း။

ပထမတုတ်လှမ်း ဆရာတော်ဘုရားကြီး၏ ညီရင်းတပည့် **အရှင် အရိယဝံသ** အမည်ရှိသော မန္တလေး၊ ရတနာမဥ္ဇူ တုတ်လှမ်းဆရာတော်။ ဤကား တပည့်နှစ်ပါး အဘိဓမ္မာအရာ ထွန်းကားပုံ အကြောင်းပေတည်း။ ရေးမြို့ပြင်ကြီး ဆရာတော်ဘုရားကြီး၏တပည့် အမရပူရမြို့၊ ရွှေကြူ ပေါက်ရွာ ဝါဆိုဆရာတော် **ဦးဝိသုဒ္ဓ**။ (အဘိဓမ္မာညဝါ စည်ပင်ခြင်း ဒုတိယအကြိမ်၊ အမရပူရ)

အမရပူရမြို့၌ ထိုဆရာတော်၏ လက်ထက်ကား မနုဿလူသား မဆိုထားဘိ ကြက်များကစ နားရည်ဝသဖြင့် '**အောက်အီးအီး (အာမန္တာ)**'ဟု တွန်သတတ်။ (ဤကား သုတစကား။) ၄င်းပြင်

ရွှေးမြို့ပြင်ကြီး ဆရာတော်၏ တပည့် အမရပူရ၊ အရှေ့ပြင်၊ ပြည်တိုက်၊ ညဝါအကျော် ရွှေတောင်ဆရာတော် **ဦးနာရဒ**။

၎င်း၏ဓမ္မန္တေဝါသိကတပည့် ရတနာပုံ၊ မဏ္ဍလာရာမ၊ ပြည်တိုက်၊ ပဥ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတရားကြီး ကိုးကွယ်တော်မူသော တောင်ဘက်တန်း ညဝါအကျော် မှော်ဘီဆရာတော် **ဦးတေဇ**။ (အဘိဓမ္မာညဝါ စည်ပင်ခြင်း တတိယအကြိမ်၊ မန္တလေး)

၎င်း၏တပည့်များ မန္တလေး၊ အနောက်ပြင်၊ မိုဃ်းကောင်း ဆရာတော် **ဦးနာဂိန္ဒ**။ အနောက်ပြင်၊ တိုက်တော်ကျောင်းကြီးဆရာတော် **ဦးပညာ**။ အနောက်ပြင်၊ ရွှေပြည်ဆရာတော် **ဦးဉာဏ**။ ရန်ကုန်မြို့၊ ဦးဘိုးသာ ကိုးကွယ်သော နော်မံကျောင်းကြီးဆရာတော် **ဦးပညာ**။ ထိုဆရာတော်ကြီးတို့ကား ရာဇဂုရုတံဆိပ်တော်ရ ပုဂ္ဂိုလ်တို့ပေတည်း။

ညဝါဆရာတော်ဦးတေဇ၏ သဒ္ဓိဝိဟာရိက အမွေခံတပည့်ကြီး၊ မင်းတုံးမင်းတရားကြီးနှင့် သားတော်သီပေါမင်းတရားတို့ မင်းနှစ်ဆက် တိုင်တိုင် ကိုးကွယ်ခြင်းကိုခံရသော ပထမကျော်စာချ **ဦးအာဒိစ္စ** (ခေါ်) အမရပူရ၊ မင်္ဂလာရာမတိုက်၊ စာချဆရာကြီး **ဦးအုန်း**၊ ၎င်းပြင် ဆရာတော် ဦးတေဇ၏ အန္တေဝါသိက လက်ရုံးသဖွယ် အားထားခြင်းခံရသော ပထမစာချ **ဦးဝိသုဒ္ဓ** (ခေါ်) ဟံသာဝတီသတင်းစာပုံနှိပ်တိုက် အယ်ဒီတာကြီး **ဦးရွှေတောင်**။ ၎င်းတို့နှစ်ဦးကား သီပေါမင်းနန်းအကျတွင် ရဟန်းဘဝမှ ပရိသုဒ္ဓပြုကြလေသတည်း။

ဆရာကြီး **ဦးအုန်း**၏ရဟန်းဘဝမှ ဓမ္မန္တေဝါသိက အမရပူရ၊ မင်္ဂလာတိုက်ကြီး၏ ဦးစီးနာယက တိုက်အုပ်ဆရာတော် **အရှင်သုဇာတ**။ (အဘိဓမ္မာညဝါ စည်ပင်ခြင်း စတုတ္ထအကြိမ်၊ အမရပူရမြို့သို့ ပြန်ရောက်သတည်း)

အထက်ပါဆရာတော်ကြီးတို့၏ ချပို့နည်းနာ စဉ်လာအဆက်

မိပ္ပာယ်မြွက်ကို မပျောက်ပျက်စေခြင်းငှာ ကျိုက်ထိုနဂရ မုပ္ပလင်နာမ ဓမ္မပါလဂါမဇာတိ ဖွားရာရှိသည့် တပည့်ကြီး **ဦးတိဿ** ကလည်းကောင်း၊ ကနောင်နဂရ **ဦးဝါယမိန္ဒ**စသော ရဟန်းတပည့် များစွာတို့က လည်းကောင်း၊ ထို့ပြင်တစ်ခါ ကျောင်းဒကာ ကိုစံရွှေ၊ မောင်အောင်လှ စသော အဘိဓမ္မာဘာဏက အသင်းသားတစ်စုတို့ကလည်းကောင်း၊ မပြတ်ခါခါ တောင်းပန်လာသောကြောင့် အမရပူရ၊ မင်္ဂလာတိုက် မူလနှင့် တဖန်တိုက်သစ်များ၌ လှည့်လည်ကိန်းအောင်း လျှောင်းခြင်းစသော ယာပထဖြင့် မျှတပိုက်ကျုံး သီတင်းသုံးသော ပရိယတ္တိဝါစေန္တ ဗဟုဿုတဓရစသော ဂုဏ်တို့ဖြင့်ပြည့်စုံတော်မူသော တိုက်သစ်နာယက ဆရာတော် **အရှင်ဓမ္မသာမိ**သည် မန္ဒသောတု အခြေပြုကြသော စာသင်သားတစ်စုတို့အား သနားကရုဏာ မေတ္တာဗလဝ မနသိကာရ ကုသလစိတ္တုပ္ပါဒ် မပြတ်လှို့ဆော်ခြင်းဖြစ်ရကား စာဒနာအသွယ်သွယ် ပရိယာယ်အရပ်ရပ် ဥပမာအနည်းနည်း ဓာတ်ပစ္စည်း ဝိဂြိုဟ် ထိုထို အဓိပ္ပာယတ္ထ ဝိနိစ္ဆယအမျိုးမျိုး ဒိုးသို့မွှေနှောက် ပရိယတ္တိကမ်း တဖက်လမ်း ပေါက်တော်မူကြသော ဆရာတော်ကြီးတို့၏ ဝါဒတော်အဖုံဖုံ အာဂုံသာဓက ညပကဆိုင်ရာ ပါဠိ အဋ္ဌကထာ ဋီကာစသော ဂန္ထန္တရ ပိဋကတ္တတို့ကို နှောင်လာသောတု အခြေပြုတို့အား ကရုဏာအောင်စည် ခတ်တီးမြည် လျက် မွေ့ရာစုပေါင်း နည်းစုံလောင်း၍ လမ်းကြောင်းတီထွင် ပြုစီရင် အပ်သော **ပဋ္ဌာနသာရမဉ္ဇူရီ** (ခေါ်) **ညဝါတံခွန်ကျမ်း**ကို သကပရ ဟိတနှစ်ဖြာ ပြီးစေကြောင်းပင် သာဓုခေါ်တွင် သူတော်စင်တို့သည် အလေးဂရု အရေးပြု၍ လွယ်လင့်တကူ မှတ်ယူကြည့်ရှု အသုံးပြုနိုင်ကြပါ စေကုန်သတည်း။

မှတ်ချက်။ ။ထိုထိုဆရာတော်ကြီးတို့၏ အမည်နာမကို ထုတ်ဖော် ပြဆိုရခြင်းသည် လူအများတို့ ခေါ်ဝေါ် သုံးနှုန်းခြင်း

ဖြစ်၍ အလွန်ရိုင်းပြ ဂါမ္ဘဒေါသ သင့်သော စကားတို့ပေတည်း။ သို့ရာတွင် အများသိစေရန် အကျိုးမျှော်ကိုး၍ ပြသောကြောင့် ဂါမ္ဘဒေါသ မသင့်ဟူပေ။

အရှင်ဓမ္မသာမိ

နာယကဆရာတော်

မင်္ဂလာတိုက်သစ်၊ အိုးတော်ရပ်၊ အမရပူရမြို့။

၁၂၈၉-ခု၊ နတ်တော်လဆန်း ၁၂-ရက်၊

တနင်္လာနေ့ ည ၁၀-နာရီ။

(၅-ဒီဇင်ဘာလ-၁၉၂၇)

နိဒါန်း ပြီး၏။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ကျမ်းပြုဆရာကြီးဦးအုန်း၏ ပဋိညာဉ်

သင်္ခေပနယသင်္ချာယ၊ ဒီပနိံ ပဋ္ဌနဿတု။
ကရိဿံ သုခဇာနတ္ထံ၊ ပါဠိဥ္စ တဿလဒ္ဓကံ။

အဟံ၊ ရမည်းသင်းဇာတိ ပဝတ္တိမဏ္ဍလ ရင်း၌သနမှ တတိယတဖန် ပြောင်းရွှေ့ပြန်ရ အမရပူရ မြို့မ-မင်္ဂလာ တိုက်ဝိဟာ၌ နေ့ဝါညဝါ ကျမ်းများ စွာကို ချပို့ကာနေလေ့ရှိသော **ဆရာအုန်း**ဟု ခေါ်သုံးသမုတ် အကျွန်ုပ် သည်။ ပဋ္ဌာနဿတု၊ ပဋ္ဌာန်းကျမ်း၏ (ပဋ္ဌနဿကား ဆန်းရဿပြု)။ သင်္ခေပနယ- သင်္ချာယ၊ အကျဉ်းနည်းဖြစ်သောသင်္ချာကို။ ဒီပနိံ၊ ပြရာ ပြကြောင်းဖြစ်ခြင်းကြောင့် **ပဋ္ဌာနသင်္ခေပနယသင်္ချာဒီပနီကျမ်း**ကို။ ပါဠိဥ္စ၊ ပဋ္ဌာန်းပါဠိတော်ကြီး ကိုလည်းကောင်း။ တဿာ၊ ထိုပဋ္ဌာန်းပါဠိတော်၏ (တဿဟု ဆန်းရဿပြု)။ လဒ္ဓကဉ္စ၊ အနက်အဓိပ္ပာယ် အရကောက်ကျမ်း ကိုလည်းကောင်း။ သုခဇာနတ္ထံ၊ သိလွယ်မြင်လွယ် သင်ယူလွယ်စေခြင်း အကျိုးငှာ။ ကရိဿံ၊ ရေးသားတီထွင် ပြုစီရင်ပေအံ့သတည်း။

ဤကား ကျမ်းပြုဆရာကြီးဦးအုန်း၏ပဋိညာဉ် ပြီး၏။

မြတ်စွာဘုရားရှင်သည် တာဝတိံသာနတ်ပြည် ပင်လယ်ကသစ်ပင်ရင်း၌
မယ်တော်မိနတ်သား အမှူးရှိသော နတ်ပြဟ္မာများအား အဘိဓမ္မာဒေသနာ ဟောတော်မူစဉ်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ညဝါတံခွန်

ပဋ္ဌာန်းပုဒ်၏ဝစနတ္ထနှင့် ပဋ္ဌာန်းမည်ပုံ

ပဋ္ဌာန ပုဒ်၏ ဝစနတ္ထကား။ ။

ဌာတိ-တိဋ္ဌတိ ဧတ္ထာတိ ဌာနံ။

ဧတ္ထ၊ ဤပဟောတုပစ္စယ အစရှိသော အကြောင်းတရား၌။ ဌာတိ-တိဋ္ဌတိ၊ တည်တတ်၏။ ဣတိ တသ္မာ၊ ထိုသို့တည်ရာဖြစ်သော သတ္တိကြောင့်။ ဌာနံ၊ ဌာနမည်၏။ ပကာရေဟိ ဌာနံ ပဋ္ဌာနံ-ဟု တပ္ပုရိသ် သမာသ်ပြု။

ဟေတု အစရှိသော အထူးထူးအပြားပြားသော အကြောင်းတရားတို့၏၊ ဝါ-တို့ဖြင့်၊ တည်ရာဖြစ်သောကြောင့် ပဋ္ဌာန်းမည်၏ ဟုမှတ်လေ။

ထို့ကြောင့် ပဋ္ဌာနအဋ္ဌကထာ၌ -

ကေနဋ္ဌေန ပဋ္ဌာနန္တိ? နာနပ္ပကာရပစ္စယဋ္ဌေန ပ-ကာရော ဟိ နာနပ္ပကာရတ္ထံ ဒီပေတိ, ဌာနသဒ္ဒေါ ပစ္စယတ္ထံ[၁]- ဟုမိန့်၏။

ကေနဋ္ဌေန၊ အဘယ်အနက်သဘောကြောင့်။ ပဋ္ဌာနံ၊ ပဋ္ဌာန်းမည်သနည်း။ ဣတိ စေ၊ ဤသို့ မေးငြားအံ့။ နာနပ္ပကာရပစ္စယဋ္ဌေန၊ အထူးထူး အပြားပြားရှိသော ပစ္စည်းရှိသည်၏အဖြစ် ဟူသော အနက်သဘောကြောင့်။ ပဋ္ဌာနံ၊ မည်၏။ ဟိ-ဝတ္ထာရေမိ၊ အံ့။ ပ-ကာရော၊ ပဋ္ဌာနဟူသောပုဒ်၌ ပ-

---

၁။ ပဋ္ဌပကရဏ၊ ဋ္ဌ၊ ၃၄၃။

အက္ခရာ သည်။ နာနပ္ပကာရဌ္ဌံ၊ အထူးထူးအပြားပြား ဟူသော အနက်ကို။ ဒီပေတိ၊ ပြ၏။ ဌာနသဒ္ဒေါ၊ ဌာနသဒ္ဒါသည်။ ပစ္စယဋ္ဌံ၊ အကြောင်းပစ္စည်း ဟူသော အနက်ကို။ ဒီပေတိ၊ ပြ၏။

တစ်နည်း။ ။ အဘယ်အနက်ကြောင့် ပဋ္ဌာန်းမည်ပါသနည်း။ ကုသိုလ် အစရှိကုန်သောတရားတို့အား ဟေတုအစရှိကုန်သော ပစ္စည်းတို့၏ အစွမ်းဖြင့် ဝေဖန်ရာဟူသောအနက်ကြောင့် နှစ်ဆယ့်လေးပါးသော ပဋ္ဌာန်းကျမ်းတို့တွင် တစ်ခုခုသောကျမ်းသည် ပဋ္ဌာန်းမည်ပါသည်။ ထို့ကြောင့် -

အပရော နယော ကေနဋ္ဌေန ပဋ္ဌာနန္တိ? ဝိဘဇနဋ္ဌေန (လ) ဣတိ ကုသလာဒီနံ ဓမ္မာနံ ဟေတုပစ္စယာဒိဝသေန ဝိဘတ္တတ္တာ ဣမေသု စတုဝီသတိယာ ပဋ္ဌာနေသု ဧကေကံ ပဋ္ဌာနံ နာမ[၁]-

ဟုမိန့်၏။ (ပိဋကတ်တွင် ယောဇနာလေ။)

တစ်နည်း။ ။ အဘယ်အနက် (လ) မကျဉ်းမကျယ်လွန်းသောနည်း ရှိကုန်သော ဓမ္မသင်္ဂဏီအစရှိကုန်သော အဘိဓမ္မာ (၆)ကျမ်းတို့၌ ငြိကပ်ခြင်း ကင်းသည်မဟုတ်သော ဖြစ်ခြင်းရှိသော သဗ္ဗညုတဉာဏ်တော်၏ ဟေတုပစ္စည်းစသော အပြားအားဖြင့်ပြားကုန်သော ကုသိုလ်အစရှိသော တရားတို့၌ ချဲ့အပ်သောနည်းကို ရသောကြောင့် ငြိကပ်ခြင်းကင်းသည်၏ အစွမ်းဖြင့် ဤပဋ္ဌာန်းကျမ်း၌ဖြစ်သော သဗ္ဗညုတဉာဏ်တော်၏ ကျက်စားရာ သွားရာ ဖြစ်သည်၏အဖြစ်ကြောင့် နှစ်ဆယ့်လေးပါးသော ပဋ္ဌာန်းတို့တွင် တစ်ခုခုသောကျမ်းသည် ပဋ္ဌာန်းမည်ပါသည်။ ထို့ကြောင့် -

အပရော နယော ကေနဋ္ဌေန ပဋ္ဌာနန္တိ? ပဋ္ဌိတဋ္ဌေန။ ဂမနဋ္ဌေနာတိ အတ္ထော။ (လ) ဣတိ နာတိဝိတ္ထာရိတနယေသု ဓမ္မသင်္ဂဏီအာဒီသု အနိဿင်္ဂဂမနဿ သဗ္ဗညုတညာဏဿ

၁။ ပဥ္စပကရဏ၊ ဋ္ဌ၊ ၃၄၃။

ဟေတုပစ္စယာဒိ ဘေဒဘိန္နေသု ကုသလာဒီသု ဝိတ္ထာရိတနယ-
လာဘတော နိဿင်္ဂဝသေန ပဝတ္တဂမနတ္တာ ဣမေသု
စတုဝီသတိယာ ပဋ္ဌာနေသု ဧကေကံ ပဋ္ဌာနံ နာမ[၁]- ဟုမိန့်၏။

၁။ ပဉ္စပကရဏ၊ ဋ္ဌ၊ ၃၄၃။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဓိနသာသနံ စိရံ တိဋ္ဌတု။

ပစ္စယုဒ္ဒေသ ဝဝတ္ထာန်ဆိုရိုး

ယမိုက်ကျမ်းကို ဟောတော်မူသည်၏အခြားမဲ့၌ ပဋ္ဌာန်းကျမ်းကို ဟောတော်မူ၏။ ထိုပဋ္ဌာန်းကျမ်း၌လည်း ဝိဘင်္ဂဝါရ၊ မဟာဝါရအားဖြင့် နှစ်ပါး အပြားရှိ၏။ ထိုနှစ်ပါးတို့တွင် ဝိဘင်္ဂဝါရကို ရှေးဦးစွာဟောတော်မူ၏။ ထိုဝိဘင်္ဂဝါရ၌လည်း ပစ္စယုဒ္ဒေသ၊ ပစ္စယနိဒ္ဒေသအားဖြင့် နှစ်ပါး အပြားရှိ၏။ ထိုနှစ်ပါးတို့တွင် ပစ္စယုဒ္ဒေသကို ရှေးဦးစွာဟောတော်မူ၏။ ထိုပစ္စယုဒ္ဒေသ၌လည်း ဟေတုပစ္စယုဒ္ဒေသ၊ အာရမ္မဏပစ္စယုဒ္ဒေသ အစရှိသောအားဖြင့် (၂၄)ပါးအပြားရှိ၏။ ထို(၂၄)ပါးတို့တွင် ဟေတုပစ္စယုဒ္ဒေသကို ရှေးဦးစွာဟောတော်မူ၏။ ဟောဟန်ကား- ဟေတုပစ္စယော ဟူသည်တည်း။ ထိုနောင် အာရမ္မဏပစ္စယုဒ္ဒေသကို ဟောတော်မူ၏။ ဟောဟန်ကား- အာရမ္မဏပစ္စယော ဟူသည်တည်း (လ) ထို့နောင် အဝိဂတပစ္စယုဒ္ဒေသကို ဟောတော်မူ၏။ ဟောဟန်ကား- အဝိဂတ ပစ္စယော ဟူသည်တည်း။

ပဋ္ဌာန်း(၂၄)ပစ္စည်း အဓိပ္ပာယ်

ဟေတုပစ္စယော- ဟိတ်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း၊ **အာရမ္မဏပစ္စယော**- အာရုံဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း၊ **အဓိပတိပစ္စယော**- အကြီးအမှူးဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း၊ **အနန္တရပစ္စယော**- အခြားမဲ့ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း၊ **သမနန္တရပစ္စယော**- ကောင်းစွာအခြားမဲ့ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း၊ **သဟဇာတပစ္စယော**- တကွဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း၊ **အညမညပစ္စယော**- အချင်းချင်းဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း၊ **နိဿယပစ္စယော**- မှီရာဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း၊ **ဥပနိဿယပစ္စယော**- အားကြီးသောအကြောင်းဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း၊ **ပုရေဇာတပစ္စယော**- ရှေး၌ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း၊ **ပစ္ဆာဇာတပစ္စယော**- နောက်မှဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း၊ **အာသေဝနပစ္စယော**- အဖန်တလဲလဲ မှီဝဲထုံအပ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း၊ ဝါ- အဖန်တလဲလဲ မှီဝဲထုံတတ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း၊ **ကမ္မပစ္စယော**- မျိုးစေ့ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း၊ **ဝိပါကပစ္စယော**- အကျိုးဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း၊ **အာဟာရပစ္စယော**- ထောက်ပံ့ခိုင်စေတတ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း၊ **ဣန္ဒြိယပစ္စယော**- အစိုးရသည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း၊ **ဈာနပစ္စယော**- ကပ်၍ရှုတတ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း၊ **မဂ္ဂပစ္စယော**-

အကြောင်းဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း၊ ဝါ- ထွက်မြောက်ကြောင်းဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း၊ **သမ္ပယုတ္တပစ္စယော**- ယှဉ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း၊ **ဝိပ္ပယုတ္တပစ္စယော**-မယှဉ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း၊ **အတ္ထိပစ္စယော**-ရှိသည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း၊ **နတ္ထိပစ္စယော**-မရှိသည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း၊ **ဝိဂတပစ္စယော**-ကင်းသည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း၊ **အဝိဂတပစ္စယော**- မကင်းသည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း၊

ဣတိ၊ ဤသို့။ **စတုဝီသတိပစ္စယာ**၊ (၂၄)ပစ္စည်းတို့သည်။ **မဟာပကရဏေ**၊ အနန္တနယဖြစ်သော သမန္တပဋ္ဌာန်းကျမ်းကြီး၌။ **ဠိတာ**၊ တည်ကုန်သည်။ **ဟောန္တိ**၊ ဖြစ်ကုန်၏။

အဓိပ္ပာယ် တစ်နည်းကား -

ဟေတုပစ္စယော- ပညောင်ပင်အစရှိသည်တို့၏ အမြစ်သည် ထိုသစ်ပင်တို့အား မြဲမြံစွာတည်စေခြင်းငှာ ကျေးဇူးပြုသကဲ့သို့ အမြစ်၏ အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရား။

အာရမ္မဏပစ္စယော- ကြိုးဆွဲတောင်ဝှေး အစရှိသည်တို့သည် မစွမ်းနိုင်သောသူတို့အား ထခြင်းရပ်ခြင်း အစရှိသောကိစ္စကို ပြီးစေလျက် ကျေးဇူးပြုတတ်သော တရား။

အဓိပတိပစ္စယော- စကြဝတေးမင်းသည် တစ်ပါးသောသူတို့၏ ကြီးသောသဘောကို မြစ်(တား)၍ တိုင်းနိုင်ငံသားတို့ကို အစိုးရသော အဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ ကြီးသောအဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရား။

အနန္တရပစ္စယော- စကြဝတေးမင်း၏နတ်ရွာလားခြင်းသည် သားကြီးရတနာအား အဘိသိက်ခံခြင်း၌ ကျေးဇူးပြုသကဲ့သို့ အခြားမဲ့သော အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရား။

သမနန္တရပစ္စယော- စကြဝတေးမင်း၏ရဟန်းပြုခြင်းသည် သားကြီးရတနာအား မင်းအဖြစ်ကိုရခြင်း၌ ကျေးဇူးပြုသကဲ့သို့ ကောင်းစွာ အခြားမရှိသောအဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရား။

သဟဇာတပစ္စယော- ဆီမီးသည် တက္ကအလင်းကိုဖြစ်စေလျက် ကျေးဇူးပြုသကဲ့သို့ တကွပြုသောအဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရား။

အညမညပစ္စယော- သစ်သားသုံးခွ တိဒဏ္ဍသည် အချင်းချင်း တစ်ချောင်းသည် တစ်ချောင်းအား ထောက်ပံ့နိုင်စေသောအားဖြင့် ကျေးဇူး ပြုသကဲ့သို့ အချင်းချင်းအဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရား။

နိဿယပစ္စယော- မြေကြီးသည် သစ်ပင်အစရှိသည်တို့အား တည်ရာအဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့လည်းကောင်း၊ ပုဆိုးအစရှိသည်တို့ သည် ပန်းချီဆေး အစရှိသည်တို့အား မှီရာအဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ လည်းကောင်း၊ တည်ရာ မှီရာအဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရား။

ဥပနိဿယပစ္စယော- မိုးတွင်းလေးလပတ်လုံး ရွာသောမိုးကြီး သည် မိုးကိုမှီသော သစ်ပင်၊ သတ္တဝါ အစရှိသောသူတို့အား အားရှိသော အကြောင်း၏အဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ အားရှိသောအကြောင်း၏ အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရား။

ပုရေဇာတပစ္စယော- ကမ္ဘာဦး၌ဖြစ်သော နေလတို့သည် မိမိတို့၏ ထင်ရှားရှိသောအခိုက်၌ အလင်းကိုမှီသော သတ္တဝါတို့အား ကျေးဇူးပြု သကဲ့သို့ ရှေ့၌ဖြစ်သောအဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရား။

ပစ္ဆာဇာတပစ္စယော- လင်းတငယ်တို့၏ အာဟာရ၌ ချင်ခြင်း စေတနာသည် နောက်မှဖြစ်၍ ထင်ရှားရှိသောကိုယ်အား ကျေးဇူးပြုသကဲ့သို့

နောက်မှဖြစ်သောအဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရား။

အာသေဝနပစ္စယော- ရှေးရှေး၌ထုံအပ်သော နံ့သာသည် နောက်နောက်ထုံအပ်သော နံ့သာအား အဆင်းအနံ့ လွန်စွာဖြစ်ခြင်းငှာ ကျေးဇူးပြုသကဲ့သို့လည်းကောင်း၊ ရှေးရှေး၌သင်အပ်သော ကျမ်းဂန်သည် နောက်နောက်သင်အပ်သော ကျမ်းဂန်အား လေ့ကျက်ခြင်းငှာအားရှိ၍ ကျေးဇူးပြုသကဲ့သို့လည်းကောင်း၊ အဖန်တလဲလဲ မှီဝဲထုံအပ်သောအဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရား။

ကမ္မပစ္စယော- ကောင်းစွာလှန်း၍ ကောင်းစွာစီရင်အပ်သော မျိုးစေ့သည် အညွန့်၏ဖြစ်ခြင်းငှာ အမူအရာလှုပ်လအဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ ပြုတတ်သောအဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရား။

ဝိပါကပစ္စယော- ချမ်းသောလေသည် ချမ်းသောအရိပ်၌နေသော သူအား ချမ်းငြိမ်းစေခြင်းငှာ ကျေးဇူးပြုသကဲ့သို့ ကံတို့၏အကျိုးအဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရား။

အာဟာရပစ္စယော- နောက်မှထောက်သောတိုင်သစ်သည် အိမ်ဟောင်း အား မြဲမြဲခိုင်ခံ့ခြင်းကိုပြုသကဲ့သို့ ဆောင်တတ်သောအဖြစ်ဖြင့် ကျေးဇူးပြုတတ် သော တရား။

ဣန္ဒြိယပစ္စယော- တစ်ပြည်တည်း၌ အထူးထူးသောဝန်ကို အစိုးရသော မင်းတို့သည် အချင်းချင်းအစိုးရသောသတ္တိကို မဖြစ်မူ၍ မိမိတို့၏အရာ၌ အစိုးရသောအဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ အစိုးရသောအဖြစ်ဖြင့် ကျေးဇူးပြုတတ် သော တရား။

ဈာနပစ္စယော- တောင်ဖျား၊ သစ်ပင်ထက်သို့ တက်၍ကြည့်သော သူသည် အဝေးအနီးအရပ်တို့ကိုမြင်ခြင်း ထိုမြင်ခြင်း၌ အလိုရှိသောသူအား ကျေးဇူးပြုသကဲ့သို့ ကပ်၍ရှုတတ်သောအဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရား။

မဂ္ဂပစ္စယော- ဤမှာဘက်မှ ထိုမှာဘက်သို့ ကူးသောသူသည် ဤမှာဘက်မှ ထွက်မြောက်ကြောင်းဖြစ်သကဲ့သို့၊ ထိုမှာဘက်မှ ဤမှာဘက်သို့ ကူးလိုသောသူသည် ထိုမှာဘက်မှ ထွက်မြောက်ကြောင်းဖြစ်သကဲ့သို့ လွတ်မြောက်ကြောင်းအဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရား။

သမ္ပယုတ္တပစ္စယော- ဆီ ထောပတ် ပျား သကာဟူသော စတုမဓု အရသာသည် အချင်းချင်းနှီးနှောသောအားဖြင့် ကျေးဇူးပြုသကဲ့သို့ တကွယှဉ်သောအဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရား။

ဝိပ္ပယုတ္တပစ္စယော- အချို အချဉ် အစပ် အငန် အဖန် အခါး ဟူသော (၆)ပါးသော အရသာသည် အချင်းချင်း မနှီးမနှောသောအားဖြင့် ကျေးဇူးပြုသကဲ့သို့ မနှီးမနှော မယှဉ်သောအားဖြင့် ကျေးဇူးပြုတတ်သော တရား။

အတ္ထိပစ္စယော- မြင်းမိုရ်တောင်၊ ဟိမဝန္တာတောင်မင်းသည် မိမိကို မှီသောအားဖြင့် သစ်ပင်မြက်အစရှိသည်တို့အား ပွားပြန့်စေခြင်းငှာ မိမိ ထင်ရှားရှိသောအဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ ထင်ရှားရှိသောအဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရား။

နတ္ထိပစ္စယော- ညဉ့်၏ကင်းခြင်းသည် နေ့ဖြစ်ခြင်းငှာ ကျေးဇူးပြုသကဲ့သို့လည်းကောင်း၊ ဆီမီး၏ငြိမ်းခြင်းသည် အမိုက် (မှောင်)ဖြစ်ခြင်းငှာ ကျေးဇူးပြုသကဲ့သို့လည်းကောင်း မရှိသောအဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရား။

ဝိဂတပစ္စယော- နေရောင်၏ဝင်ခြင်းသည် လရောင်ဖြစ်ခြင်းငှာ ကျေးဇူးပြုသကဲ့သို့ ကင်းသောအဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရား။

အဝိဂတပစ္စယော- မဟာသမုဒ္ဒရာသည် မိမိကိုမှီကုန်သော ငါး မကာရ်း အစရှိသည်တို့၏ ပီတိသောမနဿပွားခြင်းငှာ မိမိ၏မကင်းသော အဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ မိမိသဘောမှ မကင်းသောအဖြစ်ဖြင့်

ကျေးဇူးပြုတတ်သော တရား။

ဣတိ၊ ဤသို့။ **စတုဝီသတိပစ္စယာ**၊ တို့သည်။ **မဟာပကရဏေ**၊ ၌၊ **ဋ္ဌိတာ**၊ တည်ကုန်သည်။ **ဟောန္တိ**၊ ဖြစ်ကုန်၏။ ။

ပဋ္ဌာန်း (၂၄)ပစ္စည်းအဓိပ္ပာယ် ပြီး၏။

သုံးချက်စု ခေါ်ရခြင်း

ဓမ္မများကို စရိုက်ဝါသနာ မငဲ့မူ၍ သုံးမျိုးသုံးစားစုပုံပြီး ဝေဖန်ဟောတော်မူခြင်းတည်း။ ဤပဋ္ဌာဝါရ သုံးချက်စု၌ ပစ္စည်း၊ ပစ္စယုပ္ပန်၊ ပစ္စနိက်ဟု ခေါ်ရခြင်း၏ အကြောင်းကား -

[၁] ဟိတ်၊ အာရုံ အစရှိသော **အကြောင်းတရား** ဟူသမျှသည် **ပစ္စည်း** ဟုခေါ်သည်။

[၂] မိမိတို့၏ပစ္စည်းကြောင့် ဖြစ်သော **အကျိုးတရား** ဟူသမျှသည် **ပစ္စယုပ္ပန်** ဟုခေါ်သည်။

[၃] မိမိတို့၏ပစ္စည်းကြောင့် မဖြစ်မူ၍ **ပစ္စယုပ္ပန်မှလွတ်သောတရား** ဟူသမျှသည် ပစ္စည်းတရားပင်ဖြစ်သော်လည်း **ထိုပစ္စည်းနှင့်ဆန့်ကျင်ဘက်** ဖြစ်သည်ဟုဆိုအပ်သောကြောင့် **ပစ္စနိက်** ဟုခေါ်သည်။

ဤပဋ္ဌာဝါရ သုံးချက်စု၌ ပစ္စည်း ပြဌာန်းသည်။

သုံးချက်စု ဟောရိုးအကောက်

(၁) '**ဟေတုပစ္စယော**'ဟူသော ပစ္စယုဒ္ဒေသ၌ သရုပ်တို့သည် ပစ္စည်း၊ ပစ္စယုပ္ပန်၊ ပစ္စနိက်အားဖြင့် ၃-ပါးအပြားရှိကုန်၏။ ထိုသုံးပါးတို့တွင် လောဘ ဒေါသ မောဟ အလောဘ အဒေါသ အမောဟ၊ ဤဟိတ် (၆)ပါး ပစ္စည်းတရားတို့သည် ဟေတုပစ္စည်း တပ်သောတရား မည်ကုန်၏။

သဟိတ်စိတ် ကေသတ္တတိ၊ မောဟမူဒွေး၌ မောဟကြဉ်သော စေတသိက် ဒွေပညာသ၊ သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်၊ ဤတရားတို့သည် ဟေတုပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သောတရား မည်ကုန်၏။

အဟိတ်စိတ် အဌာရသ၊ ဆန္ဒကြဉ်သော အညသမာန်းစေတသိက် ဒွါဒသ၊ မောဟမူဒွေး၌ မောဟ၊ အဟိတ်စိတ္တဇရုပ်၊ အဟိတ်ပဋိသန္ဓေကမ္မဇရုပ်၊ ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်၊ ဤတရားတို့သည် ဟေတုပစ္စည်း၏ ပစ္စနိက် ဖြစ်သော တရား မည်ကုန်၏။

(၂) '**အာရမ္မဏပစ္စယော**'ဟူသော ပစ္စယုဒ္ဒေသ၌ သရုပ်တို့သည် ပစ္စည်း၊ ပစ္စယုပ္ပန်၊ ပစ္စနိက်အားဖြင့် ၃-ပါးအပြားရှိကုန်၏။ ထိုတွင် ပစ္စုပ္ပန် အတိတ် အနာဂတ်ဖြစ်သော စိတ်တစ်ခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ ရုပ်အဌဝီသ၊ ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်၊ ပညတ်၊ ဤအာရုံ (၆)ပါး ပစ္စည်းတရားတို့သည် အာရမ္မဏပစ္စည်း တပ်သောတရား မည်ကုန်၏။

စိတ်တစ်ခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ ဤတရားတို့သည် အာရမ္မဏပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သော တရားမည်ကုန်၏။

စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊ ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ် ဤတရားတို့သည် အာရမ္မဏပစ္စည်း၏ ပစ္စနိက် ဖြစ်သောတရား မည်ကုန်၏။

(၃) '**အဓိပတိပစ္စယော**'ဟူသော ပစ္စယုဒ္ဒေသ၌ အဓိပတိပစ္စည်းသည် အာရမ္မဏာဓိပတိ၊ သဟဇာတာဓိပတိအားဖြင့် နှစ်ပါးအပြား ရှိကုန်၏။

ထိုတွင် **အာရမ္မဏာဓိပတိ**၌ သရုပ်တို့သည် ပစ္စည်း၊ ပစ္စယုပ္ပန်၊ ပစ္စနိက်အားဖြင့် (၃)ပါးအပြားရှိကုန်၏။ ထိုတွင် အလေးအမြတ်ပြုအပ်သော ပစ္စုပ္ပန် အတိတ် အနာဂတ် ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် အဌာရသ၊ ဒေါသမူဒွေး၊ မောဟမူဒွေး၊ ဒုက္ခသဟဂုတ် ကာယဝိညာဏ်ကြဉ်သော စိတ် (၈၄)ခု၊ ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ဝိစိကိစ္ဆာကြဉ်သော

စေတသိက် သတ္တစတ္တာလီသ၊ ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်၊ ဤအာရုံ (၆)ပါးတို့သည် အာရမ္မဏာဓိပတိပစ္စည်း တပ်သော တရားမည်ကုန်၏။

အလေးအမြတ်ပြုတပ်သော လောဘမူစိတ် ၈-ခု၊ မဟာကုသိုလ်စိတ် ၈-ခု၊ မဟာကြိယာဉာဏသမ္ပယုတ် ၄-ခု၊ လောကုတ္တရာစိတ် ၈-ခု၊ ဒေါသ ကုက္ကုစ္စ မစ္ဆရိယ ကုက္ကုစ္စ ဝိစိကိစ္ဆာ အပ္ပမညာကြဉ်သော စေတသိက် ပဉ္စစတ္တာလီသ၊ ဤတရားတို့သည် အာရမ္မဏာဓိပတိပစ္စည်း၏ ပစ္စယုပ္ပန် မည်ကုန်၏။

အလေးအမြတ် မပြုတပ်ခိုက် မပြုတပ်နေ လောကီစိတ် ဧကာသီတိ၊ စေတသိက် ဒွေပညာသ၊ စိတ္တဇရုပ် (လ) ပဝတ္တိကမ္မဇရုပ်၊ ဤတရားတို့သည် အာရမ္မဏာဓိပတိပစ္စည်း၏ ပစ္စနိက် မည်ကုန်၏။

သဟဇာတာဓိပတိ၌ သရုပ်တို့သည် ပစ္စည်း၊ ပစ္စယုပ္ပန်၊ ပစ္စနိက်အားဖြင့် ၃-ပါးအပြားရှိကုန်၏။ ထိုတွင် အဓိပတိ တပ်ခိုက်တပ်နေ မောဟမူဒွေး၊ ဟသိတုပ္ပါဒ်ကြဉ်သော သာဓိပတိဇဝေ ၅၂-ခု နာမက္ခန္ဓာ၌ ရှိသော ဆန္ဒ ဝီရိယ ဝီမံသ သာဓိပတိဇဝေ ၅၂-ခု ဟုဆိုအပ်သော စိတ်အားဖြင့် အဓိပတိတရားကိုယ် ၃-ပါး၊ ၄-ပါးတို့တွင် တစ်ပါးပါး၊ ဤတရားတို့သည် သဟဇာတာဓိပတိပစ္စည်း တပ်သောတရား မည်ကုန်၏။

အဓိပတိပစ္စည်းကို ရခိုက်ရနေ အဓိပတိတရားကိုယ်ကြဉ်သော သာဓိပတိဇဝေ ၅၂-ခု၊ ဝိစိကိစ္ဆာကြဉ်သော စေတသိက် ဧကပညာသ၊ သာဓိပတိ စိတ္တဇရုပ်၊ ဤတရားတို့သည် သဟဇာတာဓိပတိပစ္စည်း၏ ပစ္စယုပ္ပန် မည်ကုန်၏။

အဓိပတိပစ္စည်းကို မရခိုက်မရနေ ကာမစိတ် စတုပညာသ၊ မဟဂ္ဂုတ်ဝိပါက်စိတ် ၉-ခု၊ စေတသိက် ဒွေပညာသ၊ အဓိပတိ တပ်ခိုက်တပ်နေ သာဓိပတိဇဝေ ၅၂-ခု နာမက္ခန္ဓာ၌ရှိသော

အဓိပတိတရားကိုယ် ၃-ပါး ၄-ပါး တို့တွင် တစ်ပါးပါး၊ နိရာဓိပတိစိတ္တဇရုပ်(လ) ပဝတ္တိ ကမ္မဇရုပ်၊ ဤတရားတို့သည် သဟဇာတာဓိပတိပစ္စည်း၏ ပစ္စနိက် မည်ကုန်၏။

(၄) '**အနန္တရပစ္စယော**'ဟူသော ပစ္စယုဒ္ဒေသ၌ (လ) ၃-ပါးအပြား ရှိကုန်၏။ ထိုတွင် ရဟန္တာတို့စုတိကြည်သော ရှေးရှေးသော စိတ်တစ်ခုယုတ် ကိုးဆယ်၊ စေတသိက် ၁၂ပညာသ၊ ဤတရားတို့သည် အနန္တရပစ္စည်း တပ်သော တရားတို့မည်ကုန်၏။

ရဟန္တာတို့စုတိစိတ်နှင့်တကွ နောက်နောက်သော စိတ်တစ်ခုယုတ် ကိုးဆယ်၊ စေတသိက် ၁၂ပညာသ၊ ဤတရားတို့သည် အနန္တရပစ္စည်း၏ ပစ္စယုပ္ပန် မည်ကုန်၏။

စိတ္တဇရုပ် (လ) ပဝတ္တိကမ္မဇရုပ်၊ ဤတရားတို့သည် အနန္တရပစ္စည်း၏ ပစ္စနိက် မည်ကုန်၏။

(၅) (**သမနန္တရ**သည် အနန္တရနှင့် တူ၏။)

(၆) '**သဟဇာတပစ္စယော**'ဟူသော ပစ္စယုဒ္ဒေသ၌ သရုပ်တို့သည် ပစ္စည်း၊ ပစ္စယုပ္ပန်အားဖြင့် ၂-ပါး (လ) ကုန်၏။ ထိုတွင် အချင်းချင်းအား လည်းကောင်း၊ အချင်းချင်းနာမက္ခန္ဓာ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်အား လည်းကောင်း တပ်သော အလုံးစုံသော စိတ်တစ်ခုယုတ်ကိုးဆယ်၊ စေတသိက် ၁၂ပညာသ၊ ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ ၄-ပါး၊ အချင်းချင်း အားလည်းကောင်း၊ ဥပါဒါရုပ်အားလည်းကောင်း တပ်သော စိတ္တဇ၊ ပဋိသန္ဓေကမ္မဇ၊ ဗာဟိရ၊ အာဟာရဇ၊ ဥတုဇ၊ အသညသတ်ကမ္မဇ၊ ပဝတ္တိကမ္မဇအားဖြင့် အလုံးစုံသော မဟာဘုတ် လေးပါး၊ အချင်းချင်း တပ်သော ပဉ္စဝေါကာရပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထု၊ ဤတရား တို့သည် သဟဇာတပစ္စည်း တပ်သောတရား မည်ကုန်၏။

အချင်းချင်းမှထောက်အပ်သော အလုံးစုံသော စိတ် တစ်ခုယုတ် ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ ၄-ပါး၊ ဥပါဒါရုပ်နှင့်တကွသော အလုံးစုံသောမဟာဘုတ်လေးပါး၊ ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာအားတပ်သော ဟဒယဝတ္ထု၊ ဟဒယဝတ္ထုအားတပ်သော ပဉ္စဝေါကာရပဋိသန္ဓေ နာမက္ခန္ဓာ၊ ဤတရားတို့သည် သဟဇာတပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သောတရား မည်ကုန်၏။

(ပစ္စနိက် မရှိပြီ။)

(၇) '**အညမညပစ္စယော**'ဟူသော ပစ္စယုဒ္ဒေသ၌ (လ) ၃-ပါး အပြားရှိ ကုန်၏။ ထိုတွင် အချင်းချင်းအား ထောက်တပ်သော အလုံးစုံသော စိတ်တစ်ခု ယုတ်-၉၀၊ စေတသိက် ဒွေပညာသ၊ ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာတရား ၄-ပါး၊ အချင်းချင်းအား ထောက်တပ်သော စိတ္တဇ၊ ပဋိသန္ဓေကမ္မဇ၊ ဗာဟိရ၊ အာဟာရဇ၊ ဥတုဇ၊ အသညသတ်ကမ္မဇ၊ ပဝတ္တိကမ္မဇအားဖြင့် အလုံးစုံသောမဟာဘုတ် လေးပါး၊ အချင်းချင်းအားထောက်တပ်သော ပဉ္စဝေါကာရပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထု၊ ဤတရားတို့သည် အညမညပစ္စည်း တပ်သော တရားတို့ မည်ကုန်၏။

အချင်းချင်းမှထောက်အပ်သော အလုံးစုံသော စိတ်တစ်ခုယုတ်-၉၀၊ စေတသိက် ဒွေပညာသ၊ ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ ၄-ပါး၊ အချင်းချင်းမှ ထောက်အပ်သော စိတ္တဇ (လ) ပဝတ္တိကမ္မဇအားဖြင့် အလုံးစုံသော မဟာဘုတ် လေးပါး၊ ပဉ္စဝေါကာရပဋိသန္ဓေ နာမက္ခန္ဓာမှ ထောက်အပ်သော ဟဒယဝတ္ထု၊ ဟဒယဝတ္ထုမှ ထောက်အပ်သော ပဉ္စဝေါကာရပဋိသန္ဓေ နာမက္ခန္ဓာ၊ ဤတရားတို့သည် အညမညပစ္စည်း၏ ပစ္စယုပ္ပန် မည်ကုန်၏။

နာမက္ခန္ဓာမှထောက်အပ်သော စိတ္တဇရုပ်၊ ဟဒယဝတ္ထုမှ တစ်ပါးသော ပဋိသန္ဓေကမ္မဇရုပ်၊ မဟာဘုတ်မှထောက်အပ်သော စိတ္တဇ (လ) ပဝတ္တိကမ္မဇ၊ ဥပါဒါရုပ်၊ ဤတရားတို့သည် အညမညပစ္စည်း၏ ပစ္စနိက် မည်ကုန်၏။

(၈) **'နိဿယပစ္စယော'** ဟူသော ပစ္စယုဒ္ဒေသ၌ နိဿယပစ္စည်း သည် သဟဇာတနိဿယ၊ ပုရေဇာတနိဿယအားဖြင့် ၂-ပါး အပြားရှိကုန်၏။

ထိုတွင် **သဟဇာတနိဿယ** သည် သဟဇာတနှင့်တူ၏။ **ပုရေဇာတနိဿယ** သည် ဝတ္ထုပုရေဇာတနိဿယ၊ ဝတ္ထာရမ္မဏပုရေဇာတ နိဿယအားဖြင့် ၂-ပါး အပြားရှိကုန်၏။

ထိုတွင် **ဝတ္ထုပုရေဇာတနိဿယ** ၌ သရုပ် (လ) သုံးပါးအပြား ရှိကုန်၏။ ထိုတွင် ပဝတ္တိအခါ ဆဝတ္ထု၊ ဤတရားတို့သည် ဝတ္ထုပုရေဇာတ နိဿယပစ္စည်း တပ်သောတရားတို့ မည်ကုန်၏။

(တစ်နည်းကား)။ ။ မန္ဒာယုက၊ အမန္ဒာယုက၊ မဇ္ဈိမာယုက အားဖြင့် ၃-ပါးသော စက္ခုဝတ္ထုတို့တွင် မဇ္ဈိမာယုကဖြစ်၍ ရှေးဦးအစ အတီတဘဝင် တစ်ချက်လွန်နှင့် ဥပါဒ်ပြိုင်သော စက္ခုဝတ္ထု (လ) မန္ဒာယုက၊ အမန္ဒာယုက၊ မဇ္ဈိမာယုကအားဖြင့် သုံးပါးသော ကာယဝတ္ထုတို့တွင် မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်တစ်ချက်လွန်နှင့် ဥပါဒ်ပြိုင်သော ကာယဝတ္ထု၊ ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု၊ နိရောဓသမာပတ်မှထသောအခါ ရှေးစိတ္တက္ခဏ တစ်ချက်ခန့်ကာလ၌ဖြစ်သော ဟဒယဝတ္ထု၊ မရဏာသန္န အခါ စုတိစိတ်မှပြန်၍ရေသည်ရှိသော် (၁၇)ချက်မြောက်သောစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု၊ ဤတရားတို့သည် ဝတ္ထုပုရေဇာတနိဿယ ပစ္စည်း တပ်သောတရား မည်ကုန်၏။ ပဝတ္တိအခါ ပဉ္စဝေါကာရဘုံ၌

ဖြစ်ခိုက်ဖြစ်နေ အရူပဝိပါက် လေးခုကြဉ်သော သတ္တဝိညာဏဓာတ်၊ စေတသိက် ၃၃-ပညာသ၊ ဤတရားတို့သည် ဝတ္ထုပုရေဇာတနိဿယ ပစ္စည်း၏ ပစ္စယုပ္ပန် မည်ကုန်၏။

စတုဝေါကာရဘုံ၌ ဖြစ်ခိုက်ဖြစ်နေ လောဘမူစိတ် ၈-ခု၊ မောဟမူ ၃း၊ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ်စိတ် ၈-ခု၊ မဟာကြိယာစိတ် ၈-ခု၊ အရူပစိတ် ၁၂-ခု၊ သောတာပတ္တိမဂ်ကြဉ်သော လောကုတ္တရာ စိတ်(၇)ခု၊ ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ အပ္ပမညာ ကြဉ်သော စေတသိက် ဆစတ္တာလီသ၊ ပဉ္စဝေါကာရပဋိသန္ဓေ ပန္နရသ၊ စေတသိက် ပဉ္စတိံသ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ် (လ) ပဝတ္တိကမ္မဇရုပ်၊ ဤတရားတို့သည် ဝတ္ထုပုရေဇာတနိဿယ ပစ္စည်း၏ ပစ္စနိက် မည်ကုန်၏။

ဝတ္ထာရမ္မဏပုရေဇာတနိဿယ ၌ (လ) သုံးပါးအပြားရှိကုန်၏။ ထိုတွင် မရဏာသန္နအခါ စုတိစိတ်မှပြန်၍ ရေသည်ရှိသော် (၁၇) ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု၊ ဤတရားတို့သည် ဝတ္ထာရမ္မဏ ပုရေဇာတနိဿယပစ္စည်း တပ်သော တရားတို့ မည်ကုန်၏။

မရဏာသန္နအခါ မနောဒွါရာဝဇ္ဇန်း၊ ကာမဇောတစ်ခုယုတ်(၃၀)၊ တဒါရုံ ၈ကာဒသ၊ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ဝိရတီ အပ္ပမညာကြဉ်သော စေတသိက် စတုစတ္တာလီသ၊ ဤတရားတို့သည် ဝတ္ထာရမ္မဏပုရေဇာတ နိဿယပစ္စည်း၏ ပစ္စယုပ္ပန် မည်ကုန်၏။ ဝတ္ထာရမ္မဏပုရေဇာတနိဿယ ပစ္စည်းကို မရခိုက်မရနေ စိတ်တစ်ခုယုတ်-၉၀၊ စေတသိက် ၃၃ပညာသ၊ စိတ္တဇရုပ် (လ) ပဝတ္တိကမ္မဇရုပ်၊ ဤတရားတို့သည် ဝတ္ထာရမ္မဏ ပုရေဇာတနိဿယပစ္စည်း၏ ပစ္စနိက် မည်ကုန်၏။

(၉) '**ဥပနိဿယပစ္စယော**' ဟူသော ပစ္စယုဒ္ဒေသ၌ ဥပနိဿယ ပစ္စည်းသည် အာရမ္မဏူပနိဿယ၊ အနန္တရူပနိဿယ၊ ပကတူပနိဿယ

အားဖြင့် ၃-ပါး အပြားရှိကုန်၏။

ထိုတွင် **အာရမ္မဏူပနိဿယ**သည် အာရမ္မဏာဓိပတိနှင့်တူ၏။ **အနန္တရူပနိဿယ**သည် အနန္တရနှင့်တူ၏။ **ပကတူပနိဿယ**၌ (လ) သုံးပါး အပြားရှိကုန်၏။ ထိုတွင် ဗလဝဖြစ်သော ရှေးရှေးသော စိတ် တစ်ခုယုတ် ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ ရုပ်အဋ္ဌဝီသ၊ ပစ္စည်းထိုက်သော အချို့သောပညတ်၊ ဤတရားတို့သည် ပကတူပနိဿယပစ္စည်း တပ်သော တရားတို့ မည်ကုန်၏။

နောက်နောက်သော စိတ် တစ်ခုယုတ်(၉၀)၊ စေတသိက် ဒွေပညာသ၊ ဤတရားတို့သည် ပကတူပနိဿယပစ္စည်း၏ ပစ္စယုပ္ပန် မည်ကုန်၏။

စိတ္တဇရုပ် (လ) ပဝတ္တိကမ္မဇရုပ်၊ ဤတရားတို့သည် ပကတူပနိဿယ ပစ္စည်း၏ ပစ္စနိက် မည်ကုန်၏။

(၁၀) '**ပုရေဇာတပစ္စယော**'ဟူသော ပစ္စယုဒ္ဒေသ၌ ပုရေဇာတ ပစ္စည်းသည် ဝတ္ထုပုရေဇာတ၊ အာရမ္မဏပုရေဇာတအားဖြင့် ၂-ပါး အပြားရှိကုန်၏။ ထိုတွင် **ဝတ္ထုပုရေဇာတပစ္စည်း**သည် ဝတ္ထုပုရေဇာတ နိဿယနှင့်တူ၏။ **အာရမ္မဏပုရေဇာတ**၌ သရုပ် (လ) သုံးပါးအပြား ရှိကုန်၏။ ထိုတွင် ပစ္စုပ္ပန် ဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသ၊ ဤတရားတို့သည် အာရမ္မဏပုရေဇာတပစ္စည်း တပ်သောတရား မည်ကုန်၏။ ပဉ္စဝေါကာရ ဘုံ၌ ဖြစ်ခိုက်ဖြစ်နေ ကာမစိတ် စတုပညာသ၊ အဘိညာဉ်ဒွေး၊ အပ္ပမညာ ကြဉ်သော စေတသိက်ပညာသ၊ ဤတရားတို့သည် အာရမ္မဏပုရေဇာတ ပစ္စည်း၏ ပစ္စယုပ္ပန် မည်ကုန်၏။

အာရမ္မဏပုရေဇာတပစ္စည်းကို မရခိုက်မရနေ ဒွေးပဉ္စဝိညာဏ် (၁၀)၊ မနောဓာတ် ၃-ခု ကြဉ်သော စိတ်(၇၆)၊ စေတသိက် ဒွေပညာသ၊ စိတ္တဇရုပ် (လ) ပဝတ္တိကမ္မဇရုပ်၊ ဤတရားတို့သည် အာရမ္မဏပုရေဇာတ

ပစ္စည်း၏ ပစ္စနိက် မည်ကုန်၏။

(၁၁) '**ပစ္ဆာဇာတပစ္စယော**'ဟူသော ပစ္စယုဒ္ဒေသ၌ (လ) ၃-ပါး အပြားရှိကုန်၏။ ထိုတွင် ပဋိသန္ဓေ ဝေါကာရဘုံ၌ ဖြစ်ခိုက်ဖြစ်ဆဲ အရူပဝိပါက် ၄-ခုကြဉ်သော ပထမဘဝင်အစရှိသော နောက်နောက်သော စိတ် ၈၅-ခု၊ စေတသိက် ဒွေပညာသ၊ ဤတရားတို့သည် ပစ္ဆာဇာတပစ္စည်း တပ်သော တရားမည်ကုန်၏။

ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်၍ ရပ်၏ဌီသို့ရောက်သော ဧကဇကာယ (လ) စတုဇကာယ၊ ဤတရားတို့ သည် ပစ္ဆာဇာတပစ္စည်း၏ ပစ္စယုပ္ပန် မည်ကုန်၏။

စိတ်တစ်ခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ နောက်နောက်သော စိတ်နှင့်အတူ ဥပါဒ်သော စိတ္တဇရုပ် (လ) ပဝတ္တိကမ္မဇရုပ်၊ ဤတရားတို့သည် ပစ္ဆာဇာတပစ္စည်း၏ ပစ္စနိက် မည်ကုန်၏။

(၁၂) '**အာသေဝနပစ္စယော**'ဟူသော ပစ္စယုဒ္ဒေသ၌ (လ) သုံးပါး အပြားရှိကုန်၏။ ထိုတွင် ဇာတ်တူအဆုံးဇောကြဉ်သော ရှေးရှေးသော လောကီဇော သတ္တစတ္တာလီသ၊ စေတသိက် ဒွေပညာသ၊ ဤတရားတို့သည် အာသေဝန ပစ္စည်း တပ်သော တရားမည်ကုန်၏။

ပထမဇော, ဖိုလ်ဇော ကြဉ်သော နောက်နောက်သော ဇော ဧကပညာသ၊ စေတသိက် ဒွေပညာသ၊ ဤတရားတို့သည် အာသေဝနပစ္စည်း၏ ပစ္စယုပ္ပန် မည်ကုန်၏။ ကာမဇောတစ်ခုယုတ် (၃၀)၏ ပထမဇော၊ အာဝဇ္ဇန်းဒွေး၊ ဝိပါက် ဆတ္တိံသ၊ စေတသိက် ဒွေပညာသ၊ စိတ္တဇရုပ် (လ) ပဝတ္တိကမ္မဇရုပ်၊ ဤတရားတို့သည် အာသေဝနပစ္စည်း၏ ပစ္စနိက် တရားမည်ကုန်၏။

(၁၃) '**ကမ္မပစ္စယော**'ဟူသော ပစ္စယုဒ္ဒေသ၌ ကမ္မပစ္စည်းသည်

သဟဇာတကမ္မ၊ နာနာက္ခဏိကကမ္မအားဖြင့် ၂-ပါးအပြားရှိကုန်၏။ ထိုတွင် **သဟဇာတကမ္မ**၌ သရုပ်တို့သည် (လ)ရှိကုန်၏။ ထိုတွင် စိတ် တစ်ခုယုတ်-၉၀ ၌ရှိသော စေတနာ တစ်ခုယုတ်-၉၀၊ ဤတရားတို့သည် သဟဇာတကမ္မပစ္စည်း တပ်သော တရား မည်ကုန်၏။

စိတ် တစ်ခုယုတ်-၉၀၊ စေတနာ ကြဉ်သော စေတသိက် ၈၀ပညာသ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊ ဤတရားတို့သည် သဟဇာတကမ္မပစ္စည်း၏ ပစ္စယုပ္ပန် မည်ကုန်၏။ စိတ်တစ်ခုယုတ်-၉၀ ၌ရှိသော စေတနာ တစ်ခုယုတ်-၉၀၊ ဗာဟိရရုပ် (လ) ပဝတ္တိကမ္မဇရုပ်၊ ဤတရားတို့သည် သဟဇာတကမ္မပစ္စည်း၏ ပစ္စနိက် မည်ကုန်၏။

နာနာက္ခဏိကကမ္မ၌ သရုပ်တို့သည် သုံးပါးအပြားရှိကုန်၏။ ထိုတွင် အတိတ်ဖြစ်သော ကုသိုလ် အကုသိုလ်စေတနာ (၃၃)ခု၊ ဤတရားတို့သည် နာနာက္ခဏိကကမ္မပစ္စည်း တပ်သော တရား မည်ကုန်၏။

ဝိပါက် ဆတ္တိံသ၊ စေတသိက် အဋ္ဌတိံသ၊ ပဋိသန္ဓေကမ္မဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်၊ ဤတရားတို့သည် နာနာက္ခဏိကကမ္မ ပစ္စည်း၏ ပစ္စယုပ္ပန် မည်ကုန်၏။

ကုသိုလ် ဧကဝီသ၊ အကုသိုလ် ဒွါဒသ၊ ကြိယာ ဝီသ၊ စေတသိက် ဒွေပညာသ၊ စိတ္တဇရုပ်၊ ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ ဤတရားတို့ သည် နာနာက္ခဏိကကမ္မပစ္စည်း၏ ပစ္စနိက် မည်ကုန်၏။

(၁၄) '**ဝိပါကပစ္စယော**' ဟူသော ပစ္စယဒွေသ၌ (လ) သုံးပါးအပြား ရှိကုန်၏။ ထိုတွင် အချင်းချင်းအားလည်းကောင်း၊ အချင်းချင်းနာမက္ခန္ဓာ စိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ်အားလည်းကောင်း ထောက်တပ်သော ဝိပါက် ဆတ္တိံသ၊ စေတသိက် အဋ္ဌတိံသ၊ ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး၊ ဤတရားတို့သည် ဝိပါကပစ္စည်း

လူတေသ...
...ဘာသာတော်ထွန်းကာ...ပွားမှုဦးစီးဌာန
...မြန်မာ...ရန်ကုန်

တပ်သော တရား မည်ကုန်၏။

အချင်းချင်းမှထောက်အပ်သော ဝိပါက် ဆတ္တိံသ၊ စေတသိက် အဋ္ဌတိံသ နာမက္ခန္ဓာ၊ ထိုနာမက္ခန္ဓာတို့သည် ယထာရဟပြုအပ်သော ဝိညတ်ဒွေး ကြဉ်သော စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊ ဤတရားတို့သည် ဝိပါကပစ္စည်း၏ ပစ္စယုပ္ပန် မည်ကုန်၏။

ကုသိုလ် ဧကဝီသ၊ အကုသိုလ် ဒွါဒသ၊ ကြိယာ ဝီသ၊ စေတသိက် ဒွေပညာသ နာမက္ခန္ဓာ၊ ထိုကုသိုလ် အကုသိုလ် ကြိယာ နာမက္ခန္ဓာတို့သည် ယထာရဟပြုအပ်သော စိတ္တဇရုပ်၊ ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်၊ ဤတရားတို့သည် ဝိပါကပစ္စည်း၏ ပစ္စနိက် မည်ကုန်၏။

(၁၅) **'အာဟာရပစ္စယော'** ဟူသော ပစ္စယုဒ္ဒေသ၌ အာဟာရပစ္စည်း သည် ရုပ်အာဟာရ၊ နာမ်အာဟာရအားဖြင့် ၂-ပါးအပြားရှိ၏။

ထိုတွင် **ရုပ်အာဟာရ**၌ (လ) ၃-ပါးအပြားရှိကုန်၏။ ထိုတွင် ကဗဠီကာရအာဟာရ ဟုဆိုအပ်သော ဆွမ်းခဲဘွယ်ဘောဇဉ် အစရှိသည်၌ တည်သော ဗဟိဒ္ဓသြဇာ၊ ဤတရားတို့သည် ရုပ်အာဟာရပစ္စည်း မည်ကုန်၏။ အာဟာရသမုဋ္ဌာနိကရုပ်၊ ဤတရားတို့သည် ရုပ်အာဟာရ ပစ္စည်း၏ ပစ္စယုပ္ပန် မည်ကုန်၏။ စိတ်တစ်ခုယုတ်-၉၀၊ စေတသိက် ဒွေပညာသ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊ ဗာဟိရရုပ်၊ ဥတုဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိ ကမ္မဇရုပ်၊ ဤတရားတို့သည် ရုပ်အာဟာရပစ္စည်း၏ ပစ္စနိက် မည်ကုန်၏။

(တစ်နည်း)။ ။ အဇ္ဈတ္တသန္တာန်၌ရှိသော စတုသမုဋ္ဌာနိကသြဇာ၊ ဗဟိဒ္ဓသန္တာန်၌ရှိသော ဥတုဇသြဇာ၊ ဤတရားတို့သည် ရုပ်အာဟာရ ပစ္စည်း တပ်သောတရား မည်ကုန်၏။ ကလာပ်တူသြဇာ ကြဉ်သော

ကလာပ်တူ ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကရုပ်၊ ဤတရားတို့သည် ရုပ်အာဟာရ ပစ္စည်း၏ ပစ္စယုပ္ပန် မည်ကုန်၏။ စိတ်တစ်ခုယုတ်-၉၀၊ စေတသိက် ၁၂ ပညာသ၊ ဗာဟိရရုပ်၊ ဤတရားတို့သည် ရုပ်အာဟာရ ပစ္စည်း၏ ပစ္စနိက် မည်ကုန်၏။

နာမ်အာဟာရ၌ သရုပ် (လ) ၃-ပါးအပြားရှိကုန်၏။ ထိုတွင် ဖဿ၊ စေတနာ၊ ဝိညာဏ် ဟုဆိုအပ်သော နာမ်အာဟာရတရားကိုယ် ၃-ပါး၊ ဤတရားတို့သည် နာမ်အာဟာရပစ္စည်း တပ်သောတရားတို့ မည်ကုန်၏။

စိတ်တစ်ခုယုတ်-၉၀၊ စေတသိက် ၁၂ ပညာသ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ်၊ ဤတရားတို့သည် နာမ်အာဟာရပစ္စည်း၏ ပစ္စယုပ္ပန် မည်ကုန်၏။

ဗာဟိရရုပ် (လ) ပဝတ္တိကမ္မဇရုပ်၊ ဤတရားတို့သည် နာမ်အာဟာရ ပစ္စည်း၏ ပစ္စနိက် မည်ကုန်၏။

(၁၆) '**ဣန္ဒြိယပစ္စယော**'ဟူသော ပစ္စယုဒ္ဒေသ၌ ဣန္ဒြိယပစ္စည်းသည် သဟဇာတိန္ဒြိယ၊ ပုရေဇာတိန္ဒြိယ၊ ရူပဇီဝိတိန္ဒြိယအားဖြင့် ၃-ပါး အပြားရှိကုန်၏။ ထိုတွင် **သဟဇာတိန္ဒြိယ**၌ သရုပ် (လ) ၃-ပါးအပြားရှိကုန်၏။ ထိုတွင် ဇီဝိတ၊ စိတ်၊ ဝေဒနာ၊ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ပညာ ဟုဆိုအပ်သော နာမ်ဣန္ဒြေတရားကိုယ် ၈-ပါး၊ ဤတရားတို့သည် သဟဇာတိန္ဒြိယပစ္စည်း တပ်သော တရားတို့ မည်ကုန်၏။

စိတ်တစ်ခုယုတ်-၉၀၊ စေတသိက် ၁၂ ပညာသ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ်၊ ဤတရားတို့သည် သဟဇာတိန္ဒြိယပစ္စည်း၏ ပစ္စယုပ္ပန် မည်ကုန်၏။ ဗာဟိရရုပ် (လ) ပဝတ္တိကမ္မဇရုပ်၊ ဤတရားတို့သည် သဟဇာတိန္ဒြိယပစ္စည်း၏ ပစ္စနိက် မည်ကုန်၏။

ပုရေဇာတိန္ဒြိယ၌ သရုပ် (လ) သုံးပါးအပြားရှိကုန်၏။ ထိုတွင် မန္ဒာယုက၊ အမန္ဒာယုက၊ မဇ္ဈိမာယုကအားဖြင့် သုံးပါးသော စက္ခုဝတ္ထု တို့တွင် မဇ္ဈိမာယုကဖြစ်၍ ရှေးဦးအစ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော စက္ခုဝတ္ထု (လ) မန္ဒာယုက၊ အမန္ဒာယုက၊ မဇ္ဈိမာယုကအားဖြင့် သုံးပါးသော ကာယဝတ္ထုတို့တွင် မဇ္ဈိမာယုကဖြစ်၍ ရှေးဦးအစ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော ကာယဝတ္ထု၊ ဤတရားတို့သည် ပုရေဇာတိန္ဒြိယပစ္စည်း တပ်သော တရားတို့ မည်ကုန်၏။

ဒွေးပဥ္စဝိညာဏ်-၁၀၊ သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ခု၊ ဤတရားတို့သည် ပုရေဇာတိန္ဒြိယပစ္စည်း၏ ပစ္စယုပ္ပန် မည်ကုန်၏။

ဒွေးပဥ္စဝိညာဏ် (၁၀) ကြဉ်သော စိတ်တစ်ခုယုတ် (၈၀)၊ စေတသိက် ဒွေပညာသ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊ ဤတရားတို့သည် ပုရေဇာတိန္ဒြိယ ပစ္စည်း၏ ပစ္စနိက် မည်ကုန်၏။

ရူပဇီဝိတိန္ဒြိယ၌ သရုပ် (လ) သုံးပါးအပြားရှိကုန်၏။ ထိုတွင် ပဝတ္တိ ပဋိသန္ဓေအားဖြင့် အလုံးစုံသော ရုပ်ဇီဝိတိန္ဒြေ၊ ဤတရားတို့သည် ရူပဇီဝိတိန္ဒြိယ ပစ္စည်း တပ်သော တရားတို့မည်ကုန်၏။

ရုပ်ဇီဝိတိန္ဒြေ ကြဉ်သော ကလာပ်တူကမ္မဇရုပ် ကိုးခု၊ ဤတရားတို့သည် ရူပဇီဝိတိန္ဒြိယပစ္စည်း၏ ပစ္စယုပ္ပန် မည်ကုန်၏။

စိတ်တစ်ခုယုတ် (၉၀)၊ စေတသိက် ဒွေပညာသ၊ စိတ္တဇရုပ်၊ ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်၌တည်သော ရုပ်ဇီဝိတိန္ဒြေ၊ ဤတရားတို့သည် ရူပဇီဝိတိန္ဒြိယ ပစ္စည်း၏ ပစ္စနိက် မည်ကုန်၏။

(၁၇) '**ဈာနပစ္စယော**' ဟူသော ပစ္စယုဒ္ဒေသ၌ သရုပ် (လ) သုံးပါး အပြားရှိကုန်၏။ ထိုတွင် ဒွေးပဥ္စဝိညာဏ် (၁၀) ကြဉ်သော စိတ် တစ်ခုယုတ် (၈၀)၌ ရှိသော ဝိတက်၊ ဝိစာရ၊ ပီတိ၊ ဧကဂ္ဂတာ၊ ဝေဒနာ

ဟုဆိုအပ်သော ဈာနင်တရားကိုယ် ငါးပါး၊ ဤတရားတို့သည် ဈာနပစ္စည်း တပ်သော တရားတို့ မည်ကုန်၏။

ဒွေးပဉ္စဝိညာဏ် (၁၀)ကြဉ်သော စိတ်တစ်ခုယုတ် (၈၀)၊ စေတသိက် ဒွေပညာသ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊ ဤတရားတို့သည် ဈာနပစ္စည်း၏ ပစ္စယုပ္ပန် မည်ကုန်၏။ ဒွေးပဉ္စဝိညာဏ် (၁၀)၊ သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ခု၊ ဗာဟိရရုပ်၊ (လ)၊ ပဝတ္တိကမ္မဇရုပ်၊ ဤတရားတို့သည် ဈာနပစ္စည်း၏ ပစ္စနိက် မည်ကုန်၏။

(၁၈) **'မဂ္ဂပစ္စယော'** ဟူသော ပစ္စယုဒ္ဒေသ၌ (လ) သုံးပါးအပြား ရှိကုန်၏။ ထိုတွင် သဟိတ်စိတ် ဧကသတ္တတိ၌ရှိသော ပညာ၊ ဝိတက်၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ဒိဋ္ဌိ ဟုဆိုအပ်သော မဂ္ဂင်တရားကိုယ် ၉-ပါး၊ ဤတရားတို့သည် မဂ္ဂပစ္စည်း တပ်သော တရားမည်ကုန်၏။

သဟိတ်စိတ် ဧကသတ္တတိ၊ စေတသိက် ဒွေပညာသ၊ သဟိတ် စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်၊ ဤတရားတို့သည် မဂ္ဂပစ္စည်း၏ ပစ္စယုပ္ပန် မည်ကုန်၏။

အဟိတ်စိတ် အဋ္ဌာရသ၊ ဆန္ဒကြဉ်သော အညသမာန်းစေတသိက် ဒွါဒသ၊ အဟိတ်စိတ္တဇရုပ်၊ အဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်၊ ဗာဟိရရုပ် (လ) ပဝတ္တိကမ္မဇရုပ်၊ ဤတရားတို့သည် မဂ္ဂပစ္စည်း၏ ပစ္စနိက် မည်ကုန်၏။

(၁၉) **'သမ္ပယုတ္တပစ္စယော'** ဟူသော ပစ္စယုဒ္ဒေသ၌ (လ) သုံးပါးအပြား ရှိကုန်၏။ ထိုတွင် အချင်းချင်းအားတပ်သော အလုံးစုံသော စိတ်တစ်ခုယုတ်-၉၀၊ စေတသိက် ဒွေပညာသ၊ ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး၊ ဤတရားတို့သည် သမ္ပယုတ္တပစ္စည်း တပ်သောတရား မည်ကုန်၏။

အချင်းချင်းမှ ထောက်အပ်သော အလုံးစုံသော စိတ်တစ်ခုယုတ် (၉၀)၊ စေတသိက် ၁၃၃ယုတ်၊ ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး၊ ဤတရားတို့သည် သမ္ပယုတ္တပစ္စည်း၏ ပစ္စယုပ္ပန် မည်ကုန်၏။

စိတ္တဇရုပ် (လ) ပဝတ္တိကမ္မဇရုပ်၊ ဤတရားတို့သည် သမ္ပယုတ္တပစ္စည်း၏ ပစ္စနိက် တရားမည်ကုန်၏။

(၂၀) **'ဝိပ္ပယုတ္တပစ္စယော'** ဟူသော ပစ္စယုဒ္ဒေသ၌ ဝိပ္ပယုတ္တပစ္စည်းသည် သဟဇာတဝိပ္ပယုတ်၊ ပုရေဇာတဝိပ္ပယုတ်၊ ပစ္ဆာဇာတဝိပ္ပယုတ် အားဖြင့် သုံးပါး အပြားရှိကုန်၏။ ထိုတွင် **သဟဇာတဝိပ္ပယုတ်၌** သရုပ်တို့သည် ပစ္စည်း၊ ပစ္စယုပ္ပန်၊ ပစ္စနိက်အားဖြင့် ၃-ပါးအပြားရှိကုန်၏။ ထိုသုံးပါးတို့တွင် ပဉ္စဝေါကာရဘုံ၌ ဖြစ်ခိုက်ဖြစ်နေ အရူပဝိပါက် လေးခု၊ ဒွေးပဉ္စဝိညာဏ် (၁၀)၊ ရဟန္တာစုတိစိတ်ကြဉ်သော စိတ် ပဉ္စသတ္တတိ၊ စေတသိက် ၁၃၃ယုတ်၊ အချင်းချင်းအားတပ်သော ပဉ္စဝေါကာရပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထု၊ ဤတရားတို့သည် သဟဇာတဝိပ္ပယုတ္တပစ္စည်း တပ်သော တရားမည်ကုန်၏။

စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊ ဟဒယဝတ္ထုမှထောက်အပ်သော ပဉ္စဝေါကာရပဋိသန္ဓေ နာမက္ခန္ဓာ၊ ပဉ္စဝေါကာရပဋိသန္ဓေ နာမက္ခန္ဓာမှ ထောက်အပ်သော ဟဒယဝတ္ထု၊ ဤတရားတို့သည် သဟဇာတဝိပ္ပယုတ္တပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သော တရား မည်ကုန်၏။

ပဉ္စဝေါကာရပဋိသန္ဓေ နာမက္ခန္ဓာမှတစ်ပါး စိတ်တစ်ခုယုတ် (၉၀)၊ စေတသိက် ၁၃၃ယုတ်၊ ဗာဟိရရုပ် (လ) ပဝတ္တိကမ္မဇရုပ်၊ ဤတရားတို့သည် သဟဇာတဝိပ္ပယုတ္တပစ္စည်း၏ ပစ္စနိက် ဖြစ်သော တရားတို့ မည်ကုန်၏။

(**ပုရေဇာတဝိပ္ပယုတ်** သည် ပုရေဇာတနှစ်ပါးနှင့်တူ၏။)

(**ပစ္ဆာဇာတဝိပ္ပယုတ်** သည် ပစ္ဆာဇာတနှင့်တူ၏။)

(၂၁) '**အတ္တိပစ္စယော**' ဟူသော ပစ္စယုဒ္ဒေသ၌ အတ္ထိပစ္စည်းသည် သဟဇာတတ္ထိ၊ ပုရေဇာတတ္ထိ၊ ပစ္ဆာဇာတတ္ထိ၊ အာဟာရတ္ထိ၊ ဣန္ဒြိယတ္ထိအားဖြင့် ငါးပါးအပြားရှိ၏။ ထိုတွင် -

(၁။ **သဟဇာတတ္ထိ** သည် သဟဇာတသုံးပါးနှင့်တူ၏။)

(၂။ **ပုရေဇာတတ္ထိ** သည် ပုရေဇာတနှစ်ပါးနှင့်တူ၏။)

(၃။ **ပစ္ဆာဇာတတ္ထိ** သည် ပစ္ဆာဇာတနှင့်တူ၏။)

(၄။ **အာဟာရတ္ထိ** သည် ရုပ်အာဟာရနှင့်တူ၏။)

(၅။ **ဣန္ဒြိယတ္ထိ** သည် ရူပဇီဝိတိန္ဒြိယနှင့်တူ၏။)

(၂၂) (၂၃) (**နတ္ထိ၊ ဝိဂတ**သည် အနန္တရနှင့်တူ၏။)

(၂၄) (**အဝိဂတ**သည် အတ္ထိနှင့်တူ၏။)

သုံးချက်စု ဟောရိုးအကောက် ပြီး၏။

သုံးချက်စု ပြီး၏။

ဆဝါရ နှစ်ချက်စု (နှုတ်ငုံဆောင်ရန်)

အကောက်၌ ပဋိစ္စဝါရ၊ သဟဇာတဝါရ၊ ပစ္စယဝါရ၊ နိဿယ
သံသဋ္ဌဝါရ၊ သမ္ပယုတ္တဝါရ၊ ဤဝါရ ခြောက်ပါးကို **ဆဝါရ** ဟုခေါ်သည်။

ထိုဆဝါရ၌ ပစ္စည်းတွန်းကြသောအခါ အလွယ်တကူ မှတ်ယူလေ့ကျက် ဆောင်ရွက်နိုင်စေရန်အလို့ငှာ အကောက် သုဒ္ဓသင်္ချာဝါရ အနုလုံတရား၊ ပစ္စနိက်တရားတို့ကို ထုတ်နုတ်၍ ပြဆိုပေအံ့။

အနုသန္ဓေဆက်ပုံကား ဝိဘင်္ဂဝါရကို ဟောတော်မူသည်၏ အခြားမဲ့၌ သင်္ချာဝါရကို ဟောတော်မူ၏။

ထိုသင်္ချာဝါရသည်လည်း သုဒ္ဓသင်္ချာဝါရ၊ ဒုကာဒိသင်္ချာဝါရ
နှစ်ပါး အပြားရှိ၏။ ထိုတွင် သုဒ္ဓသင်္ချာဝါရကို ဟောတော်မူ၏။ ထိုသည်လည်း ဟေတုပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ စသောအားဖြင့် ၂၄-ပါးအပြားရှိ၏။

(ပဋ္ဌာဇာတ ကျလေသည်။)

ထို ၂၄-ပါးတို့တွင် -

(၁) ဟေတုပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌ သဟိတ်စိတ်ဇကေသတ္တတိ၊ မောဟမူဒွေး၌ မောဟကြဉ်သော သဟိတ်ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ ၄-ပါး၊ သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်၊ ဤတရားတို့သည် ဟေတုပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သော တရားမည်ကုန်၏။ သင်္ချာကား-နဝ ဟူသည်တည်း။

မောဟမူဒွေး၌ မောဟ၊ အဟိတ်ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ ၄-
အဟိတ်စိတ္တဇရုပ်၊ အဟိတ်ပဋိသန္ဓေကမ္မဇရုပ်၊ ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်၊

ဤတရားတို့သည် ဟေတုပစ္စည်း၏ ပစ္စနိက် ဖြစ်သော တရားမည်ကုန်၏။ သင်္ချာကား-ဒွေ ဟူသည်တည်း။

(**ဆဝါရ** ၌ **အနုလုံ** ဟုဆိုလျှင် **ပစ္စယုပ္ပန်** ဟုမှတ်။

ပဉ္စာဝါရ ၌ **အနုလုံ** ဟုဆိုလျှင် **ပစ္စည်း** ဟုမှတ်။

နဝ၊ သတ္တ၊ ပဉ္စ၊ တီဏိ၊ ဒွေ၊ ဧကံ သင်္ချာတို့ကို ကျက်မှတ်ရန် ရွတ်ထွေးမည်စိုးသောကြောင့် နှစ်ချက်စုအဆုံး၌ ပေါင်းရုံး၍ သေချာစွာ ပြဆိုပေအံ့။)

(၂) **အာရမ္မဏပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌** အလုံးစုံသော စိတ် တစ်ခုယုတ် (၈၀)၊ စေတသိက် ဒွေပဉ္စာသ၊ ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ ၄-ပါး၊ ဤတရားတို့သည် အာရမ္မဏပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သော တရားမည်ကုန်၏။ သင်္ချာကား-တီဏိ ဟူသည်တည်း။

စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊ ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်၊ ဤတရားတို့သည် အာရမ္မဏပစ္စည်း၏ ပစ္စနိက် ဖြစ်သော တရားမည်ကုန်၏။ သင်္ချာကား- ပဉ္စ ဟူသည်တည်း။

(၃) **အဓိပတိပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌** အဓိပတိပစ္စည်းကို ရသောအခါ အဓိပတိတရားကိုယ် ကြဉ်သော သာဓိပတိဇော ၅၂-ခု နာမက္ခန္ဓာ၊ သာဓိပတိစိတ္တဇရုပ်၊ ဤတရားတို့သည် အဓိပတိပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သော တရား မည်ကုန်၏။ သင်္ချာကား-နဝ ဟူသည်တည်း။

အဓိပတိပစ္စည်းကို ရသောအခါ အဓိပတိတရားကိုယ်၊ အဓိပတိပစ္စည်းကို မရသောအခါ အကုသိုလ်ဒွါဒသ၊ အဟိတ်ကိရိယာ၊ မဟာကုသိုလ်၊ မဟာကိရိယာ၊ လောကီဝိပါက်၊ ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ ၄-ပါး၊ နိရာဓိပတိ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ် (လ) ပဝတ္တိကမ္မဇရုပ်၊ ဤတရားတို့သည် အဓိပတိပစ္စည်း၏ ပစ္စနိက် ဖြစ်သော တရား

မည်ကုန်၏။ သင်္ချာကား-နဝ ဟူသည်တည်း။

(၄-၅) (**အနန္တရပစ္စည်း၊ သမနန္တရပစ္စည်း** တို့သည် အာရမ္မဏ ပစ္စည်းနှင့် တူကုန်၏။)

(**၆) သဟဇာတပစ္စည်း၏** (လ)၌ အလုံးစုံသော ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ ၄-ပါး၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊ ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်၊ ဤတရားတို့သည် သဟဇာတပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သော တရား မည်ကုန်၏။ သင်္ချာကား-နဝ ဟူသည်တည်း။

(ပစ္စနိက် မရှိပြီ။)

(နောက်၌ သိသာထင်ရှားသည်တို့ကို ပေယျာလနှင့် ပြဆိုပေအံ့။)

(**၇) အညမညပစ္စည်း၏** (လ)၌ အလုံးစုံသော ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ ၄-ပါး၊ ပဋိသန္ဓေနာမက္ခန္ဓာမှ ထောက်အပ်သော ဟဒယဝတ္ထု၊ အချင်းချင်းမှထောက်အပ်သော စိတ္တဇမဟာဘုတ်၊ ပဋိသန္ဓေကမ္မဇ မဟာဘုတ်၊ ဗာဟိရမဟာဘုတ်၊ အာဟာရဇမဟာဘုတ်၊ ဥတုဇ မဟာဘုတ်၊ အသညသတ်ကမ္မဇ မဟာဘုတ်၊ ပဝတ္တိကမ္မဇမဟာဘုတ်၊ ဤတရားတို့သည် အညမညပစ္စည်း၏ (လ) ပစ္စယုပ္ပန် မည်ကုန်၏။ သင်္ချာကား-တိဏိ ဟူသည်တည်း။

နာမက္ခန္ဓာမှထောက်အပ်သော စိတ္တဇရုပ်၊ ဟဒယဝတ္ထုမှ တစ်ပါး သော ပဋိသန္ဓေကမ္မဇရုပ်၊ မဟာဘုတ်မှထောက်အပ်သော စိတ္တဇဥပါဒါရုပ်၊ ပဋိသန္ဓေ ကမ္မဇဥပါဒါရုပ်၊ ဗာဟိရဥပါဒါရုပ်၊ အာဟာရဇဥပါဒါရုပ်၊ ဥတုဇဥပါဒါရုပ်၊ အသညသတ်ကမ္မဇဥပါဒါရုပ်၊ ပဝတ္တိကမ္မဇဥပါဒါရုပ်၊ ဤတရားတို့သည် အညမညပစ္စည်း၏ (လ) ပစ္စနိက် မည်ကုန်၏။ သင်္ချာကား-ပဉ္စ ဟူသည်တည်း။

(**၈-၉) (နိဿယပစ္စည်း**သည် သဟဇာတနှင့်တူ၏။ **ဥပနိဿယ**

ပစ္စည်းသည် အာရမ္မဏာနှင့်တူ၏။)

(၁၀) ပုရေဇာတပစ္စည်း (လ)၌ ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်လေးခု ကြဉ်သော ပဉ္စဝေါကာရပဝတ္တိ နာမက္ခန္ဓာ လေးပါး၊ ဤတရားတို့သည် ပုရေဇာတပစ္စည်း၏ (လ) ပစ္စယုပ္ပန် မည်ကုန်၏။ သင်္ချာကား-တိဏ္ဏဝ ဟူသည်တည်း။

အရူပဝိပါက်လေးခု၊ အရူပဘုံ၌ ဖြစ်သောအခါ လောဘမူ၊ မောဟမူ၊ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ်၊ မဟာကြိယာ၊ အရူပကုသိုလ်၊ အရူပကြိယာ၊ အထက်မဂ်သုံးခု၊ ဖိုလ်လေးခု၊ ပဋိသန္ဓေနာမက္ခန္ဓာ ၄-ပါး၊ စိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ် (လ) ပဝတ္တိကမ္မဇရုပ်၊ ဤတရားတို့သည် ပုရေဇာတပစ္စည်း၏ (လ) ပစ္စနိက် မည်ကုန်၏။ သင်္ချာကား-သတ္တ ဟူသည်တည်း။

(၁၁) ပစ္ဆာဇာတပစ္စည်း (လ)၌ ပစ္စယုပ္ပန်ကို ရုပ်၏ဋ္ဌီအခါ၌သာ ရသောကြောင့် ပစ္စည်းအနုလုံ၌ ပစ္ဆာဇာတကို မဟော၊ (အကြောင်းကား နောက်၌ ထင်ရှားလတ္တံ့။) အလုံးစုံသော ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ ၄-ပါး၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ် (လ) ပဝတ္တိကမ္မဇရုပ်၊ ဤတရားတို့သည် ပစ္ဆာဇာတပစ္စည်း ၏ (လ) ပစ္စနိက် တရားမည်ကုန်၏။ သင်္ချာကား-နဝ ဟူသည်တည်း။

(၁၂) အာသေဝနပစ္စည်း (လ)၌ အကုသိုလ်ဒွါဒသ၊ ဟသိတုပ္ပါဒ်၊ မဟာကုသိုလ်၊ မဟာကြိယာ ဒုတိယာဒိဇော၊ မဟဂ္ဂုတ်ကုသိုလ်၊ မဟဂ္ဂုတ် ကြိယာ၊ မဂ်လေးခု နာမက္ခန္ဓာ၊ ဤတရားတို့သည် အာသေဝနပစ္စည်း၏ (လ) ပစ္စယုပ္ပန် ဖြစ်သော တရားမည်ကုန်၏။ သင်္ချာကား-တိဏ္ဏဝ ဟူသည်တည်း။

အကုသိုလ်ဒွါဒသ၊ ဟသိတုပ္ပါဒ်၊ မဟာကုသိုလ်၊ မဟာကြိယာ ပထမဇော၊ အာဝဇ္ဇန်းဒွေး၊ ဝိပါက်ဆတ္တိံသ၊ ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ

လေးပါး၊ စိတ္တဇရုပ် (လ) ပဝတ္တိကမ္မဇရုပ်၊ ဤတရားတို့သည် အာသေဝန (လ) ပစ္စနိက် မည်ကုန်၏။ သင်္ချာကား-နဝ ဟူသည်တည်း။

(၁၃) ကမ္မပစ္စည်း၏ (လ)၌ ကုသိုလ်၊ အကုသိုလ်၊ ကြိယာ စေတနာ ကြဉ်သော အလုံးစုံသော ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ ၄-ပါး၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်၊ ဤတရားတို့သည် ကမ္မပစ္စည်း၏ (လ) ပစ္စယုပ္ပန် ဖြစ်သော တရား မည်ကုန်၏။ သင်္ချာကား-နဝ ဟူသည်တည်း။

ကုသိုလ်၊ အကုသိုလ်၊ ကြိယာ စေတနာ၊ ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ ဤတရားတို့သည် ကမ္မပစ္စည်း၏ (လ) ပစ္စနိက် မည်ကုန်၏။ သင်္ချာကား-တီဏိ ဟူသည်တည်း။

(၁၄) ဝိပါကပစ္စည်း (လ)၌ အလုံးစုံသော ဝိပါက် ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ ၄-ပါး၊ ဝိပါက်ပြုအပ်သော စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊ ဤတရား တို့သည် ဝိပါကပစ္စည်း၏ (လ) ပစ္စယုပ္ပန် မည်ကုန်၏။ သင်္ချာကား-ဧကံ ဟူသည်တည်း။

ကုသိုလ်၊ အကုသိုလ်၊ ကြိယာနာမက္ခန္ဓာ ၄-ပါး၊ ကုသိုလ်၊ အကုသိုလ်၊ ကြိယာနာမက္ခန္ဓာ ပြုအပ်သော စိတ္တဇရုပ်၊ ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်၊ ဤတရားတို့သည် ဝိပါကပစ္စည်း၏ (လ) ပစ္စနိက် မည်ကုန်၏။ သင်္ချာကား-နဝ ဟူသည်တည်း။

(၁၅) အာဟာရပစ္စည်း (လ)၌ အလုံးစုံသော ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ ၄-ပါး၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊ အာဟာရဇရုပ်၊ ဤတရားတို့သည် အာဟာရပစ္စည်း၏ (လ) ပစ္စယုပ္ပန် မည်ကုန်၏။ သင်္ချာကား-နဝ ဟူသည်တည်း။

ဗာဟိရရုပ်၊ ဥတုဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်၊

ဤတရားတို့သည် အာဟာရပစ္စည်း၏ (လ)ပစ္စနိက် မည်ကုန်၏။ သင်္ချာကား-ဇကံ ဟူသည်တည်း။

(၁၆) ဣန္ဒြိယပစ္စည်း (လ)၌ အလုံးစုံသော ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ ၄-ပါး၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊ ရုပ်ဇီဝိတိန္ဒြေ ကြဉ်သော အသညသတ် ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်၊ ဤတရားတို့သည် ဣန္ဒြိယပစ္စည်း၏ (လ) ပစ္စယုပ္ပန် မည်ကုန်၏။ သင်္ချာကား-နဝ ဟူသည်တည်း။

ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ အသညသတ် ရုပ်ဇီဝိတိန္ဒြေ၊ ပဝတ္တိရုပ်ဇီဝိတိန္ဒြေ၊ ဤတရားတို့သည် ဣန္ဒြိယပစ္စည်း၏ (လ) ပစ္စနိက် မည်ကုန်၏။ သင်္ချာကား-ဇကံ ဟူသည်တည်း။

(၁၇) ဈာနပစ္စည်း၏ (လ)၌ ဒွေပဉ္စဝိညာဏ်-၁၀ ကြဉ်သော အလုံးစုံသော ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ ၄-ပါး၊ စိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ်၊ ဤတရားတို့သည် ဈာနပစ္စည်း၏ (လ) ပစ္စယုပ္ပန် ဖြစ်သော တရားမည်ကုန်၏။ သင်္ချာကား-နဝ ဟူသည်တည်း။

ဒွေပဉ္စဝိညာဏ် နာမက္ခန္ဓာ၊ ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်၊ ဤတရားတို့သည် ဈာနပစ္စည်း၏ (လ) ပစ္စနိက် မည်ကုန်၏။ သင်္ချာကား-ဇကံ ဟူသည်တည်း။

(၁၈) မဂ္ဂပစ္စည်း၏ (လ)၌ သဟိတ်စိတ် ကေသတ္တတိ၊ စေတသိက် ဒွေပညာသ၊ ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး၊ သဟိတ်စိတ္တဇရုပ်၊ သဟိတ် ပဋိသန္ဓေကမ္မဇရုပ်၊ ဤတရားတို့သည် မဂ္ဂပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သော တရားမည်ကုန်၏။ သင်္ချာကား-နဝ ဟူသည်တည်း။

အဟိတ် ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး၊ အဟိတ်စိတ္တဇရုပ်၊ အဟိတ်ပဋိသန္ဓေကမ္မဇရုပ် (လ) ပဝတ္တိကမ္မဇရုပ်၊ ဤတရားတို့သည်

မဂ္ဂပစ္စည်း ၏ ပစ္စနိက် ဖြစ်သော တရားမည်ကုန်၏။ သင်္ချာကား-ဧကံ ဟူသည်တည်း။

(၁၉) (**သမ္ပယုတ္တပစ္စည်း**သည် အာရမ္မဏ သုဒ္ဓသင်္ချာဝါရနှင့်တူ၏။)

(၂၀) **ဝိပ္ပယုတ္တပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌** အရူပဝိပါက် လေးခု ကြဉ်သော ပဉ္စဝေါကာရပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊ ဤတရားတို့သည် ဝိပ္ပယုတ္တပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သော တရားတို့မည်ကုန်၏။ သင်္ချာကား-နဝ ဟူသည်တည်း။

အရူပဝိပါက် လေးခု၊ ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး၊ အရူပဘုံ၌ ဖြစ်သောအခါ လောဘမူ၊ မောဟမူ၊ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ်၊ မဟာကြိယာ၊ အရူပကုသိုလ်၊ အရူပကိရိယာ၊ အထက်မဂ်သုံးခု၊ ဖိုလ်လေးခု နာမက္ခန္ဓာ၊ ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ အသညသတ် ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်၊ ဤတရားတို့သည် ဝိပ္ပယုတ္တပစ္စည်း၏ ပစ္စနိက် ဖြစ်သော တရားမည်ကုန်၏။ သင်္ချာကား-တိဏိ ဟူသည်တည်း။

(၂၁-၂၂) (**အတ္ထိပစ္စည်း၊ အဝိဂတပစ္စည်း**သည် သဟဇာတ သုဒ္ဓသင်္ချာဝါရနှင့်တူ၏။)

(၂၃-၂၄) (**နတ္ထိပစ္စည်း၊ ဝိဂတပစ္စည်း**သည် အာရမ္မဏသုဒ္ဓသင်္ချာ ဝါရ နှင့်တူ၏။)

ဤဆဝါရ၌- ပစ္စယုပ္ပန်ကို အနုလုံ၊ ပစ္စယုပ္ပန်မှလွတ်သည်ကို ပစ္စနိက်ဟု နှစ်ပုံသာဆိုခြင်းကြောင့် နှစ်ချက်စု ဖြစ်သတည်း။

ဆဝါရ၌ကား- ပစ္စယုပ္ပန် ပြဋ္ဌာန်းသည်။

သုဒ္ဓသင်္ချာဝါရ ပြီး၏။

ဆဝါရ နှစ်ချက်စု ပြီး၏။

သင်္ချာဝါရတို့၏ ဥပဒေသကဏ္ဍ

ပဋိစ္စဝါရ၊ သဟဇာတဝါရ သင်္ချာဥပဒေသ

(က) လေးဆယ့်ကိုးပါးသော ပုစ္ဆာပဒ-ပဒါဝသာန၊ ဝါ-မူလ မူလီတို့တွင် အကြောင်းပစ္စယုပ္ပန် အကြောင်းပစ္စနိက် တရားတို့ကို ဝိဘင်းပါဠိ ထုတ်၍ 'ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ'အစရှိသော ပါဠိတို့၌ ကံနှင့် ကတ္တားသည် သဟဇာတပစ္စည်း ပစ္စယုပ္ပန် ရကောင်းသော ပဒ-ပဒါဝသာနတို့ကို ပဋိစ္စဝါရ၊ သဟဇာတဝါရ နှစ်ဝါရတို့၌သာ ဟောကုန်၏။ သင်္ချာသည် နဝ-အလွန်တည်း။ အလျော့အားဖြင့် မူလ-မူလီသို့ လိုက်၍ သတ္တ၊ ပဉ္စ၊ တီဏိ၊ ဒွေ၊ ဧကံ ဟုထွက်လေသည်။ (ဤကား ပဋိစ္စဝါရ၊ သဟဇာတဝါရတို့၌ အမြဲမှတ်ရန် ဥပဒေသတည်း)။

အစဉ်အတိုင်း သင်္ချာထုတ်ဦးအံ့ -

(၁) **နဝ**-ဟူသော်ကား။ ။ ကုသလေန ကုသလံ၊ ကုသလေန အဗျာကတံ၊ ကုသလေန ကုသလာဗျာကတံ၊ **ကုသလပဒမူ**၌ သုံးပါး။ အကုသလေန အကုသလံ၊ အကုသလေန အဗျာကတံ၊ အကုသလေန အကုသလာဗျာကတံ၊ **အကုသလပဒမူ**၌ သုံးပါး။ အဗျာကတေန အဗျာကတံ၊ **အဗျာကတပဒမူ**၌ တစ်ပါး။ ကုသလာဗျာကတေန အဗျာကတံ၊ **ကုသလာဗျာကတပဒမူ**၌ တစ်ပါး။ အကုသလာဗျာကတေန အဗျာကတံ၊ **အကုသလာဗျာကတပဒမူ**၌ တစ်ပါး။ ဤသို့လျှင် နဝ-ဖြစ်သတည်း။

ထိုဝါရနှစ်ပါး၌ သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပုံကား။ ။ ကုသိုလ်နာမက္ခန္ဓာ လေးပါးတို့တွင်- တစ်ပါးသောခန္ဓာသည် သုံးပါးသော ခန္ဓာအား။ နာမက္ခန္ဓာသည် စိတ္တဇရုပ်အား။ တစ်ပါးသောခန္ဓာသည် သုံးပါးသောခန္ဓာ စိတ္တဇရုပ်အား အစရှိသဖြင့် ကျေးဇူးပြုကြ၍

ကုသလပဒမူဠ် သင်္ချာ- သုံးပါး ဖြစ်သတည်း။ (အကုသလပဒမူဠ် နည်းတူ သိလေ။)

အဗျာကတမူဠ် တစ်ပါးသောခန္ဓာသည် သုံးပါးသောခန္ဓာအား၊ ဝါ- သုံးပါးသောခန္ဓာသည် စိတ္တဇရုပ်အား ကျေးဇူးပြုကြ၍ သင်္ချာ တစ်ပါးသာဖြစ်သတည်း။

ကုသိုလ်နာမက္ခန္ဓာ စိတ္တဇရုပ်တို့တွင်- ကုသိုလ်နာမက္ခန္ဓာ မဟာဘုတ်သည် စိတ္တဇရုပ်အား ကျေးဇူးပြုကြ၍ ကုသလာဗျာကတမူဠ် သင်္ချာတစ်ပါး ဖြစ်သတည်း။ (အကုသလာဗျာကတမူလည်း နည်းတူ။)

(၂) **သတ္တ**-ဟူသော်ကား။ ။ ကုသလေန ကုသလံ၊ ကုသလေန အဗျာကတံ၊ အကုသလေန အကုသလံ၊ အကုသလေန အဗျာကတံ၊ အဗျာကတေန အဗျာကတံ၊ ကုသလာဗျာကတေန အဗျာကတံ၊ အကုသလာ ဗျာကတေန အဗျာကတံ။ ဤသို့လျှင် သတ္တ-ဖြစ်သတည်း။

(၃) **ပဉ္စ**-ဟူသော်ကား။ ။ ကုသလေန အဗျာကတံ၊ အကုသလေန အဗျာကတံ၊ အဗျာကတေန အဗျာကတံ၊ ကုသလာဗျာကတေန အဗျာကတံ၊ အကုသလာဗျာကတေန အဗျာကတံ။ ဤသို့လျှင် ပဉ္စ-ဖြစ်သတည်း။

သဟိတ်စိတ္တဇရုပ်တရားရသောအခါ- ကုသိုလ်သည် စိတ္တဇရုပ်အား၊ အကုသိုလ်သည် စိတ္တဇရုပ်အား၊ ဝိပါက်ကိရိယာသည် စိတ္တဇရုပ်အား၊ ကုသိုလ်နာမက္ခန္ဓာ မဟာဘုတ်သည် စိတ္တဇရုပ်အား၊ အကုသိုလ်နာမက္ခန္ဓာ မဟာဘုတ်သည် စိတ္တဇရုပ်အား အစရှိသဖြင့် ပဉ္စ- အစဉ်အတိုင်း ဖြစ်ပုံတည်း။

(၄) **တီဏိ**-ဟူသော်ကား။ ။ကုသလေန ကုသလံ၊ အကုသလေန အကုသလံ၊ အဗျာကတေန အဗျာကတံ။ ဤသို့လျှင် တီဏိ-ဖြစ်သတည်း။

(၅) **ဒွေ**-ဟူသော်ကား။ ။ အကုသလေန အကုသလံ၊

အဗျာကတေန အဗျာကတံ။ ဤသို့လျှင် ဒွေ-ဖြစ်သတည်း။

(၆) **ဧကံ**-ဟူသော်ကား။ ။ အဗျာကတေန အဗျာကတံ။ ဤသို့လျှင် ဧကံ-ဖြစ်သတည်း။

ဝိပါက်တရား၊ ကြိယာ၊ ရုပ်သက်သက် (သို့မဟုတ်) သုံးပါးစုံရလျှင် ဧကံ-ဟုမှတ်။ (ယခုပြဆိုပြီးသမျှသချာသည် အမြဲမှတ်ရန်တည်း။)

ပဋိစ္စဝါရ၊ သဟဇာတဝါရ သချာထုတ်နည်း ပြီး၏။

ပစ္စယဝါရ၊ နိဿယဝါရ သချာဥပဒေသ

(ခ) အကြောင်ပစ္စယုပ္ပန်၊ အကြောင်ပစ္စနိက်တရားတို့ကို ဝိဘင်းထုတ်၍ ဟောအပ်ကုန်၏။ ထိုပစ္စယုပ္ပန်၊ ထိုပစ္စနိက်တရားတို့၌ ကံနှင့် ကတ္တားသည် သဟဇာတနိဿယ ပစ္စည်း ပစ္စယုပ္ပန်၊ ဝတ္ထုပုရေဇာတနိဿယ ပစ္စည်း ပစ္စယုပ္ပန်၊ သဟဇာတ ပုရေဇာတ ပစ္စည်း ပစ္စယုပ္ပန် ရောနှော၍ ရကောင်းသော ပဒ-ပဒါဝသာနတို့ကို ပစ္စယဝါရ၊ နိဿယဝါရ နှစ်ဝါရတို့၌ ဟောအပ်ကုန်၏။ သချာသည် အလွန်အားဖြင့် သတ္တရသ တည်း၊ အလျော့အားဖြင့် ရှိသေး၏။ (ဤကား အမြဲမှတ်ရန် ဥပဒေသတည်း။)

သတ္တရသ-ဟူသော်ကား။ ။ ကုသလပဒ သုံးချက်။ အကုသလပဒ သုံးချက်။ (အထက်နည်းတူ)။ အဗျာကတပဒ၌ အဗျာကတေန အဗျာကတံ၊ အဗျာကတေန ကုသလံ၊ အဗျာကတေန အကုသလံ၊ အဗျာကတေန ကုသလာဗျာကတံ၊ အဗျာကတေန အကုသလာဗျာကတံ။ ဤသို့လျှင် ငါးချက် ဖြစ်သတည်း။ ကုသလာဗျာကတပဒ၌ ကုသလာဗျာကတေန ကုသလံ၊ ကုသလာဗျာကတေန အဗျာကတံ၊ ကုသလာဗျာကတေန ကုသလာဗျာကတံ။ သုံးချက်တည်း။ အကုသလာဗျာကတပဒ၌လည်း သုံးချက်။ ဤသို့လျှင် သတ္တရသ ဖြစ်သတည်း။ အလျော့အားဖြင့်ကား အကောက်၌ပါပြီ။

ပစ္စယဝါရ၊ နိဿယဝါရ သချာထုတ်နည်း ပြီး၏။

သံသဋ္ဌဝါရ၊ သမ္ပယုတ္တဝါရ သင်္ဂဟဥပဒေသ

(ဂ) အကြင်ပစ္စယုပ္ပန်၊ အကြင်ပစ္စနိက်တရားတို့ကို ဝိဘင်းထုတ်၍ ဟောအပ်ကုန်၏။ ထိုပစ္စယုပ္ပန်၊ ထိုပစ္စနိက် တရားတို့၌ ကံနှင့် ကတ္တားသည် သမ္ပယုတ္တ ပစ္စည်း ပစ္စယုပ္ပန် ရကောင်းသော ပဒ-ပဒါဝသာနတို့ကို ဤ သံသဋ္ဌဝါရ၊ သမ္ပယုတ္တဝါရ နှစ်ဝါရတို့၌ ဟောအပ်ကုန်၏။ သင်္ဂဟသည် အလွန်အားဖြင့် တိဏ္ဏိ-တည်း။ အလျော့အားဖြင့် ဒွေ၊ ဧကံ-သာတည်း။ တိဏ္ဏိ၊ ဒွေ၊ ဧကံ-သည် အထက်နှင့်တူ၏။ ရုပ်ပစ္စယုပ္ပန်၊ ရုပ်ပစ္စနိက်တရားတို့ကို ဤနှစ်ဝါရ၌ မဟောပါ။ သမ္ပယောဂလက္ခဏာ လေးပါးရသော စိတ် စေတသိက်တို့ကိုသာ ဟော၏။ ဤကား ဥပဒေသတည်း။

သံသဋ္ဌဝါရ၊ သမ္ပယုတ္တဝါရ သင်္ဂဟထုတ်နည်း ပြီး၏။

ပဉှာဝါရ သင်္ဂဟဥပဒေသ

(ဃ) ဟေတုအစရှိသော မိမိတို့ပစ္စယသတ္တိ ရကောင်းသော ပဒ-ပဒါဝသာနတို့ကို ကတ္တား သမ္ပဒါန် ဝိဘင်းထုတ်၍ ပဉှာဝါရ၌ ဟောအပ်ကုန်၏။

သင်္ဂဟသည် အလွန်အားဖြင့် ပန္နရသ၊ အလျော့အားဖြင့်ကား တေရသ၊ ဧကာဒသ- စသည်ဖြင့် ရှိသေး၏။

ဆဝါရ၌ကား ပစ္စယုပ္ပန် ပဓာန၊ ပဉှာဝါရ၌ကား ပစ္စည်း ပဓာန။

(ဤကား သန္နိဋ္ဌာန်ကျမှတ်ရန် ဥပဒေသတည်း။)

(ပန္နရသ၊ တေရသ၊ ဧကာဒသ- စသောသင်္ဂဟတို့သည် အထက် ပစ္စယုဒ္ဒါရသို့ရောက်လျှင် ထင်ရှားလတ္တံ့။)

သင်္ဂဟဝါရအမြွက် ပြီး၏။

ဒုကာဒိသင်္ချာဝါရ ခဲရာခဲဆစ် ပစ္စည်းတွန်းပုံ

(င) သုဒ္ဓသင်္ချာဝါရကို ဟောတော်မူသည်၏အခြားမဲ့၌ **ဒုကာဒိ သင်္ချာဝါရကို** ဟောတော်မူ၏။ ထိုဒုကာဒိသင်္ချာဝါရသည်လည်း ဟေတုဒုကာဒိ သင်္ချာဝါရ အစရှိသောအားဖြင့် (၂၃)ပါးအပြားရှိ၏။ (ပဋ္ဌာဇာတ ကျသည်။)

ထိုတွင် ဟေတုဒုကာဒိသင်္ချာဝါရသည်လည်း ဒုက၊ တိက (လ) တေဝီသက အားဖြင့် နှစ်ဆယ့်သုံးပါး အပြားရှိ၏။ ထိုတွင် ဟေတုမူ အာရမ္မဏဒုက အစရှိသောအားဖြင့် (၂၃)ပါးအပြားရှိ၏။

(ထိုဒုကတွင် ထူးရာ၊ ခက်ရာတို့ကိုသာ ပြပေအံ့။)

(ဟေတုမူ အာရမ္မဏဒုက ဆိုရိုးနှင့်တကွ အထက်၌ပြလတ္တံ့။)

ဟေတုမူ အဓိပတိဒုက၌ အဓိပတိပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မသာ ဖြစ်၍ ဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်သောတရားကား မရှိ။ ထို့ကြောင့် ပစ္စနီယာနုလောမ၌ 'နဟေတုပစ္စယာ အဓိပတိယာ' အစရှိသဖြင့် မဟောသတည်း။ အဓိပတိပစ္စည်းကို ရသောအခါ၊ အဓိပတိ တရားကိုယ် မရသောအခါ-မောဟမူဒွေး၌ မောဟကြဉ်သော အကုသိုလ် ဒွါဒသ၊ မဟာကုသိုလ်၊ မဟာကြိယာ၊ သဟိတ်လောကီဝိပါက်၊ ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး၊ နိရာဓိပတိ သဟိတ်စိတ္တဇရုပ်၊ သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ် ဤတရားတို့သည် အနုလောမပစ္စနိက် ဖြစ်သော တရား မည်ကုန်၏။ သင်္ချာကား-န၀ ဟူသည်တည်း။ (ဖော်လေ။)

မောဟမူဒွေး၌ မောဟ၊ အဟိတ် ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး၊ အဟိတ်စိတ္တဇရုပ်၊ အဟိတ်ပဋိသန္ဓေ ကမ္မဇရုပ် (လ) ပဝတ္တိ ကမ္မဇရုပ်၊ ဤတရားတို့လည်း နှစ်ပါးပစ္စနိက် ဖြစ်သောတရား မည်ကုန်၏။ သင်္ချာကား-ဒွေ ဟူသည်တည်း။

အဓိပတိပစ္စည်းကို ရသောအခါ အဓိပတိတရားကိုယ် ကြဉ်သော သာဓိပတိဇော ၅၂-ခု နာမက္ခန္ဓာ၊ သာဓိပတိစိတ္တဇရုပ်၊ ဤတရားတို့သည် အနုလုံ ဖြစ်သော တရားမည်ကုန်၏။ သချာကား-န၀ ဟူသည်တည်း။

ဟေတုမူ အညမညဒုက၌ မောဟမူဒွေး၌ မောဟ၊ အဟိတ်ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး၊ အဟိတ်ပဋိသန္ဓေ နာမက္ခန္ဓာမှ ထောက်အပ် သော ဟဒယဝတ္ထု၊ အချင်းချင်းမှထောက်အပ်သော အဟိတ် စိတ္တဇ မဟာဘုတ်၊ အဟိတ်ပဋိသန္ဓေ ကမ္မဇမဟာဘုတ် (လ) ပဝတ္တိ ကမ္မဇ မဟာဘုတ်။ ဤတရားတို့သည် ပစ္စနိယာနုလောမ။ သချာ-ဒွေ။

နာမက္ခန္ဓာမှထောက်အပ်သော သဟိတ်စိတ္တဇရုပ်၊ ဟဒယဝတ္ထုမှ တစ်ပါး သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်၊ မဟာဘုတ်မှထောက်အပ်သော သဟိတ်စိတ္တဇဥပါဒါရုပ်၊ သဟိတ်ပဋိသန္ဓေ ကမ္မဇဥပါဒါရုပ်၊ ဤတရားတို့ သည် အနုလောမပစ္စနိက်။ သချာ-ပဥ္စ။

နာမက္ခန္ဓာမှထောက်အပ်သော အဟိတ်စိတ္တဇရုပ်၊ ဟဒယဝတ္ထုမှ တစ်ပါး အဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်၊ မဟာဘုတ်မှထောက်အပ်သော အဟိတ် စိတ္တဇဥပါဒါရုပ်၊ အဟိတ်ပဋိသန္ဓေ ကမ္မဇဥပါဒါရုပ်၊ ဗာဟိရ ဥပါဒါရုပ် (လ) ပဝတ္တိ ကမ္မဇဥပါဒါရုပ်၊ ဤတရားတို့သည် ပစ္စနိက်။ သချာ-ဧက။

သဟိတ်စိတ် ဧကသတ္တတိ၊ မောဟမူဒွေး၌ မောဟကြဉ်သော သဟိတ်ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး၊ သဟိတ်ပဋိသန္ဓေ နာမက္ခန္ဓာမှ ထောက်အပ်သော ဟဒယဝတ္ထု၊ အချင်းချင်းမှထောက်အပ် သော သဟိတ်စိတ္တဇ မဟာဘုတ်၊ သဟိတ်ပဋိသန္ဓေကမ္မဇ မဟာဘုတ်၊ ဤတရားတို့သည် အနုလုံ။ သချာ-တီဏိ တည်း။

(ဤ၌ ဝိဘင်းသချာထုတ်ပုံ အနုသန္ဓေစကားအဆက် ဖြစ်၍သော အနည်းငယ်မျှ ပြဆိုရပေသည်။ ဆိုရိုးဆိုနည်း အဓိပ္ပာယ်ပြောနည်းနှင့်တကွ

ဟေတု အာရမ္မဏာဂဏ္ဍိုသို့ရောက်လျှင် ဆရာကြီး၏ချုပ်နည်းတို့ကို ပြဦးအံ့။)

ဟေတုမူ ပုရေဇာတဒုကဣ ပစ္ဆာဝေါကာရဘုံ၌ဖြစ်သောအခါ မောဟမူဒွေး၌ မောဟ၊ အဟိတ်ပဝတ္တိ နာမက္ခန္ဓာ လေးပါး၊ ပစ္စနိယာနုလောမ။ သင်္ချာ-ဒွေ။

အရူပဝိပါက် လေးခု၊ အရူပဘုံ၌ဖြစ်သောအခါ မောဟမူဒွေး၌ မောဟကြဉ်သော လောဘမူ၊ မောဟမူ၊ မဟာကုသိုလ်၊ မဟာကြိယာ၊ အရူပကုသိုလ်၊ အရူပကြိယာ၊ အထက်မဂ်သုံးခု၊ ဖိုလ်လေးခု၊ သဟိတ်ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး၊ သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်၊ အနုလောမ ပစ္စနိက်။ သင်္ချာ-သတ္တ တည်း။

အရူပဘုံ၌ဖြစ်သောအခါ မောဟမူဒွေး၌ မောဟ၊ မနောဒွါရာဝဇ္ဇန်း၊ အဟိတ်ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး၊ အဟိတ်စိတ္တဇရုပ် (လ) ပဝတ္တိကမ္မဇရုပ်၊ ပစ္စနိက်။ သင်္ချာ-ဒွေ။

ပစ္ဆာဝေါကာရဘုံ၌ဖြစ်သောအခါ မောဟမူဒွေး၌ မောဟ၊ အရူပဝိပါက် လေးခုကြဉ်သော သဟိတ်ပဝတ္တိ နာမက္ခန္ဓာ လေးပါး၊ အနုလုံ။ သင်္ချာ-တိဏိ။

ဟေတုမူ အာသေဝနဒုကဣ မောဟမူဒုတိယာဒိဇော၌ရှိသော မောဟ၊ ဟသိတုပ္ပါဒ် ဒုတိယာဒိဇော၊ ပစ္စနိယာနုလောမ။ သင်္ချာ-ဒွေ။

မောဟမူဒွေး၌ မောဟကြဉ်သော အကုသိုလ် ဒွါဒသ၊ မဟာကုသိုလ်၊ မဟာကြိယာပထမဇော၊ သဟိတ်ဝိပါက် ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး၊ သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်၊ အနုလောမပစ္စနိက်။ သင်္ချာ-နဝ။

မောဟမူပထမဇော၌ရှိသော မောဟ၊ ဟသိတုပ္ပါဒ်ပထမဇော၊ ဟသိတုပ္ပါဒ်ကြဉ်သော အဟိတ်ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး၊ အဟိတ် စိတ္တဇရုပ် (လ) ပဝတ္တိကမ္မဇရုပ်၊ ပစ္စနိက်။ သင်္ချာ-ဒွေ။

မောဟမူဒွေး၌ မောဟကြဉ်သော အကုသိုလ် ၁၁ဒသ၊ မဟာကုသိုလ်၊ မဟာကြိယာ ဒုတိယာဒိဈာန်၊ မဟဂ္ဂုတ်ကုသိုလ်၊ မဟဂ္ဂုတ်ကြိယာ၊ မဂ်လေးခု နာမက္ခန္ဓာ၊ အနုလုံ။ သင်္ချာ-တီဏိ။

အဓိပတိမူ အညမညဒုကာ၌ အဓိပတိပစ္စည်းကိုရသောအခါ အဓိပတိ တရားကိုယ်၊ မရသောအခါ အကုသိုလ်ဒွါဒသ၊ အဟိတ်ကြိယာ၊ မဟာကုသိုလ်၊ မဟာကြိယာ၊ လောကီဝိပါက် ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး၊ ပဋိသန္ဓေ နာမက္ခန္ဓာမှ ထောက်အပ်သော ဟဒယဝတ္ထု၊ အချင်းချင်းမှထောက်အပ်သော နိရာဓိပတိ စိတ္တဇ မဟာဘုတ် (လ) ပဝတ္တိကမ္မဇ မဟာဘုတ်၊ ဤတရားတို့သည် ပစ္စနိယာနုလောမ။ သင်္ချာ-တီဏိ။

နာမက္ခန္ဓာမှထောက်အပ်သော သာဓိပတိစိတ္တဇရုပ်၊ မဟာဘုတ်မှ ထောက်အပ်သော သာဓိပတိစိတ္တဇဥပါဒါရုပ်၊ ဤတရားတို့သည် အနုလောမ ပစ္စနိက်။ သင်္ချာ-ပဉ္စ။

နာမက္ခန္ဓာမှထောက်အပ်သော နိရာဓိပတိ စိတ္တဇရုပ်၊ ဟဒယဝတ္ထုမှ တစ်ပါး ပဋိသန္ဓေကမ္မဇရုပ်၊ မဟာဘုတ်မှထောက်အပ်သော နိရာဓိပတိ စိတ္တဇဥပါဒါရုပ်၊ ပဋိသန္ဓေကမ္မဇဥပါဒါရုပ် (လ) ပဝတ္တိကမ္မဇဥပါဒါရုပ်၊ ပစ္စနိက်။ သင်္ချာ-ပဉ္စ။

အဓိပတိပစ္စည်းကိုရသောအခါ- အဓိပတိတရားကိုယ် ကြဉ်သော သာဓိပတိဈာန (၅၂)ခု နာမက္ခန္ဓာ၊ အချင်းချင်းမှထောက်အပ်သော သာဓိပတိ စိတ္တဇ မဟာဘုတ်၊ အနုလုံ။ သင်္ချာ-တီဏိ။

အဓိပတိမူ ပုရေဇာတဒုကာ၌ ပဉ္စဝေါကာရဘုံ၌ အဓိပတိပစ္စည်းကို ရသောအခါ- အဓိပတိတရားကိုယ်၊ မရသောအခါ- အကုသိုလ်ဒွါဒသ၊ အဟိတ်ကြိယာ၊ မဟာကုသိုလ်၊ မဟာကြိယာ၊ အရူပဝိပါက်လေးခု ကြဉ်သော လောကီဝိပါက်၊ ပဝတ္တိနာမက္ခန္ဓာ လေးပါး၊ ပစ္စနိယာနုလောမ။

သင်္ချာ-တိဏ္ဏိ။

အရူပဘုံ၌ အဓိပတိပစ္စည်းကို ရသောအခါ- အဓိပတိတရားကိုယ် ကြဉ်သော လောဘမူ၊ မဟာကုသိုလ်၊ မဟာကြိယာ၊ အရူပကုသိုလ်၊ အရူပကြိယာ၊ အထက်မဂ်သုံးခု၊ ဖိုလ်လေးခု နာမက္ခန္ဓာ၊ သာဓိပတိ စိတ္တဇရုပ်၊ အနုလောမပစ္စနိက်။ သင်္ချာ-သတ္တ။

အရူပဝိပါက်လေးခု၊ အရူပဘုံ၌ အဓိပတိပစ္စည်းကို ရသောအခါ- အဓိပတိတရားကိုယ်၊ မရသောအခါ-လောဘမူ၊ မောဟမူ၊ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ်၊ မဟာကြိယာ၊ ပဉ္စဝေါကာရပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး၊ နိရာဓိပတိ စိတ္တဇရုပ် (လ) ပဝတ္တိကမ္မဇရုပ်၊ ပစ္စနိက်။ သင်္ချာ-သတ္တ။

ပဉ္စဝေါကာရဘုံ၌အဓိပတိပစ္စည်းကို ရသောအခါ- အဓိပတိတရားကိုယ် ကြဉ်သော သာဓိပတိဇော ၅၂-ခု နာမက္ခန္ဓာ၊ အနုလုံ။ သင်္ချာ-တိဏ္ဏိ။

အဓိပတိမူ အာသေဝနဒုက၌ အဓိပတိပစ္စည်းကို ရသောအခါ- လောဘမူ၊ ဒေါသမူ၊ မဟာကုသိုလ်၊ မဟာကြိယာ ဒုတိယာဒိဇော၊ ဇကန် ရသော မဟဂ္ဂုတ်ကုသိုလ်၊ မဟဂ္ဂုတ်ကြိယာ၊ မဂ်လေးခု နာမက္ခန္ဓာ၌ရှိသော-အဓိပတိတရားကိုယ်။ မရသောအခါ- အကုသိုလ် ဒွါဒသ၊ ဟသိတုပ္ပါဒ်၊ မဟာကုသိုလ်၊ မဟာကြိယာ ဒုတိယာဒိဇော၊ ပစ္စနိယာနုလောမ။ သင်္ချာ-တိဏ္ဏိ။

အဓိပတိပစ္စည်းကို ရသောအခါ-အဓိပတိတရားကိုယ် ကြဉ်သော လောဘမူ၊ ဒေါသမူ၊ မဟာကုသိုလ်၊ မဟာကြိယာပထမဇော၊ ဖိုလ်လေးခု နာမက္ခန္ဓာ၊ သာဓိပတိစိတ္တဇရုပ်၊ အနုလောမပစ္စနိက်။ သင်္ချာ-နဝ။

အဓိပတိပစ္စည်းကို ရသောအခါ-လောဘမူ၊ ဒေါသမူ၊ မဟာကုသိုလ်၊ မဟာကြိယာပထမဇော၊ ဖိုလ်လေးခု နာမက္ခန္ဓာ၌ရှိသော

အဓိပတိတရားကိုယ်။ မရသောအခါ- အကုသိုလ်ဒွါဒသ၊ ဟသိတုပ္ပါဒ်၊ မဟာကုသိုလ်၊ မဟာကြိယာ ပထမဈာန၊ အာဝဇ္ဇန်းဒွေး၊ လောကီဝိပါက် ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး၊ နိရာဓိပတိစိတ္တဇရုပ် (လ) ပဝတ္တိကမ္မဇရုပ်၊ ပစ္စနိက်။ သချာ-နဝ။

အဓိပတိပစ္စည်းကို ရသောအခါ- အဓိပတိတရားကိုယ် ကြဉ်သော လောဘမူ၊ ဒေါသမူ၊ မဟာကုသိုလ်၊ မဟာကြိယာဒုတိယာဒိဈာန၊ ကျန် ရသော မဟဂ္ဂုတ်ကုသိုလ်၊ မဟဂ္ဂုတ်ကြိယာ၊ မဂ်လေးခု နာမက္ခန္ဓာ၊ အနုလုံ။ သချာ-တိဏိ။

အဓိပတိမူ ကမ္မဒုက၌ အဓိပတိပစ္စည်းကို ရသောအခါ- အဓိပတိတရားကိုယ်။ မရသောအခါ ကုသိုလ်၊ အကုသိုလ်၊ ကြိယာ စေတနာကြဉ်သော အကုသိုလ် ဒွါဒသ၊ အဟိတ်ကြိယာ၊ မဟာကုသိုလ်၊ မဟာကြိယာ၊ လောကီဝိပါက်၊ ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး၊ နိရာဓိပတိစိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်၊ ပစ္စနိယာနုလောမ။ သချာ-နဝ။

သာဓိပတိ ကုသိုလ် အကုသိုလ် ကြိယာစေတနာ၊ အနုလောမ ပစ္စနိက်။ သချာ-တိဏိ။

နိရာဓိပတိ ကုသိုလ် အကုသိုလ် ကြိယာစေတနာ၊ ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ ပစ္စနိက်။ သချာ-တိဏိ။

အဓိပတိပစ္စည်းကို ရသောအခါ- အဓိပတိတရားကိုယ်၊ ကုသိုလ် အကုသိုလ် ကြိယာ စေတနာကြဉ်သော သာဓိပတိဈာန ၅၂-ခု နာမက္ခန္ဓာ၊ ထိုနာမက္ခန္ဓာသည်ပြုအပ်သော သာဓိပတိစိတ္တဇရုပ်၊ အနုလုံ။ သချာ-နဝ တည်း။

အညမညမူ ပုရေဇာတဒုက၌ ပစ္စနိယာနုလောမကား တရားမရှိ။

(ဆိုရိုးနည်း နောက်မှာပါပြီ။)

အရူပဝိပါက်လေးခု၊ အရူပဘုံ၌ဖြစ်သောအခါ လောဘမူ၊ မောဟမူ၊ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ်၊ မဟာကြိယာ၊ အရူပကုသိုလ်၊ အရူပကြိယာ၊ အထက်မဂ်သုံးခု၊ ဖိုလ်လေးခု၊ ပဥ္စဝေါကာရပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး၊ ပဋိသန္ဓေနာမက္ခန္ဓာမှထောက်အပ်သော ဟဒယဝတ္ထု၊ အချင်းချင်းမှ ထောက်အပ်သော စိတ္တဇ မဟာဘုတ်၊ ပဋိသန္ဓေကမ္မဇ မဟာဘုတ်၊ ဗာဟိရ မဟာဘုတ်၊ အာဟာရဇ မဟာဘုတ်၊ ဥတုဇ မဟာဘုတ်၊ အသညသတ်ကမ္မဇ မဟာဘုတ်၊ ပဝတ္တိကမ္မဇ မဟာဘုတ်၊ ဤတရားတို့သည် အနုလောမပစ္စနိက် ဖြစ်သော တရားမည်ကုန်၏။ သင်္ချာ-တိဏီ။

နာမက္ခန္ဓာမှထောက်အပ်သော စိတ္တဇရုပ်၊ ဟဒယဝတ္ထုမှတစ်ပါး ပဋိသန္ဓေကမ္မဇရုပ်၊ မဟာဘုတ်မှထောက်အပ်သော စိတ္တဇဥပါဒါရုပ် (လ) ပဝတ္တိကမ္မဇဥပါဒါရုပ်၊ ပစ္စနိက်။ သင်္ချာ-ပဥ္စ။

ပဥ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်လေးခု ကြဉ်သော ပဥ္စဝေါကာရပဝတ္တိ နာမက္ခန္ဓာ လေးပါး၊ အနုလုံ။ သင်္ချာ-တိဏီ။

(**အညမညမူ အာသေဝနဒုကာ၌** ပစ္စနိယာနုလောမ မရှိ။)

အကုသိုလ်ဒွါဒသ၊ ဟသိတုပ္ပါဒ်၊ မဟာကုသိုလ်၊ မဟာကြိယာ ပထမဇော၊ အာဝဇ္ဇန်းဒွေး၊ ဝိပါက်ဆတ္တိံသ၊ ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး၊ ပဋိသန္ဓေနာမက္ခန္ဓာမှထောက်အပ်သော ဟဒယဝတ္ထု၊ အချင်းချင်းမှ ထောက်အပ်သော စိတ္တဇ မဟာဘုတ် (လ) ပဝတ္တိကမ္မဇ မဟာဘုတ်၊ အနုလောမပစ္စနိက်။ သင်္ချာ-တိဏီ။

နာမက္ခန္ဓာမှထောက်အပ်သော စိတ္တဇရုပ်၊ ဟဒယဝတ္ထုမှတစ်ပါး ပဋိသန္ဓေကမ္မဇရုပ်၊ မဟာဘုတ်မှထောက်အပ်သော စိတ္တဇဥပါဒါရုပ် (လ) ပဝတ္တိကမ္မဇဥပါဒါရုပ်၊ ပစ္စနိက်။ သင်္ချာ-ပဥ္စ။

အကုသိုလ် ဒွါဒသ၊ ဟသိတုပ္ပါဒ်၊ မဟာကုသိုလ်၊ မဟာကြိယာ ဒုတိယာဒိဇော၊ မဟဂ္ဂုတ်ကုသိုလ်၊ မဟဂ္ဂုတ်ကြိယာ၊ မဂ်လေးခု နာမက္ခန္ဓာ၊ အနုလုံ။ သင်္ချာ-တိဏ်ိ။

ပုရေဇာတမူ အာသေဝနဒုကဩ အရူပဘုံ၌ဖြစ်သောအခါ လောဘမူ၊ မောဟမူ၊ မဟာကုသိုလ်၊ မဟာကြိယာဒုတိယာဒိဇော၊ အရူပကုသိုလ်၊ အရူပ ကြိယာ၊ အထက်မဂ်သုံးခုနာမက္ခန္ဓာ လေးပါး၊ ပစ္စနီယာနုလောမ။ သင်္ချာ-တိဏ်ိ။

ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အကုသိုလ်ဒွါဒသ၊ ဟသိတုပ္ပါဒ်၊ မဟာကုသိုလ်၊ မဟာကြိယာပထမဇော၊ အာဝဇ္ဇန်းဒွေး၊ အရူပဝိပါက်လေးခု ကြဉ်သော ပဉ္စဝေါကာရဝိပါက်ပဝတ္တိ နာမက္ခန္ဓာ လေးပါး၊ အနုလောမ ပစ္စနိက်။ သင်္ချာ-တိဏ်ိ။

အရူပဘုံ၌ဖြစ်သောအခါ အရူပဝိပါက်လေးခု၊ လောဘမူ၊ မောဟမူ၊ မဟာကုသိုလ်၊ မဟာကြိယာပထမဇော၊ မနောဒွါရာဝဇ္ဇန်း၊ ဖိုလ်လေးခု၊ ပဉ္စဝေါကာရပဋိသန္ဓေ နာမက္ခန္ဓာလေးပါး၊ စိတ္တဇရုပ် (လ) ပဝတ္တိကမ္မဇရုပ်၊ ပစ္စနိက်။ သင်္ချာ-သတ္တ။

ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အကုသိုလ်ဒွါဒသ၊ ဟသိတုပ္ပါဒ်၊ မဟာကုသိုလ်၊ မဟာကြိယာဒုတိယာဒိဇော၊ မဟဂ္ဂုတ်ကုသိုလ်၊ မဟဂ္ဂုတ်ကြိယာ၊ မဂ်လေးခု နာမက္ခန္ဓာ၊ အနုလုံ။ သင်္ချာ-တိဏ်ိ။

ပုရေဇာတမူ ဝိပ္ပယုတ္တဒုကဩ ပဉ္စဝေါကာရပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊ ပစ္စနီယာနုလောမ။ သင်္ချာ-ပဉ္စ။

(အနုလောမပစ္စနိက်- ဘုံအချင်းချင်း ဆန့်ကျင်၍ မရှိ။)

အရူပဝိပါက် လေးခု၊ ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး၊ အရူပဘုံ၌ ဖြစ်သောအခါ လောဘမူ၊ မောဟမူ၊ မနောဒွါရာဝဇ္ဇန်း၊

မဟာကုသိုလ်၊ မဟာကြိယာ၊ အရူပကုသိုလ်၊ အရူပကြိယာ၊ အထက်မဂ် သုံးခု၊ ဖိုလ်လေးခု နာမက္ခန္ဓာ လေးပါး၊ ဗာဟိရရုပ် (လ) ပဝတ္တိကမ္မဇရုပ်၊ ပစ္စနိက်။ သချိုာ-တိကာ။

ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက်လေးခုကြဉ်သော ပဉ္စဝေါကာရ ပဝတ္တိ နာမက္ခန္ဓာလေးပါး၊ ဤတရားတို့သည် အနုလုံ။ သချိုာ-တိကာ။

ဒုကာဒိသချိုာအမြွက် ပြီး၏။

သချိုာဝါရတို့၏ ဥပဒေသကဏ္ဍ ပြီး၏။

ဟေတုပစ္စည်းမှတ်ရန်

(၁) ဟေတုပစ္စယ- ဟူသောပုဒ်၌ ဟေတု-ကို အဘယ်သို့ ဝစနတ္ထ ပြုရပါသနည်း။

ဟိနောတိ ပတိဋ္ဌာတိ ဧတ္ထာတိ ဟေတု[၁]- ဟု မူလဋီကာ၌ အဓိကရဏ သာဓန-ဖြင့်လာ၏။

ဧတ္ထ၊ ဤလောဘစသော အကြောင်းတရား၌။ ဖလံ၊ အကျိုးပစ္စယုပ္ပန် တရားသည်။ ဟိနောတိ ပတိဋ္ဌာတိ၊ တည်တတ်၏။ ဣတိ တသ္မာ၊ ထိုသို့တည်ရာဖြစ်သော သတ္တိကြောင့်။ ဟေတု၊ ဟိတ်မည်၏။

ဟိနောတိ ပတိဋ္ဌာတိ ဧတေနာတိ ဟေတု[၂]- ဟူ၍ ဝိဘာဝိနီဋီကာ၌ ကရဏသာဓန-ဖြင့်လာ၏။ သို့လာရာတွင်-

ဧတေနာတိ ဝုတ္တံ ဧတ္ထာတိ ပန ဝတ္တဗ္ဗံ၊ ပတိဋ္ဌာနတ္ထသ္သ အဓိကရဏသာဓနာပေက္ခတ္တာ၊ ဂတျတ္ထ ဝသေနေဝ စ ကရဏသာဓနေသ ဝတ္တဗ္ဗတ္တာ[၃]-

ဟု မဏိသာရမဉ္ဇူဆရာတော်သည် ဋီကာဆရာ၏ ကရဏသာဓနကို မနှစ်သက်ယောင် မိန့်လေသည်။ ဧတေနာတိ၊ ဟူ၍။ ဝုတ္တံ၊ အပ်၏။ ဧတ္ထာတိ ပန၊ ဟူ၍သာလျှင်၊ ဝတ္တဗ္ဗံ၊ ဆိုသင့်ဆိုထိုက် ဆိုကောင်း၏။ ကသ္မာ၊ နည်း။ ပတိဋ္ဌာနတ္ထဿ၊ တည်ရာဖြစ်သော အနက်၏။ အဓိကရဏသာဓနာပေက္ခတ္တာ၊ အဓိကရဏ သာဓနကို ငဲ့သောကြောင့်တည်း။ ဂတျတ္ထဝသေနေဝ စ၊ ဖြစ်ရာဖြစ်သော အနက်၏အစွမ်းဖြင့်လည်း။ ကရဏသာဓနေသ၊ ၏။ ဝတ္တဗ္ဗတ္တာ၊ ဆိုသင့်ဆိုထိုက် ဆိုကောင်းသည်၏ အဖြစ်ကြောင့်တည်း။

၁။ ပဋ္ဌာနပကရဏ၊ မူလဋီကာ၊ ၁၆၈။ ၂။ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ (ဋီကာကျော်)၊ ၂၄၁။
၃။ မဏိသာရမဉ္ဇူသာ ဋီကာ-၂၊ ၃၆၇။

ထိုသို့ မနှစ်သက်ယောင် မိန့်သော်လည်း မနှစ်သက်အပ်သည် မဟုတ် နှစ်သက်အပ်သည်သာ။ အဘယ့်ကြောင့်နည်း။ ဋီကာကျော်ဆရာသည် အထက်ဋီကာကြီးတို့က ပတိဋ္ဌအနက်၌ အဓိကရဏပြုသဖြင့် ကရဏသာခနေလည်း ပြုအပ်ပြုသင့်ပြုထိုက် ပြုစကောင်းသည်ကို ပြသောကြောင့်ဟူလို။ ထို့ကြောင့် နိယံကဗျာလင်္ကာ၌ -

'အဓိကရဏ ပြုတုံက၊ ကရဏသာခ ရမြဲမှတ်။

ကရဏသာခ ပြုပြန်လတ်၊ အဓိကရဏသာခ ရမြဲမှတ်' ဟု ဆိုလေသည်ကို သတိမူလေ။

(၁) 'ဟိ ဂတိမှိ' ဟု ဓာတုမာလာ ပြသောကြောင့် 'ဂတိ'အနက်သာ ဖြစ်သင့်သည်မဟုတ်လော။ 'ပတိဋ္ဌ' အနက်မဖြစ်သင့်ဟု စောဒနာမူ-

အနေကတ္ထတ္တာ ဓာတူသဒ္ဒါနံ ဟိ-သဒ္ဒေါ မူလ-သဒ္ဒေါ ဝိယ ပတိဋ္ဌတ္ထောတိ ဒဋ္ဌဗ္ဗောတိ[၁]- ဟု အဋ္ဌကထာနှင့် ဋီကာတို့ မိန့်သောကြောင့် ဤအရာ၌ 'ပတိဋ္ဌ'သာ ဖြစ်သင့်၏။

တစ်နည်း။ ။ ပညောင်ပင်သည် အထက်သို့ ရှေ့ရှုဆောင်တတ်သော အရပ်လေးမျက်နှာသို့ ပြန့်နှံ့၍သွားကြသောအမြစ်ကြောင့် အကိုင်းအခက်အလက် အညွှန့်အသီးတို့သည် စည်ပင်ပြန့်ပွားခြင်းသို့ရောက်သကဲ့သို့ ကုသိုလ်ကံ အကုသိုလ်ကံတို့၏ အကြောင်းဖြစ်၍ဖြစ်သော လောဘစသောအကြောင်းတို့ကြောင့် အကျိုးပစ္စယုပ္ပန်တရားတို့သည် စည်ပင်ပြန့်ပွား မြဲမြံခိုင်ခံ့သောအဖြစ်သို့ ရောက်ခြင်းသည် ဟိတ်မည်၏ ဟူလို။ ထို့ကြောင့် မူလဋီကာ၌ -

ဟိနောတိ ဝါ ဧတေန ကမ္မနိဒါနဘူတေန ဥဒ္ဓံ ဩဇံ အဘိဟရန္တေန မူလေန ဝိယ ပါဒပေါ တပ္ပစ္စယံ ဖလံ ဂစ္ဆတိ ပဝတ္တတိ ဝုမ္ဍိံ ဝိရူဠှိံ အာပဇ္ဇတီတိ ဟေတု[၂]- ဟုမိန့်ပြီ။

၁။ ပဋ္ဌာနပကရဏ၊ မူလဋီကာ၊ ၁၆၈။ ၂။ ၄င်း။

ဝါ၊ ကား။ ဥဒ္ဓံ၊ အထက်သို့။ ဩဇ၊ ဩဇာကို။ အဘိဟာရန္တေန၊ ရှေးရှုဆောင်တတ်သော။ မူလေန၊ အမြစ်ကြောင့်။ ဝုမ္ဘိ ဝိရူဠှိ အလွန်စည်ပင် ပြန့်ပွားခြင်းသို့။ အာပဇ္ဇတိ ဝိယ၊ ကဲ့သို့။ တထာ၊ တူ။ ကမ္မနိဒါနဘူတေန၊ ကုသိုလ်ကံ,အကုသိုလ်ကံ၏ အကြောင်းဖြစ်၍ဖြစ်သော။ ဧတေန၊ ထိုလောဘ စသောတရားကြောင့်။ တပ္ပစ္စယံ၊ ထိုလောဘစသောတရား လျှင် အကြောင်းရင်းရှိသော။ ဖလံ၊ ပစ္စယုပ္ပန် အကျိုးတရားသည်။ ဟိနောတိ ဂစ္ဆတိ ပဝတ္တတိ ဝုမ္ဘိ ဝိရူဠှိ အာပဇ္ဇတိ၊ အလွန်ပြန့်ပွားခြင်းသို့ ရောက်တတ်၏။ ဣတိ တသ္မာ၊ ကြောင့်။ သော- လောဘာဒိ ဓမ္မော၊ သည်။ ဟေတု၊ မည်၏။

'ဟိနောတိ ဝါ' အစရှိသောပါဌ်ကား ဝိဂြိုဟ် တုသာတည်း။ ဝိဂြိုဟ် စစ်ကား 'ဟိနောတိ ဂစ္ဆတိ ပဝတ္တတိ ဝုမ္ဘိ ဝိရူဠှိ အာပဇ္ဇတိ ဧတေနာတိ ဟေတု'ပြုလေ။ ဤနည်းကား ဟိ-ဓာတ်သည် ဂတိ-အနက်ရှိ၏ဟု မှတ်လေ။

(၂) ဤအဓိကရဏသာဓနေ, ကရဏသာဓနေ ဝိဂ္ဂဟ၌ ဟိ- ဓာတ်၏ အရကား လောဘအစရှိသော ဟိတ်(၆)ပါးတရားတို့၏ အဓိပတိ သဟဇာတ အညမည နိဿယ ဝိပါက ဣန္ဒြိယ မဂ္ဂ သမ္ပယုတ္တ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ။ ဤ(၁၁)ပစ္စယသတ္တိ ရ၏။ တု-ပစ္စည်း၏ အရကား ထို(၁၁)ပစ္စယ သတ္တိတို့ဖြင့် မှတ်ခြင်းရှိသော လောဘအစရှိသော ဟိတ်(၆)ပါးဟု ဆိုအပ်သော သတ္တိမန္တ ရ၏။

ပစ္စယပုဒ်၏ဝစနတ္ထနှင့် ပစ္စယ(၃)ပါးအထူး

(၃) ပစ္စယကို ပတိ + အယ-ဟု ပုဒ်ဖြတ်ပြီးလျှင် -

ပါတိ ရက္ခတီတိ ပတိ။ ပါ-ဓာတု၊ အတိ-ပစ္စယော၊ စောင့်ရှောက်တတ်သောကြောင့်။ ပတိ၊ မည်၏။

အယတိ ဂစ္ဆတီတိ အယော။ အယ-ဓာတ်၊ အ-ပစ္စယော၊ စွဲ၍ ဖြစ်တတ်သောကြောင့်။ အယ၊ မည်၏။

ပတိ စ သော အယော စာတိ ပစ္စယော ဟု ကမ္မဓာရယ် တွဲလေ။ ပတိ ဟုတ္တာ ပစ္စယော ပတိဘာဝေန ပစ္စယောတိ ဝုတ္တံ ဟောတိ။

(၄) ပဌာန်းပစ္စည်းကို ဟောသော ပစ္စယ၊ ဆွမ်းသင်္ကန်း စသည်ကို ဟောသော ပစ္စယ၊ ဏ-စသော ပစ္စည်းကို ဟောသော ပစ္စယ၊ ဤသုံးဝ တို့သည် အဘယ်သို့ ထူးကြသနည်း။

ပဋိစ္စ ဖလံ ဧတသ္မာ ဧတီတိ ပစ္စယော၊ အပစ္စက္ခာယ နံ ဝတ္တတီတိ အတ္ထော။[၁] (ပဌာနအဋ္ဌကထာ)

အကြောင်းတရားတို့သည် အကျိုးတရားကို စွဲ၍ဖြစ်သော ဟေတုစသော ပစ္စည်း ရ၏။

ပဋိစ္စ ဧတသ္မာ ဧတီတိ ပစ္စယော၊ ပဋိစ္စ ဧတသ္မာ ဧတီတိ ဇီဝိတဝုတ္တိ ပစ္စယော။ (ဝိနယအဋ္ဌကထာ)

နှစ်သက်ဝမ်းမြောက်ခြင်းကို ပြုတတ်သောကြောင့် ဆွမ်းသင်္ကန်း စသော ပစ္စည်း ရ၏။

ပတိ ဝိသုံဝိသုံ အတ္ထော ဝတ္တတီတိ ပစ္စယော။[၂] (သံပျင်ဋီကာ)

အသီးသီးသော အနက်တို့ကို ဖြစ်တတ်သောကြောင့် ဏ-စသော ပစ္စည်း ရ၏။ ဤသုံးဝိကပ် ဝစနတ်ကြောင့် ထူး၏ဟုမှတ်ရမည်။

(၅) **ဟေတု စ သော ပစ္စယော စာတိ ဟေတုပစ္စယော။**[၃]

ဟေတု စ၊ ဟိတ်လည်း ဟုတ်သတည်း။ သော၊ ထိုဟိတ်ဟူသည်။ ပစ္စယော စ၊ ပစ္စည်းလည်း ဟုတ်သတည်း။ ဣတိ တသ္မာ၊ ထိုနှစ်ပါးသော သတ္တိကြောင့်။ ဟေတုပစ္စယော၊ မည်၏။ ဤကမ္မဓာရယ်သမာသ်၌ စ-

၁။ ပဋ္ဌာပကရဏ၊ ဋ္ဌ၊ ၃၄၄။ ၂။ သံပျင်ဋီကာ၊ ၂၃၀။
၃။ ပဋ္ဌာပကရဏ၊ ဋ္ဌ၊ ၃၄၄။

သဒ္ဒါ နှစ်လုံးဖြင့် ဟေတုနှင့်ပစ္စယကို အရတူ ဒြပ်မပြားသည်ကိုပြ၏။ တ-သဒ္ဒါဖြင့် ထိုသို့ပင် ဒြပ်မပြားသော်လည်း သကတ်အားဖြင့် ခြားသေးသည်ကိုပြ၏။ ဤဝစနတ္ထဖြင့် ဟေတုပစ္စယ ဟုဆိုအပ်သော ဒြပ်ကိုသာ ရသောကြောင့် ဒြပ်ပေါ်မှာ ဘောဆင့်လျှင် ဟေတုပစ္စယသတ္တိ ဟုဆိုအပ်သော ဂုဏ် ထွက်စေခြင်းငှာ- ဟေတု ဟုတွာ ပစ္စယော ဟေတုဘာဝေန ပစ္စယောတိ ဝုတ္တံ ဟောတိ ဟု ဋီကာကျော် မိန့်တော်မူ၏။

(၆) ပထမဝိဂ္ဂဟဖြင့် ဟိတ်(၆)ပါးတရားတို့သည် ယထာရဟ ကျေးဇူးပြုကြသော အဓိပတိပစ္စည်း အစရှိသည် ဖြစ်၍ဖြစ်သော ဟိတ်ကို ယူခြင်းသည် ဖြစ်ရာ၏။ ထိုအယူကို (တား)မြစ်ခြင်းငှာ- ဟေတု ဟုတွာ စသည်ကို မိန့်ဆိုပြန်သည်ဟုမှတ်။ ထိုကြောင့် မူလဋီကာ၌-

ဟေတု စ သော ပစ္စယော စာတိ ဣမိနာ ဝစနေန ဟေတုနော အဓိပတိပစ္စယာဒိ ဘူတဿ စ ဂဟဏံ သိယာတိ တံ နိဝါရေန္တော အာဟ ဟေတု ဟုတွာ ပစ္စယောတိ[၁]- ဟုမိန့်၏။

အဘယ်သို့သောအပြစ် ရောက်မည်စိုး၍ ဟေတုဘာဝေန ဟု တဖန် မိန့်ဆိုပြန်သနည်းဟူကား ရှေးကဲ့သို့ တစ်မူအပြစ်ယူမည်စိုး၍ ဆိုသည်ဟုမှတ်။ ထို့ကြောင့် မူလဋီကာ၌-

ဧတေနပိ သော ဧဝ ဒေါသော အာပဇ္ဇတီတိ ပုနာဟ ဟေတုဘာဝေန ပစ္စယောတိ ဝုတ္တံ ဟောတီတိ[၂]- ဟုမိန့်၏။

ထို ဟေတုဘာဝေန ဟူသောပါဌ်ဖြင့် ဤအရာ၌ ဟိတ်(၆)ပါး ဒြပ်ကို မယူအပ်။ စင်စစ်ဧကံ အမှန်သော်ကား ဟိတ်(၆)ပါးတရား၏ **သတ္တိဝိသေသ**ကို ယူရမည်ကိုပြ၏။ ပစ္စယ-သဒ္ဒါ၏လည်း ဟေတု-သဒ္ဒါနှင့် သတ္တိတူသည်ကို ပြ၏။ ထို့ကြောင့် မူလဋီကာ၌ -

တေန ဣဓ ဟေတု-သဒ္ဒေန ဓမ္မဂ္ဂဟဏံ န ကတံ၊ အထ ခေါ

၁။ ပဋ္ဌာနပကရဏ၊ မူလဋီကာ၊ ၁၆၇။ ၂။ ၄င်း။

ဓမ္မသတ္တိဝိသေသော ဂဟိတောတိ ဒဿေတိ၊ တဿ ဟိ ပစ္စယသဒ္ဒဿ စ သမာနာဓိကရဏတံ သန္ဓာယ ဟေတု စ သော ပစ္စယော စာတိ ဟေတု ဟုတွာ ပစ္စယောတိ စ ဝုတ္တံ[၁]-ဟုမိန့်၏။

အဋ္ဌကထာ၊ မူလဋီကာတို့၌ ဟေတုနှင့်ပစ္စယကို အရတူ ကမ္မဓာရယ် ပြုခြင်းသည် မိမိတို့သဘောအရ ပြုကုန်သလောဟု စောဒနာမူ 'ဟေတူ ဟေတု သမ္ပယုတ္တကာနံ (လ) ဟေတုပစ္စယေန ပစ္စယော'ဟူသော ပါဠိတော်ကို မြင်သောကြောင့် ပြုလုပ်ရသတည်း။ (အာစရိယဝါဒ)။

(ဤကား ဝစနတ္ထနှင့် သဘာဝတ္ထ ပြဆိုချက် ပြီး၏။)

ပစ္စယဟူသော မာဂဓဘာသာ ရွတ်ဖတ်ပုံ

(၇) ပစ္စယဟူသော မာဂဓဘာသာ ပါဠိတော်ကို ခပ်သိမ်းသော လူရှင်ရဟန်းတို့သည် ယပင့်, ရရစ် မရှိဘဲလျက် ရှိဟန် အသံဖြင့် ရွတ်ဖတ်ကြ ကုန်၏။ ထိုမှတစ်ပါးလည်း သဗ္ဗညုတ, ပညာဏ, ပဥ္စ, ပညတ္တိ, မေတ္တာ, ပစ္ဆာ, ပဋ္ဌဟူသော ပုဒ်တို့ကိုလည်း ရွတ်ကြကုန်၏။ ထိုမှတစ်ပါး ဟောန္တိ, ဂစ္ဆန္တိ, ယေ, တေ အစရှိသောပုဒ်တို့ကိုလည်း အောက်မြစ်, ရေ့ဆီး, ဝိသဇ္ဇနီ မရှိဘဲလျက် ရှိဟန် ရွတ်ဖတ်ကြရာတွင် အပြစ်ရှိ မရှိ မေးမူ၊ သက္ကတဘာသာ ရွတ်ဖတ်နည်းဖြစ်၍ အပြစ်ရှိသည်ဟုမှတ်။ သက္ကတဘာသာဖြင့် ပါဠိတော်ကို ရွတ်ဖတ်သော ရဟန်းတို့အား ဒုက္ကဋ်အာပတ်သင့်၏။ လူဖြစ်သော်လည်း အပြစ် မလွတ်ရာ။ ထို့ကြောင့် -

န ဘိက္ခဝေ ဗုဒ္ဓဝစနံ ဆန္ဒသော အာရောပေတဗ္ဗံ၊ ယော အာရောပေယျ အာပတ္တိ ဒုက္ကဋဿ။[၂] (စူဠဝါပါဠိတော်)။

၁။ ပဋ္ဌာနပကရဏ၊ မူလဋီကာ၊ ၁၆၇။ ၂။ စူဠဝဂ္ဂ၊ ပါဠိ၊ ၂၈၀။

ဆန္ဒသောတိ (လ) သတ္တတဘာသာယ- ဟု ရှုဋ္ဌဝါအဋ္ဌကထာ ဖွင့်သောကြောင့် သင့်၏ဟုမှတ်။

ပါဠိတော်၌ သတ္တတရေးနည်း ရှိသည်မဟုတ်လောဟူမူ - ပါဠိယံ ပန ဤဒိသော နယော နတ္ထိ။ (သဒ္ဒနီတိ)။ ဟောတော်မူသောအခါလည်း မာဂဓဘာသာဖြင့်သာ ဟောတော်မူသောကြောင့် - တာယ မာဂဓဘာသာယေဝ ဘဂဝတာ ပိဋကတ္တယဿ ဘာသိတတ္တာ န အညာယ။ (ဝစ္စဝါစကဋီကာ)။

အဋ္ဌကထာ၌ကား သတ္တတနည်းယူ၍ ဖွင့်သောအရာရှိသည်။ ဆင်ခြင်စဉ်းစားကြကုန်။

ဤအရာ၌ ပစ္စယကို ပျစ္စယ-ဖတ်၍လည်းကောင်း၊ ဦးပညာကို ဦးပျင်ညာ-ဖတ်၍လည်းကောင်း ဆရာဘုန်းကြီးက မည်တွန်သတတ်။ ထိုအခါ ဖတ်သူက ဦးပုည ဟု ရေးသားထားတာတွေ့တော့ ဦးပြုည- ဟုဖတ်လိုက် သတတ်။ ဆရာဘုန်းကြီးမှာ ပက်လက်လန်မျှ ရယ်မောသတတ်။ ထိုသို့မဖြစ် ကြစေနှင့်ဟု ဆရာကြီးပြောဆိုဖူးလေသည်။ (ဂဏ္ဌိစကား)။

(ဤကား ပစ္စယ၏ရွတ်ဖတ်နည်း အပြွက်)

ဟေတု နှင့် ပစ္စယတို့၏ အကြောင်းဟော အထူး

(၈) ပစ္စယော ဟေတု ကာရဏံ နိဒါနံ သမ္ဘဝေါ ပဘဝေါတိ အတ္ထတော ဧကံ၊ ဗျဉ္စနတော နာနံ။[၁]

ဟူသော ပဋ္ဌာနအဋ္ဌကထာ၌ ဟေတုနှင့်ပစ္စယ အစရှိသည်တို့သည် အနက်အားဖြင့် တူ၏၊ သဒ္ဒါမျှသာ ထူး၏ဟုဆိုခြင်းသည် အဘယ်ကိုရည်၍ ဆိုသနည်း။ အနက်အားဖြင့် တူ၏ဟုဆိုသော်လည်း

၁။ ပဥ္စပကရဏ၊ ဋ္ဌ၊ ၃၄၄။

သာမညအားဖြင့် အကြောင်းဟော အနက်တူသည်ကိုသာ ရည်၍ဆိုသည်။

ဟေတု-ကား အကြောင်းဝိသေသ အနက်၊ ပစ္စယ-သဒ္ဒါ စသည်တို့ ကား အကြောင်းသာမည၌ဖြစ်၏ ဟုမှတ်ရမည်။ ထို့ကြောင့် မဏိသာရမဉ္ဇူ၌-

ဣဓ ပန ကာရဏဝိသေသဝိသယော ဟေတုသဒ္ဒေါ၊ ကာရဏ-သာမညဝိသယော ပစ္စယသဒ္ဒေါတိ[၁]- ဟု မိန့်၏။

အကယ်၍ အကြောင်းသဘာဝတ္ထ တူမျှသောအနက် ဖြစ်ခဲ့လျှင် ပစ္စယ ပစ္စယော၊ ကာရဏ ပစ္စယောစသည်ဖြင့် ဟောတော်မူရာ၏။ ဟောကား ဟောတော်မမူပေ။ ဟေတုသဒ္ဒါသည် အဘယ်ကာရဏဝိသေသ၌ ဖြစ်သနည်း။ ဝစနာဝယဝတ္ထ စသည်တို့တွင် မူလဝိသေသတ္ထ၌ ဖြစ်၏ဟူပေ။ ထို့ကြောင့်

ဝစနာဝယဝေ မူလေ ကထိတော ဟေတု ကာရဏေ[၂]- ဟု အဘိဓာန် မိန့်လေသည်။

(၉) တစ်နည်း။ ။ ခန္ဓာ၊ အာယတန ဟူသော ပုဒ်တို့သည် ပိဋကတ်တော်ဝယ် သာမညဝါစကပုဒ် ဖြစ်သောကြောင့် ရူပ၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ ဟူသော ပဒဝိသေသတို့နှင့်စပ်ကြမှ စက္ခာယတန၊ သောတာယတန စသော ဝိသေသတ္ထဝါစကပုဒ် ဖြစ်သကဲ့သို့၊ ပစ္စယ ဟူသော သာမညဝါစကပုဒ်သည် ဟေတု၊ အာရမ္မဏ စသော ဝိသေသပဒတို့နှင့် စပ်ကြမှ ဟေတုပစ္စယ၊ အာရမ္မဏပစ္စယ စသော ဝိသေသတ္ထဝါစကပုဒ် ဖြစ်သည်ဟုမှတ်။ ပစ္စယဟူသောပုဒ်၌ ဟေတုမှတစ်ပါး နိမိတ္တကာရဏ စသော အကြောင်းဟော သဒ္ဒါများနှင့် မစပ်မူ၍ အဘယ့်ကြောင့် ဟေတုသဒ္ဒါနှင့် စပ်၍ ဟေတုပစ္စယော ဟု ဟောတော်မူလေသနည်း။ မူလဝိသေသတ္ထကို

၁။ မဏိသာရမဉ္ဇူသာ ဋီကာ-၂၊ ၃၆၉။ ၂။ အဘိဓာနပ္ပဒီပိကာပါဠ်၊ ၇၉၊ ဂါထာ-၉၇၃။

သိစေခြင်းငှာ ဟောတော်မူသည်ဟူ၏။

(၁၀) ဟေတုနှင့် ပစ္စယကို ဝစနတ္ထ၊ သဘာဝတ္ထ အားဖြင့် ပြပြီး၍ လက္ခဏာကို ပြလိုရကား -

မူလဋ္ဌေန ဟေတု ဥပကာရဋ္ဌေန ပစ္စယောတိ သင်္ခေပတော မူလဋ္ဌေန ဥပကာရကော ဓမ္မော ဟေတု ပစ္စယော။[၁] (ပဋ္ဌာန အဋ္ဌကထာ)

ဟေတု-သည် မူလဋ္ဌလက္ခဏာ၊ ပစ္စယ-သည် ဥပကာရက လက္ခဏာဖြင့် ကျေးဇူးပြု၏ဟူလို။ မူလဋ္ဌေန- ဟူသောပါဌ်ဖြင့် အဘယ် ဟေတုကို နှစ်စေသနည်းဟူမူ ကုသိုလ်၊ အကုသိုလ် အကြောင်း ဥတ္တမ ဟေတု၊ အဝိဇ္ဇာစသော အကြောင်းသာဓာရဏ ဟေတု၊ နှစ်ပါးတို့ကို နှစ်စေ၏။ ထို့ကြောင့် ဋီကာ၌ -

မူလဋ္ဌေနာတိ ဧတေန အဋ္ဌကထာပါဌေန ဥတ္တမဟေတု- သာဓာရဏဟေတုယော နိဝတ္တာ ဟောန္တိ- ဟု မိန့်၏။

(၁၁) ဟိတ်(၆)ပါး တရားတို့သည် အဘယ်သတ္တိဖြင့် အဘယ် တရားတို့အား ကျေးဇူးပြုကြသနည်း။ ပဝတ္တိအခါ စိတ္တဇရုပ်တို့အား လည်းကောင်း၊ ပဋိသန္ဓေအခါ ကမ္မဇရုပ်တို့အားလည်းကောင်း၊ ပဋိသန္ဓေ ပဝတ္တိအခါ သမ္ပယုတ်ဖြစ်ကုန်သော သဟိတ်စိတ် စေတသိက် နာမက္ခန္ဓာတို့ အားလည်းကောင်း၊ သစ်ပင်အား အမြစ်သည် မြဲမြံစွာ တည်ရာ၏အဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ ဟိတ်တရားတို့သည် မူလဋ္ဌသတ္တိ ဖြင့် ကျေးဇူးပြု၏။ ထို့ကြောင့် ဋီကာကျော်၌ -

သော ပန ပဝတ္တေ စိတ္တသမုဋ္ဌာနာနံ ပဋိသန္ဓိယံ ကမ္မသမုဋ္ဌာနာနဉ္စ ရူပါနံ ဥဘယတ္ထ သမ္ပယုတ္တာနံ နာမဓမ္မာနဉ္စ ရုက္ခဿ မူလာနိ ဝိယ သုပ္ပတိဋ္ဌိတဘာဝသာဓနသင်္ခါတမူလဋ္ဌေန ဥပကာရကာ

၁။ ပဋ္ဌာနအဋ္ဌ၊ ၃၄၄။

ဆ ဓမ္မာတိ ဒဠှဗ္ဗံ[၁]- ဟု မိန့်၏။

သော ပန ဟေတုပစ္စယော၊ သည်။ ပဝတ္တေ၊ ၌။ စိတ္တသမုဋ္ဌာနာနံ၊ ကုန်သော။ ရူပါနဉ္စ၊ တို့အားလည်းကောင်း။ ပဋိသန္ဓိယံ၊ ၌။ ကမ္မသမုဋ္ဌာနာနံ၊ ကုန်သော။ ရူပါနဉ္စ၊ တို့အားလည်းကောင်း။ ဥဘယတ္ထ၊ ပဋိသန္ဓေ ပဝတ္တိ နှစ်ပါးစုံ၌။ သမ္ပယုတ္တာနံ၊ ကုန်သော။ နာမဓမ္မာနဉ္စ၊ တို့အားလည်းကောင်း။ ရုက္ခဿ၊ ၏။ မူလာနိ၊ အမြစ်တို့သည်။ သုပ္ပတိဋ္ဌိတဘာဝံ၊ ကောင်းစွာ တည်ရာ၏အဖြစ်ကို။ သာဓေန္တိ ဝိယ၊ ပြီးစေကုန်သကဲ့သို့။ သုပ္ပတိဋ္ဌိတ-ဘာဝသာဓနေသင်္ခါတမူလဋ္ဌေန၊ ကောင်းစွာ တည်ရာ၏အဖြစ်ကို ပြီးစေတတ်သည် ဟုဆိုအပ်သော မူလအနက်ဖြင့်။ ဥပကာရကာ၊ ကုန်သော။ ဓမ္မာ၊ တို့သည်။ ဆ၊ ခြောက်ပါးတို့တည်း။ ဣတိ ဣဒံ သန္နိဋ္ဌာနံ၊ ဤသို့သော အဆုံးအဖြတ်ကို။ ဒဠှဗ္ဗံ၊ မှတ်အပ်၏။

အဟိတ်တရားတို့ ပစ္စနိက်ဖြစ်ခြင်း

(၁၂) အဟိတ် စိတ်, စေတသိက်, ရုပ်တရားတို့လည်း သုပ္ပတိဋ္ဌိတ ဘာဝဖြင့် မြဲမြံခိုင်ခံ့ တည်တံ့နိုင်သည် မဟုတ်လော၊ မှော်နှမ်းမှော်သေး စသည်တို့ကဲ့သို့၊ ဝါ-ဗေဒါပင် မှော်ဆထောက်ကဲ့သို့ ရေအလျဉ်၌ တွယ်တာ ကပ်ငြိရန် တည်ရာဌာန သုပ္ပတိဋ္ဌိတ မဖြစ်သောကြောင့် မြဲမြံခိုင်ခံ့ တည်တံ့ခြင်း မရှိပါဟူလို။ ထို့ကြောင့် ပဋ္ဌာနအဋ္ဌကထာ၌ -

အဟေတုကာ ပန တိလဗီဇကာဒိသေဝါလာ ဝိယ န သုပ္ပတိဋ္ဌိတာ[၂]- ဟု မိန့်၏။ သို့ဖြစ်၍ ပစ္စနိက်တရား ဖြစ်လေသည်။

(၁၃) ဤပဋ္ဌာန်းကျမ်း၌ ပစ္စည်း ပစ္စယုပ္ပန် ပစ္စနိက်အားဖြင့်

၁။ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ (ဋီကာကျော်)၊ ၂၄၁။ ၂။ ပဉ္စပကရဏ၊ ဋ္ဌ၊ ၃၄၅။

သုံးပါး ရှိရာတွင် အနုလုံနှင့်တူသော ပစ္စည်း ရသည်ဖြစ်စေ၊ မရသည် ဖြစ်စေ၊ အကြင်တရားသည် ပစ္စယုပ္ပန်မှ လွတ်သည်ဖြစ်အံ့ ထိုတရားကို ပစ္စနိက် ထုတ်ရသည်ဟု အမြဲသန္နိဋ္ဌာန်ကျမှတ်လေ။ (ဤစကားသည် ဆဝါရကိုရည်၍ ဆိုသည်ဟုမှတ်။)

စေတသိကဇရုပ် မခေါ်ရခြင်း

(၁၄) အလုံးစုံသော စိတ် စေတသိက်တို့သည် အတူတကွဖြစ်၍ စိတ္တဇရုပ်ကို ဖြစ်စေကုန်၏။ သို့အတူတကွဖြစ်လျက် စေတသိကဇရုပ် ဟု မဆိုမူ၍ အဘယ့်ကြောင့် စိတ္တဇရုပ် ဟုဆိုပါသနည်း။

စေတသိက်တို့သည် တကွဖြစ်သည်ကား မှန်၏။ သို့မှန်သော်လည်း လောကီဖြစ်သော သုတ္တန်ဒေသနာ၌ စိတ်သာလျှင် ပြဋ္ဌာန်းခြင်းရှိသည်၏ အဖြစ်ကြောင့် ထိုသို့သဘောရှိသော ရုပ်ကို စိတ္တဇရုပ် ဟု ခေါ်ရသည်ဟူလို။

ထို့ကြောင့် ပဋ္ဌာနအဋ္ဌကထာ၌ -

သဗ္ဗေပိ ဟိ စိတ္တစေတသိကာ ဧကတော ဟုတွာ ရူပံ သမုဋ္ဌာပေန္တိ၊ လောကိယဓမ္မဒေသနာယံ ပန စိတ္တဿ အဓိကဘာဝတော တထာဝိဓံ ရူပံ စိတ္တသမုဋ္ဌာနန္တိ ဝုစ္စတိ[၁]- ဟု မိန့်၏။

ဟိ-သစ္စံ၊ အတူအကွဖြစ်၏ ဟုဆိုသော စကားသည် မှန်၏။ သဗ္ဗေပိ၊ ကုန်သော။ စိတ္တစေတသိကာ၊ တို့သည်။ ဧကတော-ဧကတော၊ အတူတကွ သာလျှင်။ ဟုတွာ၊ ၍။ ရူပံ၊ ကို။ သမုဋ္ဌာပေန္တိ၊ ကုန်၏။ ပန၊ ထိုသို့ပင် တကွဖြစ်ပါသော်လည်း။ လောကိယဓမ္မဒေသနာယံ၊ ၌။ စိတ္တဿ၊ ၏။ အဓိကဘာဝတော၊ ပြဋ္ဌာန်းသည်၏အဖြစ်ကြောင့်။ တထာဝိဓံ၊ ထိုသို့သဘော ရှိသော။ ရူပံ၊ ကို။ စိတ္တသမုဋ္ဌာနန္တိ၊ ဟူ၍။

၁။ ပဋ္ဌာနအဋ္ဌ၊ ၄၊ ၃၅၅။

ဝုစ္စတိ၊ ၏။

ဓမ္မပဒပါဠိတော်၌ 'မနောပုဗ္ဗင်္ဂမာ (လ) မနောသေဋ္ဌာ' စသည်ဖြင့် ဟောသောကြောင့် စိတ်သာလျှင် ပဓာနဟု သိလေ။

သဟဇာတမျိုးတို့ ပဝတ္တိကမ္မဇရုပ်အား ကျေးဇူးမပြုရခြင်း

(၁၅) ဟိတ်(၆)ပါးတို့သည် ပဋိသန္ဓေ ကမ္မဇရုပ်အားသာလျှင် ကျေးဇူးပြု၍၊ ပဝတ္တိကမ္မဇရုပ်အား အဘယ့်ကြောင့် ဟေတုသတ္တိဖြင့် ကျေးဇူး မပြုသနည်း။

ပဋိသန္ဓေအခါ၌ ကမ္မဇရုပ်တို့သည် စိတ်နှင့်စပ်၍ဖြစ်ခြင်း ရှိသည်၏ အဖြစ်ကြောင့် ပဋိသန္ဓေအခါ၌သာလျှင် ကမ္မဇရုပ်တို့အား ဟေတုသတ္တိဖြင့် ကျေးဇူးပြုသည်။ ပဝတ္တိ ကမ္မဇရုပ်အား ကျေးဇူးမပြု။ ထို့ကြောင့် ပဋ္ဌာန အဋ္ဌကထာ၌ -

ကသ္မာ ပနာယံ ဟေတု ပဋိသန္ဓိယမေဝ ကဋတ္တာရူပါနံ ဟေတုပစ္စယော ဟောတိ၊ န ပဝတ္တေတိ ပဋိသန္ဓိယံ ကမ္မဇရူပါနံ စိတ္တပဋိဗဒ္ဓဝုတ္တိတာယ[၁]- ဟု မိန့်၏။ (အတ္တော သုကရော။)

ပဋိသန္ဓေအခါ ကမ္မဇရုပ်တို့သည် စိတ်နှင့်စပ်၍သာ ဖြစ်၏။ စိတ်၏ အစွမ်းဖြင့် ဖြစ်လည်း ဖြစ်ကုန်၏။ တည်လည်း တည်ကုန်၏။ ထိုစကားသည် မှန်၏။ ပဋိသန္ဓေခဏ၌ ၎င်းစိတ်သည် စိတ္တဇရုပ်ကို ဖြစ်ခြင်းငှာ မတတ်ကောင်းပါ။ ကမ္မဇရုပ်တို့သည် ပဋိသန္ဓေစိတ်နှင့် ကင်း၍ တည်ခြင်းငှာလည်းကောင်း၊ ဖြစ်ခြင်းငှာလည်းကောင်း၊ မတတ်ကောင်းပါဟူလို။ ထို့ကြောင့် အဋ္ဌကထာ သာဓကကား -

တေနေဝါဟ ဝိညာဏပစ္စယာ နာမရူပံ၊ တသ္မိံ ပတိဋ္ဌိတေ ဝိညာဏေ နာမရူပဿ အဝက္ကန္တိ ဟောတီတိ[၂]- မိန့်၏။

၁။ ပဋ္ဌာနအဋ္ဌ၊ ၄၊ ၃၅၅။ ၂။ ၎င်း။

အဝက္ကန္တိ၊ သက်၍ဖြစ်ခြင်း ရှိသည်။ ဟောတိ၊ ဧ။ ဣတိ၊ သို့။ ဝိသဇ္ဇေတဗ္ဗော၊ ဧ။

သဟဇာတမျိုးတို့ ဥပါဒ်ဌီ ခဏနှစ်ပါး၌ ကျေးဇူးပြုပုံ

အထက်စကားရပ်များကို ထောက်သဖြင့်လည်းကောင်း၊

ကောစိ ဟိ ပစ္စယော ဋ္ဌိတိယာ ဧဝ ဟောတိ ယထာ ပစ္ဆာဇာတ-ပစ္စယော၊ ကောစိ ဥပ္ပတ္တိယာယေဝ ယထာ အနန္တရပစ္စယော၊ ကောစိ ဥဘယဿ ယထာ ဟေတုအာဒယောတိ။[1]

ဟူသော မူလဋီကာကို ထောက်သဖြင့်လည်းကောင်း၊ ဟေတုပစ္စည်း သည် ခဏတ္တယ သုံးပါးတို့တွင် ဥပါဒ်နှင့်ဌီ ခဏနှစ်ပါးမှာ ကျေးဇူးပြုသည်ဟု ထင်ပေသည်။ ဆင်ခြင်စဉ်းစား နှလုံးထားကြလေကုန်။ သမာနဝါဒကား ဥပါဒ်ခဏ၌သာ ကျေးဇူးပြုသည်ဟု ဆိုလေသည်။

(၁၆) ဤပစ္စယုပ္ပန်၌ ပဝတ္တိအခါ စိတ္တဇရုပ်၊ ပဋိသန္ဓေအခါ ကမ္မဇရုပ်သာ ကောက်ယူ၍၊ ပဝတ္တိကမ္မဇရုပ်ကို အဘယ့်ကြောင့် မကောက်ရ သနည်း။

စိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ်တို့သည် စိတ်နှင့်သာလျှင် စပ်၍ ဖြစ်သည်။ စိတ်ကင်းသော် မဖြစ်နိုင်။ ပဝတ္တိ ကမ္မဇရုပ်သည် စိတ်ထင်ရှား ရှိသော်လည်း ကံနှင့်သာလျှင် စပ်၍ဖြစ်၏။ စိတ်နှင့်စပ်၍ မဖြစ်နိုင်။ ထို့ကြောင့် နိရောဓသမာပတ်ဝင်စားသော ပုဂ္ဂိုလ်တို့အား ပဝတ္တိ ကမ္မဇရုပ်သည် စိတ်နှင့် စပ်ခြင်း ကင်းသော်လည်း ဖြစ်နိုင်သည်။ သို့ဖြစ်၍ ပစ္စယုပ္ပန်၌ ပဝတ္တိ ကမ္မဇရုပ်ကို မကောက်ရ ဟူလို။ ထို့ကြောင့် ပဋ္ဌာနအဋ္ဌကထာ၌ -

ပဝတ္တိယံ ပန တေသံ စိတ္တေ ဝိရဇ္ဇမာနေပိ ကမ္မပဋိဗဒ္ဓါဝ ပဝတ္တိ,

၁။ ပဋ္ဌာနပကရဏ၊ မူလဋီကာ၊ ၁၆၈။

န စိတ္တပဋိဗဒ္ဓါ၊ အဝိဇ္ဇမာနေ စာပိ စိတ္တေ နိရောဓသမာပန္နာနံ ဥပ္ပဇ္ဇန္တိယေဝ[၁]**- မိန့်၏။**

ပဝတ္တိယံ ပန၊ ကား။ တေသံ၊ ထိုကမ္မဇရုပ်တို့၏။ စိတ္တေ၊ သည်။ ဝိဇ္ဇမာနေပိ၊ ထင်ရှားရှိသော်လည်း။ ကမ္မပဋိဗဒ္ဓါဝ၊ ကံနှင့်စပ်သည်သာလျှင် ဖြစ်သော။ ပဝတ္တိ၊ ဖြစ်ခြင်းသည်။ ဟောတိ၊ ၏။ စိတ္တပဋိဗဒ္ဓါ၊ သော။ ပဝတ္တိ၊ သည်။ န ဟောတိ၊ မဖြစ်။ စ-သစ္စံ၊ မှန်၏။ စိတ္တေ၊ သည်။ အဝိဇ္ဇမာနေပိ၊ သော်လည်း။ နိရောဓံ၊ ကို။ သမာပန္နာနံ၊ ဝင်စားကုန်သော ပုဂ္ဂိုလ်တို့အား။ (တာနိ၊ ထိုကမ္မဇရုပ်တို့သည်။) (ထည့်)။ ဥပ္ပဇ္ဇန္တိယေဝ၊ ဖြစ်ကုန်သည် သာလျှင်တည်း။ ဣတိ၊ သို့။ ဝိသဇ္ဇေတဗ္ဗော၊ ၏။

(၁၇) ပဝတ္တိကမ္မဇရုပ်သည် စိတ်နှင့်တကွ ဖြစ်သော်လည်း ပစ္စည်း တပ်သော တကွမျိုးမဟုတ်။ အတူအကွဖြစ်တိုင်းလည်း သဟဇာတပစ္စည်း မတပ်။ စပ်လျဉ်းကြမှ သဟဇာတပစ္စည်း တပ်၏ဟုမှတ်။

ဥပမာကား။ ။ကုန်သည်တို့သည် သင်္ဘောတို့၌ များစွာ အတူအကွစီး၍ ကူးသန်းရောင်းဝယ် သွားလာကြ၏။ သင်္ဘော တစ်စီးထဲ၌ အတူအကွဖြစ်သော်လည်း တစ်ဦးနှင့်တစ်ဦး ငွေကြေး မစပ်လျဉ်းကြ၍ တကွဖြစ်သော်လည်း သဟဇာတ မဆိုထိုက်။ စပ်လျဉ်းကြမှ သဟဇာတ ဆိုထိုက်သကဲ့သို့ မှတ်ပါ။

(၁၈) ပဋိသန္ဓေအခါ ၄င်းစိတ်သည် စိတ္တဇရုပ်ကို ဖြစ်စေနိုင်သည် မဟုတ်လော။ သို့ဖြစ်နိုင်ပါက ပဋိသန္ဓေကမ္မဇရုပ်သာ ကောက်၍၊ အဘယ့်ကြောင့် စိတ္တဇရုပ်ကို မကောက်သနည်းဟူမူ ကံ၏အဟုန်သည် ပစ်ချအပ်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ မြဲမြံစွာမတည်သေးသော မှီရာဝတ္ထုရုပ်ရှိ၍ ပုရေဇာတပစ္စည်း မတပ်သည်၏အဖြစ်ကြောင့်လည်း ကောင်း၊ မှီရာဝတ္ထု အားနည်းသောကြောင့်လည်းကောင်း၊ ပဋိသန္ဓေခဏ၌

၁။ ပဋ္ဌာနအဋ္ဌကထာ၊ ဌ၊ ၃၅၅။

ငှင်းစိတ်သည် စိတ္တဇရုပ်ကို ဖြစ်ခြင်းငှာ မတတ်ကောင်းပါဟူလို။ ထို့ကြောင့် အဋ္ဌကထာ၌-

ကမ္မဝေဂက္ခိတ္တတာယ စေဝ အပ္ပတိဋ္ဌိတဝတ္ထုတာယ စ ဒုဗ္ဗလတ္တာ။[၁] စသည်ဖြင့်လာ၏။

ခပ်သိမ်းသော သတ္တဝါတို့၏ ပဋိသန္ဓေစိတ်သည် ရုပ်ကို မဖြစ်စေနိုင်။ ထို့ကြောင့် စိတ္တဇရုပ်ကို ပဋိသန္ဓေအခါ မကောက်ရဟူလို။

သဗ္ဗသတ္တာနဉ္စ ပဋိသန္ဓိစိတ္တံ (လ) ရူပံ န သမုဋ္ဌာပေန္တိ။[၂] (ဝိဘာဂ် အဋ္ဌကထာ)။

ဥပမာ။ ။ ကမ်းပါးပြတ်စောက်စောက်၌ ရပ်နေသော ယောကျ်ားသည် အားနည်းသည်ဖြစ်၍ တစ်စုံတစ်ခုသောအတတ်ကို သင်ယူခြင်းငှာ မတတ်ကောင်းသကဲ့သို့ ပဋိသန္ဓေစိတ်သည် အားနည်းသည် ဖြစ်၍ စိတ္တဇရုပ်ကို ဖြစ်ခြင်းငှာ မတတ်ကောင်းဟုမှတ်လေ။

(၁၉) ဆိုလိုရင်းအဓိပ္ပာယ်ကား ကမ္မဇရုပ်သည် ပဋိသန္ဓေစိတ်၏ စိတ္တဇရုပ်အရာ၌ တည်၍ဖြစ်၏။ ထိုပဋိသန္ဓေစိတ်သည်လည်း ကမ္မဇရုပ်၏ မျိုးစေ့အရာ၌ တည်၍ဖြစ်၏။ ကံသည် ပဋိသန္ဓေကမ္မဇရုပ်၏ လယ်ယာမြေ နှင့် တူသည်။ ကိလေသာသည် ရေနှင့်တူသည်။ ထိုသို့ တူသည်၏ အဖြစ်ကြောင့် လယ်သည်လည်းကောင်း၊ ရေသည်လည်းကောင်း ရှိသော်လည်း ရှေးဦးစွာ အပင်ပေါက်ခြင်း၌ မျိုးစေ့၏အာနုဘော်ကြောင့် သစ်ပင်၏ဖြစ်ခြင်းကဲ့သို့၊ ပဋိသန္ဓေခဏ၌ စိတ်၏အာနုဘော်ကြောင့် ပဋိသန္ဓေကမ္မဇရုပ် ဖြစ်လေသည်။

သစ်ပင်ကြီးပွားသောအခါ မျိုးစေ့ကင်းသော်လည်း ရေမြေ၏ အာနုဘော်ကြောင့် သစ်ပင်၏အညွန့်အခက် ကြီးပွားလျက်ဖြစ်သကဲ့သို့၊ ပဝတ္တိကာလ နိရောဓသမာပတ် ဝင်စားသောအခါ စိတ်နှင့်ကင်းသော်

၁။ ပဋ္ဌာနအဋ္ဌကထာ၊ ဠ၊ ၃၅၅။ ၂။ သမ္မောဟဝိနောဒနီ၊ ဠ၊ ၂၂။

လည်း ကံကြောင့်သာလျှင် ပဝတ္တိ ကမ္မဇရုပ်တို့သည် ဖြစ်နိုင်သည်ဟူလို။

ထို့ကြောင့် အဋ္ဌကထာ၌ -

ကမ္မဇရူပမေဝ ပနသ ၁ စိတ္တသမုဋ္ဌာနရူပဋ္ဌာနေ တိဋ္ဌတိ၊ တဥ္စ ကမ္မဇရူပသောဝ ဗီဇဋ္ဌာနေ တိဋ္ဌတိ၊ ကမ္မံ ပနသ ၁ ခေတ္တသဒိသံ, ကိလေသာ အာပသဒိသာ၊ တသ္မာ သန္တေပိ ခေတ္တေ အာပေ စ ပဋ္ဌမုပ္ပတ္တိယံ ဗီဇာနုဘာဝေန ရုက္ခုပ္ပတ္တိ ဝိယ ပဋိသန္ဓိက္ခဏေ စိတ္တာနုဘာဝေန ရူပကာယသ ၁ ဥပ္ပတ္တိ၊ ဗီဇေ ပန ဝိဂတေပိ ပထဝီအာပါနုဘာဝေန ရုက္ခသ ၁ ဥပရူပရိ ပဝတ္တိ ဝိယ, ဝိနာ စိတ္တေန ကမ္မတောဝ ကဋတ္တာရူပါနံ ပဝတ္တိ ဟောတီတိ ဝေဒိတဗ္ဗာ[၁]- ဟုမိန့်၏။ (ပိဋကတ္တ ယောဇနာလေ။)

(၂၀) မောဟမူဒွေး၌ရှိသော မောဟကို အာဘယ်ကြောင့် ပစ္စယုပ္ပန်၌ ကြဉ်ရသနည်း။ **မူလန္တရ ဝိရဟတ္တာ**[၂]- ဟူသော ဋီကာကျော်ဟိတ်နှင့် မိန့်၍ ယှဉ်ဖက် လောဘ, ဒေါသ ဟိတ်ကင်းသောကြောင့် ကျေးဇူးသာ ပြုနိုင်၍ ပစ္စည်းရသည်။ ကျေးဇူးပြု. မခံနိုင်သောကြောင့် ပစ္စယုပ္ပန်မှ ကြဉ်ရသည်ဟု မှတ်ပါ။

အဟိတ် စိတ် စေတသိက်နှင့် ရုပ်များကို အာဘယ့်ကြောင့် ပစ္စယုပ္ပန် ၌ မကောက်ရသနည်း။ **အဋ္ဌာရသာဟေတုကေသု ဟေတုဝိရဟတော**[၃]- ဋီကာကျော်ဟိတ်နှင့် မိန့်၍ အဟိတ်စိတ္တုပ္ပါဒ်တို့၌ ဟိတ်ကင်းသောကြောင့် ပစ္စယုပ္ပန်၌ မကောက်ရ။ ပစ္စနိက် ဖြစ်လေတော့၏။

ဇနကဟိတ်၊ သမ္ပယုတ်ဟိတ်တို့တွင် အာဘယ်ဟိတ် ကင်းသနည်း ဟူမူ **ဟေတုသမ္ပယောဂါ ဘာဝတော**[၄]- ဟု ဋီကာကျော်ဟိတ်နှင့်မိန့်၍ သမ္ပယုတ် ကင်းသောကြောင့် ပစ္စယုပ္ပန်၌ မကောက်ရဟူပေ။

၁။ ပဥ္စပကရဏ၊ ဋ္ဌ၊ ၃၅၅။ ၂။ အနုဒီပနီပါဌ၊ ၅၀။
၃။ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ (ဋီကာကျော်)၊ ၂၂၅။ ၄။ ပရမတ္ထဒီပနီ သင်္ဂဟမဟာဋီကာပါဌ၊ ၂၈၉။

(၂၁) ပစ္စယုပ္ပန်၌ ပဝတ္တိကမ္မဇရုပ်သာ မကောက်ရသည်မဟုတ် ဥတုဇရုပ်, အာဟာရဇရုပ်တို့လည်း ဟိတ်နှင့်တစ်ပြိုင်နက်သော ခဏ၌ သဟဇာတသတ္တိဖြင့် အတူတကွဖြစ်ကြကုန်သော်လည်း ဟေတုပစ္စည်း၏ အဖြစ်ကို တားမြစ်သောကြောင့် မကောက်ရဟုမှတ်။ အဘယ့်ကြောင့် ဟေတုပစ္စည်း၏အဖြစ်ကို တားမြစ်ရသနည်းဟူမူ ပဝတ္တိကမ္မဇရုပ်ကဲ့သို့ ကံနှင့်သာစပ်၍ ဖြစ်၏။ စိတ်နှင့်စပ်၍ မဖြစ်။ ထို့ကြောင့် ပစ္စည်း၏အဖြစ်ကို တားမြစ်ရသည် ဟူလို။ ထို့ကြောင့် အဋ္ဌကထာ၌ -

ပဝတ္တိယံ ကမ္မသမုဋ္ဌာနရူပါဒီနံ ပစ္စယဘာဝပဋိဗာဟနတော၊ ဇဝနိ သတိ ယာနိ ပဝတ္တိယံ ဟေတုနာ သဟ ဧကက္ခဏေ ကမ္မသမုဋ္ဌာနရူပါနိ စေဝ ဥတုအာဟာရသမုဋ္ဌာနာနိ စ ဇာယန္တိ, တေသမ္ပိ ဟေတူ ဟေတုပစ္စယောတိ အာပဇ္ဇေယျ, န စ သော တေသံ ပစ္စယော၊ တသ္မာ တေသံ ပစ္စယဘာဝသ ပဋိဗာဟနတ္ထမေတံ ဂဟိတန္တိ ဝေဒိတဗ္ဗံ[၁]- ဟု မိန့်၏။

ဝိထိချ၍ ဟေတုပစ္စည်းတပ်ပုံ

(၂၂) ပဉ္စာဝါရ၌ ကျေးဇူးများသောကြောင့် ပစ္စည်းတပ်ပုံကိုပြဆိုဦးအံ့။ (သဟိတ်စိတ် ဧကသတ္တတိ- ပဝတ္တိ ပဋိသန္ဓေ ဆိုင်ရာဝိထိ ချလေ။)

ပစ္စုပ္ပန် အတိတ် အနာဂတ်ဖြစ်သော လောကီအာရုံ (၆)ပါးတို့တွင် တစ်ပါးပါးကိုအာရုံပြု၍ လောဘမူ ပထမအသင်္ခါရိကဇော ဝိထိစိတ္တုပ္ပါဒ် ဖြစ်လိုလတ်သည်ရှိသော် -

ဘဝင်၊ ဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ လောဘမူ ပထမအသင်္ခါရိကဇော (၇)ကြိမ်၊

ဝိဘူတာရုံဖြစ်အံ့- တဒါရုံ နှစ်ကြိမ်၊ ဘဝင်၊ ဘဝင်။

၁။ ပဉ္စပကရဏ၊ ဋ္ဌ၊ ၃၅၆။

အဝိဘူတာရုံ ဖြစ်အံ့- ဇောနှောင် ဘဝင်၊ ဘဝင် ဖြစ်၍ချုပ်၏။

လောဘဇော ခုနစ်ကြိမ်တို့တွင် ပထမဇော၌ရှိသော လောဘ, မောဟ ဟိတ် နှစ်ပါးသည် ဟေတုပစ္စည်း။ ၎င်းစိတ်နှင့် ယှဉ်ဖက်ဖြစ်သော ပထမ အသင်္ခါရိက စိတ်, စေတသိက် ဗာဝီသ, အတူတကွဖြစ်ကြသော သဟိတ် စိတ္တဇရုပ်တို့သည် ဟေတုပစ္စည်း၏ ပစ္စယုပ္ပန်။ ၎င်းတို့နှင့် အတူတကွ ဖြစ်ကြသော ပဝတ္တိကမ္မဇရုပ်, ဥတုဇရုပ်, အာဟာရဇရုပ် တို့သည် ဟေတုပစ္စည်း၏ ပစ္စနိက်။

အချင်းချင်းလည်း ကျေးဇူးပြုသောကြောင့် လောဘဟိတ်သည် ပစ္စည်း။ မောဟဟိတ်သည် ပစ္စယုပ္ပန်။ မောဟဟိတ်သည် ပစ္စည်း။ လောဘဟိတ်သည် ပစ္စယုပ္ပန်။ လောဘ, မောဟ ဟိတ် နှစ်ပါးသည် မိမိနှင့် ယှဉ်ဖက်ဖြစ်သော စိတ်, စေတသိက်, စိတ္တဇရုပ်တို့အား အဘယ် သတ္တိဖြင့် ကျေးဇူးပြုသနည်း။ မူလဋ္ဌသတ္တိဖြင့် ကျေးဇူးပြုသည်ဟုမှတ်လေ။ (ဇောခုနစ်ကြိမ် စေ့အောင် ဤနည်းကိုမှီ၍ တပ်လေ။)

လောဘမူစိတ် ရှစ်ခု- တစ်ဝီထိစီ ချပြီးလျှင် ဟိတ်ယှဉ်ရာကြည့်၍ ပစ္စည်းတပ်ရမည်။ နယဂ္ဂါဟ ယူလေ။ ဒေါသမူဇော ဝီထိချ၍ ဒေါသဟိတ် မောဟဟိတ် နှစ်ပါး ဆို၍တပ်ပါလေ။

မောဟမူဇောဝီထိ ချပြီးလျှင် မောဟမူဒွေး၌ရှိသော မောဟဟိတ် တစ်ပါးသည် ဟေတုပစ္စည်း။ မိမိနှင့်ယှဉ်ဖက်ဖြစ်သော စိတ်, စေတသိက်, စိတ္တဇရုပ်တို့သည် ဟေတုပစ္စည်း၏ ပစ္စယုပ္ပန်။ မောဟဟိတ်သည် အတူတကွ ယှဉ်ဖက်ဟိတ် မရှိသောကြောင့် မောဟဟိတ်နှင့်တကွ ပဝတ္တိကမ္မဇရုပ်, ဥတုဇရုပ်, အာဟာရဇရုပ်တို့သည် ဟေတုပစ္စည်း၏ ပစ္စနိက် ဖြစ်လေသည်။

မဟာကုသိုလ်ဇောဝီထိ ချပြီးလျှင် ဇောတစ်ကြိမ် တစ်ကြိမ်၌ရှိသော အလောဘ အဒေါသ အမောဟဟိတ် နှစ်ပါး သုံးပါးသည် ဟေတုပစ္စည်း။

မိမိနှင့်ယှဉ်ဖက်ဖြစ်ကြသော စိတ် စေတသိက် စိတ္တဇရုပ်တို့သည် ဟေတုပစ္စည်း၏ ပစ္စယုပ္ပန်။ အတူတကွဖြစ်သော ပဝတ္တိကမ္မဇရုပ် ဥတုဇရုပ် အာဟာရဇရုပ်တို့သည် ဟေတုပစ္စည်း၏ ပစ္စနိက်။ ဟေတုပစ္စည်းသည် သဟဇာတမျိုး ဖြစ်သောကြောင့် ဥပါဒ်ဌီဘင် တူရာ၌သာ ပစ္စည်း ပစ္စယုပ္ပန် တပ်ပါသည်။ ခဏတ္တယ ကွဲရာ၌ ပစ္စည်း ပစ္စယုပ္ပန် မတပ်ကောင်း။ (သတိမူလေ။)

ဟိတ်အချင်းချင်းလည်း သဟဇာတမျိုးဖြစ်၍ ပစ္စည်း ပစ္စယုပ္ပန် တပ်ရမည်။ ပြဆိုပြီးသော ဝီထိကို နယဂ္ဂါဟပြု၍ ပဝတ္တိ ပဋိသန္ဓေ ဝီထိ၊ သဟိတ်စိတ် စေသတ္တတိ ကုန်အောင် ဆရာပြုလုပ်သူက နှုတ်တိုက်ချ၍ ဟိတ်ရှိရာ စိတ္တုပ္ပါဒ်ကို ကြည့်ရှု၍ ပစ္စည်း ပစ္စယုပ္ပန် ထုတ်ပြပါ။ သို့မှသာ တပည့်တို့ နားလည်မည်။ (ဆရာကြီးဦးအုန်း၏ ချပို့နည်းဖြစ်သည်။)

ပစ္စည်းတွန့် လေးချက်စု လေးချက်သေ ကောက်ပုံ

(၂၃) သုံးချက်စု၌ တပည့်များ သရုပ်ကျေပွန်စေရန် ဆရာပြောသမျှ တပည့်က ပြန်ပြောစေရမည်။

ပစ္စည်းတွန်းဟူ၍လည်းကောင်း၊ လေးချက်စုဟူ၍လည်းကောင်း၊ လေးချက်သေဟူ၍လည်းကောင်း ခေါ်ဆိုကြသော ပစ္စည်းတွန့်ပုံကား -

ဟေတုပစ္စည်းသာဖြစ်၍၊ ပစ္စယုပ္ပန် မဖြစ်သောတရားကား မောဟမူဒွေး၌ မောဟ ရ၏။

ပစ္စယုပ္ပန်သာဖြစ်၍၊ ပစ္စည်းမဖြစ်သော- သဟိတ်စိတ် စေသတ္တတိ၊ ဟိတ် (၆)ပါးကြဉ်သော စေတသိက် ဆစတ္တာလီသ၊ သဟိတ် စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ် ရ၏။

ပစ္စည်းလည်းမဖြစ်၊ ပစ္စယုပ္ပန်လည်းမဖြစ်သော- အဟိတ်

စေတသိက်၊ အဟိတ် စိတ္တဇရုပ် (လ) ပဝတ္တိကမ္မဇရုပ် ရ၏။

ပစ္စည်းလည်းဖြစ်၊ ပစ္စယုပ္ပန်လည်းဖြစ်သော- မောဟမူဒွေး၌ မောဟကြဉ်သော ဟိတ် (၆)ပါး ရ၏။

ပစ္စည်းမူတည် ပစ္စနိက် မူလီသွတ်၊ ပစ္စယုပ္ပန်မူတည် ပစ္စနိက် မူလီသွတ်၍ လေးချက်လှည့်လေ။ နောက်နောက်သော အာရမ္မဏပစ္စည်း အစရှိသည်တို့၌လည်း ပစ္စည်းတွန်းပါလေ။ မခဲယဉ်းတော့ပြီ။

ဟေတုပစ္စယနိဒ္ဒေသ၏ အဓိပ္ပာယ်များ

(၂၄) ယခုပြဆိုခဲ့ပြီးသည်ကား သုံးချက်စုခေါ် ပစ္စယုဒ္ဒေသနှင့် ပစ္စယနိဒ္ဒေသ နှစ်ပါးလုံးပင် ပြောဆိုရန် အဓိပ္ပာယ်ဖြစ်သည်။ ပစ္စယနိဒ္ဒေသ၏ အဓိပ္ပာယ်ကို စာသင်သားများ ကျေးဇူးများရန် လိုရင်းမျှ ပြဆိုဦးအံ့။ (ဉာဏ်ကြီးသူတို့က အပြစ်မပြုစေလိုကြောင်း။)

'ဟေတုပစ္စယောတိ'ဟူသော ပါဠိဖြင့် (၂၄)ပါးသော ပစ္စည်းတို့တွင် အကျဉ်းထားအပ်သော မာတိကာအစဉ်ဖြင့် အလုံးစုံသော ပစ္စည်းတို့၏ ရှေးဦးစွာ ဟေတုပစ္စည်းကို ပဌမဟောအပ်သော ပစ္စည်းဖြစ်၍ မူလဋ္ဌသတ္တိဖြင့် ကျေးဇူးပြုသောကြောင့်လည်းကောင်း၊ **အဝိဇ္ဇာ တဏှာဝသေန ဒွေ မူလာနိ**[၁]- ဟု အကြောင်းရင်းဖြစ်သောကြောင့် လည်းကောင်း၊ ရှေးဦးစွာ ထုတ်ဆောင်၍ ဟောတော်မူသည်။ အာရမ္မဏပစ္စည်း အစရှိသည်တို့၌လည်း ဤနည်းတူ အနုသန္ဓေဆက်လေ။ တက်လေ။

(၂၅) ဟေတူ ဟေတု သမ္ပယုတ္တကာနံ- ဟူသောပါဠိ၌ ဟေတု သမ္ပယုတ္တကာနံ- ဟု သာမည မဟောမူ၍ အဘယ့်ကြောင့် ဟေတူ ဟေတု သမ္ပယုတ္တကာနံ- ဟု ဝိသေသပြု၍ ဟောသနည်း။ ပစ္စည်းတရား၌လည်းကောင်း၊ ပစ္စယုပ္ပန်တရား၌လည်းကောင်း ပိုင်းခြားမှတ်သားအပ်

၁။ ပရမတ္ထဒီပနီ သင်္ဂဟမဟာဋီကာပါဌ၊ ၃၈၄။

သောကြောင့် ဝိသေသပြု၍ ဟောတော်မူသည်။ ထို့ကြောင့် အဋ္ဌကထာ၌-

ပစ္စယဿ စေဝ ပစ္စယုပ္ပန္နာနဉ္စ ဝဝတ္ထာပနတော။[၁] အစရှိသည်ဖြင့် မိန့်၏။

အကျယ်ကား။ ။ ဟေတု သမ္ပယုတ္တကာနံ- ဟူ၍သာလျှင် သာမည ဟောသည်ရှိသော် ဟိတ်နှင့် သမ္ပယုတ်ဖြစ်ကုန်သောတရားတို့အား ဟေတုသတ္တိဖြင့် ကျေးဇူးပြုခြင်းသည် ဖြစ်ရာ၏။ ဤသို့ ဖြစ်သည်ရှိသော် ဤမည်သော တရားသည် ဟေတုသတ္တိဖြင့် ကျေးဇူးပြုသည်ဟု ပစ္စည်းကို ပိုင်းခြားခြင်းသည် မထင်ရှားရာ။

ထိုမှတစ်ပါးလည်း ဟေတုနာ သမ္ပယုတ္တကာနံ ဟေတု- သမ္ပယုတ္တကာနံဟူသော တပ္ပုရိသ်အနက်ကို မယူမူ၍၊ အမှတ်မရှိကုန်သော သမ္ပယုတ်တရားတို့အား ဟိတ်သည် ဟေတုသတ္တိဖြင့် ကျေးဇူးပြုသော အနက်သည် အကယ်၍ ဖြစ်ငြားအံ့ ဤသို့ဖြစ်သည်ရှိသော် ဟိတ်နှင့်မယှဉ်ကုန်သော စက္ခုဝိညာဏ်အစရှိသော အဟိတ်စိတ္တုပ္ပါဒ်တို့လည်း သမ္ပယုတ္တပစ္စည်းသာမည ဖြစ်ကုန်၏။ ကုသိုလ်အစရှိသည်တို့လည်း သမ္ပယုတ္တပစ္စည်း ဖြစ်ကုန်၏။

ထိုအဟိတ် သဟိတ် သမ္ပယုတ်တရားတို့တွင် အကြင်ဟိတ်သည် အဘယ်မည်သော သမ္ပယုတ်တရားအား ကျေးဇူးပြုသနည်း။ ဤသို့ ပစ္စယုပ္ပန်တရားကို ပိုင်းခြားမှတ်သားခြင်းသည် မထင်ရှားရာ။ ထိုသို့ မထင်ရှား သောကြောင့် ဟေတူ ဟေတု သမ္ပယုတ္တကာနံဟု ဟောတော်မူသည် ဟူလို။ (ဤကား အဋ္ဌကထာစကားတည်း။)

(၂၆) အထက်စကားဖြင့် ပစ္စည်း ပစ္စယုပ္ပန် ပိုင်းခြားပြီးဖြစ်၍၊ ဟေတုပစ္စယေန ပစ္စယော ဟူသောပါဌ်၌လည်း ပစ္စယော ဟူ၍လည်း ကောင်း၊ တတ္ထ ပစ္စယော ဟူ၍လည်းကောင်း၊ တေန ပစ္စယော ဟူ၍လည်း

---

[၁] ပဥ္စပကရဏ၊ ဋ္ဌ၊ ၃၅၄။

ကောင်း၊ သဒ္ဒါနည်းအားဖြင့် ဟောတော်မူအပ်လျက် အဘယ့်ကြောင့် ဟေတုပစ္စယေန ပစ္စယောဟု ဟောတော်မူရသနည်း။ ငါ့သျှင် စောဒနာအတိုင်း ပစ္စယောဟု သာမညဟောသည်ရှိသော် ဟိတ်(၆)ပါးသည် သဟဇာတအစရှိသော သတ္တိဖြင့်လည်း ကျေးဇူးပြုသောကြောင့်၊ ထိုသဟဇာတအစရှိသော ပစ္စည်း၏အဖြစ်ကို (တား)မြစ်ခြင်းငှာ ဟေတုပစ္စယေနဟု မြတ်စွာဘုရား ဟောတော်မူသည်။

ဤသို့ဖြစ်သည်ရှိသော် တံ သမ္ပယုတ္တကာနံ ဟုမဟောမူ၍ အဘယ့်ကြောင့် ဟေတု သမ္ပယုတ္တကာနံဟု ဟောတော်မူရသနည်း။ တ-သဒ္ဒါဖြင့် ညွှန်ပြအပ်သောတရား၏ မထင်ရှားသောကြောင့် မဟောပါ။ **နိဒ္ဒိသိတဗ္ဗဿ အပါကဋတ္တာ။**[၁] အဋ္ဌကထာဟိတ်ကို ထောက်ပါ။

(၂၇) သို့ဖြစ်ပါက တံသမုဋ္ဌာနာနံ ဟူသောပါဌ်၌ အဘယ့်ကြောင့် တ-သဒ္ဒါဖြင့် ဟောရသနည်း။ ထိုပါဌ်၌ တ-သဒ္ဒါဖြင့် ညွှန်ပြအပ်သောတရား၏ ထင်ရှားပြီးဖြစ်သောကြောင့် ဟောတော်မူသည်ဟူလို။

ထိုပါဌ်ကို ဝစနတ္ထပြုသော် -

တေ ဟေတူ စေဝ ဟေတုသမ္ပယုတ္တာ စ ဓမ္မာ သမုဋ္ဌာနံ ဧတေသန္တိ တံသမုဋ္ဌာနာနိ[၂] ဟု နိပ္ဖန္နချရသနည်း။ တ-သမုဋ္ဌာနာနိ ဟုချသင့်သည် မဟုတ်လောဟူမူ -

'**သဗ္ဗနာမ်ပုဒ်ဖြင့် သမာသ်တွဲသော် ရှေးပုဒ်၌ နိဂ္ဂဟိတ်သော်လည်း လာရာ၏။ နောက်ပုဒ်၌ ဒွေးဘော်သော်လည်း ဆင့်ရာ၏**'ဟု သဒ္ဒါဆရာတို့ ဆိုလေသည်။ သဒ္ဒနီတိ၌ -

ယ-သဒ္ဒါဒိ သမာသမှိ, သဗ္ဗံ ပရပဒေဟိ ဝေ။ နိဂ္ဂဟီတာဂမော ဝါထ၊ ဒွိဘာဝေါ ဝါ သိယာ ဒွိဓာ။[၃]

၁။ ပဋ္ဌာနပကရဏ၊ ဋ္ဌ၊ ၃၅၄။ ၂။ ၄င်း။
၃။ သဒ္ဒနီတိ ပဒမာလာ၊ ၃၆၃၊ ၆။

တ-သဒ္ဒသ သမာသမှိ, သဒ္ဒိ ပရပဒေဟိ ဝေ။ နိဂ္ဂဟီတာဂမော ပုဗ္ဗ-ပဒေ ဒွိတ္တဉ္စ ပစ္စိမေ[၁]- ဟု ဆိုကုန်၏။

တံသမုဋ္ဌာနာနံဟု ဟောတော်မူရာ၌ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ် ပါယူရမည်ဟု အဋ္ဌကထာမှာ ဆိုသည်။ သတိရှိစေ။ ဤမျှတည်းဖြင့် မရောင့်ရဲသူတို့သည် အဋ္ဌကထာ၊ ဋီကာမှာယူလေ။ ဆရာနည်းရသမျှ တပည့်များ မှတ်သားရန် ရေးလိုက်သည်။ နောက်ပစ္စည်းတို့၌ အကျဉ်းမျှ ပြဆိုတော့မည်။

ဟောတ္ပပစ္စည်း ပြီး၏။

၁။ သဒ္ဒနီတိ ပဒမာလာ၊ ၃၆၃၊ ၆။

အာရမ္မဏပစ္စည်းမှတ်ရန်

(၂) ဒုဗ္ဗလပုရိသော ဒဏ္ဍာဒိကံ အာလမ္ဗိယတိ ဂယှတိ ဝိယာတိ အာရမ္မဏံ။[၁]

အာ-ပုဗ္ဗ၊ လမ္ဗ-ဓာတု၊ ယု-ပစ္စယ၊ ကမ္မသာဓနတည်း။ ဒုဗ္ဗလပုရိသော၊ အားနည်းသောယောက်ျားသည်။ ဒဏ္ဍာဒိကံ၊ တောင်ဝှေး ကြိမ်တန်း စသည်ကို။ အာလမ္ဗိယတိ ဂယှတိ ဝိယ၊ ဆွဲကိုင်၍ ထားအပ် သကဲ့သို့။ အာလမ္ဗိယတိ ဂယှတိ၊ ၏။ ဣတိ တသ္မာ၊ ကြောင့်။ အာလမ္ဗဏံ၊ မည်၏။ တောင်ဝှေး စသည် ရစေ။

စိတ္တစေတသိကေဟိ၊ အာလမ္ဗီယတိ ဂယှတီတိ အာလမ္ဗဏံ။ ခွဲ၍ ဝစနတ္ထပြုသည်။ ယော ဓမ္မော၊ အကြင်အာရုံ ၆-ပါးတရားကို။ စိတ္တစေတသိကေဟိ၊ စိတ်စေတသိက် အာရမ္မဏိကတရားတို့သည်။ အာလမ္ဗီယတိ ဂယှတိ၊ ဆွဲ၍ယူအပ်၏။ ဣတိ၊ ကြောင့်။ အာလမ္ဗဏံ၊ အာလံ မည်၏၊ ဝါ-(ဌာန်လဲ၍) အာရုံ မည်၏။

(၁) **ဥပမာယ မိဓေကစ္စေ အတ္ထံ ဇာနန္တိ ပဏ္ဍိတာ**[၂] ဟု ဇာတကပါဠိ လာရှိသည်နှင့်အညီ ပညာရှိတို့သည် ဤလောက၌ ဥပမာပုံဖြင့် အချို့သော သူတို့အား အကြောင်းအကျိုးကို သိစေရာ၏ဟု မှာထားချက်ရှိသောကြောင့် လောကူပမာဖြင့် ထင်ရှားအောင်ပြလိုရကား မစွမ်းမသန် အားနည်းသော သူသည် တောင်ဝှေး၊ ကြိမ်တန်းစသည်ကို ဆွဲကိုင်ရာရှိမှ ထနိုင်သလို၊ ထို့အတူ စိတ် စေတသိက် အာရမ္မဏိက တရားတို့သည်လည်း အာရုံ ၆-ပါးတရား ရှိမှ အာရုံပြုနိုင်ကုန်၏ ဟူလို။ ဤပြဆိုခဲ့သော ဝစနတ္ထ၌ အာ-ရှေးရှိသော၊ လမ္ဗ-ဓာတ်၊ ယု-ပစ္စည်းဖြစ်၍

၁။ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ (ဋီကာကျော်)၊ ၁၂၉။ ၂။ ဇာတက၊ ပါဠိ-၂၊ ၅၅။

အာလုံ- ဟု ယောဇနာသင့်သည်။

(တစ်နည်း) **စိတ္တစေတသိကာ အာဂန္တွာ ရမန္တိ ဧတ္ထာတိ အာရမ္မဏံ။**[၁]

အာ-ပုဗ္ဗ၊ ရမု-ဓာတ်၊ ယု-ပစ္စယော။ ဧတ္ထ၊ ဤအာရုံ ၆-ပါး တရားများ၌။ စိတ္တစေတသိကာ၊ တို့သည်။ အာဂန္တွာ၊ လာ၍။ ရမေန္တိ၊ မွေ့လျော်တတ်ကုန်၏။ ဣတိ၊ ထို့ကြောင့်။ အာရမ္မဏံ၊ အာရုံမည်၏။ အာရုံ ၆-ပါးတရားကို ရလိုသော် ကမ္မသာဓန သာပြုအပ်၏။ ကတ္တု သာဓန မပြုရ။ ပြုသော် အာရမ္မဏိကတရားများကို ရလေသည်။ (အာစရိယဝါဒ)

အာ-ရှေးရှိသော၊ လမ္ဗ-ဓာတ်။ ရမု-ဓာတ်၏အရကား အာရုံ ၆-ပါး တရားတို့၏ အဓိပတိ၊ နိဿယ၊ ဥပနိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဤခုနစ်ပစ္စယသတ္တိ ရ၏။ ယု-ပစ္စည်း၏ အရကား ထိုခုနစ်ပစ္စယ သတ္တိတို့ဖြင့် မှတ်ခြင်းရှိသော အာရုံ ၆-ပါးဟု ဆိုအပ်သော သတ္တိမန္တ ရ၏။

အရကောက်ကား သဟဇာတမျိုးဖြစ်လျှင် သဟဇာတအလျောက် ရှု၍ ကောက်ပါ။ ပစ္စည်းပြိုင်ကို သတိပြု၍ကောက်လေ။ နောက်ပစ္စည်းတို့၌ ပြသင့်မှ ပြဆိုတော့မည်။ ကတ္တုသာဓန မပြုရကြောင်းကား -

ကသ္မာ အာလမ္ဗိယတီတိ အတ္ထေန အာရမ္မဏံ နာမ ဟောတိ၊ နနု အာလမ္ဗတိ စိတ္တစေတသိကေ ဂဏှာတိ အာရမ္မဏပစ္စယ-ဘာဝေနာတိ အတ္ထေနာပိ အာရမ္မဏံ နာမာတိ စောဒနံ သန္ဓာယ စိတ္တစေတသိကာဟီတိ အာဒိမာဟ။[၂]

စသည်ဖြင့် မဏိသာရမဥ္ဇူ၌ လာလေသည်။ ဤကိုရည်၍ အာရုံ ၆-ပါး တရားကို ရလိုသော် ကမ္မသာဓန သာပြုရမည်ဟု ဆိုလေသည်။

၁။ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ (ဋီကာကျော်)၊ ၁၂၉။ ၂။ မဏိသာရမဥ္ဇူသာ ဋီကာ-၂၊ ၃၇၁။

အာရမ္မဏပစ္စည်း ခဏတ္တယ (၃)ပါးလုံး ကျေးဇူးပြုပုံ

(၂) ဤအာရမ္မဏပစ္စည်း၌ ကာလသုံးပါး၊ ကာလဝိမုတ်၊ ပရမတ္ထတရား လေးပါးနှင့်တကွ ပညတ်၊ အလုံးစုံသောတရား ဟူသမျှတို့သည် အာရမ္မဏပစ္စည်း ရကုန်သည်သာ။ မရသော တရားဟူ၍ မရှိကောင်း။ ထို့ကြောင့် ဋီကာကျော်၌ -

န ဟိ သော ဓမ္မော အတ္ထိ၊ ယော စိတ္တစေတသိကာနံ အာရမ္မဏပစ္စယဘာဝံ န ဂစ္ဆေယျ[၁]- ဟု လာ၏။

ယော ဓမ္မော၊ အကြင် အာရုံ ၆-ပါးတရားသည်။ စိတ္တစေတသိကာနံ၊ တို့အား။ အာရမ္မဏပစ္စယဘာဝံ၊ အာရုံ၏အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော အဖြစ်သို့။ န ဂစ္ဆေယျ၊ မရောက်ရာ။ သော ဓမ္မော၊ သည်။ ဟိ-ယသ္မာ၊ ကြောင့်။ န အတ္ထိ၊ မရှိ။ တသ္မာ၊ ကြောင့်။ ယံ ယံ ဓမ္မံ အာရဗ္ဘ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တီတိ၊ ဥပ္ပဇ္ဇန္တိ ဟူ၍။ အနိယမိတဝသေန၊ အမြဲ မမှတ်သည်၏ အစွမ်းဖြင့်။ အာရမ္မဏဓမ္မာ၊ တို့ကို။ ဝုတ္တာ၊ ပါဠိတော်၌ ဟောကုန်၏။

အာရမ္မဏနှင့်ပစ္စယမှာ- **အာရမ္မဏဥ္စ တံ ပစ္စယော စာတိ အာရမ္မဏပစ္စယော၊ အာရမ္မဏံ ဟုတွာ ပစ္စယော၊ အာရမ္မဏဘာဝေန ပစ္စယောတိ အတ္ထောတိ။**[၂] (ဝိသုဒ္ဓိမဂ် အာဘော်။)

(၃) ဤအာရမ္မဏပစ္စည်း၌ အာရုံ အာရမ္မဏိက တရားတို့သည် မိမိတို့ဖြစ်ဆဲ ခဏ၌သာလျှင် ကျေးဇူးပြုသည်ဟုမှတ်။ ထိုသို့ပင် ဖြစ်ဆဲခဏ ၌သာ ကျေးဇူးပြုကြသော်လည်း အာရုံ ၆-ပါးတရားတို့သည် အာရမ္မဏိက စိတ် စေတသိက် တရားတို့အား တစ်ပေါင်းတည်း အတူတကွ ကျေးဇူးမပြု။ အသီးအသီး တစ်ပါးစီသာ ကျေးဇူးပြုသည်၏ အဖြစ်ကို ပြသည်ဟုမှတ်။ ထို့ကြောင့် ပဋ္ဌာနအဋ္ဌကထာ၌ -

၁။ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ (ဋီကာကျော်)၊ ၂၄၁။ ၂။ ဝိသုဒ္ဓိမဂ္ဂ၊ မဟာဋီကာ-၂၊ ၂၆၇။

ယံ ယံ ဓမ္မံ အာရဗ္ဘ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ, တေ တေ ဓမ္မာ တေသံ တေသံ စိတ္တစေတသိကာနံ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

ယံ ယံ ဓမ္မံ အာရဗ္ဘာတိ ဣမိနာ ယေ ဓမ္မာ တေသံ သတ္တနံ ဝိညာဏဓာတူနံ အာရမ္မဏဓမ္မာ ဝုတ္တာ, တေ တာသံ ဓာတူနံ အာရမ္မဏံ ကတွာ ဥပ္ပဇ္ဇနကက္ခဏေယေဝ အာရမ္မဏပစ္စယော ဟောန္တီတိ ဒီပေတိ။ ဧဝံ ဟောန္တာပိ စ န ကေဝလံ ဟောန္တိ, ယံ ယံ အာရဗ္ဘ ယေ ယေ ဥပ္ပဇ္ဇန္တိ, တေသံ တေသံ တေ တေ ဝိသုံ ဝိသုံ အာရမ္မဏပစ္စယော ဟောန္တီတိပိ ဒီပေတိ။[1]

ယံ ယံ ဓမ္မံ အာရဗ္ဘာတိ ဣမိနာ၊ ဖြင့်။ ယေ ဓမ္မာ၊ အကြင်တရားတို့သည်။ သတ္တနံ၊ ကုန်သော။ တေသံ ဝိညာဏဓာတူနံ၊ ထိုဝိညာဏဓာတ် တို့အား။ ပစ္စယော၊ ကုန်သည်။ ဟုတွာ၊ ကုန်၍။ အာရမ္မဏဓမ္မာ၊ တို့ကို။ ဝုတ္တာ၊ ကုန်၏။ တေ၊ ထိုပစ္စည်းတရားတို့သည်။ တာသံ ဓာတူနံ၊ တို့အား။ အာရမ္မဏံ ကတွာ၊ ၍။ ဥပ္ပဇ္ဇနကက္ခဏေယေဝ၊ ဖြစ်ဆဲခဏ၌သာလျှင်။ အာရမ္မဏပစ္စယော၊ တို့သည်။ ဟောန္တိ၊ ကုန်၏။ ဧဝံ ဟောန္တာပိ၊ ဤသို့ ဖြစ်ကုန်သော်လည်း။ ကေဝလံ၊ တစ်ပေါင်းတည်း။ န ဟောန္တိ၊ မဖြစ်ကုန်။ ယံ ယံ၊ အကြင်အကြင်သို့သော အာရုံ ဖြ-ပါးကို။ အာရဗ္ဘ၊ ၍။ ယေ ယေ၊ အကြင်အကြင်သို့သော အာရမ္မဏိက တရားတို့သည်။ ဥပ္ပဇ္ဇန္တိ၊ ကုန်၏။ တေ တေ၊ ထိုထိုသို့သော ပစ္စည်းတရား တို့သည်။ တေသံ တေသံ၊ ထိုထိုသို့သော ပစ္စယုပ္ပန်တရားတို့အား၊ ဝိ-တို့ကို။ အာရမ္မဏံ ကတွာ၊ ၍။ အာရမ္မဏပစ္စယာ၊ တို့သည်။ ဟောန္တိ၊ ကုန်၏။ ဣတိ၊ သို့။ ဒီပေတိ၊ ၏။

ယေ ဓမ္မာ၊ ၌။ ဒွိသု သဗ္ဗနာမေသု စ ပုဗ္ဗမေဝ စ ပဓာနံ၊ ကိုရှု။ နိယံ၌လည်း - **'သဗ္ဗနာမ်ပုဒ် ဆင့်၍ထုတ်၊ နောက်ပုဒ်အနက် မဲ့သတည်း'** ဆိုလေသည်။

(၄) ဥပ္ပဇ္ဇနကက္ခဏေယေဝ- ဟူသော အဋ္ဌကထာဖြင့် ဖြစ်ဆဲ

၁။ ပဋ္ဌာနပါဠိ၊ ၁၊ ၃၅၈။

ဥပါဒ်ခဏ တစ်စိတ်ကိုသာ မယူသင့်။ အညီအညွတ် ခဏတ္တယကို ယူရမည်။ ထို့ကြောင့် မူလဋီကာ၌ -

ဥပ္ပန္နက္ခဏေယေဝါတိ ဧတေန ဝတ္တမာနက္ခဏေကဒေသေန သဗ္ဗံ ဝတ္တမာနက္ခဏံ ဂယှတီတိ ဒဋ္ဌဗ္ဗံ[1]- ဟု မိန့်လေသည်။

ထိုစကားသည် မှန်၏။ ဖြစ်ဆဲဖြစ်သော ဥပ္ပါဒက္ခဏ၌သာလျှင် ရူပါရုံ အစရှိသည်တို့သည် စက္ခုဝိညာဏ် အစရှိသည်တို့အား အာရမ္မဏ ပစ္စည်း တပ်သည်မဟုတ်သေး။ အဟုတ်ဆိုသော် အလုံးစုံ ဖြစ်ဆဲဖြစ်သော ခဏတ္တယ၌ လည်း ပစ္စည်းတပ်၏ဟူပေ။

ထို့ကြောင့် မူလဋီကာ၌ -

န ဟိ ဥပ္ပန္နက္ခဏေယေဝ စက္ခုဝိညာဏာဒီနံ ရူပါဒီနိ အာရမ္မဏပစ္စယော၊ အထ ခေါ သဗ္ဗသ္မိံ ဝတ္တမာနက္ခဏေတိ။[2]

(ပိဋကတ္တအတိုင်း ယောဇနာလေ)။ အနုဋီကာ၌လည်း -

ဥပ္ပန္နက္ခဏေယေဝါတိ ဧတ္ထ ဥပ္ပါဒတော ပဋ္ဌာယ ယာဝ ဘင်္ဂါ ဥဒ္ဓံ ပန္နံ ဂမနံ ပဝတ္တနံ ဥပ္ပန္နံ၊ တဿ ခဏော၊ တသ္မိံ ဥပ္ပန္နက္ခဏေတိ ဧဝံ ဝါ အတ္ထော ဒဋ္ဌဗ္ဗော၊ ဧဝဉှိ သတိ ဥပ္ပန္နသဒ္ဒေန ဥပ္ပန္နသဒ္ဒေန ဝိယ သဗ္ဗေ ပဝတ္တမာနဘာဝါ သင်္ဂဟိတာ ဟောန္တိ၊ န ဥပ္ပါဒမတ္တံ[3]- ဟု မိန့်၏။

ပိဋကတ္တကား- ဥပ္ပန္နသဒ္ဒါဖြင့် စိတ္တယမိုက် ဥပ္ပန္နသဒ္ဒါကဲ့သို့ အလုံးစုံ ဖြစ်ဆဲသော ခဏတ္တယကို ယူ။ ဥပါဒ်ခဏမျှကိုသာ မယူအပ်ဟူလို။ ဖြစ်ဆဲသောခဏ၌ ရူပါရုံစသည်တို့သည် တစ်ပေါင်းတည်း မဖြစ်ဟု ဆို၏။

ဥပမာ- လက်ငါးချောင်းကို ထောင်ကြည့်သော် များစွာသော

၁။ ပဋ္ဌာနပကရဏ၊ မူလဋီကာ၊ ၁၈၀။ ၂။ ၎င်း။

၃။ ၎င်း၊ အနုဋီကာ၊ ၂၄၄။

လက်ချောင်းတို့သည် တစ်ပေါင်းတည်း မြင်ရလျက် အဘယ့်ကြောင့် အပေါင်း ဟု မဆိုအပ်သနည်း။ ပရမတ္ထအားဖြင့် အစိတ်မှလွတ်သော အပေါင်းတရား မည်သည် မရှိ။ အစိတ်အစိတ်သော ရူပါရုံသည်ပင် ပေါင်းစု၍ ထမ်းစင်ထမ်း သောနည်းဖြင့် စက္ခုဝိညာဏ်အား အာရမ္မဏပစ္စည်း တပ်သည်ဟုမှတ်။

ထို့ကြောင့် အနုဋီကာ၌ -

န ဟိ ပရမတ္ထတော သမုဒါယော နာမ ကောစိ အတ္ထိ၊ ဝဏ္ဏာယတနမေဝ ဟိ ယတ္ထကံ ယောဂျဒေသေ အဝဋ္ဌိတံ, သတိ ပစ္စယန္တရသမာယောဂေ တတ္တကံ ယထာဝုတ္တေန ဉာယေန စက္ခုဝိညာဏဿ အာရမ္မဏပစ္စယော ဟောတိ[၁]- ဟု မိန့်၏။

ဟိ- သစ္စံ၊ ၏။ ပရမတ္ထတော၊ အားဖြင့်။ ကောစိ၊ သော။ သမုဒါယော နာမ၊ အပေါင်း မည်သည်။ န အတ္ထိ၊ မရှိ။ ဟိ- ယသ္မာ၊ ကြောင့်။ ယတ္တကံ၊ အကြင်မျှလောက်သော။ ဝဏ္ဏာယတနမေဝ၊ ရူပါရုံသည်သာလျှင်။ ယောဂျဒေသေ၊ စက္ခုဝိညာဏ်အား ထင်ခြင်းငှာ သင့်မြတ်သောအရပ်၌။ အဝဋ္ဌိတံ၊ တည်၏။

ပစ္စယန္တရသမာယောဂေ၊ အကြောင်းထူးနှင့်ယှဉ်သည်။ သတိ၊ ရှိသော်။ တတ္တကံ၊ ထိုမျှလောက်သော ရူပါရုံသည်။ ယထာဝုတ္တေန၊ သော။ ဉာယေန၊ ထမ်းစင်ထမ်းသောနည်းဖြင့်။ စက္ခုဝိညာဏဿ၊ အား။ အာရမ္မဏပစ္စယော၊ သည်။ ဟောတိ၊ ၏။ ဣတိ တသ္မာ၊ ကြောင့်။ သမုဒါယော နာမ၊ သည်။ န အတ္ထိ၊ မရှိ။

ဝိထိချ၍ အာရမ္မဏပစ္စည်းတပ်ပုံ

(၅) အာရမ္မဏပစ္စည်းတပ်ပုံ အမြွက်ကို ပြဆိုပေအံ့။ ပစ္စုပ္ပန်

၁။ ဓမ္မသင်္ဂဏီ၊ အနုဋီကာ၊ ၇၅။

ရူပါရုံကို အာရုံပြု၍ စက္ခုဒွါရ အတိမဟန္တာရုံဝီထိ ဖြစ်ဟန်ကား -

ဘဝင်၊ ဘဝင်၊ အတီတဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုန်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ကာမဇော ခုနစ်ကြိမ်၊ တဒါရုံ နှစ်ကြိမ်၊ ဘဝင်၊ ဘဝင် ဖြစ်၍ချုပ်၏။

အတီတဘဝင်နှင့်အတူ ဥပါဒ်ပြိုင်သော ပစ္စုပ္ပန်ရူပါရုံသည် အာရမ္မဏပစ္စည်း။ ပဉ္စဒွါရာဝဇ္ဇန်း အစ ဒုတိယတဒါရုံ အဆုံးရှိသော တစ်ဆယ့်လေးပါးသော ဝီထိစိတ္တုပ္ပါဒ်တို့သည် အာရမ္မဏပစ္စည်း၏ ပစ္စယုပ္ပန်။ ၄င်းဝီထိစိတ္တုပ္ပါဒ်တို့သည် ယထာရဟ ဖြစ်စေအပ်သော စိတ္တဇရုပ်၊ (လ)၊ ပဝတ္တိကမ္မဇရုပ်တို့သည် အာရမ္မဏပစ္စည်း၏ ပစ္စနိက်။

ကံ ကမ္မနိမိတ် ဂတိနိမိတ် သုံးပါးတို့တွင် တစ်ပါးပါးသည် ပစ္စည်း။ ရှေ့ဘဝင်၊ နောက်ဘဝင်တို့သည် ပစ္စယုပ္ပန်။ ဤနည်းကိုမှီ၍ ပဉ္စဒွါရဝီထိ၊ ကာလသုံးပါး, ကာလဝိမုတ် အာရုံ၊ မနောဒွါရဝီထိ၊ ရှိရှိသမျှအာရုံ ပစ္စည်း။ အာရမ္မဏိက ပစ္စယုပ္ပန်။ အာရမ္မဏိကသည် ဖြစ်စေသောရုပ် ပစ္စနိက် ထုတ်။

ရာသီစုဋ္ဌ အကျယ်ပြပြီးရှိ၍ နည်းရရုံသာ ပြဆိုပေအံ့။ ပညတ်ဓမ္မာရုံ ကမ္မနိမိတ်ကို အာရုံပြု၍ မဟဂ္ဂုတ်ဈာနဝီထိ ဖြစ်ဟန်ကား-

ဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ၊ (အာဒိကမ္မိက ဖြစ်အံ့)- ဈာန် တစ်ကြိမ်၊ (သမာပဇ္ဇန ဖြစ်အံ့)- ဈာန် ဈာန်ဟု အကြိမ်များစွာ၊ ဘဝင်၊ ဘဝင် ဖြစ်၍ချုပ်၏။

၂၅-ပါးသော ပညတ်၊ ၁၄-ပါး, ၁၂-ပါး ကောင်းကင်ပညတ်၊ နတ္ထိဘောပညတ် ဟုဆိုအပ်သော ဓမ္မာရုံ ကမ္မနိမိတ်သည် ပစ္စည်း။ မနောဒွါရာဝဇ္ဇန်းအစ ဈာန်အဆုံး ရှိသော ဝီထိစိတ္တုပ္ပါဒ်တို့သည် ပစ္စယုပ္ပန်။ ၄င်းဝီထိစိတ္တုပ္ပါဒ်တို့သည် ယထာရဟ ဖြစ်စေအပ်သော စိတ္တဇရုပ်၊ (လ)၊

ပဝတ္တိကမ္မဇရုပ် ပစ္စနိက်။

မဂ္ဂဝီထိ၌ သောတာပတ္တိမဂ်၏ရှေ့ ဂေါတြဘူ၊ အထက်မဂ်သုံးခု၏ ရှေ့ ဝေါဒါန် ချလေ။

ပစ္စည်းတပ်ဟန်ကား- ဝေဒနာမ္မကသင်္ခါရတို့တွင် တစ်ပါးပါးသော အာရုံသည် ပစ္စည်း။ မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ စိတ္တုပ္ပါဒ်တို့သည် ပစ္စယုပ္ပန်။

နိဗ္ဗာန် ဟုဆိုအပ်သော ဓမ္မာရုံ ပစ္စည်း။ ဂေါတြဘူ၊ ဝေါဒါန်၊ မဂ် ဖိုလ်တို့သည် ပစ္စယုပ္ပန်။ ၄င်းစိတ္တုပ္ပါဒ်တို့သည် ယထာရဟ ဖြစ်စေအပ်သော စိတ္တဇရုပ်၊ (လ)၊ ပဝတ္တိကမ္မဇရုပ် ပစ္စနိက်။ ဖလသမာပတ္တိဝီထိလည်း တပ်လေ မခဲယဉ်းပြီ။

ဘဝဟောင်း၊ ဘဝသစ် ရော၍ မရဏာသန္နဝီထိ၊ ပဉ္စဒွါရ၊ မနောဒွါရ ဖြစ်ဟန်ကား-

ဘဝင်၊ အတီတဘဝင် (လ) မရဏာသန္နဇော ငါးကြိမ်၊ တဒါရုံ နှစ်ကြိမ်၊ စုတိ (ဘဝဟောင်း)၊ ပဋိသန္ဓေ၊ ဘဝင် ၁၅-၁၆၊ မနောဒွါရာဝဇ္ဇန်း၊ ဘဝနိကန္တိက လောဘဇော ခုနစ်ကြိမ်၊ ဘဝင်၊ ဘဝင် ဖြစ်၍ချုပ်၏။

ပစ္စုပ္ပန် ပဉ္စာရုံ ကမ္မနိမိတ်သည် ပစ္စည်း။ ပဉ္စဒွါရာဝဇ္ဇန်းအစ တဒါရုံ စိတ္တုပ္ပါဒ်တို့သည် ပစ္စယုပ္ပန်။ ကံ ကမ္မနိမိတ် ဂတိနိမိတ် သုံးပါးတို့တွင် တစ်ပါးပါးသော အာရုံသည် ပစ္စည်း။ ရှေ့ဘဝင်၊ စုတိ စိတ္တုပ္ပါဒ်တို့သည် ပစ္စယုပ္ပန်။ (ဤကား ဘဝဟောင်း ပစ္စည်းတပ်ပုံ။)

အတီတာနန္တရ ဘဝကစ၍ စက္ခုဒွါရဖြင့် မရဏာသန္နဇောသည် ယူအပ်သော ပစ္စုပ္ပန် ရူပါရုံ ကမ္မနိမိတ်သည် ပစ္စည်း။ ပဋိသန္ဓေ စိတ္တုပ္ပါဒ်သည် ပစ္စယုပ္ပန်။ အတူတကွဖြစ်သော ပဋိသန္ဓေ ကမ္မဇရုပ် ပစ္စနိက်။

အတီတာနန္တရဘာဝက စက္ခုဒွါရဖြင့် မရဏာသန္နဇောသည် ယူအပ်ပြီးသော အတိတ် ရူပါရုံ ကမ္မနိမိတ် ပစ္စည်း။ ဘဝင် ၁၅-၁၆၊ လောဘဇောနှောင် ဘဝင်တို့သည် ပစ္စယုပ္ပန်။

ဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ် ဟုဆိုအပ်သော ဘဝသစ်သည်၊ ဝါ-ပဋိသန္ဓေစိတ် ဧကူနဝီသသည် ပစ္စည်း။ မနောဒွါရာဝဇ္ဇန်း၊ ဘဝနိကန္တိက လောဘဇော ခုနစ်ကြိမ်တို့သည် ပစ္စယုပ္ပန်။ ၄င်းတို့သည် ယထာရဟ ဖြစ်စေအပ်သော စိတ္တဇရုပ် (လ) ပဝတ္တိ ကမ္မဇရုပ် ပစ္စနိက်။ (ဤကား- ဘဝသစ်ပစ္စည်းတပ်ပုံ။)

ပဋိသန္ဓေဝီထိ၊ ပဝတ္တိဝီထိ၊ ရှိရှိသမျှအာရုံ ပစ္စည်း။ အာရမ္မဏိက ပစ္စယုပ္ပန်။ ရုပ် ပစ္စနိက် ထုတ်လေ။

ဤကား ပစ္စယုဒ္ဒေသ ပြောဆိုသင်ပြရန်၊ ယခုဆိုလတ္တံ့သည်ကား ပစ္စယနိဒ္ဒေသနှင့် ၂-ပါးစုံ ပြောရန်ပေတည်း။

တစ်နည်း- ပကိဏ်းပိုင်း အာရမ္မဏသင်္ဂဟလာသော- ဒသ၊ တိဏ်၊ ဒွါဒသ၊ ဝီသ၊ ပဥ္စ၊ သဗ္ဗတ္ထ ဆ၊ မဟဂ္ဂတ ဆ၊ ဧကဝီသ၊ အဋ္ဌ အစဥ်အတိုင်း၊ ပစ္စုပ္ပန် ရူပါရုံ ပစ္စည်း။ စက္ခုဝိညာဏ်ဒွေး ပစ္စယုပ္ပန်။ (လ) ဖောဋ္ဌဗ္ဗာရုံ ပစ္စည်း။ ကာယဝိညာဏ်ဒွေး ပစ္စယုပ္ပန်။ ပဥ္စာရုံ ပစ္စည်း။ မနောဓာတ် သုံးခု ပစ္စယုပ္ပန်။ ဤနည်းကိုမှီ၍ ဆရာလုပ်သူက ခွဲပြလေ။ နိဗ္ဗာန်ဓမ္မာရုံ ပစ္စည်း။ လောကုတ္တရာစိတ် ရှစ်ခု အာရမ္မဏပစ္စည်း၏ ပစ္စယုပ္ပန်။ ရုပ် ပစ္စနိက် ထုတ်လေ။ မခဲယဉ်းပြီ။

လောကုတ္တရာတရားတို့ ကျေးဇူးမပြုသောတရား

(၆) လောကုတ္တရာတရား ကိုးပါးသည် အဘယ်ကြောင့် အကုသိုလ် ဒွါဒသ၊ ဉာဏဝိပ္ပယုတ်ဇော အဋ္ဌ။ ဤ (၂၀)သောစိတ်အား ပစ္စည်းမတပ် သနည်း။ ဤ(၂၀)သောစိတ်တို့သည် ဇဥ္စာဘာဝ

မိုက်မဲတွေဝေသည်၊ လောကုတ္တရာတရား ကိုးပါးတို့သည် မဟာတေဇဝန္တ ကြီးသောတန်ခိုး ရှိသောကြောင့် ပစ္စည်းမတပ် ဟူပေ။

ဥပမာ- တစ်နေ့လုံးလုံး တောက်လောင်ညီးညီး ကြီးစွာသော မီးကျီးစု၌ အခိုးအလျှံထသောကြောင့် ယင်စသောသတ္တဝါတို့၏ ရပ်နားအံ့သော အခွင့်မရသကဲ့သို့၊ ဤအတူ မီးကျီးမီးလျှံတံထွာ ကိုးဖြာသော လောကုတ္တရာတရား တို့သည် မဟာတေဇဝန္တ ဖြစ်သောကြောင့် ယင်စသောသတ္တဝါနှင့်တူသော အကြင်အကြင်ဆိုခဲ့ပြီးသော (၂၀)သော စိတ်တို့၏ အာရုံပြုအံ့သော အခွင့်မရဟု သန္နိဋ္ဌာန်ကျမှတ်လေ။ ထို့ကြောင့် မဏိသာရမဉ္ဇူ၌ -

ယထာ ဟိ ဒိဝသသန္တတ္တော မဟာအဂ္ဂိက္ခန္ဓော တေဇဝန္တတာယ မက္ခိကာအာဒီနံ နိလီယနောကာသော န ဟောတိ၊ ဧဝမေဝ လောကုတ္တရာဓမ္မာ မဟာတေဇဝန္တတာယ ယထာဝုတ္တစိတ္တာနံ ပဝတ္တောကာသော န ဟောတီတိ ဒဋ္ဌဗ္ဗံ[1]- ဟု မိန့်၏။

မက္ခိကာအာဒီနံ၊ ယင်စသော သတ္တဝါတို့၏။ နိလီယနောကာသော၊ ရပ်နားအံ့သော အခွင့်သည်။ န ဟောတိ ယထာ၊ ကဲ့သို့။ ဧဝမေဝ၊ ဤပုံစံ အတူသာလျှင်။ (ယောဇနာလေ။)

(၇) အရဟတ္တမဂ်၊ အရဟတ္တဖိုလ်သည် အဘယ်ကြောင့် ကုသိုလ် ဉာဏသမ္ပယုတ် လေးခု၊ ကုသိုလ် အဘိညာဉ်အား အာရမ္မဏပစ္စည်း မတပ်သနည်း။ ထိုငါးပါးသော စိတ်တို့သည် သေက္ခ၊ ပုထုဇ္ဇနတို့၏ သန္တာန်၌ သာလျှင် ဖြစ်သောကြောင့် မတပ်ဟူပေ။ ထို့ကြောင့် မဏိသာရမဉ္ဇူ၌ -

တာနိ ပဉ္စ စိတ္တာနိ သေက္ခပုထုဇ္ဇနသန္တာနေယေဝ ပဝတ္တနတော[2]- ဟု မိန့်သည်။

၁။ မဏိသာရမဉ္ဇူသာ ဋီကာ။ ၂။ ၄၄း။

နိဗ္ဗာန်သည် ကာမကုသိုလ် ဉာဏသမ္ပယုတ်အား ပစ္စည်းတပ်ရာ၌ အခါခပ်သိမ်း မတပ်နိုင်။ ဂေါတြဘူ၊ ဝေါဒါန်ကိစ္စတပ်သော ကာမကုသိုလ် အားသာတပ်သည်။

နိဗ္ဗာန်ကို အာရုံပြု၍ ကာမကုသိုလ်ဇောဝီထိ၌ သေက္ခပုဂ္ဂိုလ်တို့သည် မဂ်ရပြီးမှ ဆင်ခြင်သည်ဟုမှတ်။ **သေက္ခာ ဖလံ ပစ္စဝေက္ခန္တိ၊ နိဗ္ဗာနံ ပစ္စဝေက္ခန္တိ၊ နိဗ္ဗာနံ ဂေါတြဘုဿ ဝေါဒါနဿ**[၁]- ပဋ္ဌာဝါရ ပါဠိတော်ကို ထောက်လေ။

အမိပ္ပာယ်ထင်ရှားအောင် ပြဦးအံ့။ သောတာပတ္တိမဂ်, ဖိုလ်, နိဗ္ဗာန် ပစ္စည်း။ သောတာပတ္တိမဂ် ပုဂ္ဂိုလ်သန္တာန်၌ ဖြစ်သော ဉာဏသမ္ပယုတ် လေးခု ပစ္စယုပ္ပန်။ အောက်မဂ် နှစ်ခု, အောက်ဖိုလ် နှစ်ခု, နိဗ္ဗာန် ပစ္စည်း၊ သကဒါဂါမိ မဂ် ပုဂ္ဂိုလ်သန္တာန်၌ရှိသော ဉာဏသမ္ပယုတ် လေးခု ပစ္စယုပ္ပန်။ အောက်မဂ် သုံး, အောက်ဖိုလ် သုံး, နိဗ္ဗာန် ပစ္စည်း။ အနာဂါမိမဂ် ပုဂ္ဂိုလ်သန္တာန်၌ ရှိသော ဉာဏသမ္ပယုတ် လေးခု ပစ္စယုပ္ပန်။ မဂ် လေး, ဖိုလ် လေး, နိဗ္ဗာန် ပစ္စည်း။ အရဟတ္တမဂ် ပုဂ္ဂိုလ်သန္တာန်၌ရှိသော ကိရိယာဉာဏသမ္ပယုတ် လေးခု ပစ္စယုပ္ပန်။ ဤသို့ စသည်ဖြင့်တပ်လေ။ လောကုတ္တရာသည် ပုထုဇဉ်သန္တာန်၌ ရှိသော ကုသိုလ်အား ပစ္စည်းမတပ်ဟုမှတ်။ သို့သော်လည်း ပုထုဇဉ် ပုဂ္ဂိုလ်တို့သည် အနုမာနဉာဏ်ဖြင့် နိဗ္ဗာန်ကို အာရုံပြုနိုင်ကြောင်း ဆရာ့ဆရာတို့သည် ဆိုကြလေသည်။

'ဥပ္ပဇ္ဇန္တိ' ကြိယာသည် ကာလသုံးပါးဟောပုံ

(၈) 'ယံ ယံ ဓမ္မံ အာရဗ္ဘ၊ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ' အစရှိသော ပစ္စယနိဒ္ဒေသ၌ ဥပ္ပဇ္ဇန္တိ-ကြိယာသည် ပစ္စုပ္ပန်ကိုဟော၏။ အန္တိ-ဝိဘတ်နှင့်

၁။ ပဋ္ဌာန၊ ပါဠိ-၁၊ ၁၃၅။

ပြသော်လည်း ကာလသုံးပါးကို သိမ်းကြုံး၍ ယူရမည်။

ဥပမာကား- မြစ်ရေတို့သည် စီးကုန်ဆဲ၊ တောင်တို့သည် တည်ကုန်ဆဲ ဟုဆိုသော်လည်း စီးပြီး၊ စီးဆဲ၊ စီးလတ္တံ့ဟု ကာလသုံးပါးကို ရသောကြောင့်တည်း။ ထို့ကြောင့် ပဋ္ဌာနအဋ္ဌကထာ၌-

ဥပ္ပန္နေတိ ဣဒံ ယထာ နဒီ သန္ဒတိ, ပဗ္ဗတာ တိဋ္ဌန္တီတိ သဗ္ဗကာလသင်္ဂဟဝသေန, ဧဝံ ဝုတ္တန္တိ ဝေဒိတဗ္ဗံ[၁]- ဟု မိန့်၏။

ထို့ကြောင့် သုံးချက်စု၌ ပစ္စုပ္ပန် အတိတ် အနာဂတ်ဖြစ်သော စိတ် ၈၉၊ စေတသိက် ၅၂၊ ရုပ် ၂၈၊ ကာလဝိမုတ်၊ နိဗ္ဗာန်၊ ပညတ် ပစ္စည်း ကောက်လေသည်။

'ယေ ယေ ဓမ္မာ'ဟု ဝိစ္ဆာနှင့်ဟောတော်မူရခြင်း

(၉) ပစ္စယနိဒ္ဒေသ၌ 'ယံ ယံ ဓမ္မံ၊ ယေ ယေ ဓမ္မာ'ဟု အဘယ့်ကြောင့် ဝိစ္ဆာနှင့်ထပ်၍ ဟောတော်မူသနည်း။ များစွာသော အာရုံ ၆-ပါးတရားတို့သည် များစွာသော စိတ် စေတသိက် အာရမ္မဏိကတရားတို့အား ကျေးဇူးပြုကြသောကြောင့် ဝိစ္ဆာနှင့်ထပ်၍ ဟောတော်မူသည်။

သို့ဖြစ်က ပစ္စည်းတရားမှာ ဒုတိယာဧကဝုစ်ဖြင့်၊ ပစ္စယုပ္ပန်တရားမှာ ပထမာဗဟုဝုစ်ဖြင့် ဟောတော်မူသနည်း။ အညို၊ အရွှေ၊ အဖြူ၊ အနီစသော ရူပါရုံတို့သည် တကွဖြစ်၍ စက္ခုဝိညာဏ်ဖြင့် မြင်သည်ဟု ထင်ရသော်လည်း တစ်ခုတစ်ခုစီသာ မြင်ရ၍ ရူပါရုံစသော အာရုံသည် တစ်ပေါင်းတည်း မဟုတ်သောကြောင့် 'ယံ ယံ'ဟု ဧကဝုစ်ဖြင့်၊ အာရမ္မဏိကတရားတို့သည်ကား စက္ခုဝိညာဏ်ဒွေး, သမ္ပဋိစ္ဆနဒွေး၊ သဗ္ဗစိတ္တသာဓာရဏ စေတသိက် ခုနစ်ခု အစရှိသဖြင့် များသောတရား ဖြစ်သောကြောင့် 'ယေ ယေ ဓမ္မာ'ဟု ပစ္စယုပ္ပန်ကို ဗဟုဝုစ်ဖြင့် ဟောတော်မူသည်။

၁။ ပဋ္ဌာနဋ္ဌကထာ၊ ၄၊ ၃၅၈။

ကြွင်းသော အာရုံကိုလည်း သိလေ။ ထို့ကြောင့် မူလဋီကာ၌ -

ဗ္ဗေ စ ယံ ယံ ဓမ္မံ အာရဗ္ဘာတိ ကေဝစနန္တိဒွေသံ ကတ္တာ ပုန တေ တေ ဓမ္မာတိ ဗဟုဝစနန္တိဒွေသော ယံ ယန္တိ ဝုတ္တာသ အာရမ္မဏဓမ္မသ အနေကဘာဝေါပိ အတ္ထီတိ ဒဿနတ္ထော၊ စတ္တာရော ဟိ ခန္ဓာ သဟော၀ အာရမ္မဏပစ္စယာ ဟောန္တိ၊ တေ သဗ္ဗေပိ အာရဗ္ဘ ဥပ္ပဇ္ဇမာနမ္ပိ တေသု ကေကံ အာရဗ္ဘ ဥပ္ပဇ္ဇမာနံ န န ဟောတီ။[၁] အစရှိသည်ဖြင့် လာ၏။

(၁၀) '**၂၄-သွယ်၊ ပစ္စည်းဝယ်၊ အဘာယ်ပစ္စည်း၊ ကျယ်သနည်း**' ဟူသော အမေး၌ '**၂၄-သွယ်၊ ပစ္စည်းဝယ်၊ ပကတူပပစ္စည်း၊ ကျယ်သတည်း**' ဟု ဖြေဆိုကြ၏။ သင့်မည် မထင်ပေ။ '**၂၄-သွယ်၊ ပစ္စည်းဝယ်၊ အာရမ္မဏပစ္စည်း၊ ကျယ်သတည်း**' ဟု ဖြေဆိုမှ သင့်လျော်သည်။

အဘာယ့်ကြောင့်နည်း။ ပကတူပသည် စိတ် စေတသိက် ရုပ်နှင့် ပညတ်တရားများသာ ပစ္စည်းထိုက်သည်။ အာရမ္မဏသည် ပကတူပထက် အချို့ပညတ်နှင့် နိဗ္ဗာန်တရား ပိုလွန်သောကြောင့်တည်း။

သဗ္ဗေ ဓမ္မာတိ တေဘူမိ စ ရူပါယတနာဒီနိ ပဉ္စ အဝသေသာ စ သဗ္ဗေပိ ဉေယျဓမ္မာ[၂]-

ဟု အဋ္ဌကထာ လာသည်။ အလုံးစုံသော ဉေယျဓံတရား ငါးပါးသည် အာရမ္မဏပစ္စည်း ဖြစ်လေသည်။

ပစ္စယုပ္ပန်, ပစ္စနိက်သည် ဆဝါရ၊ ပစ္စည်းသည် ပဉ္စဝါရ

(၁၁) ဆဝါရ နှစ်ချက်စုကို ကျက်မှတ်စေပြီးလျှင် သုံးချက်စုဆိုနေရင်းပင် ပစ္စည်းတွန်းစေရမည်။

ပစ္စယုပ္ပန်နှင့် ပစ္စနိက်ကို ဆဝါရ နှစ်ချက်စုခေါ်သည်။ မိမိပစ္စည်း

၁။ ပဋ္ဌာနပကရဏ၊ မူလဋီကာ၊ ၁၈၀။
၂။ ၄၆း၊ ၄၊ ၃၅၈။

သည် ပစ္စည်းယူလေ။ ကျန် (၂၃)ပါးသော ပစ္စည်းသည်၊ ဝါ-အမျိုးမတူ၊ ဇာတ်မတူသော ပစ္စည်းများသည် မိမိ၏ ပစ္စနိက် ဖြစ်သည်။ ဤကား ပဉ္စာဝါရ နှစ်ချက်စု။

ပစ္စည်းသည် ပဉ္စာဝါရအတွက်။

ပစ္စယုပ္ပန်နှင့် ပစ္စနိက်သည် ဆဝါရအတွက်။

ဝါရခုနစ်ပါးကိုပေါင်းသော် သုံးချက်စုဖြစ်လေတော့သည်။ နှလုံးထား၍ မှတ်သားတော်မူကြကုန်။ (ဒုဗ္ဗိဇာနမိဒံ ဌာနံ)

ပစ္စယနယ(၄)ပါး ပစ္စည်းတွန်းနည်း

(၁၂) (က) ဟေတုပစ္စယာ အာရမ္မဏေ၊ ပစ္စည်း အနုလုံပါဠိတော်။

(ခ) န ဟေတုပစ္စယာ နာရမ္မဏေ၊ ပစ္စည်း ပစ္စနိက်။

(ဂ) ဟေတုပစ္စယာ နာရမ္မဏေ၊ ပစ္စည်း အနုလောမ ပစ္စနိက်။

(ဃ) န ဟေတုပစ္စယာ အာရမ္မဏေ၊ ပစ္စည်း ပစ္စနိယာနုလောမ။

ထိုပါဠိတော်၌ ပစ္စည်းတွန်းကား- ဟေတုက ပစ္စယုပ္ပန်၊ အာရမ္မဏက ပစ္စယုပ္ပန်၊ နှစ်ပါး ညီမျှသောတရားကို အနုလုံ ဟုခေါ်သည်။ ဟေတုက ပစ္စနိက်၊ အာရမ္မဏက ပစ္စနိက်၊ ညီမျှသောတရားကို ပစ္စနိက်။ ဟေတုက ပစ္စယုပ္ပန်၊ အာရမ္မဏက ပစ္စနိက်၊ ညီမျှသောတရားကို အနုလောမ ပစ္စနိက်။ ဟေတုက ပစ္စနိက်၊ အာရမ္မဏက ပစ္စယုပ္ပန်၊ ညီမျှသောတရားကို ပစ္စနိယာနုလောမ ဟု ဤမျှသာ ဟောတော်မူသည်။

ဗုဒ္ဓမိတ္တညှု အဋ္ဌကထာဆရာနှင့် အကောက်ဟောပုံကား- ထိုပါဠိတော် သင်္ချာရင်း လေးခုတို့တွင် တစ်ခုတစ်ခုကို မူတည်၊ ပထမ

ချက်၊ ဒုတိယချက် စသည်သိလိုက မူကို န-မြစ်လျှင် ပထမချက်၊ မူလီကို န-မြစ်လျှင် ဒုတိယချက်၊ မူ-မူလီ နှစ်ပါးစုံကို န-မြစ်လျှင် တတိယချက်၊ မူရင်းပါဠိတော် အတိုင်း စတုတ္ထချက် ပြု၍ ၄-ခု၊ ၄-လီ (၁၆)ချက် လှည့်၍ တွန်းလေသည်။

ပစ္စည်းတွန်း ဆိုရိုး သာမညကား- မူလီသာဖြစ်၍ မူမဖြစ်၊ မူသာဖြစ်၍ မူလီမဖြစ်၊ မူ-မူလီ ၂-ပါး မဖြစ်၊ မူ-မူလီ ၂-ပါးဖြစ်။ ဤကား အမြဲမှတ်ရန် ဥပဒေသပေတည်း။

(၁၃) ပစ္စည်းတွန်းပုံကို နည်းရရုံမျှ ပြဆိုဦးအံ့။

ဟေတုမူ အာရမ္မဏမူလီ အနုလုံပါဠိတော်၌ မူကို န-မြစ်လျှင် ပထမချက်၊ န ဟေတုပစ္စယာ အာရမ္မဏေ။ ဟေတုက ပစ္စနိက်၊ အာရမ္မဏက ပစ္စယုပ္ပန်။ အရကား- မောဟမူဒွေး၌ မောဟ၊ အဟိတ် ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး။ ဤတရားတို့သည် အာရမ္မဏပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မသာဖြစ်၍၊ ဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်သောကြောင့် ဟေတုပစ္စည်း တွန်း၍ စဉ်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနိယာနုလောမ၌ 'န ဟေတုပစ္စယာ အာရမ္မဏေ ဒွေ'ဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။ ဒွေ- ဟူသော်ကား 'အကုသလေန အကုသလံ၊ အဗျာကတေန အဗျာကတံ' ဟူသည်တည်း။

မူလီကို န-မြစ်လျှင် ဒုတိယချက်၊ ဟေတုပစ္စယာ နာရမ္မဏေ။ ဟေတုက ပစ္စယုပ္ပန်၊ အာရမ္မဏက ပစ္စနိက်။ အရကား- သဟိတ် စိတ္တဇရုပ်၊ အဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်။ ဤတရားတို့သည် ဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မသာဖြစ်၍၊ အာရမ္မဏပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်သောကြောင့် အာရမ္မဏပစ္စည်း တွန်း၍ စဉ်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလောမပစ္စနိက်၌ 'ဟေတုပစ္စယာ နာရမ္မဏေ ပဉ္စ'ဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။ ပဉ္စ (လ) ဟူသည်တည်း။

မူ-မူလီနှစ်ပါးကို နှ-မြစ်လျှင် တတိယချက်၊ န ဟေတုပစ္စယာ နာရမ္မဏေ။ ဟေတုက ပစ္စနိက်၊ အာရမ္မဏက ပစ္စနိက်။ အရကား- အဟိတ်စိတ္တဇရုပ် (လ) ပဝတ္တိကမ္မဇရုပ်။ ဤတရားတို့သည် ဟေတုပစ္စည်း၊ အာရမ္မဏပစ္စည်း နှစ်ပါးတို့၏ ပစ္စယုပ္ပန္နမဓမ္မ မဖြစ်သောတရား မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနိက်၌ 'န ဟေတုပစ္စယာ နာရမ္မဏေ ဧကံ'ဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။ ဧကံ- ဟူသောကား 'အဗျာကတေန အဗျာကတံ' ဟူသည်တည်း။

မူရင်း ပါဠိတော်အတိုင်း စတုတ္ထချက်၊ ဟေတုပစ္စယာ အာရမ္မဏေ။ ဟေတုက ပစ္စယုပ္ပန်၊ အာရမ္မဏက ပစ္စယုပ္ပန်။ အရကား- သဟိတ်စိတ် စေတသိကတို့၊ မောဟမူဒွေး၌ မောဟကြဉ်သော သဟိတ် ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး။ ဤတရားတို့သည် ဟေတုပစ္စည်း၊ အာရမ္မဏပစ္စည်း နှစ်ပါးတို့၏ ပစ္စယုပ္ပန္နဓမ္မ ဖြစ်သောတရား မည်ကုန်၏။ ထို့ကြောင့် ထိုတရား တို့ကို ဤအနုလုံပါဠိတော်၌ နယသို့ လိုက်၍လည်းကောင်း၊ ဝါရသို့ လိုက်၍ လည်းကောင်း၊ တိက်ပုဒ်၏အရသို့ လိုက်၍လည်းကောင်း၊ ကံ ကတ္တားနေဟန် သို့ လိုက်၍လည်းကောင်း၊ 'ဟေတုပစ္စယာ အာရမ္မဏေ တီဏိ' ဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။ တီဏိ- ဟူသောကား 'ကုသလေန ကုသလံ၊ အကုသလေန အကုသလံ၊ အဗျာကတေန အဗျာကတံ' ဟူသည်တည်း။

ဤအနုလုံမှု ဆိုရိုးကို ကြေကြေဆိုလျှင် ကျန်သုံးပါးကိုလည်း သိလောက်ပြီ။ အကောက် ဆိုရိုးအတိုင်း မဟုတ်သော်လည်း တရားပေါ်လွင် ထင်ရှားအောင် ဆိုရိုး ရေးလိုက်ပေသည်။ (ဆရာကြီး ဦးအုန်း၏နည်း။)

ဤဆဝါရ ပစ္စည်းတွန်း၌ ဧကံ၊ ဒွေ၊ တီဏိ၊ ပဉ္စ၊ သတ္တ၊ နဝ သင်္ချာတို့သာ ရှိသည်။ သို့ဖြစ်၍ အကြမ်းမှတ်သားရန် -

အဗျာကတတရားရလျှင် ဇကံ၊

အကုသိုလ်နှင့် အဟိတ်တရားရလျှင် ဒွေ၊

စိတ်, စေတသိက် ရလျှင် တီဏိ၊

သဟိတ် စိတ္တဇရုပ် ရလျှင် ပဉ္စ၊

ပုရေဇာတ ပစ္စနိက်တရား ရလျှင် သတ္တ၊

စိတ်, စေတသိက်, သဟိတ်စိတ္တဇရုပ် ရလျှင် နဝ ဟု မှတ်ထားနှင့်ဦး။ ပါဠိတော်ရောက်လျှင် သင်္ချာ အလိုလို မြင်ပေလိမ့်မည်။

(၁၄)(က) အနုလုံမှ ဖြစ်အံ့- ပစ္စနိယာနုလောမ ပထမချက်၊ အနုလောမ ပစ္စနိက်၊ ပစ္စနိက်၊ အနုလုံ၊ အစဉ်အတိုင်း။

(ခ) ပစ္စနိက်မှ ဖြစ်အံ့- အနုလောမ ပစ္စနိက်၊ ပစ္စနိယာနုလောမ၊ အနုလုံ၊ ပစ္စနိက်။

(ဂ) အနုလောမပစ္စနိက်မှ ဖြစ်အံ့- ပစ္စနိက်၊ အနုလုံ၊ ပစ္စနိယာနုလောမ။ အနုလောမ ပစ္စနိက်။

(ဃ) ပစ္စနိယာနုလောမမှ ဖြစ်အံ့- အနုလုံ၊ ပစ္စနိက်၊ အနုလောမ ပစ္စနိက်၊ ပစ္စနိယာနုလောမ။ ဤအစဉ်အတိုင်း ပထမချက် စဉ်၍မှတ်။

(င) သောတဇနေတို့အကျိုးငှာ ပစ္စနိက်စသည် ဆိုရိုးကို ပြပေအံ့။ နာရမ္မဏပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ သာဖြစ်၍၊ နဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်။ နဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ သာဖြစ်၍၊ နာရမ္မဏပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်။ နဟေတုပစ္စည်း၊ နာရမ္မဏပစ္စည်း နှစ်ပါးတို့၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်။ နဟေတုပစ္စည်း၊ နာရမ္မဏပစ္စည်း နှစ်ပါးတို့၏ ပစ္စယုပ္ပန္နဓမ္မ ဖြစ်၏။ (ဒွိပဋ္ဌသဓော ပကတျတ္တော- ကို သတိပြုလေ။ န- န ချင်းချေ၍ ပကတိအနက် ထွက်သည်ဟုမှတ်။)

(စ) အနန္တရူပစ္စနိကျွန်ဒ္ဓ နာရမ္မဏပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ သာဖြစ်၍၊ ဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်။ ဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ သာဖြစ်၍၊ နာရမ္မဏပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်။ ဟေတု၊ နာရမ္မဏပစ္စည်း နှစ်ပါးတို့၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်။ ဟေတု၊ နာရမ္မဏပစ္စည်း နှစ်ပါးတို့၏ ပစ္စယုပ္ပန္နဓမ္မ ဖြစ်၏။

(ဆ) ပစ္စနီယာနုလောမဒ္ဓ အာရမ္မဏပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ သာဖြစ်၍၊ နဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်။ နဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မသာ ဖြစ်၍၊ အာရမ္မဏပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်။ နဟေတု၊ အာရမ္မဏပစ္စည်း နှစ်ပါးတို့၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်။ နဟေတု အာရမ္မဏပစ္စည်း နှစ်ပါးတို့၏ ပစ္စယုပ္ပန္နဓမ္မ ဖြစ်၏၊ ဤကား ဆိုရိုး စကားပေတည်း။

(ဇ) မူတည်သော ပါဠိသချာသို့ရောက်လျှင် ဤပစ္စနိကျွန်ဒ္ဓ နယ-သို့ လိုက်၍လည်းကောင်း စသည်ဆိုပါ။ ဤအနုလောမပစ္စနိကျွန်ဒ္ဓ နယ-သို့ လိုက်၍လည်းကောင်း၊ ဤပစ္စနီယာအနုလောမဒ္ဓ နယ-သို့ လိုက်၍ လည်းကောင်း ဆိုလေ။

(ဈ) ဒွိပဋ္ဌိသဓော ပကတျွော၏ အမြွက်

န ဟေတုပစ္စယာ နာရမ္မဏေ ပစ္စနိက် ပါဠိဒ္ဓ -

မူကို န-မြစ်လျှင် 'န န ဟေတုပစ္စယာ နာရမ္မဏေ'၊ န-နချင်းချေ 'ဟေတုပစ္စယာ နာရမ္မဏေ' ဖြစ်၏။

မူလီကို န-မြစ်လျှင် 'န ဟေတုပစ္စယာ န နာရမ္မဏေ'၊ န-န ချင်းချေ 'န ဟေတုပစ္စယာ အာရမ္မဏေ' ဖြစ်၏။

မူ-မူလီ နှစ်ပါး န-မြစ်လျှင် 'န န ဟေတုပစ္စယာ န နာရမ္မဏေ'၊ န-နချင်းချေ 'ဟေတုပစ္စယာ အာရမ္မဏေ' ဖြစ်၏။

မူရင်းပါဠိအတိုင်း 'န ဟေတုပစ္စယာ နာရမ္မဏော' ဖြစ်၏။

နည်းရလောက်ပြီဖြစ်၍ ဟေတုမူ အဓိပတိမူလီ၊ အာရမ္မဏမူ အဓိပတိမူလီ ဒုက- တိက (လ) တေဝီသက တိုင်အောင် တွန်းလေ။ နောင်ပစ္စည်းတွန်းကို ပြတော့မည်မဟုတ်ပါကြောင်း။

ဟေတုမူ အာရမ္မဏဒုက ပြီး၏။

အာရမ္မဏပစ္စည်း ပြီး၏။

အဓိပတိပစ္စည်းမှတ်ရန်

(၃) အတ္တာဓိနပဝတ္တိဓမ္မေ ပါတိ ရက္ခတီတိ ပတိ။

အတ္တာဓိနပဝတ္တိဓမ္မေ၊ မိမိနှင့်စပ်၍ ဖြစ်ခြင်းရှိသော တရားတို့ကို။ ပါတိ ရက္ခတိ၊ စောင့်ရှောက်တတ်၏။ ဣတိ တသ္မာ၊ ကြောင့်။ ပတိ၊ မည်၏။ ပါ-ဓာတ်၊ တိ-ပစ္စယော။ ပကာရေန အတ္တာဓိနဓမ္မေ တာယတိ ရက္ခတီတိ ပတိ။ ပ-ပုဗ္ဗ၊ တာ-ဓာတ်၊ ဏ-ပစ္စယော။ ဤကိုရည်၍ -

'ဝိဂြိုဟ် ဝစနတ် ပြုတုံလတ်၊ ဗျုပ္ပတ် မျှော်လေသင့်၊

ဗျုပ္ပတ္တိမှာ အရှာ၊ ကြိယာ ဖြစ်လေသင့်'

နိယံလင်္ကာကဗျာနှင့်အညီ များစွာသော ဝစနတ္ထတို့ဖြင့် ပြုကြ၏။ အကျယ်လိုမူ ထိုထိုကျမ်းမှာ ယူ။

ဤဝစနတ္ထတို့၌ ပါ-ဓာတ်၊ တာ-ဓာတ်၏အရကား သဟဇာတ ဖြစ်အံ့- ဆန္ဒ ဝီရိယ စိတ္တ ဝီမံသတို့၏ ဟေတု၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ အာဟာရ၊ ဣန္ဒြိယ၊ မဂ္ဂ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ။ ဤ(၁၂)ပစ္စယသတ္တိ ရ၏။ အာရမ္မဏာဓိပတိ ဖြစ်အံ့- အာရုံ ၆-ပါးတို့၏ အာရမ္မဏ၊ နိဿယ၊ ဥပနိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ။ ဤခုနစ်ပစ္စယသတ္တိ ရ၏။

တိ-ပစ္စည်း၊ ဏ-ပစ္စည်း၏အရကား ဤ(၁၂)ပစ္စယသတ္တိတို့ဖြင့် မှတ်ခြင်းရှိသော ဆန္ဒ ဝီရိယ စိတ္တ ဝီမံသဟုဆိုအပ်သော သတ္တိမန္တ ရ၏။ ဤခုနစ်ပစ္စယတို့ဖြင့် မှတ်ခြင်းရှိသော အာရုံ ၆-ပါး ဟုဆိုအပ်သော သတ္တိမန္တ ရ၏။

အဓိနာနံ ပတိ အဓိပတိ၊ ဆဋ္ဌီ တပ္ပုရိသော။ အဓိနာနံ၊ မိမိနှင့်စပ်၍ ဖြစ်ခြင်းရှိကုန်သော တရားတို့၏၊ ဝါ-တို့ကို။ ပတိ၊ အကြီးအမှူး

ဦးစီးနာယက အစိုးရသော အရှင်သခင်တည်း။ အဓိပတိ၊ သခင်။

အဓိပတိ စ သော ပစ္စယော စာတိ အဓိပတိပ္ပစ္စယော စသည်ပြု။ အဓိပတိပ္ပစ္စယော၊ အဓိပတိပစ္စယော ဟု နှစ်ထွေ ရှုတ်ဖတ်ကြ၏။ ရူပသဒ္ဓိအလို '**အဓိပတိပ္ပစ္စယော**[၁]'ဟုလိုသည်။ ထို့ကြောင့် ဋီကာကျော်၌-

အတ္တာဓိနပ္ပဝတ္တီနံ ပတိဘူတော ပစ္စယော အဓိပတိပစ္စယော[၂]- ဟုမိန့်၏။

အာရမ္မဏာဓိပတိပစ္စည်း ကျေးဇူးပြုပုံ

(၁-၁) အဓိပတိသည် အာရမ္မဏာဓိပတိ၊ သဟဇာတာဓိပတိဟု ၂-ပါးပြားသည်။

ထိုတွင် အဘယ်သို့ ကျေးဇူးပြုသောသဘောသည် **အာရမ္မဏာဓိပတိ** သဘောဖြစ်သနည်း။ အလေးအမြတ်ပြုအပ်သော ကာလသုံးပါး၊ ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် (၁၈)၊ စိတ် (၈၄)ခု၊ စေတသိက် (၄၇)၊ ကာလ ဝိမုတ် နိဗ္ဗာန်ဟုဆိုအပ်သော အာရုံ ၆-ပါးသည်သာလျှင် ထိုအာရုံ ၆-ပါး သို့ ညွတ်တတ် ကိုင်းတတ်ရှိုင်းတတ် သာယာတတ်သော လောဘ၊ ဆင်ခြင်တတ်သော မဟာကုသိုလ် ရှစ်၊ မဟာကိရိယာဉာဏသမ္ပယုတ် လေး၊ မဂ် ဖိုလ်တရား တို့ကို မိမိဟုဆိုအပ်သော အာရုံ၏အလိုသို့လိုက်၍ ဖြစ်စေသကဲ့သို့ ကျေးဇူးပြုတတ်သော သဘောသတ္တိသည် အာရမ္မဏာဓိပတိ သဘောဟုလိုသည်။ ထို့ကြောင့် မူလဋီကာ၌ -

ဂရုကာတဗ္ဗမ္ပိ အာရမ္မဏံ တန္နိန္နပေါဏပဗ္ဘာရာနံ အဿာဒန- ပစ္စဝေက္ခနမဂ္ဂဖလာနံ အတ္တနော ဝသေ ပဝတ္တယမာနံ ဝိယ ပစ္စယော ဟောတိ[၃]- ဟုမိန့်၏။

ဂရုဏာတဗ္ဗမ္ပိ၊ အလေးအမြတ် ပြုအပ်သည်လည်းဖြစ်သော။

၁။ ပဒရူပသိဒ္ဓိ၊ ၂၇။

၂။ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ (ဋီကာကျော်)၊ ၂၄၁။

၃။ ပဋ္ဌာနပကရဏ၊ မူလဋီကာ၊ ၁၆၉။ (မဏိသာရမဉ္ဇူသာ ဋီကာ-၂၊ ၃၇၄)။

အာရမ္မဏံ၊ သည်။ တန္နိန္နပေါဏပဗ္ဘာရာနံ၊ ထိုအာရုံသို့ ညွတ်တတ် ကိုင်းတတ် ရှိုင်းတတ်ကုန်သော။ အဿာဒနပစ္စဝေက္ခနမဂ္ဂဖလာနံ၊ သာယာတတ်သော လောဘ, ဆင်ခြင်တတ်သောဉာဏ် မဂ်ဖိုလ်တရားတို့ကို။ အတ္တနော ဝသေ၊ မိမိ၏အလိုၐ္ခ။ ပဝတ္တယမာနံ ဝိယ၊ လိုက်၍ဖြစ်စေသကဲ့သို့။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။ အဿာဒ- သဘောကို သုခဝေဒနာ၊ ဝါ-တဏှာ တည်း။ ဤအရာ၌ တဏှာကိုသာ ယူလေ။ ထို့ကြောင့် မဏိသာရမဉ္ဇူ၌ -

အဿာဒေါ သုခဝေဒနာ တဏှာ ဝါ၊ ဣဓ ပန တံသီသေန တံသမ္ပယုတ္တာ လောဘမူလစိတ္တုပ္ပါဒါ အဿာဒေါတိ အဓိပ္ပေတော။[၁] (အတ္တော သုကရော။)

ဆက်ဦးအံ့။ ။ အလေးအမြတ်ပြုအပ်သော ဂရုကာရ သဘောဟူသည် လောက၌ လူတို့သည် ရှိသေတုပ်ဝပ် အလေးအမြတ်ပြုအပ်သကဲ့သို့ပင် မှတ်ရမည်လော။ အလေးအမြတ်ပြုအပ်သော အာရုံ၌ အရိုအသေပြုတတ် သည်၏ အစွမ်းအားဖြင့်လည်းကောင်း၊ သာယာနှစ်သက်တတ်သည်၏ အစွမ်းအားဖြင့်လည်းကောင်း၊ လေးမြတ်စွာ ရအပ်သော အာရုံကို မထေမဲ့မြင် မပြုခြင်းသည် အလေးအမြတ်ပြုသည် မည်၏။ ပါဠိတော်၌ ယံ ယံ ဓမ္မံ ဂရုံ ကတွာ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ- စသည်ဖြင့် ဟောတော်မူသည်ကို ထောက်ဆပါ။ အဋ္ဌကထာ၌လည်း-

ယံ ယံ ဓမ္မန္တိ ယံ ယံ အာရမ္မဏဓမ္မံ။ ဂရုံ ကတွာတိ ဂရုကာရစိတ္တီကာရဝသေန ဝါ အဿာဒဝသေန ဝါ ဂရုံ ဘာရိယံ လဒ္ဓဗ္ဗံ အဝိဇဟိတဗ္ဗံ အနဝညာတံ ကတွာ။ တေ တေ ဓမ္မာတိ တေ တေ ဂရုကာတဗ္ဗဓမ္မာ။ တေသံ တေသန္တိ တေသံ တေသံ ဂရုကာရကဓမ္မာနံ[၂]- ဟုဖွင့်၏။

[၁]။ မဏိသာရမဉ္ဇူသာ ဋီကာ။ [၂]။ ပဋ္ဌာနအဋ္ဌကထာ၊ ၄၊ ၃၆၁။

ဂရုကာရစိတ္တီကာရဝသေန ဝါ၊ အလေးအမြတ်ပြုခြင်း, အရိုအသေပြုခြင်း၏ အစွမ်းအားဖြင့်လည်းကောင်း။ အဿာဒဝသေန ဝါ၊ လည်းကောင်း။ ဂရုံ ဘာရိယံ၊ ကျောက်ထီးကဲ့သို့ လေးသည်ကို။ လဒ္ဓဗ္ဗံ၊ ရအပ်ကောင်းသည်ကို။ အဝိဇဟိတဗ္ဗံ၊ မစွန့်အပ်ကောင်းသည်ကို။ အနဝညာတံ၊ မထေမဲ့မြင် မပြုအပ်သည်ကို။ ကတွာ၊ ပြု၍။ (ခက်နိုးရှိရာကို အနက်ပေးသည်။)

အဓိပတိသဘောကား စကြဝတေးမင်းသည် တစ်ပါးသောသူတို့၏ကြီးသော သတ္တိကို မြစ်(တား)၍ တိုင်းနိုင်ငံသားတို့ကို အုပ်စိုးသကဲ့သို့ အစိုးရ၍ အကြီးအမှူး၏အဖြစ်ဖြင့် ကျေးဇူးပြု၏။ အဓိပတိ၊ ဣန္ဒြိယ အထူးကို နောက် ဣန္ဒြိယဂေါ္စ္ဆက၌ ပြမည်။

အာရမ္မဏာဓိပတိပစ္စည်းမှ ကြဉ်သောတရားများ

(၁-၂) အာရမ္မဏာဓိပတိ၌ ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ်ကိုသာ ကောက်၍ အနိဋ္ဌဖြစ်သော နိပ္ဖန္နရုပ်၊ အနိပ္ဖန္နရုပ်များကို အဘယ့်ကြောင့် ပစ္စည်း မကောက်ရ သနည်း။ အနိဋ္ဌရုပ်၊ အနိပ္ဖန္နရုပ်တို့သည် မချစ်မနှစ်သက်အပ်၊ မမြတ်နိုးအပ်သည် ဖြစ်၍ သ,ပီတိကမှ ကင်းသောကြောင့်တည်း။ ထို့ကြောင့် အဋ္ဌကထာ၌ -

အနိဋ္ဌဉှိ အပ္ပိယံ။ အနိဋ္ဌံ သမ္ပတ္တိဝိရဟတော[၁]- ဟု မိန့်၏။

အနိဋ္ဌဉှိ၊ ကား။ အပ္ပိယံ၊ မချစ်အပ်။ ကသ္မာ၊ ကား။ အနိဋ္ဌံ၊ အနိဋ္ဌရုပ် သည်။ သမ္ပတ္တိဝိရဟတော၊ သမ္ပတ္တိမှကင်းသောကြောင့်တည်း။

အနိဋ္ဌာရုံကို အဘယ်ကံ၏အစွမ်းဖြင့် ဝေဖန်အပ်သနည်း။ အကုသိုလ်ကံ ၏အစွမ်းဖြင့် ဝေဖန်လေ။ ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် ကောက်သော်လည်း ပစ္စယုပ္ပန်တရားတို့က အလေးအမြတ်ပြုမှသာ

၁။ သမ္မောဟဝိနောဒနီ၊ ဠ၊ ၈။

အဓိပတိ တပ်ရမည်။ အဘယ့် ကြောင့်နည်း။ အလေးအမြတ်ပြုတပ်သော ကာမဓာတ်သည် 'ထမ်းသား ဘတ်ပြား နတ်သားထင်' ဆိုသကဲ့သို့ ဣဋ္ဌရုပ်ကို အနိဋ္ဌရုပ်၊ အနိဋ္ဌရုပ်ကို ဣဋ္ဌရုပ်ဟု ပရိကပ္ပ ကြံဆ၍ ယူသော ကြောင့်တည်း။ အနိဋ္ဌာရုံကို အကုသိုလ်ကံ၊ ဣဋ္ဌာရုံကို ကုသိုလ်ကံ၏ အစွမ်းဖြင့် ဝေဖန်ခြင်းသည် ဥပစာမျှသာ၊ ဝိပါက်၏ အစွမ်းဖြင့် ဝေဖန်ခြင်းသာ မုချဟုမှတ်လေ။ အဘယ့်ကြောင့်နည်း။ ဝိပါက်ကို လှည့်ပတ်ဖြားယောင်းခြင်းငှာ မတပ်ကောင်း သောကြောင့် တည်း။

ဣဋ္ဌာနိဋ္ဌ နာမ ဝိပါကဝသေနေဝ ပရိစ္ဆိန္နံ, န ဇဝနဝသေန၊ ဇဝနံ ပန သညာဝိပလ္လာသဝသေန ဣဋ္ဌသ္မိံယေဝ ရဇ္ဇတိ, ဣဋ္ဌသ္မိံယေဝ ဒုဿတိ, အနိဋ္ဌသ္မိံယေဝ ရဇ္ဇတိ, အနိဋ္ဌသ္မိံယေဝ ဒုဿတိတိ၊ ဝိပါကဝသေနေဝ ပနေတံ ဧကန္တတော ပရိစ္ဆိဇ္ဇတိ၊ န ဟိ သက္ကာ ဝိပါကစိတ္တံ ဝဉ္စေတုံ။[၁] (သမ္မောအဋ္ဌကထာ။)

သညာဝိပလ္လာသဝသေန၊ သညာ ဖောက်ပြန်သည်၏ အစွမ်းဖြင့်။ ဣဋ္ဌသ္မိံယေဝ၊ ဣဋ္ဌာရုံ၌သာလျှင်။ ရဇ္ဇတိ၊ တပ်နှစ်သက်သောအခါ တပ်နှစ်သက်၏။ ဒုဿတိ၊ ပြစ်မှားသောအခါ ပြစ်မှား၏။ (ယောဇနာလေ။)

ပရိကပ္ပ သဘောကား မစင်ဘင်ပုပ် ခွေးကောင်ပုပ်သည် လူတို့မှာ အနိဋ္ဌ၊ ခွေး လင်းတတို့မှာ ဣဋ္ဌာရုံ ဖြစ်သကဲ့သို့လည်းကောင်း၊ လောကမှာ ကိုယ်ထင်လျှင် ခုတင်ရွှေနန်း ဆိုသကဲ့သို့လည်းကောင်း၊ ဘုရားတည်း ဟူသော အတိဣဋ္ဌာရုံသည် မိစ္ဆာဒိဋ္ဌိတို့မှာ အနိဋ္ဌာရုံ ဖြစ်သကဲ့သို့လည်း ကောင်း မှတ်ရမည်။

(၁-၃) ဒေါသမူခွေးကို အဘယ့်ကြောင့် ကြဉ်ရသနည်း။ အလေး အမြတ်လည်း မပြုအပ်။ အလေးအမြတ်လည်း မပြုတတ်သောကြောင့် ကြဉ်ရ သည်။ အဘယ်ကဲ့သို့နည်း။ လောကမှာ ဒေါသမူခွေးကို

၁။ သမ္မောဟဝိနောဒနီ၊ ၄၊ ၁၀။

မဆိုထားဘိ ဒေါသကြီးသူကိုမျှ အလေးဂရု မပြုသကဲ့သို့တည်း။ ထို့ကြောင့် ဋီကာကျော်၌ -

စက္ခုဝိညာဏ်သဘာဝတာယ ပဟာသ အာရမ္မဏံ ပဋိဟာနန္တော ဝိယ ပဝတ္တတိ[၁]- ဟု မိန့်၏။

ဟိ သစ္စံ၊ မှန်၏။ စက္ခုဝိညာဏ်သဘာဝတာယ၊ ကြမ်းတမ်းခြင်းသဘော ရှိသည်၏ အဖြစ်ကြောင့်။ ဧသ-ဧသော-ဒေါသော၊ သည်။ ပဋိဟာနန္တော ဝိယ၊ ထိပါးနှိပ်စက် ဖျက်ဆီးသကဲ့သို့။ ပဝတ္တတိ၊ ၏။

မောဟမူဒွေးကို အဘယ့်ကြောင့် ကြဉ်သနည်း။ **မူလန္တရဝိရဟာတော အတိသမ္မူဠှတာယ**[၂] (ဋီကာဟိတ်)။ မောဟမူဒွေး၌ ဟိတ်နှစ်ပါးဖြစ်သော လောဘ, ဒေါသ မူလဟိတ် တစ်ပါးပါး ကင်းသောကြောင့်လည်းကောင်း၊ အလွန်ပြင်းစွာ တွေဝေမိုက်မဲသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ အလေးအမြတ် မပြုအပ်၍ ပစ္စည်းလည်းမရ၊ အလေးအမြတ် မပြုတတ်၍ ပစ္စယုပ္ပန်လည်း မရသောကြောင့် ကြဉ်သည်။

ဒုက္ခသဟဂုတ် ကာယဝိညာဏ်ကို အဘယ့်ကြောင့် ပစ္စည်းမှ ကြဉ်သနည်း။ ဒုက္ခသဟဂုတ် ကာယဝိညာဏ်ကို မဆိုထားဘိ ဖျားနာ ခေါင်းကိုက် နူနာကုဋ္ဌ ရှိသူကိုမျှ အလေးဂရု မပြုအပ်သကဲ့သို့ ဖြစ်၍ ပစ္စည်းမှ ကြဉ်သည်။ ထို့ကြောင့် ဋီကာကျော်၌ -

ဝတ္ထာရမ္မဏာဃဋ္ဋနာယ ဗလဝဘာဝတော ကာယဝိညာဏံ အနိဋ္ဌေ ဒုက္ခသဟဂတံ[၃]- ဟု မိန့်၏။

ဝတ္ထုအာရုံ၏ ထိပါးခြင်း အလွန်အားကြီးသောကြောင့် အနိဋ္ဌာရုံ၌ ဒုက္ခသဟဂုတ် ကာယဝိညာဏ်ဖြစ်၏ ဟူလို။ ဤငါးပါးသော

၁။ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ (ဋီကာကျော်)၊ ၈၀။ ၂။ ၄င်း၊ ၈၁။
၃။ ၄င်း၊ ၈၄။

စိတ်တို့သည် အလေးအမြတ် မပြုအပ်သောကြောင့် ပစ္စည်း မရ။ အလေးအမြတ် မပြုတတ် သောကြောင့် ပစ္စယုပ္ပန်လည်း မရ။ ပစ္စနိက် ဧကံ ဟု မှတ်လေ။

(၁-၄) ပစ္စယုပ္ပန်ဖြစ်သော စိတ်(၂၈)၊ ဒေါသမူ, မောဟမူ, ဒွက္ခ ငါးပါးကို ကြဉ်သော စိတ်(၅၆)ခုသည် အလေးအမြတ် ပြုအပ်သောကြောင့် ပစ္စည်း၊ အလေးအမြတ် မပြုတတ်သောကြောင့် ပစ္စယုပ္ပန် မထိုက်။ အပွမညာဒွေးကို ကြဉ်သည်ကား '**အပ္ပမညာနံ သတ္တာရမ္မဏတ္တာ**[၁]' အာရုံ ပြားသောကြောင့်တည်း။

ပစ္စနိက်၌ 'မပြုတတ်ခိုက် မပြုတတ်နေ' ဆိုရိုးရှင်းပုံ

ပစ္စနိက်၌ အလေးအမြတ် မပြုတတ်ခိုက် မပြုတတ်နေအရ မပြုတတ်ခိုက် ဆိုသည်ကား အနေကံ၊ မပြုတတ်နေ ဆိုသည်ကား ဧကံ တည်း။ ဤသို့ ၂-ပါးခွဲ၍ လောဘမူ(၈)ခု၊ ကာမကုသိုလ်(၈)ခု၊ ကာမကိရိယာဉာဏ် လေးခု။ ဤ (၂၀)တို့သည် အလေးအမြတ်ပြုအပ်ပါက ပစ္စည်း၊ အလေးအမြတ် ပြုတတ်ပြန်က ပစ္စယုပ္ပန်၊ အလေးအမြတ် မပြုတတ်ခိုက် ပစ္စနိက် ထိုက်ပြန် သည်။ ဤသို့ အခိုက်အခိုက် လိုက်၍ ပစ္စည်း၊ ပစ္စယုပ္ပန်၊ ပစ္စနိက် ဖြစ်သော ကြောင့် အနေကံ ဟု မှတ်။

ထို(၂၀)မှကြွင်းသော လောကီစိတ် (၆၁)ခုသည် အလေးအမြတ် မပြုတတ်နေ ဧကံ ပစ္စနိက် မှတ်လေ။ လောကုတ္တရာစိတ်သည် အလေးအမြတ် ပြုအပ် ပစ္စည်း၊ ပြုတတ် ပစ္စယုပ္ပန် ဧကံ ရသောကြောင့် ပစ္စနိက် မထုတ်ရဟု မှတ်လေ။ နောက်နောက်သော ပစ္စည်းတို့၌လည်း တတ်ခိုက်တတ်နေ ပါလျှင် ဤနည်းတူ ခွဲလေ။

(၁-၅) ပစ္စယုပ္ပန် ထိုက်သော (၂၈)ပါးသော စိတ်တို့တွင်

၁။ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ (ဋီကာကျော်)၊ ၁၁၈။

လောဘမူ တစ်ပုံ၊ ကုသိုလ် ဉာဏဝိပ္ပယုတ် လေးခု တစ်ပုံ၊ ဉာဏသမ္ပယုတ် လေးခု တစ်ပုံ၊ ကြိယာ ဉာဏသမ္ပယုတ် လေးခု တစ်ပုံ၊ လောကုတ္တရာ ရှစ်ခု တစ်ပုံ။ ငါးပုံ ပြုပြီးလျှင် -

လောဘမူစိတ် ရှစ်ခုသည် ပရိကပ္ပ ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ်ကို အလေးအမြတ်ပြုသည်။

ဥပမာ- သီဟဠဝတ္ထု၌ သီဟိုဠ်ကျွန်းသူ ဘိက္ခုနီမတစ်ဦးသည် အသောကာရုံကျောင်း တံခါးရွက်မှာ တပ်ထားသော အလွန်လှပ သာယာဖွယ် ရှိသော မင်းသားရုပ်ကိုမြင်လျှင် တပ်နှစ်သက်သော စိတ်ဖြင့် တဏှာမီး တောက်လောင်၍ အရုပ်ကို ကြည့်ရှုလျက် သေဖူးသည်။ အရုပ်ကား ပစ္စည်း၊ ဘိက္ခုနီမကား ပစ္စယုပ္ပန်။ လောကူပမာ ဒဏ္ဍာရီဝတ္ထုတွင် များစွာလာ၏။

တေဘူမကကုသိုလ် တစ်ချက်ကို အလေးပြုသည်။ ဥပမာ- ဆင်ဖြူကျွန်း ဘုန်းတော်ကြီးတစ်ပါးက တပည့်ဒကာ လှေသမားတို့ကို ပြက်ရယ်ပြု၍ ထင်မြင်အောင် ဟောသတဲ့။ 'ပဲ့ကိုင်- မိန်းမ ဘယ်နှစ်ယောက် ရှိသလဲ။ နှစ်ယောက်ပါ ဘုရား။ ပဲ့နင်းမှာကော။ ငါးယောက်ပါ ဘုရား။ အိန်း၊ မင်းတို့ နည်းသေးသကိုးကွယ့် ငါ့မှာတော့ သည်ဘဝဖြင့် တစ်ယောက်မျှ မရှိ၊ ဟိုဘဝရောက်တော့ဖြင့် နတ်မိန်းမ များစွာရတော့မည်'ဟု မိန့်၏။ ယခုဘဝ ဒါနသီလ စသော ကုသိုလ် ပစ္စည်း၊ နောင်ဘဝ နတ်သားဖြစ်၍ နတ်သမီး တစ်ဘက် ငါးရာ ခံစံလိုသော လောဘကို ပစ္စယုပ္ပန် ယူလေ။

တေဘူမကဝိပါက် တစ်ချက် အလေးပြုသည်။ ဥပမာ- 'သူတစ်ပါး ကဲ့သို့ စည်းစိမ်ဥစ္စာ ရတနာရွှေငွေနှင့် ခံစားရလျှင် ကောင်းလေစွ' စသည် ဥပမာ လျော်အောင် ထုတ်။

တေဘူမကကြိယာ တစ်ချက် အလေးပြုသည်။ ဥပမာ-

'ယခုဘဝ ရဟန္တာဖြစ်၍ နိဗ္ဗာန်စံရလျှင် ကောင်းလေစွ' ဟု တောင့်တပုံကို ထုတ်။

လောဘမူ လောဘချင်းချင်း အလေးပြုသည်။ လောကဥ္စ တစ်ယောက်နှင့် တစ်ယောက် သာယာနှစ်သက်သော ရာဂကိုအမှီပြု၍ ချစ်ခင်စုံမက်ပုံ ထုတ်။

ဤငါးချက်သော တရားကို လောဘမူက အလေးအမြတ် ပြုသည်။ ဥပမာများကို ကလက်သည်ဟု အပြစ်မပြုပါနှင့်။ မဏ္ဍလာရာမ ဆရာတော်နှင့် ဆရာကြီးတို့၏ ပြောဆိုနည်းတည်း။

ဉာဏဝိပ္ပယုတ် ၄-ခုသည် တောဘုမ္မကကုသိုလ် တစ်ချက်သာ အလေးပြုသည်။

မဟာကုသိုလ် ဉာဏသမ္ပယုတ် လေးခုသည် တေဘုမ္မက ကုသိုလ် တစ်ချက်၊ လောကုတ္တရာ အောက်(အဆင့်) ခြောက်ပါး တစ်ချက်၊ ဂေါတြဘူ, ဝေါဒါန် ကိစ္စတပ်သောအခါ နိဗ္ဗာန် တစ်ချက်။ ဤသုံးချက်ကို အလေးပြုသည်။

မဟာကြိယာ ဉာဏသမ္ပယုတ် လေးခုသည် အရဟတ္တမဂ် အရဟတ္တဖိုလ် တစ်ချက်၊ နိဗ္ဗာန် တစ်ချက်။ ဤ-၂ချက်ကို အလေးပြုသည်။

လောကုတ္တရာ ရှစ်ခုသည် နိဗ္ဗာန်ကိုသာ အလေးပြုသည်။

ဤအလေးအမြတ်ပြုပုံကို သဘောမိအောင် မှတ်။ သို့မှ ပါဠိတော် ကျေးဇူးများမည်။

အာရမ္မဏာဓိပတိ ပစ္စည်းတပ် ယူဆချက်အထူး

(၁-၆) ပစ္စည်းတပ်ပုံသဘော ယူဆရန် ဝိထိကား ဘုရားတည်းဟူသော အရောင်အဝင်း ရူပါရုံအဆင်းကို အလေးအမြတ်ပြု၍ လောဘဇော

ဝိထိ ဖြစ်လိုလတ်သော် -

ဘဝင်၊ ဘဝင် (လ) လောဘဇော ခုနစ်ကြိမ်၊ ဘဝင်၊ ဘဝင်။

ဣဋ္ဌဖြစ်သော ဘုရားတည်းဟူသော အရောင်အဆင်း ပစ္စည်း၊ အလေးအမြတ် ပြုတတ်သော လောဘဇော ပစ္စယုပ္ပန်။ ဤဝီထိ၌ အာရုံနှင့်ဇော ဆန့်ကျင်သည် ဆိုကြ၏။ သို့ရာတွင် ကုသိုလ်ဇောက ဘုရားတည်းဟူသော အတိဣဋ္ဌရူပါရုံ အစရှိသည်ကို အလေးမပြု၊ လောဘကသာ အလေးပြု၏။ (အာရမ္မဏပစ္စည်း သာမညဖြစ်သော် ကုသိုလ်ဇောကျနိုင်၏။ အာရမ္မဏာဓိပတိ ဖြစ်မူ ကုသိုလ်ဇော မကျဟု အမြဲမှတ်လေ)။ ပါဠိတော်၌ -

စက္ခုံ ဂရုံ ကတွာ (လ) ကာယံ ရူပေ သဒ္ဒေ ဂန္ဓေ ရသေ ဖောဋ္ဌဗ္ဗေ ဝတ္ထုံ၊ ဝိပါကာဗျာကတေ ကိရိယာဗျာကတေ ခန္ဓေ ဂရုံ ကတွာ အဿာဒေတိ[၁]- ဟု ဟောတော်မူသည်။

ဝဂ္ဂလိတ္ထေရ ဝတ္ထု၊ ပဥ္စဝါရ ပါဠိတော် ထောက်သော် လောဘဇော သာ သင့်သည်။ ဆင်ခြင်စဉ်းစား နှလုံးထား၍ ဆရာသမားများ လျှောက်ထား ကြကုန်။ အာစရိယဝါဒ ရသည့်အတိုင်း ပြဆိုလိုက်သည်။

အာရမ္မဏာဓိပတိ ပြီး၏။

၁။ ပဋ္ဌာန၊ ပါဠိ-၁၊ ၁၃၇။

သဟဇာတာဓိပတိပစ္စည်း ပဋိသန္ဓေအခါ ကျေးဇူးမပြုပုံ

(၂-၁) သဟဇာတာဓိပတိသည် ပဝတ္တိ ပဋိသန္ဓေ နှစ်ပါးရှိသည်တွင် ဆန္ဒ စိတ္တ ဝီရိယ ဝီမံသတို့၏ အစိုးရသောအစွမ်းဖြင့် လေးပါးအပြားရှိသော သဟဇာတာဓိပတိသည် ထိုက်သည့်အားလျော်စွာ သဟဇာတ်ဖြစ်သော နာမ်ရုပ်တရားတို့အား ပဝတ္တိအခါ၌သာလျှင် သဟဇာတာဓိပတိနှင့် စပ်သဖြင့် ကျေးဇူးပြု၏။ ပဋိသန္ဓေအခါ စိတ္တဒုဗ္ဗလဖြစ်၍ ကျေးဇူးမပြုနိုင် ဟူလို။ ထို့ကြောင့် ဋီကာကျော်၌ -

ဆန္ဒစိတ္တဝီရိယဝီမံသာနံ ဝသေန စတုဗ္ဗိဓောပိ သဟဇာတာဓိပတိ ယထာရဟံ သဟဇာတနာမရူပါနံ ပဝတ္တိယံယေဝ သဟဇာတာဓိပတိဝသေန ပစ္စယော[၁]- ဟု မိန့်၏။

(၂-၂) ဆန္ဒ စိတ္တ အစရှိသော တရားများသည် အဘယ်သို့သဘောရှိသော သမ္ပယုတ်တရားတို့အား ကျေးဇူးပြုသနည်း။ လိုချင်အားကြီး ဆန္ဒ စသည်ရှိသော ငါ့အား အဘယ်မည်သော အမှုကိစ္စဟူသမျှသည် မပြီးဘဲ ရှိနိုင်အံ့နည်း။ ဤသို့ ပုဗ္ဗာဘိသင်္ခါရူပနိဿယ အားကြီးသောအကြောင်းကို ရ၍ သဟဇာတ်ဖြစ်သော စိတ်၌ အကြီးအမှူးဖြစ်၍ဖြစ်သော ဆန္ဒ စိတ္တ ဝီရိယ ဝီမံသတို့သည် ကိုယ်တိုင် သမ္ပယုတ်တရားတို့ကို ပြီးစေအပ်သည် ဖြစ်၍ ဖြစ်ကုန်၏။ အယုတ် အလတ် အမြတ်၏အဖြစ်ဖြင့် ထိုအဓိပတိ လေးပါးသို့ အစဉ်လိုက်၍ ဖြစ်သောကြောင့် သမ္ပယုတ်တရားတို့သည်လည်း ထိုဆန္ဒ အစရှိသည်တို့နှင့် စပ်သဖြင့် ကျေးဇူးပြုကုန်၏။ ထို့ကြောင့် မူလဋီကာ၌ -

ဆန္ဒဝတော ကိံ နာမ န သိဇ္ဈတီတိအာဒိကံ ပုရိမာဘိသင်္ခါရူပနိဿယံ လဘိတွာ ဥပ္ပဇ္ဇမာနေ စိတ္တေ ဆန္ဒာဒယော ဓုရာဘူတာ ဇေဋ္ဌကာဘူတာ သယံ သမ္ပယုတ္တဓမ္မေ သာဓယမာနာ ဟုတွာ

၁။ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ (ဋီကာကျော်)၊ ၂၅၀။

ပဝတ္တန္တိ၊ တံသမ္ပယုတ္တဓမ္မာ စ တေသံ ဝသေ ဝတ္တန္တိ ဟိနာဒိဘာဝေန တာဒနုဝတ္တနတော[၁]- ဟု မိန့်၏။

အဓိပ္ပာယ်ရှု၍ ယောဇနာလေ။ အနက် မရေးရအောင် ကျနစွာ ပြထား သည်။ ဤသဟဇာတာဓိပတိ၌ ရှဥ့်မင်းဝတ္ထု၊ မာတင်္ဂဝတ္ထု၊ ကုသမင်းဝတ္ထု ပုံထုတ်၍ ပြောပါလေ။

အဓိပတိသဘော တစ်ပါးစီသာ ကျေးဇူးပြုနိုင်ပုံ

အဓိပတိသဘောသည် တစ်ခုသော စိတ္တက္ခဏ၌ အဓိပတိ နှစ်ပါး၊ သုံးပါး ပြိုင်၍ မဖြစ်ကောင်း။ **ကေကဉ္စော အဘာဝတော**[၂] (အဋ္ဌကထာ ဟိတ်) မြင်သောကြောင့်လည်းကောင်း၊ 'အနာယကော ဗဟုနာယကော အာရာမော ဝိနာသော ဟောတိ'ဟု ပြည်တိုက် မဏ္ဍလာရာမ ဆရာတော် မိန့်ရိုးစကား ရှိသောကြောင့်လည်းကောင်း၊ အကြီးနာယက မရှိသော အာရာမ် တိုက်တာသည်၊ ဝါ-အလုပ်ကိစ္စဟူသမျှသည် ပျက်စီးတတ်၏။ နာယကများသော တိုက်အာရမ်တို့သည်လည်း ပျက်စီးတတ်၏။ ဂူတစ်ဂူတွင် ကေသရာဇာခြင်္သေ့ နှစ်ကောင် မနေသကဲ့သို့လည်းကောင်း၊ ကမ္ဘာ လောကဓာတ်ကြီးတွင် ဘုရားနှစ်ဆူ မပွင့်သကဲ့သို့ မှတ်လေ။

မောဟမူဇောနှင့် ဟသိတုပ္ပါဒ်ဇော အဓိပတိမတပ်ကောင်း

ဇော (၅၅)ခုတို့တွင် မောဟမူဇောသည် အဘယ့်ကြောင့် အဓိပတိ မတပ်သနည်း။ **မူလန္တရ ဝိရဟေန မောဟေန အတိသမ္မူဠ္ဌတာယ**[၃]- ဟူသော ဟိတ်ကြောင့် မတပ်ပါဟူပေ။ ဟသိတုပ္ပါဒ်ဇောသည် အဘယ့်ကြောင့် (လ) နည်း။ **အလောဘာဒီဟိ သမ္ပယောဂါယောဂတော**[၄] (ဋီကာကျော် ဟိတ်)။ အလောဘအစရှိသည်တို့နှင့် ယှဥ်ခြင်း၏ မရှိသောကြောင့်

၁။ ပဋ္ဌာနပကရဏ၊ မူလဋီကာ၊ ၁၆၉။
၂။ ၄င်း၊ ဋ္ဌ၊ ၃၆၀။
၃။ အနုဒီပနီပါဠ်၊ ၅၀။
၄။ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ (ဋီကာကျော်)၊ ၈၅။

မတပ်ဟူပေ။

တပ်နိုက်တပ်နေ၊ ရနိုက်ရနေ ဆိုရိုးရှင်းပုံ

(၂-၃) သဟဇာတာဓိပတိ တပ်နိုက်- ဟု ဆိုသောစကားသည် အနေကံ ဖြစ်သည်။ တပ်နေ- ဟု ဆိုသောစကားသည် ဧကံ ဖြစ်သည်။

တပ်နိုက်- ဟု ဆိုသောစကားသည် ပစ္စည်း၊ ရနိုက်- ဟု ဆိုသော စကားသည် ပစ္စယုပ္ပန် ဟုမှတ်။ တပ်နိုက် ရနိုက်- ဟုဆိုသော ပစ္စည်း ပစ္စယုပ္ပန်သည် အဘယ်ကိုရည်၍ ဆိုပါသနည်း။ ကာမဇော(၂၆)ခုကို ရည်၍ ဆိုသည်။

တပ်နေ-သည် ပစ္စည်း၊ ရနေ-သည် ပစ္စယုပ္ပန်ဖြစ်သည်။ တပ်နေ ရနေ- ဟုဆိုသော စကားသည် အဘယ်ကိုရည်၍ ဆိုပါသနည်း။ ဧကံ ပစ္စည်း ထိုက်သော အပ္ပနာဇော(၂၆)ခုကို ရည်၍ ဆိုသည်။

မတပ်နိုက် မရနိုက်-သည် အနေကံ၊ မတပ်နေ မရနေ-သည် ဧကံ စကားဖြစ်သည်။ မတပ်နိုက် မရနိုက်-သည် အဘယ်ကိုရည်၍ ဆိုသနည်း။ အဓိပတိ မတပ်နိုက် ပစ္စနိုက် ထိုက်သော ကာမဇော(၂၆)ခုကို ရည်၍ ဆိုသည်။ မတပ်နေ မရနေ-သည် အဘယ်ကိုရည်၍ ဆိုသနည်း။ မောဟမူဒွေး၊ အဟိတ် စိတ် အဋ္ဌာရသ၊ မဟာဝိပါက် အဋ္ဌ၊ မဟဂ္ဂုတ် ဝိပါက် နဝ။ ဤ(၃၇)ပါးတို့သည် အဘယ်အခါမှ အဓိပတိ မတပ်သော ကြောင့် ဧကံ ပစ္စနိုက် တရားကို ရည်၍ ဆိုသည်ဟု မှတ်လေ။

သဟဇာတာဓိပတိပစ္စည်းတပ်ပုံ

(၂-၄) သဟဇာတာဓိပတိပစ္စည်း တပ်ဟန်ကား ဒွိဟိတ်ဇော (၁၈)ခု ဖြစ်အံ့၊ အဓိပတိတရားကိုယ် သုံးပါးတို့တွင် တစ်ပါးပါးသည် ပစ္စည်း။ တိဟိတ်ဇော (၃၄)ခု ဖြစ်အံ့၊ အဓိပတိတရားကိုယ် ၄-ပါးတို့တွင်

တစ်ပါးပါး သည် ပစ္စည်း။ မှတ်သား၍ တပ်ပါလေ။

ဆန္ဒဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတီတိ[၁]- ဤသို့ စသည်ဖြင့် လိုချင်ဆန္ဒ အားကြီးလှ၍ အဓိပတိပစ္စည်း တပ်သည်ရှိသော် တပ်ခိုက် ရခိုက်- ဟု ဆိုအပ်သော ကာမဇော (၂၆)ခုတို့တွင် ဇောတစ်ခုတစ်ခု၌ ရှိသော ဆန္ဒသည် အဓိပတိ တပ်ခိုက် ပစ္စည်း, ပစ္စနိက် ၂-ပါး ထိုက်၏။ သမ္ပယုတ္တက္ခန္ဓာ သာဓိပတိစိတ္တဇရုပ်တို့သည် ရခိုက် ပစ္စယုပ္ပန်၊ ပဋိသန္ဓေကမ္မဇရုပ် (လ) ပဝတ္တိကမ္မဇရုပ် အမြဲ ပစ္စနိက် မှတ်။

တပ်နေ ရနေ- ဟုဆိုအပ်သော အပ္ပနာဇော (၂၆)ခုတို့တွင် စိတ္တက္ခဏ တစ်ခုတစ်ခု၌ ရှိသော ဆန္ဒသည် ဇက် အဓိပတိ တပ်သော ကြောင့် တပ်နေ ပစ္စည်း, ပစ္စနိက်၊ သမ္ပယုတ္တက္ခန္ဓာ သာဓိပတိစိတ္တဇရုပ်တို့ သည် ရနေ ဇက် ပစ္စယုပ္ပန်။ ဆန္ဒသည် ပစ္စယုပ္ပန်မှ လွတ်၍ ပစ္စနိက်၊ ထို့ကြောင့် ပစ္စယုပ္ပန်၌ အဓိပတိတရားကိုယ် ကြဉ်သောဟု သုံးချက်စု၌ ဆိုသည်။

မတပ်ခိုက် မရခိုက်- ဟုဆိုအပ်သော ကာမဇော (၂၆)ခုတို့တွင် စိတ္တက္ခဏ တစ်ခုတစ်ခု၌ ရှိသော အဓိပတိတရားကိုယ်သည် မတပ်ခိုက်၊ သမ္ပယုတ္တက္ခန္ဓာ နိရာဓိပတိစိတ္တဇရုပ်တို့သည် မရခိုက်။ သို့ဖြစ်၍ အလုံးစုံ ပစ္စနိက်။

မတပ်နေ မရနေ- ဟုဆိုအပ်သော (၃၇)ပါးသော စိတ်တို့တွင် စိတ္တက္ခဏ တစ်ခုတစ်ခု၌ရှိသော တရားကိုယ်သည် မတပ်နေ၊ သမ္ပယုတ္တက္ခန္ဓာ နိရာဓိပတိ စိတ္တဇရုပ် (လ) ပဝတ္တိကမ္မဇရုပ် တို့သည် မရနေ။ သို့ဖြစ်၍ ဇက် ပစ္စနိက်။ (ဤမှတ်သားပုံကို သဘောမိအောင် ခွဲလေ။ သို့မှ ပါဠိတော် လွယ်မည်။ ပစ္စည်းတွန့်၊ ပစ္စည်းတွန်းတို့ကို ဟောတု၊ အာရမ္မဏ မှီ၍ တွန်းလေ။)

၁။ ပရမတ္ထဒီပနီ သင်္ဂဟမဟာဋီကာပါဌ၊ ၃၄၇။

အဓိပတိပစ္စယနိဒ္ဒေသ၏ အဓိပ္ပာယ်များ

(၂-၅) ဟေတုပစ္စယနိဒ္ဒေသ၌ 'ဟေတူ ဟေတု သမ္ပယုတ္တကာနံ' ဟု ဟောတော်မူသလို၊ ဤအဓိပတိပစ္စယနိဒ္ဒေသ၌ 'အဓိပတိ အဓိပတိ သမ္ပယုတ္တကာနံ'ဟု မဟောမူ၍ အဘယ့်ကြောင့် 'ဆန္ဒာဓိပတိ ဆန္ဒသမ္ပယုတ္တကာနံ' အစရှိသဖြင့် ဟောတော်မူသနည်း။ ၂-ပါး၊ ၃-ပါးသော ဟိတ်တို့သည် မူလဋ္ဌသတ္တိဖြင့် ကျေးဇူးပြုသောအဖြစ်ကို မစွန့်သည်၏ အဖြစ်ကြောင့် တစ်ပြိုင်နက်ဖြစ်သော စိတ္တက္ခဏ၌ ၂-ပါး၊ ၃-ပါးသော ဟိတ်တို့သည် ဖြစ်ကုန်၏။ အဓိပတိသည်ကား အကြီးအမှူးဖြစ်သော သတ္တိဖြင့် ကျေးဇူးပြုသည်။ တစ်ချက်တည်းသော စိတ္တက္ခဏ၌ ၂-ပါး၊ ၃-ပါးသော များစွာသော အဓိပတိတရားတို့သည် မဖြစ်နိုင်ကုန်။ ထို့ကြောင့် အဓိပတိ (၄)ပါးတို့သည် အတူတကွ ဖြစ်ကုန်သော်လည်း တစ်ခုသော စိတ္တက္ခဏ၌ အဓိပတိသတ္တိအဖြစ် မရှိကုန်။ ထို့ကြောင့် 'အဓိပတိ အဓိပတိသမ္ပယုတ္တကာနံ' စသည်ဖြင့် မဟောပါ။ ထို့ကြောင့် ပဋ္ဌာနအဋ္ဌကထာ၌ -

ပုရိမနယသ္မိဉ္ဟိ ဒွေ တယော ဟေတူ ဧကက္ခဏေပိ ဟေတုပစ္စယော ဟောန္တိ မူလဋ္ဌေန၊ ဥပကာရကဘာဝဿ အဝိဇဟနတော၊ အဓိပတိ ပန ဇေဋ္ဌကဋ္ဌေန ဥပကာရကော၊ န စ ဧကက္ခဏေ ဗဟူ ဇေဋ္ဌကာ နာမ ဟောန္တိ၊ တသ္မာ ဧကတော ဥပ္ပန္နာနမ္ပိ နေသံ ဧကက္ခဏေ အဓိပတိပစ္စယဘာဝေါ နတ္ထိ[၁]-

ဟု မိန့်၏။

စိတ္တာဓိပတိ စသည်တို့လည်း ဤနည်းတူ မှတ်လေ။ အဓိပတိပစ္စယနိဒ္ဒေသ၌ သဟဇာတာဓိပတိသာ လိုရင်းဟု ဆရာတို့ဆိုသည်။ ဝိဘင်္ဂဝါရမှာ အာရမ္မဏာဓိပတိ ရှိသောကြောင့် ဆင်ခြင်။ ထိုဆရာတို့

၁။ ပဉ္စပကရဏ၊ ဋ္ဌ၊ ၃၆၀။

စကားသည် ဆဝါရ နှစ်ချက်စုကို ကြည့်၍ ဆိုဟန်ရှိသည်။

သဟဇာတာဓိပတိ ပြီး၏။

အဓိပတိပစ္စည်း ပြီး၏။

အနန္တရပစ္စည်းမှတ်ရန်

(၄) အနန္တရယတိတိ အနန္တရံ။[၁]

အနန္တရယတိ၊ ခြားတတ်၏။ ဣတိ၊ ကြောင့်။ အနန္တရံ၊ မည်၏။ န အနန္တရံ အနန္တရံ။ မိဿကတပ္ပုရိသော။ မခြားတတ်သော နာမ်တရားရ၏။

န ဝိဇ္ဇတိ ပစ္စယုပ္ပန္နေန သဟ အန္တရံ ဧတဿ ပစ္စယဿာတိ အနန္တရံ။[၂] ဧတဉ္ဇိဗဟုဗ္ဗီဟိ။ ဧတဿ ပစ္စယဿ၊ အား။ ပစ္စယုပ္ပန္နေန၊ နှင့်။ သဟ၊ တကွ။ အန္တရံ၊ ခြားတတ်သော နာမ်တရားသည်။ န ဝိဇ္ဇတိ၊ မရှိ။ ဣတိ- တသ္မာ၊ ကြောင့်။ အနန္တရံ၊ ၏။

တနည်း။ ။ နတ္ထိ အန္တရော ဧတဿာတိ အနန္တရော။ အနန္တရော စ သော ပစ္စယော စာတိ အနန္တရပစ္စယော စသည် ပြုလေ။

(၁) အခြားမရှိသော တရားဟူသည် အဘယ်နည်း။ မိမိ၊ မိမိ- ဟု ဆိုအပ်သော ပစ္စည်း၏ အခြားမရှိသော ကာလ၌ လျော်သော နောက်စိတ္တုပ္ပါဒ်တို့ကို ဖြစ်စေခြင်းငှာ စွမ်းနိုင်သော ရှေးရှေး၌ဖြစ်၍ ချုပ်လေပြီးသော တရားကို အနန္တရပစ္စည်းဟူ၍လည်းကောင်း၊ သမနန္တရပစ္စည်းဟူ၍ လည်းကောင်း ဆိုအပ်ဆိုသင့်ဆိုထိုက်၏။ ထို့ကြောင့် ဋီကာကျော်၌-

အတ္တနော အတ္တနော အနန္တရံ အနုရူပစိတ္တုပ္ပါဒဇနနသမတ္ထော ပုရိမပုရိမနိရုဒ္ဓေါ ဓမ္မော အနန္တရပစ္စယော သမနန္တရပစ္စယောတိ စ ဝုစ္စတိ[၃]- ဟု မိန့်၏။

အတ္တနော အတ္တနော၊ ၏။ အနန္တရံ၊ ၌။ အနုရူပစိတ္တုပ္ပါဒဇနန-

၁။ အဘိဓမ္မာဝတာရ-ပုရာဏဋီကာ-၂၊ ၃၆၅။ ၂။ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ (ဋီကာကျော်)၊ ၂၄၁။

၃။ ၄င်း။

သမတ္တော၊ လျော်သော နောက်စိတ်အပြွါဒ်တို့ကို ဖြစ်စေခြင်းငှာ စွမ်းနိုင်သော။ ပုရိမပုရိမနိရုဒ္ဓေါ၊ ရှေးရှေး၌ ဖြစ်၍ ချုပ်လေပြီးသော။ ဓမ္မော၊ ကို။ အနန္တရပစ္စယောတိ စ၊ လည်းကောင်း။ သမနန္တရပစ္စယောတိ စ၊ လည်းကောင်း။ ဝုစ္စတိ၊ ၏။

အဘယ့်ကြောင့် တစ်ခုတည်းသော တရားကို အနန္တရ၊ သမနန္တရ ဟူ၍ ဆိုအပ်သနည်း။ ထိုပစ္စည်း နှစ်ပါးတို့၏ အထူး မရှိကောင်းသလော ဟူမူ၊ ထိုပစ္စည်း နှစ်ပါးတို့၏ တရားကိုယ်အားဖြင့် အထူး မရှိ။ သဒ္ဒါမျှသာ ထူး၏ ဟူပေ။

ဗျဉ္ဇနမတ္တေနေဝ ဟိ နေသံ ဝိသေသော၊ အတ္ထတော ပန ဥဘယမ္ပိ သမနန္တရနိရုဒ္ဓဿေဝါဓိဝစနံ၊ န ဟိ တေသံ အတ္ထတော ဘေဒေါ ဥပလဗ္ဘတိ။[၁] (ဋီကာကျော်)

ဟိ- တဒေဝယုတ္တံ၊ ပုရိမပုရိမ (လ) ဝုစ္စတိ- ဟု ငါဆိုအပ်ပြီးသော စကားသည် သင့်လှ၏။ ဗျဉ္ဇနမတ္တေနေဝ၊ အနန္တရ၊ သမနန္တရ ဟူ၍ သဒ္ဒါမျှသာလျှင်။ နေသံ၊ ထိုပစ္စည်း နှစ်ပါးတို့၏။ ဝိသေသော၊ သည်။ ဟောတိ၊ ၏။ အတ္ထတော ပန၊ သဘာဝတ္ထ အားဖြင့်ကား။ ဧတံ ဥဘယမ္ပိ၊ ထိုပစ္စည်း ၂-ပါးတို့၏ အပေါင်းသည်လည်း။ သမနန္တရ-နိရုဒ္ဓဿေဝ၊ ကောင်းစွာ အခြားမဲ့၌ ချုပ်ပြီးသော တရား၏သာလျှင်။ အဓိဝစနံ၊ အမည်တည်း။ နေသံ၊ တို့၏။ အတ္ထတော၊ သဘာဝတ္ထ အားဖြင့်။ ဘေဒေါ၊ အထူးအပြားကို။ န ဥပလဗ္ဘတိ- န ဥပလဗ္ဘတိ ဧဝ၊ မရအပ်သည်သာလျှင်တည်း။

ကေစိဆရာတို့အလို အနန္တရ နှင့် သမနန္တရ

(၂) ကေစိဆရာတို့၏အလိုကား အနန္တရနှင့် သမနန္တရ သဒ္ဒါနှစ်ပါးကို အထူးကြံ၏။ အဘယ်သို့ ကြံသနည်းဟူမူ၊ အသညသတ်နှင့်

၁။ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ (ဋီကာကျော်)၊ ၂၄၁။

နိရောဓသမာပတ်ဝင်စားသော ပုဂ္ဂိုလ်တို့မှာ နာမ်တရား အခြားမရှိခြင်းကြောင့် အနန္တရပစ္စည်းရ၏ဟုဆိုလျှင် ဆိုတန်စေ။ ၎င်းပုဂ္ဂိုလ်များမှာ ကမ္ဘာ (၅၀၀)ကာလ၊ ခုနစ်ရက်စသည် ကာလခြားသောကြောင့် သမနန္တရပစ္စည်း ရ၏ဟု မဆိုထိုက်။ ဤကား အရှင်ရေဝတ၏ အလိုတည်း။ ထို့ကြောင့် အဋ္ဌကထာ၌ -

အဒ္ဓါနန္တရတာယ အနန္တရပစ္စယော၊ ကာလာနန္တရတာယ သမနန္တရပစ္စယောတိ အာစရိယာနံ မတံ[၁]- ဟု မိန့်၏။

အဒ္ဓါနန္တရတာယ၊ နာမ်တရားတစ်ပါး အခြားမရှိသည်၏အဖြစ်ကြောင့်။ အနန္တရပစ္စယော၊ မည်၏။ ကာလာနန္တရတာယ၊ ကာလအခြားမရှိသည်၏ အဖြစ်ကြောင့်။ သမနန္တရပစ္စယော၊ မည်၏။ ဣတိ၊ သို့။ အာစရိယာနံ၊ သျှင်ရေဝတ ဆရာတို့၏။ မတံ၊ အလိုတည်း။

ဤသို့ယူခဲ့သော် အဘယ်အပြစ် ရောက်သနည်း။ **နိရောဓာ ဝုဋ္ဌဟန္တဿ နေဝသညာနာသညာယတနကုသလံ ဖလသမာပတ္တိယာ သမနန္တရပစ္စယေန ပစ္စယော**[၂]- ဟူသော ပဋ္ဌာနပါဠိရပါဠိတော်နှင့် ဖြောင့်ဖြောင့် ဆန့်ကျင်၏။ သို့ဖြစ်၍ မယူအပ်၊ မယူသင့်ဟု သေသေချာချာ မှတ်လေ။ (အဋ္ဌကထာနှင့်ဋီကာကျော် စကား။)

(၃) အနန္တရနှင့် သမနန္တရမှာ၊ သမနန္တရတွင် သံ-ဟူသော ဥပသာရပုဒ် ထည့်စွက်၍ ဟောတော်မူသောကြောင့် သဲအင်းသာသနာပိုင်ဆရာတော်က "စကြဝတေးမင်း၏ နတ်ရွာလားခြင်း၊ ရဟန်းပြုခြင်းစသည်ဖြင့် သားကြီးရတနာ အား အဘိသိတ် သွန်းခြင်းငှာ ကျေးဇူးပြုသကဲ့သို့" ဟု ဖောဖနာသည်။ သဘာဝတ္ထ ထူးသောကြောင့် ဖောဖနာသည်မဟုတ်ပေ။ ဋီကာကျော်၌ -

ပုဗ္ဗမေဝ္မနိရောဓဿ ဟိ ပဏ္ဍာဇာတမ္မေပွါဒနဿ စ အန္တရာဘာဝေန

၁။ ပဋ္ဌပကရဏ၊ ဋ္ဌ၊ ၃၄၆။ ၂။ ပဋ္ဌာန၊ ပါဠိ-၁၊ ၁၃၈။(ပဋ္ဌပကရဏ၊ ဋ္ဌ၊ ၃၄၆)။

ဥပ္ပါဒနသမတ္ထတာယ နိရောဓော အနန္တရပစ္စယတာ၊ ဣဒမိတော ဥဒ္ဓံ၊ ဣဒံ ဟေဋ္ဌာ၊ ဣဒံ သမန္တတောတိ၊ ဝိဘာဂါဘာဝေန အတ္တနာ ဧကတ္တံ ဥပနေတွာ ဝိယ သုဋ္ဌု အနန္တရဘာဝေန ဥပ္ပါဒေတုံ သမတ္ထံ ဟုတွာ နိရောဓော သမနန္တရပစ္စယတာတိ ဧဝံ ဗျဥ္ဇနမတ္တတော ဘေဒေါ[၁]- စသော ပါဌ်ကို ထောက်။

ဟိ- တပ္ပါကဋီကရောမိ၊ အံ့။ ပုဗ္ဗဓမ္မနိရောဓဿ စ၊ ရှေး၌ဖြစ်သော ပစ္စည်းတရားတို့၏ ချုပ်ခြင်းကိုလည်းကောင်း။ ပစ္ဆာဇာတဓမ္မုပ္ပါဒနဿ စ၊ နောက်ဖြစ်သော ပစ္စယုပ္ပန်တရားတို့၏ ဖြစ်ခြင်းကိုလည်းကောင်း။ အန္တရာဘာဝေန၊ ခြားတတ်သော နာမ်တရား တစ်ပါး မရှိသည်၏အဖြစ်ကြောင့်။ တေသံ ဓမ္မာနံ၊ တို့ကို။ (ဥပ္ပါဒန၌ စပ်)၊ ဥပ္ပါဒနသမတ္ထတာယ၊ မပြတ် ဖြစ်စေခြင်းငှာ စွမ်းနိုင်သည်၏ အဖြစ်အားဖြင့်။ နိရောဓော၊ သည်။ အနန္တရပစ္စယတာ၊ မည်၏။ ဣဒံ၊ ဤပစ္စယုပ္ပန်တရားသည်။ ဣတော၊ ဤပစ္စည်းတရားမှ။ ဥဒ္ဓံ၊ အထက်က၊ ဝါ-၌။ ဋ္ဌိတံ၊ ၏။ ဣဒံ၊ ဤပစ္စယုပ္ပန်တရားသည်။ ဣမဿ၊ ဤပစ္စည်းတရား၏။ ဟေဋ္ဌာ၊ အောက်က၊ ဝါ- ၌။ ဋ္ဌိတံ၊ ၏။ ဣဒံ၊ သည်။ ဣမဿ ပစ္စယဿ၊ ၏။ သမန္တတော၊ ထက်ဝန်းကျင်ပတ်လည်မှ။ ဋ္ဌိတံ၊ ၏။ ဣတိ၊ သို့။ ဝိဘာဂါဘာဝေန၊ ခွဲဝေခြင်း၏ မရှိသည်၏အဖြစ်ဖြင့်၊ ဝါ- ကြောင့်။ အတ္တနာ၊ နှင့်။ ဧကတ္တံ ဝိယ၊ တူသည်၏ အဖြစ်ကဲ့သို့။ ပစ္စယုပ္ပန္နံ ကို။ ဥပနေတွာ၊ ဆောင်၍။ သုဋ္ဌု၊ ကောင်းစွာ။ အနန္တရဘာဝေန၊ မပြတ် ဖြစ်သည်၏ အဖြစ်ဖြင့်။ ဥပ္ပါဒေတုံ၊ နောက် စိတ္တုပ္ပါဒ်ကို ဖြစ်စေခြင်းငှာ။ သမတ္ထံ၊ စွမ်းနိုင်သည်။ ဟုတွာ၊ ၍။ နိရောဓော၊ သည်။ သမနန္တရပစ္စယတာ၊ မည်၏။ ဣတိ ဧဝံ၊ သို့။ တေသံ၊ ထိုပစ္စည်း ၂-ပါးတို့၏ (ထည့်)။ ဗျဥ္ဇနမတ္တတော၊ သဒ္ဒါမျှဖြင့်သာလျှင်။ ဘေဒေါ- ဝိသေသော၊ သည်။ ဟောတိ၊ ၏။

၁။ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ (ဋီကာကျော်)၊ ၂၄၂။

အဋ္ဌကထာ၌ -

ဥပစယသန္တတိအာဒီသု ဝိယ, အဓိဝစနနိရုတ္တိဒုကာဒီသု ဝိယ စ, အတ္ထတော ပန နာနံ နတ္ထိ[၁]- ဟု မိန့်၏။

ဥပစယနှင့် သန္တတိကဲ့သို့လည်းကောင်း၊ အဓိဝစနဒုက်နှင့် နိရုတ္တိဒုက် ကဲ့သို့လည်းကောင်း၊ သဘာဝတ္ထအားဖြင့် အထူးမရှိ ဆိုလေသည်။

နိရောဓသမာပတ်၊ အသညသတ်ပုဂ္ဂိုလ်တို့ ပစ္စည်းတပ်နိုင်ပုံ

(၄) အဓိပ္ပာယ်ကား။ ။ သမာပတ်ရှစ်ပါးနှင့် ပြည့်စုံသော အနာဂါမ် ရဟန္တာပုဂ္ဂိုလ်တို့သည် ဈာန်ရှစ်ပါးကို အစဉ်အတိုင်း ဝင်စား၊ အစဉ်အတိုင်း ဆင်ခြင်ပြီးလျှင် နေဝသညာနာသညာယတန ကုသိုလ်, ကြိယာဇော ၂-ကြိမ် ဖြစ်၍ စိတ် စေတသိက် စိတ္တဇရုပ်တို့၏ ချုပ်ခြင်းသို့ ရောက်၏။ သမာပတ်မှ ထသောအခါ အနာဂါမိဖိုလ်, အရဟတ္တဖိုလ်အား သတ္တာဟ၊ ဆာဟ စသည် ခြားသော်လည်း အနန္တရ, သမနန္တရ သတ္တိဖြင့် ကျေးဇူးပြု၏။ သဗ္ဗေ သတ္တာ အာဟာရဋ္ဌိတိကာ- ဟု မိန့်သောကြောင့် ကာမဘုံ၌ အလွန်အားဖြင့် ခုနစ်ရက်၊ အယုတ်အားဖြင့် နာရီပိုင်းခြား ဝင်စားနိုင်သေး၏။ ရူပဘုံ၌ကား ခုနစ်ရက်ထက် လွန်၍ ဝင်စားနိုင်၏။ အကျယ်လိုမူ မဏိသာရမဥ္ဇူမှာ ယူ။

အသညသတ်ဘုံ၌ ရှေးဖြစ်သော ကာမသုဂတိ စုတိစိတ်နှင့် ဘိန္နဇာတိက ပြားသော ဇာတ်ရှိသော ဇီဝိတနဝကရုပ်ဖြင့် ကမ္ဘာ(၅၀၀) ကာလခြားသော်လည်း၊ အသညသတ်ဘုံမှ ရုပ်စုတိကျ၍ ကာမသုဂတိ ပဋိသန္ဓေသည် အနန္တရ, သမနန္တရသတ္တိ ရ၏ဟု မှတ်လေ။

ထို့ကြောင့် မူလဋီကာ၌ -

၁။ ပဥ္စပကရဏ၊ ဋ္ဌ၊ ၃၄၆။

နိရောဓောတိ။ နိရောဓာ ဝုဋ္ဌဟန္တဿ နေဝသညာနာသညာ-ယတနဖလသမာပတ္တိနံ့ အသညသတ္တာ စဝန္တဿ ပုရိမစုတိပစ္ဆိမ-ပဋိသန္ဓီနဉ္စ နိရောဓပုပ္ပါဒနိရန္တရတာယ ကာလန္တရတာ နတ္ထိတိ ဒဋ္ဌဗ္ဗာ[၁]- ဟု မိန့်၏။

နိရောဓောတိ၊ ကား။ နိရောဓာ၊ နိရောဓသမာပတ်မှ။ ဝုဋ္ဌဟန္တဿ၊ ထသော အနာဂါမ် ရဟန္တာအား။ နေဝသညာနာသညာယတနဖလသမာ-ပတ္တိနဉ္စ၊ နေဝသညာနာသညာယတန ကုသိုလ်, ကြိယာနှင့် အနာဂါမိဖိုလ် အရဟတ္တဖိုလ်တို့၏လည်းကောင်း။ အသညသတ္တာ၊ မှ။ စဝန္တဿ၊ စုတိသော သတ္တဝါအား။ ပုရိမစုတိပစ္ဆိမပဋိသန္ဓီနဉ္စ၊ ရှေးဖြစ်သော ကာမသုဂတိ စုတိနှင့် နောက်ဖြစ်သော ကာမပဋိသန္ဓေတို့၏လည်းကောင်း။ နိရောဓုပ္ပါဒနိရန္တရတာယ၊ ခုနစ်ရက် ချုပ်ခြင်း, ကမ္ဘာ ငါးရာစေ့မှ ကာမဘုံ၌ ပဋိသန္ဓေ နေခြင်းတို့၏ နာမ်တရား အခြားမရှိသည်၏ အဖြစ်ကြောင့်။ ကာလန္တရတာ၊ ဆိုခဲ့ပြီးသော ကာလခြားသည်၏ အဖြစ်သည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗာ၊ ၏။

ဤသို့ သဘာဝတ္တတစ်ခုကိုပင်လျှင် အနန္တရ-သဒ္ဒါ၊ သမနန္တရ-သဒ္ဒါဖြင့် ဟောမှ သိခြင်းငှာ စွမ်းနိုင်သော နတ်လူပြဟ္မာ ဝေနေယျလည်း ရှိ၍ ဝေနေယျဇ္ဈာသယ၊ ဒေသနာဝိလာသဖြင့် မြတ်စွာဘုရား ဟောတော်မူသည်။ သံ-ဟူသော ဥပသာရ ထည့်စွက်ခြင်းသာ ထူးသည်ဟု မှတ်လေ။

တသ္မာ ဓမ္မတော အဝိသေသေပိ တထာ တထာ ဗုဇ္ဈနကာနံ ဝေနေယျာနံ ဝသေန ဥပသဂ္ဂတ္ထဝိသေသမတ္တတော ဘေဒေါ ပစ္စေတဗ္ဗောတိ[၂]- ဋီကာကျော်မိန့်၏။

ဝေနေယဇ္ဈာသယ- ဟူသော်ကား လောကဥပမာဖြင့် ထင်စေဦးအံ့။ ဂိဇ္ဈာကို 'လင်းတ'ဟု ပြောမှသိသော ဒေသရှိသည်။

၁။ ပဋ္ဌာနအဋ္ဌကထာ၊ မူလဋီကာ၊ ၁၇၀။ ၂။ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ (ဋီကာကျော်)၊ ၂၄၂။

ဂိန္နာကို 'ထိုးလဆိတ်'ဟု ပြောမှသိသော ဒေသလည်း ရှိသည်။ ပုဂံမြို့က ယုန်ကို 'အမဲမောင်'ဟု ခေါ်သကဲ့သို့လည်းကောင်း၊ အမေ၏မောင် ဦးကြီးကိုပင် အရီး ခေါ်သကဲ့သို့ လည်းကောင်း၊ ဒေသ အသုံးပြုရာလိုက်၍ ဟောသည်ဟူလို။

အနန္တရပစ္စည်းတပ်ပုံ၊ ရဟန္တာတို့စုတိကြဉ်ပုံ

(၅) ပစ္စည်းတပ်ဟန်ကား။ ။ ပဋိသန္ဓေဝီထိချ။ ရှေ့စိတ် ပစ္စည်း၊ နောက်စိတ် ပစ္စယုပ္ပန် ဟုဆိုသောကြောင့် ပဋိသန္ဓေ နာမက္ခန္ဓာ အနန္တရ, သမနန္တရပစ္စည်း၊ ပထမဘဝင် နာမက္ခန္ဓာ ပစ္စယုပ္ပန်၊ ၄င်းစိတ်တို့သည် ယထာရဟ ဖြစ်စေအပ်သော စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊ ဥတုဇရုပ် ပစ္စနိက်။ ပထမ အစရှိသော ရှေးရှေးဘဝင် နာမက္ခန္ဓာ ပစ္စည်း၊ ဒုတိယ အစရှိသော နောက်နောက်ဘဝင် နာမက္ခန္ဓာ ပစ္စယုပ္ပန်၊ ၄င်းတို့သည် ယထာရဟ ဖြစ်စေအပ်သော စိတ္တဇရုပ် (လ) ပဝတ္တိကမ္မဇရုပ် ပစ္စနိက်။ ဇောခုနစ်ကြိမ် စသည်တို့မှာလည်း ရှေးရှေး ပစ္စည်း၊ နောက်နောက် ပစ္စယုပ္ပန်၊ စသည်ဖြင့် ဝီထိရှိသမျှ တပ်လေ။ ပုထုဇဉ်သေက္ခတို့၏ စုတိစိတ် ပစ္စည်း၊ ပဋိသန္ဓေ နာမက္ခန္ဓာ ပစ္စယုပ္ပန်။

ရဟန္တာတို့၏ စုတိ ပစ္စည်း မဆိုရပြီ။ အဘယ့်ကြောင့်နည်း။ ဝဋ်မြစ် မူလ ကင်းပြတ်ပြီး ပုဂ္ဂိုလ်သန္တာန် ဖြစ်သောကြောင့် သုံးချက်စုံ၍ပင် ရဟန္တာတို့၏စုတိ ကြဉ်သောဟု ဝိသေသ မ,၍ ကောက်သည်။

ထို့ကြောင့် ဋီကာကျော်၌ -

ဝူပသန္တဝဋ္ဋမူလသ္မိံ သန္တာနေ သာတိသယံ သန္တဝုတ္တိတာယ ခီဏာသဝဿေဝ စုတိစိတ္တံ ရူပံ န သမုဋ္ဌာပေတိ[၁]- ဟု မိန့်၏။

ဝူပသန္တဝဋ္ဋမူလသ္မိံ၊ ကင်းငြိမ်းပြီးသော ဝဋ်မြစ်ရှိသော။ သန္တာနေ၊ ၌။ သန္တဝုတ္တိတာယ၊ ငြိမ်သက်စွာ ဖြစ်သည်၏အဖြစ်ကြောင့်။

၁။ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ (ဋီကာကျော်)၊ ၂၄၄။

ခီဏာသဝဿေဝ၊ ၏သာလျှင်။ စုတိစိတ္တံ၊ သည်။ ရူပံ၊ ကို။ န သမုဋ္ဌာပေတိ၊ မဖြစ်စေနိုင်။

ဧဝ-သဒ္ဒါဖြင့် ပုထုဇဉ် သေက္ခတို့၏ စုတိကိုကန့်။ ရုပ်ကို မဖြစ်စေနိုင် သောကြောင့် ရဟန္တာတို့စုတိ ကြဉ်သည်ဟု မမှတ်လင့်၊ အလုံးစုံသော သတ္တဝါတို့၏ စုတိစိတ်လည်း ရုပ်ကို မဖြစ်စေနိုင်။

သဗ္ဗေသမ္ပိ စုတိစိတ္တံ ရူပံ န သမုဋ္ဌာပေတိ[၁]- ဟု မူလဋီကာမိန့်၏။ ရဟန္တာတို့၏စုတိ ကြဉ်သော်လည်း ပုထုဇဉ် သေက္ခတို့၏စုတိ ကျန်၍ စိတ်(၈၉) ကောက်၏ဟုမှတ်။ အလျော့မရှိ၊ သတိပြုလေ။ ပစ္စည်းတွန့်၊ ပစ္စည်းတွန်းလေ။ မခဲယဉ်းပြီ။

အနန္တရပစ္စည်း ပြီး၏။

၁။ ဝိဘင်္ဂ၊ မူလဋီကာ၊ ၁၂၈။

သမနန္တရပစ္စည်းမှတ်ရန်

(၅) အနန္တရပစ္စည်းနှင့် သမနန္တရပစ္စည်းတို့ပြီ။

အနန္တရပစ္စည်း၊ သမနန္တရပစ္စည်း ပြီး၏။

သဟဇာတပစ္စည်းမှတ်ရန်

(၆) ပစ္စယုပ္ပန္နေဟိ သဟ ဇာယတီတိ သဟဇာတော။

ယော-ပစ္စယော၊ သည်။ ပစ္စယုပ္ပန္နေဟိ၊ တို့နှင့်။ သဟ၊ တကွ။ ဇာယတိ၊ ဖြစ်တတ်၏။ ဣတိ၊ ကြောင့်။ သော၊ သည်။ သဟဇာတော၊ မည်၏။

အတ္တနော သဟုပ္ပန္နေဟိ ဇာယတီတိ သဟဇာတော တစ်နည်းပြု။ အတ္တနော၊ မိမိဟုဆိုအပ်သော ပစ္စည်း၏။ ဉပ္ပန္နေဟိ၊ ဖြစ်ကုန်သော ပစ္စယုပ္ပန် တရားတို့နှင့်။ သဟ၊ တကွ။ ဇာယတိ၊ ၏။ ဣတိ၊ ကြောင့်။ သဟဇာတော၊ ၏။သဟ-ပုဗ္ဗ၊ ဇာ-ဓာတု၊ တ-ပစ္စယော။ အဘိဓေယျလ္လော စုဒ္ဒသပစ္စယော လဗ္ဘတိ။ သဟဇာတော စ သော ပစ္စယော စာတိ သဟဇာတပစ္စယော- စသည်ပြု။

သဟဇာတ၌ ခဏတ္တယယှဉ်ပုံ အထူး

(၁) ဤသဟဇာတပစ္စည်းသည် မိမိနှင့်အတူတကွ ဖြစ်ကုန်သော ပစ္စယုပ္ပန်တရားတို့အား မိမိနှင့်အတူတကွ ဖြစ်သည်၏အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရားသည် သဟဇာတပစ္စည်း မည်၏။

မိမိဟုဆိုအပ်သော ပစ္စည်းတရား မဖြစ်သေးသည်ရှိသော် မိမိနှင့် ခဏတ္တယတူ ဖြစ်သော ပစ္စယုပ္ပန် တရားတို့၏လည်း မဖြစ်သောကြောင့် ဆီမီးဉပမာနှင့် တူ၏။ အဘယ်သို့ တူသနည်း။ ဆီမီးသည် မညှိမထွန်းသည် ရှိသော် အရောင်အလင်း မဖြစ်သကဲ့သို့ ညှိထွန်းလိုက်သည်ရှိသော် အရောင် အလင်း တစ်ပြိုင်နက်ချင်း ဖြစ်သကဲ့သို့ ဉပါဒ်၌ဘင် အတူတကွ အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရားသည်

သဟဇာတဟူ၍ မှတ်ရမည်။

ထို့ကြောင့် ဋီကာကျော်၌ -

အတ္တနော အနုပ္ပတ္တိယာ သဟုပ္ပန္နာနမ္ပိ အနုပ္ပတ္တိတော ပကာသဿ ပဒီပေါ ဝိယ သဟုပ္ပန္နာနံ သဟုပ္ပါဒဘာဝေန ပစ္စယော သဟဇာတပစ္စယော, အရူပိနော စတုက္ခန္ဓာ, စတ္တာရော မဟာဘူတာ, ပဋိသန္ဓိက္ခဏေ ဝတ္ထုဝိပါကာ စ ဓမ္မာ[၁]- ဟု မိန့်၏။

အဓိပ္ပါယ်ကား။ ။ လေးပါးသော နာမက္ခန္ဓာ၊ လေးပါးသော မဟာဘုတ်၊ ပဉ္စဝေါကာရပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထု စသည်တို့သည် မိမိနှင့်အတူတကွ ဖြစ်ကုန်သော ပစ္စယုပ္ပန်တရားတို့အား အဋ္ဌကထာ အလိုအားဖြင့် ဥပါဒ်ခဏ၌သာ အတူတကွအဖြစ်ဖြင့် ကျေးဇူးပြုသည်။ မူလဋီကာအလို ဥပါဒ်ခဏ, ဌီခဏ ၂-ပါးတို့၌ ကျေးဇူးပြုသည်ဟုမှတ်လေ။

ဥပ္ပဇ္ဇမာနော သဟ ဥပ္ပဇ္ဇမာနဘာဝေန ဥပကာရကော ဓမ္မော သဟဇာတပစ္စယော, ပကာသဿ ပဒီပေါ ဝိယ၊ သော အရူပက္ခန္ဓာဒိဝသေန ဆဗ္ဗိဓော ဟောတိ[၂] (အဋ္ဌကထာ)။

[ဧဝ-သဒ္ဒါဖြင့် ဌီခဏကို မြစ်လေ။]

ဥပ္ပဇ္ဇမာနောဝ သဟုပ္ပါဒဘာဝေနာတိ ဧတ္ထာပိ ဥပ္ပတ္တိယာ ပစ္စယဘာဝေန ပါကဋေန ဌိတိယာပိ ပစ္စယဘာဝံ နိဒဿေတီတိ ဒဋ္ဌဗ္ဗံ[၃] (မူလဋီကာ)။

ဥပ္ပဇ္ဇမာနောဝ သဟုပ္ပါဒဘာဝေနာတိ- ဟူသော ပါဌ်ဖြင့်။ ဧတ္ထာပိ၊ ဤပစ္စည်း၌လည်း။ ဥပ္ပတ္တိယာ၊ ဖြစ်ခြင်းငှာ။ ပစ္စယဘာဝေန၊ ပစ္စည်း၏

၁။ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ (ဋီကာကျော်)၊ ၂၄၂။ ၂။ ပဋ္ဌာနအဋ္ဌကထာ၊ ၃၊ ၃၄၆။
၃။ ၄င်း၊ မူလဋီကာ၊ ၁၇၁။

အဖြစ်ဖြင့်။။ ပါကဋ္ဌေန၊ ထင်ရှားသဖြင့်။ ဋ္ဌိတိယာပိ၊ တည်ခြင်းငှာလည်း။ ပစ္စယဘာဝံ၊ ပစ္စည်း၏အဖြစ်ကို။ နိဒဿေတိ၊ ညွှန်ပြ၏။ ဣတိ၊ သို့။ ဒဋ္ဌဗ္ဗံ၊ သေသေချာချာ မှတ်အပ်၏။

အဋ္ဌကထာဆရာသည် ဥပါဒ်ခဏ၌ ကျေးဇူးပြုသည်ကို ပြသဖြင့်၊ ဝါ-ဋီကာဆရာသည် ဌီခဏ၌လည်း ကျေးဇူးပြုသည်၏ အဖြစ်ကို ပြသည်။ သဟဇာတမျိုးမှန်က ဤနည်းတူ မှတ်လေ။

(၂) ဤသဟဇာတပစ္စည်း၌ ၆-ပါးသော အဖို့ရှိသော သဟဇာတတို့တွင် လေးပါးသော နာမက္ခန္ဓာ, လေးပါးသော မဟာဘုတ်, ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ, ဟဒယဝတ္ထုတို့သည် အချင်းချင်း ဥပါဒ် ဌီ ဘင် ခဏတ္တယ တူရာ၌သာ ပစ္စည်း, ပစ္စယုပ္ပန် အဖြစ်ဖြင့် ကျေးဇူးပြုကြ၏။ ခဏတ္တယ ပြားရာ၌ ကျေးဇူးမပြုဟုမှတ်။ ထို့ကြောင့် ပဋ္ဌာနအဋ္ဌကထာ၌ -

အညမညဉ္ဟိ အညော အညဿ၊ ဣမိနာ ဧတေသံ ဓမ္မာနံ ကောဋ္ဌာသော ပစ္စယဘာဝေနေဝ ပစ္စယုပ္ပန္နဘာဝေန စ ဒီပေတိ[၁]- ဟု မိန့်၏။

ကိဉ္စိ ကာလေ န သဟဇာတပစ္စယေန[၂]- ပါဠ်ဖြင့် ဟဒယဝတ္ထုရုပ်သည် ပဋိသန္ဓေအခါ၌သာ ကျေးဇူးပြု၏။ ပဝတ္တိအခါ ကျေးဇူး မပြုသည်ကို ပြ၏ဟူပေ။

'အချင်းချင်းအားလည်းကောင်း' ဆိုရိုး စာစပ်ပုံ

(၃) သုံးချက်စု၌ 'အချင်းချင်းအား လည်းကောင်း' ဟူသော စကားကို 'တပ်သော အလုံးစုံသော စိတ်တစ်ခုယုတ်ကိုးဆယ်' အစရှိသည်နှင့် စပ်လေ။ 'အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ်၊ ပဋိသန္ဓေ

၁။ ပဉ္စပကရဏ၊ ဋ္ဌ၊ ၃၆၅။ ၂။ ၄င်း၊ ၃၄၇။

ကမ္မဇရုပ်အားလည်းကောင်း' ဟူသော စကားကို 'အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ်အား တပ်သော အလုံးစုံ သော စိတ်တစ်ခုယုတ်ကိုးဆယ်၊ အချင်းချင်း နာမက္ခန္ဓာ ပဋိသန္ဓေ ကမ္မဇရုပ် အား တပ်သော အလုံးစုံသော စိတ်တစ်ခုယုတ်ကိုးဆယ်။' ဤသို့ခွဲ၍ စပ်လေ။

'အချင်းချင်းအား လည်းကောင်း' ဟူသောစကားကို 'တပ်သော စိတ္တဇ မဟာဘုတ် (လ) ပဝတ္တိကမ္မဇ မဟာဘုတ်' နှင့်စပ်။ 'ဥပါဒါရုပ်အား လည်းကောင်း တပ်သော စိတ္တဇ' စသော စကားမှာ 'စိတ္တဇ ဥပါဒါ (လ) ပဝတ္တိကမ္မဇ ဥပါဒါရုပ်အား တပ်သော စိတ္တဇ မဟာဘုတ် (လ) ပဝတ္တိကမ္မဇ မဟာဘုတ်'တို့နှင့် စပ်လေ။ အညမည ပစ္စည်း၌လည်း ဤကဲ့သို့ စာစပ်ကို သိလေ။

သဟာဇာတပစ္စည်းတပ်ပုံ

(၄) စတုဝေါကာရဘုံ၌ ပဝတ္တိ ပဋိသန္ဓေအခါ ပစ္စည်းတပ်ဟန် ကား- အမှတ်မရှိ တစ်ခုခုသော ဝီထိ၌ နာမက္ခန္ဓာ လေးပါးတို့တွင် တစ်ပါးတစ်ပါးသော နာမက္ခန္ဓာ ပစ္စည်း၊ သုံးပါးသုံးပါးသော နာမက္ခန္ဓာ ပစ္စယုပ္ပန်။ သုံးပါးသုံးပါးသော နာမက္ခန္ဓာ ပစ္စည်း၊ တစ်ပါးတစ်ပါးသော နာမက္ခန္ဓာ ပစ္စယုပ္ပန်။ နှစ်ပါးနှစ်ပါးသော နာမက္ခန္ဓာ ပစ္စည်း၊ နှစ်ပါးနှစ်ပါးသော နာမက္ခန္ဓာ ပစ္စယုပ္ပန်။

ပဉ္စဝေါကာရဘုံ၌ ပဝတ္တိအခါ ပစ္စည်းတပ်ဟန်ကား- တစ်ပါးတစ်ပါး သော နာမက္ခန္ဓာ ပစ္စည်း၊ သုံးပါးသုံးပါးသော နာမက္ခန္ဓာ စိတ္တဇရုပ် ပစ္စယုပ္ပန်။ (လ) လေးပါးသော နာမက္ခန္ဓာ ပစ္စည်း၊ စိတ္တဇရုပ် ပစ္စယုပ္ပန်။ စိတ္တဇရုပ်ဟု သာမည ဆိုသော်လည်း ဝေဒနာကို ပစ္စည်းယူလျှင် ဝေဒနာ ဖြစ်စေသော စိတ္တဇရုပ်ကို ယူ။ သညာ, သင်္ခါရ, ဝိညာဏ် ဖြစ်စေသော စိတ္တဇရုပ်ကို မယူလင့်။ ၄င်းတို့ကို ပစ္စည်းတပ်မှ

ငှင်းတို့ဖြစ်စေသော စိတ္တဇရုပ်ကို ယူ။

သဟဇာတမျိုးမှန်က နည်းတူသိ။ ပဉ္စဝေါကာရ ပဋိသန္ဓေအခါ၌ ပဋိသန္ဓေ ကမ္မဇရုပ် ဆိုရသည်သာ ထူးတော့၏။ တစ်ပါးတစ်ပါးသော မဟာဘုတ် ပစ္စည်း၊ သုံးပါးသုံးသော မဟာဘုတ်၊ ဝါ-ဥပါဒါရုပ်နှင့်တကွ ပစ္စယုပ္ပန် (လ) ၄-ပါးသော မဟာဘုတ် ပစ္စည်း၊ ဥပါဒါရုပ် ပစ္စယုပ္ပန်။ ပဉ္စဝေါကာရပဋိသန္ဓေ နာမက္ခန္ဓာ ပစ္စည်း၊ ဟဒယဝတ္ထု ပစ္စယုပ္ပန်။ ဟဒယဝတ္ထု ပစ္စည်း၊ ပဉ္စဝေါကာရပဋိသန္ဓေ နာမက္ခန္ဓာ ပစ္စယုပ္ပန်။ အချင်းချင်းတပ်သည်။

စတ္တာရော ခန္ဓာ အရူပိနော အညမညံ သဟဇာတပစ္စယေန ပစ္စယော (လ) ကိုဋ္ဌိ ကာလေ သဟဇာတပစ္စယေန ပစ္စယော၊ ကိုဋ္ဌိ ကာလေ န သဟဇာတပစ္စယေန ပစ္စယော[1]- ပါဠိတော်အရ တပ်သည်။

ဤပစ္စည်း၌ ပဋိသန္ဓေ ကမ္မဇရုပ် သဟဇာတ ပစ္စယုပ္ပန် ဖြစ်၏။ ပဝတ္တိ ကမ္မဇရုပ် ပစ္စယုပ္ပန် မဖြစ်ဟူလို။

သဟဇာတပစ္စည်း၌ ပစ္စနိက်မထွက်ရခြင်း

(၅) သဟဇာတ၌ ပစ္စနိက်ကို တစ်ပါးသော ပစ္စည်းတို့ကဲ့သို့ ထုတ်သင့် လျက် အဘယ့်ကြောင့် မထုတ်သနည်းဟူမူ ဤပစ္စည်း၌ ပစ္စနိက်တရား ယုတ်လျော့သောကြောင့်၊ ဝါ-မရှိသောကြောင့် မထုတ်ရ ဟူပေ။

သဟဇာတပစ္စယော ပရိဟီနော[2] (ပဋ္ဌာနအဋ္ဌကထာ)။ သဟဇာတပစ္စယော၊ ၌။ ပရိဟီနော၊ ပစ္စနိက်တရား ယုတ်၏၊ ဝါ-မရှိ။

---

[1] ပဋ္ဌာန်၊ ပါဠိ-၁၊ ၅။ [2] ပဉ္စပကရဏ၊ ဋ္ဌ၊ ၄၂၀။

အဘယ့်ကြောင့် ပစ္စနိက်တရား မရှိသနည်း။ ပညတ်နှင့် နိဗ္ဗာန် ကြွင်းသည် မဟုတ်လောဟူမူ၊ ပညတ်နှင့် နိဗ္ဗာန်ကို ပစ္စနိက်ထုတ်၍ မည်သည့်ပစ္စည်းကိုမျှ မဟောသောကြောင့်လည်းကောင်း၊ ထို၂-ပါးတို့နှင့် အတူတကွ ဖြစ်သောတရား မရှိသောကြောင့်လည်းကောင်း၊ ဉပါဒ်ဌီဘင် ခဏတ္တယ မရှိသောကြောင့် တကွဖြစ်၏ဟု မဆိုထိုက်သောကြောင့် လည်းကောင်း၊ တရားကြွင်းသော်လည်း ပစ္စနိက် မထုတ်ရဟူလို။ ဤကား ယုတ္တာယုတ္တိရှိ၍ သုန္ဒရတရ ဖြစ်၏။ ပစ္စည်းတွန့် ပစ္စည်းတွန်းတို့ကို ဟောတုနှင့် အာရမ္မဏ မှီ၍ တွန်းလေ။

သဟာဇာတပစ္စည်း ပြီး၏။

အညမညပစ္စည်းမှတ်ရန်

(၇) ပစ္စယုပ္ပန္နဓမ္မေ အာ အဘိမုခံ ဧတိတော သေတိ ထမ္ဘေတီတိ အညော။

ပစ္စယုပ္ပန္နဓမ္မေ၊ တို့ကို။ အာ အဘိမုခံ၊ ရှေးရှု။ ဧတိတော သေတိ ထမ္ဘေတိ၊ ထောက်ပံ့တတ်၏။ ဣတိ၊ ကြောင့်။ အညော၊ မည်၏။ အာ ဘူသော ပစ္စယုပ္ပန္နဓမ္မေ ဧတိတော သေတိ ထမ္ဘေတီတိ အညော-ပြု။

သံယောဂေ ပရေ ရဿတ္တံ။ အာ-ပုဗ္ဗော၊ ဉ-ဓာတု၊ ဏ-ပစ္စယော၊ အဘိမေယျတ္တော သုကရော။ တတ္ထ ဝိဂ္ဂဟေ ဧကက္ခရကောသဋီကာယံ၊ ကံ ပုရိသံ ဧတိတော သေတီတိ ကညာ ဝိယ ဉဓာတုတော သန္တော္ဘ ဒီပေတွာ၊ အညဿ အညော အညမညော၊ မကာရော ပဒသန္ဓိ ဝသေန ဝုတ္တံ- ဟူလို။

(၁) ဤပစ္စည်း၌ သစ်သား သုံးချောင်းသည် အချင်းချင်း တစ်ချောင်းသည် တစ်ချောင်းကို တည့်မတ်ရန် တစ်ခုနှင့်တစ်ခု ထောက်ပံ့စေသကဲ့သို့၊ မိမိအား အပြန်အလှန် ကျေးဇူးပြုတတ်သော တရားတို့အား ထောက်ပံ့ ခိုင်စေသည်ဖြစ်၍ ကျေးဇူးပြုကြခြင်းသည် အညမညပစ္စည်း မည်၏။ ထို့ကြောင့် ဋီကာကျော်၌ -

အညမညံ ဥပတ္ထမ္ဘနယမာနံ တိဒဏ္ဍံ ဝိယ အတ္တနော ဥပကာရကဓမ္မာနံ ဥပတ္ထမ္ဘကဘာဝေန ပစ္စယော အညမညပစ္စယော[၁]-
ဟုမိန့်၏။

တိဒဏ္ဍံ၊ သစ်သားသုံးခွ တိဒဏ္ဍသည်။ အညမညံ၊ တစ်ခုသည်

၁။ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ (ဋီကာကျော်)၊ ၂၄၃။

တစ်ခုကို။ ဥပတ္ထမ္ဘယမာနံ ဝိယ၊ ထောက်ပံ့ ခိုင်စေသကဲ့သို့။ တထာ၊ ထိုနည်းအလားတူ။ အညမည်၊ တစ်ပါးသည် တစ်ပါးကို။ ဥပတ္ထမ္ဘယမာနံ၊ သည်။ ဟုတွာ၊ ၍။ အတ္တနော၊ မိမိအား။ ဥပကာရကမ္မာနံ၊ တို့အား။ ဥပတ္ထမ္ဘကဘာဝေန၊ အဖြစ်ဖြင့်။ ပစ္စယော၊ သည်။ အညမညပစ္စယော၊ ၏။

ကတည္ုတ ကတဝေဒီ၊ သူ့လက်လာလို့ ကိုယ့်လက်နှင့်တွေ့၊ ဆိုသလို မှတ်ရမည်။

(၂) အညမညပစ္စယနိဒ္ဒေသ၌ သဟဇာတနိဒ္ဒေသ၏ ၆-ပါးသော အဖို့အစုတို့တွင် ရှေ့သုံးပါးသော အဖို့အစုတို့၏ အစွမ်းဖြင့်သာလျှင် အညမညပစ္စည်း ရ၏။ နောက်သုံးပါးကား အပြန်အလှန် မရသောကြောင့် အညမည မရဟုမှတ်လေ။ ထို့ကြောင့် အဋ္ဌကထာ၌ -

အညမညပစ္စယနိဒ္ဒေသေ သဟဇာတပစ္စယနိဒ္ဒေသသ ပုရိမာနံ တိဏ္ဏံ ကောဋ္ဌာသာနံ ဝသေန ပါဠိ အာဂတာ[၁]- ဟု မိန့်၏။

သဟဇာတနှင့် အညမည အထူး

သဟဇာတနှင့် အညမညသည် အတူတကွနှင့် အချင်းချင်း နှစ်ခွဲတစ်တင်းကဲ့သို့ အဓိပ္ပာယ် ရှိရိုသောကြောင့် မထူးသလိုရှိ၏။ ထိုနှစ်ပါးတို့၏ အထူးကား အဘယ်နည်းဟူမူ။ အချင်းချင်း အပြန်အလှန် ထောက်ပံ့တတ်သည်၏ အစွမ်းဖြင့်သာလျှင် ကျေးဇူးပြုသည်၏အဖြစ်သည် အညမညပစ္စည်း၏ အဖြစ် မည်၏။ အတူတကွဖြစ်ခါမျှဖြင့် ကျေးဇူးပြုတတ်သောအဖြစ်သည် အညမညပစ္စည်း၏အဖြစ် မမည်၊ သဟဇာတအဖြစ်သာ မည်၏။ ဤသည်လျှင် ထို ၂-ပါးတို့၏ အထူးတည်း။ ထို့ကြောင့် ဋီကာကျော်၌ -

၁။ ပဋ္ဌာနအဋ္ဌကထာ၊ ၄၊ ၃၆၆။

အညမညတာဝသေနေဝ စ ဥပကာရကတာ အညမညပစ္စယတာ, န သဟဇာတမတ္တေနာတိ အဃမေတေသံ ဒွိန္နံ ဝိသေသော[၁]**-**

ဟု မိန့်၏။

သဟဇာတ (၆) ပစ္စယတွင် ရှေ့သုံးပစ္စယ၌ အညမညံ-ဟု သမ္ဗဒါန် ပါ၍ သဟဇာတနှင့် အညမည တူ၏။ နောက်သုံးပစ္စယ၌ကား အညမညံ မပါသောကြောင့် သဟဇာတသာ ရ၍ အညမည မရ၊ ဤသည်လျှင် ပါဠိတော်လာ အထူး။ ဤကိုရည်၍ ဋီကာဆရာ သဟဇာတနှင့် အညမည အထူးကို ပြ၏ဟုမှတ်။

အညမညပစ္စည်းတပ်ပုံ

(၃) ပစ္စည်းတပ်ဟန်ကား။ ။ အချင်းချင်းအား ထောက်တတ်သော စိတ်တစ်ခုယုတ်ကိုးဆယ်၊ စေတသိက် ၅၂ပညာသ၊ ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ ၄-ပါးတို့တွင် တစ်ပါးတစ်ပါးသော နာမက္ခန္ဓာ ပစ္စည်း၊ သုံးပါးသုံးပါးသော နာမက္ခန္ဓာ ပစ္စယုပ္ပန်။ သုံးပါးသုံးပါသော နာမက္ခန္ဓာ ပစ္စည်း၊ တစ်ပါးတစ်ပါး သော နာမက္ခန္ဓာ ပစ္စယုပ္ပန်။ နှစ်ပါးနှစ်ပါးသော နာမက္ခန္ဓာ ပစ္စည်း၊ နှစ်ပါး နှစ်ပါးသော နာမက္ခန္ဓာ ပစ္စယုပ္ပန်။ နာမက္ခန္ဓာမှ ထောက်အပ်သော စိတ္တဇရုပ်၊ ဟဒယဝတ္ထုမှတစ်ပါး ပဋိသန္ဓေ ကမ္မဇရုပ် ပစ္စနိက်။

တစ်ပါးသော မဟာဘုတ် ပစ္စည်း၊ သုံးပါးသော မဟာဘုတ် ပစ္စယုပ္ပန်။ သုံးပါးသော မဟာဘုတ် ပစ္စည်း၊ တစ်ပါးသော မဟာဘုတ် ပစ္စယုပ္ပန်။ ၂-ပါးသော မဟာဘုတ် ပစ္စည်း၊ ၂-ပါးသော မဟာဘုတ် ပစ္စယုပ္ပန်။ မဟာဘုတ်မှ ထောက်အပ်သော စိတ္တဇဥပါဒါ (လ) ပဝတ္တိ ကမ္မဇဥပါဒါရုပ် ပစ္စနိက်။

၁။ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ (ဋီကာကျော်)၊ ၂၄၃။

အချင်းချင်းမှ ထောက်အပ်သော ပဉ္စဝေါကာရပဋိသန္ဓေ နာမက္ခန္ဓာ ပစ္စည်း၊ ဟဒယဝတ္ထု ပစ္စယုပ္ပန်။ ဟဒယဝတ္ထု ပစ္စည်း၊ ပဉ္စဝေါကာရပဋိသန္ဓေ နာမက္ခန္ဓာ ပစ္စယုပ္ပန်။ ထို့ကြောင့် ပစ္စနိက်၌ ဟဒယဝတ္ထုမှတစ်ပါး ပဋိသန္ဓေ ကမ္မဇရုပ် ထုတ်သည်ဟုမှတ်။

အညမညပစ္စည်း ပြီး၏။

နိဿယပစ္စည်းမှတ်ရန်

(၈) နိဿီယတိ နိဿိတကေဟီတိ နိဿယော။[၁]

ယော ဓမ္မော၊ ကို။ နိဿိတကေဟိ၊ မှီ၍ဖြစ်တတ်ကုန်သော ပစ္စယုပ္ပန်တရားတို့သည်။ နိဿီယတိ၊ မှီ၍ဖြစ်အပ်၏။ ဣတိ-တသ္မာ၊ ကြောင့်။ နိဿယော၊ မည်၏။

သဟဇာတပုရေဇာတ ဘေဒံ ဝိဘဇနဝသေန သေတိ ပဝတ္တတီတိ နိဿယော။ သဟဇာတနိဿယ၊ ပုရေဇာတနိဿယ အပြားကို ဝေဖန်သည်၏ အစွမ်းဖြင့် ဖြစ်တတ်သောကြောင့် နိဿယ မည်၏။ အဓိဋ္ဌာနာကာရ ဝသေန ဝါ နိဿယာကာရ ဝသေန ဝါ ပစ္စယုပ္ပန္နဓမ္မေဟိ သိယတေ နိဿီယတေတိ နိဿယော။ ပစ္စယုပ္ပန်တရားတို့သည် တည်ရာဖြစ်သော အခြင်းအရာ၏ အစွမ်းအားဖြင့်လည်းကောင်း၊ မှီရာဖြစ်သော အခြင်းအရာ၏ အစွမ်းအားဖြင့် လည်းကောင်း၊ မှီ၍ဖြစ်သောကြောင့် နိဿယ မည်၏။ နိ-ပုဗ္ဗော၊ သိ-ဓာတု၊ ဏ-ပစ္စယော၊ အဘိဓေယျတ္ထော ပန ဟေဋ္ဌာ ဝုတ္တနယော ဝေဒိတဗ္ဗော။

(က) ဥပမာ။ ။ ပုဆိုးသည်၊ ဝါ-အရုပ်ရေးရန် ပိတ်ကားသည် ဆန်းကျယ်သော ပန်းချီဆေးအား မှီရာ၏အဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့၊ ပထဝီဘူတရုပ်သည် သဟဇာတ်ဖြစ်ကြသော နာမ်ရုပ်တရားတို့အား မှီရာ၏ အဖြစ်ဖြင့် ကျေးဇူးပြု၏။ မြေကြီးသည် သစ်ပင်, တောင် အစရှိသည်တို့အား တည်ရာအဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့၊ ၆-ပါးသော ဝတ္ထုရုပ်တို့သည် သတ္တဝိညာဏဓာတ်တို့အား တည်ရာ၏အဖြစ်ဖြင့် ကျေးဇူးပြု၏ဟူလို။

၁။ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ (ဋီကာကျော်)၊ ၂၄၃။

ထို့ကြောင့် ဋီကာကျော်၌ -

စိတ္တကမ္မသာ ပဉ္စော ဝိယ သဟဇာတနာမရူပါနံ နိဿယဘူတာ စတုက္ခန္ဓာ, တရုပဗ္ဗတာဒီနံ ပထဝီ ဝိယ အာဓာရဏာဝေါယေဝ သဟဇာတရူပသတ္တဝိညာဏဓာတူနံ ယထာက္ကမံ နိဿယာ ဘူတရူပံ, ဝတ္ထု စာတိ ဣမေ နိဿယပစ္စယော နာမ နိဿီယတိ နိဿိတကေဟီတိ ကတွာ[၁]- ဟု မိန့်၏။

ပဉ္စော၊ ပုဆိုးသည်။ စိတ္တကမ္မသာ၊ ဆန်းကျယ်သော ပန်းချီဆေး အမှု၏။ နိဿယဘူတော ဝိယ၊ မှီရာဖြစ်သကဲ့သို့။ သဟဇာတနာမရူပါနံ၊ တို့၏။ နိဿယဘူတာ၊ ကုန်သော။ စတုက္ခန္ဓာ စ၊ လေးပါးသော ခန္ဓာတို့သည် လည်းကောင်း။ ပထဝီ၊ သဿမ္ဘာရဖြစ်သော ပြကတေ့ မြေကြီးသည်။ တရုပဗ္ဗတာဒီနံ၊ သစ်ပင် တောင် အစရှိသည်တို့၏၊ ဝါ- တို့အား။ အာဓာရော ဝိယ၊ တည်ရာ ဖြစ်သကဲ့သို့။ အာဓာရဏာဝေါယေဝ၊ တည်ရာ အဖြစ်အားဖြင့် သာလျှင်။ သဟဇာတရူပသတ္တဝိညာဏဓာတူနံ၊ အတူတကွဖြစ်သော ရုပ် သတ္တဝိညာဏဓာတ်တို့၏။ ယထာက္ကမံ၊ အစဉ်အတိုင်း။ နိဿယာ၊ ကုန်သော။ ဘူတရူပဥ္စ၊ ဘူတရုပ်လည်းကောင်း။ ဝတ္ထု စ၊ ၆-ပါးသော ဝတ္ထုရုပ် လည်းကောင်း။ ဣတိ- ဣမေ ဓမ္မာ၊ တို့သည်။ နိဿိတကေဟိ၊ မှီ၍ ဖြစ်တတ်ကုန်သော တရားတို့သည်။ နိဿီယတိ၊ မှီ၍ ဖြစ်အပ်၏။ ဣတိ ကတွာ၊ ဤသို့သော ဝစနတ္ထကြောင့်။ နိဿယပစ္စယော နာမ၊ မည်၏။

ပဋ္ဌာနအဋ္ဌကထာ၌လည်း -

အဓိဋ္ဌာနာကာရေန နိဿယာကာရေန စ ဥပကာရကော ဓမ္မော နိဿယပစ္စယော, တရုစိတ္တကမ္မာဒီနံ ပထဝီပဋာဒယော ဝိယ[၂]- ဟု မိန့်၏။

၁။ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ (ဋီကာကျော်)၊ ၂၄၃။ ၂။ ပဉ္စပကရဏ၊ ဌ၊ ၃၄၇။

မူလဋီကာ၌လည်း -

တရအာဒီနံ ပထဝီ ဝိယ အဓိဋ္ဌာနာကာရေန ပထဝီဓာတု သသဓာတူနံ, စက္ခာဒယော စ စက္ခုဝိညာဏာဒီနံ ဥပကာရကာ စိတ္တကမ္မသ ပဋ္ဌာဒယော ဝိယ[၁]- ဟု လာ၏။

ပိဏ္ဍတ္ထကား။ ။ ပထဝီဘူတရုပ်၊ ၆-ပါးသော ဝတ္ထုရုပ်တို့သည် စက္ခုဝိညာဏဓာတ် အစရှိသည်တို့အား တည်ရာ၏အဖြစ်ဖြင့် ကျေးဇူးပြုကြ၏။ ကြွင်းသော ဘူတရုပ် သုံးခုအပေါင်းသည် သဟဇာတဖြစ်သော ရုပ်တို့အား တည်ရာ၏အဖြစ်ဖြင့် ကျေးဇူးမပြု၊ မှီရာအဖြစ်ဖြင့်သာ ကျေးဇူးပြုကြ၏ ဟု မှတ်ရမည်။ အနုဋီကာ၌လည်း-

ပထဝီဓာတုယံ ပတိဋ္ဌာယ ဇဝ သသဓာတုယော ဥပါဒါရူပါနိ ဝိယ ယထာသကကိစ္စံ ကရောန္တီတိ ဝုတ္တံ အဓိဋ္ဌာနာကာရေန ပထဝီဓာတု သသဓာတူနံ[၂]- ဟု မိန့်၏။

ပထဝီဘူတရုပ် တည်သောကြောင့်သာလျှင် ကြွင်းသော ဘူတရုပ် သုံးပါးတို့သည် ဥပါဒါရုပ်ကဲ့သို့ ပထဝီဘူတရုပ်ကို မှီ၍ မိမိကိစ္စကို ပြုကြ ကုန်သည် ဟုမှတ်။

သဟဇာတနှင့် သဟဇာတနိဿယ အထူး

(ခ) ထိုနိဿယပစ္စည်းသည် သဟဇာတနိဿယ၊ ဝတ္ထုပုရေဇာတ-နိဿယ၊ ဝတ္ထာရမ္မဏပုရေဇာတနိဿယအားဖြင့် သုံးပါးပြား၏။ ထိုတွင် သဟဇာတနိဿယသည် သဟဇာတနှင့်တူ၏ဟု သုံးချက်စု၍ ညွှန်းသော်လည်း သဟဇာတသည် ပစ္စည်း, ပစ္စယုပ္ပန် အတူတကွဖြစ်ခြင်းမျှ လက္ခဏာတစ်ပါးသာ ရှိသည်။ သဟဇာတနိဿယ မှာမူ အတူတကွလည်းဖြစ်၊ မှီရာလည်းဖြစ်၊ လက္ခဏာနှစ်ပါး ရှိသည်။

၁။ ပဋ္ဌာနပကရဏ၊ မူလဋီကာ၊ ၁၇၁။ ၂။ ၎င်း၊ အနုဋီကာ၊ ၂၃၀။

သို့ဖြစ်၍ ပစ္စယာကာရသတ္တိ ထူးသေးသည်ဟု မှတ်ရမည်။

ဝတ္ထုပုရေဇာတနိဿယပစ္စည်းတပ်ပုံ

(၁-၁) ဝတ္ထုပုရေဇာတနိဿယ ပစ္စည်းတပ်ဟန်ကား။ ။ ပဋိသန္ဓေနှင့်အတူ ဥပါဒ်သော ဘဝင်ချွင်းလျှင် မန္ဒာယုက၊ အမန္ဒာယုက၊ မဇ္ဈိမာယုကအားဖြင့် သုံးပါးသော စက္ခုဝတ္ထုတို့တွင် မဇ္ဈိမာယုကဖြစ်၍ ရှေးဦးအစ အတီတဘဝင် တစ်ချက်နှင့် အတူ ဥပါဒ်သော စက္ခုဝတ္ထုရုပ်သည် စက္ခုဝိညာဏ်စိတ်၏ ဥပါဒ်သို့ရောက် သောအခါ ဌီသို့ရောက်သည်ဖြစ်၍ ဝတ္ထုပုရေဇာတ ပစ္စည်း၊ စက္ခုဝိညာဏ်ဒွေး၊ သဗ္ဗစိတ္တသာဓာရဏ စေတသိက် (၇)ခုတို့သည် ပစ္စယုပ္ပန်။ သောတဝတ္ထု (လ) ကာယဝတ္ထု တို့လည်း သိလေ။ လက္ခဏာကား ဝတ္ထုလည်း ဖြစ်၊ ရှေးလည်း ဖြစ်၊ မှီရာလည်း ဖြစ်၊ ဌီသို့ရောက်ဆဲ၊ ဤအခါ ကျေးဇူးပြု၏ဟုမှတ်။

ပဋိသန္ဓေနှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုသည် သဟဇာတ- နိဿယ ပစ္စည်း၊ ပဋိသန္ဓေစိတ်သည် သဟဇာတနိဿယ ပစ္စယုပ္ပန်။ ဝတ္ထုပုရေဇာတနိဿယ ပစ္စည်း မရ။ အဘယ့်ကြောင့် မရသနည်း။ ဝတ္ထုနော ဒုဗ္ဗလတာယ၊ (အဋ္ဌကထာဟိတ်)။ ဝတ္ထုရုပ် အားနည်းသော ကြောင့်၊ ဝါ-ဝတ္ထုသာဖြစ်၊ ပုရေ ရှေးမဖြစ်၊ နိဿယ မှီရာဖြစ်၏။ အတူတကွဖြစ်၍ မှီရာသာဖြစ်သောကြောင့် သဟဇာတသာ ရ၏ဟု မှတ်လေ။

ပုရိမပုရိမစိတ္တက္ခဏုပ္ပန္နေ ဟဒယဝတ္ထုသ္မိံ ဥတ္တရုတ္တရာနိ ပဝတ္တန္တိ[၁]- ဟူသည်နှင့်အညီ

ပဋိသန္ဓေနှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုသည် ပထမဘဝင်၏ ဥပါဒ်သို့ ရောက်သောအခါ ဌီသို့ ရောက်သည်ဖြစ်၍ ပစ္စည်း၊

၁။ မူလဋီကာ၊ အနုဋီကာ၊ ၄၀။

ပထမဘဝင်စိတ် ပစ္စယုပ္ပန် (လ) သောဠသမဘဝင်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု ပစ္စည်း၊ မနောဒွါရာဝဇ္ဇန်းစိတ် ပစ္စယုပ္ပန်။ ၎င်းနှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု ပစ္စည်း၊ ဘဝနိကန္တိက လောဘမူ ပထမဇော ပစ္စယုပ္ပန် (လ) သတ္တမဇောနှင့် အတူ ဥပါဒ်သော ဟဒယဝတ္ထု ပစ္စည်း၊ ပထမဘဝင် ပစ္စယုပ္ပန်။ ဤသို့ စသည်ဖြင့် တပ်လေ။

ပဝတ္တိအခါ ပဉ္စဒွါရ, မနောဒွါရ ဝီထိဵ ရှေးရှေးနှင့်အတူ ဖြစ်သော ဟဒယဝတ္ထု ပစ္စည်း၊ နောက်နောက် စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်။ ပဉ္စဒွါရာဝဇ္ဇန်းနှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကား သဟဇာတနိဿယ သာတပ်၍၊ ဝတ္ထုပုရေဇာတနိဿယ မတပ်ဟုမှတ်။ အဘယ့်ကြောင့်နည်း။ စက္ခုဝိညာဏ် သည် စက္ခုဝတ္ထုကိုသာ မှီသောကြောင့်တည်း။ စက္ခုဝိညာဏ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု ပစ္စည်း၊ သမ္ပဋိစ္ဆိုင်း ပစ္စယုပ္ပန်။

ဤသို့ စသည်ဖြင့် နိရောဓသမာပတ္တိဝီထိ ချပြီးလျှင် အနာဂါမ်အား အနာဂါမိဖိုလ်၊ ရဟန္တာအား အရဟတ္တဖိုလ်စိတ်သည် ခဏတိုင်း ခဏတိုင်း ဖြစ်သော ဟဒယဝတ္ထု၊ ချုပ်ခါနီးဆဲဆဲဖြစ်သော ဟဒယဝတ္ထု၊ ဤဟဒယဝတ္ထု တို့တွင် မိမိ၏ ရှေးစိတ္တက္ခဏ တစ်ချက်ခန့်ကာလ၌ ဖြစ်သော ဟဒယဝတ္ထု ပစ္စည်း၊ အနာဂါမိဖိုလ်, အရဟတ္တဖိုလ်စိတ် ပစ္စယုပ္ပန်။

မရဏာသန္နအခါ စုတိစိတ်မှပြန်၍ ရေသည်ရှိသော် တစ်ဆယ့်ခုနစ်ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု ပစ္စည်း၊ ပဉ္စဝေါကာရဘဝင် တစ်ဆယ့်ငါး၊ အာဝဇ္ဇန်းနွေး၊ သမ္ပဋိစ္ဆိုင်းနွေး၊ သန္တီရဏ သုံးခု၊ ဝုဋ္ဌော၊ မရဏာသန္နဇော(၅)ကြိမ်၊ တဒါရုံ၊ စုတိစိတ္တုပ္ပါဒ်တို့သည် ပစ္စယုပ္ပန်၊ အဘယ့်ကြောင့် ဤသို့ ပစ္စည်း တပ်ရသနည်း။ ဝတ္ထုရုပ် အသစ် မဖြစ်သောကြောင့်တည်း။

မဏိသာရမဉ္ဇူအလို မန္ဒ-အမန္ဒ-မဇ္ဈိမာယုက ယူပုံ

(၁-၂) စကားအလျဉ်းသင့်သောကြောင့် မန္ဒာယုက, အမန္ဒာယုက, မဇ္ဈိမာယုကတို့ကို ပြဦးအံ့။ ပဥ္စဝတ္ထုဋ္ဌ သုံးပါးသော စက္ခုဝတ္ထုတို့တွင် အဘယ့်ကြောင့် မန္ဒာယုက မည်သနည်း။

တတော ပုရိမက္ခဏေသု ဥပ္ပန္နာ သတ္တတိံသ စက္ခာဒိပဉ္စပသာဒါ မန္ဒာယုကာ နာမ၊ ဒုတိယတဒါရမ္မဏနိရောဓတော ပုဗ္ဗေ နိရုဇ္ဈနတော[၁]- ဟု မဏိသာရမဉ္ဇူ မိန့်သောကြောင့် ဟူပေ။

ပိဏ္ဍတ္ထကား။ ။ တတော၊ ထိုအတီတဘဝင်မှ။ ပုရိမက္ခဏေသု၊ ရှေးဖြစ်သောခဏတို့၌။ ဥပ္ပန္နာ၊ ဖြစ်ကုန်သော။ သတ္တတိံသ၊ သုံးဆယ့်ခုနစ်ပါး ကုန်သော။ စက္ခာဒိပဉ္စပသာဒါ၊ စက္ခု စသော ငါးပါးသော ပသာဒရုပ်တို့သည်။ ဒုတိယတဒါရမ္မဏနိရောဓတော၊ ဒုတိယတဒါရုံ ချုပ်သည်မှ၊ ဝါ-ဒုတိယ တဒါရုံ မချုပ်မီ။ ပုဗ္ဗေ၊ ရှေး၌။ နိရုဇ္ဈနတော၊ ချုပ်သောကြောင့်။ မန္ဒာယုကာ နာမ၊ တိုသော အသက်ရှိသည် မည်ကုန်၏။

အဘယ့်ကြောင့် အမန္ဒာယုက မည်သနည်း။

တတော ပစ္ဆိမက္ခဏေသု ဥပ္ပန္နာ ကောဒသ စက္ခာဒိပဉ္စပသာဒါ အမန္ဒာယုကာ နာမ၊ ဒုတိယတဒါရမ္မဏနိရောဓတော ပစ္ဆာ နိရုဇ္ဈနတော[၂]- ဟု မဏိသာရမဉ္ဇူ မိန့်သောကြောင့်တည်း။

ပိဏ္ဍတ္ထကား။ ။ အတီတဘဝင် ဌီမှစ၍ နောက်ဖြစ်သော ခဏတို့၌ ဖြစ်ကုန်သော တစ်ဆယ့်တစ်ပါးသော စက္ခု အစရှိသော ပသာဒရုပ်တို့သည် ဒုတိယ တဒါရုံချုပ်သည်မှ နောက်အဖို့၌ ချုပ်သောကြောင့်၊ ဝါ- ဒုတိယ တဒါရုံ၏နောက်မှ ချုပ်သောကြောင့်၊

၁။ မဏိသာရမဉ္ဇူသာ ဋီကာ။ ၂။ ၄င်း။

ရှည်သော အသက်ရှိ၍ အမန္ဒာယုက မည်၏ဟုမှတ်။

အဘယ့်ကြောင့် မဇ္ဈိမာယုက မည်သနည်း။

အတီတဘဝင်္ဂဿ ဥပါဒက္ခဏေ ဥပ္ပန္နာ ပဉ္စပသာဒါ မဇ္ဈိမာယုကာ နာမ၊ ဒုတိယတဒါရမ္မဏေန သဒ္ဓိံ နိရုဇ္ဈနတော[၁]- ဟု မဏိသာရမဉ္ဇူ မိန့်သောကြောင့်တည်း။

ပိဏ္ဍတ္ထကား။ ။ အတီတဘဝင်၏ ဥပါဒ်ခဏဝ၌ ဖြစ်ကုန်သော ငါးပါးသော ပသာဒရုပ်တို့သည် ဒုတိယတဒါရုံနှင့်အတူတကွ ချုပ်သောကြောင့် မဇ္ဈိမာယုက မည်၏။ ဤမဇ္ဈိမာယုက စက္ခုဝတ္ထု (လ) ကာယဝတ္ထုသည်သာလျှင် ဋီသို့ရောက်ဆဲဖြစ်၍ ဝတ္ထုပုရေဇာတနိဿယ ပစ္စည်း တပ်သည်ဟု မှတ်ရမည်။

(၁-၃) သောတဇနေတို့အကျိုးငှာ မန္ဒ-အမန္ဒ-မဇ္ဈိမာယုကတို့ကို ရှင်းလင်းပြဦးအံ့။ ခဏေ ခဏေ သမုဋ္ဌာပေတိ- ဟု သင်္ဂဟအဋ္ဌကထာ မိန့်သောကြောင့် ခဏတိုင်းခဏတိုင်း စက္ခုဝတ္ထုရုပ်တို့သည် ဖြစ်ကြကုန်၏။ သို့ဖြစ်၍ စက္ခုဒွါရဝီထိ စိတ္တုပ္ပါဒ်တို့တွင် စက္ခုဝိညာဏ်စိတ်၏ ဥပါဒ်ခဏ၌ စက္ခုပသာဒရုပ်ပေါင်း (၅၁)ရုပ်ပေါင်းဆုံမိ၍ ပဋိလောမအားဖြင့် စက္ခုဝိညာဏ် စိတ်မှပြန်၍ ရေသော် (၁၈)ချက်မြောက်သော တောရသမဘဝင်၏ ဋီခဏမှစ၍ ဖြစ်ခဲ့၏။ ထို ၅၁-ခုသော စက္ခုပသာဒ တို့တွင် တေရသမဘဝင်၏ ဋီက ဖြစ်သော စက္ခုဝတ္ထုသည် စက္ခုဝိညာဏ် ၏ ဥပါဒ်ခဏသို့ ရောက်လာသောအခါ ဘင်ရုပ်ဖြစ်၍ အသေဖြစ်သော ကြောင့် စက္ခုဝိညာဏ်က မမှီသေး၊ စက္ခုဝိညာဏ်၏ ဥပါဒ်၌ဖြစ်သော စက္ခုဝတ္ထုသည် ဖြစ်ခါစ ဥပါဒ်ရုပ်ဖြစ်၍ နုသောကြောင့် စက္ခုဝိညာဏ်က မမှီ၊ တေရသမဘဝင်၏ ဘင်မှစ၍ ပဉ္စဒွါရာဝဇ္ဇန်း၏ ဘင်တိုင်အောင် (၄၉)ချက်သော ဋီရုပ်တို့တွင် တေရသမ ဘဝင်၏ ဘင်မှစ၍

၁။ မဏိသာရမဉ္ဇူသာ ဋီကာ။

အတီတဘဝင်၏ ရှေးပထမဘဝင်၏ ဘင်တိုင်အောင် ခဏငယ် (၃၇)ချက်အတွင်း၌ဖြစ်သော စက္ခုဝတ္ထုတို့သည် စက္ခုဝိညာဏ် မချုပ်မီ ချုပ်နှင့်သောကြောင့် မနုဿယက မည်၏။

အတီတဘဝင်၏ ဌီခဏမှစ၍ ပဉ္စဒွါရာဝဇ္ဇန်းစိတ်၏ ဘင်တိုင်အောင် ခဏငယ် (၁၁)ချက်၌ဖြစ်သော စက္ခုဝတ္ထုတို့သည် ဒုတိယတဒါရုံ ချုပ်သည်မှ နောက်ကာလ၌ ချုပ်သောကြောင့် ရှည်သော အသက်ရှိ၍ အမနုဿယက မည်၏။ အတီတဘဝင်၏ ဥပါဒ်ခဏ၌ ဖြစ်သော စက္ခုဝတ္ထုရုပ်သည် အတီတဘဝင်, ရူပါရုံ သုံးဥပါဒ် ပြိုင်ဆုံ၍ ဒုတိယတဒါရုံနှင့် အတူတကွ ချုပ်သောကြောင့် မဇ္ဈိမာယုက မည်၏။ သို့ဖြစ်၍ စက္ခုဝိညာဏ်စိတ်က မှီ၏ ဟူလို။

ပစ္စယုပ္ပန်၊ ပစ္စနိက်၌ 'ဖြစ်ခိုက်ဖြစ်နေ' ယူပုံ

(၁-၄) ဤ**ပစ္စယုပ္ပန်**၌ အရူပဝိပါက်လေးခုကို ကြဉ်သည်ကား ဝတ္ထုရုပ်ကို မမှီမူ၍သာလျှင် ဖြစ်သောကြောင့် ကြဉ်သည်ဟုမှတ်။ ပဉ္စဝေါကာရ ဘုံ၌ 'ဖြစ်ခိုက်ဖြစ်နေ' ဆိုရာဝယ် လောဘမူ၊ မောဟမူ၊ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ်၊ မဟာကြိယာ၊ အရူပကုသိုလ်၊ အရူပကြိယာ၊ သောတာပတ္တိမဂ် ကြဉ်သော လောကုတ္တရာ၊ ဤဒွေစတ္တာလီသတို့သည် စတုဝေါကာရ၊ ပဉ္စဝေါကာရဘုံတို့၌ ဖြစ်သောကြောင့် 'ဖြစ်ခိုက်' အနေကံ ဟုမှတ်။ ဤမှ ကြွင်းသော တေစတ္တာလီသတို့ကို ပဉ္စဝေါကာရဘုံ၌သာဖြစ်၍ 'ဖြစ်နေ' ဇောကံ ဟုမှတ်လေ။

ပစ္စနိက်၌ စတုဝေါကာရဘုံ၌ 'ဖြစ်ခိုက်ဖြစ်နေ' ဆိုရာဝယ် ဒွေစတ္တာလီသကိုပင် 'ဖြစ်ခိုက်'၊ အရူပဝိပါက်လေးခုကို 'ဖြစ်နေ'ဇောကံ ပစ္စနိက် ဟု မှတ်ရမည်။ ဤပစ္စည်းသည် ပဉ္စဝေါကာရ ပဝတ္တိအခါသာ

ကျေးဇူးပြု၏။ ပဋိသန္ဓေအခါ ကျေးဇူးမပြုဟုမှတ်။ သို့ဖြစ်၍ ပဋိသန္ဓေစိတ် ပစ္စနိက် ထုတ်သည်။ ကိစ္စိ ကာလေ ပုရေဇာတပစ္စယေန ပစ္စယော၊ ကိစ္စိ ကာလေ န ပုရေဇာတပစ္စယေန ပစ္စယော- ဟူသော ပါဠိတော်ကို ထောက်ပါ။ အထက် ပုရေဇာတလည်း နည်းတူ။

ဝတ္ထုပုရေဇာတနိဿယ ပြီး၏။

ဝတ္ထာရမ္မဏနိဿယ အဆုံးအဖြတ်

(၂-၁) ဤဝတ္ထာရမ္မဏပစ္စည်းသည် အလွန်ခက်ခဲနက်နဲ သိမ်မွေ့သောကြောင့် ရှေးရှေးသော ကာလမှစ၍ ယခုကာလတိုင်အောင် ပိုင်ပိုင်နိုင်နိုင် ခိုင်ခိုင်မာမာ တိတိမတ်မတ် မယိမ်းမယိုင် လှုပ်ချောက်ချားခြင်းငှာ မတတ်နိုင် သော အဆုံးအဖြတ် ယတိပြတ်သော ကျမ်းကြီးကျမ်းခိုင် မရှိ ဖြစ်ဘိရကား အာစရိယ ပရမ္ပရ သုတလဒ္ဓေါပဒေသ ရရှိဖူးသည့်အတိုင်း ပါဠိ အဋ္ဌကထာ ဋီကာလာသော အဆုံးအဖြတ်။ ရွှေကျောင်းသံဃရာဇာ၊ စတုရင်္ဂဗလ အမတ်၊ မဏိသာရမဉ္ဇူ၊ ပဋ္ဌာနသာရဒီပနီ၊ ကေစိ ကေစ္စေ- အစရှိသော ဆရာကြီးတို့၏ ဆုံးဖြတ်ချက်များကို အာစရိယဝါဒ ရဖူးသည့်အားလျော်စွာ အသီးအသီး မကျဉ်းမကျယ် ပြဆိုပါဦးအံ့။

(၂-၂) ဝတ္ထာရမ္မဏနိဿယ ဟုဆို၏။ အဘယ့်ကြောင့် ဝတ္ထာရမ္မဏနိဿယဟု ဆိုအပ်ပါသနည်း။ ဝတ္ထု စ တံ အာရမ္မဏဉ္စာတိ ဝတ္ထာရမ္မဏံ၊ (တစ်နည်း) ဝတ္ထု အာရမ္မဏဥ္စသော နိဿယော စာတိ ဝတ္ထာရမ္မဏနိဿယော-ဟု အရတူ ကမ္မဓာရယ်သမာသ် မိန့်အပ်သည်နှင့် လျော်စွာ ဟဒယဝတ္ထုရုပ်ကို မှီလည်းမှီ၊ အာရုံလည်းပြုသောကြောင့် ဝတ္ထာရမ္မဏနိဿယ ဟုဆိုအပ်ပါသည်။

အဘယ်က ဟဒယဝတ္ထုကို မှီလည်းမှီ၊ အာရုံလည်းပြုပါသနည်း။ မနောဒွါရဝီထိ၌ မရဏာသန္နအခါ စုတိစိတ်မှပြန်၍ ရေသည်ရှိသော် (၁၇)ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကို မှီလည်းမှီ၊ အာရုံလည်းပြုပါသည်။

ဟဒယဝတ္ထုကို မှီလည်းမှီ၊ အာရုံလည်းပြု၏ဟုဆိုသော်- မရဏာသန္န ဇောသည် ဟဒယဝတ္ထုကို မှီ၏ဟုဆိုလျှင် ဆိုတန်စေ။ အာရုံပြု၏ဟုဆိုသော်- မရဏာသန္နဇောသည် ကံ, ကမ္မနိမိတ်, ဂတိနိမိတ် သုံးပါးတို့တွင် တစ်ပါးပါး ကိုသာ အာရုံပြုပါသည်။ သို့ဖြစ်၍ ၎င်းဟဒယဝတ္ထုသည် စေတနာ ကံလည်း မဟုတ်။ လားရာ ဂတိနိမိတ် လည်း မဟုတ်ခဲ့။ ၎င်းဇောစေတနာသည် ကံ မမြောက်သောကြောင့် ကမ္မနိမိတ်ဟူ၍လည်း မဆိုသင့်၊ သို့ဖြစ်ပါက ဟဒယဝတ္ထုကို အာရုံလည်း ပြု၏ဟုဆိုခဲ့သော စကားသည် အသို့သင့်နိုင်ပါအံ့နည်း။

မရဏာသန္နအခါ စုတိစိတ်မှပြန်၍ ရေသည်ရှိသော် (၁၇)ချက် မြောက်သော စိတ်နှင့်အတူဥပါဒ်သော ပစ္စုပ္ပန် ဓမ္မာရုံ ကမ္မနိမိတ် ဖြစ်သော ဟဒယဝတ္ထုသည် မိမိကိုမှီ၍ မိမိကိုအာရုံပြုကုန်သော ကုသိုလ်, အကုသိုလ်, အဗျာကတ သုံးရာသီတို့အား ဝတ္ထာရမ္မဏသတ္တိဖြင့် မရဏာသန္နအခါ၌သာလျှင် ကျေးဇူးပြု၏။ ပဝတ္တိအခါ ကျေးဇူးမပြုကုန်။ ဝတ္ထာရမ္မဏပစ္စည်းသည် မရဏာသန္နအခါ၌သာရည်၍ မြတ်စွာဘုရား ဟောတော်မူသောအဖြစ်ကို အလွန်လျှင်နှစ်သက်သောကြောင့် စစ်ကိုင်း တောင်၊ အရိယဝံသ ဓမ္မသေနာပတိထေရ် စီရင်သော မဏိသာရမဉ္ဇူ၌-

မရဏာသန္နဇဝနာနံ ယန ကိဉ္စိ ကမ္မနိမိတ္တသမ္မတံ ပစ္စုပ္ပန္နဓမ္မာ- ရမ္မဏမ္ပိ အာရမ္မဏံ ဟောတေဝ၊ ဧဝဉ္စ ကတွာ ပဋ္ဌာနေ 'နိဿယပစ္စယာ အာရမ္မဏေ တိကာ'တိ ဝုတ္တံ။ န ဟိ မရဏာသန္နဝီထိတော အညတ္ထ ဟဒယဝတ္ထုဿ ကုသလာဒီနံ

ကေက္ခဏေ နိဿယာရမ္မဏပစ္စယဘာဝေါ လဗ္ဘတိ၊ ကေစိ ပန ဣမမတ္ထမသလ္လက္ခေတွာ ကေက္ခဏေ နိဿယာရမ္မဏပစ္စယ-ဘာဝဝိနိစ္ဆယေ အတိ ဝိယ ကိလမန္တိ၊ ဝိနိစ္ဆိနန္တာ စ အညထာ ဝိနိစ္ဆိနန္တိ၊ တံ တေသံ မတိမတ္တံ[၁]- ဟု မိန့်၏။

မရဏာသန္နဇဝနာနံ ပန၊ မရဏာသန္နဇောတို့၏ကား။ ကိဉ္စိ၊ တစ်စုံတစ်ခုသော။ ကမ္မနိမိတ္တသမ္မတံ၊ ကမ္မနိမိတ်ဟူ၍ သမုတ်အပ်သော။ ပစ္စုပ္ပန္နဓမ္မာရမ္မဏမ္ပိ၊ ပစ္စုပ္ပန်ဓမ္မာရုံဖြစ်သော ဟဒယဝတ္ထုသည်လည်း။ အာရမ္မဏံ၊ အာရုံသည်။ ဟောတေဝ၊ ဖြစ်လျှင်သာတည်း။ ဧဝဥ္စ ကတွာ၊ ဤကမ္မနိမိတ် ဓမ္မာရုံ ဟဒယဝတ္ထုလျှင် အာရုံပြုသောကြောင်း။ ပဋ္ဌာနေ၊ ပဋ္ဌာန်းပါဠိတော်၌။ နိဿယပစ္စယာ အာရမ္မဏေ တီဏိတိ၊ ဟူ၍။ ဘဂဝတာ၊ သည်။ ဝုတ္တံ၊ ၏။ ဟိ-သစ္စံ၊ မှန်၏။ မရဏာသန္နဝီထိတော၊ မှ။ အညတ္ထ၊ တစ်ပါးသော ပဝတ္တိအခါ ဝီထိ၌။ ဟဒယဝတ္ထုသာ၊ ၏။ ကုသလာဒီနံ၊ ကုသိုလ် အစရှိသော သုံးရာသီတို့အား။ ဧကက္ခဏေ၊ တစ်ပြိုင်နက်သော ခဏ၌။ နိဿယာရမ္မဏပစ္စယဘာဝေါ၊ မှီရာအဖြစ်, အာရုံအဖြစ်ဖြင့် ကျေးဇူးပြုသော အဖြစ်ကို။ န လဗ္ဘတိ၊ မရအပ်။ ကေစိ ပန၊ အချို့သော ဆရာတို့သည်ကား။ ဣမံ အတ္ထံ၊ ဤသို့သော အနက်သဘောကို။ အသလ္လက္ခေတွာ၊ မမှတ်မူ၍။ ဧကက္ခဏေ၊ ၌။ နိဿယာရမ္မဏပစ္စယဘာဝဝိနိစ္ဆယေ၊ မှီရာ အာရုံ ပစ္စည်း၏အဖြစ်ကို ဆုံးဖြတ်ရာ၌။ အတိ ဝိယ၊ လွန်လွန်မင်းမင်း။ ကိလမန္တိ၊ ပင်ပန်းကြကုန်၏။ ဝိနိစ္ဆိနန္တာ စ၊ ဆုံးဖြတ်ကြသော ဆရာတို့သည် လည်း။ အညထာ၊ တစ်ပါးသော အခြင်းအရာဖြင့်။ ဝိနိစ္ဆိနန္တိ၊ ဆုံးဖြတ် ကြကုန်၏။ တံ၊ ထိုအဆုံးအဖြတ်များသည်။ တေသံ၊ ထိုကေစိဆရာတို့၏။ မတိမတ္တံ၊ အလိုမျှသာတည်း။

၁။ မဏိသာရမဉ္ဇူသာ ဋီကာ။

မဏိသာရမဉ္ဇူဆရာ၏ အလိုအားဖြင့် ဝတ္ထာရမ္မဏနိဿယ ပစ္စယုပ္ပန်၌ အဘိညာဉ်ဒွေးကို မကောက် မယူလို။ မရဏာသန္နအခါ ကုသိုလ်အဘိညာဉ် မဖြစ်နိုင်ရာ။ ကုသိုလ်မဖြစ်က ကြိယာ အဘိညာဉ်လည်း မဖြစ်နိုင်ရာ။ သို့ဖြစ်၍ အဘိညာဉ်ဒွေးကို ပစ္စယုပ္ပန်၌ မကောက်ရဟု အာဘော်ရိပ်ရှိသည်။

(၂-၃) ဧကီ မည်သော တစ်ခုသောကျမ်း၌ ဒိသာပါမောက္ခဆရာ ကား မိုရာအာရုံတို့၏ အညီအညွတ် ပေါင်းစည်းထိခိုက်သောကြောင့် ကုသိုလ်, အကုသိုလ်, အဗျာကတ သုံးရာသီတို့အား ဝတ္ထာရမ္မဏသတ္တိဖြင့် ကျေးဇူးပြု သော ကမ္မဇရုပ်တို့သည် တစ်ခုသောဘဝ၌ အဆုံးစွန်သော ကမ္မဇရုပ်ဟုဆိုအပ်သော စုတိစိတ်မှ ပြန်၍ရေသော် (၁၇)ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု ဟုဆို၏။

၄င်းကျမ်း၌ပင် မောပါ- အမည်ဖြင့်ထင်ရှားသော နန္ဒိကဿပ မထေရ် ကား စုတိစိတ်မှပြန်၍ ရေသော် (၁၇)ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုသည် ဠီသို့ရောက်သော စိတ္တုပ္ပါဒ် သုံးရာသီတို့အား ဝတ္ထာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုခြင်းကို ပစ္ဆိမ ကမ္မဇဝတ္ထု ဟု မဏိသာရမဉ္ဇူ နှင့်အလားတူ ဆုံးဖြတ်ကြပေ၏။ ထို့ကြောင့် -

ဧကီတိ နာမကေ ပကရဏေ ပန ဒိသာပါမောက္ခောတိ ဝိဿုတေနာစရိယေန နိဿယာရမ္မဏသမာဂမဃဋ္ဋနာယ တိဏ္ဏံ ဇဝနာနံ ပစ္စယကာရကံ ကမ္မဇံ နာမ ပစ္ဆိမကမ္မဇဝတ္ထုမေဝါတိ ဝုတ္တံ။

ဧကီတိ နာမကေ ကေသွိ ပကရဏေ စ မောပါ ဣတိ ပါကဋေန နန္ဒိကဿပတ္ထေရေန စုတိစိတ္တတော ပဋ္ဌာယ ဂဏိယမာနေ သတ္တရသမစိတ္တေသ ဥပ္ပါဒေ ပဝတ္တံ ဧကံ ကမ္မဇံ တိဏ္ဏံ

ဝီထိဂတာနံ စိတ္တုပ္ပါဒါနံ ပစ္စယာကာရနိယမော နာမ ပဋ္ဌိမကမ္မဇဝတ္ထုမေဝါတိ ဝုတ္တံ[၁]- ဟု ပဋ္ဌာနသာရဒီပနီ၌ ဆိုလေသည်။

ဆရာမြတ်တို့ကား မရဏာသန္နအခါ ဟဒယဝတ္ထုကိုယူ၍ ဆုံးဖြတ် သော မဏိသာရမဉ္ဇူ စသောဆရာတို့၏ စကားသည် အချို့သော ဃဋ္ဋနာဝါရ ပါဠိတော်နှင့် ညီ၍၊ အချို့သော ဃဋ္ဋနာပါဠိတို့နှင့် မညီဟု ဆိုကြ၏။

ဆိုပုံကား- နိဿယပစ္စယာ အာရမ္မဏေ တီဏိ၊ အာရမ္မဏပစ္စယာ နိဿယေ တီဏိ၊ အာရမ္မဏ နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတန္တိ တီဏိ၊ နိဿယ အာရမ္မဏ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတန္တိ တီဏိ- ဟူသော ဃဋ္ဋနာတို့နှင့် ညီ၏။

အလေးအမြတ် ပြုတတ်သော လောဘမူ မရဏာသန္နဇော ၅- ချက် အားတပ်သော အလေးအမြတ် ပြုအပ်သော မရဏာသန္နအခါ စုတိစိတ်မှပြန်၍ ရေသော် (၁၇)ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု ပစ္စည်း ထား၍ပြိုင်ကြသော အာရမ္မဏ အဓိပတိ နိဿယ ဥပနိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတန္တိ ဧကံ၊ အစရှိသော ဃဋ္ဋနာပါဠိတို့နှင့် မညီ ဟု အပြစ်တင်၏။

မူလဋီကာ၌ မရဏာသန္နအခါဝယ် ကုသိုလ်, ကြိယာဇောတို့သည် သမ္မုဋ္ဌမရဏ တွေဝေသော မုစ္ဆာကာလ ဖြစ်သောကြောင့် ဝိပဿနာ၊ ပစ္စဝေက္ခဏာ ကိစ္စတို့ကို ပြုခြင်းငှာ မတတ်ကောင်းဟု လာသည်။ သို့ပါ၍ ဋီကာနှင့်လည်း ဆန့်ကျင်၏ဟု ဆိုကြသည်။

ယင်းသို့ အပြစ်တင်စကား ဆိုငြားသော်လည်း ဆိုသင့်မည် မထင်ပေ။ အဘယ့်ကြောင့်နည်းဟူမူ၊ မရဏာသန္နအခါ၌ လောဘမူ

၁။ ပဋ္ဌာနသာရဒီပနီ။

မရဏာသန္နဇော, ကာမကုသိုလ်, ကြိယာဇောတို့သည် ဟဒယဝတ္ထုကို အလေးအမြတ် ပြုသော ကြောင့်လည်းကောင်း၊ သားမယား ရွှေငွေ ပစ္စည်းဥစ္စာ အစရှိသော လောဘ အာရုံ ကာမဂုဏ်တို့ကို အလေးအမြတ် တပ်မက်မောသဖြင့် သေဆုံးကြသောကြောင့် သုဝဏ္ဏဘူမိသို့ သင်္ဘောဖြင့် သွားရာ သေ၍ ဝိမာနပြိတ္တာဝတ္ထု, ဗာရာဏသီပြည် ကုဋေ (၄၀)သော ဥစ္စာတို့ကို စွဲလမ်း၍ သေခြင်းကြောင့် မြွေပြိတ္တာဖြစ်သော သူဌေးဝတ္ထုတို့ကို ထောက်သဖြင့်လည်းကောင်း၊ ဒါနသီလစသော ကုသိုလ်ကောင်းမှုနှင့် ပြည့်စုံသောသူသည် သေခါနီးကာလ၌ ပစ္စဝေက္ခဏာကိစ္စ, ဝိပဿနာ ကိစ္စကို ပြုလျက် မတွေမဝေ သေရကြောင်း ပါဠိ အဋ္ဌကထာ၌ လာသော ကြောင့်လည်ကောင်း၊ ဘုရား ရဟန္တာအရှင်မြတ် တို့သည် ဈာနသမန္တရ ပရိနိဗ္ဗာန်၊ ဈာနင်္ဂပစ္စဝေက္ခဏာ ပရိနိဗ္ဗာန် အစရှိသည်ဖြင့် လာသောကြောင့် လည်းကောင်း၊ တွေဝေ၍သေသော သမ္မူဠ္ဟမရဏ၊ မတွေဝေဘဲသေသော အသမ္မူဠ္ဟမရဏ နှစ်ပါးရှိသောအဖြစ်ကို သိရသောကြောင့် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့နှင့် မဆန့်ကျင်သော ဆုံးဖြတ်ချက်ဟုမှတ်ပါလေ။ (မဏိသာရမဉ္ဇူ အဆုံးအဖြတ် ပြီး၏။)

(၂-၄) **ပုရိမပုရိမစိတ္တက္ခဏုပ္ပန္နေ ဟဒယဝတ္ထုသ္မိံ ဥတ္တရုတ္တရာနံ ပဝတ္တန္တိ**- ဟု အနုဋီကာအသျှင် မိန့်သောကြောင့် ပဉ္စဝေါကာရဘုံ ပဋိသန္ဓေ၌ ဖြစ်သော ဟဒယဝတ္ထုသည် ပထမဘဝင်အား၊ ပထမဘဝင်၌ ဖြစ်သော ဟဒယဝတ္ထုသည် ဒုတိယဘဝင်အား၊ ဤသို့ အစရှိသည်ဖြင့် ရှေးရှေးစိတ္တုပ္ပါဒ်၌ ဖြစ်သော ဟဒယဝတ္ထုသည် နောက်နောက်ဖြစ်သော စိတ္တုပ္ပါဒ်အား ဝတ္ထုပုရေဇာတနိဿယ ပစ္စည်းတပ်သတည်း။

ထို့အတူ ပဝတ္တိအခါ ဝိဘူတာရုံဝီထိ၌ အတီတဘဝင်၏ ဥပါဒ်က ဖြစ်သော ဟဒယဝတ္ထုသည် ဝိပဿနာဉာဏ်, အဘိညာဉ် အစရှိသည်တို့၏ အစွမ်းဖြင့်ဖြစ်သော ကာမကုသိုလ်၊ အဘိညာဉ်

ကုသိုလ်တို့အား လည်းကောင်း၊ တပ်ခြင်း ပြစ်မှားခြင်း တွေဝေခြင်း အစရှိသည်တို့၏ အစွမ်းဖြင့်ဖြစ်သော အကုသိုလ်တို့အား လည်းကောင်း၊ ဝိပဿနာဉာဏ်, အဘိညာဉ်, တဒါရုံ အစရှိသည်တို့၏ အစွမ်းဖြင့် ဖြစ်သော ကာမကြိယာ, အဘိညာဉ်ကြိယာ, တဒါရုံတို့အားလည်းကောင်း၊ မှီရာ အာရုံ၏အဖြစ်ဖြင့် ဝတ္ထာရမ္မဏနိဿယ ပစ္စည်း တပ်သတည်း။

အတီတဘဝင်၏ ဉပါဒ်ကဖြစ်သော ဟဒယဝတ္ထုကို အာရုံပြု၍ ရှေးရှေးသောစိတ်၏ ဉပါဒ်ကဖြစ်သော ဟဒယဝတ္ထုကို မနောဒွါရာဝဇ္ဇန်း၊ ဇော၊ တဒါရုံတို့သည် မှီ၏။ မှီရာဝတ္ထု အာရုံဝတ္ထုချင်း ပြားသော်လည်း ဟဒယဝတ္ထု၏အဖြစ်ဖြင့် သဒိသူပစာရအားဖြင့် တူသောကြောင့် မှီလည်းမှီ၊ အာရုံ လည်း ပြုသည်ဟု ဆိုသည်။ ဤကို ရည်၍ ပဋ္ဌာဝါဠိရ ဃဋနာပါဠိတော်၌ 'နိဿယပစ္စယာ အာရမ္မဏေ တီဏိ' အစရှိသည်ကို ဟောတော်မူ၏။

ဤကား အဘိညာဉ်ဒွေးနှင့်တကွ ပစ္စယုပ္ပန်ကို ကောက်လိုသော ကြောင့် ပဝတ္တိအခါ ဝိဘူတာရုံဝီထိကိုယူ၍ ဆုံးဖြတ်သည်။ ဤအဆုံး အဖြတ်သည် ပါဠိ အဋ္ဌကထာ ဋီကာတို့နှင့် ညီညွတ်သည်ဟု ဆိုကြကုန် ၏။ သို့ရာတွင် ဘိန္နာရမ္မဏ ဘိန္နနိဿယ ဖြစ်၍ ဆင်ခြင်။ ရှေးရှေးသော စိတ်ကဖြစ်သော ဟဒယဝတ္ထုကို နောက်နောက်သောစိတ်က မှီ၏ဟု ဆိုသောစကားသည် မြဲ၏ဟု ယူသည်လည်းရှိ၏။ ယေဘုယျနည်းယူ၍ မမြဲဟုလည်း ဆိုကြ၏။

(၂-၅) ဝိဇယာပူရ- မည်သော ပန်းယမြို့ ကောင်းစားစဉ် ရွှေကျောင်း သံဃရာဇာ၊ စတုရင်္ဂဗလအမတ်ကြီး စသောဆရာတို့ကား ဟဒယဝတ္ထု၏ ပစ္စယုပ္ပန်တရားတို့အား နိဿယာကာရသတ္တိ၊ အာရမ္မဏာကာရသတ္တိတို့ကို တစ်ပြိုင်နက် ကျေးဇူးမပြုကောင်း၊ ဟဒယဝတ္ထု၏ ၄င်းသတ္တိနှစ်ပါး တစ်ပြိုင်နက် မရကောင်းသောအဖြစ်ကို

ရည်၍ 'အာရမ္မဏပစ္စယာ နိဿယေ တီဏိ' အစရှိသော ယင္ဒနာဝါရ ပါဠိကို ဟောတော်မူသည်ဟုဆို၏။

ပဝတ္တိအခါ ဝိဘူတာရုံဝီထိ၌ အကျုံးဝင်သော မနောဒွါရာဝဇ္ဇန်း, ဇော, တဒါရုံတို့သည် အသီးအသီး မိမိတို့၏ ရှေးစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကို မှီကြ၍၊ ယင်းဝီထိ၏ ရှေးအတီတဘဝင်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကို အာရုံပြုသည်။ ရှေးဆုံးဖြတ်ချက်နှင့် အလားတူ ဆိုသည်။ ၄င်းတို့၏ဝါဒသည် အာရမ္မဏာဓိပတိသတ္တိနှင့် သဟဇာတာ-ဓိပတိသတ္တိ အတူတကွ မဖြစ်ကောင်းဟု ဆိုသောစကားနှင့် ညီသကဲ့သို့ ထင်၏။ ယင်းသို့ ထင်သော်လည်း အဓိပတိပစ္စည်းမှ နောက်ဖြစ်သော ပစ္စည်းတို့၌ သဟဇာတနှင့် အာရုံတစ်ပြိုင်နက် ဖြစ်ခြင်းကို အနုဋီကာ အသျှင် မိန့်သောကြောင့်လည်းကောင်း၊ သဟဇာတာဓိပတိ, အာရမ္မဏာဓိပတိ နှစ်ပါးတို့တွင် တစ်ခုသောတရား၏ များစွာသော ပစ္စည်း ရှိသည်၏အဖြစ်ကို ပါဠိ အဋ္ဌကထာ လာရှိ၍ အသီးအသီး သော နာနာက္ခဏိကတရား၏ တစ်ခုသော ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်၏ အဖြစ် မလာမရှိသောကြောင့် သဘောအားဖြင့် ဆန့်ကျင်သကဲ့သို့ ထင်၏ဟု ဆိုကြသည်။

(၂-၆) ပဋ္ဌာနသာရဒီပနီ၌ ကေစိဝါဒကို ပြဦးအံ့။ တန်ခိုး အဘိညာဉ် နှင့်ပြည့်စုံသော ပုထုဇဉ်၊ သေက္ခ၊ အသေက္ခ၊ ယောဂါဝစရ ပုဂ္ဂိုလ်တို့သည် ပဝတ္တိအခါ၌ ပစ္စုပ္ပန် အတိတ် အနာဂတ် ဟဒယဝတ္ထုကို အာရုံပြု၍ 'မမ ဟဒယဝတ္ထုံ ဇာနိဿာမိ'ဟု ပွားများ စီးဖြန်းရာတွင် အထူးအားဖြင့် စုတိစိတ်မှ ပြန်၍ ရေသော် (၁၇)ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော အနာဂတ် ဟဒယဝတ္ထုကို အာရုံပြု၍ အနိစ္စ ဒုက္ခ အစရှိသည်ဖြင့် စီးဖြန်းဆဲဖြစ်စေ၊ စီးဖြန်းပြီးသော နောက်ကာလ ကြာမှဖြစ်စေ၊ မရဏာသန္နဝီထိ ကျလာသောအခါ ဝိပဿနာဇော

စေတနာကား ကံ၊ မရဏာသန္နအခါဖြစ်သော ဟဒယဝတ္ထုကား ကမ္မနိမိတ်၊ ထိုကမ္မနိမိတ်ဖြစ်သော ဟဒယဝတ္ထုကို အာရုံပြု၍၊ မရဏာသန္န အခါဖြစ်သော ဟဒယဝတ္ထုကို မှီသည်။ ဤသို့ယူသဖြင့် ဟဒယဝတ္ထု တစ်ခုတည်း တစ်ထပ်တည်း ဖြစ်၍ မှီလည်းမှီ၊ အာရုံလည်း ပြုသည်ဟုဆိုလေ သည်။ ဤအဆုံးအဖြတ်ကို ရည်၍ 'အာရမ္မဏပစ္စယာ နိဿယေ တီဏိ' အစရှိသော ဃဋနာပါဠိကို ဟောသည်ဟူလို။ အလွန်ခဲယဉ်းစွာ ကျင့်သော အကျင့်သည် ဒုက္ကရစရိယာ အကျင့်ဖြစ်၍ ဒုက္ခစရိယာကျင့်သည်ဟု အရပ်စကားအဖြစ် ပြောဆိုသကဲ့သို့ ဟုတ်စလိလိရှိသည်ဟုဆရာကြီး ပြောဆိုဖူးသည်။

တစ်ပါးကုန်သော အကြားအမြင်များသော ဆရာတို့သည် မရဏာသန္န အခါ ဟဒယဝတ္ထုကိုယူ၍ ဆုံးဖြတ်သော အဆုံးအဖြတ်သည် အထူးသဖြင့် ကောင်းသော အဆုံးအဖြတ်ဟုဆိုကြောင်းကို ပဋ္ဌာနသာရ ဒီပနီ၌ မိန့်၏။

အပရေ ပန ဗဟုဿုတာစရိယာ ဇဝံ ဝဒန္တိ 'မရဏာသန္နကာလေ စုတိတော ပဋ္ဌိလောမဝသေန ဂဏိယမာနသ သတ္တရသမဿ စိတ္တဿ ဥပ္ပါဒက္ခဏေ ဥပ္ပန္နံ ဟဒယဝတ္ထု ကုသလာဒီနံ တိဏ္ဏံ ရာသီနံ ဥပကာရက'န္တိ အယမေဝ ဝိနိစ္ဆယော သုန္ဒရတရောတိ[၁]

ဟူ၍ မဏိသာရမဉ္ဇူဆရာ၏စကားကို ထောက်ခံချက် ပေးသတည်း။

ဇကစ္ဆေ ဆရာတို့၏အလို အဘိညာဉ်ဒွေး ကောက်သင့်ကြောင်း ပြဦးအံ့။ 'ဈာနသမန္နဂ္ဂရ ပရိနိဗ္ဗာန်'အစရှိသည်ဖြင့် ဘုရား ရဟန္တာ သျှင်အာနန္ဒာ အစရှိသော ပုဂ္ဂိုလ်တို့သည် ကြိယာ အဘိညာဉ်ဇောနောင် မရဏာသန္နဝီထိ မခြားဘဲ ပရိနိဗ္ဗာနစုတိ ဖြစ်ကောင်းသောကြောင့် ကြိယာ

၁။ ပဋ္ဌာနသာရဒီပနီ။

အဘိညာဉ်သည် မရဏာသန္နအခါ ဟာဒယဝတ္ထုကို မှီရာလည်းပြု၊ အာရုံလည်းပြု၍ ဖြစ်သည်။ ကြိယာ အဘိညာဉ် ဖြစ်ကောင်းပါက ကုသိုလ် အဘိညာဉ်လည်း ဖြစ်နိုင်၏။

သို့ဖြစ်၍ အဘိညာဉ်ဒွေးကို ကောက်ယူသည် ဖြစ်ကုန်ရာ၏။ အကယ်တိတိ အဘိညာဉ် ဖြစ်ရိုက လ္ဒဒိဝိဓအဘိညာဉ်သာ ဖြစ်တန်ရာ၏။ ဂုဋ္ဌတ္ထဒီပနီ၊ စွယ်စုံကျော်ထင်ကျမ်းတို့ အလိုသော်ကား ကြိယာ အဘိညာဉ်ဇော နှောင် ကာမအာရုံ မရဏာသန္နဝီထိ ခြားပြီးမှ စုတိကျသည်။ သာဓကကား- စုတိစိတ်သည် ဂတိနိမိတ်ကို အာရုံပြုသောကြောင့် တည်း။

(၂-၇) ပဋ္ဌာနသာရဒီပနီဆရာ အလိုအားဖြင့် ဝတ္ထာရမ္မဏပစ္စည်းကို ပဝတ္တိအခါ၌သာ ဟောပါသည်။ မရဏာသန္နအခါ စိတ္တဒုဗ္ဗလ စိတ်အားနည်းသည်ဖြစ်၍ မဟောပါ။ ပဝတ္တိအခါ မနောဒွါရ ဝိဘူတာရုံ ဝီထိ၌ ရှေးဦးအစ အတီတဘဝင်နှင့်အတူ ဥပါဒ်သော ဟာဒယဝတ္ထုကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း ဇော တဒါရုံတို့သည် ထိုအတီတဘဝင်နှင့် အတူဥပါဒ်သော ဟာဒယဝတ္ထုကိုပင် မှီကြကုန်သည်။ ထိုဟာဒယဝတ္ထု တစ်ခုကိုပင်လျှင် မှီလည်းမှီ၊ အာရုံလည်း ပြုသောကြောင့် ပဋ္ဌာန်းပါဠိတော်၌ 'အာရမ္မဏပစ္စယာ နိဿယေ တီဏိ' အစရှိသော ဃဋ္ဋနာပါဠိကို ဟောတော်မူသည်။ ဤသို့ပြဆိုသော ဝါဒ၏ ဆရာအများတို့ အညီအညွတ်ယူကြသော သမာနဝါဒ ဖြစ်ခြင်းကြောင့် အကိုးအကား ပြု၍ ဆုံးဖြတ်လေသည်။

ပဋ္ဌာနသာရဒီပနီဆရာသည် ပဝတ္တိအခါ ဝိဘူတာရုံဝီထိ၌ ဟာဒယဝတ္ထုကိုယူ၍ ဆုံးဖြတ်သော မိမိ၏အဆုံးအဖြတ်ကို ပညာရှိများ နှစ်သက်ကြောင်း၊ မိမိလည်း သဘောနှစ်ခြိုက်ကြောင်း၊ အဆင့်ဆင့်သော သာဝကသုတ, အာဂမယုတ္တိလည်းရှိကြောင်း သာဓကပြလိုရကား ရှေးရှေး

သော စာသင်သားတို့သည် ဤဝတ္ထာရမ္မဏပစ္စည်း၏ အဆုံးအဖြတ်၌ ယုံမှားသံသယကို ဖျောက်အံ့သောငှာ ဘုရားတစ်ဆူ၊ နှစ်ဆူတိုင်အောင် တွေ့မှီသော တန်ခိုးကြီးသော မဟောသက္ခ နတ်မင်းကြီးတို့ထံ ချဉ်းကပ်၍ မေးကြကုန်သတတ်။ ထိုအခါ နတ်မင်းကြီးတို့က ပဝတ္တိအခါ ဝိဘူတာရုံ ဝီထိ၌ ဟဒယဝတ္ထု၏ ဝတ္ထာရမ္မဏအဖြစ်ကို ရည်၍ ဆုံးဖြတ်တော်မူသော အဆုံးအဖြတ်ကို ဘုရားသခင်တို့၏အထံမှ ငါတို့ ကြားနာ မှတ်သားဖူးသည် ဟုဆိုကြကုန်၏။ ထိုနတ်မင်းကြီးတို့ ပြောဆိုသော စကားကို အဆင့်ဆင့် ကြားကုန်သဖြင့် ရှေးရှေးသော စာသင်သားတို့သည် ပဝတ္တိအခါ ဝိဘူတာရုံဝီထိ၌ ဟဒယဝတ္ထုရုပ်၏ ဝတ္ထာရမ္မဏအဖြစ်ကို အလွန်လျှင် နှစ်သက်ကြကုန်၏။ ထို့ကြောင့် ပြဆိုခဲ့ပြီးသော အာဂမယုတ္တိ အားဖြင့်လည်းကောင်း၊ မဟောသက္ခနတ်မင်းကြီးတို့၏အထံမှ အဆင့်ဆင့် ဆောင်ယူခဲ့သည်၏ အစွမ်းဖြင့်လည်းကောင်း၊ ဤသို့ ယုတ္တိအာဂမ ပရံပရသုတ လဒ္ဓေါပဒေသကိုရည်၍ ပဋ္ဌာနသာရဒီပနီ၌-

(က) ဝိဘူတာလမ္ဗဏဝီထိမှိ၊ ပဝတ္တေ ပဋ္ဌမာတီတေ၊
ဘဝင်္ဂေ အာဒိကာလေ ယံ၊ ဝတ္ထုပုရေဝ ပစ္စယော။

(ခ) တံ တံဝ နိဿယာလမ္ဗံ၊ ကရောန္တာနံ တိရာသိနံ၊
သုတ္တ ကဏှ အဝါစီနံ၊ နိဿယာလမ္ဗဏံ ဘဝေ။

(ဂ) ပါဠိဠ်ဃဋ္ဋနာဝါရေဟိ၊ သံသန္ဒတိ ဂရူဟိ စ၊
ဝိနိစ္ဆိယတိ ယတော တံ၊ ဝိညူ သုဋ္ဌုပလက္ခယေ။[၁]

ပဝတ္တေ၊ ပဝတ္တိအခါ၌။ ဝိဘူတာလမ္ဗဏဝီထိမှိ၊ ဝိဘူတာရုံဝီထိ၌။ ပဋ္ဌမာတီတေ၊ ပဌမ အတီတဖြစ်သော။ ဘဝင်္ဂေ၊ ဘဝင်၌။ အာဒိကာလေ၊ ဥပ္ပါဒက္ခဏ၌။ ယံ ဝတ္ထု၊ အကြင် ဟဒယဝတ္ထုသည်။ ပုရေဝ၊

၁။ ပဋ္ဌာနသာရဒီပနီ၊

ရှေးဦးစွာကပင် လျှင်။ ပစ္စယော၊ ဝတ္ထုပုရေဇာတပစ္စည်း တပ်သည်။ ဘဝေ၊ ၏။

တံ တံဝ၊ ထိုပထမ အတီတဘဝင်၏ ဥပါဒ်ခဏ၌ဖြစ်သော ဟဒယဝတ္ထုကိုသာလျှင်။ နိဿယာလမ္ဗံ၊ မှီရာအာရုံကို။ ကရောန္တာနံ၊ အာရုံပြု ကုန်သော။ သုက္ကကဏှအဝါစိနံ၊ ကုသိုလ် အကုသိုလ် အဗျာကတ ဖြစ်ကုန် သော။ တိရာသိနံ၊ သုံးရာသီတို့အား။ နိဿယာလမ္ဗဏံ၊ မှီရာလည်းဖြစ်, အာရုံလည်းဖြစ်သည်။ ဘဝေ၊ ၏။

ယံ၊ အကြင်အဆုံးအဖြတ်သည်။ ပါဠိဃဋ္ဋနာဝါရေဟိ၊ ပါဠိတော် ဃဋ္ဋနာဝါရတို့နှင့်။ သံသန္ဒတိ၊ ကောင်းစွာ နှီးနှောမိ၏။ ဂရူဟိ စ၊ ဆရာမြတ်တို့ သည်လည်း။ ယတော၊ အကြင်ကြောင့်။ သုနိစ္ဆိယတိ၊ ကောင်းစွာဆုံးဖြတ်အပ်၏။ တတော၊ ထိုသို့နှီးနှော ဆုံးဖြတ်ခြင်းကြောင့်။ ဇေတံ၊ ဤပဝတ္တိအခါ ဟဒယဝတ္ထု ကိုယူ၍ ဆုံးဖြတ်ခြင်းကို။ ဝိညူ၊ ပညာရှိတို့သည်။ သုဋ္ဌု၊ ကောင်းစွာ။ ဥပလက္ခယေ၊ မှတ်ရာ၏။ ဤကား ပဋ္ဌာနသာရဒီပနီ အလိုတည်း။ (ပဋ္ဌာနသာရ ဒီပနီကျမ်းကား ဟံသာဝတီ ပဲခူးမြို့ ကောင်းစားစဉ် ရေးသားသောဟူ၏။)

(၂-၈) အင်းဝမြို့ ကောင်းစားစဉ် တည်ထားကိုးကွယ်တော်မူသော ရာဇမဏိစူဠာ ကောင်းမှုတော်ဘုရားကြီးဒကာ သာလွန်မင်းတရားကြီး လက်ထက် အဂ္ဂမဟာလင်္ကာရ ဘွဲ့တံဆိပ်တော်ရ ဥတ္တရာဝန် မြောက်နန်း ဆရာတော်အား သာမဏေတစ်ပါးက ဤဝဏ္ဏာရမ္မဏ၏ အဆုံးအဖြတ်၌ တွေဝေသောကြောင့် ကောင်းစွာ မှတ်သားပါရအောင် တပည့်တော်၏ သံသယ ကို ပယ်ဖျောက်တော်မူပါမည့် အကြောင်းကို လျှောက်ထားလေလျှင် -

'ချစ်သား သာမဏေငယ်၊ ဝဏ္ဏာရမ္မဏ အဆုံးအဖြတ်သည် အလွန် နက်နဲ ခက်ခဲသိမ်မွေ့သောကြောင့် ဘုရားဆုကိုပန်ပြီးလျှင် ပါရမီကို

ဖြည့်ကျင့်၍ ဘုရားအဖြစ်သို့ရောက်မှပင် ဤဝတ္ထာရမ္မဏာသဘောကို ကုန်စင်အောင် သိနိုင်ရာသည်။ ချစ်သား သာမဏေငယ်၊ သိလိုလျှင် ဘုရားဆုကိုပန်၍ ပါရမီကိုသာ အစဉ်သင့် ဖြည့်ကျင့်လေတော့'ဟူ၍ မိန့်ဖူးသည့်စကားကို အဆင့်ဆင့် စာသင်သားတို့ ဆောင်ခဲ့၍၊ အမရပူရ ပထမမြို့တည်နန်းတည် ဘိုးတော်မင်း တရားကြီးလက်ထက် ဗားကရာ ဆရာတော်တိုင်အောင် ကြားသဖြင့် မြောက်နန်းဆရာတော်နှင့် သာမဏေ ငယ်တို့သည် ငါနှင့်တွေ့ကြုံရပါလျှင် ဤဝတ္ထာရမ္မဏာအဆုံးအဖြတ်ကို သဘောကျအောင် ပြောပေးလိုက်ချင်ပါသည်ဟူ၍ ဗားကရာဆရာတော်က လွန်စွာတောင့်တသည်ကို အဆင့်ဆင့်ကြားဖူးပေသည်။

ဝတ္ထာရမ္မဏာပစ္စယုပ္ပန်၌ အဘိဇ္ဈာဥ်ဒွေး အဆုံးအဖြတ်

(၂-၉) ဤဝတ္ထာရမ္မဏာပစ္စည်းကို ပဝတ္တိအခါ၊ မရဏာသန္နအခါ၊ အထွေထွေလာသော်လည်း သဲအင်းဆရာတော်၊ ထန်းတပင်ဆရာတော်၊ ပုဂံအတွင်းဝန်ဆရာတော်တို့၏ အာဘော်ကား မရဏာသန္နအခါ ဟဒယဝတ္ထုကို ယူလိုရိပ် ရှိသည်ဟူလိုသည်။

ဝတ္ထာရမ္မဏာ ပစ္စယုပ္ပန်၌ အဘိဇ္ဈာဥ်ဒွေး ပါသင့်၊ မပါသင့်ဟု နှစ်ထွေ နှစ်ရပ် ရှိသည်တွင် အဘိဓမ္မာကျမ်းများစွာကို ရေးသားစီရင်ခဲ့သော ဆရာကြီး ဦးအုန်း၏ဝါဒကား အဘိဇ္ဈာဥ်ဒွေး မပါသင့်၊ မပါထိုက်ဟု ပြောဆိုခဲ့ပေသည်။

အဘယ့်ကြောင့် မပါသင့်သနည်း။ ဈာနသမန္တရ ပရိနိဗ္ဗာန်၊ ဈာနင်္ဂပစ္စဝေက္ခဏာ သမနန္တရ ပရိနိဗ္ဗာန် အစရှိသဖြင့် ဘုရား၊ ရဟန္တာ၊ အသျှင်အာနန္ဒာ၊ ကောဏ္ဍပုတ္တတိဿထေရ်များ ကောင်းကင်ပြင်ဝယ် ဣဒ္ဓိဝိဓ အဘိဉာဉ်ဖြင့် ထက်ဝယ်ဖွဲ့ခွေ နေတော်မူလျက် ပရိနိဗ္ဗာန်စံတော်မူ ကြကြောင်း ကျမ်းပေါင်းများစွာ ထင်ရှားရှိသည်မဟုတ်လောဟု မေးရာ-

အဘိညာဉ်ဖြင့် ကောင်းကင်ပြင်ဝယ် ထက်ဝယ်ဖွဲ့ခွေ စမ္မယ်နေတော်မူသည်ကား မှန်ပေ၏။ ၄င်းအဘိညာဉ် အခြားမဲ့၌ မရဏာသန္နဝီထိကျ၍သာ ပရိနိဗ္ဗာန်စံတော်မူကြသည်ဟု ဆိုလေသည်။

မျက်စိတစ်မှိတ်အတွင်း ကုဋေကုဋာ ခဏငယ်များစွာ ဖြစ်နိုင်ကြောင်း ဋီကာစကားကို ထောက်ပါ။ ဤအဘိညာဉ်ဇောနှောင် စုတိကျ၍ ပရိနိဗ္ဗာန် ပြုနိုင်ကြောင်း ပါဠိ အဋ္ဌကထာ ဋီကာတို့၌ မထင်။ သို့ဖြစ်၍ ဝဏ္ဏာရမ္မဏ ပစ္စယုပ္ပန်၌ အဘိညာဉ်ဒွေး မပါသင့်၊ မပါထိုက်ဟုမှတ်ပါလေ။

မရဏာသန္န ကာမဇောနှောင်သာ စုတိကျသောကြောင့် သဲအင်းသာသနာပိုင် သုံးချက်စု၊ ထန်းတပင် သျှင်နန္ဒမေဓာ ပဋ္ဌာန်းအကောက်တို့၌ အဘိညာဉ်ဒွေး မပါချေ။ ကျီဝန်ဆရာတော်၊ မိုင်းခိုင်းဆရာတော်၊ ဒိုင်းဝန်းဆရာတော်များလည်း မိန့်တော်မူသံကို တပည့်ကြီးတို့၏ထံမှ တဆင့်စကားကြားရဖူးပေသည်။ မရဏာသန္နအခါကို သဘောကျ၍ မိန့်တော်မူကြသည်။

ရှေးဆရာကြီးများ သုံးချက်စု၌ အဘိညာဉ်ဒွေး ပါသည်များ၏။ ပါပုံကို ထောက်သော် ပဝတ္တိအခါ ယူ၍ဆုံးဖြတ်သော အဆုံးအဖြတ်များနှင့်ညီ၏။ မရဏာသန္နအခါ ဟဒယဝတ္ထုကို ယူ၍ဆုံးဖြတ်သော အဆုံးအဖြတ်နှင့်ကား မညီပေ။ (ဒုမ္ဗိဇာနမိဒံ ဌာနံ ဝိမံသိတွာ ဂဟေတဗ္ဗံ ဟူလို။)

(၂-၁၀) အဘိညာဉ်ဇောနှောင် စုတိကျသော ဝီထိချပုံကား-

ဘဝင်၊ ဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ၊ အဘိညာဉ်ဇော တစ်ကြိမ်၊ ထို့နောင် စုတိဖြစ်၍ ချုပ်၏။ ဤကား အဘိညာဉ်ဒွေး ပါသင့်သော ဆရာတို့၏အလို ဝီထိတည်း။

ဤဝဋ္ဋာရမ္မဏ အဆုံးအဖြတ်သည် ယခုထက်တိုင်အောင် ခက်ခဲလှလေပြီ။ ရှေးကာလကလည်း ခက်ခဲဖူးပြီ။ နောင် သာသနာတော်မကုန်မချင်းလည်း ခက်ခဲလတ္တံ့ဖြစ်သည်။ သို့ ခက်ခဲခြင်း၏အကြောင်းအဘယ်သို့နည်းဟု စဉ်းစားဆင်ခြင်သော် ပဋ္ဌာန်းပါဠိတော် အဘိဓမ္မာအဋ္ဌကထာ ဋီကာ အနုဋီကာ မဏိသာရမဉ္ဇူ အဘိဓမ္မတ္ထဒီပနီ စသောကျမ်းတို့၌လည်း မထင်ရှားသောကြောင့် ယခုတိုင်အောင် အခက်အခဲနှင့်တွေ့ကြုံရပေသတည်း။

ဗားကရာအကောက်၊ ဦးဇမ္ဗူ၊ နေရင်း၊ ထန်းတပင်အကောက် စသောဆရာတော်တို့ကား 'ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ'အစရှိသော ပါဠိတော်၌သာ သွင်း၍ ကောက်ယူတော်မူကြသည်။ သင်္ချာဝါရဃဋ္ဋနာ၌လည်း 'အာရမ္မဏပစ္စယာ နိဿယေ တီဏိ' အစရှိသည်ဖြင့် သာမည ဟောတော်မူ၏။ ဤသို့ဟောသည်ကိုနှလုံးသွင်း၍ ပစ္စည်းပြိုင် ကြရလေသည်။ အဋ္ဌကထာ၌လည်း မသွင်းခဲ့။ သို့ဖြစ်၍ စမ်းတဝါးဝါးဖြင့် ကျမ်းအများ ဆိုကြလေသတည်း။

မိမိဗဟုသုတရရှိသည်နှင့် အာစရိယဝါဒများကို ဉာဏ်မီသမျှ ရေးသားပြဆိုရခြင်း ဖြစ်ပါသောကြောင့် ငါးကြော်စားသော နည်းဥပမာဖြင့် အသားကိုစား၍ အရိုးကို ပစ်ပယ်တော်မူကြပြီးလျှင် ပိုသည်ကို ဖျက်၊ လိုသည်ကို စွက်၍ မှတ်သားတော်မူကြစေကုန်သတည်း။

ဝဋ္ဋာရမ္မဏအဆုံးအဖြတ် ပြီး၏။

နိဿယပစ္စည်း ပြီး၏။

ဥပနိဿယပစ္စည်းမှတ်ရန်

ဗလဝဘာဝေန နိဿိယတီတိ ဥပနိဿယော။

ဗလဝဘာဝေန၊ အားကြီးသော အကြောင်း၏အဖြစ်ဖြင့်။ မှီအပ်၏။ ဣတိ တသ္မာ၊ ကြောင့်။ ဥပနိဿယော၊ ၏။ နိ-ရှေး ရှိသော သိ-ဓာတ်၊ ဏ-ပစ္စည်း။ အရကား အာရမ္မဏူပနိဿယသတ္တိ၊ အနန္တရူပနိဿယသတ္တိ၊ ပကတူပနိဿယသတ္တိ ဥပ-သဒ္ဒါသည် ဥပါဒါန်၊ ဥပါယာသော ပုဒ်တို့၌ကဲ့သို့ ဟော၏။ ထို့ကြောင့် ဋီကာကျော်၌ -

ဗလဝဘာဝေန နိဿယော ပစ္စယော ဥပနိဿယပစ္စယော ဥပ-အတိသယဖောတကတ္တာ[၁]- ဟု မိန့်၏။

မဏိသာရမဉ္ဇူ၌လည်း -

ဗလဝဘာဝေနာတိ ဧတေန 'ဥပါယာသော'တိ အာဒီသု ဝိယ ဘုသတ္ထောတိ ဒဿေတိ။ ဗလဝသဒ္ဒေါ ဟိ ဘုသပရိယာယော[၂]- ဟု မိန့်၏။

ဗလဝဘာဝေနာတိ ဧတေန၊ ဖြင့်။ ဥပါယာသောတိ အာဒီသု ပုဒ်တို့၌ကဲ့သို့။ ဥပသဒ္ဒေါ၊ သည်။ ဘုသတ္ထော၊ ပြင်းစွာအနက် ရှိ၏။ ဣတိ၊ သို့။ ဒဿေတိ၊ ပြ၏။ ဟိ သစ္စံ၊ မှန်၏။ ဗလဝသဒ္ဒေါ၊ ဘုသပရိယာယော၊ ဘုသသဒ္ဒါ၏ ပရိယာယ်တည်း။

အာရမ္မဏူပနိဿယ နှင့် အာရမ္မဏာဓိပတိ အထူး

ဥပနိဿယသည် အာရမ္မဏူပနိဿယ၊ အနန္တရူပနိဿယ၊ ပကတူပနိဿယ၊ ဟု သုံးပါးပြား၏။ ထိုတွင် အာရမ္မဏူပနိဿယသည်

ဘိဓမ္မတ္ထဝိဘာဝိနီဋီကာ (ဋီကာကျော်)၊ ၂၄၃။ ၂။ မဏိသာရမဉ္ဇူသာ ဋီကာ-၂၊ ၃၈၇။

အာရမ္မဏာဓိပတိနှင့်တူ၏ ဟုဆိုသော်လည်း အလေးအမြတ် ပြုအပ်ခါမျှ ဖြစ်သော အနက်သဘောကြောင့် အာရမ္မဏာဓိပတိ မည်၏။ အားကြီးသော အကြောင်းဟူသော အနက်သဘောကြောင့် အာရမ္မဏူပနိဿယ မည်၏။ ဤသို့ ပစ္စယာကာရ သတ္တိနှစ်ပါး ထူးသေးသည်ဟုမှတ်လေ။

ထို့ကြောင့် ပဋ္ဌာနအဋ္ဌကထာ၌ -

ဂရုကာတဗ္ဗမတ္တဋ္ဌေန အာရမ္မဏာဓိပတိ၊ ဗလဝကာရဏဋ္ဌေန အာရမ္မဏူပနိဿယောတိ ဧဝမေတေသံ နာနတ္တံ ဝေဒိတဗ္ဗံ[၁]- ဟု မိန့်၏။ (ဤကားအထူး)။

အနန္တရူပနိဿယ နှင့် အနန္တရ အထူး

(၂) အနန္တရူပနိဿယသည် အနန္တရနှင့်တူ၏ ဟုဆိုသော်လည်း မိမိ မိမိ၏ အခြားမဲ့၌ လျော်သော နောက်စိတ္တုပ္ပါဒ်၏ဖြစ်ခြင်းငှာ စွမ်းနိုင်သောအဖြစ်သည် အနန္တရ၏သဘော မည်၏။ ရှေးရှေးဖြစ်သော စိတ်၏ နောက်နောက်သောစိတ် ဖြစ်ခြင်းငှာ အားကြီးသော အကြောင်း၏ အဖြစ်သည် အနန္တရူပနိဿယ သဘောမည်၏။ ဤသို့ ပစ္စယာကာရ သတ္တိ ၂-ပါး ထူးသေးသည်ဟုမှတ်။ ထို့ကြောင့် ပဋ္ဌာနအဋ္ဌကထာ၌ -

အတ္တနော အတ္တနော အနန္တရံ အနုရူပစိတ္တုပ္ပါဒဝသေန အနန္တရပစ္စယော, ဗလဝကာရဏဝသေန အနန္တရူပနိဿယောတိ ဧဝမေတေသံ နာနတ္တံ ဝေဒိတဗ္ဗံ[၂]- ဟု မိန့်၏။

အနန္တရနှင့် အနန္တရူပနိဿယ၌ မာတိကာထားခြင်းလည်း ထူးသေးသည်။ အဘယ်သို့ ထူးသနည်း။ 'ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ' စသည်ဖြင့် အနန္တရူပနိဿယမှာ မာတိကာ

၁။ ပဋ္ဌာနဋ္ဌ၊ ၄၊ ၃၄၈။ ၂။ ၄၄။

ထားသည်။ 'စက္ခုဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ခန္ဓာ (လ) ပုရိမာ ပုရိမာ (လ) ခန္ဓာနံ' စသည်ဖြင့် အနန္တရမှာ မာတိကာ ထားသည်။ ထိုသို့ပင် မာတိကာထားခြင်း ထူးသော်လည်း သဘာဝတ္ထအားဖြင့် မထူးဟုမှတ်လေ။ ဗလဝကာရဏ အားကြီးသောအကြောင်းမျှသာ ထူးသည်ဟု မှတ်ရမည်။

ပကတူပနိဿယ၏ ဝစနတ္ထနှင့် သဘာဝတ္ထ

(၃) ပကတိယာတေ နိပ္ဖာဒိယာတေတိ ပကတော။

ပကတိယာတေ နိပ္ဖာဒိယာတေ၊ ပြီးစေအပ်၏။ ဣတိ၊ ကြောင့်။ ပကတော၊ ၏။ သဒ္ဓါ သီလ စသည်ကို ရစေ။ မိမိသန္တာန်၌ သဒ္ဓါ သီလ စသော အားကြီးသောအကြောင်းကို အမှီပြု၍ ကုသိုလ် အကုသိုလ် အဗျာကတ အကျိုးတရားတို့သည် ဖြစ်ကုန်၏ ဟူလို။ 'ပကတော ဥပနိဿယော ပကတူပနိဿယော' ဟု တွဲလေဦး။

ပကတိယာတေ သေဝိယာတေတိ ပကတော။

ပကတိယာတေ သေဝိယာတေ၊ မှီဝဲအပ်၏။ ဣတိ၊ ကြောင့်။ ပကတော၊ ၏။ ဥတုဘောဇဉ် စသည်ကို ရစေ။ ဗဟိဒ္ဓသန္တာန်၌ ဥတုဘောဇဉ် စသော အားကြီးသောအကြောင်းကို ရ၍ ကုသိုလ် အကုသိုလ်တို့သည် ဖြစ်ကုန်၏ ဟူလို။

သဒ္ဓါသီလ စသည်တို့သည် နိပ္ဖာဒိတအကြောင်း၊ ဥတုဘောဇဉ် စသည်တို့သည် သေဝိတအကြောင်းတည်း။ နိဗ္ဗာန်သည် နိပ္ဖာဒိတ အကြောင်းလည်း မဟုတ်။ သေဝိတအကြောင်းလည်း မဟုတ်သောကြောင့် ဤပကတူပနိဿယ၌ မဟောအပ် ဟူလို။

ထို့ကြောင့် ပဋ္ဌာနအဋ္ဌကထာ၌-

ပကတူပနိဿယော ပန ပကတော ဥပနိဿယော ပကတူပနိဿယော။ ပကတော နာမ အတ္တနော သန္တာနေ နိပ္ဖာဒိတော ဝါ သဒ္ဓါသီလာဒိ၊ ဥပသေဝိတော ဝါ ဥတုဘောဇနာဒိ၁- ဟုမိန့်၏။

ပန၊ အထူးကို ဆိုဦးအံ့။ ပကတူပနိဿယော၊ ကို။ ပကတော၊ အကျိုး ဖြစ်စေခြင်း၌ စွမ်းနိုင်အောင် ကောင်းစွာ ပြုပြင်အပ်သော။ ဥပနိဿယော၊ အားကြီးသောအကြောင်းသည်။ ပကတူပနိဿယော၊ ၏။ ဣတိ-ဝေဒိတဗ္ဗော၊ ဤသို့ သိအပ်၏။ ပကတော နာမ၊ ကောင်းစွာ ပြုပြင်အပ်သည် မည်သည်။ အတ္တနော၊ မိမိ၏။ သန္တာနေ၊ ၌။ နိပ္ဖာဒိတော၊ ပြီးစေအပ်သော။ သဒ္ဓါသီလာဒိ ဝါ၊ သဒ္ဓါသီလ အစရှိသော တရားသည် လည်းကောင်း။ ဥတုဘောဇနာဒိ ဝါ၊ အချမ်းအပူဟူသော ဥတု, လျောက်ပတ်သည်စသော, ဘောဇဉ်စသော ဝတ္ထုသည်လည်းကောင်း။ ပကတူပနိဿယော၊ ၏။

(၄) သင်္ခေပလက္ခဏာကား- အကြင်အကြင်သို့သော အကြောင်းတရားကို အမှီပြု၍ အကြင်အကြင်သို့သော အကျိုးတရားတို့သည် ဖြစ်ကုန်၏။ ထိုထိုသို့သော အကြောင်းတရားတို့သည် ထိုထိုသို့သော အကျိုးတရားတို့၏ ပကတူပနိဿယပစ္စည်း မည်၏။ အကြောင်းအကျိုး စပ်ခါမျှဖြင့် ပကတူပ သတ္တိဖြင့် ကျေးဇူးပြု၏ဟုဆိုသော်လည်း ဤပစ္စယုပ္ပန်၌ အဘိဓမ္မာနည်းအားဖြင့် ရုပ်တရားကို မရအပ်။ သုတ္တန်နည်းအားဖြင့်ကား ရုပ်တရားကို ရအပ်၏။ ရပုံကား- ဝိညာဏ်ကြောင့် နာမ်ရုပ် ဖြစ်၏။ နာမ်ရုပ်ကြောင့် သဠာယတန ဖြစ်၏။ ဤကား သုတ္တန်နည်းဖြင့် ကျေးဇူးပြုပုံတည်း။

ထို့ကြောင့် ပဋ္ဌာနအဋ္ဌကထာ၌ -

၁။ ပဋ္ဌာနပကရဏ၊ ဋ္ဌ၊ ၃၄၈။

သယံ ပန ရူပံ ဣမဿ ပဋ္ဌာနမဟာပကရဏော အာဂတနယေန ဥပနိဿယပစ္စယံ န လဘတိ၊ သုတ္တန္တိကပရိယာယေန ပန လဘတီတိ ဝတ္တုံ ဝဋ္ဋတိ[၁]- ဟု မိန့်၏။

ပန၊ ထိုသို့ပင် ပစ္စည်းတပ်သော်လည်း။ သယံ၊ မိမိသည်။ ရူပံ၊ ရုပ်ဖြစ်၍။ ဣမဿ ပဋ္ဌာနမဟာပကရဏော၊ ၌။ အာဂတနယေန၊ ဖြင့်။ ဥပနိဿယပစ္စယံ၊ ကို။ န လဘတိ၊ မရအပ်။ ပန၊ ထိုသို့ပင် မရသော်လည်း။ သုတ္တန္တိကပရိယာယေန၊ ဖြင့်။ ဥပနိဿယပစ္စယံ၊ ကို။ လဘတိ၊ ၏။ ဣတိ၊ သို့။ ဝတ္တုံ၊ ငှာ။ ဝဋ္ဋတိ၊ သင့်၏။

မူလဋီကာ၌လည်း-

သုတ္တန္တိကပရိယာယေနာတိ ဝိညာဏူပနိသံ နာမရူပံ, နာမရူပူပနိသံ သဠာယတနန္တိ အာဒိကေန[၂]- ဟု မိန့်၏။

ဤပစ္စယုပ္ပန်၌ ရုပ်ကိုကောက်သင့်လျက် အဋ္ဌကထာဆရာ မကောက် ခြင်းသည် ပဋိစ္စဝါရ ပစ္စနိက်၌ ကုသလံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ နဥပနိဿယပစ္စယာ၊ ကုသလေ ခန္ဓေ ပဋိစ္စ စိတ္တသမုဋ္ဌာနံ ရူပံ' ဟု လာသောကြောင့် မကောက်အပ်ဟု မှတ်ရမည်။

ပကတူပနိဿယပစ္စည်းတပ်ပုံ

(၅) ပစ္စည်းတပ်ဟန်ကား- မိုဃ်းတွင်း လေးလပတ်လုံး ရွာအပ်သော မိုဃ်းကြီးသည် မိုဃ်းကိုမှီအပ်သော သစ်ပင် သတ္တဝါ အစရှိသည်တို့အား အားကြီးသော အကြောင်း၏အဖြစ်ဖြင့် ကျေးဇူးပြု သကဲ့သို့ ပဋ္ဌဒွါရ, မနောဒွါရ ဝီထိ ရှိရှိသမျှတို့၌ ဇလဝဖြစ်သော ရှေးရှေး သော စိတ်တစ်ခုယုတ်ကိုးဆယ်၊ စေတသိက် ၁၂ ပညာသ၊ ရုပ် အဋ္ဌဝီသ၊

၁။ ပဋ္ဌပကရဏ၊ ၌၊ ၃၇၀။ ၂။ ၄င်း၊ မူလဋီကာ၊ ၁၈၈။

ပစ္စည်းထိုက်သော အချို့သောပညတ်။ ဤတရားတို့သည် ပကတူပ နိဿယပစ္စည်း၊ နောက်နောက်သော စိတ် တစ်ခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ။ ဤတရားတို့သည် ပစ္စယုပ္ပန်၊ ဝီထိစိတ်တို့သည် ယထာရဟ ဖြစ်စေအပ်သော စိတ္တဇရုပ် (လ) ပဝတ္တိ ကမ္မဇရုပ်၊ ပစ္စနိက်။ ဤကား အပေါင်းပစ္စည်း တပ်နည်းတည်း။

ပစ္စည်းထိုက်သော အချို့သောပညတ် ဟုဆိုရာ၌ ဥတုဘောဇနေ၊ သေနာသနသည် သီတဥတု၊ ဥဏှဥတု ဟုဆိုအပ်သော တောဇောတော်၊ အာဟာရဇရုပ် ဟုဆိုအပ်သော ဩဇာ၊ ကျောင်း အိပ်ရာ နေရာ၊ ဖော္ဒဗ္ဗာရုံ အတွေ့အထိကိုယူ၍ ပရမတ် ဟုမှတ်ရမည်။ ပုဂ္ဂလကိုကား အမည်နာမ အခေါ်အဝေါ်မျှကိုသာ ယူအပ်သောကြောင့် ပညတ် ဟုမှတ်ရမည်။

(၆) ပကတူပအကြောင်းသည် ဝေးသောအကြောင်း၊ နီးသော အကြောင်းဟု နှစ်ပါးရှိ၏။ ရှေးရှေး၌ ပြုခဲ့ဖူးသော ကုသိုလ်ကို ပကတူပ အကြောင်းခံ၍ ယခုဘဝ၌ ဈာန်မဂ်ကို ရ၏။ ရှေးရှေးပြုအပ်သော ကုသိုလ် သည် ဈာန်မဂ်အား ဝေးသောအကြောင်းဖြစ်၍ ပကတူပသတ္တိဖြင့် ကျေးဇူး ပြု၏။

'သဒ္ဓံ ဥပနိဿာယ ဒါနံ ဒေတိ' အစရှိသည်၌ ယုံကြည်ခြင်း သဒ္ဓါ တရားကို အကြောင်းခံ၍ ဒါနသီလစသောတရား ဖြစ်၏။ မဂ်သည် ဖိုလ်အား နီးသောအကြောင်းဖြစ်၍ ပကတူပသတ္တိဖြင့် ကျေးဇူးပြုကြ သည်ဟု မှတ်ရမည်။

ကုသိုလ်ကြောင့် အကုသိုလ်ဖြစ်ရာ၌ 'သဒ္ဓံ ဥပနိဿာယ မာနံ ဇပ္ပေတိ' အစရှိသည်ဖြင့် ငါသာလျှင် သဒ္ဓါသီလ အစရှိသည်နှင့် ပြည့်စုံသောသူတည်းဟု ကုသိုလ်အကြောင်းခံ၍ မာန ဖြစ်သည်ကိုယူလေ။ အကုသိုလ်ကြောင့် ကုသိုလ်ဖြစ်ရာ၌ 'ရာဂံ ဥပနိဿာယ ဒါနံ ဒေတိ'အစရှိသည်ဖြင့် တပ်မက်ခြင်း ရာဂကိုအမှီပြု၍ ဒါနစသော ကုသိုလ်

ပြုရာကိုယူလေ။ ပကတူပအကြောင်းကား အလွန်များသော အပြားရှိသော ကြောင့် အမြွက်မျှသာ ပြဆိုလိုက်ပေသည်။ အကျယ်လိုမူ ထိုထိုကျမ်းမှာ ယူလေ။

ဥပနိဿယပစ္စည်း ပြီး၏။

ပုရေဇာတပစ္စည်းမှတ်ရန်

(၁၀) ပုရိမတရံ ဇာတံ ဇာတိက္ခဏံ အတိက္ကမိတွာ ဌိတိက္ခဏေ ဇာယတီတိ ဇာတော။[၁]

ပုရိမတရံ ဇာတံ၊ ရှေးဦးစွာ ဖြစ်နှင့်သော။ ဇာတိက္ခဏံ၊ ဖြစ်ဆဲ ဥပါဒ်ခဏကို။ အတိက္ကမိတွာ၊ လွန်၍။ ဌိတိက္ခဏေ၊ တည်ဆဲ ဌီခဏ၌။ ဇာယတိ၊ ဖြစ်တတ်၏။ ဣတိ၊ ကြောင့်။ ဇာတော၊ မည်၏။ ဇနေ-တာတု၊ တ-ပစ္စယော။ အဘိဓေယျလ္လော ပန အဋ္ဌပစ္စယော လဗ္ဘန္တိ။

ပုရေကာလေ ဇာတော ပုရေဇာတော၊ အလုတ္တ သမာသော ယံ၊ ပုရေဇာတော စ သော ပစ္စယော စာတိ ပုရေဇာတပစ္စယော စသည်ဖြင့်ပြု။

(၁) ပုရေဇာတပစ္စည်းသည် စက္ခုဝိညာဏ် အစရှိသော ပစ္စယုပ္ပန် တရားတို့ မဖြစ်ပေါ်မီ ရှေး၌ဖြစ်၍ ဖြစ်ဆဲဥပါဒ်ခဏကို လွန်ပြီးလျှင် တည်ဆဲဖြစ်သော ဌီခဏ၌သာ ကျေးဇူးပြုတတ်ကုန်သော ခြောက်ပါးသော ဝတ္ထု၊ ခြောက်ပါးသော အာရုံ။ ဤတရားတို့သည် ပုရေဇာတပစ္စည်း မည်ကုန်၏။ ထို့ကြောင့် ဋီကာကျော်၌ -

ဆ ဝတ္ထူနိ, ဆ အာရမ္မဏာနိ စာတိ ဣမေ ပစ္စယုပ္ပန္နတော ပဌမံ ဥပ္ပန္နိတွာ ပဝတ္တမာနဘာဝေန ဥပကာရကော ပုရေဇာတပစ္စယော[၂]- ဟု မိန့်၏။

ဝတ္ထုပုရေဇာတ နှင့် ဝတ္ထုပုရေဇာတနိဿယ အထူး

ပုရေဇာတသည် ဝတ္ထုပုရေဇာတ၊ အာရမ္မဏပုရေဇာတဟု နှစ်ပါး ပြား၏။ ထိုတွင် ဝတ္ထုပုရေဇာတသည် ဝတ္ထုပုရေဇာတနိဿယနှင့်တူ၏ဟု

၁။ ပဋ္ဌာနပကရဏ၊ ၄၊ ၃၇၁။ ၂။ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ (ဋီကာကျော်)၊ ၂၄၃။

ဆိုသော်လည်း ဝတ္ထုလည်းဖြစ်၊ ရှေးလည်းဖြစ်၊ မှီရာလည်းဖြစ်ခြင်းသည် ဝတ္ထုပုရေဇာတနိဿယ လက္ခဏာ။ ဝတ္ထုလည်းဖြစ်၊ ရှေးလည်းဖြစ်ခြင်းသည် ဝတ္ထုပုရေဇာတ သတ္တိလက္ခဏာ။ ဤသို့ သတ္တိ၂-ပါး ထူးသေး၏ မှတ်။ ပုရေဇာတပစ္စည်းသည် ပဉ္စဝေါကာရဘုံ၌သာ ပဝတ္တိအခါ ကျေးဇူးပြု၏။ ပဋိသန္ဓေအခါ ပုရေဇာတ ၂-ပါးလုံးပင် ကျေးဇူးမပြုဟုမှတ်လေ။

ထို့ကြောင့် ပါဠိတော်၌ -

ကိဉ္စိ ကာလေ ပုရေဇာတပစ္စယေန ပစ္စယော, ကိဉ္စိ ကာလေ န ပုရေဇာတပစ္စယေန ပစ္စယော[၁]- ဟု ဟောတော်မူ၏။

ပဋိသန္ဓေအခါ ပုရေဇာတ(၂)ပါးလုံး ကျေးဇူးမပြုခြင်း

(၂) ပဉ္စဝေါကာရ ပဋိသန္ဓေစိတ်သည် မိမိနှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကိုသာ မှီရသောကြောင့် ပဋိသန္ဓေစိတ်သည် ဝတ္ထုပုရေဇာတ ပစ္စယုပ္ပန် မဖြစ်၊ ဝါ-ပစ္စည်းမတပ်။ သဟဇာတနိဿယသာ တပ်သည်။ ဝတ္ထုပုရေဇာတပစ္စည်း ရမှသာ အာရမ္မဏပုရေဇာတပစ္စည်း ရမြဲဖြစ်သောကြောင့်လည်းကောင်း၊ ပဋိသန္ဓေစိတ်၏အာရုံသည် ထင်ရှားသောအာရုံ မဟုတ်၍ အာရုံပြုကာမျှသာ ဖြစ်သောကြောင့်လည်းကောင်း၊ ပဋိသန္ဓေစိတ် သည် ပစ္စုပ္ပန်ဖြစ်သောရုပ်လျှင် အာရုံရှိသော်လည်း ဝတ္ထုပုရေဇာတ မရ၊ ၎င်းကိုမရသဖြင့် အာရမ္မဏပုရေဇာတကိုလည်း မရဟုမှတ်လေ။ ထို့ကြောင့် ပစ္စယနိဒ္ဒေသအဖွင့် မူလဋီကာ၌ -

တဒါရမ္မဏဘာဝဝိနောဝတိ စေတ္ထ ပဋိသန္ဓိဘာဝဝိနော ဝတ္ထုပုရေဇာတဘာဝေန ဣတရဿပိ အဘာဝါ အဂ္ဂဟဏံ၊ ဘဝင်္ဂဘာဝိနော ပန ဂဟဏံ ကာတဗ္ဗံ န ဝါ ကာတဗ္ဗံ ပဋိသန္ဓိယာ ဝိယ အပရိဗျတ္တဿ အာရမ္မဏဿ အာရမ္မဏမတ္တဘာဝတော[၂]-

၁။ ပဋ္ဌာန်၊ ပါဠိ-၁၊ ၇။ ၂။ ပဉ္စပကရဏ၊ မူလဋီကာ၊ ၁၈၈။

ဟု ဖွင့်၏။

တဒါ ရမ္မဏာဘာဝိနော တိ ဧတ္ထ၊ ပုဒ်၌။ ပဋိသန္ဓိဘာဝိနော၊ ပဋိသန္ဓေကို ဖြစ်လေ့ရှိသော ဝိပါက်အား။ ဝတ္ထုပုရေဇာတာဘာဝေန၊ ဝတ္ထုပုရေဇာတပစ္စည်း၏ မရှိခြင်းကြောင့်။ ဣတရဿပိ၊ ဤမှတစ်ပါးသော အာရမ္မဏပုရေဇာတ ပစ္စည်း၏လည်း။ အဘာဝါ၊ မရှိခြင်းကြောင့်။ ပဋိသန္ဓိဘာဝိနော၊ ပဋိသန္ဓေကို ဖြစ်လေ့ရှိသော ဝိပါက်ကို။ အဂ္ဂဟဏံ၊ အဋ္ဌကထာဆရာ မယူခြင်းသည်။ ဟောတိ၊ ၏။ ပန၊ ပဋိသန္ဓေမှတစ်ပါး ဘဝင်ကိုဆိုဦးအံ့။ ဘဝင်္ဂဘာဝိနောပိ၊ ဘဝင်ကိုဖြစ်လေ့ရှိသော ဝိပါက်ကိုလည်း။ ဂဟဏံ၊ ယူခြင်းကို။ ကာတဗ္ဗံ၊ ၏။ ဝါ၊ ကား။ န ကာတဗ္ဗံ၊ မပြုအပ်။ ပဋိသန္ဓိယာ၊ ပဋိသန္ဓေစိတ်၏။ အာရမ္မဏံ ဝိယ၊ မထင်ရှားသော အာရုံကဲ့သို့။ အပရိဗျတ္တသ၊ မထင်ရှားသော။ အာရမ္မဏဿ၊ ပစ္စုပ္ပန်အာရုံ၏။ အာရမ္မဏမတ္တဘာဝတော၊ အာရုံသာမည၏ အဖြစ်ကြောင့်တည်း။

အနုဋီကာ၌လည်း -

သတိပိ ကဿစိ ပဋိသန္ဓိဘာဝိနော အာရမ္မဏပုရေဇာတေ ဝိဘူတံ ပန ကတွာ အာရမ္မဏကရဏာဘာဝတော အဝိဘူတံ ကတွာ ဝုတ္တံ 'ဣတရဿပိ အဘာဝါ'တိ၊ တေနေဝါဟ ပဋိသန္ဓိယာ ဝိယ အပရိဗျတ္တဿ အာရမ္မဏဿ အာရမ္မဏမတ္တဘာဝတောတိ[၁]- ဟု ဖွင့်၏။

ကဿစိ၊ အချို့သော။ ပဋိသန္ဓိဘာဝိနော၊ ပဋိသန္ဓေကို ဖြစ်လေ့ရှိသော ဝိပါက်စိတ်၏။ အာရမ္မဏပုရေဇာတေ၊ ရှေး၌ဖြစ်သော ပစ္စုပ္ပန်အာရုံသည်။ သတိပိ၊ သော်လည်း။ ဝိဘူတံ ပန၊ ထင်ရှားသည်ကိုကား။ ကတွာ၊ ပြု၍။ အာရမ္မဏကရဏာဘာဝတော၊ အာရုံပြုခြင်း၏

မရှိခြင်းကြောင့်။ အဝိဇ္ဇမာနသဒိသံ၊ အာရမ္မဏပုရေဇာတ မရှိသည်နှင့် တူ၏။ ဣတိ ကတွာ- ဣတိ တသ္မာ၊ ကြောင့်။ ဣတရဿပိ အဘာဝါတိ ဝါ၊ ဟူ၍။ ဝုတ္တံ၊ ၏။ တေနေဝ၊ ကြောင့်သာလျှင်။ ပဋိသန္ဓိယာ (လ) အာရမ္မဏမတ္တဘာဝတောတိ၊ ဟူ၍။ အာဟ၊ ဋီကာဆရာ ဆိုလေ၏။ ဤကား ပဝတ္တိအခါသာ ကျေးဇူးပြုကြောင်း သာဓကတည်း။

အာရမ္မဏပုရေဇာတပစ္စည်းတပ်ပုံ

(၃) ပစ္စည်းတပ်ဟန်ကား-

ဝတ္ထုပုရေဇာတသည် ဝတ္ထုပုရေဇာတနိဿယနှင့်တူ၏။

အာရမ္မဏပုရေဇာတကား ပစ္စုပ္ပန် ပဉ္စာရုံကိုအာရုံပြု၍ ပဉ္စဒွါရဝီထိ အသီးအသီးချုပ်ပြီးလျှင် အာရုံငါးပါးသည် ပစ္စည်း၊ ဒွါရ အသီးသီး၌ ဖြစ်သော လေးဆယ့်ခြောက်ပါးသော နာမက္ခန္ဓာတို့သည် ပစ္စယုပ္ပန်၊ အာရမ္မဏပုရေဇာတ ပစ္စယုပ္ပန် မရခိုက်မရနေ စိတ် (၇၆)ခု၊ စေတသိက် (၅၂)၊ စိတ္တဇရုပ် (လ) ပဝတ္တိကမ္မဇရုပ်တို့သည် ပစ္စနိက်။

မနောဒွါရ ဝိဘူတ၊ အဝိဘူတ ဝီထိချ၍ ပစ္စုပ္ပန်ဖြစ်သော နိပ္ဖန္နရုပ် အဌာရသ ပစ္စည်း၊ မနောဒွါရာဝဇ္ဇန်း၊ ကာမဇော တစ်ခုယုတ်သုံးဆယ်၊ တဒါရုံ ဧကာဒသ ပစ္စယုပ္ပန်၊ ပစ္စနိက် ထုတ်ပုံကား- ပဉ္စဒွါရဝီထိ အတူတည်း။

ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတ အဘိညာဉ် ဝီထိချ၍ ပစ္စည်းတပ်လေ။ (တစ်နည်း) ဣဒ္ဓိဝိဓအဘိညာဉ်လည်း ဖြစ်သင့်၏ဟု ဋီကာအလို ပြဆိုသေး၏။

ဤပစ္စယုပ္ပန်၌ ပဉ္စဝေါကာရဘုံ၌ ဖြစ်ခိုက်တရားကား ဒွေးပဉ္စဝိညာဏ် (၁၀)၊ မနောဓာတ် သုံးခုကြဉ်သော ကာမစိတ်(၄၁)ခုတည်း။ ဖြစ်နေ ဇက်ကား ဒွေးပဉ္စဝိညာဏ် (၁၀)၊ မနောဓာတ် သုံးခုတည်း။

ကာမစိတ် (၄၁)ခုသည် ပစ္စည်းတပ်ခိုက် ပစ္စယုပ္ပန် ဟုမှတ်။ မတပ်ခိုက် ပစ္စနိက်။ သို့ဖြစ်၍ အနေကံဟု မှတ်လေ။ အပ္ပမညာဒွေးကို ကြည့်သည်ကား ရုပ်ကို အာရုံမပြု၊ ပညတ်ကိုသာ အာရုံပြုသောကြောင့် ကြည့်သည်။

ပစ္စယုပ္ပန်၌ အဘိညာဉ်ဒွေး ကောက်ပုံ

(၄) ပစ္စယုပ္ပန်၌ အဘိညာဉ်ဒွေးကောက်ရာ ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတသာ။ ပဉ္စဝေါကာရပါဠိတော်၌ တိုက်ရိုက်ဟော၍ ပစ္စည်းတပ်သည်။ သို့သော်လည်း ဣဒ္ဓိဝိဓအဘိညာဉ်လည်း တပ်သင့်သည်ဟု မူလဋီကာ၌ မိန့်၏။

စိတ္တဝသေန ကာယံ ပရိဏာမယတော ဣဒ္ဓိဝိဓာဘိညာယ စ အဋ္ဌာရသသု ယံ ကိဉ္စိ အာရမ္မဏပုရေဇာတံ ဟောတီတိ ဒဋ္ဌဗ္ဗံ[၁]-

ဟု မူလဋီကာ မိန့်၏။

စိတ္တဝသေန၊ စိတ်နှင့်စပ်သဖြင့်။ ကာယံ၊ ကိုယ်ကို။ ပရိဏာမယတော၊ ညွတ်ခြင်းကိုပြုသောအားဖြင့်။ ဣဒ္ဓိဝိဓာဘိညာယ စ၊ ၏လည်း။ အဋ္ဌာရသသု၊ ၁၈-ပါးသော နိပ္ဖန္နရုပ်ဟုဆိုအပ်ကုန်သော။ အာရမ္မဏေသု၊ တို့တွင်။ ယံ ကိဉ္စိ၊ တစ်စုံတစ်ခုသော ရုပ်သည်။ အာရမ္မဏပုရေဇာတံ၊ သည်။ ဟောတိ၊ ၏။ ဣတိ၊ သို့။ ဒဋ္ဌဗ္ဗံ၊ ၏။ စ-သဒ္ဒါဖြင့် စုတူပပါတညာဏ်ကို ယူ။

ထို့ကြောင့် အနုဋီကာ၌ -

ဣဒ္ဓိဝိဓာဘိညာယ စာတိ စ-သဒ္ဒေန စုတူပပါတညာဏဿပိ သင်္ဂဟော ဒဋ္ဌဗ္ဗော[၂]- ဟု မိန့်၏။

စုတူပပါတညာဏ်ဟူသည် စုတိ၊ ဥပပါတ ပုဒ်ဖြတ်၍ စုတိအခါ၊ ပဋိသန္ဓေအခါတို့၌ ရုပ်ပါရုံကို ပွားစေတတ်သော ဒိဗ္ဗစက္ခုအဘိညာဉ်ကို

၁။ ပဋ္ဌာနဂဏနာ၊ မူလဋီကာ၊ ၁၈၈။ ၂။ ၄င်း၊ အနုဋီကာ၊ ၂၅၆။

ဆိုသည်ဟုမှတ်။ ထို့ကြောင့် ဋီကာ၌ -

ဒိဗ္ဗစက္ခုဉာဏမေဝ ဟိ စုတိယံ, ဥပပတ္တိယဥ္စ ရူပံ ဝိဘာဝေန္တံ စုတူပပါတေ ပဝတ္တတ္တာ 'စုတူပပါတဉာဏ'န္တိ ဝုစ္စတိ[၁]- ဟု မိန့်၏။

ဒိဗ္ဗစက္ခုကို ရသဖြင့် ဒိဗ္ဗသောတလည်း ရ၍ ဆိုဖွယ်မရှိတော့ပြီ။ ထို့ကြောင့် အနုဋီကာ၌ -

ဒိဗ္ဗစက္ခုဒိဗ္ဗသောတဉာဏာနိ သု စ ဝတ္တဗ္ဗမေဝ နတ္ထိ[၂]- ဟု မိန့်၏။

ပစ္စယနိဒ္ဒေသ၌ ဒေသနာအကြွင်းထားဟောရခြင်း

(၅) ပါဠိတော် ပစ္စယနိဒ္ဒေသ၌ 'ရူပါယတနံ စက္ခုဝိညာဏ-ဓာတုယာ'အစရှိသော ပါဠိတို့ဖြင့် ပဥ္စဒွါရ၌ အာရမ္မဏပုရေဇာတကို ပြတော်မူသည်။ မနောဒွါရကို ပြတော်မမူ။ ထိုသို့ ပြတော်မမူသော်လည်း မနောဒွါရ၌ 'စက္ခုံ အနိစ္စတော'အစရှိသည်ကို ပဉှာဝါရ၌ ဟောတော်မူသောကြောင့် ရသင့်၏။ ရသင့်လျက် အဘယ့်ကြောင့် ပြတော်မမူသနည်း။ ဤအရာ၌ အကြွင်းထားသောအားဖြင့် ဒေသနာကို ဟောတော်မူသောကြောင့်တည်း။ အဘယ့်ကြောင့် ဒေသနာကို အကြွင်းထား၍ ဟောတော်မူသနည်း။ ပစ္စယနိဒ္ဒေသ၏ မကျဉ်းမကျယ် ဖြစ်သောကြောင့်တည်း။

ထို့ကြောင့် ပဋ္ဌာနအဋ္ဌကထာ၌ -

မနောဒွါရေပိ အာရမ္မဏပုရေဇာတံ လဗ္ဘတေဝ၊ ဣဓ ပန သာဝသေသဝသေန ဒေသနာ ကတာတိ[၃]- ဟု မိန့်၏။ (ဝိပါက၊ အတ္ထိ၊ အဝိဂတတို့၌လည်း ဤနည်းတူ သိလေ။)

၁။ အဘိဓမ္မာဝတာရ-ပုရာဏဋီကာ-၂၊ ၂၈၃။ ၂။ ပဋ္ဌပကရဏ၊ အနုဋီကာ၊ ၂၅၆။
၃။ ၄င်း၊ ၎၊ ၃၇၁။

ဝိဘင်္ဂပါဠိ၌ အာရမ္မဏပစ္စယောတကို မဟောရခြင်း

(၆) ဝိဘင်္ဂပါဠိ၌လည်း ဝတ္ထုပုရေဇာတကိုသာ ဟောတော်မူသည်။ အာရမ္မဏပုရေဇာတကို ဟောတော်မမူ။ ထို့ကြောင့် အဋ္ဌကထာ၌ -

အာရမ္မဏံ ပန နိယမတော ပုရေဇာတပစ္စယဘာဝံ န လဘတိ၊ ရူပါယတနာဒီနိ ဟိ စက္ခုဝိညာဏာဒီနံယေဝ ပုရေဇာတပစ္စယတံ သာဓေန္တိ၊ မနောဝိညာဏဓာတုယာ အတီတာနာဂတာနိပိ အာရမ္မဏံ ဟောန္တိယေဝ၊ တသ္မာ ဣဓ န ဂဟိတံ[1]- ဟု မိန့်၏။

ဟိ သစ္စံ၊ မှန်၏။ ရူပါယတနာဒီနိ၊ ရူပါရုံ အစရှိသည်တို့သည်။ စက္ခုဝိညာဏာဒီနံယေဝ၊ တို့အားသာလျှင်။ ပုရေဇာတပစ္စယတံ၊ ကို။ သာဓေန္တိ၊ ပြီးစေကုန်၏။ မနောဝိညာဏဓာတုယာ၊ အား၊ အတီတာနာဂတာနိပိ၊ အတိတ် အနာဂတ်ဖြစ်သော အာရုံတို့သည်လည်း။ အာရမ္မဏံ၊ သည်။ ဟောန္တိယေဝ၊ သာလျှင်တည်း။ ပန၊ ထိုသို့ အတိတ် အနာဂတ် အာရုံဖြစ်သော်လည်း။ အာရမ္မဏံ၊ သည်။ နိယမတော၊ မြဲသောအားဖြင့်။ ပုရေဇာတပစ္စယဘာဝံ၊ အဖြစ်ကို။ န လဘတိ၊ မရအပ်။ တသ္မာ၊ ထိုသို့ မနောဝိညာဏဓာတ်အား ပုရေဇာတအာရုံ ဧကံ မဖြစ်သောကြောင့်။ ဣဓ၊ ဤဝိဘင်္ဂပါဠိ၌။ န ဂဟိတံ၊ မဟောအပ် မယူအပ်။

အာရမ္မဏပုရေဇာတ၌ သုံးချက်စုဆရာတော်က ပဉ္စဝေါကာရဘုံ၌သာ တပ်သောကြောင့်လည်းကောင်း၊ **'အာရုပ္ပေ ရူပံ အာရုဏ္ဏ**[2]**'** ဟု အနုဋီကာ ဆိုသောကြောင့်လည်းကောင်း၊ တောင်တွင်းအကျော် ခင်ကြီးပျော်က သတ္တရသာယုက ရသော၊ ပစ္စုပ္ပန်အာရုံ ရှိသော၊ ဝိဘူတ, အဝိဘူတာရုံ ဝီထိတို့ကို အရူပဘုံ၌ ဖြစ်နိုင်ကြောင်းကို ဝီထိလက်ရိုး၌ ဆိုသောကြောင့် လည်းကောင်း၊ အရူပဘုံ၌ အာရမ္မဏပုရေဇာတ ပစ္စည်းတပ်၊ မတပ်၊

၁။ ပဥ္စပကရဏ၊ ဋ္ဌ၊ ၄၁၅။ ၂။ ၄၆း၊ အနုဋီကာ၊ ၂၈၇။

ကြပ်ကြပ်စဉ်းစား။ ဆရာသမားတို့အား လျှောက်ထား၍ ဝိစာရေတဗ္ဗ ပွားလေဦး။ ဉာဏဝမှဏအလို့ငှာ ထည့်သည်။ သာရအားဖြင့် မမှတ်အပ်။

ပုရေဇာတပစ္စည်း ပြီး၏။

ပစ္ဆာဇာတပစ္စည်းမှတ်ရန်

(၁၁) ဇာယတိတိ ဇာတော။ ဇန-ဇာတု၊ တ-ပစ္စယော။ အဘိဓေယျတ္တော ပန ဝိပ္ပယုတ္တ အတ္တိ အဝိဂတော ဝ လဗ္ဘတိ။ ပစ္ဆာ ဇာတော ပစ္ဆာဇာတော၊ အလုတ္တ သမာသော ယံ၊ အဘိဓေယျတ္တော တိဝိဓော လဗ္ဘတိ။

(၁) အကျိုးပစ္စယုပ္ပန်တရားတို့၏ နောက်မှဖြစ်၍ ကျေးဇူးပြုတတ်ကုန်သော စိတ် စေတသိက်တရားတို့သည် ပစ္ဆာဇာတပစ္စည်း မည်ကုန်၏။ ထိုပစ္ဆာဇာတပစ္စည်းဖြစ်ကုန်သော စိတ် စေတသိက်တရားတို့သည် ရှေး၌ဖြစ်နှင့် သော ဧကဇ၊ ဒွိဇ၊ တိဇ၊ စတုဇ ပုရေဇာတကာယအား ဥပတ္ထမ္ဘကသတ္တိဖြင့် ကျေးဇူးပြုကုန်၏။ ထိုသို့ နောက်မှနေ၍ ပစ္ဆာဇာတ သတ္တိဖြင့် ကျေးဇူးမပြုခဲ့ သည်ရှိသော် ရှေး၌ဖြစ်နေသော စတုသမုဋ္ဌာနိက ကာယသည် ကုသိုလ်, အကုသိုလ်ကံကြောင့် ဖြစ်သော်လည်း ခန္ဓာ, သန္တာန် အစဉ်မပြတ်ဖြစ်ခြင်း၏ အကြောင်း၏အဖြစ်သို့ မရောက်နိုင်။ စတုသမုဋ္ဌာနိကကာယအား ဥပတ္ထမ္ဘက သတ္တိဖြင့် နောက်မှနေ၍ ထောက်ပံ့တတ်သောတရားကို ပစ္ဆာဇာတဟုမှတ်။

ဥပမာ။ ။ လင်းတငယ်တို့သည် အမိဖြစ်သူက နက်ဖြန်သဘက် အစာယူလာ၍ စားရလိမ့်မည်ဟုဆိုသော စားရအံ့သော အာဟာရ၌ချင်ခြင်း စေတနာဖြစ်၍ အမွေးအတောင် စုံလင်သည့်တိုင်အောင်သော ကာလရောက်မှ ခွေးသားစသည်ကို စားရ၏။ မနောသဉ္စေတနာအာဟာရ ၏အစွမ်းဖြင့်ဖြစ်သော နာမ်တရားသည် ခန္ဓာရူပကာယအား ထောက်ပံ့ သကဲ့သို့ မှတ်လေ။

ထို့ကြောင့် ဋီကာကျော်၌ -

ပစ္ဆာဇာတပစ္စယေ အသတိ သန္တာနဋ္ဌိတိဟေတုဘာဝံ အာဂစ္ဆန္တဿ ကာယဿ ဥပတ္ထမ္ဘနဘာဝေန ဥပကာရကာ ပစ္ဆာဇာတာ စိတ္တ-စေတသိကာ ဓမ္မာ ပစ္ဆာဇာတပစ္စယော၊ သော ဂိဇ္ဈပေါတက-သရီရာနံ အာဟာရာသာ စေတနာ ဝိယ ဒဋ္ဌဗ္ဗော[၁]- ဟု မိန့်၏။

ပစ္ဆာဇာတပစ္စယေ၊ နောက်မှဖြစ်၍ ကျေးဇူးပြုတတ်သောတရားသည်။ အသတိ၊ မရှိခဲ့သည် ရှိသော်။ သန္တာနဋ္ဌိတိဟေတုဘာဝံ၊ ကံကြောင့်ဖြစ်သော ခန္ဓာသန္တာန် အစဉ်တည်ခြင်း၏ အကြောင်း၏ အဖြစ်သို့။ အာဂစ္ဆန္တဿ၊ မရောက်သေးသော။ ကာယဿ၊ စတုသမုဋ္ဌာနိက ကာယအား။ ဥပတ္ထမ္ဘနဘာဝေန၊ ထောက်ပံ့တတ်သည်၏ အဖြစ်ဖြင့်။ ဥပကာရကာ၊ ကုန်သော။ ပစ္ဆာဇာတာ၊ ကုန်သော။ ဓမ္မာ၊ တို့သည်။ ပစ္ဆာဇာတပစ္စယော၊ မည်၏။ သော၊ ထိုပစ္ဆာဇာတ ပစ္စည်းကို။ ဂိဇ္ဈပေါတကသရီရာနံ၊ လင်းတငယ်တို့၏ ကိုယ်တို့အား။ အာဟာရာသာ စေတနာ၊ ကဗဠီကာရအာဟာရ၌ တပ်မက်တတ်သော စားချင်သော စေတနာသည်။ ပစ္ဆာဇာတပစ္စယော ဝိယ၊ နောက်မှဖြစ်၍ ကျေးဇူးပြုသကဲ့သို့။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။

(၂) ဤပစ္ဆာဇာတပစ္စည်းသည် အကျိုးပစ္စယုပ္ပန်က ရှေးဦးစွာဖြစ်နှင့်၍ အကြောင်း ပစ္စည်းတရားက နောက်မှဖြစ်သောကြောင့် ခွေးကျိုး ဥပမာဖြင့် ဆရာကြီး ပြောပေ၏။ သာမည တူပုံကား ခွေးကျိုးသည် တစ်စုံတစ်ခုကြောင့် အရင်ကျိုးနှင့်၍ သွားသောအခါ အကြောင်းက နောက်မှထင်သည်ဟု ပြောလေ၏။

တစ်နည်း- သစ်ပင်သည် မျိုးစေ့တည်းဟူသော အကြောင်းကြောင့် အပင် အကိုင်းအခက် စသော အကျိုးဖြစ်၏။ ၎င်းအပင် စည်ပင်ပြန့်ပွားစေ

၁။ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ (ဋီကာကျော်)၊ ၂၃၄။

ခြင်း၄ာ မြေရေဖြင့် ထောက်ပံ့ပေးရသကဲ့သို့ ခန္ဓာသန္တာန် အစဉ်တည်း ဟူသော အကျိုးတရားအား နောက်စိတ္တုပ္ပါဒ်က မပြတ် ဆက်ကာဆက်ကာ ထောက်ပံ့ နေရသည်ဟူလို။

ပစ္ဆာဇာတသည် ဌီခဏာဋ္ဌသာ ကျေးဇူးပြုခြင်း

(၃) ကျေးဇူးပြုတတ်ပုံကား- ခဏတ္တယသုံးပါးတို့တွင် ဖြစ်ဆဲ ဥပါဒ်ခဏကိုလွန်၍ တည်ဆဲ ဌီခဏသို့ရောက်ရှိနေသော စတုသမုဋ္ဌာနိက၊ တိသမုဋ္ဌာနိက ကာယဟုဆိုအပ်သော ဘူတရုပ်၊ ဥပါဒါရုပ်အား ကျေးဇူးပြု၏။ ဥပါဒ်နှင့် ဘင်ခဏမှာ ကျေးဇူးမပြုပေ။ ဌီခဏ တစ်ခုဋ္ဌသာလျှင် ပစ္ဆာဇာတ သတ္တိဖြင့် ကျေးဇူးပြုသည်ဟုမှတ်လေ။ ထို့ကြောင့် အဋ္ဌကထာ၌ -

ပုရေဇာတဿာတိ တေသံ ဥပ္ပါဒတော ပဋ္ဌမတရံ ဇာတဿ ဇာတိက္ခဏံ အတိက္ကမိတွာ ဌိတိပ္ပတ္တဿ၊ ဣမဿ ကာယဿာတိ ဣမဿ စတုသမုဋ္ဌာနိကတိသမုဋ္ဌာနိကဘူတဥပါဒါရူပ- သင်္ခါတဿ ကာယဿ[၁]- ဟု ဖွင့်၏။

ပုရေဇာတဿာတိ၊ ကား။ တေသံ၊ ထိုပစ္စည်းတရားတို့၏။ ဥပ္ပါဒတော၊ ဥပါဒ်မှ။ ပဋ္ဌမတရံ၊ ရှေ့၌။ ဇာတဿ၊ သော။ ဇာတိက္ခဏံ၊ ဖြစ်ဆဲ ခဏကို။ အတိက္ကမိတွာ၊ ၍။ ဌိတိပ္ပတ္တဿ၊ ဌီခဏသို့ရောက်လာ သော။ ဣမဿ ကာယဿာတိ၊ ကား။ စတုသမုဋ္ဌာနိကတိသမုဋ္ဌာနိက- ဘူတဥပါဒါရူပသင်္ခါတဿ၊ လေးပါးသောအကြောင်း, သုံးပါးသော အကြောင်းလျှင် ဖြစ်ကြောင်းရှိသော ဘူတရုပ်, ဥပါဒါရုပ်ဟုဆိုအပ်သော။ ဣမဿ ကာယဿ၊ ဤရူပကာယအား။ (ပစ္ဆာဇာတပစ္စယော ဟောတိ ဟုစပ်လေ။)

၁။ ပဋ္ဌာနအဋ္ဌကထာ၊ ၄၊ ၃၇၂။

အထက်ပြဆိုခဲ့ပြီးသော စကား၌ စတုသမုဋ္ဌာနိကကာယဟူသည် ယေဘုယျအားဖြင့် ကာမဘုံကိုရည်သည်။ အပွကအားဖြင့် တိဇ ဒွိဇလည်း ရှိ၏။ ရူပဘုံ၌ကား အာဟာရကို မရသောကြောင့် တိဇကာယကိုသာ ယူအပ်၏။ ထို့ကြောင့် အဋ္ဌကထာ၌ -

ဧတ္ထ စ တိသမုဋ္ဌာနိကကာယောတိ အာဟာရသမုဋ္ဌာနသ အဘာဝတော ဗြဟ္မပါရိသဇ္ဇာဒီနံ ကာယော ဝေဒိတဗ္ဗော[၁]- ဟု မိန့်၏။

ပဋ္ဌာဇာတ ကျေးဇူးပြုပုံ (ပြည်ဆရာတော်ဝါဒ)

(၄) ဤပဋ္ဌာဇာတပစ္စည်းသည် ပစ္စယုပ္ပန်တရား ဖြစ်ပြီးသည်မှ နောက်ကာလ၌ ဖြစ်၍ မိမိထင်ရှားရှိခဲ့ အခိုက်၌သာလျှင် ကျေးဇူးပြုသည်။ နောက်စိတ္တုပ္ပါဒ် ထင်ရှားမရှိသေးက အတ္ထိသဘောရှိသောကြောင့် ကျေးဇူး မပြုဟုမှတ်လေ။

ထို့ကြောင့် ပဋ္ဌာဝါရ ဃဋနာ ပါဠိတော်၌ ပဋ္ဌာဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတန္တိ တီဏိ ဟုအတ္ထိ၊ အဝိဂတတို့နှင့်အတူ ဖြစ်ကောင်းသော ကြောင့် နောက်စိတ္တုပ္ပါဒ် ဖြစ်ပေါ်မှသာ ကျေးဇူးပြုသည်ဟုမှတ်လေ။ (ပြည်ဆရာတော် ဦးတေဇ ဝါဒ။)

ပဋ္ဌာဇာတပစ္စည်းတပ်ပုံ

(၅) ပစ္စည်းတပ်ဟန်ကား- ပဋ္ဌဝေါကာရပဋိသန္ဓေ ဝီထိ၌ ပဋိသန္ဓေ စိတ်နှင့်အတူ ဥပါဒ်သော ကမ္မဇရုပ်သည် မိမိက ဖြစ်ခါစဖြစ်၍ အားနည်း သောကြောင့် ဥပါဒ်ခဏ၌ ဥတုဇရုပ်ကို မဖြစ်သေး။ စိတ္တဇရုပ်လည်း မဖြစ်သေး။ ထိုအခါ ပဋိသန္ဓေနှင့်အတူ ဥပါဒ်ရုပ်၏

၁။ ပဋ္ဌာနအဋ္ဌကထာ၊ ၄၊ ၃၇၂။

ဌီသို့ရောက်သော ကမ္မဇရုပ် ဟုဆိုအပ်သော ဧကဇကာယအား ပထမဘဝင်နာမက္ခန္ဓာသည် နောက်မှဖြစ်၍ ကျေးဇူးပြု၏။ ထိုအခါ ပထမဘဝင်နာမက္ခန္ဓာ ပစ္ဆာဇာတ ပစ္စည်း၊ ပဋိသန္ဓေစိတ်၏ ဥပါဒ်ကဖြစ် သောကမ္မဇရုပ်ဟုဆိုအပ်သော ဧကဇကာယ ပစ္စယုပ္ပန်၊ နောက်ဖြစ်သော ပထမဘဝင် နာမက္ခန္ဓာနှင့်တကွ ကမ္မဇရုပ်, စိတ္တဇရုပ်, ဥတုဇရုပ် ပစ္စနိက်။ ပထမဘဝင်ကို အဘယ်ကြောင့် ပစ္စနိက် ထုတ်သနည်း။ ပစ္စယုပ္ပန်မှ လွတ်သောကြောင့်တည်း။ (ဤကား ဧကဇကာယ ဆရာ၏ အလိုတည်း။)

ပဋိသန္ဓေစိတ်၏ ဌီကာလမှစ၍ ကမ္မဇရုပ်၌ပါလာသော တေဇောဓာတ် သည် ဗဟိဒ္ဓမှ သီတ, ဥဏှ ဥတုဇတေဇောတို့နှင့် တွေ့ကြုံသောအခါ ဥတုဇရုပ်ကို ဖြစ်စေ၏။ ထိုကမ္မဇရုပ်၊ ဥတုဇရုပ်တို့သည် ပထမဘဝင်သို့ ရောက်သောအခါ ဌီသို့ရောက်သည်ဖြစ်၍ ပထမဘဝင်နာမက္ခန္ဓာ ပစ္စည်း၊ ဒွိဇကာယ ပစ္စယုပ္ပန်၊ နောက်ဖြစ်သော ပထမဘဝင်နာမက္ခန္ဓာနှင့်တကွ ကမ္မဇ, စိတ္တဇ, ဥတုဇရုပ် ပစ္စနိက်။ (ဤကား ဒွိဇဆရာ၏ အလိုတည်း။)

စင်စစ်မှုချ ဧကဇဟူ၍ မရှိ။ ဒွိဇသာရှိသည်ဟု သဘောရပေသည်။ ပရိယာယ်မျှသာ ဧကဇ ယူသင့်၏။ ပထမဘဝင်၏ ဥပါဒ်မှစ၍ စိတ္တဇရုပ်ဖြစ်၏။ ၄င်းစိတ္တဇရုပ်, ပဋိသန္ဓေစိတ်ကဖြစ်သော ကမ္မဇ, ဥတုဇရုပ် သုံးခုတို့ သည် ဒုတိယဘဝင်သို့ ရောက်သောအခါ ဌီသို့ရောက်သည်ဖြစ်၍ ဒုတိယဘဝင် နာမက္ခန္ဓာ ပစ္စည်း၊ တိဇကာယသည် ပစ္စယုပ္ပန်၊ နောက်ဖြစ်သော ဒုတိယဘဝင် နှင့်တကွ ကမ္မဇ, စိတ္တဇ, ဥတုဇရုပ် ပစ္စနိက်။

ဂဗ္ဘသေယျက ပုဂ္ဂိုလ်တို့အား ကလလရေကြည် တည်ပြီးသည်မှ တစ်သတ္တာဟ၊ နှစ်သတ္တာဟ အလွန်၌ အမိစားသောက်အပ်သော အာဟာရ သည် ချက်ကြိုးမှအစဉ်လျှောက်၍ သူငယ်၏ အဇ္ဈတ္တသန္တာန်၌

တည်သော အာဟာရနှင့် ပေါင်းဆုံသည်မှစ၍ အာဟာရဇရုပ်ကို ဖြစ်စေ၏။ ဥပပါတ်၊ သံသေဒဇ ပုဂ္ဂိုလ်တို့အား တံတွေး သလိပ် အာဟာရ စသည်တို့ကိုမျိုသော ကာလမှစ၍ အာဟာရဇရုပ်ကို ဖြစ်စေ၏။ ထိုအခါ နောက်နောက်သော နာမက္ခန္ဓာ ပစ္စည်း၊ ရှေးရှေးဖြစ်၍ ရုပ်၏ဌီသို့ ရောက်သော စတုဇကာယ ပစ္စယုပ္ပန်၊ နောက်နောက်စိတ်နှင့်တကွ စတုဇရုပ်တို့သည် ပစ္စနိက်။ ဤပစ္စည်းတပ်ပုံကား-

ဣစ္စေဝံ ပဋိသန္ဓိမုပါဒါယ ကမ္မသမုဋ္ဌာနာ, ဒုတိယစိတ္တမုပါဒါယ စိတ္တသမုဋ္ဌာနာ, ဌိတိကာလမုပါဒါယ ဥတုသမုဋ္ဌာနာ, ဩဇာဖရဏမုပါဒါယ အာဟာရသမုဋ္ဌာနာ စေတိ (လ) ယာဝတာယုကမဗ္ဗောစ္ဆိန္နာ ပဝတ္တတိ[၁]- ဟု သင်္ဂဟပါဌ်၏ အရတည်း။

(၆) ဤသို့ ပစ္စည်း၊ ပစ္စယုပ္ပန် တပ်သောကြောင့် သုံးချက်စု၌ စိတ် တစ်ခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ နောက်နောက်သော စိတ်နှင့် အတူ ဥပါဒ်သော စိတ္တဇရုပ်၊ ဗာဟိရရုပ် (လ) ပဝတ္တိ ကမ္မဇရုပ် ပစ္စနိက် ထုတ်သည်နှင့်ညီမည်။ ပထမဘဝင်စိတ်သည် ပဋိသန္ဓေစိတ်၏ ဌီခဏ၌ မဖြစ်သေးသည်လည်းတစ်ကြောင်း၊ ထင်ရှားမရှိသေး၍ အတ္ထိပစ္စည်းကို မရသေးသည်လည်းတစ်ကြောင်း၊ 'ပစ္ဆာဇာတာ စိတ္တစေတသိကာ ဓမ္မာ'ဟု ဟောတော်မူသော ပါဠိတော် သဒ္ဒန္တရိက်ကို ထောက်သောကြောင့် လည်းကောင်း၊ ပဋိသန္ဓေစိတ်၏ ဌီခဏသို့ရောက် သော ကမ္မဇရုပ်သည် နောက်စိတ္တုပ္ပါဒ် မရှိသေးက ပစ္ဆာဇာတပစ္စည်းကို မရသေးဟုမှတ်လေ။ (ဤကား ဆရာကြီး၏ ဝါဒပေတည်း။)

သဟဇာတ, ပုရေဇာတ, ပစ္ဆာဇာတ သုံးပါးတို့၏ ဟာဒယဝတ္ထုဟု ဆိုအပ်သော ကမ္မဇရုပ်၌ ကျေးဇူးပြုပုံအထူးကား- ပဋိသန္ဓေနှင့်အတူတကွ

၁။ အဘိဓမ္မတ္ထသင်္ဂဟ၊ ၆၊ ၄၄၊ စာပိုဒ် -၅၅။

ဖြစ်သော ဟာဒယဝတ္ထုသည် သဟဇာတပစ္စည်း၊ ပဋိသန္ဓေစိတ် ပစ္စယုပ္ပန်။ ၄င်းဟာဒယဝတ္ထုသည် ၌သို့ရောက်ဆဲ ဝတ္ထုပုရေဇာတပစ္စည်း၊ ပထမဘဝင်စိတ် ပစ္စယုပ္ပန်။ ပထမဘဝင်စိတ် ပစ္ဆာဇာတပစ္စည်း၊ ဟာဒယဝတ္ထု ပစ္စယုပ္ပန်။ ဤကား သုံးပါးတို့၏ အထူးတည်း။

ပစ္ဆာဇာတ ကျေးဇူးပြုပုံ (မိုင်းခိုင်းဆရာတော်အလို)

(၇) မိုင်းခိုင်းဆရာတော်အလိုကား- ပစ္ဆာဇာတပစ္စည်းသည် ပထမဘဝင် နာမက္ခန္ဓာ မဖြစ်ပေါ်သေးသော်လည်း ပဋိသန္ဓေစိတ်၏ ဌီခဏ၊ ဘင်ခဏကပင် ပစ္ဆာဇာတပစ္စည်းကို ရပြီဟူ၍သိရမည်။ 'အကယ်၍ စိတ္တက္ခဏ တစ်ချက်လုံးလုံးလွန်မှ ပစ္ဆာဇာတပစ္စည်း အထောက်အပံ့ကို ရငြားအံ့- ထို စိတ္တက္ခဏတစ်ချက် မလွန်မီ ပဋိသန္ဓေ စိတ်၏ ဌီခဏက ပစ္ဆာဇာတပစ္စည်း အထောက်အပံ့ကို ရ၍သာလျှင် အားရှိသဖြင့် ဥတုဇရုပ်၊ အာဟာရဇရုပ်ကို ဖြစ်စေခြင်းကို အဋ္ဌကထာ၊ ဋီကာတို့၌ မဆိုတန်ရာ' စသည်ဖြင့် ရှင်ဗာကုလ, သံကိစ္စသာမဏေ ဝတ္ထုတို့ကိုသာဓကပြ၍၊ 'ပဋိသန္ဓေနှင့်အတူဥပါဒ်သော ကမ္မဇရုပ်သည် ဥပါဒ်ခဏကိုလွန်၍ ပဋိသန္ဓေစိတ်၏ ဌီ ဘင်ကပင် ကျေးဇူးပြု တတ်သော ပထမဘဝင် နာမက္ခန္ဓာ မဖြစ်ပေါ်သေးသော်လည်း ပစ္ဆာဇာတပစ္စည်းကို ရပြီ'ဟု တိပိဋကဝိနိစ္ဆယ ဒုတိယတွဲမှာ လာပေသည်။ တဖန် နောက် စိတ်ဖြစ်ပေါ်မှ ပစ္ဆာဇာတပစ္စည်းကိုရသည်ဟုလည်း တစ်နည်းပြဆို၍ အကိုးအကား သာဓကနှင့် လာသေးသည်။ သာဓကလိုရင်းကား -

ပစ္ဆာဇာတာဒိပစ္စယုပတ္ထမ္ဘလာဘေန ဌိတိက္ခဏေယေဝ ဥတုဩဇာနံ ဗလဝဘာဝေါတိ ဝုတ္တံ၊ 'တေဇောဓာတု ဌိတိပ္ပတ္တာ'တျာဒိ။[၁]

၁။ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ (ဋီကာကျော်)၊ ၂၁၀။

(ရုပ်ပိုင်း ဋီကာကျော်)။ (အကျယ်လိုမူ တိပေဋကမှာယူလေ။)

(၈) ပဋ္ဌာန ပစ္စနိက်ထုတ်ရာ၌ အမျိုးမျိုးရှိကြရာတွင် စိတ်တစ်ခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ နောက်နောက်သော နာမက္ခန္ဓာ နှင့်အတူ ဥပါဒ်သော စိတ္တဇရုပ်၊ ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ အသညသတ် ကမ္မဇရုပ်၊ ပဝတ္တိ ကမ္မဇရုပ်။ ဤတရားတို့သည် ပဋ္ဌာန၏ ပစ္စနိက်ဖြစ်သော တရားမည်ကုန်၏။ ဤသို့ ထုတ်ခြင်းသာ သင့်မြတ်သည် ထင်ပေသည်။ ပဋိသန္ဓေ ကမ္မဇရုပ် ပစ္စနိက်ထုတ်ခြင်းသည် သင့်မည်မထင်ပေ။ အဘယ်ကြောင့်နည်း။ ပဋိသန္ဓေ ကမ္မဇရုပ်သည် ပစ္စယုပ္ပန် ဇကံ ဖြစ်သော ကြောင့်တည်း။ ပစ္စယုပ္ပန်မှလွတ်လျှင် ပစ္စနိက်သို့ဖြစ်၍ ပဋိသန္ဓေ ကမ္မဇရုပ်မှ တစ်ပါး အကုန်ထုတ်လေ။

(၉) မိုင်းခိုင်းဆရာတော်အလိုကား- ဇကံ၊ အနေကံ၊ ပစ္စနိက်ထုတ်ပုံ အမျိုးမျိုးပြ၏။

ထုတ်လိုရင်းကား- အလုံးစုံသော စိတ် တစ်ခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ ဗာဟိရရုပ်၊ အသညသတ် ကမ္မဇရုပ်၊ နိရောဓ သမာပတ္တိ ဝီထိ၌ နေဝသညာနာသညာ အဆုံးဇောနှင့်အတူ ဥပါဒ်သော စိတ္တဇရုပ်၊ ထိုခဏမှစ၍ နောက်နောက်သော ခဏတို့၌ဖြစ်သော အနာဂါမိဖိုလ်, အရဟတ္တဖိုလ် မဖြစ်မီချုပ်နှင့်ကြသော အာဟာရဇရုပ်၊ ဥတုဇရုပ်၊ ပဝတ္တိ ကမ္မဇရုပ်၊ စုတိစိတ်နှင့်အတူ ဥပါဒ်သော စိတ္တဇရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်။ ဤတရားတို့သည် ပဋ္ဌာန ပစ္စနိက်မည်၏။ ဤသို့ ထုတ်လေ၏။

ဆဝါရ အနုလုံ ဝိဘင်္ဂဝါရ၌ ပဋ္ဌာန မဟောရခြင်း

(၁၀) ဆဝါရ အနုလုံ ဝိဘင်္ဂဝါရ၌ ပဋ္ဌာနကို မြတ်ဘုရား ဟောတော်မမူ။ ပဋ္ဌာနပစ္စည်းသည် မိမိ၏ ပစ္စယုပ္ပန်ဖြစ်သော

စတုဇကာယအား ဥပတ္ထမ္ဘကသတ္တိသာ ဖြစ်၏၊ ဇနကသတ္တိ မဖြစ်။ ထို့ကြောင့် ဟောတော်မမူ။

ပစ္ဆာဇာတော ကုသလာကုသလာနံ ပစ္စယော န ဟောတိ, အဗျာကတဿပိ ဥပတ္ထမ္ဘကောဝ န ဇနကော, တသ္မာ 'ဥပ္ပန္နတိ ပစ္ဆာဇာတပစ္စယာ'တိ ဧဝံ န ဝုတ္တမ္ဘော။[၁] (အဋ္ဌကထာ)

ပစ္ဆာဇာတော၊ သည်။ ကုသလာကုသလာနံ၊ တို့အား။ န ဟောတိ၊ မဖြစ်။ အဗျာကတဿပိ၊ အဗျာကတရုပ် စတုဇကာယအားလည်း။ ဥပတ္ထမ္ဘကောဝ၊ ထောက်ပံ့တတ်သည်သာလျှင်။ ဟောတိ၊ ၏။ ဇနကော၊ ဖြစ်စေတတ်သည်။ န ဟောတိ၊ မဖြစ်။ တသ္မာ၊ ကြောင့်။ ဥပ္ပန္နတိ ပစ္ဆာဇာတပစ္စယာတိ၊ ဟူ၍။ ဧဝံ၊ သို့။ န ဝုတ္တမ္ဘော၊ မဟောအပ်။

တစ်နည်း။ ။ 'အဗျာကတံ ဓမ္မံ ပဋိစ္စ ကုသလော ဓမ္မော ဥပ္ပန္နတိ' စသည်၌ ဥပ္ပန္နတိ- ကြိယာနှင့်မတန်။ အဘယ့်ကြောင့်နည်း။ ပစ္ဆာဇာတသည် ရုပ်၏ ဥပါဒ်ဆဲခဏ၌ ကျေးဇူးမပြု။ ဌီခဏသို့ရောက်မှ ကျေးဇူးပြုသောကြောင့် မတန်။ ဥပ္ပန္နိတ္တ- ဟုဟောသော် ဟောရာ၏။ ထို့ကြောင့် မဟော။ အဋ္ဌကထာဆရာ၏ အာဘော်ကား- ဥပ္ပန္နတိ၊ ဥပ္ပန္နန္တိ ကြိယာသည် နာမက္ခန္ဓာ ဖြစ်အံ့- ဥပါဒ်ဌီဘင် ခဏတ္တယကိုယူ။ ရူပက္ခန္ဓာ ဖြစ်အံ့- ဥပါဒ်ခဏကို သာယူ။ ဤသို့ အထူးကို သိလေ။

ပစ္ဆာဇာတပစ္စည်း ပြီး၏။

၁။ ပဋ္ဌာနအဋ္ဌ၊ ၃၊ ၄၁၅။

အာသေဝနပစ္စည်းမှတ်ရန်

(၁၂) အာ ပုနပ္ပုနံ သေဝတီတိ အာသေဝနံ။

အာ ပုနပ္ပုနံ၊ အဖန်တလဲလဲ ထပ်ကာထပ်ကာ။ သေဝတိ၊ မှီဝဲတတ်၏၊ ဝါ-ဖြစ်တတ်၏။ ဣတိ တသ္မာ၊ ကြောင့်။ အာသေဝနံ၊ မည်၏။ (ကတ္တုသာဓနတည်း)။ အာ ပုနပ္ပုနံ သေဝိတဗ္ဗန္တိ ဝါ အာသေဝနံ။ (ကမ္မသာဓန)။ အာ-ပုဗ္ဗော၊ သိဝ-ဓာတု၊ ယု-ပစ္စယော။ ကတ္တုသာဓန၊ ကမ္မသာဓန နှစ်ပါးပြုရာ ကတ္တုသာဓနသာလိုရင်းဟု မှတ်ရမည်။ တူသော ဇာတ်ရှိသော အဖန်တလဲလဲ ဖြစ်တတ်သော၊ ဝါ-အဖန်တလဲလဲ ဖြစ်စေအပ်သော ဇာတ်တူ အဆုံးဇော ကြဉ်သော ရှေးရှေးသော လောကီဇော သတ္တစတ္တာလီသ ရ၏။

(၁) ရှေးရှေး၌ ဖြစ်၍၊ လောကီ ကုသိုလ် အကုသိုလ် ကြိယာ၏ အဖြစ်ဖြင့်၊ မိမိဟုဆိုအပ်သော ပစ္စည်းတရားနှင့် တူသောဇာတ်ရှိသော ပစ္စယုပ္ပန်တရားကို လေ့လာအပ်သည်၏အဖြစ်၊ အားရှိသည်၏အဖြစ်ဖြင့် ထူးသော၊ မိမိနှင့် တူသောဇာတ်ရှိသည်၏အဖြစ်ကို ယူစေခြင်းသည် အာသေဝနသတ္တိ မည်၏။

ဥပမာကား- ရှေးရှေး သင်အံလေ့ကျက် ရွတ်ဖတ်သရဇ္ဈာယ် အပ်သော ကျမ်းဂန်သည် နောက်နောက် သင်အံလေ့ကျက်ဆဲဖြစ်သော ကျမ်းဂန်အား ကျေးဇူးပြုသကဲ့သို့လည်းကောင်း၊ ရှေးရှေး ထုံအပ်သော နံ့သာသည် နောက်နောက် ထုံအပ်သော နံ့သာအား ကျေးဇူးပြုသကဲ့သို့ လည်းကောင်း၊ အဖန်တလဲလဲ ထုံအပ်သည်ဖြစ်၍ ကျေးဇူးပြုခြင်းသည် အာသေဝနသဘော မည်၏။ ထို့ကြောင့် ဋီကာကျော်၌ -

ပုရိမပုရိမပရိစိတဂန္ထော ဝိယ ဥတ္တရုတ္တရဂန္ထဿ ကုသလာဒိ-

ဘာဝေန အတ္တသဒိသဿ ပဂုဏဗလဝဘာဝဝိသိဋ္ဌအတ္တသမာန-ဇာတိယတာ ဂါဟဏံ အာသေဝနံ[၁]- ဟု မိန့်၏။

ပုရိမပုရိမပရိစိတဂန္ထော၊ ကျမ်းဂန်သည်။ ဥတ္တရဥတ္တရဂန္ထဿ၊ ကျမ်းဂန်အား။ ပစ္စယော ဝိယ၊ အာသေဝနသတ္တိဖြင့် ကျေးဇူးပြုသကဲ့သို့။ ကုသလာဒိဘာဝေန၊ ကုသိုလ် အကုသိုလ် အဗျာကတ၏အဖြစ်ဖြင့်။ အတ္တသဒိသဿ၊ မိမိဟုဆိုအပ်သော ပစ္စည်းနှင့် တူသောဇာတ်ရှိသော ပစ္စယုပ္ပန် တရား၏၊ ဝါ-ကို။ ပဂုဏဗလဝဘာဝဝိသိဋ္ဌအတ္တသမာန-ဇာတိယတာ၊ လေ့လာအပ်သည်၏အဖြစ်, အားရှိသည်၏အဖြစ်ဖြင့် ထူးသော မိမိနှင့်တူသော ဇာတ်ရှိသည်၏အဖြစ်ကို။ ဂါဟဏံ၊ ယူစေခြင်းသည်။ အာသေဝနံ၊ ၏။

အာသေဝနသည် ဇာတ်တူရာ၌သာ ကျေးဇူးပြုကြောင်း

(၂) အာသေဝနပစ္စည်း၌ တူသောဇာတ်ရှိသော ကုသိုလ် စသော တရားတို့သည်သာလျှင် တူသောဇာတ်ရှိသော ကုသိုလ် စသောတရားအား အဘယ်ကြောင့် အာသေဝနပစ္စည်းတပ်သနည်း။ ပြားသောဇာတ်ရှိသော ကုသိုလ် စသောတရားတို့သည် ပြားသောဇာတ် ရှိသော ဝိပါက်စသော တရားတို့အား အနန္တရ အစရှိသော ပစ္စည်းတို့ကဲ့သို့ အာသေဝနပစ္စည်း တပ်နိုင်ရာသည် မဟုတ်လော ဟူငြားအံ့- ပြားသော ဇာတ်ရှိသော ကုသိုလ် စသောတရားတို့သည် ပြားသောဇာတ် ရှိသော ဝိပါက်စသော တရားတို့အား အာသေဝနဂုဏ်ဖြင့် အဖန်တလဲလဲ လေ့လာအပ်သည်၏ အဖြစ်ဖြင့်၊ အားရှိသည်၏အဖြစ်ဖြင့်၊ အထူးပြုအပ် သော၊ ကုသိုလ်စသော မိမိဇာတ်သဘောကို ယူစေခြင်းငှာ မတတ်နိုင်ကုန်။ ထို့ကြောင့် တူသောဇာတ်ရှိသော တရားတို့သာ အာသေဝနပစ္စည်း တပ်၏ ဟူလို။

၁။ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ (ဋီကာကျော်)၊ ၂၄၃။

ထို့ကြောင့် ဋီကာကျော်၌ -

သဇာတိယမေ့ဝ အာသေဝနပစ္စယော၊ ဘိန္နဇာတိကာ ဟိ ဘိန္နဇာတိကေဟိ အာသေဝနပဂုဏောနေ ပဂုဏဗလဝဘာဝဝိသိဋ္ဌ ကုသလာဒိဘာဝသင်္ခါတံ အတ္တနော ဂတိံ ဂါဟာပေတုံ န သက္ကောန္တိ၊ န စ သယံ တတော ဂဏှန္တိ။[၁] ဟုမိန့်၏။

ဘိန္နဇာတိကာ၊ တို့သည်။ ဘိန္နဇာတိကေဟိ၊ တို့ကို။ ('ဂါဟာပေတုံ' ၌ ကာရိက်ကံ စပ်)။ အာသေဝနပဂုဏောနေ၊ သတ္တိဖြင့်။ ပဂုဏဗလဝဘာဝဝိသိဋ္ဌ၊ လေ့လာအပ်သည်၏အဖြစ်၊ အားရှိသည်၏အဖြစ်ဖြင့် ထူးသော။ ကုသလာဒိဘာဝသင်္ခါတံ၊ သော။ အတ္တနော၊ ၏။ ဂတိံ၊ ဇာတ်သဘောကို။ ဂါဟာပေတုံ၊ ယူစေခြင်းငှာ။ န သက္ကောန္တိ၊ မတတ်နိုင်ကုန်။ ဟိ ယသ္မာ၊ ကြောင့်။ ဂတိံ၊ ကို။ န ဂဏှန္တိ၊ ကုန်။ တသ္မာ၊ ကြောင့်။ သဇာတိယမေ့ဝ၊ တူသောဇာတ်ရှိသော တရားတို့သည်သာလျှင်။ အာသေဝနပစ္စယော၊ ၏။

ဝိပါက်တရားတို့ အာသေဝနပစ္စည်း မတပ်ခြင်းအကြောင်း

(၃) ဝိပါက် အဗျာကတသည် အဘယ့်ကြောင့် အာသေဝနပစ္စည်း မရသနည်း။ ဝိပါက် အဗျာကတတို့တွင်လည်း ဖိုလ်ဇောများသည် အဖန်တလဲလဲ အကြိမ်များစွာဖြစ်သောကြောင့် အာသေဝနသတ္တိ ရသင့်သည် မဟုတ်လော ဟူငြားအံ့- ဝိပါက်သည် အကြောင်းကံနှင့်စပ်သဖြင့် ဝိပါက် အဖြစ်သို့ရောက်သည်။ ကံသို့ ညွတ်အပ်သည်ဖြစ်၍ အားထုတ်ခြင်း ဗျာပါရ မရှိ၊ အားနည်းလေသည်။ သို့ဖြစ်သောကြောင့် အာသေဝနသတ္တိဖြင့် မိမိသဘောကိုယူ၍ အဖန်တလဲလဲ မှီဝဲထုံစေ၍လည်း ဝိပါက်တစ်ပါး ပွားများခြင်းငှာ မတတ်ကောင်း။ ထို့ကြောင့် အလုံးစုံသော ဝိပါက်တို့ကို

၁။ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ (ဋီကာကျော်)၊ ၂၄၃။

အာသေဝနသတ္တိဖြင့် မယူအပ်ဟု အဋ္ဌကထာဆရာ ဆိုသည်။

ဝိပါကာဗျာကတံ ကာသွာ န ဂဟိတန္တို၊ အာသေဝနာဘာဝေန၊ ဝိပါကဉှိ ကမ္မဝသေန ဝိပါကဘာဝပ္ပတ္တံ ကမ္မပရိဏာမိတံ ဟုတွာ ဝတ္တတိ နိရုဿာဟံ ဒုဗ္ဗလန္တိ တံ အာသေဝနဂုဏေန အတ္တနော သဘာဝံ ဂါဟာပေတွာ ပရိဘာဝေတွာ နေဝ အညံ ဝိပါကံ ဥပ္ပါဒေတုံ သက္ကောတိ၊ န ပုရိမဝိပါကာနုဘာဝံ ဂဟေတွာ ဥပ္ပန္နိတုန္တို၊ ကမ္မဝေဂက္ခိတ္တံ ပန ပတိတံ ဝိယ ဟုတွာ ဥပ္ပဇ္ဇတီတိ သဗ္ဗထာပိ ဝိပါကေ အာသေဝနံ နတ္ထီတိ အာသေဝနာဘာဝေန ဝိပါကံ န ဂဟိတံ[1]- ဟု အဋ္ဌကထာ မိန့်၏။

ပဋ္ဌာနအဋ္ဌကထာ လိုရင်းပါဌ်ကား -

ဝိပါကော ပန ဧကဓမ္မဿာပိ ဧကဓမ္မောပိ ဝါ ကောစိ ဝိပါကဿ အာသေဝနပစ္စယော နတ္ထီတိ။[2]

ဝိပါကော ပန၊ ကား။ ဧကဓမ္မဿာပိ၊ တစ်ခုသောတရားအား လည်း။ အာသေဝနပစ္စယော၊ တပ်သည်။ နတ္ထိ၊ မရှိ။ ကောစိ၊ တစ်စုံတစ်ခုသော။ ဧကဓမ္မောပိ ဝါ၊ တစ်ခုသောတရားသည်လည်း။ ဝိပါကဿ၊ အား။ အာသေဝနပစ္စယော၊ သည်။ နတ္ထိ၊ မရှိ။ ဣတိ၊ သို့။ ဝေဒိတဗ္ဗော၊ ၏။

လောကုတ္တရာ ကုသိုလ်, ဝိပါက်ဇောတို့လည်း အာသေဝနပစ္စည်း ရသလောဟူမူ၊ အာသေဝနပစ္စည်း မရဟုမှတ်။

လောကုတ္တရဇဝနာနံ အာသေဝနဘာဝဿ အနုဒ္ဓရှုတ္တာ။[3]

(ဋီကာကျော်ဟိတ်)။

မဂ်စိတ်သည် ပစ္စည်းမရသော်လည်း၊ ပစ္စယုပ္ပန်ရသည်ဟု

၁။ ပဥ္စပကရဏ၊ ဋ္ဌ၊ ၃၇၃။ ၂။ ၄င်း၊ ၃၇၄။

၃။ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ (ဋီကာကျော်)၊ ၂၄၆။

မှတ်လေဦး။ (မဟာဋီကာ ဝါဒထူး)။

အာသေဝနသတ္တိသဘောမှ လွတ်သောဓော မရှိခြင်း

(၄) **အာသေဝနဝိနိမုတ္တံ ဇဝနံ နတ္ထိ**[၁]- ဟု မဏိမဉ္ဇူ၌ အာသေဝန သတ္တိ သဘောမှ လွတ်သောဇောမည်သည် မရှိကြောင်းဟုဆိုလေသည်။ သို့ဆိုသော်လည်း ပါဠိတော် အဋ္ဌကထာတို့၌ အာသေဝနသတ္တိဖြင့် လောကုတ္တရာစိတ်မှာ မရဟု တင်းမာစွာလာလေသည်။ ထို့ကြောင့် လောကီဇော သတ္တစတ္တာလီသ ဆိုသည်။

ဝိသုဒ္ဓိမဂ် မဟာဋီကာယူပုံကား- မဂ်နှင့်ဖိုလ်သည် ဇောထိုက်သော တရားတို့ချည်းသာ ဖြစ်သောကြောင့် ဇာတိဘေဒ အစစ်ဟူ၍ မဆိုထိုက်၊ ဘူမိဘေဒလည်း မဟုတ်သောကြောင့် အာသေဝနပစ္စည်း၊ ပစ္စယုပ္ပန်ကို ရထိုက်သည်ဟုမှတ်။ ဖိုလ်ဇောအချင်းချင်းတို့မှာလည်း လောကီဝိပါက်ကဲ့သို့ ကံသည် ညွတ်အပ်သည်ဟု မဆိုထိုက်။ ဇာတိဘေဒလည်း မဟုတ်၊ ဘူမိဘေဒလည်း မဟုတ်၊ လောကီဝိပါက်ကဲ့သို့ တဒါရုံ ဘဝင်ကိစ္စ စသည်တပ်သော အဗျာကတ အစစ်လည်း မဆိုထိုက်သောကြောင့် အာသေဝနပစ္စည်း၊ ပစ္စယုပ္ပန် ရသည်ဟုဆိုလေသည်။

'**ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ**[၂]' စသော ပါဠိတော်ကိုလည်း ယထာလာဘနည်း၊ အတ္ထာပတ္တိနည်း ဖြင့် ဟော၍ မဂ်လေးခု၊ အောက်အဆင့် ဖိုလ်သုံးခု ပါဝင်ထိုက်သည်ဟု မှတ်။

'**ဒွတ္တိံသ သုခပုညမှာ၊ ဒွါဒသောပေက္ခကာ ပရံ**[၃]'၊ (သာဓက)။ ကြိယာကိုဟောရာ၌ အရဟတ္တဖိုလ် သက်ဝင်ကြောင်းပြဆို၍-

---

၁။ မဏိသာရမဉ္ဇူသာ ဋီကာ-၂၊ ၄၁၄။ ၂။ ပဋ္ဌာန်၊ ပါဠိ-၁၊ ၇။
၃။ အဘိဓမ္မတ္ထသင်္ဂဟ၊ ဌ၊ ၂၆၊ စာပိုဒ် -၂၃။

"သုခိတကြိယတော အဌ၊ ဆ သမ္ဘောန္တိ ဥပေက္ခကာ"[၁]
သင်္ဂဟဂါထာကို သာဓက ပြဆိုသည်။ လိမ္မာတတ်သိ ပညာရှိကြီးတွေ ဖြစ်သောကြောင့် နှစ်သက်ရာ ယူလေ။

အာသေဝနပစ္စည်းတပ်ပုံ

(၅) ပစ္စည်းတပ်ဟန်ကား- ကာမကုသိုလ် အကုသိုလ် ကြိယာဇော ခုနစ်ကြိမ်တို့တွင် ပထမဇော ပစ္စည်း၊ ဒုတိယဇော ပစ္စယုပ္ပန် (လ) ဆဋ္ဌဇော ပစ္စည်း၊ သတ္တမဇော ပစ္စယုပ္ပန်။ ပထမဇောသည် ပစ္စည်းသာရ၍ ပစ္စယုပ္ပန်မှ လွတ်သောကြောင့် ကာမဇော တစ်ခုယုတ်သုံးဆယ်၏ ပထမဇော ပစ္စနိက် ထုတ်သည်ဟုမှတ်။

ဇာတိဘေဒအားဖြင့် ဇာတ်ပြားခြင်း ပစ္စည်း၊ ပစ္စယုပ္ပန် မတပ်သော်လည်း ဘူမိဘေဒအားဖြင့် ဂေါတြဘူကိစ္စတပ်သော ကာမကုသိုလ် ကြိယာသည် မဂ္ဂုတ်ကုသိုလ် ကြိယာ ဈာန်ဇောအား အာသေဝန ပစ္စည်း တပ်သည်။ ဂေါတြဘူ ဝေါဒါန် ကိစ္စတပ်သော ကာမကုသိုလ်သည် မဂ်လေးခုအား အာသေဝနပစ္စည်း တပ်သည်။

အာဝဇ္ဇန်းဒွေးသည် ကံကြောင့်ဖြစ်သည်၏အဖြစ် မဟုတ်သော်လည်း အဟိတ်ကြိယာတို့တွင် ဟသိတုပ္ပါဒ်ဇောကိုသာ အာသေဝန ပစ္စည်းတပ်သည်။ သို့ဖြစ်၍ ကာမဇော တစ်ခုယုတ်သုံးဆယ်၏ ပထမဇော၊ အာဝဇ္ဇန်းဒွေး၊ ဝိပါက် ဆတ္တိံသ၊ စေတသိက် ဒွေပညာသ၊ စိတ္တဇရုပ် (လ) ပဝတ္တိ ကမ္မဇရုပ် ပစ္စနိက် ထွက်သည်ဟုမှတ်လေ။ ဤနည်းကိုမှီ၍ ရှေးရှေးဇော ပစ္စည်း၊ နောက်နောက်ဇော ပစ္စယုပ္ပန် တပ်ကြပါလေ။

အာသေဝနပစ္စည်း ပြီး၏။

၁။ အဘိဓမ္မတ္ထသင်္ဂဟ၊ ၅၊ ၂၆၊ ဇာပိုဒ် -၂၃။

ကမ္မပစ္စည်းမှတ်ရန်

(၁၃) ကရောတိ ပဋိသန္ဓိရောတီတိ ကမ္မံ။

ယာ စေတနာ၊ သည်။ ဖလံ၊ အကျိုးကို။ ကရောတိ ပဋိသန္ဓိရောတိ၊ ပြုပြင်စီရင်တတ်၏။ ဣတိ၊ ကြောင့်။ ကမ္မံ၊ ၏။

အတ္တနော အတ္တနော အနုရူပံ ဖလံ ကရောတိ ပဝတ္တေတီတိ ကမ္မံ။ မိမိ မိမိအား လျောက်ပတ်သော အကျိုးတရားကို ဖြစ်စေတတ်သော ကြောင့် ကမ္မ မည်၏။ ကရ-ဓာတု၊ ရမ္မ-ပစ္စယော၊ အဘိဓေယျတ္တော ပန သဟဇာတကမ္မဝသေန နဝဝိဓော နာနာက္ခဏိက-ကမ္မဝသေန ပဥ္စဝိဓော လဗ္ဘတိ။

(၁) ရှေးဦးစွာ စေ့ဆော်အားထုတ်ပြီးမှ ကိုယ်အမှု နှုတ်အမှု စိတ်အမှုကို ပြုပြင်တတ်သော စေတနာသည် ကံ မည်၏။ ရှေး၌ ကြံစည် စေ့ဆော် အားထုတ်တတ်သောသဘောသည် စေတနာမည်၏။ နောက်အခါ ပြုပြုသမျှ အမှုကိစ္စတို့သည် ကံ မည်၏ဟူလို။ ထို့ကြောင့် မူလဋီကာ၌-

ယသ္မာ ပုရိမစေတနာယ စေတယိတွာ သန္နိဋ္ဌာနကမ္မံ ကရောတိ၊ တသ္မာ စေတနာပုဗ္ဗကံ ကမ္မံ တံစေတနာသဘာဝမေဝါတိ စေတနံ အဟံ ကမ္မံ ဝဒါမီတိ အဝေါစ[၁]- ဟု မိန့်၏။

ယသ္မာ၊ ကြောင့်။ ပုရိမစေတနာယ၊ ရှေးစေတနာဖြင့်။ စေတယိတွာ၊ စေ့ဆော်အားထုတ်၍။ သန္နိဋ္ဌာနကမ္မံ၊ မှတ်အပ်သော အမှုကိစ္စကို။ ကရောတိ၊ ၏။ တသ္မာ၊ ကြောင့်။ စေတနာပုဗ္ဗကံ၊ စေတနာ လျှင် ရှေ့သွားရှိသော။ ကမ္မံ၊ ကံအမှုကိစ္စသည်။ တံစေတနာသဘာဝမေဝ၊ ထိုစေ့ဆော်တတ်သော စေတနာသဘောရှိသည်သာလျှင်တည်း။ ဣတိ

၁။ ဓမ္မသင်္ဂဏီ၊ မူလဋီကာ၊ ၇၇။

တသ္မာ၊ ကြောင့်။ စေတနံ၊ စေတနာကိုပင်။ ကမ္မံ၊ ကံဟူ၍။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟော၏။ ကတ္တိ အယံ၊ ကား။ အဓ္ဓော၊ တည်း။

ကမ္မပစ္စည်း(၂)မျိုး

(၂) ကမ္မပစ္စည်းသည် သဟဇာတကမ္မ၊ နာနာက္ခဏိကကမ္မ ဟုနှစ်ပါး ပြား၏။ ထိုတွင် မိမိနှင့် ခဏတ္တယ အတူတကွဖြစ်ကုန်ကြသော စိတ် တစ်ခုယုတ်ကိုးဆယ်၊ စေတနာ ကြဉ်သော စေတသိက် ၅၁ပညာသ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ်တို့အား ကျေးဇူးပြုတတ်သော စေတနာ တစ်ခုယုတ်ကိုးဆယ်သည် **သဟဇာတကမ္မ** မည်၏။

အကြင်ခဏ၌ ကုသိုလ် အကုသိုလ် စေတနာ ဖြစ်၏။ ထိုသို့ စေတနာ ဖြစ်ပြီးသည်မှ တစ်ပါးသောခဏတို့၌ ဖြစ်ကုန်သော ဝိပါက် ဆတ္တိံသ နာမက္ခန္ဓာ၊ ကဋတ္တာရုပ်တို့အား ကျေးဇူးပြုတတ်သော အတိတ် စေတနာ (၃၃) ခုတို့သည် **နာနာက္ခဏိကကမ္မ** မည်၏။

ထို့ကြောင့် ဋီကာကျော်၌ -

စိတ္တပယောဂသင်္ခါတကိရိယာဘာဝေန သဟဇာတာနံ နာနာက္ခဏိကာနံ ဝိပါကာနံ ကဋတ္တာရူပါနဉ္စ ဥပကာရိကာ စေတနာ ကမ္မပစ္စယော[1]- ဟု မိန့်၏။

စိတ္တပယောဂသင်္ခါတကိရိယာဘာဝေန၊ စိတ်၏ အားထုတ်ခြင်းဗျာပါရ ဟုဆိုအပ်သော အမူအရာဖြင့်။ သဟဇာတာနံ၊ အတူတကွဖြစ်ကုန်သော စေတနာကြဉ်သော စိတ် စေတသိက် စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်တို့အား လည်းကောင်း။ ဥပကာရိကာ၊ သော။ စေတနာ၊ သည်။ ကမ္မပစ္စယော၊ သဟဇာတကမ္မပစ္စည်း မည်၏။ နာနာက္ခဏိကာနံ၊ အထူးထူးသောခဏ၌ ဖြစ်ကုန်သော။ ဝိပါကာနဉ္စ၊

[1] ၁။ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ (ဋီကာကျော်)၊ ၂၄၄။

ဘို့အားလည်းကောင်း။ ကဋတ္တာရူပါနဉ္စ၊ ပဋိသန္ဓေ ကမ္မဇ, အသညသတ်ကမ္မဇ, ပဝတ္တိ ကမ္မဇရုပ်တို့အားလည်းကောင်း။ ဥပကာရကာ၊ သော။ စေတနာ၊ သည်။ ကမ္မပစ္စယော၊ နာနာက္ခဏိကကမ္မပစ္စည်း မည်၏။

အဋ္ဌကထာ၌လည်း -

စိတ္တပယောဂသင်္ခါတေန ကိရိယာဘာဝေန ဥပကာရကော ဓမ္မော ကမ္မပစ္စယော၊ သော နာနာက္ခဏိကာယ စေဝ ကုသလာကုသလ-စေတနာယ သဟဇာတာယ စ သဗ္ဗာယပိ စေတနာယ ဝသေန ဒုဝိဓော ဟောတိ[၁]- ဟု မိန့်၏။

စိတ်၏ အားထုတ်ခြင်း ဗျာပါရသတ္တိ အမူအရာသည် ပယောဂတည်း။ ထိုပယောဂသည်ပင် စေတနာ မည်၏။ အဘယ်ကဲ့သို့ စိတ္တပယောဂသည် စေတနာ မည်သနည်းဟူမူ- ကာယပယောဂ, ဝစီပယောဂသည် ကာယဝိညတ်, ဝစီဝိညတ် မည်သကဲ့သို့၊ ထို့အတူ စိတ္တပယောဂသည် စေတနာ မည်၏ဟူလို။

ထို့ကြောင့် မူလဋီကာ၌ -

ယထာ ဟိ ကာယဝစီပယောဂေါ ဝိညတ္တိ၊ ဧဝံ စိတ္တပ္ပယောဂေါ စေတနာ[၂]- ဟု မိန့်၏။

နာနာက္ခဏိကကမ္မပစ္စည်း၌ ဓာဖြင့်ဝေဖန်ယူပုံ

(၃) နာနာက္ခဏိကကမ္မပစ္စည်း၌ ကံဟူသည် စေတနာပင်တည်း။ ထိုစေတနာသည် သင်္ခါရတရားတို့ကို ပြုပြင်စီရင်တတ်သောကြောင့် မျိုးစေ့နှင့် တူ၏။ ကုသိုလ် အကုသိုလ် စေတနာကံသည် မိမိဖြစ်ဆဲ ပြုဆဲခဏ၌ အကျိုးကို မပေးနိုင်။ အကယ်၍ အကျိုးပေးငြားအံ့- လူ့ဘုံက

၁။ ပဋ္ဌာနအဋ္ဌ၊ ၄၊ ၃၄၉။ ၂။ ၄င်း၊ မူလဋီကာ၊ ၁၇၂။

လူသည် နတ်ပြည်သို့ ရောက်စေတတ်သော ကုသိုလ်ကံကို ပြု၏။ ထိုကုသိုလ်ကံ၏ အာနုဘော်ကြောင့် ကံကို ပြုဆဲခဏ၌သာလျှင် နတ်ဖြစ်ခဲ့ရာ၏။ ဖြစ်ကား မဖြစ်ပေ။ အကြင်ခဏ၌ ကံကို ပြုလိုက်၏။ ထိုကံပြုရာခဏမှ တစ်ပါးသောခဏ၌ ချုပ်ပြီးဖြစ်၍ မရှိသော်လည်း သက်သက်ကံကို ပြုအပ်ပြီးသည်၏ အဖြစ်ကြောင့်သာလျှင် ကုသိုလ် အကုသိုလ်ဇော ခုနှစ်ကြိမ်တို့တွင် ပထမဇော သည် မျက်မှောက် ပစ္စုပ္ပန်ဘဝ၌လည်းကောင်း၊ သတ္တမဇောသည် အခြားမဲ့ ဒုတိယဘဝ၌လည်းကောင်း၊ အလယ်ဇော ငါးချက်သည် တတိယဘဝစသော ဘဝအဆက်ဆက်၌လည်းကောင်း၊ ကံမှကြွင်းသော အကြောင်းတို့နှင့် ပေါင်းဆုံမိသည်ရှိသော် အကျိုးကို ဖြစ်စေတတ်၏။

ဥပမာ- ချုပ်ကင်းပြီးသော ရှေးကာလ၌ အတတ်အစရှိသည်တို့ကို သင်ယူခြင်းကြိယာသည် ကာလတစ်ပါး၌ နောက်ဖြစ်သော အတတ်အစရှိသည်ကို သင်ယူခြင်းကြိယာအား ကျေးဇူးပြုသကဲ့သို့တည်း။ ထို့ကြောင့် စေတနာကံတို့သည် အထူးထူးသောခဏ၌ ဖြစ်၍ အထူးထူးသော ကာလ၌ အကျိုးကို ဖြစ်စေတတ်သောကြောင့် နာနာက္ခဏိကကမ္မ ဆိုအပ်၏ဟူလို။

ကုသလာကုသလဥ္စ ကမ္မံ အတ္တနော ပဝတ္တိက္ခဏေ ဖလံ န ဒေတိ၊ ယဒိ ဒဒေယျ, ယံ မနုဿော ဒေဝလောကူပဂံ ကုသလကမ္မံ ကရောတိ, တဿာနုဘာဝေန တသ္မိံယေဝ ခဏေ ဒေဝေါ ဘဝေယျ၊ ယသ္မိံ ပန ခဏေ တံ ကတံ, တတော အညသ္မိံ ခဏေ အဝိဇ္ဇမာနမ္ပိ ကေဝလံ ကဋတ္တာယေဝ ဒိဋ္ဌေဝ ဓမ္မေ ဥပပဇ္ဇေ ဝါ အပရေ ဝါ ပရိယာယေ အဝသေသပစ္စယ- သမာယောဂေ သတိ ဖလံ ဥပ္ပါဒေတိ နိရုဒ္ဓါပိ ပုရိမသိဒ္ဓါဒိ- ကိရိယာ ဝိယ ကာလန္တရေ ပစ္ဆိမသိဒ္ဓါဒိကိရိယာယ၊ တသ္မာ

နာနာက္ခဏိကကမ္မပစ္စယောတိ ဝုစ္စတိ။[၁] (ပဋ္ဌာနအဋ္ဌကထာ။ ပိဏ္ဍတ္ထယောဇနာ။)

နာနာက္ခဏိကကမ္မပစ္စည်းသည် အကျိုးပေးရာ ကာလအပိုင်းအခြား မရှိသောကြောင့် များစွာသော ကမ္ဘာအကုဋေ လွန်လေသော်ငြားလည်း မိမိ၏အကျိုးကို ဖြစ်စေနိုင်သည်ဟုမှတ်။ ထို့ကြောင့် အဋ္ဌကထာ၌ -

ကမ္မပစ္စယေနာတိ အနေကာနမ္ပိ ကပ္ပကောဋီနံ မတ္ထကေ အတ္တနော ဖလံ ဥပ္ပါဒေတုံ သမတ္ထေန နာနာက္ခဏိကကမ္မပစ္စယေနာတိ အတ္ထော[၂]- ဟု မိန့်၏။

နာနာက္ခဏိကကမ္မပစ္စည်း၌ မျိုးကွဲပုံ

(၄) နာနာက္ခဏိကကမ္မ၌ အမျိုးကွဲပုံကား- ဝိပါက် ဆတ္တိံသအား တပ်သော ဗလဝနာနာက္ခဏိက စေတနာသည် အားကြီးသောအကြောင်း ဖြင့် ကျေးဇူးပြုကြသောကြောင့် ပကတူပနိဿယမျိုး ဖြစ်သည်။ မဂ္ဂါနန္တရ ဖိုလ်လေးခုအားတပ်သော မဂ်လေးခု စေတနာသည် အခြားမရှိမူ၍ ကျေးဇူးပြုသောကြောင့် အနန္တရူပနိဿယမျိုး ဖြစ်သည်။ ကဋတ္တာရုပ်အား တပ်သော ဗလဝ, ဒုဗ္ဗလကမ္မ၊ ကာမဝိပါက် တေဝီသအားတပ်သော ဒုဗ္ဗလကမ္မ စေတနာ သည် နာနာက္ခဏိကကမ္မမျိုး ဖြစ်သည်ဟုမှတ်ရမည်။ ကာမဝိပါက်သည် ဗလဝ, ဒုဗ္ဗလ နှစ်ပါးရှိသည်။ မဟဂ္ဂုတ်ဝိပါက်၊ လောကုတ္တရာဝိပါက်သည် ဗလဝသာ၊ ဒုဗ္ဗလ မရှိ။ ဤကား အထူး။

သဟဇာတကမ္မပစ္စည်းတပ်ပုံ

(၅) ပစ္စည်းတပ်ဟန်ကား- အလုံးစုံသောဝီထိတို့၌ စိတ်တစ်ခုယုတ် ကိုးဆယ်၌ရှိသော စေတနာ တစ်ခုယုတ်ကိုးဆယ်သည် သဟဇာတကမ္မ

၁။ ပဋ္ဌာနအဋ္ဌကထာ၊ ဌ၊ ၃၇၄။

၂။ ၄င်း။

ပစ္စည်း၊ အတူတကွဖြစ်ကြသော စိတ် တစ်ခုယုတ်ကိုးဆယ်၊ စေတနာ ကြဉ်သော စေတသိက် ဧကပညာသ, စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ် ပစ္စယုပ္ပန်၊ စေတနာ တစ်ခုယုတ်ကိုးဆယ်, ဗာဟိရရုပ် (လ) ပဝတ္တိကမ္မဇရုပ် ပစ္စနိက်။ အသီးသီး ဝိထိချ၍ စေတနာ ပစ္စည်း၊ သမ္ပယုတ္တက္ခန္ဓာ, စိတ္တဇရုပ်, ပဋိသန္ဓေအခါဖြစ်အံ့-ပဋိသန္ဓေကမ္မဇရုပ် ပစ္စယုပ္ပန် ထုတ်လေ။

နာနာက္ခဏိကကမ္မပစ္စည်းတပ်ပုံ

နာနာက္ခဏိကကမ္မဖြစ်အံ့- ဇောခုနစ်ကြိမ်တို့တွင် တစ်ခုတစ်ခု၌ ရှိသော အတိတ်ဖြစ်သော အကုသိုလ် စေတနာ (၁၂)ခုသည် (တစ်နည်း) ဥဒ္ဒစ္စစေတနာ ကြဉ်သော စေတနာ (၁၁)ခုသည် နာနာက္ခဏိကကမ္မပစ္စည်း၊ အကုသိုလ် ဝိပါက် ခုနစ်ခု နာမက္ခန္ဓာ, ပဋိသန္ဓေကမ္မဇရုပ်, ပဝတ္တိကမ္မဇ ရုပ် ပစ္စယုပ္ပန်၊ အကုသိုလ် နာမက္ခန္ဓာနှင့်တကွ စိတ္တဇရုပ်, ဗာဟိရရုပ်, အာဟာရဇရုပ်, ဥတုဇရုပ် ပစ္စနိက်။ အတိတ်ဖြစ်သော ကုသိုလ် အကုသိုလ် စေတနာ(၃၃)ခု ပစ္စည်း၊ ဝိပါက် ဆတ္တိံသ နာမက္ခန္ဓာ, ပဋိသန္ဓေကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ်, အသညသတ် ကမ္မဇရုပ် ပစ္စယုပ္ပန်၊ ကုသိုလ် အကုသိုလ် ကြိယာ နာမက္ခန္ဓာ, စိတ္တဇရုပ်, ဗာဟိရရုပ်, အာဟာရဇရုပ်, ဥတုဇရုပ် ပစ္စနိက် ထုတ်ပါလေ။

ကမ္မပစ္စည်း ပြီး၏။

ဝိပါကပစ္စည်းမှတ်ရန်

(၁၄) **ပစန် ပါကော**။ ပစန်၊ ရင့်ကျက်ခြင်း။ ပါကော၊ ခြင်း။

အညမညဝိရုဒ္ဓါနံ ကုသလာကုသလာနံ ပါကာတိ ဝိပါကာ။[၁] အချင်းချင်း ဆန့်ကျင်ဘက် ဖြစ်ကုန်သော ကုသိုလ် အကုသိုလ်တို့၏ အကျိုး ဝိပါကမည် ရ၏။ ထို့ကြောင့် '**ဝိပက္ကဘာဝမာပန္နာနံ အရူပမ္မာနမေတံ အဓိဝစနံ**[၂]'ဟု အဘိဓမ္မာဋီကာ ပြ၏။ ကုသိုလ် အကုသိုလ်ကံကြောင့် ဖြစ်ကုန်သော်လည်း စိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ်တို့ကို မယူအပ်၊ အကြောင်းနှင့်လျော်သော ဝိပါက်စိတ် စေတသိက်ကိုသာ ယူအပ်၏ ဟူလို။ 'ဝိပစ္စတီတိ ဝိပါကော' လည်းပြု။ ဝိ-ပုဗ္ဗော၊ ပစ-ဓာတု၊ ဏ္ဍ-ပစ္စယော၊ အဘိဓမ္မာဋ္ဌော စုဒ္ဒသဝိဓော လဗ္ဘတိ။

(၁) ဝိပါကပစ္စည်းသည် မိမိက အားထုတ်ခြင်း ဗျာပါရ မရှိ။ ငြိမ်သက်သောအဖြစ်ဖြင့် သဟဇာတ်ဖြစ်သော နာမ်ရုပ်တရားတို့အား၊ ဝါ- ဝိပါက် ဆတ္တိံသ၊ စေတသိက် အဋ္ဌတိံသ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ် တရားတို့အား အားထုတ်ခြင်း ဗျာပါရ မရှိသည်ဖြစ်၍ ငြိမ်သက်သည်၏အဖြစ် ဟူသော အကျိုးငှာ ကျေးဇူးပြုတတ်သော ဝိပါက်စိတ် စေတသိက်တို့သည် ဝိပါကပစ္စည်း မည်၏။

စိတ် စေတသိက်တို့ကို ဥဿာဟ(၄)ပါးဖြင့် ခွဲပြပုံ

ထို့ကြောင့် ဋီကာကျော်၌ -

အတ္တနော နိရုဿာဟသန္တဘာဝေန သဟဇာတနာမရူပါနံ

၁။ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ (ဋီကာကျော်)၊ ၈၃။ ၂။ ၄င်း။

နိရုဿာဟသန္တဘာဝါယ ဥပကာရကာ ဝိပါကစိတ္တစေတသိကာ ဝိပါကပစ္စယော[၁]- ဟု မိန့်၏။

မဏိသာရမဉ္ဇူ၌ -

နိရုဿာဟသန္တဘာဝေနာတိ။ ဥဿဟနံ ဥဿာဟော၊ နတ္ထိ ဧတဿ ဥဿာဟောတိ နိရုဿာဟော၊ သော ဧဝ သန္တဘာဝေါ တေန၊ ဥဿာဟောတိ စ ကြိယာမယစိတ္တုပ္ပါဒဿ ပဝတ္တိအာကာရော ဝေဒိတဗ္ဗော၊ ယော ဗျာပါရောတိ စ ဝုစ္စတိ၊ န ဝီရိယုဿာဟော[၂]- ဟု ဖွင့်၏။

နိရုဿာဟသန္တဘာဝေနာတိ၊ ကား။ ဥဿဟနံ၊ အားထုတ်ခြင်း။ ဥဿာဟော၊ ခြင်း။ ဧတဿ၊ ထိုငြိမ်သက်သည်၏အဖြစ်အား၊ ဝါ- ဝိပါက်အား။ ဥဿာဟော၊ အားထုတ်ခြင်းသည်။ နတ္ထိ၊ မရှိ။ ဣတိ တသ္မာ၊ ကြောင့်။ နိရုဿာဟော၊ မည်၏။ သော ဧဝ၊ ထိုအားထုတ်ခြင်း မရှိသည်သာလျှင် ဖြစ်သော။ သန္တဘာဝေါ၊ ငြိမ်သက် ချမ်းအေးသည်၏ အဖြစ်တည်း။ ဣတိ တသ္မာ၊ ကြောင့်။ နိရုဿာဟသန္တဘာဝေါ၊ မည်၏။ တေန၊ ထိုငြိမ်သက် ချမ်းအေးသောအဖြစ်ဖြင့်။ ဥဿာဟောတိ စ၊ ဥဿာဟဟူသည်ကိုလည်း။ ကြိယာမယစိတ္တုပ္ပါဒဿ၊ အမှုအရာကြိယာ ဖြင့်ပြီးသော ကုသိုလ် အကုသိုလ် ကြိယာ စိတ္တုပ္ပါဒ်၏။ ပဝတ္တိအာကာရော၊ ဖြစ်သောအခြင်းအရာကို။ ဝေဒိတဗ္ဗော၊ ၏။ ယော၊ အကြင်အမှုအရာကို။ ဗျာပါရောတိ၊ ကြောင့်ကြလုံ့လ ဗျာပါရဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ န ဝီရိယုဿာဟော၊ ဝီရိယ စေတသိက်တည်းဟူသော အားထုတ်ခြင်းမျိုး မဟုတ်။

(၂) အားထုတ်ခြင်းဗျာပါရ လုံ့လပယောဂနှင့် စိတ် စေတသိက် တရားတို့ကို ခွဲဝေ၍ပြဦးအံ့။ အကုသိုလ်စိတ် စေတသိက်တို့သည်

၁။ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ (ဋီကာကျော်)၊ ၂၄၄။ ၂။ မဏိသာရမဉ္ဇူသာ ဋီကာ-၂၊ ၃၉၅။

အားထုတ်ခြင်း ဗျာပါရရှိ၍ မငြိမ်သက်၊ မငြိမ်းအေးသောသဘော ရှိသောကြောင့် သဥဿာဟအသန္တသဘာဝ မည်ကုန်၏။ ကုသိုလ်စိတ် စေတသိက်တို့သည် အားထုတ်ခြင်း ဗျာပါရရှိ၍ ငြိမ်သက်ချမ်းအေးသော သဘောရှိသောကြောင့် သဥဿာဟသန္တသဘာဝ မည်ကုန်၏။ အာဝဇ္ဇန်းဒွေး၊ ဝိပါက်စိတ် စေတသိက်တို့သည် အားထုတ်ခြင်း ဗျာပါရ မရှိသည်ဖြစ်၍ ငြိမ်သက် ချမ်းအေးသော သဘောရှိသောကြောင့် နိရုဿာဟသန္တဘာဝ မည်ကုန်၏။ အာဝဇ္ဇန်းဒွေး ကြဉ်သော ကြိယာစိတ် အဗ္ဗာရသ, စေတသိက်တို့သည် အကျိုးကို ဖြစ်စေခြင်း၌ လုံ့လဗျာပါရ ကင်းကုန်သည်ဖြစ်၍ ငြိမ်သက်သောသဘော ရှိသောကြောင့် နိရုဿာဟသန္တသဘာဝလည်း မည်ကုန်၏။ ကြိယာဖြင့်ပြီးသော စိတ္တုပ္ပါဒ်၏ အဖြစ်ကြောင့် သဥဿာဟသန္တသဘာဝလည်း မည်ကုန်၏။

ထို့ကြောင့် မဏိမဉ္ဇူ၌ -

စိတ္တစေတသိကာ ဟိ စတုဗ္ဗိဓာ သဥဿာဟအသန္တသဘာဝါ သဥဿာဟသန္တသဘာဝါ နိရုဿာဟသန္တသဘာဝါ နိရုဿာဟ-သန္တသဘာဝသဥဿာဟသန္တသဘာဝါ စာတိ။ တတ္ထ အကုသလာ စိတ္တစေတသိကာ သဥဿာဟအသန္တသဘာဝါ ဟောန္တိ၊ ကုသလာ သဥဿာဟသန္တသဘာဝါ၊ အာဝဇ္ဇနဒွယဝိပါကာ နိရုဿာဟသန္တသဘာဝါ (လ) အဝသိဋ္ဌကြိယာ ပန ဝိပါကုပ္ပါဒနဗျာပါရရဟိတာ နိရုဿာဟသန္တသဘာဝါ စ ဟောန္တိ၊ ကြိယာမယစိတ္တုပ္ပါဒတာယ သဥဿာဟသန္တသဘာဝါ စ ဟောန္တိ[၁]- ဟု မိန့်၏။

၁။ မဏိသာရမဉ္ဇူသာ ဋီကာ-၂၊ ၃၉၆-၇။

ဝိပါက်တို့ အာရုံယူခြင်းကိုသိရန် ခဲယဉ်းကြောင်း

(၃) ဝိပါက်စိတ် စေတသိက်တို့သည် စိတ်၏အားထုတ်ခြင်းဟု ဆိုအပ်သော လုံ့လဗျာပါရဖြင့် မပြီးစေအပ်သည်ဖြစ်၍၊ ကံကို ပြုအပ်ကာမျှ၏ အဖြစ်ကြောင့် အားထုတ်ခြင်း ဗျာပါရ မရှိသည်ဖြစ်၍၊ ငြိမ်သက်စွာဖြစ်ခြင်း ရှိကုန်၏။ ကုသိုလ်စိတ်တို့ကဲ့သို့ ကိလေသာကို ငြိမ်းကုန်သည်ဖြစ်၍ ငြိမ်သက်စွာ ဖြစ်ခြင်း မရှိကုန်။ ထို့ကြောင့် ပဋိသန္ဓေ ဘဝင် စုတိ တဒါရုံ ဝိပါက်စိတ်တို့ သည် သိမ်မွေ့သည်၏အဖြစ်ကြောင့် အာရုံကို ယူအပ်သည်၏အဖြစ်ကို သိခြင်းငှာ မတတ်ကောင်း၊ အာရုံ၌ ရေးရှုကျကာမျှ၊ အာရုံကို ဝန်ခံကာမျှ၊ အာရုံကို စုံစမ်းခါမျှသာ ဖြစ်ကုန်သော ပဉ္စဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝိပါက်စိတ် တို့သည် အာရုံကို ယူအပ်သည်၏အဖြစ်ကို မသိ။ ပဉ္စဒွါရ၌ ဇောဖြစ်ခြင်း ကြောင့်သာလျှင် ထိုဝိပါက်စိတ်တို့သည် အာရုံကို ယူအပ်သည်၏အဖြစ်ကို သိအပ်၏ ဟူလို။ ဤကား ဋီကာကျော် စကားတည်း။

ပစ္စယုပ္ပန်၌ ဝိညတ်ဒွေး ကြဉ်သော စိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ် ဆိုရာဝယ် **ဝေါဋ္ဌဗ္ဗနကာမာဝစရဇဝနာဘိညာ ပန ဝိညတ္တိမ္ပိ သမုဋ္ဌာပေန္တိ**[၁] ဟု သင်္ဂဟအဋ္ဌကထာ ဆိုသောကြောင့် ဝိပါက်စိတ်သည် ဝိညတ်ဒွေးကို မဖြစ်စေနိုင်။ ထို့ကြောင့် ကြဉ်ရလေသည်။

ဝိပါကပစ္စည်းတပ်ပုံ

(၄) ပစ္စည်းတပ်ဟန်ကား- ပဝတ္တိအခါ ဝိပါက် နာမက္ခန္ဓာ လေးပါးတို့တွင် တစ်ပါးတစ်ပါးသော နာမက္ခန္ဓာ ပစ္စည်း၊ သုံးပါးသုံးပါး သော နာမက္ခန္ဓာ၊ စိတ္တဇရုပ် ပစ္စယုပ္ပန် (လ) လေးပါးသော နာမက္ခန္ဓာ ပစ္စည်း၊ စိတ္တဇရုပ် ပစ္စယုပ္ပန်၊ ကုသိုလ် အကုသိုလ် ကြိယာ နာမက္ခန္ဓာ

၁။ အဘိဓမ္မတ္ထသင်္ဂဟ၊ ဋ္ဌ၊ ၄၂၊ စာပိုဒ် -၃၃။

၎င်းတို့သည် ဖြစ်စေအပ်သော စိတ္တဇရုပ် ဗာဟိရရုပ် (လ) ပဝတ္တိကမ္မဇရုပ် ပစ္စနိက်။

ပဋိသန္ဓေအခါ ဖြစ်အံ့- တစ်ပါးတစ်ပါးသော နာမက္ခန္ဓာ ပစ္စည်း၊ သုံးပါးသုံးပါးသော နာမက္ခန္ဓာ, ကဋတ္တာရုပ် ပစ္စယုပ္ပန် (လ) လေးပါးသော နာမက္ခန္ဓာ ပစ္စည်း၊ ကဋတ္တာရုပ် ပစ္စယုပ္ပန်။ ပဉ္စဝေါကာရပဋိသန္ဓေ နာမက္ခန္ဓာ ပစ္စည်း၊ ဟဒယဝတ္ထု ပစ္စယုပ္ပန်။ အချင်းချင်း အပြန်အလှန် မတပ်ရ။ ဤကား ပဉ္စဝေါကာရဘုံ တပ်ပုံတည်း။ စတုဝေါကာရဘုံ ဖြစ်အံ့- နာမက္ခန္ဓာ ချင်းချင်းသာ တပ်ရမည်။

ဝိပါကပစ္စည်း ပြီး၏။

အာဟာရပစ္စည်းမှတ်ရန်

(၁၅) ဩဇဋ္ဌမကရူပါဒယော အာဟာရန္တိတိ အာဟာရာ။[၁]

ယော၊ အကြင် အာဟာရ လေးပါးသည်။ ဩဇဋ္ဌမကရူပါဒယော၊ ဩဇာလျှင် ရှစ်ခုမြောက်သော ရုပ် အစရှိသည်တို့ကို။ အာဟရန္တိ၊ ဆောင်တတ် ထောက်ပံ့တတ် ကုန်၏။ ဣတိ တသ္မာ၊ ကြောင့်။ အာဟာရာ၊၏။ အာ-ပုဗ္ဗော၊ ဟရ-ဓာတု၊ ဏ-ပစ္စယော၊ အဘိဓေယျတ္တော ဧကာဒသပစ္စယော လဗ္ဘတိ။

ထိုအာဟာရသည် ရုပ်နာမ်တရားတို့အား ဆောင်တတ်၏။ ဆောင်တတ်သော သဘောဟူသည် ထောက်ပံ့ခိုင်စေတတ်၊ ဖြစ်စေတတ်သော သဘောကို ဆိုသည်ဟုမှတ်ရမည်။ အဘယ်အခါကစ၍ ထောက်ပံ့ခိုင်စေတတ်၊ ဖြစ်စေတတ် သနည်းဟူမူ။ တစ်သတ္တာဟ နှစ်သတ္တာဟ ရောက်သော ကာလ၌ ဂဗ္ဘသေယျ သတ္တဝါအား အမိသည် မျိုအပ်စားအပ်သော ထမင်းအဖျော်စသည်၌ ပါလာသော ဩဇာဟုဆိုအပ်သော သကတ်ဂုဏ် အထူးသည် အမိဝမ်းတွင်း၌ တည်သော သူငယ်၏ချက်ကြိုးသို့ အစဉ်လျှောက်သဖြင့် ကိုယ်၌ပြန့်နှံ့၍ ဋ္ဌီသို့ ရောက်ဆဲ၊ အဇ္ဈတ္တဩဇာကလည်း ဋ္ဌီသို့ ရောက်ဆဲအခိုက် ကြုံတွေ့ကြသဖြင့် ထိုအခါ ဩဇာဋ္ဌမကရုပ်ကို ဖြစ်စေ၏။ ထို့ကြောင့် ဝိဘင် အဋ္ဌကထာ၌ -

ဧကေသ ဝါ ဒွိန္နံ ဝါ သတ္တာဟာနံ ဂတကာလေ ပတိဋ္ဌာတိ၊ တတော ပန ပုရေ ဝါ ပတိဋ္ဌာတု ပစ္ဆာ ဝါ၊ ယဒါ မာတရာ အဇ္ဈောဟဋာအနုပါနဩဇာ ဒါရကဿ သရီရေ ပတိဋ္ဌာတိ, တဒါ အဋ္ဌ ရူပါနိ သမုဋ္ဌာပေတိ[၂]- ဟု မိန့်၏။

၁။ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ (ဋီကာကျော်)၊ ၂၂၄။ ၂။ သမ္မောဟဝိနောဒနီ၊ ၄၊ ၂၃။

ဧကေသ ဝါ၊ တစ်ခုလည်းဖြစ်သော။ ဒွိန္နံ ဝါ၊ နှစ်ခုလည်းဖြစ်ကုန်သော။ သတ္တာဟာနံ၊ ခုနစ်ရက်တို့၏။ ဂတကာလေ၊ ရောက်သောအခါ၌။ ဩဇာ၊ သည်။ ပတိဋ္ဌာတိ၊ ၏။ ပန၊ ထိုသို့ပင် တည်သော်လည်း။ တတော၊ ထို တစ်သတ္တာဟ နှစ်သတ္တာဟမှ။ ပုရေ ဝါ၊ ရှေး၌မူလည်း။ ပတိဋ္ဌာတု၊ တည်စေ။ ပစ္ဆာ ဝါ၊ နောက်၌မူလည်း၊ ပတိဋ္ဌာတု၊ တည်စေ။ ယဒါ၊ အကြင်အခါ၌။ မာတရာ၊ အမိသည်။ အနုပါနဩဇာ၊ ထမင်း အဖျော် အရသာဩဇာကို။ အဇ္ဈောဟဋ္ဌာ၊ မျိုအပ် ဆောင်အပ်၏။ ဒါရကဿ၊ သူငယ်၏။ သရီရေ၊ ကိုယ်၌။ ပတိဋ္ဌာတိ၊ ၏။ တဒါ၊ ၌။ အဠ ရူပါနိ၊ တို့ကို။ သမုဋ္ဌာပေတိ၊ ၏။

အာဟာရ(၄)ပါး၏ ဆောင်တတ်သောသဘောအကြောင်း

(၁) ကဗဠီကာရ အာဟာရသည် အလုတ်အလွေ့ကို မပြုတတ်သော်လည်း ပြုတတ်သကဲ့သို့သော ဆွမ်းခဲဘွယ်ဘောဇဉ်၌တည်သော ဗဟိဒ္ဓ ဩဇာသည် အာဟာရဇရုပ်ကို ဖြစ်စေ၏ဟုဆိုသော်လည်း ပရိယာယ်မျှသာ။ စင်စစ်မုချ မစေဖြစ်နိုင်။ ဗဟိဒ္ဓဩဇာက အဇ္ဈတ္တဩဇာကို ဥပတ္ထမ္ဘကသတ္တိဖြင့် ထောက်ပံ့ပေး၍ အဇ္ဈတ္တဩဇာကမှ ဇနကသတ္တိဖြင့် အာဟာရဇရုပ်ကို ဖြစ်စေနိုင်၏။ ဤသို့ ဩဇာသည် ရှစ်ခုမြောက်သော ရုပ်ကို ဖြစ်စေခြင်းသည် အာဟာရဇရုပ်က ဆောင်သည် မည်၏။

ဗာဟိရံ အာဟာရံ ပစ္စယံ လဘိတွာ ဧဝ အဇ္ဈတ္တိကာဟာရော ရူပံ ဥပ္ပါဒေတိ[၁]- ဟု မဟာဋီကာ မိန့်၏။

ဗာဟိရံ၊ ဗာဟိရဖြစ်သော။ အာဟာရံ၊ ကို။ ပစ္စယံ၊ အကြောင်း အထောက်ပံ့ကို။ လဘိတွာ ဧဝ၊ ရသောကြောင့်သာလျှင်။ အဇ္ဈတ္တိကာဟာရော၊ သည်။ ရူပံ၊ ကို၊ ဥပ္ပါဒေတိ၊ ဖြစ်စေတတ်၏။

၁။ ဝိသုဒ္ဓိမဂ္ဂ၊ မဟာဋီကာ-၂၊ ၁၀၄။

နာမ်အာဟာရတို့တွင် ဖဿာဟာရသည် ဝေဒနာသုံးပါးကို ဆောင်တတ်၏။ အတွေ့အထိ အရသာကြောင့် ချမ်းသာ-ဆင်းရဲ-အလယ် အလတ် ဖြစ်ခြင်း၊ ခံစားခြင်းကိုပင် ဆောင်သည်မည်၏။ လောကီကုသိုလ် အကုသိုလ် စေတနာ ဟုဆိုအပ်သော မနောသဥ္စေတနာ အာဟာရသည် ဘုံသုံးပါး၌ ပဋိသန္ဓေ ဝိညာဏ်ကို ဖြစ်စေ၏။ ဖြစ်စေခြင်းသည်ပင် ဆောင်တတ်သည် မည်၏။ ပဋိသန္ဓေ ဟုဆိုအပ်သော ဝိညာဏာဟာရ သည် သဟဇာတ်ဖြစ်သော ပဋိသန္ဓေ နာမက္ခန္ဓာ ကမ္မဇရုပ်ကို ဖြစ်စေ၏။ ဖြစ်စေခြင်းသည်ပင် နာမ်အာဟာရက ဆောင်တတ်သည် မည်၏။

ထို့ကြောင့် ပဋိစ္စသမုပ္ပါဒ် ဝိဘင်းပါဠိတော်၌ -

သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ (လ) ဖဿပစ္စယာ ဝေဒနာ[၁]- စသည်ဖြင့် ဟောတော်မူ၏။

(၂) အဋ္ဌသာလိနီ၌လည်း -

ဧတေသု ဟိ ဖဿာဟာရော, ယေသံ ဓမ္မာနံ အဝသေသာ စိတ္တစေတသိကာ ပစ္စယာ ဟောန္တိ, တေသဥ္စ ပစ္စယော ဟောတိ, တိဿော စ ဝေဒနာ အာဟရတိ၊ မနောသဉ္စေတနာဟာရော တေသဥ္စ ပစ္စယော ဟောတိ တယော စ ဘဝေ အာဟရတိ၊ ဝိညာဏာဟာရော တေသဥ္စ ပစ္စယော ဟောတိ ပဋိသန္ဓိနာမရူပဥ္စ အာဟရတီတိ[၂]- ဟု မိန့်၏။

ဟိ သစ္စံ၊ ငါဆိုအပ်သောစကားသည် မှန်၏။ ဧတေသု၊ ထို နာမ်အာဟာရ သုံးပါးတို့တွင်။ ယေသံ ဓမ္မာနံ၊ တို့အား။ အဝသေသာ စိတ္တစေတသိကာ၊ ကြွင်းကုန်သော စိတ် စေတသိက်တို့သည်။ ပစ္စယာ၊ အကြောင်းတို့သည်။ ဟောန္တိ၊ ကုန်၏။ တေသဥ္စ ဓမ္မာနံ၊ တို့၏လည်း။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။ တိဿော၊ သုံးပါးကုန်သော။ ဝေဒနာ

၁။ ဝိဘင်၊ ပါဠိ၊ ၁၄၂။ ၂။ အဋ္ဌသာလိနီ၊ ဌ၊ ၁၉၇။

စ၊ တို့ကိုလည်း။ အာဟာရတိ၊ ဆောင်တတ်၏။ မနောသဉ္စေတနာဟာရော၊ သည်။ တေသဥ္စ၊ ထိုမှကြွင်းကုန်သော စိတ် စေတသိက်တို့၏လည်း။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။ တယော ဘဝေ စ၊ သုံးပါးကုန်သော ဘုံ၌လည်း။ အာဟာရတိ၊ ၏။ ဝိညာဏာဟာရော၊ သည်။ တေသဥ္စ၊ တို့၏လည်း။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။ ပဋိသန္ဓိနာမရူပဥ္စ၊ ကိုလည်း။ အာဟာရတိ၊ ၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗံ၊ ၏။

ရုပ်အာဟာရပစ္စည်းတပ်ပုံ (၂)နည်း

(၃) ရုပ်အာဟာရ ပစ္စည်းတပ်နည်း နှစ်ပါးတို့တွင် -

ပထမနည်းပစ္စည်းတပ်ဟန်ကား- ဆွမ်းခဲဘွယ်ဘောဇဉ် စသည်၌ တည်သော ဗဟိဒ္ဓသြဇာ ပစ္စည်း၊ အာဟာရသမုဋ္ဌာနိကရုပ် ပစ္စယုပ္ပန်။ (တစ်နည်း) စတုသမုဋ္ဌာနိကရုပ် ပစ္စယုပ္ပန် ကောက်လျှင် သင့်မြတ်၏။ အဘယ့် ကြောင့်နည်း။ ဗဟိဒ္ဓသြဇာသည် အာဟာရသမုဋ္ဌာနိကရုပ်ကို ဖြစ်စေရာ၌ ဇနကသတ္တိ။ တိသန္တတိရုပ်အားလည်း ဥပတ္ထမ္ဘကသတ္တိဖြင့် ဖြစ်စေနိုင်သော ကြောင့် စတုသမုဋ္ဌာနိကရုပ် ပစ္စယုပ္ပန် ကောက်ရမည်။ (အာစရိယဝါဒ။)

ဒုတိယနည်း၌ အဇ္ဈတ္တသန္တာန်၌ ရှိသော စတုသမုဋ္ဌာနိကသြဇာ၊ ဗဟိဒ္ဓ သန္တာန်၌ရှိသော ဥတုဇသြဇာ ပစ္စည်း၊ ကလာပ်တူသြဇာ ကြဉ်သော ကလာပ်တူ ကမ္မဇရုပ် ကိုးခု၊ ကလာပ်ပြား(၂၀) ဟုဆိုအပ်သော စတုသမုဋ္ဌာနိကရုပ် ပစ္စယုပ္ပန် ဟူရာ၌ ဗဟိဒ္ဓါဟာရ၏ အထောက်အပံ့ ရသောကြောင့် သာလျှင်တည်း။ အဇ္ဈတ္တသန္တာန်၌ ရှိသော စတုသမုဋ္ဌာနိကသြဇာ ပစ္စည်း၊ ကလာပ်တူသြဇာ ကြဉ်သော ကလာပ်တူ ကမ္မဇရုပ် ကိုးခု ပစ္စယုပ္ပန် ဖြစ်ရာ၌ ဇနကသတ္တိ။

စက္ခုဒသက ကလာပ်၌ပါသောသြဇာ ကြဉ်၍ ကလာပ်တူ

ကမ္မဇရုပ် ကိုးခု ပစ္စယုပ္ပန် ဆိုသည်။ အချို့စာကိုယ်တို့၌ ကမ္မဇရုပ် ကိုးစည်းဟုဆိုသည်၊ မဆိုသင့်။ ကြွင်းသော ကမ္မဇကလာပ် ရှစ်စည်း၊ စိတ္တဇကလာပ် ခြောက်စည်း၊ ဥတုဇကလာပ် လေးစည်း၊ အာဟာရဇ ကလာပ် နှစ်စည်း။ ဤကလာပ်ပြား (၂၀)တို့သည် ပစ္စယုပ္ပန် ဖြစ်ရာ၌ ဥပတ္ထမ္ဘကသတ္တိဟုမှတ်လေ။ ဒသကဖြစ်အံ့-ကလာပ်တူ ကိုးခု၊ နဝက ဖြစ်အံ့- ရှစ်ခု၊ အဋ္ဌကဖြစ်အံ့- ခုနစ်ခု၊ ဤသို့စသည်ဖြင့် စိတ္တဇ ဥတုဇ အာဟာရဇကလာပ်တို့၌ ဇကာဒသ၊ ဒွါဒသက စသည်တို့ကိုမှတ်၍ အာဟာရပစ္စည်း တပ်လေ။ ထို့ကြောင့် ပဋ္ဌာနအဋ္ဌကထာ၌ -

စတုသန္တတိသမုဋ္ဌာနော ကဗဠီကာရော ဟာရော ကိစ္စာပိ ဤမဿ ကာယဿာတိ အဝိသေသေတော ဝုတ္တော၊ ဝိသေသတော ပနာယမေတ္ထ အာဟာရသမုဋ္ဌာနရူပဿ ဇနကော စေဝ အနုပါလကော စ ဟုတွာ အာဟာရပစ္စယေန ပစ္စယော ဟောတိ၊ သေသတိသန္တတိသမုဋ္ဌာနဿ အနုပါလကောဝ ဟုတွာ အာဟာရပစ္စယေန ပစ္စယော ဟောတိ[၁]- ဟု မိန့်၏။

စတုသန္တတိသမုဋ္ဌာနော၊ လေးပါးသောအကြောင်း အစဉ်ကြောင့် ဖြစ်သော။ ကဗဠီကာရော ဟာရော၊ ကို။ ဤမဿ ကာယဿာတိ၊ ဟူ၍။ အဝိသေသတော၊ အထူးမမ သာမညအားဖြင့်။ ကိစ္စာပိ ဝုတ္တော၊ ရှင့်။ ပန တထာပိ၊ ထိုသို့ပင်ဟောအပ်သော်လည်း။ ဝိသေသတော၊ အားဖြင့်။ အယံ၊ ဤကဗဠီကာရ အာဟာရသည်။ ဧတ္ထ၊ ဤစတုသန္တတိသမုဋ္ဌာန ရုပ်တို့တွင်။ အာဟာရသမုဋ္ဌာနရူပဿ၊ ကို၊ ဝါ-အား။ ဇနကော စေဝ၊ ဖြစ်စေတတ်သည် လည်းကောင်း။ အနုပါလကော စ၊ အစဉ်စောင့်ရှောက် တတ်သည်လည်းကောင်း။ ဟုတွာ၊ ၍။ အာဟာရပစ္စယေန၊ ဖြင့်။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။ သေသတိသန္တတိသမုဋ္ဌာနဿ၊

[၁]။ ပဋ္ဌာနအဋ္ဌ၊ ၄၊ ၃၇၈။

အာဟာရသမုဋ္ဌာနမှုကြွင်းသော ကံ စိတ် ဥတု သုံးခုသောအကြောင်းလျှင် ဖြစ်ကြောင်းရှိသော ရုပ်ကို၊ ဝါ-အား။ အနုပါလကော၀၊ သာလျှင်။ ဟုတ္ဘာ၊ ၍။ အာဟာရပစ္စယေန၊ ဖြင့်။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။

ဥပတ္ထမ္ဘကသတ္တိသာလျှင် ပဓာနဖြစ်ကြောင်း

(၄) ရူပါရူပါနံ ဥပတ္ထမ္ဘကတ္တေန ဥပကာရကာ စတ္တာရော အာဟာရာ အာဟာရပစ္စယော[၁]- ဟု

ဋီကာကျော် ဆိုသောကြောင့် လေးပါးသော အာဟာရတို့သည် ရုပ်နာမ် တရားတို့အား ဥပတ္ထမ္ဘကသတ္တိဖြင့်သာ ကျေးဇူးပြုသလောဟူမူ၊ ဇနကသတ္တိဖြင့် လည်း ကျေးဇူးပြု၏။ ဤသို့ ကျေးဇူးပြုသော်ငြားလည်း ဥပတ္ထမ္ဘကသတ္တိဖြင့် ကျေးဇူးပြုခြင်းသာလျှင် အာဟာရ၏ ပြဋ္ဌာန်းသောကိစ္စ ဖြစ်၏။

အာဟာရသည် ဇနကသတ္တိရှိသော်လည်း မပြတ်ဖြစ်စေသည်၏ အစွမ်းဖြင့် ထောက်ပံ့သည်ဖြစ်၍သာလျှင် ဖြစ်စေနိုင်၏။ ထို့ကြောင့် ဥပတ္ထမ္ဘကသတ္တိဖြင့် ကျေးဇူးပြုခြင်းသာလျှင် အာဟာရ၏ ပဓာနကိစ္စ ဖြစ်ပါသည်ဟူလို။ ထို့ကြောင့် ဋီကာကျော်၌ -

သတိပိ ဟိ ဇနကဘာဝေ ဥပတ္ထမ္ဘကတ္တမေဝ အာဟာရဿ ပဓာနကိစ္စံ၊ ဇနယန္တောပိ အာဟာရော အဝိစ္ဆေဒဝသေန ဥပတ္ထမ္ဘေန္တော ဝ ဇနေတီတိ ဥပတ္ထမ္ဘကဘာဝေါ ဝ အာဟာရဘာဝေါ[၂]- ဟု မိန့်၏။ (အနုဋီကာ နည်းတူ။)

အဝိစ္ဆေဒဝသေန၊ မပြတ်ဖြစ်စေသည်၏ အစွမ်းဖြင့်။ ဥပတ္ထမ္ဘေန္တော ဝ၊ ထောက်ပံ့သည်ဖြစ်၍သာလျှင်။ ဇနေတိ၊ ဖြစ်စေ၏။

အာဟာရ လေးပါးလုံး၌ အကြိုးဝင်သော မနောသဉ္စေတနာဟာရ

၁။ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ (ဋီကာကျော်)၊ ၂၄၄။ ၂။ ၄၄း။

သည် နာနာက္ခဏိကကမ္မ၊ ပကတူပနိဿယ ပစ္စည်းတပ်သော စေတနာတည်း။ နာမ်အာဟာရသုံးပါး၌သာ အကြုံးဝင်သော စေတနာသည် သဟဇာတကမ္မ ပစ္စည်းတပ်သော စေတနာတည်း၊ ဤသို့ အထူးမှတ်လေဦး။ (ဤကား ဂဏ္ဌိလာ စကားတည်း။)

နာမ်အာဟာရပစ္စည်းတပ်ပုံ

နာမ်အာဟာရပစ္စည်း တပ်ဟန်ကား- အမှတ်မရှိ တစ်ခုခုသောဝီထိစိတ်၌ပါသော ဖဿ စေတနာ ဝိညာဏ်ဟုဆိုအပ်သော နာမ်အာဟာရသုံးပါး ပစ္စည်း၊ ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ- သမ္ပယုတ္တက္ခန္ဓာ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေအခါ ကဋတ္တာရုပ် ပစ္စယုပ္ပန်၊ စတုဝေါကာရဖြစ်အံ့- သမ္ပယုတ္တက္ခန္ဓာ ပစ္စယုပ္ပန်၊ ဗာဟိရရုပ် (လ) ပဝတ္တိကမ္မဇရုပ် ပစ္စနိက်။ ပဝတ္တိ ပဋိသန္ဓေ ခွဲဝေ၍ တပ်လေ။

(၅) ဆွမ်းခဲဘွယ်ဘောဇဉ်၌တည်သော ဩဇာသည် အလုတ်အလွေ့ ပြု၍ မျိုအပ်သည်သာလျှင် အာဟာရကိစ္စကိုပြု၏။ ပြင်ပ၌သာ တည်နေသည် ရှိသော် အာဟာရကိစ္စကို မပြုနိုင်။ ထို့ကြောင့် 'အာဟာရောတိ'ဟု သာမညအားဖြင့် မဟောမူ၍ 'ကဗဠီကာရာဟာရော' ဟု ဟောတော်မူသည်။ (ဤကား အဋ္ဌကထာ စကားတည်း။)

ရုပ်အာဟာရပစ္စည်းတပ်ပုံ

ရုပ်အာဟာရပစ္စည်း **ပထမတစ်နည်း** တပ်ဟန်ကား- ဆွမ်းခဲဘွယ်ဘောဇဉ် အစရှိသည်၌တည်သော ရသာကြောကို အစဉ်လျှောက်၍ တစ်ကိုယ်လုံး ပျံ့နှံ့တတ်သော ထောက်ပံ့ခြင်း၊ အားရှိခြင်းကိုပြုတတ်သော ဘုတ်လေးပါးကိုမှီသော တစ်ခုသော သကတ်ဂုဏ် အထူးဖြစ်သော ဩဇာသည် ပစ္စည်း၊ အာဟာရသမုဋ္ဌာနိကရုပ် ပစ္စယုပ္ပန်။

ဒုတိယနည်း၌ အစ္ဈတ္တသန္တာန်၌ရှိသော ဩဇာ, ဗဟိဒ္ဓသန္တာန်၌ ရှိသော ဥတုဇဩဇာ ပစ္စည်း၊ ၄င်းကမ္မဇရုပ်၌ ဩဇာကြည့်၍ ကလာပ်တူ ကမ္မဇရုပ် ကိုးခု၊ ကလာပ်ပြား (၂၀)၌ရှိသော ဩဇာနှင့်တကွ စိတ္တဇ ဥတုဇ အာဟာရဇ ကလာပ်တို့သည် ပစ္စယုပ္ပန်။ ဤသို့ ကျေးဇူးပြုရာ၌ ကလာပ်တူအား ဇနကသတ္တိ၊ ကလာပ်ပြား (၂၀)အား ဥပတ္ထမ္ဘကသတ္တိ ဟုမှတ်လေဦး။

အာဟာရပစ္စည်း ပြီး၏။

ဣန္ဒြိယပစ္စည်းမှတ်ရန်

(၁၆) ဣန္ဒြိယံ ပရမိဿရိယံ ကရောတီတိ ဣန္ဒြိယံ။

ယော သဘာဝေါ၊ သည်။ ဣန္ဒြိယံ ပရမိဿရိယံ၊ လွန်စွာ အစိုးရခြင်းကို။ ကရောတိ၊ ပြုတတ်၏။ ဣတိ တသ္မာ၊ ကြောင့်။ ဣန္ဒြိယံ၊ ၏။ ဣဒ္ဓိ-ဓာတ်၊ ဣန္ဒ-ဓာတ်၊ ဏျ-ပစ္စည်းတည်း။ အရကား ဣတ္ထိန္ဒြေ၊ ပုရိသိန္ဒြေ ကြဉ်သော ဣန္ဒြေ(၂၀)၊ ဝါ-တရားကိုယ် တစ်ဆယ့်လေးပါး ရ၏။

(တစ်နည်း) ပစ္စယသတ္တိပြိုင်ကြသော ပစ္စည်းများရ၏။ ဣဒ္ဓိ-ဓာတ်၊ ဣန္ဒ-ဓာတ်သည် အနက် မထင်ရှားသောကြောင့် ကရ-ဓာတ်နှင့်ဖွင့်ပြသည်။

ထို့ကြောင့် **'ခပ်သိမ်းဓာတ်တွင် နက်မထင်၊ ဘူ,ကရာနှင့် ယှဉ်မြဲပင်'**ဟု နိယံ ဆိုသည်။

(၁) တစ်ဆယ့်လေးပါးသော တရားတို့သည် မိမိတို့ပိုင်ရာ၌ လွန်စွာ အစိုးရသောကြောင့် ဣန္ဒြိယမည်၏။ အဘယ်သို့ အစိုးရသနည်းဟူမူ နာမ်ဣန္ဒြေ ရှစ်ပါးတို့တွင် **နာမ်ဇီဝိတိန္ဒြေ**သည် သဟဇာတ်ဖြစ်သော စိတ်(၈၉) စေတသိက်(၅၂)တို့ကို အစဉ်မပြတ်တည်စေခြင်း၌ စောင့်ရှောက်ခြင်း၌ အစိုးရ၏။ **မနိန္ဒြေ**သည် အာရုံကို သိခြင်း၌၊ **ဝေဒနိန္ဒြေ** ငါးပါးသည် အာရုံ၏အရသာကို ခံစားခြင်း၌၊ **သဒ္ဓိန္ဒြေ**သည် ယုံကြည်ခြင်း၌၊ **ဝီရိယိန္ဒြေ**သည် ထောက်ပံ့ ခိုင်စေခြင်း၌၊ **သတိန္ဒြေ**သည် အောက်မေ့ခြင်း၌၊ **သမာဓိန္ဒြေ**သည် တည်ကြည် ခြင်း၌၊ လောကီ, လောကုတ္တရာ **ပညိန္ဒြေ**သည် အာရုံကို ထိုးထွင်း၍သိခြင်း၌ အစိုးရ၏။

ဤရှစ်ပါးကို **သဟဇာတိန္ဒြိယ** ဟု ခေါ်သည်။

စက္ခုန္ဒြေသည် ဒဿနကိစ္စ၊ အာရုံကို မြင်ခြင်း၌သာ စက္ခုဝိညာဏ်ကို အစိုးရ၏။ သောတိန္ဒြေသည် သဝနကိစ္စ၊ ကြားနာခြင်း၌ သောတဝိညာဏ်ကို အစိုးရ၏။ ဃာနိန္ဒြေသည် ဃာယနကိစ္စ၊ နံခြင်း၌ ဃာနဝိညာဏ်ကို အစိုးရ၏။ ဇိဝှိန္ဒြေသည် သာယနကိစ္စ၊ စားခြင်း, လျက်ခြင်း၌ ဇိဝှါဝိညာဏ်ကို အစိုးရ၏။ ကာယိန္ဒြေသည် ဖုသနကိစ္စ၊ တွေ့ထိခြင်း၌ ကာယဝိညာဏ်ကို အစိုးရ၏။ ဤ ၅-ပါးကို **ပုရေဇာတိန္ဒြိယ** ဟု ခေါ်သည်။

ရုပ်ဇီဝိတိန္ဒြေသည် ကလာပ်တူ ကမ္မဇရုပ် ကိုးခု၊ ရှစ်ခုတို့ကို အစဉ်မပြတ် တည်စေခြင်းငှာ စောင့်ရှောက်ခြင်း၌ အစိုးရ၏။ ဤကား **ရူပဇီဝိတိန္ဒြိယပစ္စည်း** ဟု ခေါ်သည်။

အဓိပတိ နှင့် ဣန္ဒြိယတို့၏ အစိုးရပုံအထူး

(၂) အဓိပတိနှင့် ဣန္ဒြိယနှစ်ပါးတို့၏ အစိုးရပုံအထူးကား- အဓိပတိသည် အစိုးရသော အဓိပတိတစ်ပါး မရှိစေဘဲ သူတစ်ပါးတို့၏ ကြီးသော သတ္တိကို မြစ်(တား)၍ အစိုးရသောကြောင့် စကြဝတေးမင်းကဲ့သို့ မိမိ တစ်ယောက်တည်းသာ အစိုးရ၏။ ဣန္ဒြိယသည် အစိုးရသော ဣန္ဒြေတစ်ပါးကို မမြစ်မူ၍ မိမိတို့၏ ဒဿနကိစ္စ အစရှိသည်တို့၌သာ ဆိုင်ရာကို အစိုးရသောကြောင့် ဂျော့ဘုရင်သည် အင်ပါယာနိုင်ငံကိုသာ အစိုးရသကဲ့သို့တည်း။ (ဤကား မဏိသာရမဉ္ဇူ၌လာသော အဓိပတိ၊ ဣန္ဒြိယတို့ အထူးတည်း။)

ဣတ္ထိန္ဒြေ၊ ပုရိသိန္ဒြေတို့ ပစ္စည်းမတပ်နိုင်ခြင်း

(၃) ဣန္ဒြိယပစ္စည်း၌ (၂၂)ပါးသော ဣန္ဒြေတို့သည်ပင်

ဣန္ဒြိယပစ္စည်း တပ်သလောဟူမူ၊ ဣတ္ထိန္ဒြေ၊ ပုရိသိန္ဒြေကြဉ်၍ (၂၀)သော ဣန္ဒြေတို့သည်သာလျှင် ပစ္စည်းတပ်၏ဟူလို။

ထို့ကြောင့် ပဋ္ဌာနအဋ္ဌကထာ၌ -

အယံ ပန ဣန္ဒြိယပစ္စယော ဣတ္ထိန္ဒြိယပုရိသိန္ဒြိယဝဇ္ဇာနံ သမဝီသတိယာ ဣန္ဒြိယာနံ ဝသေန ဌိတော[၁]- ဟု မိန့်၏။

ဣတ္ထိန္ဒြေ၊ ပုရိသိန္ဒြေတို့သည် ဣန္ဒြေဖြစ်လျက် အဘယ့်ကြောင့် ဣန္ဒြိယပစ္စည်း မတပ်သနည်း။ ထိုဣန္ဒြေ နှစ်ပါးတို့သည် လိင်္ဂနိမိတ္တကုတ္တ အာကပ္ပတို့ကို မိမိသို့ အစဉ်လိုက်စေသည်ဖြစ်၍ လိင်္ဂအစရှိသည်တို့၏ အကြောင်းပင် ဖြစ်၏။ ယင်းသို့ဖြစ်သော်လည်း ကလလရေကြည်တည်နေ သော ကာလစသည်၌ ထိုဣန္ဒြေ(၂)ပါးရှိလျက် လိင်္ဂစသည်တို့၏ ထင်ရှား မရှိသေးသောကြောင့် ဣန္ဒြိယပစ္စည်း မတပ်သည်၏အဖြစ်ကို သိအပ်၏။

ထို့ကြောင့် ပဋ္ဌာနအဋ္ဌကထာ၌ -

ဣတ္ထိန္ဒြိယပုရိသိန္ဒြိယာနိ ဟိ ကိဉ္စာပိ ဣတ္ထိလိင်္ဂပုရိသလိင်္ဂါဒီနံ ဗီဇဘူတာနိ, ကလလာဒိကာလေ ပန ဝိဇ္ဇမာနေသုပိ တေသု ဣတ္ထိလိင်္ဂပုရိသလိင်္ဂါဒီနံ အဘာဝါ တာနိ နေဝ တေသံ, န အညေသံ ဣန္ဒြိယပစ္စယတံ ဖရန္တိ၊ ဣန္ဒြိယပစ္စယော ဟိ အတ္တနော ဝိဇ္ဇမာနက္ခဏေ အဝိနိဗ္ဘုတ္တမေဝါနံ ဣန္ဒြိယပစ္စယတံ အဖရန္တော နာမ နတ္ထိ, တသ္မာ တာနိ ဣန္ဒြိယပစ္စယာ န ဟောန္တိ[၂]- ဟု မိန့်၏။

ဣတ္ထိန္ဒြိယပုရိသိန္ဒြိယာ၊ တို့သည်။ ဣတ္ထိလိင်္ဂပုရိသလိင်္ဂါဒီနံ၊ ဣတ္ထိလိင်္ဂ ဣတ္ထိနိမိတ္တ ဣတ္ထိကုတ္တ ဣတ္ထိအာကပ္ပ ပုရိသလိင်္ဂ စသည်တို့၏။ ဗီဇဘူတာနိ၊ အကြောင်းရင်း ဖြစ်၍ဖြစ်ကုန်သည်။ ကိဉ္စာပိ

၁။ ပဥ္စပကရဏ၊ ဋ္ဌ၊ ၃၇၈။ ၂။ ၄၄၁။

ဟောန္တိ၊ ရှင့်။ ပန တထာပိ၊ သော်လည်း။ ကလလာဒိကာလေ၊ စသည့်၌။ တေသု၊ ထိုဣန္ဒြေနှစ်ပါးတို့သည်။ ဝိဇ္ဇမာနေသုပိ၊ ထင်ရှားရှိကုန်သော်လည်း။ ဣတ္ထိလိင်ပုရိသလိင်္ဂါဒိနံ၊ တို့၏။ အဘာဝါ၊ မရှိခြင်းကြောင့်။ တာနိ၊ ထိုဣန္ဒြေနှစ်ပါးတို့သည်။ တေသံ၊ ထို ဣတ္ထိလိင် ပုရိသလိင် စသည်တို့၏၊ ဝါ-တို့အား။ ဣန္ဒြိယပစ္စယတာ၊ ဣန္ဒြိယ ပစ္စည်း၏အဖြစ်ကို။ န ဖရန္တိ၊ မနှံ့ကုန်။ ဟိ၊ ဆက်ဦးအံ့။ ဣန္ဒြိယပစ္စယော၊ သည်။ ဝိဇ္ဇမာနက္ခဏေ၊ ၌။ အဝိနိဗ္ဘုတ္တဓမ္မာနံ၊ အသီးသီး မခွဲဝေအပ်သော ရုပ်နာမ်တရားတို့အား။ ဣန္ဒြိယပစ္စယတာ၊ ကို။ အဖရန္တော နာမ၊ မနှံ့သော မည်သည်၊ ဝါ-မပြီးစေသောမည်သည်။ နတ္ထိ၊ မရှိ။ တသ္မာ၊ ကြောင့်။ တာနိ၊ ထိုဣန္ဒြေ(၂)ပါးတို့သည်။ ဣန္ဒြိယပစ္စယာ၊ တို့သည်။ န ဟောန္တိ၊ မဖြစ်ကုန်။

ဆိုလိုရင်းအဓိပ္ပာယ်ကား- ဣတ္ထိ၊ ပုရိသ ဟု သိခြင်း၏အကြောင်းတို့သည် မူလအကြောင်း၊ နီးသောအကြောင်းဟု (၂)ပါးရှိ၏။ ထိုတွင် ဣတ္ထိန္ဒြေ ပုရိသိန္ဒြေသည် မူလကာရဏ၊ ဣတ္ထိလိင် ပုရိသလိင်စသော အခြင်းအရာသည် အာသန္နကာရဏ ဖြစ်၏။ မူလကာရဏဖြစ်သော သဘာဝရုပ် ၂-ခုတို့သည် ကလလရေကြည် တည်နေသော ကာလ၌ ရှိကြသော်လည်း အာသန္နကာရဏ ဖြစ်သော ဣတ္ထိလိင် ပုရိသလိင် စသည်တို့၏ ကလလအခါ၌ မရှိခြင်းကြောင့် ဣန္ဒြိယပစ္စည်း မတပ်ဟုမှတ်အပ်၏။

(၄) ဘာဝရုပ်နှစ်ခုသည် ဣန္ဒြိယပစ္စည်းတပ်၏ဟုလာသော မူလဋီကာ ကေစိဝါဒကို ပြဦးအံ့။ ကလလရေကြည် တည်နေစကာလ၌ပင် ဣတ္ထိလိင် စသည်တို့၏ ထိုကလလရေကြည် အခိုက်အတန့်အားလျော်စွာ ရှိသင့်ရှိထိုက် ရှိစကောင်းသည်၏အဖြစ်ကို အလိုရှိအပ်ကုန်၏။ ဣတ္ထိမျိုးစေ့၊ ပုရိသမျိုးစေ့ ပါလာရင်း ရှိသောကြောင့်သာလျှင် မျိုးစေ့သဘောကို စွဲ၍

ဣတ္ထိရက္ခ-အမ,ပင်၊ ပုရိသရက္ခ-အဖိုပင် ခေါ်သကဲ့သို့ အကြင် ကလလရေကြည်အခါက မိန်းမ, ယောကျ်ားဟူ၍ လိင် ထင်ရှားရှိသော အဖြစ်ကို သိအပ်၏။

ထို့ကြောင့် မူလဋီကာ၌ -

ကေစိ တေ ပန ကလလာဒိကာလေပိ လိင်္ဂါဒီနံ တဒနုရူပါနံ အတ္ထိတံ ဣစ္ဆန္တိ[1]- ဟု မိန့်၏။

အနုဋီကာ၌လည်း -

တဒနုရူပါနန္တိ ကလလာဒိအဝတ္ထာနုရူပါနံ အတ္ထိတံ ဣစ္ဆန္တိ, ယထာ ဣတ္ထိ, ပုရိသောတိ ပကတိဝိဘာဂေါ ဝိညာယတီတိ တေသံ အဓိပ္ပါယော[2]- ဟု မိန့်၏။

ကလလကာလကပင် အသီးသီး မခွဲဝေကောင်းသော ကာယိန္ဒြေ ကဲ့သို့ နှလုံးမူဟန်ရှိသည်။ ဤသို့ ဝါဒပြားဟူသမျှကို မပယ်မူ၍ ပြဆိုခြင်းသည် သင့်၊ မသင့် နှိုင်းချင့်၍ ယူရာသည်။ (မူလဋီကာမှာထားချက်။)

အခြင်းအရာ(၄)ပါး ဆိုပုံအထူး

(၅) အခြင်းအရာ ၄-ပါးကို ဋီကာကျော်နှင့် အဋ္ဌသာလိနီလာ အထူးကို ပြအံ့ -

တတ္ထ ဣတ္ထီနံ အင်္ဂဇာတံ ဣတ္ထိလိင်္ဂံ၊ သရာဓိပ္ပါယာ ဣတ္ထိနိမိတ္တံ ဣတ္ထီတိ သဉ္ဇာနနဿ ပစ္စယဘာဝတော၊ အဝိသဒဌာနဂမန- နိသဇ္ဇာဒိ ဣတ္ထိကုတ္တံ၊ ဣတ္ထိသဏ္ဌာနံ ဣတ္ထာကပ္ပေါ၊ ပုရိသလိင်္ဂါဒီနိပိ ဝုတ္တနယေန ဒဋ္ဌဗ္ဗာနိ။[3] (ဋီကာကျော်)

၁။ ပဉ္စပကရဏ၊ မူလဋီကာ၊ ၁၉၁။ ၂။ ၄င်း၊ အနုဋီကာ၊ ၂၅၉။

၃။ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ (ဋီကာကျော်)၊ ၁၉၇။

တတ္တ၊ ထိုလိင်္ဂစသည်တို့တွင်။ လက္ခဏံ၊ မိန်းမတို့၏။ အင်္ဂဇာတ်၊ သည်။ လက္ခဏလိင်္ဂ၊ မည်၏။ လက္ခဏံ၊ တို့၏။ သရာဓိပ္ပါယာ၊ အသံသာယာခြင်း အလိုဆန္ဒကြီးခြင်းသည်။ လက္ခဏီတိ သဉ္ဇာနနသာ၊ ဤသူကား မိန်းမတည်းဟု သိရခြင်း၏။ ပစ္စယဘာဝတော၊ အကြောင်း၏အဖြစ်ကြောင့်။ လက္ခဏနိမိတ္တံ၊ မည်၏။ အဝိသဒဋ္ဌာနဂမနနိသဇ္ဇာဒိ၊ မသန့်ရှင်းသော ရပ်ခြင်းသွားခြင်း ထိုင်ခြင်း စသည်သည်။ လက္ခဏကုတ္တံ၊ မည်၏။ လက္ခဏသဏ္ဌာနံ၊ ကိုယ်လက် သေးသွယ် မှတ်ဆိတ် ကျင်စွယ်မရှိသော သဏ္ဌာန်သည်။ လက္ခဏာကပ္ပေါ၊ မည်၏။ ပုရိသလိင်္ဂါဒီနိပိ၊ ပုရိသလိင်္ဂ စသည်တို့ကိုလည်း။ ဝုတ္တနယေန၊ လက္ခဏလိင်္ဂစသည်၌ ဆိုခဲ့ပြီးသော နည်းဖြင့်။ ဒဋ္ဌဗ္ဗာနိ၊ ကုန်၏။

လိင်္ဂံ ဟတ္ထာဒိသဏ္ဌာနံ နိမိတ္တံ မိဟိတာဒိကံ ကုတ္တံ သုပ္ပါဒိနှာ ကီဠာ အာကပ္ပေါ ဂမနာဒိကံ။[1]

ဟတ္ထာဒိသဏ္ဌာနံ၊ လက်ခြေသေးသွယ်သော သဏ္ဌာန်သည်။ လိင်္ဂံ၊ မည်၏။ မိဟိတာဒိကံ၊ ပြုံးရယ်ခြင်း စသည်သည်။ နိမိတ္တံ၊ မည်၏။ သုပ္ပါဒိနှာ၊ ဇန်းငယ် ဆန်ကောငယ် စသည်ဖြင့်။ ကီဠာ၊ မြူးတူးပျော်ပါး ကစားခြင်းသည်။ ကုတ္တံ၊ မည်၏။ ဂမနာဒိကံ၊ မသန့်ရှင်းသောသွားခြင်း စသည်သည်။ အာကပ္ပေါ၊ မည်၏။

အဋ္ဌသာလိနီ၌ -

ပုရိသာနဉ္စ ဥပရိမကာယော ဝိသဒေါ ဟောတိ[2]- စသည်ဖြင့် မိန့်၏။

ယောကျ်ားတို့၏ ကိုယ်အင်္ဂါ လက်ခြေ စသည် ကြီးခြင်း၊ မှတ်ဆိတ် ကျင်စွယ် ရှိခြင်းသည် လိင်္ဂ မည်၏။ အင်္ဂါဇာတ်သည် နိမိတ္တ မည်၏။ ဓားပုဆိန်ကိုင်၍ ကစားခြင်းသည် ကုတ္တ မည်၏။ ပုဆိုးဝတ်ခြင်း,

၁။ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ (ဋီကာကျော်)၊ ၁၉၇။ ၂။ အဋ္ဌသာလိနီ၊ ၄၊ ၃၅၈၊ စာပိုဒ် -၆၃၃။

သန့်ရှင်းသော သွားခြင်းရပ်ခြင်းသည် အာကပ္ပ မည်၏။ ဤသို့ အခြင်းအရာ လေးပါး ကို မှတ်ရမည်။ (ဤကား အဋ္ဌသာလိနီ အလိုတည်း။)

သုံးပါးသော ဣန္ဒြိယပစ္စည်းတို့ ပစ္စည်းတပ်ပုံ

(၆) ဣန္ဒြိယ သုံးပါးတို့တွင် **သဟဇာတိန္ဒြိယပစ္စည်း** တပ်ပုံကား- လောဘမူဇော ခုနစ်ခုတို့တွင် တစ်ခုတစ်ခုသော ဇော၌ရှိသော ဇီဝိတ, စိတ်, ဝေဒနာ, ဝီရိယ, ဧကဂ္ဂတာ ဟုဆိုအပ်သော တရားကိုယ် ငါးပါး ပစ္စည်း၊ လောဘမူဇော စိတ္တုပ္ပါဒ်, စိတ္တဇရုပ် ပစ္စယုပ္ပန်၊ ပဝတ္တိကမ္မဇရုပ်စသည် ပစ္စနိက်။

စတုဝေါကာရဘုံဖြစ်အံ့- နာမက္ခန္ဓာ ချင်းချင်းတပ်။ ဉာဏဝိပ္ပယုတ်ဇောဖြစ်အံ့-(၇)ပါး၊ ဉာဏသမ္ပယုတ်ဇောဖြစ်အံ့- (၈)ပါး၊ စိတ် စေတသိက် ယှဉ်ရာမှတ်၍ စိတ် တစ်ခုယုတ်ကိုးဆယ် ကုန်စင်အောင် တပ်လေ။

ပဉ္စဝေါကာရပဋိသန္ဓေအခါ ဖြစ်အံ့- သမ္ပယုတ်, ဝိပ္ပယုတ်အလိုက် ရှစ်ပါး, ခုနစ်ပါး ပစ္စည်း၊ ပဋိသန္ဓေစိတ္တုပ္ပါဒ် ပဋိသန္ဓေကမ္မဇရုပ် ပစ္စယုပ္ပန်၊ စတုဝေါကာရဖြစ်အံ့- နာမက္ခန္ဓာသာ။

ပုရေဇာတိန္ဒြိယဖြစ်အံ့- မန္ဒာယုက, အမန္ဒာယုက, မဇ္ဈိမာယုက သုံးပါး တို့တွင် မဇ္ဈိမာယုက ရှေးဦးအစ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော စက္ခုန္ဒြေ (လ) ကာယိန္ဒြေ အသီးသီး ပစ္စည်း၊ ဒွေးပဉ္စဝိညာဏ်-၁၀, သဗ္ဗစိတ္တသာဓာရဏ စေတသိက် ပစ္စယုပ္ပန်။ ဤဝီထိ၌ပါသော ဒွေးပဉ္စဝိညာဏ်မှကြွင်းသော စိတ် စေတသိက် ရုပ်ကုန် ပစ္စနိက် ထုတ်။

ပဋိသန္ဓေကမ္မဇ အသညသတ်ကမ္မဇ ပဝတ္တိကမ္မဇရုပ်၌ပါသော **ရုပ်ဇီဝိတိန္ဒြေ** ပစ္စည်း၊ ရုပ်ဇီဝိတိန္ဒြေကြဉ်သော ကလာပ်တူ ကမ္မဇရုပ်

ကိုးခု ပစ္စယုပ္ပန်။ ကလာပ်ပြား မတပ်ရပေ။

သိသာထင်ရှားစေဦးအံ့- စက္ခုဒသကကလာပ်၌ပါသော ရုပ်ဇီဝိန္ဒြေ ပစ္စည်း၊ ကျန်ကလာပ်တူ ကမ္မဇရုပ် ကိုးခု ပစ္စယုပ္ပန်။ ဇီဝိတနဝကကလာပ် ဖြစ်အံ့- ၄င်း၌ပါသော ဇီဝိတရုပ် ပစ္စည်း၊ ကျန်ကလာပ်တူ ကမ္မဇရုပ် ရှစ်ခု ပစ္စယုပ္ပန်။ ကိုးခု, ရှစ်ခု ဟု သုံးချက်စု၌ ဆိုသင့်သော်လည်း ယေဘုယျနည်း ဟုမှတ်။

ဣန္ဒြိယပစ္စည်း ပြီး၏။

ဈာနပစ္စည်းမှတ်ရန်

(၁၇) အာရမ္မဏံ ဈာယတိ ဥပနိဇ္ဈာယတီတိ ဈာနံ။

ယော ဓမ္မော၊ သည်။ အာရမ္မဏံ၊ ရူပါရုံစသော အာရုံ, ကသိုဏ်းစသော အာရုံကို။ ဈာယတိ ဥပနိဇ္ဈာယတိ၊ ကပ်၍ရှုတတ်၏။ ဣတိ တသ္မာ၊ ကြောင့်။ သော ဓမ္မော၊ သည်။ ဈာနံ၊ မည်၏။

အာရမ္မဏူပနိဇ္ဈာနလက္ခဏူပနိဇ္ဈာနဝသေန ဥပဂန္တွာ စိန္တေတိ ဩလောကေတီတိ ဝါ ဈာနံ။[1]

အာရုံကို ကပ်၍ရှုခြင်း၊ အနိစ္စစသော လက္ခဏာကို ကပ်၍ရှုခြင်း၏ အစွမ်းဖြင့် ကပ်၍ ကြည့်ရှုခြင်းသည် ဈာန် မည်၏။ ဈေ-ဓာတု၊ ဈာ-ဓာတု၊ ယု-ပစ္စယော၊ အဘိဓေယျတ္ထော ဒသပစ္စယော လဗ္ဘတိ။

(၁) ဈာနပစ္စည်း၌ ဒွေးပဉ္စဝိညာဏ်-၁၀ ကြဉ်သော စိတ်တစ်ခုယုတ် ရှစ်ဆယ်၌ ရှိသော ဝိတက်, ဝိစာရ, ပီတိ, သောမနဿဝေဒနာ, ဒေါမနဿဝေဒနာ, ဥပေက္ခာဝေဒနာ, ဧကဂ္ဂတာဟု ဆိုအပ်သော ဈာနင် (၇)ပါး၊ တရားကိုယ်အားဖြင့် ဝိတက်, ဝိစာရ, ပီတိ, ဝေဒနာ, ဧကဂ္ဂတာဟု ဆိုအပ်သော ဈာနင် ငါးပါးတို့ကို ဈာနပစ္စည်းဟု ဟောတော်မူသည်။

ထို့ကြောင့် ကသိုဏ်းစသည် ဟုတ်၊ မဟုတ်သော အာရုံကို ကပ်၍ ရှုလျှင်ပင် ဈာန် မည်၏။ ထိုဈာန်သည် အာရမ္မဏူပနိဇ္ဈာနဈာန်၊ လက္ခဏူပနိဇ္ဈာနဈာန် အားဖြင့် နှစ်ပါးပြား၏ ဟုမှတ်လေ။

ထို့ကြောင့် မဏိသာရမဉ္ဇူ၌ -

---

[1]။ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ (ဋီကာကျော်)၊ ၂၄၄။

တတ္ထ ရူပါဒိကသိဏာဒိနံ အာရမ္မဏာနံ ဈာနံ ဥပဂန္တွာ စိန္တနံ, ဩလောကနံ ဝါ အာရမ္မဏူပနိဇ္ဈာနံ၊ တေဘူမကဓမ္မာနံ အနိစ္စတာဒိလက္ခဏာသင်္ခါတဿ, နိဗ္ဗာနဿ စ တထလက္ခဏာ-သင်္ခါတဿ လက္ခဏဿ ဥပနိဇ္ဈာနံ လက္ခဏူပနိဇ္ဈာနံ၊ တေဟိ 'ဈေ စိန္တာယံ၊ ဥပနိဇ္ဈာနေ ဝါ'တိ အတ္ထံ ဒဿေတိ[၁]- ဟု မိန့်၏။

တတ္ထ၊ ထိုဈာန် နှစ်ပါးတို့တွင်။ ရူပါဒိကသိဏာဒိနံ၊ ရူပါရုံအစ, ကသိုဏ်းအစ ရှိကုန်သော။ အာရမ္မဏာနံ၊ တို့ကို။ ဥပဂန္တွာ၊ ကပ်၍။ စိန္တနံ၊ ကြံခြင်းဟုဆိုအပ်သော။ ဩလောကနံ၊ ကြည့်ရှုခြင်းဟုဆိုအပ်သော။ ဈာနံ၊ ဈာန်သည်။ အာရမ္မဏူပနိဇ္ဈာနံ၊ ဈာန်မည်၏။ တေဘူမကဓမ္မာနံ၊ ဘုံသုံးပါး၌ ဖြစ်သော သင်္ခါရတရားတို့ကို။ အနိစ္စတာဒိလက္ခဏာ-သင်္ခါတဿ၊ အနိစ္စအစရှိသော လက္ခဏာဟုဆိုအပ်သော။ နိဗ္ဗာနဿ စ၊ နိဗ္ဗာန်၏လည်း။ တထလက္ခဏာသင်္ခါတဿ၊ မှန်သော လက္ခဏာဟု ဆိုအပ်သော။ လက္ခဏဿ၊ ကို။ ဥပနိဇ္ဈာနံ၊ ကပ်၍ရှုခြင်းသည်။ လက္ခဏူပနိဇ္ဈာနံ၊ မည်၏။ တေဟိ၊ တို့ဖြင့်။ ဈေ၊ ဈေ-ဓာတ်သည်။ စိန္တာယံ ဝါ၊ ကြံခြင်း၌လည်းကောင်း။ ဥပနိဇ္ဈာနေ ဝါ၊ ကပ်၍ရှုခြင်း၌လည်း ကောင်း။ ဣတိ အတ္ထံ၊ ကို။ ဒဿေတိ၊ ပြ၏။

(၂) ဤဈာနပစ္စည်း၌ 'ပစ္စနိကဓမ္မေ ဈာပေတီတိ ဈာနံ' ဟူသော ဝစနတ္ထကို မလှစ်အပ် (မပြသင့်)။ အဘယ့်ကြောင့်နည်း။ ခပ်သိမ်းသော ဈာန်တို့၏ မနှံ့သောကြောင့်တည်း။ ထို့ကြောင့် မဏိသာရမဉ္ဇူ၌ -

'ဈေ ပစ္စနိကဈာပနေ'တိ အတ္ထော ပန ကုသလဈာနင်္ဂေသု ယေဝ လဗ္ဘမာနတ္တာ သဗ္ဗဈာနင်္ဂါနံ အဗျာပကဘာဝတော န ဝုတ္တော[၂]-

[၁]။ မဏိသာရမဉ္ဇူသာ ဋီကာ-၂၊ ၄၀၀။ [၂]။ ၄င်း။

ဟု မိန့်၏။

ဈာန်ဟူသည် ရူပါရုံစသော အာရုံတို့တွင် တစ်ပါးပါးကို စိုက်စိုက်စူးစူး အထူးအားဖြင့် စွဲစွဲမြဲမြဲတအားခဲ၍ ရှုကြည့်ခြင်းကို ဈာန်ဟုခေါ်သည်။ မြေလျှိုး မိုဃ်းပျံမှ ဈာန်ဟုခေါ်သည် မမှတ်လင့်။

လယ်တီသံခိပ်၌ **စိုက်စိုက်စူးစူး အထူးမြဲမြံ၊ ရှုအားသန် ဈာန်ဟုခေါ်သတတ်-** ဟု စပ်ဆိုလေသည်။

ဈာနပစ္စည်းမတပ်သော ဝေဒနာ(၃)ပါးနှင့် စေတနာ

(၃) ဒွေးပဉ္စဝိညာဏ် တစ်ဆယ်တို့၌ သုခ ဒုက္ခ ဥပေက္ခာဝေဒနာတို့သည် ရှိလျက် အဘယ့်ကြောင့် ဈာနပစ္စည်း မထုတ်အပ်သနည်း။ ဒွေးပဉ္စဝိညာဏ် တစ်ဆယ်တို့၏ ဝိတက် ကင်းသဖြင့် အာရုံတို့၌ ရှေးရှုကျကာမှု၏ အဖြစ်ကြောင့် ထိုဒွေးပဉ္စဝိညာဏ် တစ်ဆယ်တို့၌ သုခ ဒုက္ခ ဥပေက္ခာဝေဒနာတို့သည် ထင်ရှားရှိကုန်သော်လည်း ကပ်၍ရှုတတ်သော အခြင်းအရာ၏ မရှိသည်၏အဖြစ်ကြောင့် ဈာနင်အဖြစ်ဖြင့် မထုတ်အပ်ကုန်။ ဝိတက် နောက်လိုက်ရှိသော တရားကိုသာလျှင် ဈာနင် ထုတ်အပ်ကုန်၏ဟူလို။

ထို့ကြောင့် ဋီကာကျော်၌ -

ပဉ္စဝိညာဏာနံ ဝိတက္ကဝိရဟေန အာရမ္မဏေသု အဘိနိပါတ-မတ္တတ္တာ တေသု ဝိဇ္ဇမာနာနိပိ ဥပေက္ခာသုခဒုက္ခာနိ ဥပနိဇ္ဈာနာ-ကာရဿ အဘာဝတော ဈာနင်္ဂဘာဝေန န ဥဒ္ဓဋာနိ၊ 'ဝိတက္ကပစ္ဆိမကံ ဟိ ဈာနင်္ဂ'န္တိ ဝုတ္တံ[၁]- ဟု မိန့်၏။

ဒွေးပဉ္စဝိညာဏ် တစ်ဆယ်တို့၌ သုခ ဒုက္ခ ဥပေက္ခာဝေဒနာတို့သာလျှင် ဈာနင် မထုတ်အပ်သည် မဟုတ်။ ၎င်းတို့၌ရှိသော

၁။ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ (ဋီကာကျော်)၊ ၂၂၅။

ဧကဂ္ဂတာလည်း အာရမ္မဏာအဘိနိပါတသဘော ရှိသောကြောင့် ဈာနင် မထုတ်အပ်ပေ။

ထို့ကြောင့် မူလဋီကာ၌ -

တတ္ထ ဥပေက္ခာသုခဒုက္ခေဟိ တံသမာနလက္ခဏာယ စိတ္တေကဂ္ဂတာယပိ ယထာဝုတ္တေနေဝ ကာရဏေန အနုဒ္ဓဋဘာဝေါ ဒဿိတောတိ ဒဋ္ဌဗ္ဗော[1]- ဟု မိန့်၏။

ဝိတက္ကပစ္ဆိမကဥ္စိ ဈာနံ နာမ[2]- ဟု အဋ္ဌသာလိနီ မိန့်သောကြောင့် ဒုတိယဈာန် စသောတရားတို့၌ ဝိတက်နောက်လိုက် မရှိသည် ဖြစ်၍ ဈာနင် မထုတ်သင့်သည် မဟုတ်လောဟူမူ၊ ဘာဝနာ၏အစွမ်းအားဖြင့် ပယ်အပ်သောကြောင့်သာ ဝိတက် မရှိသောစိတ် ဖြစ်သည်။ သဘောအားဖြင့် ဝိတက် မရှိသည်မဟုတ်။ ထို့ကြောင့် ဈာနင်ထုတ်အပ်ကြောင်း အဋ္ဌသာလိနီ၌-

ပကတိယာ အဝိတက္ကစိတ္တေ ဈာနင်္ဂံ န လဗ္ဘတိ[3]- ဟု မိန့်၏။

ပကတိယာ-သဒ္ဒါနှင့် မိန့်သည်ကို ထောက်လေ။

(၄) ပဥ္စပကရဏအဋ္ဌကထာ၌လည်း -

ပဥ္စန္နံ ပန ဝိညာဏကာယာနံ အဘိနိပါတမတ္တတ္တာ တေသု ဝိဇ္ဇမာနာနိပိ ဥပေက္ခာသုခဒုက္ခာနိ ဥပနိဇ္ဈာနာကာရဿ အဘာဝတော ဈာနင်္ဂါနီတိ န ဥဒ္ဓဋာနိ[4]- ဟု မိန့်၏။

ပန၊ ဆက်ဦးအံ့။ ပဥ္စန္နံ၊ ကုန်သော။ ဝိညာဏကာယာနံ၊ ဝိညာဏ် အပေါင်းတို့၏။ အဘိနိပါတမတ္တတ္တာ၊ အာရုံသို့ ရှေးရှု ကျကာမျှဖြစ်သည်၏ အဖြစ်ကြောင့်။ တေသု၊ ထိုဒွေးပဥ္စဝိညာဏ် တစ်ဆယ်တို့၌။ ဝိဇ္ဇမာနာနိပိ၊ ထင်ရှားရှိကုန်သော်လည်း။ ဥပေက္ခာသုခဒုက္ခာနိ၊ တို့ကို။

၁။ ပဥ္စပကရဏ၊ မူလဋီကာ၊ ၁၉၂။
၂။ အဋ္ဌသာလိနီ၊ ဋ္ဌ၊ ၃၀၄။
၃။ ၎င်း။
၄။ ပဥ္စပကရဏ၊ ဋ္ဌ၊ ၃၉၇။

ဥပနိဇ္ဈာနာကာရသ၊ ကသိုဏ်းစသော အာရုံကို ကပ်၍ရှုအပ်သော အခြင်းအရာ၏။ အဘာဝတော၊ မရှိသည်၏အဖြစ်ကြောင့်။ ဈာနင်္ဂါနီတိ၊ ဟူ၍။ ဘဂဝတာ၊ သည်။ န ဥဒ္ဒိဋ္ဌာနိ၊ မထုတ်အပ်ကုန်။

'အဘိနိပါတ' သဘောဟူသည် အာရုံကို ဆင်ခြင်ခြင်း၊ ခံလင့်ခြင်း၊ စုံစမ်းခြင်း၊ ကြံခြင်း၏ မရှိသည်၏အဖြစ်ကို ပြ၏ဟူပေ။

ထို့ကြောင့် မူလဋီကာ၌ -

အဘိနိပါတမတ္တတ္တာတိ ဧတေန အာဝဇ္ဇနသမ္ပဋိစ္ဆနမတ္တာယပိ စိန္တနာပဝတ္တိယာ အဘာဝံ ဒဿေတိ[1]- ဟု မိန့်၏။

အနုဋီကာ၌လည်း -

အဘိနိပါတမတ္တတ္တာတိ အာရမ္မဏကရဏမတ္တဘာဝတော၊ စိန္တနာပဝတ္တိယာ ဥပနိဇ္ဈာယနပဝတ္တိယာ[2]- ဟု ဖွင့်၏။

ဆိုအပ်ခဲ့ပြီးသော ဝေဒနာ, ဧကဂ္ဂတာတို့၌ မြဲမြံခိုင်ခံ့စေခြင်းငှာ ပဋ္ဌာနအဋ္ဌကထာ၌ -

ပဥ္စဝိညာဏသ္မိံ ဝေဒနာ စ စိတ္တေကဂ္ဂတာ စ ဒုဗ္ဗလတ္တာ ဥပနိဇ္ဈာနလက္ခဏံ န ပါပုဏန္တီတိ ဈာနပစ္စယေ န ဂဟိတာ[3]- ဟု အဋ္ဌကထာဆရာ မိန့်ဆိုလေသည်။

အကြွင်းအဟိတ်စိတ်တို့၌ အဋ္ဌကထာ 'န'သဒ္ဒါနှင့်ဆိုပုံ

(၅) ကြွင်းသော အဟိတ်စိတ် ရှစ်ခုတို့၌လည်း ဈာနင် မထုတ်အပ် သလော။ အဘယ့်ကြောင့်နည်းဟူမူ၊ **'ဈာနင်္ဂ န ဥဒ္ဒိဋ္ဌမေဝ**[4]**'** ဟု န-သဒ္ဒါနှင့် အဋ္ဌကထာဆရာ ဆိုသည်။ ဤသို့ န-သဒ္ဒါနှင့် ဆိုသော်လည်း မထုတ် အပ်သောကြောင့် န-သဒ္ဒါနှင့် ဆိုသည်မဟုတ်။ ဈာန်အင်္ဂါ

၁။ ပဋ္ဌပကရဏ၊ မူလဋီကာ၊ ၁၉၂။ ၂။ ၎င်း၊ အနုဋီကာ၊ ၂၆၀။
၃။ ၎င်း၊ ဋ္ဌ၊ ၄၂၁၊ စာပိုဒ် -၉၈။ ၄။ ၎င်း၊ ဋ္ဌ၊ ၃၇၉။

ထုတ်ခြင်း၏ စကားအစဉ် ပြတ်ပြီးကို ဆက်၍ဆိုသောကြောင့်သာလျှင် န-သဒ္ဒါကို ဆိုသည်။ စင်စစ်မှုချ ဈာနင် ထုတ်အပ်၏ဟူလို။

ထို့ကြောင့် ပဋ္ဌာနအဋ္ဌကထာ၌ -

တတ္ထ ပန္တိနွတ္တာ ပန သောသာဟေတုကေသုပိ ဈာနင်္ဂံ န ဥဒ္ဓဋမေဝ[၁]- ဟု မိန့်၏။

ပန၊ စကားအစဉ် ပြတ်ပြီးကို ဆက်၍ဆိုဦးအံ့။ တတ္ထ၊ ထိုဒွေးပဉ္စဝိညာဏ် တစ်ဆယ်တို့၌။ ပန္တိနွတ္တာ၊ ဈာန်အင်္ဂါ ထုတ်ခြင်း၏စကားအစဉ် ပြတ်ပြီးသည်၏ အဖြစ်ကြောင့်။ သောသာဟေတုကေသုပိ၊ ဒွေးပဉ္စဝိညာဏ် တစ်ဆယ်မှ ကြွင်းသော အဟိတ်စိတ် ရှစ်ခုတို့၌လည်း။ ဈာနင်္ဂံ၊ ဈာနင်ကို။ န ဥဒ္ဓဋမေဝ၊ မထုတ်အပ်သည်သာလျှင်တည်း။

ဤ၀ါကျတွင် 'န ဥဒ္ဓဋမေဝ'၌ န-သဒ္ဒါကို ဖျက်မိတတ်၏။ ပန္တိနွတ္တာ ဟူသော ဟိတ်ပါဋ္ဌကို မြင်သဖြင့် မဖျက်သင့်ပေ။ ဆင်ခြင် စဉ်းစားကြလေ။ (အာစရိယဝါဒ)။

သောသာဟေတုကေသုပိ ဈာနင်္ဂံ ဥဒ္ဓဋမေဝ ဥဒ္ဓရဏဋ္ဌာနေ စိတ္တုပ္ပါဒကဏ္ဍေတိ အဓိပ္ပါယော[၂]- ဟု မူလဋီကာ ဖွင့်၏။

ဓမ္မသင်္ဂဏီပါဠိတော် စိတ္တုပ္ပါဒကဏ္ဍ၌ ဈာနင်အဖြစ်ဖြင့် ထုတ်သော ကြောင့် 'န ဥဒ္ဓဋမေဝ'ဟု အဋ္ဌကထာဆိုသော်လည်း ဈာနင် ထုတ်၏ဟူလို။

ဈာနပစ္စည်းတပ်ပုံ

(၆) ပစ္စည်းတပ်ဟန်ကား -

ပဉ္စဝေါကာရဘုံဖြစ်အံ့- လောဘဇော ဝီထိ၌ရှိသော ဈာနင်တရား

၁။ ပဋ္ဌာနအဋ္ဌ၊ ၄၊ ၃၇၉၊ ဇာပိုဒ်-၁၇။ ၂။ ၄င်း၊ မူလဋီကာ၊ ၁၉၂။

ကိုယ် ငါးပါး ပစ္စည်း၊ ပထမဇောစိတ်, စေတသိက်, စိတ္တဇရုပ် ပစ္စယုပ္ပန်။ ဒေါသမူ, မောဟမူဇောဖြစ်အံ့- ပီတိကြဉ်သော လေးပါး ပစ္စည်းဆို။ စဉ်းစား၍ ပဝတ္တိအခါ စိတ် (၇၉)ကုန်အောင် တပ်လေ။

ပဋိသန္ဓေအခါဖြစ်အံ့- ပဋိသန္ဓေဥ္ဒရှိသော ဈာနင် ငါးပါး ပစ္စည်း၊ ပဋိသန္ဓေစိတ်, စေတသိက်, ကဋတ္တာရုပ် ပစ္စယုပ္ပန်။

စတုဝေါကာရဘုံဖြစ်အံ့- နာမက္ခန္ဓာဥ္ဒရှိသော ဈာနင် ငါးပါး ပစ္စည်း၊ နာမက္ခန္ဓာ လေးပါး ပစ္စယုပ္ပန်၊ ဒွေးပဥ္စဝိညာဏ် တစ်ဆယ်, ဗာဟိရရုပ် (လ) ပဝတ္တိ ကမ္မဇရုပ် ပစ္စနိက် ထုတ်လေ။

ဈာနပစ္စည်း ပြီး၏။

မဂ္ဂပစ္စည်းမှတ်ရန်

(၁၈) သုဂတိတော ဝါ၊ ပုညတော ဝါ၊ ဒုဂ္ဂတိံ ဝါ၊ ပါပံ ဝါ၊ မဂ္ဂတိ နိယျာတီတိ မဂ္ဂေါ။

သုဂတိတော ဝါ၊ သုဂတိဘုံမှ လည်းကောင်း။ ပုညတော ဝါ၊ ကုသိုလ်ကောင်းမှုမှ လည်းကောင်း။ ဒုဂ္ဂတိံ ဝါ၊ ဒုဂ္ဂတိဘုံသို့ လည်းကောင်း။ ပါပံ ဝါ၊ အကုသိုလ်မကောင်းမှုသို့ လည်းကောင်း။ မဂ္ဂတိ နိယျာတိ၊ ထွက်မြောက်တတ်၏။ ဣတိ၊ ကြောင့်။ မဂ္ဂေါ၊ မည်၏။ မဂ္ဂ-ဓာတ်၊ ဏ-ပစ္စည်း။ အရကား -

'သုဂတိတော, ပုညတော ဝါ နိယျာနဋ္ဌေနာ'တိ ဣဒံ မိစ္ဆာဒိဋ္ဌာဒီနိ စတ္တာရိ မဂ္ဂင်္ဂါနိ သန္ဓာယ ဝုတ္တံ[၁]**-**

ဟု မဏိသာရမဉ္ဇူ မိန့်သောကြောင့် မိစ္ဆာဒိဋ္ဌိ, မိစ္ဆာသင်္ကပ္ပ, မိစ္ဆာဝါယမ, မိစ္ဆာသမာဓိ ဟုဆိုအပ်သော အကုသိုလ်မဂ္ဂင် လေးပါးရ၏။

ဒုဂ္ဂတိတော ဝါ၊ ပါပတော ဝါ၊ သုဂတိံ ဝါ၊ ပုညံ ဝါ၊ မဂ္ဂတိ နိယျာတီတိ မဂ္ဂေါ။

ဒုဂ္ဂတိဘုံမှ သုဂတိဘုံသို့ လည်းကောင်း၊ မကောင်းမှုအကုသိုလ်မှ ကောင်းမှုကုသိုလ်သို့ လည်းကောင်း၊ ထွက်မြောက်တတ်သောကြောင့် မဂ္ဂင် မည်၏။ အရကား-

'ဒုဂ္ဂတိတော, ပါပတော ဝါ နိယျာနဋ္ဌေနာ'တိ ဣဒံ သမ္မာဒိဋ္ဌာဒီနိ အဋ္ဌ မဂ္ဂင်္ဂါနိ သန္ဓာယ ဝုတ္တံ[၂]**-**

ဟု မဏိသာရမဉ္ဇူ မိန့်သောကြောင့် သမ္မာမဂ္ဂင် ရှစ်ပါး ရ၏။

၁။ မဏိသာရမဉ္ဇူသာ ဋီကာ-၂၊ ၄၀၁။ ၂။ ၄င်း။

ထို့ကြောင့် ဋီကာကျော်၌ -

သုဂတိတော ပုညတော, ဒုဂ္ဂတိတော ပါပတော ဝါ နိယျာနဋ္ဌေန ဥပကာရကာ သမ္မာဒိဋ္ဌာဒယော မဂ္ဂပစ္စယော[၁]- ဟု မိန့်၏။

အဖြောင့် အဓိပ္ပာယ်ကား- သုဂတိဘုံမှ ဒုဂ္ဂတိဘုံသို့ ရောက်စေသည်၊ ကောင်းမှုမှ မကောင်းမှုသို့ ဖြစ်စေတည်စေသည်ကား မိစ္ဆာမဂ္ဂင်ဟုမှတ်ရမည်။ ဒုဂ္ဂတိဘုံမှ သုဂတိဘုံသို့ ရောက်စေသည်၊ မကောင်းမှုမှ ကောင်းမှုသို့ ဖြစ်စေတည်စေသည်ကား သမ္မာမဂ္ဂင်ဟု မှတ်ရမည် မှတ်ပါလေ။

'ဒွါဒသ မဂ္ဂင်္ဂါနိ'အရ အဋ္ဌကထာ နှစ်ကျမ်း ဆိုပုံအထူး

(၁) 'ဒွါဒသ မဂ္ဂင်္ဂါနိ' အရကို ပဋ္ဌာနအဋ္ဌကထာ၌ -

မဂ္ဂပစ္စယနိဒ္ဒေသေ မဂ္ဂင်္ဂါနီတိ အဟေတုကစိတ္တုပ္ပါဒဝဇ္ဇေသု သေသစိတ္တေသု ဥပ္ပန္နာနိ ပညာ, ဝိတက္ကော, သမ္မာဝါစာကမ္မန္တာ-ဇီဝါ, ဝီရိယံ, သတိ, သမာဓိ, မိစ္ဆာဒိဋ္ဌိ, မိစ္ဆာဝါစာကမ္မန္တာဇီဝါတိ ဣမာနိ ဒွါဒသင်္ဂါနိ[၂]-ဟု လာ၏။

သင်္ဂဟ အဋ္ဌကထာ၌ကား -

ဒွါဒသ မဂ္ဂင်္ဂါနိ သမ္မာဒိဋ္ဌိ (လ) သမ္မာသမာဓိ မိစ္ဆာဒိဋ္ဌိ မိစ္ဆာသင်္ကပ္ပေါ မိစ္ဆာဝါယာမော မိစ္ဆာသမာဓိ[၃]- ဟုလာ၏။

ဤသို့လာရာတွင် အဋ္ဌကထာ နှစ်ကျမ်းသည် ဆန့်ကျင်သည် မဟုတ်လောဟူမူ၊ သင်္ဂဟ အဋ္ဌကထာဆရာသည် တရားကိုယ် ရကောင်းသော သမ္မာမဂ္ဂင် ရှစ်ပါးနှင့်တကွ မိစ္ဆာမဂ္ဂင် လေးပါးထည့်၍ 'ဒွါဒသ မဂ္ဂင်္ဂါနိ'ကို ပြဆိုသည်။ အဋ္ဌကထာကြီးကား သုတ္တန်ပါဠိတော်၌

၁။ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ (ဋီကာကျော်)၊ ၂၄၄။ ၂။ ပဋ္ဌာနအဋ္ဌကထာ၊ ၄၊ ၃၈၀။

၃။ အဘိဓမ္မတ္ထသင်္ဂဟ၊ ၄၊ ၄၈၊ စာပိုဒ် -၁၇။

သမ္မာမဂ္ဂင် ရှစ်ပါး၊ မိစ္ဆာမဂ္ဂင် ရှစ်ပါး ဟောတော်မူသည်ကို သိသာထင်ရှား စိမ့်သောငှာ 'ဒွါဒသင်္ဂါနိ' ဟု ပြဆိုတော်မူသည်။ သင်္ဂဟာ အဋ္ဌကထာကား တရားကိုယ်ရသော မိစ္ဆာမဂ္ဂင်ကို ပြသည်။ ထို့ကြောင့် မဆန့်ကျင်ဟုမှတ်။

သမ္မာမဂ္ဂင် ရှစ်ပါး ထင်ရှားပြီးဖြစ်၍၊ မိစ္ဆာမဂ္ဂင် ရှစ်ပါး တရားကိုယ်ကောက်သော **ဒိဋ္ဌိဂတသမ္ပယုတ် လေးခု၌ရှိသော** ဒိဋ္ဌိ-စေတသိက်သည် **မိစ္ဆာဒိဋ္ဌိ** မည်၏၊ ဝိတက်သည် **မိစ္ဆာသင်္ကပ္ပ**၊ ဝီရိယသည် **မိစ္ဆာဝါယာမ**၊ ဧကဂ္ဂတာသည် **မိစ္ဆာသမာဓိ**၊ အကုသိုလ် စိတ်(၁၂)ခု၌ မကောင်းသော သတိဟူ၍ မရှိရကား၊ သတိ၏ဆန့်ကျင်ဘက်ဖြစ်သော အကုသိုလ်စိတ် စေတသိက် နာမက္ခန္ဓာ လေးပါးသည် **မိစ္ဆာသတိ** မည်၏။ ဝစီဒုစရိုက် လေးပါး၏ အစွမ်းဖြင့်ဖြစ်သော အကုသိုလ် စေတနာသည် **မိစ္ဆာဝါစာ**၊ ကာယဒုစရိုက် သုံးပါး၏ အစွမ်းဖြင့်ဖြစ်သော စေတနာသည် **မိစ္ဆာကမ္မန္တ**၊ အသက်မွေးခြင်းကို ငဲ့၍ပြုအပ်သော ဝစီဒုစရိုက်နှင့် ကာယဒုစရိုက်၏ စေတနာ ခုနစ်ပါးသည် **မိစ္ဆာအာဇီဝ** မည်၏ဟူလို။

မိစ္ဆာမဂ္ဂင်သည် တရားကိုယ်အားဖြင့် ဒိဋ္ဌိ-စေတသိက်၊ ဝိတက်၊ ဝီရိယ၊ ဧကဂ္ဂတာ ဤလေးပါးတည်း။ ထိုလေးပါးကို သဘောတူရာ သမ္မာမဂ္ဂင်နှင့်ရောသော် ဒိဋ္ဌိ-စေတသိက် တစ်ခုသာ သဘောတူမရှိ၍ ဤပစ္စည်း၌ မဂ္ဂင်တရားကိုယ် ကိုးပါး ဖြစ်သတည်း။

မိစ္ဆာမဂ္ဂင်တို့ မဂ္ဂပစ္စည်း မတပ်နိုင်ခြင်း

(၂) မိစ္ဆာသတိသည် အကုသိုလ် နာမက္ခန္ဓာ လေးပါးကို ခေါ်သော ကြောင့် မဂ္ဂပစ္စည်း မတပ်၊ စေတနာ စေတသိက်သည် မဂ္ဂပစ္စည်း မတပ်သော ကြောင့် မိစ္ဆာဝါစာ ကမ္မန္တ အာဇီဝ သုံးပါးကို မဂ္ဂပစ္စည်း၌ မဟောဟုမှတ်အပ်၏။

ထို့ကြောင့် မူလဋီကာ၌ -

တေဟိ သမ္မာဝါစာဒီဟိ ပဋိပက္ခာ စေတနာဓမ္မာ တပ္ပဋိပက္ခ-ဘာဝတောယေဝ မိစ္ဆာမဂ္ဂင်္ဂါနီတိ သုတ္တေ ဝုတ္တာနိ, န ပန မဂ္ဂပစ္စယဘာဝေန၊ မဂ္ဂင်္ဂါနိ မဂ္ဂပစ္စယဘူတာနိ စ ဣဓ ပါဠိယံ မဂ္ဂင်္ဂါနီတိ ဝုတ္တာနိ[၁]- ဟု မိန့်၏။

စေတနာဓမ္မာ၊ စေတနာ သဘောတို့သည်။ တေဟိ၊ ထိုမိစ္ဆာမဂ် တို့နှင့်။ သမ္မာဝါစာဒီဟိ၊ စသည်တို့သည်။ ပဋိပက္ခာ၊ ဆန့်ကျင်ဘက်တို့ သည်။ ဟောန္တိ၊ ကုန်၏။ တပ္ပဋိပက္ခာဘာဝတောယေဝ၊ ထိုဆန့်ကျင်ဘက် ၏ အဖြစ်ကြောင့်သာလျှင်။ သုတ္တေ၊ သုတ်ပါဠိတော်၌။ မိစ္ဆာမဂ္ဂင်္ဂါနီတိ၊ ဟူ၍။ ဘဂဝတာ၊ သည်။ ဝုတ္တာနိ၊ ကုန်၏။ မဂ္ဂပစ္စယဘာဝေန၊ မဂ္ဂပစ္စည်း ၏အဖြစ်ဖြင့်၊ ဝါ- ကြောင့်။ န ဝုတ္တာနိ၊ ကုန်။ မဂ္ဂပစ္စယဘူတာနိ၊ မဂ္ဂ ပစ္စည်း ဖြစ်၍ဖြစ်ကုန်သော။ မဂ္ဂင်္ဂါနိ စ၊ တို့ကိုလည်း။ ဣဓ ပါဠိယံ၊ ဤပဋ္ဌာန်းပါဠိတော်၌။ ဝုတ္တာနိ၊ ကုန်၏။

မိစ္ဆာမဂ်ကိုကား ဝင်စစ် ပဋ္ဌာန်းပါဠိတော်၌ ဟောတော်မမူ။ သုတ္တန် ပါဠိတော်၌ ဟောတော်မူကြောင်းကိုသာ ပဒုဒ္ဓါရအားဖြင့် အဋ္ဌကထာ ပြ၏။ မဂ္ဂပစ္စည်း၌ ယူရမည်၏အဖြစ်ကို ပြသည်မဟုတ်။

ထို့ကြောင့် မူလဋီကာ၌ -

ဧဝံ ပန ဒဿေန္တေန မဂ္ဂပစ္စယနိဒ္ဒေသေ မဂ္ဂင်္ဂါနီတိ ဧဝံ ဥဒ္ဓရိတ္ဗာ တဿ ပါဠဂတဿ မဂ္ဂင်္ဂဿ အတ္ထာဘာဝေန ဣမာနိ ဒွါဒသင်္ဂါနိ န ဒဿေတဗ္ဗာနိ၊ န ဟိ ပါဠိယံ မဂ္ဂင်္ဂဿ မိစ္ဆာဝါစာကမ္မန္တာဇီဝေါတိ အတ္ထော ဝတ္တဗ္ဗော[၂]- ဟု စသည်ဖြင့် မိန့်လေသည်။

ပန၊ ဆက်ဦးအံ့။ ဧဝံ၊ ဤသို့။ ဒဿေန္တေန၊ ပြသဖြင့်။

မဂ္ဂပစ္စယနိဒ္ဒေသေ၊ ၌။ မဂ္ဂင်္ဂါနီတိ၊ ဟူ၍။ ဧဝံ၊ ဤသို့။ ဥဒ္ဒိဋ္ဌာ၊ ပဒုဒ္ဓါရကို ပြု၍။ ပါဠိဂတသ၊ ပါဠိအလျောက်ဖြစ်သော။ တဿ မဂ္ဂင်္ဂသဒ္ဒဿ၊ ၏။ အတ္ထဘာဝေန၊ အနက်၏အဖြစ်ကြောင့်။ ဣမာနိ ဒွါဒသင်္ဂါနိ၊ တို့ကို။ န ဒဿေတဗ္ဗာနိ၊ မပြအပ်ကုန်။ တသ္မာ၊ ကား။ ဟိ ယသ္မာ၊ ကြောင့်။ ပါဠိယံ၊ ပါဠိတော်၌။ မဂ္ဂင်္ဂသဒ္ဒဿ၊ ၏။ မိစ္ဆာဝါစာကမ္မန္တာဇီဝါတိ အတ္ထော၊ အနက်ကို။ ဘဂဝတာ၊ သည်။ န ဝုတ္တော၊ ဟောတော်မမူ။

မူလဋီကာ အလိုအားဖြင့် မဂ္ဂင်တရားကိုယ် ရှစ်ပါးသာ ပါဠိတော်၌ ဟောတော်မူသည်။ ကိုးပါးကို ဟောတော်မမူဟုမိန့်၏။ များသောအားဖြင့် 'မဂ္ဂင်တရားကိုယ် ကိုးပါး ပစ္စည်း' ဟု သုံးချက်စုတို့၌ ဆိုကြ၏။ နှစ်သက်ရာ ယူလေ။

အဟိတ်စိတ်တို့၌ မဂ္ဂပစ္စည်း မတပ်ပုံ

(၃) အဟိတ်စိတ်တို့၌ အဘယ့်ကြောင့် မဂ္ဂင်တို့ကို မထုတ်အပ် သနည်း။ မဂ်၏ ဟိတ်လျှင် နောက်လိုက်ရှိသည်၏အဖြစ်ကြောင့် အဟိတ်စိတ်တို့၌ ဟိတ်မရှိ၍ မဂ္ဂင် မထုတ်အပ်ဟူလို။ ထို့ကြောင့် ပဋ္ဌာန်အဋ္ဌကထာ၌ -

မဂ္ဂဿ ပန ဟေတုပစ္ဆိမကတ္တာ အဟေတုကစိတ္တေသု မဂ္ဂင်္ဂါနိ န ဥဒ္ဓဋာနိ[၁]- ဟု မိန့်၏။

ဋီကာကျော်၌လည်း -

အဋ္ဌာရသာဟေတုကေသု ဟေတုဝိရဟတော မဂ္ဂင်္ဂါနိ န လဗ္ဘန္တိ၊ ဟေတုပစ္ဆိမကံ မဂ္ဂင်္ဂန္တိ ဟိ ဝုတ္တန္တိ[၂]- ဟု မိန့်၏။

၁။ ပဋ္ဌာနအဋ္ဌကထာ၊ ၄၊ ၃၈၀။ ၂။ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ (ဋီကာကျော်)၊ ၂၂၅။

မဂ္ဂပစ္စည်းတပ်ပုံ

(၄) ပစ္စည်းတပ်ဟန်ကား လောဘဇောဝီထိ၌ ပထမဇော အစရှိသော စိတ္တက္ခဏ တစ်ခုခု၌ရှိသော ဝိတက် ဝီရိယ ဧကဂ္ဂတာ ဒိဋ္ဌိ ဟု ဆိုအပ်သော မဂ္ဂင်တရားကိုယ် လေးပါး ပစ္စည်း၊ ပထမဇော စိတ် စေတသိက် စိတ္တဇရုပ် ပစ္စယုပ္ပန်။ ဒေါသမူဇောဖြစ်အံ့- ဝိတက် ဝီရိယ ဧကဂ္ဂတာ သုံးပါး၊ ဝိစိကိစ္ဆာဇောဖြစ်အံ့- ဝိတက် ဝီရိယ နှစ်ပါး၊ ဥဒ္ဒစ္စဇောဖြစ်အံ့- ဝိတက် ဝီရိယ ဧကဂ္ဂတာ သုံးပါး ပစ္စည်း တပ်လေ။ မဟာကုသိုလ် ဉာဏဝိပ္ပယုတ်ဇော ဖြစ်အံ့- (၇)ပါး၊ ဉာဏသမ္ပယုတ် ဇောဖြစ်အံ့- (၈)ပါး ယှဉ်သည်ကို နှလုံးပြုပါလေ။ ပဋိသန္ဓေကာရ ပဋိသန္ဓေအခါဖြစ်အံ့- ပညာ ဝိတက် ဝီရိယ သတိ ဧကဂ္ဂတာ ငါးပါး ပစ္စည်း၊ ပဋိသန္ဓေ စိတ် စေတသိက် ကဋတ္တာရုပ် ပစ္စယုပ္ပန်။ အဟိတ်စိတ် စေတသိက် စိတ္တဇရုပ် (လ) ပဝတ္တိကမ္မဇရုပ် ပစ္စနိက်။ သဟဇာတမျိုး ပစ္စည်းတို့၌ ပစ္စည်း ပစ္စယုပ္ပန် ခဏတ္တယ တူရာ၌သာ ပစ္စည်း တပ်သည်ကို သတိပြု။

မဂ္ဂပစ္စည်း ပြီး၏။

သမ္ပယုတ္တပစ္စည်းမှတ်ရန်

(၁၉) အညမည် ယုဇ္ဇန္တီတိ ယုတ္တာ။

အညမည်၊ အချင်းချင်း တစ်ပါးသည် တစ်ပါးကို။ ယုဇ္ဇန္တိ၊ ယှဉ်တတ် ကုန်၏။ ဣတိ တသ္မာ၊ ကြောင့်။ ယုတ္တာ၊ မည်၏။ ယုဇ-ဓာတု၊ တ-ပစ္စယော၊ အဘိဓေယျတ္တော ဆပစ္စယော ဝေဒိတဗ္ဗော။ ပရမတ္ထအားဖြင့် စိတ် စေတသိက်ဟု ပြားကြသော်လည်း အညီအညွတ် တစ်ပေါင်းတည်း၏အဖြစ်သို့ ရောက်သကဲ့သို့ ဧကုပ္ပါဒ အစရှိသည်၏ အဖြစ်ဟု ဆိုအပ်သော သမ္ပယောဂလက္ခဏာ လေးပါးဖြင့် ကျေးဇူးပြုကြ ကုန်သော စိတ် စေတသိက် နာမ်တရားတို့သည် သမ္ပယုတ္တပစ္စည်း မည်၏။

ထို့ကြောင့် ဋီကာကျော်၌ -

ပရမတ္ထတော ဘိန္နာပိ ဧကီဘာဝဂတာ ဝိယ ဧကုပ္ပါဒါဒိဘာဝ-သင်္ခါတသမ္ပယောဂလက္ခဏေန ဥပကာရကာ နာမဓမ္မာ ဝ သမ္ပယုတ္တပစ္စယော[၁]- ဟု မိန့်၏။

မုချဆတ်ဆတ်သော ပရမတ္ထအားဖြင့် သတိပဋ္ဌာန် စသည်တို့ကဲ့သို့ အာရုံအားဖြင့် ပြားသည်၏အဖြစ်ကိုလည်းကောင်း၊ သမ္မပ္ပဓာန် စသည်တို့ကဲ့သို့ ကိစ္စအားဖြင့် ပြားသည်၏အဖြစ်ကိုလည်းကောင်း၊ နစ်စေ၍ ဖုသန လက္ခဏာ၊ ဝေဒယိတလက္ခဏာ၊ အာရမ္မဏဝိဇာနနလက္ခဏာ အစရှိသော အပြားအားဖြင့် ပြားသည်၏ အဖြစ်ကိုသာလျှင် ပြ၏ဟူပေ။

ဥပမာကား- ဆီ ထောပတ် ပျား သကာ ဟူသော စတုမဓု အရသာသည် တစ်ခုစီတစ်ခုစီ ဖြစ်သော်လည်း အချင်းချင်း နှီးနှောရောစပ် သောအားဖြင့် ကျေးဇူးပြုသကဲ့သို့ စိတ် စေတသိက် နာမ်တရားတို့သည်

၁။ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ (ဋီကာကျော်)၊ ၂၄၄။

အတူတကွ ဖြစ်ခြင်း၊ အတူတကွ ချုပ်ခြင်း၊ တူသောအာရုံ၊ တူသောမှီရာဟု ဆိုအပ်သော အချင်းချင်း နှီးနှောသောအားဖြင့် ကျေးဇူးပြုခြင်းသည် သမ္ပယုတ္တပစ္စည်း မည်၏ဟူလို။

ပစ္စည်းတပ်ဟန်ကား- ပဝတ္တိ နာမက္ခန္ဓာ လေးပါးတို့တွင် တစ်ပါး တစ်ပါးသော နာမက္ခန္ဓာ ပစ္စည်း၊ သုံးပါး သုံးပါးသော နာမက္ခန္ဓာ ပစ္စယုပ္ပန်။ သုံးပါး သုံးပါး ပစ္စည်း၊ တစ်ပါး တစ်ပါး ပစ္စယုပ္ပန်။ နှစ်ပါး နှစ်ပါး ပစ္စည်း၊ နှစ်ပါး နှစ်ပါး ပစ္စယုပ္ပန်။ ဝိထိစိတ်တို့သည် ဖြစ်စေအပ်သော စိတ္တဇရုပ် (လ) ပဝတ္တိ ကမ္မဇရုပ် ပစ္စနိက်။

သမ္ပယုတ္တပစ္စည်း ပြီး၏။

ဝိပ္ပယုတ္တပစ္စည်းမှတ်ရန်

(၂၀) ယုဂန္တိ မိဿံ ကရောန္တီတိ ယုတ္တာ။

ယုဂန္တိ မိဿံ ကရောန္တိ၊ ရောနှောခြင်းကို ပြုတတ်ကုန်၏။ ဣတိ တသ္မာ၊ ကြောင့်။ ယုတ္တာ၊ မည်ကုန်၏။ ပကာရေဟိ ယုတ္တာ ပယုတ္တာ၊ တတိယာတပ္ပုရိသော။

ဝိဂတာ ပယုတ္တာ ဧတေသန္တိ ဝိပ္ပယုတ္တာ။

ဧတေသံ၊ ထိုရုပ်နာမ်တရားတို့အား။ ဝိဂတာ၊ ကင်းသော။ ပယုတ္တာ၊ အပြားအားဖြင့် ယှဉ်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဣတိ တသ္မာ၊ ကြောင့်။ ဝိပ္ပယုတ္တာ၊ ကုန်၏။ အရကား- ဝတ္ထုရုပ်တို့နှင့် နာမက္ခန္ဓာတို့၏ စပ်ယှဉ်၍ ဖြစ်ကြသော်လည်း မယှဉ်သည်၏အဖြစ်ဟု ဆိုအပ်သော ဝိပ္ပယုတ္တဓမ္မ ရ၏။

တစ်နည်း။ ။ သဟဇာတပုရေဇာတပစ္ဆာဇာတဝသေန ဝိဝိဓာ ပယုတ္တာ ဝိပ္ပယုတ္တာ။ သဟဇာတ၊ ပုရေဇာတ၊ ပစ္ဆာဇာတတို့၏ အစွမ်းဖြင့် အထူးထူး အပြားပြားအားဖြင့် ယှဉ်ခြင်း၊ စပ်၍ဖြစ်ခြင်း ရ၏။

ဝိပ္ပယုတ္တ (၃)ပါး၏သဘော

(၁) အတူတကွ ဖြစ်ကြကုန်သော စိတ် စေတသိက်တို့နှင့် စိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ်တို့သည် ယှဉ်ကြ၊ စပ်ကြသည်ဖြစ်လျက် ရုပ်တရားနှင့် နာမ်တရားဖြစ်၍ မယှဉ်သည်၏အဖြစ်ဖြင့် ကျေးဇူးပြုသည်ကား သဟဇာတ-ဝိပ္ပယုတ်။ မှီရာ ဝတ္ထုရုပ် ၆-ပါးတို့၏ ဝိညာဏဓာတ်တို့နှင့် စပ်ယှဉ်သည် ဖြစ်လျက် ရုပ်နှင့်နာမ်ဖြစ်၍ မယှဉ်သည်၏အဖြစ်ဖြင့် ကျေးဇူးပြုသည်ကား ဝတ္ထုပုရေဇာတဝိပ္ပယုတ်။ ရှေး၌ဖြစ်ခဲ့၍ မိမိရှိရာ

ဌီခဏသို့ရောက်လာသော ရုပ်တို့နှင့်၊ နောက်မှဖြစ်သော စိတ် စေတသိက်တို့သည် စပ်ယှဉ်ကြသည်ဖြစ်လျက် ရုပ်နှင့်နာမ်ဖြစ်၍ မယှဉ်သည်၏ အဖြစ်ဖြင့် ကျေးဇူးပြုသည်ကား ပစ္ဆာဇာတဝိပ္ပယုတ်ဟု မှတ်ရမည်။ ထို့ကြောင့် ဋီကာကျော်၌ -

အညမညသမ္ပန္နတာယ ယုတ္တာပိ သမာနာ ဝိပ္ပယုတ္တဘာဝေန ဝိသံသဋ္ဌတာယ နာနတ္တုပဂမနေန ဥပကာရကာ ဝတ္ထုစိတ္တ-စေတသိကာ ဝိပ္ပယုတ္တပစ္စယော[၁]- ဟု မိန့်၏။

အညမညသမ္ပန္နတာယ၊ ပစ္စည်း ပစ္စယုပ္ပန်တို့၏ အချင်းချင်း စပ်သည်၏အဖြစ်ကြောင့်။ ယုတ္တာ၊ ယှဉ်ကုန်သည်။ သမာနာပိ၊ ဖြစ်ပင်ဖြစ်ကုန်သော်လည်း၊ ဝိပ္ပယုတ္တဘာဝေန၊ မယှဉ်သည်၏အဖြစ်ဖြင့်။ ဝိသံသဋ္ဌတာယ၊ မနှီးနှောသည်၏အဖြစ်ဖြင့်။ နာနတ္တုပဂမနေန၊ ထူးသည်၏အဖြစ်သို့ရောက်သဖြင့်။ ဥပကာရကာ၊ ကုန်သော။ ဝတ္ထုစိတ္တစေတသိကာ၊ (၆)ပါးသော ဝတ္ထုရုပ် စိတ် စေတသိက်တို့သည်။ ဝိပ္ပယုတ္တပစ္စယော၊ မည်၏။

သမ္ပယောဂလက္ခဏာ (၄)ပါးဖြင့်ပြခြင်း

(၂) သမ္ပယုတ္တနှင့် ဝိပ္ပယုတ္တနှစ်ပါးကို သိသာထင်ရှားရန် တွဲစပ်၍ ပြဦးအံ့။ နာမက္ခန္ဓာ လေးပါးတို့သည် အချင်းချင်း သမ္ပယုတ္တ ဇော် ဖြစ်၏။ အဘယ့်ကြောင့် ဖြစ်သနည်း။ ဧကုပ္ပါဒစသော သမ္ပယောဂ လက္ခဏာ လေးပါး ရှိသောကြောင့်တည်း။ နာမက္ခန္ဓာ လေးပါးနှင့် ရုပ်နိဗ္ဗာန်တို့သည် ဝိပ္ပယုတ္တ ဇော် ဖြစ်၏။ အဘယ့်ကြောင့်နည်း။ ယခင် သမ္ပယောဂ လက္ခဏာ လေးပါး မရှိသောကြောင့်တည်း။ သမ္ပယောဂ လက္ခဏာ လေးပါးမှပြန်လျှင် ဝိပ္ပယောဂလက္ခဏာ လေးပါး ဖြစ်၏ဟုမှတ်

၁။ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ (ဋီကာကျော်)၊ ၂၄၅။

ရမည်။ အဘယ့်ကြောင့်နည်း။ 'စတူဟိ သမ္ပယောဂေါ၊ စတူဟိ ဝိပ္ပယောဂေါ'ဟု ဓာတုကထာ ပါဠိတော်၌ ဟောတော်မူသောကြောင့်တည်း။ 'စတူဟိ ဝိပ္ပယောဂေါ' ၌ ဓာတိဝိပ္ပယုတ်၊ ဘူမိဝိပ္ပယုတ် စသော ဝိပ္ပယုတ် လေးပါးကို ယူမှားတတ်ကြ၏။ သတိပြုလေ။

ရုပ်တရားတို့ ဝိပ္ပယုတ်ဖြစ်သော်လည်း မဟောခြင်း

(၃) ရူပါရုံစသော ရုပ်တရားတို့သည် နာမက္ခန္ဓာတို့နှင့် ဝိပ္ပယုတ္တဇော် ဖြစ်သည်။ သို့ဖြစ်သော်လည်း ရူပါရုံစသော တရားတို့သည် ဝိပ္ပယုတ္တပစ္စည်း မဖြစ်ကုန်။ အဘယ့်ကြောင့်နည်းဟူမူ၊ ယှဉ်အံ့လော၊ မယှဉ်အံ့လောဟု ယုံမှား တွေးတောဖွယ် မရှိသောကြောင့်တည်း။

ထို့ကြောင့် ပဋ္ဌာနအဋ္ဌကထာ၌ -

ရူပါယတနာဒယော ပန အာရမ္မဏဓမ္မာ ကိဉ္စာပိ ဝိပ္ပယုတ္တဓမ္မာ၊ ဝိပ္ပယုတ္တပစ္စယာ ပန န ဟောန္တိ။ ကိံ ကာရဏာ သမ္ပယောဂါ- သင်္ကာယ အဘာဝတော[၁]- ဟု မိန့်၏။

ရူပါယတနာဒယော၊ ရူပါရုံ အစရှိကုန်သော။ အာရမ္မဏဓမ္မာ ပန၊ အာရုံတရားတို့သည်ကား။ ဝိပ္ပယုတ္တဓမ္မာ၊ တို့သည်။ ကိဉ္စာပိ ဟောန္တိ၊ အကယ်၍ ဖြစ်ကုန်၏ရှင့်။ ပန တထာပိ၊ ထိုသို့ပင် ဖြစ်လင့်ကစား။ ဝိပ္ပယုတ္တပစ္စယာ၊ တို့သည်။ န ဟောန္တိ၊ ကုန်။ ကိံ ကာရဏာ၊ ဘယ် အကြောင်းကြောင့်။ န ဟောန္တိ၊ ကုန်သနည်း။ သမ္ပယောဂါသင်္ကာယ၊ ယှဉ်လေသလော မယှဉ်လေသလောဟု ယုံမှားတွေးတောခြင်း၏။ အဘာဝတော၊ မရှိသည်၏ အဖြစ်ကြောင့်တည်း။

ရုပ်ချင်းချင်းသည် သမ္ပယုတ်လည်း မဆိုရ၊ ဝိပ္ပယုတ်လည်း

၁။ ပဉ္စပကရဏ၊ ဌ၊ ၃၈၁။

မဆိုရ။ ရုပ်နှင့် နိဗ္ဗာန်လည်း သမ္ပယုတ် ဝိပ္ပယုတ် မဆိုရ။ သို့ဖြစ်ပါက 'ဆဟိ ဝိပ္ပယောဂေါ' ဟောသင့်သည် မဟုတ်လောဟူမူ၊ မဟောရပေ။ အဘယ့် ကြောင့်နည်း။ သမ္ပယောဂ၊ ဝိပ္ပယောဂ လက္ခဏာ မရှိသောကြောင့်တည်း။ ထို့ကြောင့် ပဋ္ဌာနအဋ္ဌကထာ၌ -

ရူပါနမ္ပန ရူပေဟိ သတိပိ အဝိနိဗ္ဘောဂေ ဝိပ္ပယောဂမေဝ နတ္ထိတိ၊ နတ္ထိ တေသံ ဝိပ္ပယုတ္တပစ္စယတာ၊ နိဗ္ဗာနမ္ပန အရူပမ္ပိ သမာနံ ရူပသာ ဝိပ္ပယုတ္တပစ္စယော န ဟောတိ[၁]- မိန့်၏။

ရူပါနမ္ပန၊ ရုပ်တရားတို့၏ကား။ ရူပေဟိ၊ တို့နှင့်။ အဝိနိဗ္ဘောဂေ၊ မခွဲဝေကောင်းသည်၏အဖြစ်သည်။ သတိပိ၊ သော်လည်း။ ဝိပ္ပယောဂမေဝ၊ သာလျှင်။ နတ္ထိ၊ မရှိ။ ဣတိ တသ္မာ၊ ကြောင့်။ တေသံ၊ ထိုရုပ်တရားတို့၏။ ဝိပ္ပယုတ္တပစ္စယတာ၊ အဖြစ်သည်။ နတ္ထိ၊ မရှိ။ နိဗ္ဗာနံ ပန၊ သည်ကား။ အရူပံ၊ နာမ်သည်။ သမာနံပိ၊ ဖြစ်ပင် ဖြစ်စေကာမူ။ ရူပသာ၊ အား။ ဝိပ္ပယုတ္တပစ္စယော၊ သည်။ န ဟောတိ၊ မဖြစ်။

ယုံမှားသင်္ကာ ဖြစ်ရာ၌သာ ဝိပ္ပယုတ်ဟောခြင်း

(၄) မြတ်စွာဘုရားသည် ယုံမှားသင်္ကာ ရှိရာ၌သာ ဝိပ္ပယုတ္တပစ္စည်းကို ဟောသောကြောင့် နာမက္ခန္ဓာ လေးပါးတို့သည် စက္ခုအစရှိသော ဝတ္ထုရုပ်တို့၏ အတွင်းမှ ထွက်သကဲ့သို့ဖြစ်ကုန်၏။ သို့ဖြစ်သောကြောင့် ဝတ္ထုရုပ် (၆)ပါးနှင့် နာမက္ခန္ဓာတို့သည် ယှဉ်လေသလော၊ မယှဉ်လေသလောဟု ယုံမှားဖွယ် ရှိသောကြောင့် မယှဉ်သည်၏အဖြစ် ထင်ရှားစိမ့်သောငှာ ဝိပ္ပယုတ္တပစ္စည်းကို ဟောတော်မူသည်။

၁။ ပဋ္ဌာနဋ္ဌကထာ၊ ၄၊ ၃၈၂။

ထို့ကြောင့် ပဋ္ဌာနအဋ္ဌကထာ၌ -

အရူပိနော ဟိ ခန္ဓာ စက္ခာဒီနံ ဝတ္ထူနံ အဗ္ဘန္တရတော နိက္ခမန္တာ ဝိယ ဥပ္ပဇ္ဇန္တိ၊ တတ္ထ အာသင်္ကာ ဟောတိ 'ကိံ နု ခေါ ဧတေ ဧတေဟိ သမ္ပယုတ္တာ, ဥဒါဟု ဝိပ္ပယုတ္တာ'တိ[1]- ဟု မိန့်၏။

ဟိ- ဝိတ္ထာရေဟိ၊ အံ့။ အရူပိနော၊ ကုန်သော။ ခန္ဓာ၊ တို့သည်။ စက္ခာဒီနံ၊ စက္ခုပသာဒ အစရှိကုန်သော။ ဝတ္ထူနံ၊ တို့၏။ အဗ္ဘန္တရတော၊ အတွင်းက။ နိက္ခမန္တာ ဝိယ၊ ထွက်ကုန်သကဲ့သို့။ ဥပ္ပဇ္ဇန္တိ၊ ကုန်၏။ တတ္ထ၊ ထို (၆)ပါးသော ဝတ္ထုတို့၌။ အာသင်္ကာ၊ ယုံမှား တွေးတောခြင်းသည်။ ဟောတိ၊ ၏။ ကထံ ဟောတိ၊ မူကား (ပါဠိသေသ)။ ဧတေ၊ ထို(၆)ပါးသော ဝတ္ထုတို့သည်။ ဧတေဟိ၊ ထိုနာမက္ခန္ဓာတို့နှင့်။ သမ္ပယုတ္တာ၊ ယှဉ်ကုန်သည်။ ဟောန္တိ ကိံ နု ခေါ၊ ဖြစ်ကုန်သလော။ ဥဒါဟု၊ ထိုသို့မဟုတ်မူ။ ဝိပ္ပယုတ္တာ၊ မယှဉ်ကုန်သည်။ ဟောန္တိ ကိံ နု ခေါ၊ လော။ ဣတိ၊ သို့။ အာသင်္ကာ၊ သည်။ ဟောတိ၊ ဖြစ်ကြလေ၏။

(၅) သဟဇာတဝိပ္ပယုတ်၌ အရူပဝိပါက်လေးခု ဒွေးပဉ္စဝိညာဏ် တစ်ဆယ်၊ ရဟန္တာတို့စုတိ ကြဉ်ရသည်ကား ထိုစိတ်တို့သည် ရုပ်ကိုမဖြစ်စေ နိုင်သောကြောင့်တည်း။ ထို့ကြောင့် သမ္မောအဋ္ဌကထာ၌-

ခီဏာသဝဿ စုတိစိတ္တံ, ဒွိပဉ္စဝိညာဏာနိ, စတ္တာရိ အရူပ္ပဝိပါကာနီတိ သောဠသ စိတ္တာနိ ရူပံ န သမုဋ္ဌာပေန္တိ[2]- ဟုမိန့်၏။

အဘယ်ကြောင့် ရဟန္တာတို့၏ စုတိစိတ်သည် ရုပ်ကို မဖြစ်စေနိုင် သနည်း။ **ခီဏာသဝဿ ပန စုတိစိတ္တံ ဝဋ္ဋမူလဿ ဝူပသန္တတ္တာ ရူပံ**

၁။ ပဉ္စပကရဏ၊ ဋ္ဌ၊ ၃၈၁။ ၂။ သမ္မောဟဝိနောဒနီ၊ ဋ္ဌ၊ ၂၂။

န သမုဋ္ဌာပေတိ[၁]- ဟု အဋ္ဌကထာ လာရှိ၍ သံသရာဝဋ်မြစ် ကင်းပြတ်ပြီးသော ပုဂ္ဂိုလ်၏သန္တာန်၌ ဖြစ်သောကြောင့်တည်း။

အဘယ့်ကြောင့် ဒွေးပဉ္စဝိညာဏ် တစ်ဆယ်တို့သည် ရုပ်ကို မဖြစ်စေ နိုင်သနည်း။ **ဒွိပဉ္စဝိညာဏေသု ပန ဈာနင်္ဂ နတ္ထိ၊ မဂ္ဂင်္ဂ နတ္ထိ၊ ဟေတု နတ္ထီတိ စိတ္တင်္ဂ ဒုဗ္ဗလံ ဟောတီတိ စိတ္တင်္ဂဒုဗ္ဗလတာယ တာနိ ရူပံ န သမုဋ္ဌာပေန္တိ**[၂]- ဟု အဋ္ဌကထာ လာရှိ၍ ၎င်းစိတ်တို့၌ ဈာနင်မရှိ၊ မဂ္ဂင်မရှိ၊ ဟိတ်မရှိ၊ ထိုတရားတို့ မရှိသောကြောင့် စိတ်အားနည်းသည်။ စိတ်အားနည်း သောကြောင့် ရုပ်ကို မဖြစ်စေနိုင်။

အဘယ့်ကြောင့် အရူပဝိပါက်စိတ်သည် ရုပ်ကို မဖြစ်စေနိုင် သနည်း။**စတ္တာရိ အရူပဝိပါကာနိ တသ္မိံ ဘဝေ ရူပဿ နတ္ထိတာယ ရူပံ န သမုဋ္ဌာပေန္တိ**[၃]- ဟု အဋ္ဌကထာလာရှိ၍ အရူပလေးဘုံ၌ ရုပ်မရှိသည်၏အဖြစ်ကြောင့် ထိုအရူပဝိပါက်စိတ် လေးခုတို့သည် ရုပ်ကို မဖြစ်စေနိုင်။ ၎င်းဘုံ၌ ဖြစ်ခိုက်ဖြစ်သော လေးဆယ့်နှစ်ပါးသော စိတ်တို့လည်း ရုပ်ကို မဖြစ်စေနိုင် ဟူလို။

သဟဇာတဝိပ္ပယုတ်၌ ပစ္စည်းတပ်ပုံ

(၆) သဟဇာတဝိပ္ပယုတ်၌ ပစ္စည်းတပ်ဟန်ကား- အရူပဝိပါက် လေးခု၊ ဒွေးပဉ္စဝိညာဏ် တစ်ဆယ်၊ ရဟန္တာတို့စုတိ ကြဉ်သော စိတ် (၇၅)ခု၊ စေတသိက် (၅၂) နာမက္ခန္ဓာတို့တွင် လောဘဇောဝီထိ၌ ၎င်းဇော နှင့် စိတ္တဇရုပ်တို့သည် တကွဖြစ်၍ သဟဇာတ၊ မယှဉ်သောကြောင့် ဝိပ္ပယုတ္တ ဟုမှတ်။

၁။ သမ္မောဟဝိနောဒနီ၊ ၌၊ ၂၂။ ၂။ ၎င်း၊ ၂၃။
၃။ ၎င်း။

ထိုတွင် တစ်ပါးသော နာမက္ခန္ဓာ ပစ္စည်း၊ စိတ္တဇရုပ် ပစ္စယုပ္ပန်။ သုံးပါးသော နာမက္ခန္ဓာ ပစ္စည်း၊ စိတ္တဇရုပ် ပစ္စယုပ္ပန်။ နှစ်ပါးသော နာမက္ခန္ဓာ ပစ္စည်း၊ စိတ္တဇရုပ် ပစ္စယုပ္ပန်။ လေးပါးသော နာမက္ခန္ဓာ ပစ္စည်း၊ စိတ္တဇရုပ် ပစ္စယုပ္ပန်။

ပဋိသန္ဓေအခါဖြစ်အံ့- နာမက္ခန္ဓာ လေးပါး ပစ္စည်း၊ ကဋတ္တာရုပ် ပစ္စယုပ္ပန် တပ်လေ။ ပဉ္စဝေါကာရပဋိသန္ဓေ နာမက္ခန္ဓာ ပစ္စည်း၊ ဟဒယဝတ္ထု ပစ္စယုပ္ပန်။ ဟဒယဝတ္ထု ပစ္စည်း၊ ပဉ္စဝေါကာရပဋိသန္ဓေ ပစ္စယုပ္ပန်။

ပုရေဇာတဝိပ္ပယုတ်သည် ပုရေဇာတနှင့်တူ၏။ ပစ္ဆာဇာတဝိပ္ပယုတ်သည် ပစ္ဆာဇာတနှင့်အတူ တပ်လေ။

ဝိပ္ပယုတ္တပစ္စည်း ပြီး၏။

အတ္ထိပစ္စည်းမှတ်ရန်

(၂၁) ဥပတ္ထမ္ဘိတဗ္ဗမွောနုရူပံ အသတိ ပဝတ္တတီတိ အတ္ထိ။

ဥပထမ္ဘိတဗ္ဗမွောနုရူပံ၊ ထောက်ပံ့အပ်သော တရားအားလျော်စွာ။ အသတိ ပဝတ္တတိ၊ ဖြစ်တတ်၏။ ဣတိ တသ္မာ၊ ကြောင့်။ အတ္ထိ၊ ၏။ အသ-ဓာတု၊ ထိက်-ပစ္စယော၊ အဘိဓေယျတ္တော အဋ္ဌာရသဝိဓော လဗ္ဘတိ။

အတ္ထိ ဟူသောပုဒ်သည် 'အတ္ထိ ဣမသ္မိံ ကာယေ' ဟူသော သတိပဋ္ဌာန်ပါဠိတော်၊ **'ပုတ္တာ မတ္ထိ ဓနမ္မတ္ထိ'**[၁] ဟူသော ဓမ္မပဒပါဠိတော်တို့၌လာသော အတ္ထိကဲ့သို့ နိပါတ်-အတ္ထိ မဟုတ်။ **'အတ္ထိ ဟောဟိတိ သော မဂ္ဂေါ'**[၂] ဟူသော ဗုဒ္ဓဝင်ပါဠိတော်၌လာသော အတ္ထိကဲ့သို့ နာမ်ပုဒ်-အတ္ထိ ဖြစ်သောကြောင့် ဝစနတ္ထ ပြုလုပ်ရသည်။ ထိုအတ္ထိသည် နိပါတ်-အတ္ထိ၊ နာမ်ပုဒ်-အတ္ထိ၊ အာချာတ်-အတ္ထိ ဟူ၍ သုံးပါးရှိသည်ကို သိရမည်။

(၁) ပစ္စုပ္ပန်ကာလ သဘောအားဖြင့် ထင်ရှားရှိသည်ဖြစ်၍၊ ထောက်ပံ့အပ်သော တရားအားလျော်စွာ ဖြစ်ခြင်းသည် အတ္ထိပစ္စည်း၏ သဘောတည်း။ ထို့ကြောင့် ပဋ္ဌာနအဋ္ဌကထာ၌ -

> **ပစ္စုပ္ပန္နလက္ခဏေန အတ္ထိဘာဝေန တာဒိသဿေဝ ဓမ္မဿ ဥပတ္ထမ္ဘကဋ္ဌေန ဥပကာရကော ဓမ္မော အတ္ထိပစ္စယော**[၃]- ဟု မိန့်၏။

ပစ္စုပ္ပန္နလက္ခဏေန၊ ပစ္စုပ္ပန်လက္ခဏာသဘောရှိသော။ အတ္ထိဘာဝေန၊ ပရမတ္ထအားဖြင့် ထင်ရှားရှိသည်၏အဖြစ်ဖြင့်။

၁။ ဓမ္မပဒ၊ ပါဠိ၊ ၂၂၊ ဂါထာ-၆၂။ ၂။ ဗုဒ္ဓဝံသ၊ ပါဠိ-၂၊ ၃၀၇၊ ဂါထာ-၉။
၃။ ပဋ္ဌာနအဋ္ဌကထာ၊ ၃၊ ၃၅၁။

တာဒိသသော၀၊ ထိုသို့သဘော ရှိသည်သာလျှင်ဖြစ်သော။ ဓမ္မဿ၊ ကို၊ ဝါ-အား။ ဥပတ္ထမ္ဘကဘ္ဘေန၊ အဖြစ်ဖြင့်။ ဥပကာရကော၊ သော။ ဓမ္မော၊ သည်။ အတ္ထိပစ္စယော၊ မည်၏။

နိဗ္ဗာန်သည် အတ္ထိပစ္စည်းမတပ်ခြင်း

အတ္ထိပစ္စည်း၌ နိဗ္ဗာန်သည်လည်း ပရမတ္ထအားဖြင့် ထင်ရှားရှိသော တရားဖြစ်သောကြောင့် အတ္ထိပစ္စည်း ရသင့်သည် မဟုတ်လောဟူမူ၊

ကုသလာဒိဝသေန ပဉ္စဝိဓော အတ္ထိပစ္စယော ဝုတ္တော၊ န နိဗ္ဗာနံ[၁]-

ဟု မူလဋီကာ မိန့်သောကြောင့် နိဗ္ဗာန်သည် အတ္ထိပစ္စည်း အဖြစ်ဖြင့် မရထိုက်။ အဘယ့်ကြောင့်နည်း။

နိဗ္ဗာန်သည် အမြဲမပြတ် ထင်ရှားရှိသည်ဖြစ်၍ အာရမ္မဏိကတရား တို့အား ကျေးဇူးပြုသည် မဟုတ်လော၊ ပစ္စုပ္ပန်သဘောအားဖြင့် ထင်ရှား မရှိသည် တစ်ကြောင်း၊ ဥပါဒ်ဋ္ဌီဘင် ခဏတ္တယအားဖြင့် ထင်ရှား မရှိသည် တစ်ကြောင်း၊ အတ္ထိသဘောသည် ရှိသောအားဖြင့် ကျေးဇူးပြုခြင်း၊ မရှိသောအားဖြင့် ကျေးဇူးပြုခြင်း နှစ်ပါးတို့တွင် မရှိသောအားဖြင့် ကျေးဇူး ပြုခြင်း၏ ဆန့်ကျင်ဘက်ဖြစ်သော ရှိသောအားဖြင့် ကျေးဇူးပြုခြင်းကိုသာ အဋ္ဌကထာ ဋီကာတို့၌ အတ္ထိပစ္စည်း မည်ကြောင်း လာပေသည်။ ထို့ကြောင့် နိဗ္ဗာန်သည် ပရမတ္ထအားဖြင့် ထင်ရှားရှိသော်လည်း အတ္ထိပစ္စည်း မတပ်ဟုမှတ်လေ။

နိဗ္ဗာန်သည် အာရမ္မဏစသော အချို့ပစ္စည်းတို့၌ ပစ္စည်းတွင်သာ ပါဝင်လေသည်။ အပစ္စယတရား၊ အသင်္ခတတရား ဖြစ်သောကြောင့် အလုံးစုံ သော (၂၄)ပစ္စည်းတို့၌ အခါခပ်သိမ်း ပစ္စယုပ္ပန် မရ။ ထို့ကြောင့် နိဗ္ဗာန်ကို ပစ္စယုပ္ပန် ဖြစ်သလော၊ မဖြစ်သလောဟု လျှဉ်းပါးဖွယ်

၁။ ပဋ္ဌာနပကရဏ၊ မူလဋီကာ၊ ၁၉၄။

(ယုံမှားသံသယ) မရှိရကား။ (၂၄)ပစ္စည်းတို့၏ ပစ္စနိက်ဟု အမြဲမှတ်ရမည်။ (ဤကား- စံကျောင်းဆရာတော် ပြောနည်းဟု ဆရာကြီးပြောခဲ့လေသတည်း။)

အတ္ထိ (၅)ပါး ပြဆိုခြင်း

(၂) ထိုအတ္ထိသည် သဟဇာတတ္ထိ၊ ပုရေဇာတတ္ထိ၊ ပစ္ဆာဇာတတ္ထိ၊ ရုပ်အာဟာရတ္ထိ၊ ရူပဇီဝိတိန္ဒြိယတ္ထိ အားဖြင့် ငါးပါးပြား၏။

ထိုတွင် သဟဇာတတ္ထိသည် သဟဇာတ သုံးပါးနှင့်တူ၏ ဟု သုံးချက်စုဌ် ဆိုသောကြောင့် အချို့ဆရာတို့က သဟဇာတ၊ သဟဇာတိန္ဒြိယ၊ သဟဇာတဝိပ္ပယုတ္တ သုံးပါးနှင့်တူ၏ဟု ဆိုကြကုန်၏။ ထိုသို့ဆိုခြင်းသည် ပါဠိ အဋ္ဌကထာ ဋီကာတို့၌ မလာပေ။ (တေသံ အဇာန န မတ္တံ)။ ပါဠိ အဋ္ဌကထာ လာသည်ကား နာမက္ခန္ဓာ လေးပါး၊ မဟာဘုတ် လေးပါး၊ ပဋိသန္ဓိက္ခဏေ နာမက္ခန္ဓာ၊ ဟဒယဝတ္ထု၊ ဤသဟဇာတ သုံးပါးနှင့်တူ၏ ဟုလာသည်။ ပုရေဇာတတ္ထိသည် ဝတ္ထုပုရေဇာတ၊ အာရမ္မဏပုရေဇာတ နှစ်ပါးနှင့်တူ၏။ ပစ္ဆာဇာတတ္ထိသည် ပစ္ဆာဇာတနှင့်တူ၏။ ရုပ်အာဟာရတ္ထိသည် ရုပ်အာဟာရနှင့်တူ၏။ ရူပဇီဝိတိန္ဒြိယတ္ထိသည် ရူပဇီဝိတိန္ဒြိယနှင့်တူ၏။

အတ္ထိ၏ ဥပတ္ထမ္ဘကသတ္တိ ဖြစ်သင့်ကြောင်း

ဤအတ္ထိ ငါးပါးတို့တွင် အချို့သော အတ္ထိပစ္စည်းတို့သည် ဇနကသတ္တိအဖြစ် ရှိသော်လည်း ဥပ္ပါဒက္ခဏထက် ဌီခဏ၌သာလျှင် ကျေးဇူးပြုခြင်းသည် လွန်ကဲ၏။ ထို့ကြောင့် အတ္ထိပစ္စည်းတို့၏ ဥပတ္ထမ္ဘကအဖြစ်ကိုသာ ယူအပ်၏ ဟူလို။

ထို့ကြောင့် ဋီကာကျော်၌ -

သတိပိ ဟိ ဇနကတ္တေ ဌိတိယံယေဝ သာတိသယော အတ္ထိပစ္စယာနံ ဗျာပါရောတိ ဥပတ္ထမ္ဘကတာဝ တေသံ ဂဟိတာ[၁]-
ဟု မိန့်၏။

ဟိ သစ္စံ၊ မှန်၏။ ဇနကတ္တေ၊ သည်။ သတိပိ၊ သော်လည်း။ အတ္ထိပစ္စယာနံ၊ တို့၏။ ဗျာပါရော၊ ပယောဂသည်။ ဌိတိယံယေဝ၊ သာလျှင်။ သာတိသယော၊ လွန်ကဲ၏။ ဣတိ တသ္မာ၊ ကြောင့်။ တေသံ၊ ထိုအတ္ထိပစ္စည်း တို့၏။ ဥပတ္ထမ္ဘကတာဝ၊ ကိုသာလျှင်။ ဂဟိတာ၊ ယူအပ်၏။

အတ္ထိပစ္စည်း ပြီး၏။

၁။ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ (ဋီကာကျော်)၊ ၂၄၅။

နတ္ထိပစ္စည်းမှတ်ရန်

(၂၂) အသတိ ဘဝတိတိ အတ္ထိ။

န အတ္ထိ နတ္ထိ၊ တပ္ပုရိသ်။

ဥပမာကား- ညဥ့်၏ကင်းခြင်းသည် နေ့ဖြစ်ခြင်းငှာ ကျေးဇူးပြုသကဲ့သို့လည်းကောင်း၊ တစ်ယောက်သောသူသည် နေရာဌာနနှင့် ကင်းသည်ရှိသော် တစ်ယောက်သောသူအား ထိုနေရာဌာန၌ နေခွင့်ရသကဲ့သို့လည်းကောင်း၊ မရှိသောအဖြစ်ဖြင့် ကျေးဇူးပြုခြင်းသည် နတ္ထိသဘောတည်း။

ဤအတူ တစ်ခုသော ဖဿစသော တရားအပေါင်းသည် ဖြစ်နေသည် ရှိသော် နှစ်ခုမြောက်သော ဖဿစသော တရားအပေါင်း၏ မဖြစ်သင့်သောကြောင့် မိမိဟုဆိုအပ်သော စိတ် စေတသိက်တရား၏ ဖြစ်တည်နေသဖြင့် ဖြစ်ခွင့်ကို မရကြကုန်သေးသော မိမိအခြားမဲ့၌ ဖြစ်လတ္တံ့ကုန်သော စိတ် စေတသိက်တရားတို့အား ဖြစ်ခွင့်ကိုပေးသည်၏ အစွမ်းဖြင့် မရှိသည်ဖြစ်၍ အခြားမဲ့ ချုပ်ပျောက်ကုန်ပြီးသော စိတ် စေတသိက်တရားတို့သည် နတ္ထိပစ္စည်း တပ်သောတရား မည်ကုန်၏။ ထို့ကြောင့် ဋီကာကျော်၌ -

ကေသဉ္စိ ဖဿာဒိသမုဒါယေ ပဝတ္တမာနေ ဒုတိယဿ အဘာဝတော အတ္တနော ဋ္ဌိတိယာ ဩကာသံ အလဘန္တာနံ အနန္တရမုပ္ပဇ္ဇမာနကစိတ္တစေတသိကာနံ ဩကာသဒါနဝသေန ဥပကာရကာ အနန္တရနိရုဒ္ဓါ စိတ္တစေတသိကာ နတ္ထိပစ္စယော[၁]-

ဟု မိန့်၏။

နတ္ထိပစ္စည်း ပြီး၏။

၁။ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ (ဋီကာကျော်)၊ ၂၄၅။

ဝိဂတပစ္စည်းမှတ်ရန်

(၂၄) ဝိဂတော ပစ္စယော တေသာတိ ဝိဂတော။

ဧတေသ၊ ထို စိတ် စေတသိက်အား။ ဝိဂတော၊ ကင်းသော။ ပစ္စယော၊ ဖြစ်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဣတိ တသ္မာ၊ ကြောင့်။ ဝိဂတော၊ မည်၏။ ဝိဂတော စ သော ပစ္စယော စာတိ ဝိဂတပစ္စယော။ ဝိ-ပုဗ္ဗော၊ ဂမု-ဓာတု၊ တ-ပစ္စယော၊ အဘိဓေယျလ္လော အနန္တရဝုတ္တ သဒ္ဒသော။

နေရောင်၏ဝင်ခြင်း ကင်းခြင်းသည် လရောင်ဖြစ်ခြင်း၌ ကျေးဇူး ပြုသကဲ့သို့ ကင်းသောအဖြစ်ဖြင့် ကျေးဇူးပြုခြင်းသည် နတ္ထိသဘော လက္ခဏာတည်း။ မိမိဟုဆိုအပ်သော စိတ် စေတသိက်၏ သဘောမှ ကင်းခြင်းကြောင့် မဖြစ်ကုန်သေးသော စိတ် စေတသိက်တို့အား ကင်းသော သဘောဖြင့် ကျေးဇူးပြုတတ်ကုန်သော တရားတို့သည်သာလျှင် ဝိဂတပစ္စည်း မည်၏။

ထို့ကြောင့် ဋီကာကျော်၌ -

အတ္တနော သဘာဝါဝိဂမနေန အပ္ပဝတ္တမာနာနံ ဝိဂတဘာဝေန ဥပကာရကာယေဝ ဓမ္မာ ဝိဂတပစ္စယော[၁]- ဟု မိန့်၏။

နတ္ထိနှင့် ဝိဂတသည် အနန္တရနှင့်တူ၏ဟုဆိုသည်။ ထိုသို့ တူသော်လည်း နတ္ထိနှင့် ဝိဂတသည် ပစ္စယာကာရသတ္တိ ထူးသေး၏။

ထို့ကြောင့် မူလဋီကာ၌ -

နတ္ထိတာ စ နိရောဓာနန္တရသုညတာ, ဝိဂတတာ နိရောဓပ္ပတ္တတာ, အယမေတေသံ ဝိသေသော[၂]- ဟု မိန့်၏။

၁။ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ (ဋီကာကျော်)၊ ၂၄၅။ ၂။ ပဋ္ဌာနအဋ္ဌကထာ၊ မူလဋီကာ၊ ၁၇၅။

နိရောဓာနန္တရသုညတာ၊ ချုပ်ပြီးသည်၏အခြားမဲ့၌ ဆိတ်(သုဉ်း) သည်၏အဖြစ်သည်။ နတ္ထိတာ ၈၊ နတ္ထိ၏အဖြစ်မည်၏။ နိရောဓပစ္စတ္တတာ၊ ချုပ်ခါမျှဖြစ်သော ပစ္စုပ္ပန်သဘောသည်။ ဝိဂတတာ ၈၊ ဝိဂတ၏အဖြစ် မည်၏။ အယံ၊ ဤဆိုပြီးသည်ကား။ တေသံ၊ ထိုနှစ်ပါးတို့၏။ ဝိသေသော၊ အထူးတည်း။

အဋ္ဌကထာ၌ကား နတ္ထိနှင့် ဝိဂတ၊ အတ္ထိနှင့် အဝိဂတတို့သည် သဒ္ဒါမျှသာ ထူး၏။ သဘာဝတ္တ မထူးဟုလာပေသည်။ ဒေသနာဝိလာသ ဝေနေယျရွှာသယအားဖြင့် ဟော၏။

ဝိဂတပစ္စည်း ပြီး၏။

အဝိဂတပစ္စည်းမှတ်ရန်

(၂၄) နဝိဂတော အဝိဂတော။

နတ္ထိ ဝိဂတော ဝေဿာတိ အဝိဂတော။ အဝိဂတော စ သော ပစ္စယော စာတိ အဝိဂတပစ္စယော ပြုလေ။ န-ပုဗ္ဗော၊ ဝိ-ပုဗ္ဗော၊ ဂမု-ဓာတု၊ တ-ပစ္စယော၊ အဘိဓေယျလ္လော့ သဟဇာတေ ဝုတ္တ နယေနေဝ ဝေဒိတဗ္ဗော။

ဥပမာကား- မဟာသမုဒ္ဒရာသည် မိမိကိုမှီကုန်သော ငါးလိပ်မကာရ်း စသည်တို့၏ ပီတိသောမနဿ ပွားများခြင်းငှာ မိမိ၏ မကင်းသောအဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ မိမိသဘောမှ မကင်းသည်ဖြစ်၍ ချုပ်ခြင်းဘင်သို့ မရောက်သည်၏အစွမ်းဖြင့် ကျေးဇူးပြုတတ်သော အတ္ထိပစ္စည်းတရား ငါးပါးတို့သည်သာလျှင် အဝိဂတပစ္စည်း မည်ကုန်၏။

ထို့ကြောင့် ဋီကာကျော်၌ -

နိရောဓာနုပဂမနဝသေန ဥပကာရကာ အတ္ထိပစ္စယာ ဝ အဝိဂတပစ္စယော[၁]- ဟု မိန့်၏။

ဤသို့ အတ္ထိပစ္စည်းသည်သာလျှင် အဝိဂတပစ္စည်း မည်သည်ရှိသော် ထိုနှစ်ပါးတို့သည် ဓမ္မအားဖြင့် အထူးမရှိသည်၏ အဖြစ်ကြောင့် ပစ္စယာကာရ သတ္တိထူးကို အလွန်သိနိုင်ခဲ၏။

အတ္ထိ နှင့် အဝိဂတ ပစ္စယာကာရသတ္တိ အထူး

ထိုနှစ်ပါးတို့၏ အထူးကား အဘာယ်နည်းဟူမူ၊ မိမိသဘောနှင့် တကွဖြစ်သည်၏အဖြစ်မျှဖြင့် ကျေးဇူးပြုသည်၏အဖြစ်သည် အတ္ထိပစ္စည်း

၁။ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ (ဋီကာကျော်)၊ ၂၄၅။

၏အဖြစ် မည်၏။ ချုပ်ခြင်းဘင်သို့ မရောက်သည်၏အစွမ်းဖြင့် ကျေးဇူးပြုသည်၏ အဖြစ်သည် အဝိဂတပစ္စည်း၏အဖြစ် မည်၏။ ဤကား ထိုနှစ်ပါးတို့၏ အထူးကို မှတ်အပ်၏။

ထို့ကြောင့် ဋီကာကျော်၌ -

သသဘာဝတာမတ္တေန ဥပကာရကတာ အတ္ထိပစ္စယတာ, နိရောဓာနုပဂမနဝသေန ဥပကာရကတာ အဝိဂတပစ္စယတာတိ ပစ္စယတာဝိသေသော နေသံ ဓမ္မာဝိသေသေပိ ဒဋ္ဌဗ္ဗော[၁]- ဟု မိန့်၏။

သသဘာဝတာမတ္တေန၊ မိမိ၏သဘောနှင့်တကွ ဖြစ်သည်၏ အဖြစ်မျှဖြင့်။ ဥပကာရကတာ၊ သည်။ အတ္ထိပစ္စယတာ၊ ၏။ နိရောဓာ-နုပဂမနဝသေန၊ ချုပ်ခြင်းဘင်သို့ မရောက်သည်၏အစွမ်းဖြင့်။ ဥပကာရကတာ၊ သည်။ အဝိဂတပစ္စယတာ၊ မည်၏။ ဣတိ ပစ္စယတာဝိသေသော၊ ဤဆိုအပ်ပြီးသော ပစ္စယသတ္တိအထူးကို။ နေသံ၊ ထိုနှစ်ပါးတို့၏။ ဓမ္မာဝိသေသေပိ၊ သရုပ်အထူး မရှိကြသော်လည်း။ ဒဋ္ဌဗ္ဗော၊ ၏။

ထိုပစ္စည်းနှစ်ပါးတို့၏ သတ္တိအထူးကို အသို့လျှင် ယုံကြည် အားထားရမည်နည်းဟု စောဒနာဖွယ်ရှိ၍ (၂၄)ပါးသောပစ္စည်းတို့၏ အစွမ်းသတ္တိအထူးကို ခပ်သိမ်းသော အချင်းအရာဖြင့်သိ၍ မြတ်စွာဘုရား သည် (၂၄)ပါးသော ပစ္စည်းတို့ကို ဟောအပ်ကုန်၏။ ဤသို့ မြတ်စွာဘုရား ၌ ယုံကြည်သဖြင့် ထိုတရားတို့သည် ဤသို့ထူးကုန်၏၊ ဤသို့ သုတမယဉာဏ်ကို ဖြစ်စေ၍ စိန္တာမယဉာဏ်၊ ဘာဝနာမယဉာဏ်တို့ဖြင့် ထိုပစ္စည်းအထူးတို့ကို သိခြင်းငှာ ပြင်းစွာအားထုတ်ခြင်းကို ပြုအပ်ကုန်၏ဟု မူလဋီကာ၊ ဋီကာကျော်ဆရာတို့ မှာထားကြကုန်၏။

၁။ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ (ဋီကာကျော်)၊ ၂၄၅။

အဋ္ဌကထာဆရာကား သဘောအားဖြင့် မထူးကြသော်လည်း ဒေသနာဝိလာသ၊ ဝေနေယျရွှာသယအားဖြင့် သာလျှင် အတ္ထိ၊ အဝိဂတစသော သရုပ်တူရာကို ဟောတော်မူသည်။ အဘယ်ကဲ့သို့နည်း၊ သဟေတုကဒုက်ကို ဟောတော်မူပြီး၍ ဟေတုသမ္ပယုတ္တဒုက်ကို ဟောတော်မူသကဲ့သို့ လည်းကောင်း၊ အဓိဝစနဒုက်ကို ဟောတော်မူပြီး၍ နိရုတ္တိဒုက်ကို ဟောတော်မူသကဲ့သို့လည်းကောင်း မှတ်လေဟု မိန့်၏။

အဝိဂတပစ္စည်း ပြီး၏။

၁၂၈၆-ခု၊ တပို့တွဲလဆန်း (၂)ရက်၊ (၂၅-၁-၁၉၂၅) တနင်္ဂနွေနေ့ တွင် ဆရာကြီးပြောဆိုခဲ့သမျှ သုံးချက်စု အဓိပ္ပာယ်စကားရပ်များကို မိမိ မှတ်သားထားဖူးသည့်အတိုင်း ရေးသားစီရင်၍ ဆုံးခန်းတိုင်မြောက် အပြီးသို့ ရောက်လေသတည်း။ ။

သုံးချက်စုဂဏ္ဌိသစ် ပြီး၏။

ပကိဏ္ဏကမှတ်ရန်

ကာလ၊ ဘုံစသည်တို့ဖြင့် (၂၄)ပစ္စည်းကို ဝေဖန်ပြခြင်း

(၁) အနန္တနယဖြစ်သော သမန္တပါသာဒိက ပဋ္ဌာန်းကျမ်းကြီး၌သောတုဇနေတို့ ကျေးဇူးများစေရန်အလို့ငှာ သိသင့်သိထိုက် မှတ်သင့်မှတ်ထိုက်သော အချက်အလက် အဓိပ္ပာယ်စကား စွက်ဖက်၍ မကျဉ်းမကျယ် သိလွယ်ထင်ရှား ရေးသားပေအံ့။

၂၄-ပါးသောပစ္စည်းတို့သည် **ကာလ ကာလဝိမုတ္တ၊ ဘုံ ဌာန၊ ဇနက အဇနက ဥပတ္ထမ္ဘက၊ သဘာဂ ဝိသဘာဂ၊ သမောဓာန** စသည်တို့ဖြင့် ဝေဖန်ပိုင်းခြား ပြဆိုကြကုန်၏။ ထိုတွင် -

ကာလကို ရှေးဦးစွာပြပေအံ့။ ဟေတု၊ သဟဇာတ၊ အညမည၊ နိဿယ၊ ပုရေဇာတ၊ ပစ္ဆာဇာတ၊ ဝိပါက၊ အာဟာရ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ။ ဤ (၁၅)ပစ္စည်းတို့သည် **ပစ္စုပ္ပန်ကာလ**၌သာလျှင် ဖြစ်ဆဲတည်ဆဲဖြစ်၍ ကျေးဇူးပြုကြကုန်၏ဟုမှတ်။

အနန္တရ၊ သမနန္တရ၊ အာသေဝန၊ နတ္ထိ၊ ဝိဂတ။ ဤ (၅)ပစ္စည်းတို့သည် **အတိတ်ကာလ**၌သာလျှင် ချုပ်ငြိမ်းပြီး၍ ကျေးဇူးပြုကြကုန်၏ဟုမှတ်။

တစ်ပါးသော ကမ္မပစ္စည်းသည်ပင် သဟဇာတကမ္မဖြစ်အံ့- ပစ္စုပ္ပန်ကာလ။ နာနာက္ခဏိကကမ္မဖြစ်အံ့- အတိတ်ကာလ။ ဤသို့ ကမ္မပစ္စည်းသည် **ပစ္စုပ္ပန်ကာလ၊ အတိတ်ကာလ** နှစ်ပါး၌ ကျေးဇူးပြု၏ဟုမှတ်။

အာရမ္မဏ, အဓိပတိ, ဥပနိဿယ။ ဤ(၃)ပစ္စည်းတို့သည် **ပစ္စုပ္ပန်, အတိတ်, အနာဂတ်** ကာလသုံးပါးတို့၌ ကျေးဇူးပြုကြကုန်၏။ နိဗ္ဗာန်, ပညတ်နှင့်တကွ ပစ္စည်းဖြစ်သောကြောင့် ကာလဝိမုတ်၌လည်း ကျေးဇူးပြုကြကုန်၏ဟုမှတ်။ ထို့ကြောင့် ပဋ္ဌာနအဋ္ဌကထာ၌ -

ပစ္စုပ္ပန္နာဝ ဟောန္တေတ္ထ၊ ပစ္စယာ ဒသပဉ္စ စ။ အတီတာ ဧဝ ပဉ္စေကော၊ တေ ကာလေ ဒွေဝ နိဿိတော။ တယော တိကာလိကာ စေဝ၊ ဝိမုတ္တာ စာပိ ကာလတော[၁]- ဟု မိန့်၏။

ဧတ္ထ၊ ဤ(၂၄)ပါးသော ပစ္စည်းတို့တွင်။ ဒသပဉ္စ၊ တစ်ဆယ့်ငါးပါး ကုန်သော။ ပစ္စယာ စ၊ ဟေတုအစ အဝိဂတအဆုံးရှိသော ပစ္စည်းတို့သည် လည်း။ ပစ္စုပ္ပန္နာဝ၊ ပစ္စုပ္ပန်ကာလ၌သာလျှင်။ ဟောန္တိ၊ ကုန်၏။ ပဉ္စ၊ ငါးပါးကုန်သော အနန္တ, သမနန္တ, အာသေဝ, နတ္ထိ, ဝိဂတတို့သည်။ အတီတာ ဧဝ၊ အတိတ်ကာလ၌သာလျှင်။ ဟောန္တိ၊ ကုန်၏။ ဧကော၊ တစ်ပါးသော ကမ္မပစ္စည်းသည်။ ဒွေဝ၊ နှစ်ပါးသာလျှင်ဖြစ်ကုန်သော။ တေ ကာလေ၊ ထိုပစ္စုပ္ပန် အတိတ်ကာလ၌။ နိဿိတော၊ မှီ၍ဖြစ်သည်။ ဟောတိ၊ ၏။ တယော၊ သုံးပါးကုန်သော အာရမ်, အဓိ, ဥပနိတို့သည်။ တိကာလိကာ စေဝ၊ ကာလ သုံးပါး၌လည်း ဖြစ်ကုန်၏။ နိဗ္ဗာနသ ပညတ္တိယာ၊ နှင့်။ သဒ္ဓိံ၊ တကွ။ သင်္ဂဟိတတ္တာ၊ ပေါင်း၍ ယူအပ်သည်၏ အဖြစ်ကြောင့်။ ကာလတော၊ ကာလသုံးပါးမှ။ ဝိမုတ္တာစာပိ၊ လွတ်ကုန်သည်လည်း။ ဟောန္တိ၊ ကုန်၏။

(၂) ဘုံ ဌာနအားဖြင့်ကား ပဉ္စဝေါကာရ (၂၆)ဘုံ၌ အလုံးစုံသော (၂၄)ပါးသော ပစ္စည်းတို့ကို ရအပ်ကုန်၏။ မရသောပစ္စည်းဟူ၍ မရှိကောင်းပြီ။

ထို့ကြောင့် ပဋ္ဌာနအဋ္ဌကထာ၌ -

၁။ ပဉ္စပကရဏ၊ ဋ္ဌ၊ ၃၅၃။

ဘဝဘေဒတောတိ ဣမေသု ပန စတုဝီသတိယာ ပစ္စယေသု ပဉ္စဝေါကာရဘဝေ တာဝ န ကောစိ ပစ္စယော န လဗ္ဘတိ နာမ[၁]- ဟု မိန့်၏။

စတုဝေါကာရ လေးဘုံ၌ကား- ပုရေဇာတ, ပစ္ဆာဇာတ, ဝိပ္ပယုတ္တ။ ဤသုံးပစ္စည်းတို့ကိုကြဉ်၍ ကြွင်းသော (၂၁)ပစ္စည်းတို့ကို ရအပ်ကုန်၏။ ဤပစ္စည်းသုံးပါးတို့သည် ပဉ္စဝေါကာရဘုံ၌သာ ဖြစ်ကုန်၏။

ထို့ကြောင့် အဋ္ဌကထာ၌ -

စတုဝေါကာရဘဝေ ပန တယော ပုရေဇာတပစ္ဆာဇာတဝိပ္ပယုတ္တ- ပစ္စယေ အပနေတွာ သေသာ ဧကဝီသတိမေဝ လဗ္ဘန္တိ[၂]- ဟု မိန့်၏။

ဧကဝေါကာရဟုဆိုအပ်သော အသညသတ်ဘုံ၌ သဟဇာတ, အညမည, နိဿယ, ကမ္မ, ဣန္ဒြိယ, အတ္ထိ, အဝိဂတ။ ဤခုနစ်ပစ္စည်းတို့ကို ရအပ်ကုန်၏။ ကြွင်းသော (၁၇)ပစ္စည်းတို့ကို မရအပ်ကုန်။

ထို့ကြောင့် အဋ္ဌကထာ၌ -

ဧကဝေါကာရဘဝေ သဟဇာတအညမညနိဿယကမ္မဣန္ဒြိယ- အတ္ထိအဝိဂတဝသေန သတ္တေဝ လဗ္ဘန္တိ[၃]- ဟု မိန့်၏။

(၃) ဇနက၊ ဥပတ္ထမ္ဘက အားဖြင့်ကား (၂၄)ပါးသောပစ္စည်းတို့တွင် အနန္တရ၊ သမနန္တရ၊ အနန္တရူပ, ပကတူပဟူသော ဥပနိဿယ၊ အာသေဝန၊ နာနာက္ခဏိကကမ္မ၊ နတ္ထိ၊ ဝိဂတ။ ဤခုနစ်ပစ္စည်းတို့သည် ဇနကသတ္တိဖြင့်သာ ကျေးဇူးပြုကြကုန်၏။ ပစ္ဆာဇာတသည် ဥပတ္ထမ္ဘကသတ္တိဖြင့်သာ ကျေးဇူးပြု၏။ ဤခြောက်ပစ္စည်း၊ ဝါ-ရှစ်ပစ္စည်းမှကြွင်းသော (၁၈)ပစ္စည်း တို့သည် ဇနက, အဇနက, ဥပတ္ထမ္ဘကသတ္တိဖြင့် ကျေးဇူးပြုကြကုန်၏။

၁။ ပဉ္စပကရဏ၊ ဋ္ဌ၊ ၃၉၄။ ၂။ ၄င်း။
၃။ ၄င်း။

အမျိုးပြားသည်ကို သတိပြု။ ထို့ကြောင့် အဋ္ဌကထာ၌ -

ဧကာဓေကတောတိ ဧတေသု စ အနန္တရသမနန္တရာနန္တရူပနိဿယပကတူပနိဿယာသေဝနပစ္စယာ နာနာက္ခဏိကော, ကမ္မပစ္စယော, နတ္ထိဝိဂတပစ္စယောတိ ဣမေ ပစ္စယာ ဧကာယော, န အဇ္ဈကာ။ ပစ္ဆာဇာတပစ္စယော ကေဝလံ ဥပတ္ထမ္ဘကောယော, န ဇနကော။ သေသာ ဇနကာ စ အဇနကာစ ဥပတ္ထမ္ဘကာ စာတိ အတ္ထော[၁]- ဟု မိန့်၏။

(၄) အဓိပတိ၊ ပုရေဇာတ၊ ပစ္ဆာဇာတ၊ အာသေဝန။ ဤလေးပစ္စယတို့သည် ပဝတ္တိအခါ၌သာ ကျေးဇူးပြုကြကုန်၏။ ဤမှကြွင်းသော (၂၀)ပစ္စည်းတို့သည် ပဝတ္တိ ပဋိသန္ဓေ နှစ်ထွေရောစပ်၍ ကျေးဇူးပြုကြကုန်သည်။ ပဋိသန္ဓေအခါသက်သက် မရှိပေ။

(၅) ယုဂဠ အစုံအားဖြင့် အနန္တရ-သမနန္တရ နှစ်ပါးသည် အတ္ထသရိက္ခ အနက်တူ တစ်စုံ၊ နိဿယ-ဥပနိဿယ နှစ်ပါးသည် သဒ္ဒသရိက္ခ သဒ္ဒါတူ တစ်စုံ၊ ပုရေဇာတ-ပစ္ဆာဇာတ နှစ်ပါးသည် ကာလပဋိပက္ခ ကာလဆန့်ကျင်ဘက် တစ်စုံ၊ ကမ္မ-ဝိပါက နှစ်ပါးသည် ဟေတုဖလ အကြောင်းအကျိုး တစ်စုံ၊ သမ္ပယုတ္တ-ဝိပ္ပယုတ္တ နှစ်ပါးသည် အညမညပဋိပက္ခ အချင်းချင်းဆန့်ကျင်ဘက် တစ်စုံ၊ အတ္ထိနှင့်နတ္ထိ, ဝိဂတနှင့်အဝိဂတ အချင်းချင်းဆန့်ကျင်ဘက် တစ်စုံ။ ဤသို့ ယုဂဠအားဖြင့် မှတ်လေဦး။

(၆) သဗ္ဗဋ္ဌာနိက၊ အသဗ္ဗဋ္ဌာနိကအားဖြင့် (၂၄)ပစ္စည်းတို့တွင် သဟဇာတ, နိဿယ, အတ္ထိ, အဝိဂတ။ ဤ(၄)ပစ္စယတို့သည် အလုံးစုံသော သင်္ခတဖြစ်ကုန်သော ရုပ်နာမ်တရားတို့၏ တည်ရာအကြောင်း

၁။ ပဉ္စပကရဏ၊ ဋ္ဌ၊ ၃၉၃။

ဖြစ်ကုန်၏။ ထို(၄)ပစ္စယတို့နှင့်ကင်း၍ဖြစ်ကြသော တစ်စုံတစ်ခုသော တရားမည်သည် မရှိ။ ထို့ကြောင့် သဗ္ဗဋ္ဌာနိကပစ္စည်း ဟုခေါ်၏။

အာရမ္မဏ, အာရမ္မဏာဓိပတိ, အနန္တရ, သမနန္တရ, အနန္တရူပနိဿယ, ပကတူပနိဿယ, အာသေဝန, သမ္ပယုတ္တ, နတ္ထိ, ဝိဂတပစ္စယတို့သည် အလုံးစုံသော ရုပ်နာမ်တရားတို့၏ တည်ရာအကြောင်း မဖြစ်သောကြောင့် အသဗ္ဗဋ္ဌာနိကပစ္စည်း ဟုခေါ်၏။ ပုရေဇာတ, ပစ္ဆာဇာတ, နှစ်ပါးတို့လည်း နာမ်အားလည်းကောင်း၊ ရုပ်အားလည်းကောင်း၊ အစဉ်အတိုင်း ကျေးဇူးပြုသောကြောင့် အသဗ္ဗဋ္ဌာနိက။ ဆိုအပ်ပြီးသောပစ္စည်းတို့မှ ကြွင်းကုန်သော ဟေတု, သဟဇာတာဓိပတိ, အညမည, ဝိပါက, အာဟာရ, ဣန္ဒြိယ, ဈာန, မဂ္ဂ, ဝိပ္ပယုတ္တပစ္စည်းတို့သည် အချို့သော ရုပ်နာမ်တရားတို့၏ အကြောင်းဖြစ်သောကြောင့် သဗ္ဗဋ္ဌာနိက၊ အသဗ္ဗဋ္ဌာနိက ဖြစ်သင့်သည့်အားလျော်စွာ ဖြစ်ကြကုန်၏။ ဤကား ဃဋနာဝါရသို့ရောက်လျှင် ထင်ရှားလတ္တံ့သတည်း။

'အာရမ္မဏူပနိဿယကမ္မတ္ထိပစ္စယေသု' အရ စုပေါင်းနည်း

(၇) သမောဓာန တူရာပေါင်းသောအားဖြင့် **'အာရမ္မဏူပနိဿယကမ္မတ္ထိပစ္စယေသု စ သဗ္ဗေပိ ပစ္စယာ သမောဓာနံ ဂစ္ဆန္တိ'**[၁] ဟု သင်္ဂဟအဋ္ဌကထာ မိန့်သောကြောင့်လည်းကောင်း၊ **'န ဟိ သော ဓမ္မော အတ္ထိ၊ ယော စိတ္တစေတသိကာနံ အာရမ္မဏဘာဝံ န ဂစ္ဆေယျ'**[၂] ဟု ဋီကာကျော် မိန့်သောကြောင့်လည်းကောင်း၊ အလုံးစုံသော စိတ် စေတသိက် ရုပ် နိဗ္ဗာန် ပရမတ္ထလေးပါးနှင့်တကွ ပညတ်တရားတို့သည် စိတ်စေတသိက်တို့၏ အာရုံ၏အဖြစ်သို့မရောက်သည် မရှိ၊ ရောက်သည်သာ ချည်းတည်း။ **'သကသကပစ္စယုပ္ပန္နသ စ ဥပနိဿယဘာဝံ န ဂစ္ဆတိ'**[၃]

၁။ အဘိဓမ္မတ္ထသင်္ဂဟ၊ ဌ၊ ၅၆၊ စာပိုဒ် -၃၅။ ၂။ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ (ဋီကာကျော်)၊ ၂၄၁။
၃။ ၎င်း၊ ၂၅၂။

ဟု ဋီကာကျော် မိန့်သောကြောင့်လည်းကောင်း၊ မိမိ-မိမိပစ္စယုပ္ပန်၏ မှီရာ၏အဖြစ်သို့ မရောက်သောမည်သည် မရှိ၊ ရောက်သည်သာတည်း။

'**ကမ္မဟေတုကတ္တာ စ လောကပ္ပဝတ္တိယာ ဖလဟေတူပစာရဝသေန သဗ္ဗေပိ ကမ္မသဘာဝံ နာတိဝတ္တန္တိ**'[၁] ဟု ဋီကာကျော် မိန့်သောကြောင့်လည်းကောင်း၊ သပစ္စယ ဟုဆိုအပ်သော သင်္ခါရလောက၏ ကံသာလျှင် အကြောင်းရှိသည်၏အဖြစ်ကြောင့် အကြောင်းကံ၏အမည်ကို အကျိုး၌တင်စား၍ ကာရဏူပစာရအားဖြင့် ကံ၏သဘောကို မလွန်နိုင်။

'**တေ စ ပရမတ္ထတော လောကသမ္မုတိဝသေန စ ဝိဇ္ဇမာနာယေဝါတိ သဗ္ဗေပိ စတူသု သမောဓာနံ ဂစ္ဆန္တိ**'[၂] ဟု ဋီကာကျော် မိန့်သောကြောင့်လည်းကောင်း၊ အလုံးစုံသောတရားတို့သည် ပရမတ္ထအားဖြင့်လည်းကောင်း၊ လောကသမ္မုတိအားဖြင့်လည်းကောင်း ထင်ရှားရှိကြသောကြောင့် အတ္ထိသဘောသာတည်း။ ထို့ကြောင့် အလုံးစုံသောပစ္စည်းတို့သည် အာရမ္မဏ, ဥပနိဿယ, ကမ္မ, အတ္ထိ။ ဤလေးပစ္စည်းတို့၌ ပေါင်းခြင်းသို့ ရောက်ကြကုန်၏။

(၈) ဤစကားရပ်များ၌ အာရမ္မဏမှတစ်ပါး (၂၃)ပါးသော ပစ္စည်းတို့ သည် အာရမ္မဏပစ္စည်း၌ ပေါင်းစုကုန်၏။ ဥပနိဿယ, ကမ္မ, အတ္ထိတို့၌လည်း ဤနည်းတူ (၂၃)ပါးတို့သည် ပေါင်းစုကုန်၏ဟု ဋီကာကျော်ဆရာ အာဘော်ရောက်လေသည်။ သင်္ဂဟအဋ္ဌကထာ၏ ပေါင်းစုပုံအာဘော်ကား ယခု ပြဆိုလတ္တံ့သော ပေါင်းစုပုံတည်း။ သတိပြု၍ ကြည့်ရှုဆင်ခြင်ပါလေကုန်။

(၉) ပေါင်းစုဟန်ကား -

အာရမ္မဏာဓိပတိ၊ ဝတ္ထာရမ္မဏပုရေဇာတနိဿယ၊ အာရမ္မဏူပ-

၁။ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ (ဋီကာကျော်)၊ ၂၅၂။ ၂။ ၄င်း။

နိဿယ၊ အာရမ္မဏပုရေဇာတ၊ ဝတ္ထာရမ္မဏပုရေဇာတဝိပ္ပယုတ္တ၊ အာရမ္မဏပုရေဇာတတ္ထိ၊ အာရမ္မဏပုရေဇာတအဝိဂတ။ ဤ(၇)ပစ္စယတို့သည် **အာရမ္မဏပစ္စည်း**၌ ပေါင်းစုကုန်၏။

အနန္တရ၊ သမနန္တရ၊ အာသေဝန၊ မဂ္ဂါနန္တ ဖိုလ်အားတပ်သော မဂ်လေးခုစေတနာဟုဆိုအပ်သော နာနာက္ခဏိကကမ္မ၊ နတ္ထိ၊ ဝိဂတ။ ဤ(၆)ပစ္စည်းတို့သည် အနန္တရူပနိဿယ၌၊ ဝိပါက် ဆတ္တိုသအားတပ်သော ဗလဝနာနာက္ခဏိကကမ္မသည် **ပကတူပနိဿယ**၌ ပေါင်းစုကုန်၏။

ကာမဝိပါက် တေဝီသအားတပ်သော ဗလဝ နာနာက္ခဏိကကမ္မ၊ ကဋတ္တာရုပ်အားတပ်သော ဗလဝ-ဒုဗ္ဗလ နာနာက္ခဏိကကမ္မသည် **ကမ္မမျိုး**တည်း။

ဟေတု၊ သဟဇာတာဓိပတိ၊ သဟဇာတ၊ အညမည၊ သဟဇာတနိဿယ၊ သဟဇာတကမ္မ၊ ဝိပါက၊ သဟဇာတာဟာရ၊ သဟဇာတိန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ သမ္ပယုတ္တ၊ သဟဇာတဝိပ္ပယုတ္တ၊ သဟဇာတအဝိဂတ။ ဤ(၁၄)ပစ္စယတို့သည် **သဟဇာတတ္ထိ**၌ ဝင်ကုန်၏။ ဝတ္ထုပုရေဇာတနိဿယ၊ ဝတ္ထုပုရေဇာတ၊ ပုရေဇာတိန္ဒြိယ၊ ဝတ္ထု-ပုရေဇာတဝိပ္ပယုတ္တ၊ ဝတ္ထုပုရေဇာတအဝိဂတ။ ဤငါးပစ္စယတို့သည် **ဝတ္ထုပုရေဇာတတ္ထိ**၌ ပေါင်းဝင်ကုန်၏။ ပစ္ဆာဇာတ၊ ပစ္ဆာဇာတဝိပ္ပယုတ္တ၊ ပစ္ဆာဇာတအဝိဂတ။ ဤသုံးပစ္စယတို့သည် **ပစ္ဆာဇာတတ္ထိ**၌ ပေါင်းဝင်ကုန်၏။ ရုပ်အာဟာရ၊ ရုပ်အာဟာရအဝိဂတ။ ဤနှစ်ပစ္စယတို့သည် **ရုပ်အာဟာရတ္ထိ**၌ ပေါင်းဝင်ကုန်၏။ ရူပဇီဝိတိန္ဒြိယ၊ ရူပဇီဝိတိန္ဒြိယ-အဝိဂတ။ ဤနှစ်ပစ္စယတို့သည် **ရူပဇီဝိတိန္ဒြိယတ္ထိ**၌ ပေါင်းဝင်ကုန်၏။

ဤသို့ လေးပါးသော ပစ္စည်းတို့၌ ပေါင်းစုဝင်ကြပုံကို မှတ်လေဦး။

'ဆဓာ နာမံ တဒ္ဓ နာမဿ'အရ ၆-မျိုး စုပေါင်းနည်း

(၁၀) ဆဓာ နာမံ တု နာမဿ၊ ပဉ္စဓာ နာမရူပိနံ။

ဧကဓာ ပုန ရူပဿ၊ ရူပံ နာမဿ စေကဓာ။

ပညတ္တိနာမရူပါနိ၊ နာမဿ ဒုဝိဓာ ဒွယံ။

ဒွယဿ နဝဓာ စေတိ၊ ဆဗ္ဗိဓာ ပစ္စယာ ကထံ[၁]။

ဟူသော သင်္ဂဟာအဋ္ဌကထာနှင့်အညီ သဘောတူရာပေါင်း၍ ရေတွက်ရာ ပစ္စည်းသည် (၆)ပါးတည်း။ (၆)ပါးဟူသော်ကား -

နာမ်သည် နာမ်အား ကျေးဇူးပြုတတ်သော ပစ္စည်းကား- အနန္တရ၊ သမနန္တရ၊ အာသေဝန၊ သမ္ပယုတ္တ၊ နတ္ထိ၊ ဝိဂတဟူ၍ (၆)ပစ္စည်း ရှိပါသည်။

နာမ်သည် နာမ်ရုပ်အား ကျေးဇူးပြုတတ်သော ပစ္စည်းကား- ဟေတု၊ ကမ္မ၊ ဝိပါက၊ ဈာန၊ မဂ္ဂဟူ၍ (၅)ပစ္စည်း ရှိပါသည်။

နာမ်သည် ရုပ်အား ကျေးဇူးပြုတတ်သော ပစ္စည်းကား- ပစ္ဆာဇာတ တစ်ပစ္စည်းသာတည်း။

ရုပ်သည် နာမ်အား ကျေးဇူးပြုတတ်သော ပစ္စည်းကား- ပုရေဇာတ တစ်ပစ္စည်းသာတည်း။

ပညတ်-နာမ်-ရုပ်သည် နာမ်အား ကျေးဇူးပြုတတ်သော ပစ္စည်းကား- အာရမ္မဏ၊ ဥပနိဿယဟူ၍ နှစ်ပစ္စည်းရှိပါသည်။

နာမ်ရုပ်သည် နာမ်ရုပ်အား ကျေးဇူးပြုတတ်သော ပစ္စည်းကား- အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ အာဟာရ၊ ဣန္ဒြိယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတဟူ၍ ကိုးပစ္စည်း ရှိပါသည်။

ဤကား (၆)ပါးအပြားဖြင့် ပေါင်းစုကြပုံ တစ်မျိုးတည်း။

၁။ အဘိဓမ္မတ္ထသင်္ဂဟ၊ ဋ္ဌ၊ ၅၄၊ ဓာပိုဒ် -၁၅။

၈-ပစ္စည်း၊ ၉-မျိုး စုပေါင်းနည်း

(၁၁) အဋ္ဌကထာဆရာနှင့် ရှေးဆရာကြီးတို့၏အလိုတော်ကျ သဘောမျှ၍ ပစ္စည်းပြိုင်ဆိုင်ရန်အလို့ငှာ အမျိုးတူ ဇာတ်တူပေါင်း၍ ရေတွက်ရာ ပစ္စည်းကား။ ။ အာရမ္မဏပစ္စည်း၊ သဟဇာတပစ္စည်း၊ အနန္တရူပ, ပကတူပ ဟုဆိုအပ်သော ဥပနိဿယပစ္စည်း၊ ဝတ္ထုပုရေဇာတ ပစ္စည်း၊ ပစ္ဆာဇာတပစ္စည်း၊ ကမ္မပစ္စည်း၊ အာဟာရပစ္စည်း၊ ဣန္ဒြိယပစ္စည်း အားဖြင့် ရှစ်ပစ္စည်း၊ ကိုးမျိုး ဖြစ်သတည်း။ ထိုရှစ်ပါးတို့တွင် -

(၁) အာရမ္မဏပစ္စည်းဖြင့်ပြအပ်သော အာရုံမျိုး ပစ္စည်းကား- အာရမ္မဏမတ္တ၊ အာရမ္မဏာဓိပတိ၊ ဝတ္ထာရမ္မဏပုရေဇာတနိဿယ၊ အာရမ္မဏူပနိဿယ၊ အာရမ္မဏပုရေဇာတ၊ ဝတ္ထာရမ္မဏပုရေဇာတ- ဝိပ္ပယုတ္တ၊ အာရမ္မဏပုရေဇာတတ္ထိ၊ အာရမ္မဏပုရေဇာတအဝိဂတ အားဖြင့် ရှစ်ပါးတည်း။ အာရမ္မဏမတ္တဆိုသည်ကား- အာရုံသာမည ဟုမှတ်။ အာရမ္မဏာဓိပတိဆိုသည်ကား အာရုံဝိသေသ ဟုမှတ်။ (မတ္တ-သဒ္ဒါပါလျှင် နည်းတူသိလေ။)

(၂) သဟဇာတဖြင့်ပြအပ်သော သဟဇာတမျိုး ပစ္စည်းကား- သဟဇာတမတ္တ၊ ဟေတု၊ သဟဇာတာဓိပတိ၊ အညမည၊ သဟဇာတနိဿယ၊ သဟဇာတကမ္မ၊ ဝိပါက၊ သဟဇာတာဟာရ၊ သဟဇာတိန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ သမ္ပယုတ္တ၊ သဟဇာတဝိပ္ပယုတ္တ၊ သဟဇာတတ္ထိ၊ သဟဇာတအဝိဂတအားဖြင့် တစ်ဆယ့်ငါးပါးတည်း။

(၃) ဥပနိဿယဖြင့်ပြအပ်သော ဥပနိဿယမျိုး ပစ္စည်းကား- အနန္တရူပနိဿယမျိုး၊ ပကတူပနိဿယမျိုးအားဖြင့် နှစ်ပါးတည်း။

အနန္တရူပနိဿယဖြင့်ပြအပ်သော အနန္တရူပမျိုး ပစ္စည်းကား- အနန္တရူပနိဿယ၊ အနန္တရ၊ သမနန္တရ၊ အာသေဝန၊ မဂ္ဂါနန္တရဖိုလ်အား

တပ်သော မဂ်လေးခု စေတနာဟုဆိုအပ်သော နာနာက္ခဏိကကမ္မ တစ်စိတ်၊ နတ္ထိ၊ ဝိဂတအားဖြင့် ခုနစ်ပါးတည်း။

ပကတူပနိဿယဖြင့်ပြအပ်သော ပကတူပမျိုး ပစ္စည်းကား- ကတူပနိဿယ၊ ဝိပါက် ဆက္ကိသအားတပ်သော ဗလဝ နာနာက္ခဏိက- ကမ္မ အားဖြင့် နှစ်ပါးတည်း။

(၄) ပုရေဇာတဖြင့်ပြအပ်သော ဝတ္ထုပုရေဇာတမျိုး ပစ္စည်း ကား- ဝတ္ထုပုရေဇာတ၊ ဝတ္ထုပုရေဇာတနိဿယ၊ ဝတ္ထုပုရေဇာတိန္ဒြိယ၊ ဝတ္ထုပုရေဇာတဝိပ္ပယုတ္တ၊ ဝတ္ထုပုရေဇာတတ္ထိ၊ ဝတ္ထုပုရေဇာတအဝိဂတ အားဖြင့် ခြောက်ပါးတည်း။

(၅) ပစ္ဆာဇာတဖြင့်ပြအပ်သော ပစ္ဆာဇာတမျိုး ပစ္စည်းကား- ပစ္ဆာဇာတ၊ ပစ္ဆာဇာတဝိပ္ပယုတ္တ၊ ပစ္ဆာဇာတတ္ထိ၊ ပစ္ဆာဇာတအဝိဂတ အားဖြင့် လေးပါးတည်း။

(၆) ကမ္မပစ္စည်းဖြင့်ပြအပ်သော ကမ္မမျိုး ပစ္စည်းကား- ကဋတ္တာရုပ်အားတပ်သော ဗလဝ-ဒုဗ္ဗလ နာနာက္ခဏိကကမ္မ၊ ကာမ ဝိပါက် စေဝိသအားတပ်သော ဒုဗ္ဗလ နာနာက္ခဏိကကမ္မအားဖြင့် တစ်ပါးသာတည်း။

(ဤ၌ နောက်လိုက်ပစ္စည်း မရှိဘဲလျက် ရှေ့ဆောင်ပစ္စည်း အဖြစ် ထားသည်ကား- လောကမှာ မည်သူနှင့်မျှ ပေါင်းဖော်တွဲစပ်၍ မရသော လူ့ပေတေး၊ လူ့ကတ္တရာကဲ့သို့ မည်သည့်ပစ္စည်းနှင့်မျှ ပေါင်းစပ်၍မရသော ကမ္မတစ်စိတ် ဟူလို။)

(၇) အာဟာရဖြင့်ပြအပ်သော ရုပ်အာဟာရမျိုး ပစ္စည်းကား- ရုပ်အာဟာရ၊ ရုပ်အာဟာရတ္ထိ၊ ရုပ်အာဟာရအဝိဂတအားဖြင့် သုံးပါး တည်း။

(၈) ဣန္ဒြိယဖြင့်ပြအပ်သော ဣန္ဒြိယမျိုး ပစ္စည်းကား- ရူပဇီဝိတိန္ဒြိယ၊ ရူပဇီဝိတိန္ဒြိယတ္တိ၊ ရူပဇီဝိတိန္ဒြိယအဝိဂတအားဖြင့် သုံးပါးတည်း။

(၉) ၂၄-ပါးသော ပစ္စည်းတို့သည် အာရုံမျိုး ရှစ်ပါးစသော အားဖြင့် (၄၉)မျိုး ပြားသည်ကို ဤကဗျာဖြင့် မှတ်သားလေ။

'အာရမ် အဋ္ဌ၊ သ တစ်ဆဲ့ငါး၊ ခုနစ်ပါး နန္တရ၊ ပကတူ ဒွယ၊ ခြောက်ပါး ဝတ္ထု၊ လေးခု ပစ္ဆာ၊ ကော ကမ္မ၊ သုံးဖြာ ဟာရော၊ တယော ဣန္ဒြိ၊ ရှိသည် အမှန်၊ မျိုးကိုးတန်ကို၊ ဆောင်ရန် နုတ်တက် အာဂုံတည်း။'

(၁၀) အာရုံ အာရမ္မဏိကအဖြစ်ဖြင့် ကျေးဇူးပြုတတ်သော ပစ္စည်းကား- အာရုံမျိုး။

ပစ္စည်းနှင့်ပစ္စယုပ္ပန် တစ်ဥပါဒ် တစ်ဌီ တစ်ဘင်တည်းဖြစ်၍ ကျေးဇူးပြုတတ်သော ပစ္စည်းကား- သဟဇာတမျိုး။

နောက်နောက်သော စိတ်အား အခြားမရှိမူ၍ ကျေးဇူးပြုတတ်သော ရှေးစိတ် ပစ္စည်းကား- အနန္တရူပမျိုး။

အားကြီးသောအကြောင်းဖြစ်၍ ကျေးဇူးပြုတတ်သော ပစ္စည်းကား- ပတူပမျိုး။

မီရာဖြစ်၍ ကျေးဇူးပြုတတ်သော ပစ္စည်းကား- ဝတ္ထုမျိုး။

ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သောရုပ်အား ကျေးဇူးပြုတတ်သော နောက်နောက်သော စိတ်ကား- ပစ္ဆာဇာတမျိုး။

ဝိပါက် ကဋတ္တာရုပ်အား ကျေးဇူးပြုတတ်သော ဇေကသတ္တိ ရှိသော ပစ္စည်းကား- ကမ္မမျိုး။

ကလာပ်တူကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိက ရုပ်အား

ကျေးဇူးပြုတတ်သော ဩဇာကား- ရုပ်အာဟာရမျိုး။

ကလာပ်တူကမ္မဇရုပ်အား ကျေးဇူးပြုတတ်သော ရုပ်ဇီဝိတိန္ဒြေကား- ရူပဇီဝိတိန္ဒြိယမျိုးတည်း။ ပစ္စည်းမျိုး မှတ်ရန်ပြီး၏။

ပကိဏ္ဏကကဏ္ဍံ နိဋ္ဌိတံ။

ပဋ္ဌာဝါရနှစ်ချက်စု (နှုတ်ငုံဆောင်ရန်)

(၁၂) သမ္ပယုတ္တဝါရကို ဟောတော်မူသည်၏အခြားမဲ့၌ ပဋ္ဌာဝါရကို ဟောတော်မူ၏။ ထိုပဋ္ဌာဝါရသည်လည်း ပစ္စယနယ လေးပါး၊ ၄င်းမှ ဝိဘင်္ဂဝါရ, သင်္ချာဝါရအားဖြင့် နှစ်ပါး၊ ထိုတွင် သင်္ချာဝါရသည်လည်း သုဒ္ဓသင်္ချာ, မိဿကသင်္ချာအားဖြင့် နှစ်ပါး၊ ထိုတွင် သုဒ္ဓသင်္ချာဝါရသည်လည်း ဟေတုသုဒ္ဓသင်္ချာ, အာရမ္မဏသုဒ္ဓသင်္ချာ အစရှိသောအားဖြင့် (၂၄)ပါးအပြားရှိ၏။

(ဤပဋ္ဌာဝါရ နှစ်ချက်စုကို ကျေကျေညက်ညက် ကျက်မှတ်စေပြီးမှ သဘာဂ ပစ္စည်းတွန်း၊ ဃဋနာ ပစ္စည်းပြိုင်တို့ကို အစဉ်အတိုင်း ဟောစေရမည်။)

ထို (၂၄) ပါးတို့တွင် -

(၁) ဟေတုပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌ သမ္ပယုတ္တက္ခန္ဓာ၊ သဟိတ် စိတ္တဇရုပ်၊ သဟိတ် ပဋိသန္ဓေကမ္မဇရုပ်အားတပ်သော ဟိတ်ခြောက်ပါး။ ဤတရားတို့သည် ဟေတုပစ္စည်း တပ်သောတရားမည်ကုန်၏။ သင်္ချာကား သတ္တဟူသည်တည်း။

(၂) အာရမ္မဏပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌ ကာမစိတ်

စတုပညာသ၊ ဝိညာဏဉ္စာယတနစိတ် သုံးခု၊ နေဝသညာနာသညာယတနစိတ် သုံးခု၊ အဘိညာဉ်ဒွေး၊ လောကုတ္တရာစိတ် ရှစ်ခုအားတပ်သော အလုံးစုံသောစိတ် တစ်ခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်။ ဤတရားတို့သည် အာရမ္မဏ ပစ္စည်းတပ်သောတရား မည်ကုန်၏။ သချာကား နဝတည်း။ (ဤ၌ ရူပစိတ်(၁၅)၊ အာကာသာနဉ္စာယတနစိတ် သုံးခု၊ အာကိဉ္စညာယတန စိတ် သုံးခုတို့သည် ပညတ်ကိုသာ အာရုံပြုသောကြောင့် ဤပဥ္စာဝါရ၌ မဟောဟုမှတ်။)

အထူးစကားချပ်ကို ဆိုပေအံ့ -

ဆဝါရ၌ကား- ပစ္စယုပ္ပန်ကို အနုလုံ၊ ပစ္စယုပ္ပန်မှလွတ်သည်ကို ပစ္စနိက်ဆိုသည်။ ပဥ္စာဝါရ၌ကား- ပစ္စည်းကို အနုလုံ၊ ပစ္စည်းမှ လွတ်သည်ကို ပစ္စနိက် ဆိုသည်။ **ဆဝါရ၌ကား- ပစ္စယုပ္ပန်** ပြဋ္ဌာန်းသည်။ **ပဥ္စာဝါရ၌ကား- ပစ္စည်း** ပြဋ္ဌာန်းသည်။ ထို့ကြောင့် နောက်ကို ပစ္စည်းတပ်သောတရား မည်ကုန်၏ဟု မဆိုမူ၍ အနုလုံ, အနုလုံ ဤမျှသာ ဆိုပေအံ့။

(၃) အဓိပတိသုဒ္ဓသချာဝါရ၌ အလေးအမြတ်ပြုတတ်သော လောဘမူစိတ် ရှစ်ခု၊ မဟာကုသိုလ်စိတ် ရှစ်ခု၊ မဟာကြိယာဉာဏ သမ္ပယုတ်စိတ် လေးခု၊ လောကုတ္တရာစိတ် ရှစ်ခုအားတပ်သော အလေး အမြတ်ပြုအပ်သော ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသ၊ ဒေါသမူ ဒွေး၊ မောဟမူ ဒွေး၊ ဒုက္ခသဟဂုတ် ကာယဝိညာဏ်ကြဉ်သောစိတ် (၈၄)ခု၊ ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာကြဉ်သော စေတသိက် (၄၇)ခု၊ နိဗ္ဗာန်ဟုဆိုအပ်သော အာရမ္မဏာဓိပတိပစ္စည်း။ သမ္ပယုတ္တက္ခန္ဓာ၊ သာဓိပတိစိတ္တဇရုပ်အားတပ်သော အဓိပတိတရား ကိုယ် သုံးပါး, လေးပါးတို့တွင် တစ်ပါးပါးဟုဆိုအပ်သော

သဟဇာတာဓိပတိပစ္စည်း။ အနုလုံ၊ သချာ ဒသ။

(၄-၅) အနန္တရသုဒ္ဓသချာဝါရ၌ ရဟန္တာတို့စုတိနှင့်တကွ နောက်နောက်သော နာမက္ခန္ဓာအားတပ်သော ရဟန္တာတို့စုတိကြဉ်သော ရှေးရှေးသော အလုံးစုံသော တစ်ခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ နာမက္ခန္ဓာ အနုလုံ၊ သချာ သတ္တ။

သမနန္တရ တူပြီ။

(၆) သဟဇာတသုဒ္ဓသချာဝါရ၌ အချင်းချင်းအားလည်းကောင်း၊ အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အားလည်းကောင်း၊ တပ်သော အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေ လေးပါး၊ အချင်းချင်းအားလည်းကောင်း၊ ဥပါဒါရုပ်အားလည်းကောင်း၊ တပ်သော စိတ္တဇ (လ) ပဝတ္တိကမ္မဇအားဖြင့် အလုံးစုံသော လေးပါး၊ အချင်းချင်းအား တပ်သော ပဉ္စဝေါကာရ နာမက္ခန္ဓာ ဟဒယဝတ္ထု။ အနုလုံ၊ သချာ နဝ။

(၇) အညမည သုဒ္ဓသချာဝါရ၌ အချင်းချင်းအားတပ်သော အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး၊ အချင်းချင်းအား တပ်သော စိတ္တဇ (လ) ပဝတ္တိကမ္မဇအားဖြင့် အလုံးစုံသော လေးပါး၊ အချင်းချင်းအား တပ်သော ပဉ္စဝေါကာရ နာမက္ခန္ဓာ ဟဒယဝတ္ထု။ အနုလုံ၊ သချာ တိဏိ။

(၈) နိဿယ သုဒ္ဓသချာဝါရ၌ သဟဇာတနိဿယကို သဟဇာတ အတိုင်းဆို။ ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ လေးခုကြဉ်သော သတ္တဝိညာဏဓာတ်အားတပ်သော ဆိုအပ်သော ပုရေဇာတနိဿယ ပစ္စည်း။ မနောဒွါရာဝဇ္ဇန်း၊ တစ်ခုယုတ် သုံးဆယ်၊ တဒါရုံ ဇကာဒသ အားတပ်သော

အခါ စုတိစိတ်မှ ပြန်၍ရေသည်ရှိသော် တစ်ဆယ့်ခုနစ်ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုဟုဆိုအပ်သော ဝတ္ထာရမ္မဏ ပုရေဇာတ နိဿယ ပစ္စည်း။ အနုလုံ၊ သင်္ချာ တေရသ။

(၉) ဥပနိဿယ သုဒ္ဓသင်္ချာဝါရ၌ အာရမ္မဏူပနိဿယကို အာရမ္မဏာဓိပတိ အတိုင်းဆို။ အနန္တရူပနိဿယကို အနန္တရ အတိုင်းဆို။ နောက်နောက်သော စိတ် တစ်ခုယုတ် ကိုးဆယ်၊ စေတသိက် ဒွေပညာသ အားတပ်သော ဗလဝဖြစ်သော စိတ် တစ်ခုယုတ် ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌဝီသဟု ဆိုအပ်သော ပကတူပနိဿယ ပစ္စည်း။ အနုလုံ၊ သင်္ချာ နဝ။

(၁၀) ပုရေဇာတ သုဒ္ဓသင်္ချာဝါရ၌ ကာမစိတ် စတုပညာသ၊ ဒိဗ္ဗစက္ခု, ဒိဗ္ဗသောတ အဘိညာဉ်အားတပ်သော ပစ္စုပ္ပန်ဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသဟုဆိုအပ်သော အာရမ္မဏ ပုရေဇာတ ပစ္စည်း၊ ပဋ္ဌဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက် လေးခု ကြဉ်သော သတ္တဝိညာဏဓာတ်အားတပ်သော ဆ ဝတ္ထုဟုဆိုအပ်သော ဝတ္ထု ပုရေဇာတ ပစ္စည်း။ အနုလုံ၊ သင်္ချာ တိဏိ။

(၁၁) ပစ္ဆာဇာတ သုဒ္ဓသင်္ချာဝါရ၌ ပဋိသန္ဓေ အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ ဌီသို့ရောက်သော ဧကဇကာယ, ဒွိဇကာယ, တိဇကာယ, စတုဇကာယအားတပ်သော ပဋ္ဌဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက် လေးခု ကြဉ်သော ပထမဘဝင် အစရှိသော နောက်နောက်သော နာမက္ခန္ဓာ လေးပါး။ အနုလုံ၊ သင်္ချာ တိဏိ။

(၁၂) အာသေဝန သုဒ္ဓသင်္ချာဝါရ၌ ပထမဇော, ဖိုလ်ဇော ကြဉ်သော နောက်နောက်သော ဇော ဧကပညာသအားတပ်သော၊ အဆုံးဇောကြဉ်သော ရှေးရှေးသော လောကီဇော သတ္တစတ္တာလီသ၊

စေတသိက် ဒွေပညာသ။ အနုလုံ၊ သင်္ချာ တိဏ္ဏိ။

(၁၃) ကမ္မ သုဒ္ဓသင်္ချာဝါရ၌ သမ္ပယုတ္တက္ခန္ဓာ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ်အားတပ်သော စိတ် တစ်ခုယုတ်ကိုးဆယ်၌ရှိသော စေတနာဟုဆိုအပ်သော သဟဇာတ ကမ္မ ပစ္စည်း၊ ဝိပါက် ဆတ္တိံသ နာမက္ခန္ဓာ ကဋတ္တာရုပ်အားတပ်သော၊ အတိတ်ဖြစ်သော ကုသိုလ်, အကုသိုလ် စေတနာ(၃၃)ဟုဆိုအပ်သော နာနာက္ခဏိကကမ္မ ပစ္စည်း။ အနုလုံ၊ သင်္ချာ သတ္တ။

(၁၄) ဝိပါက သုဒ္ဓသင်္ချာဝါရ၌ အချင်းချင်းအားလည်းကောင်း၊ အချင်းချင်းနာမက္ခန္ဓာ စိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ်အားလည်း ကောင်း၊ တပ်သော အလုံးစုံသော ဝိပါက် ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး၊ ဟဒယဝတ္ထုအားတပ်သော ပဥ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ။ အနုလုံ၊ သင်္ချာ ဧကံ။

(၁၅) အာဟာရ သုဒ္ဓသင်္ချာဝါရ၌ သမ္ပယုတ္တက္ခန္ဓာ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ်အားတပ်သော ဖဿ, စေတနာ, ဝိညာဏ်ဟု ဆိုအပ်သော နာမ်အာဟာရ ပစ္စည်း၊ ကလာပ်တူ ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကရုပ် အားတပ်သော ဩဇာဟုဆိုအပ်သော ရုပ်အာဟာရ ပစ္စည်း။ အနုလုံ၊ သင်္ချာ သတ္တ။

(၁၆) ဣန္ဒြိယ သုဒ္ဓသင်္ချာဝါရ၌ သမ္ပယုတ္တက္ခန္ဓာ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ်အားတပ်သော နာမ်ဣန္ဒြေတရားကိုယ် ရှစ်ပါးဟု ဆိုအပ်သော သဟဇာတိန္ဒြိယ ပစ္စည်း။ ။ ဒွေးပဥ္စဝိညာဏ် တစ်ဆယ် အားတပ်သော ပဥ္စဝတ္ထုဟုဆိုအပ်သော ပုရေဇာတိန္ဒြိယ ပစ္စည်း။ ။ ရုပ်ဇီဝိတိန္ဒြေ ကြဉ်သော ကလာပ်တူ ကမ္မဇရုပ် ကိုးခုအားတပ်သော ရုပ်ဇီဝိတိန္ဒြေဟုဆိုအပ်သော ရူပဇီဝိတိန္ဒြိယ ပစ္စည်း။ ။ အနုလုံ၊ သင်္ချာ သတ္တ။

(၁၇) ဈာန သုဒ္ဓသင်္ချာဝါရ၌ သမ္ပယုတ္တက္ခန္ဓာ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ်အားတပ်သော ဝိတက်၊ ဝိစာရ၊ ပီတိ၊ ဝေဒနာ၊ ဧကဂ္ဂတာဟုဆိုအပ်သော ဈာနင်တရားကိုယ် ငါးပါး။ အနုလုံ၊ သင်္ချာ သတ္တ။

(၁၈) မဂ္ဂ သုဒ္ဓသင်္ချာဝါရ၌ သမ္ပယုတ္တက္ခန္ဓာ၊ သဟိတ် စိတ္တဇရုပ်၊ သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်အားတပ်သော ပညာ၊ ဝိတက်၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ဒိဋ္ဌိဟုဆိုအပ်သော မဂ္ဂင်တရားကိုယ် ကိုးပါး။ အနုလုံ၊ သင်္ချာ သတ္တ။

(၁၉) သမ္ပယုတ္တ သုဒ္ဓသင်္ချာဝါရ၌ အချင်းချင်းအားတပ်သော စိတ် တစ်ခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး။ အနုလုံ၊ သင်္ချာ တိဏိ။

(၂၀) ဝိပ္ပယုတ္တ သုဒ္ဓသင်္ချာဝါရ၌ စိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ်အားတပ်သော ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက် လေးခု၊ ဒွေးပဉ္စဝိညာဏ် တစ်ဆယ်၊ ရဟန္တာတို့စုတိကြဉ်သော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး၊ အချင်းချင်းအားတပ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထုဟုဆိုအပ်သော သဟဇာတ ဝိပ္ပယုတ္တ ပစ္စည်း။ ဝတ္ထုပုရေဇာတ ဝိပ္ပယုတ္တကို ဝတ္ထုပုရေဇာတအတိုင်းဆို။ ပစ္ဆာဇာတ ဝိပ္ပယုတ္တကို ပစ္ဆာဇာတ အတိုင်းဆို။ ဤတရားတို့သည် ဝိပ္ပယုတ္တ ပစ္စည်း တပ်သောတရား မည်ကုန်၏။ သင်္ချာ ပဉ္စ။

(၂၁) အတ္ထိ သုဒ္ဓသင်္ချာဝါရ၌ သဟဇာတတ္ထိကို သဟဇာတ အတိုင်းဆို။ ပုရေဇာတတ္ထိကို ပုရေဇာတ နှစ်ပါးအတိုင်းဆို။ ပစ္ဆာဇာတတ္ထိကို ပစ္ဆာဇာတ အတိုင်းဆို။ ရုပ်အာဟာရတ္ထိကို ရုပ်အာဟာရ အတိုင်းဆို။ ရူပဇီဝိတိန္ဒြိယတ္ထိကို ရူပဇီဝိတိန္ဒြိယ

အတိုင်းဆို။ ဤတရားငါးပါးတို့သည် အတ္တိ ပစ္စည်းတပ်သောတရား မည်ကုန်၏။ သချာ တေရသ။

(၂၂-၂၃) နတ္ထိနှင့် ဝိဂတသည် အနန္တရနှင့် တူ၏။

(၂၄) အဝိဂတသည် အတ္ထိနှင့် အလုံးစုံတူ၏။

ပဥ္စာဝါရ နှစ်ချက်စုဟူသည်

မိမိပစ္စည်းတရားသည် ပစ္စည်းယူ၍၊ မိမိပစ္စည်းမှတစ်ပါး ကြွင်းသော (၂၃)ပစ္စည်း၊ ဝါ- အမျိုးမတူ, ဇာတ်မတူ ပစ္စည်းတရားတို့သည် မိမိပစ္စည်း၏ ပစ္စနိက် ဖြစ်သောကြောင့် နှစ်ချက်စုဟု ခေါ်ဆိုသည်ဟူပေ။

ပဥ္စာဝါရနှစ်ချက်စု ပြီး၏။

သုဒ္ဓသချာဝါရ ပြီး၏။

သဘာဂ နှင့် ဃဋနာ[၁]

သုဒ္ဓသင်္ချာဝါရကို ဟောတော်မူသည်၏အခြားမဲ့၌ မိဿက သင်္ချာဝါရကို ဟောတော်မူ၏။ ထိုမိဿက သင်္ချာဝါရသည်လည်း ဟေတုမိဿက သင်္ချာဝါရ အစရှိသောအားဖြင့် (၂၄)ပါး အပြားရှိ၏။ ထိုတွင် ဟေတုမိဿက သင်္ချာဝါရ၌ သဘာဂ၊ ဃဋနာအားဖြင့် နှစ်ပါးအပြားရှိ၏။

ထိုတွင် သဘာဂကို ဟောတော်မူ၏။ အဋ္ဌကထာဆရာနှင့် အကောက်ဆရာကြီးတို့သည် သဘာဂနှင့် ဃဋနာကို တွဲစပ်၍ ပြတော်မူကြ၏။ သို့ရာတွင် သောတုဇနတို့၏ဉာဏ်၌ ရှင်းလင်းစွာ မှတ်သားဆောင်လွယ်စေရန် အလို့ငှာ သဘာဂသန့်သန့်၊ ဃဋနာသန့်သန့် ခွဲဝေ၍ ပြဆိုပေအံ့။

သဘာဂ ဟူသည်ကား- ပဉ္စာဝါရ ပစ္စည်းတွန်း၊

ဃဋနာ ဟူသည်ကား- ပစ္စည်းပြိုင်ဟု မှတ်ပါလေ။

ပစ္စယသဘာဂ ပဉ္စာဝါရ ပစ္စည်းတွန်း မှတ်ရန်

(၁) ထိုသဘာဂသည် ဟေတုမူ-အဓိပတိသဘာဂ။ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ ဣန္ဒြိယ၊ မဂ္ဂ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ။ ဟေတုမူ သဘာဂ (၁၁)ပါး။ (သဟဇာတကမ္မ၊ သဟဇာတာဟာရ၊ ဈာနအားဖြင့် သုံးပါးသည် ဟေတုဝိသဘာဂဟုမှတ်။)

(၂) အာရမ္မဏမူ-အဓိပတိသဘာဂ။ နိဿယ၊ ဥပနိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ။ အာရမ္မဏမူ သဘာဂ ခုနစ်ပါး။ (အမျိုးကို ဖော်ထုတ်ဆိုကြလေ။)

(၃) အဓိပတိမူ-ဟေတုသဘာဂ။ အာရမ္မဏ၊ သဟဇာတ၊

[၁]။ ပဋ္ဌာန်း ပါဠိ-၁၊ ၁၆၄-၁၈၈။

အညမည၊ နိဿယ၊ ဥပနိဿယ၊ ပုရေဇာတ၊ ဝိပါက၊ အာဟာရ၊ ဣန္ဒြိယ၊ မဂ္ဂ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ။ အဓိပတိမှု သဘာဂ (၁၅)ပါး။

(၄) အနန္တရမှု-သမနန္တရသဘာဂ။ ဥပနိဿယ၊ အာသေဝန၊ ကမ္မ၊ နတ္ထိ၊ ဝိဂတ။ အနန္တရမှု သဘာဂ (၆)ပါး။

သမနန္တရ၊ နတ္ထိ၊ ဝိဂတသည် အနန္တရနှင့် တူ၏။

(၅) သဟဇာတမှု-ဟေတုသဘာဂ။ အဓိပတိ၊ အညမည၊ နိဿယ၊ ကမ္မ၊ ဝိပါက၊ အာဟာရ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ။ သဟဇာတမှု သဘာဂ (၁၄)ပါး။

(၆) အညမညမှု-ဟေတုသဘာဂ။ အဓိပတိ၊ သဟဇာတ၊ (လ)၊ အဝိဂတ။ အညမညမှု သဘာဂ (၁၄)ပါး။

(၇) နိဿယမှု-ဟေတုသဘာဂ။ အာရမ္မဏ၊ အဓိပတိ၊ သဟဇာတ၊ အညမည၊ ဥပနိဿယ၊ ပုရေဇာတ၊ ကမ္မ၊ ဝိပါက၊ အာဟာရ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ။ နိဿယမှု သဘာဂ (၁၇)ပါး။

(၈) ဥပနိဿယမှု-အာရမ္မဏသဘာဂ။ အဓိပတိ၊ အနန္တရ၊ သမနန္တရ၊ နိဿယ၊ ပုရေဇာတ၊ အာသေဝန၊ ကမ္မ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ နတ္ထိ၊ ဝိဂတ၊ အဝိဂတ။ ဥပနိဿယမှု သဘာဂ (၁၃)ပါး။

(၉) ပုရေဇာတမှု-အာရမ္မဏသဘာဂ။ အဓိပတိ၊ နိဿယ၊ ဥပနိဿယ၊ ဣန္ဒြိယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ။ ပုရေဇာတမှု သဘာဂ (၈)ပါး။

(၁၀) ပစ္ဆာဇာတမှု-ဝိပ္ပယုတ္တသဘာဂ။ အတ္ထိ၊ အဝိဂတ။ ပစ္ဆာဇာတမှု သဘာဂ (၃)ပါး။

(၁၁) အာသေဝနမှု-အနန္တရသဘာဂ။ သမနန္တရ၊ ဥပနိဿယ၊

နတ္ထိ၊ ဝိဂတ။ သဘာဂ (၅)ပါး။

(၁၂) ကမ္မမူ-အနန္တရသဘာဂ။ သမနန္တရ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဥပနိဿယ၊ ဝိပါက၊ အာဟာရ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ နတ္ထိ၊ ဝိဂတ၊ အဝိဂတ။ သဘာဂ (၁၄)ပါး။

(၁၃) ဝိပါကမူ-ဟေတုသဘာဂ။ အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ကမ္မ၊ အာဟာရ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ။ သဘာဂ (၁၄)ပါး။

(၁၄) အာဟာရမူ-အဓိပတိသဘာဂ။ သဟဇာတ၊ အညမည၊ နိဿယ၊ ကမ္မ၊ ဝိပါက၊ ဣန္ဒြိယ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ။ သဘာဂ(၁၁)ပါး။

(၁၅) ဣန္ဒြိယမူ-ဟေတုသဘာဂ။ အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ပုရေဇာတ၊ ဝိပါက၊ အာဟာရ၊ ဈာန၊ မဂ္ဂ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ။ သဘာဂ (၁၄)ပါး။

(၁၆) ဈာနမူ-သဟဇာတသဘာဂ။ အညမည၊ နိဿယ၊ ဝိပါက၊ ဣန္ဒြိယ၊ မဂ္ဂ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ။ သဘာဂ (၁၀)ပါး။

(၁၇) မဂ္ဂမူ-ဟေတု။ အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ ဣန္ဒြိယ၊ ဈာန၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ။ သဘာဂ (၁၂)ပါး။

(၁၈) သမ္ပယုတ္တမူ-ဟေတုသဘာဂ။ အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ကမ္မ၊ ဝိပါက၊ အာဟာရ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ အတ္ထိ၊ အဝိဂတ။ သဘာဂ (၁၃)ပါး။

(၁၉) ဝိပ္ပယုတ္တမူ-ဟေတုသဘာဂ။ အာရမ္မဏ၊ အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဥပနိဿယ၊ ပုရေဇာတ၊ ပစ္ဆာဇာတ၊ ကမ္မ၊ ဝိပါက၊ အာဟာရ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ အတ္ထိ၊ အဝိဂတ။

သဘာဂ (၁၇)ပါး။

(၂၀) အတ္တိမူ-ဟေတုသဘာဂ။ အာရမ္မဏ၊ အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဥပနိဿယ၊ ပုရေဇာတ၊ ပစ္ဆာဇာတ၊ ကမ္မ၊ ဝိပါက၊ အာဟာရ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အဝိဂတ။ အတ္တိမူ၌ သဘာဂ (၁၈)ပါး ဖြစ်၏။

အဝိဂတသည် အတ္တိနှင့်တူ၏။

ပစ္စယသဘာဂ ပဋ္ဌာဝါရ ပစ္စည်းတွန်း ပြီး၏။

သဘာဂ ခေါ်သော ပဋ္ဌာဝါရ ပစ္စည်းတွန်း ဆိုရိုး

(၁) သဘာဂဟုခေါ်သော ပဋ္ဌာဝါရ ပစ္စည်းတွန်း ဆိုရိုးကို နည်းရရုံမျှ ပြဆိုပေအံ့။

မူကို 'နံ'မြစ် ပထမချက်၊ မူလီကို 'နံ'မြစ် ဒုတိယချက်၊ မူ-မူလီ နှစ်ပါးကို 'နံ'မြစ် တတိယချက်၊ မူရင်းပါဠိတော်အတိုင်း စတုတ္ထချက် ဟူသော ဥပဒေသနှင့်အညီ ဖြစ်သတည်း။

ဟေတုမူ အဓိပတိသဘာဂ၌- အလေးအမြတ်ပြုတတ်သော လောဘမူ စိတ် ရှစ်ခု၊ မဟာကုသိုလ်စိတ် ရှစ်ခု၊ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် လေးခု၊ လောကုတ္တရာစိတ် ရှစ်ခုအားတပ်သော အလေးအမြတ်ပြုအပ်သော ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသ၊ ဒေါသမူ ဒွေး၊ မောဟမူ ဒွေး၊ ဒုက္ခသဟဂုတ် ကာယဝိညာဏ် ကြဉ်သော စိတ်(၈၄)ခု၊ ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ဝိစိကိစ္ဆာ ကြဉ်သော စေတသိက်(၄၇)ခု၊ နိဗ္ဗာန်ဟုဆိုအပ်သော အာရမ္မဏာဓိပတိ ပစ္စည်း။ သမ္ပယုတ္တက္ခန္ဓာ၊ သာဓိပတိစိတ္တဇရုပ်အားတပ်သော ဝီမံသာဓိပတိမှတစ်ပါး အဓိပတိတရားကိုယ် သုံးပါးတို့တွင် တစ်ပါးပါးဟု ဆိုအပ်သော သဟဇာတာဓိပတိ ပစ္စည်း။

ဤတရားတို့သည် အဓိပတိပစ္စည်းသာတပ်၍ ဟေတုပစ္စည်း မတပ်သောကြောင့် ဟေတုပစ္စည်းတွန်း၍ စဉ်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနိယာနုလောမ၌ 'နဟေတုပစ္စယာ အဓိပတိယာ ဒ္ဒသ' ဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။

(၂) သမ္ပယုတ္တကက္ခန္ဓာ သဟိတ် စိတ္တဇရုပ်, သဟိတ် ပဋိသန္ဓေကမ္မဇရုပ် အားတပ်သော ဝိမံသာဓိပတိမှတစ်ပါး ဟိတ် (၆)ပါး။ (အဓိပတိမတပ်သော အမောဟကိုယူ၍ ဟိတ် (၆)ပါးဆိုသည်။) ဤတရားတို့သည် ဟေတုပစ္စည်း သာတပ်၍ အဓိပတိပစ္စည်း မတပ်သောကြောင့် အဓိပတိပစ္စည်း တွန်း၍ စဉ်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလောမ ပစ္စနိက်၌ 'ဟေတုပစ္စယာ နာဓိပတိယာ သတ္တ'ဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။

(၃) အလေးအမြတ် မပြုတတ်သော ကာမစိတ် စတုပညာသ၊ ဝိညာဏဉ္စာယတနစိတ် သုံးခု၊ နေဝသညာနာသညာယတနစိတ် သုံးခု၊ အဘိညာဉ်ဒွေးအားတပ်သော အလေးအမြတ် မပြုအပ်သောစိတ် တစ်ခုယုတ် ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်ဟုဆိုအပ်သော အာရမ္မဏ ပစ္စည်း။ (လောကုတ္တရာစိတ်ကား- အာရမ္မဏာဓိပတိ ဇကံ ပစ္စယုပ္ပန်။)

အချင်းချင်းအားလည်းကောင်း၊ အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အားလည်းကောင်း တပ်သော ဟိတ် ၆-ပါး၊ အဓိပတိ တရားကိုယ် လေးပါးမှတစ်ပါး အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး၊ အချင်းချင်းအားလည်းကောင်း၊ ဥပါဒါရုပ်အားလည်းကောင်း တပ်သော အလုံးစုံသော မဟာဘုတ်-၄-ပါး၊ အချင်းချင်းအားတပ်သော ပဋိသန္ဓေဟိတ် သုံးပါးမှတစ်ပါး ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထု ဟုဆိုအပ်သော သဟဇာတ ပစ္စည်း။ အနန္တရူပ, ပကတူပ

ဟုဆိုအပ်သော ဥပနိဿယ ပစ္စည်း။ ဝတ္ထုပုရေဇာတ ပစ္စည်း။ ပစ္ဆာဇာတ ပစ္စည်း။ နာနာက္ခဏိကကမ္မ ပစ္စည်း။ ရုပ်အာဟာရ ပစ္စည်း။ ရူပဇီဝိတိန္ဒြိယ ပစ္စည်း။

ဤပစ္စည်းတရား ရှစ်ပါး၊ ကိုးမျိုးတို့သည် ဟေတုပစ္စည်း, အဓိပတိပစ္စည်း နှစ်ပါး မတပ်သော တရားမည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနိက်၌ 'နဟေတုပစ္စယာ နာဓိပတိယာ ပန္နရသ'ဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။

(၄) သမ္ပယုတ္တက္ခန္ဓာ သာဓိပတိစိတ္တဇရုပ်အား တပ်သော ဝိမံသာဓိပတိ ပစ္စည်း။ ဤတရားတို့သည် ဟေတု ပစ္စည်း, အဓိပတိ ပစ္စည်း နှစ်ပါး တပ်သောတရား မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ဤအနုလုံ၌ နယသို့ လိုက်၍လည်းကောင်း၊ ဝါရသို့ လိုက်၍လည်းကောင်း၊ တိက်ပုဒ်၏အရသို့ လိုက်၍လည်းကောင်း၊ ကတ္တား, သမ္ပဒါန် နေဟန်သို့ လိုက်၍လည်းကောင်း။ 'ဟေတုပစ္စယာ အဓိပတိယာ စတ္တာရိ' ဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။

(၅) ဤနည်းတူ ဆရာပြုလုပ် ချုပ်သူတို့က အထက်ပြခဲ့သော သဘာဂအတိုင်း ကုန်စင်အောင် ပြောပြပါကုန်။ ပစ္စနိက်တရားတို့ကို ဤကဲ့သို့ ထုတ်ရခြင်းမှာ 'အသီးတစ်ရာ အညှာတစ်ခု'ဟု ဆိုသော ဥပမာကဲ့သို့ ရှေ့ဆောင် ပစ္စည်းကိုယူလျှင် နောက်လိုက် ပစ္စည်းတို့လည်း ပါဝင်ပြီးဖြစ်ပေသည်။ သင်္ချာထုတ်ပုံ ထုတ်နည်းကို ဤ၌ သာမည ထုတ်ကြလေ။ အကောက်ဟောရိုးသည် သွားလာကျက်စားနိုင်စေရန် မိုရာ ငြိမ်းသဖွယ်မျှသာ ဖြစ်သောကြောင့် နောက်ပြဆိုလတ္တံ့သော ပစ္စယုဒ္ဓါရသို့ ရောက်လျှင် ဆိုနေရင်းနှင့်ပင် သင်္ချာကို အလိုလိုမြင်လိမ့်မည်ဟူလို။

ပစ္စယသဘာဂ ပြီး၏။

ဃင္ဒနာပစ္စည်းပြိုင် မှတ်ရန်

(က) **ဧယျတေ**။

ပစ္စည်းပြိုင်ရန် သဘောလက္ခဏာတို့ကို အာစရိယဝါဒ ရရှိသည်နှင့်အညီ သောတုဇနတို့အကျိုးငှာ ဥပမာ ဥပမေယျဖြင့် သိသာထင်ရှားစွာ ပြဆိုပေအံ့။

အဖိုးမသိ မကိုင်ရာ၊ အမျိုးမသိ မပြိုင်ရာ။
အဖိုးမသိကိုင်က များတတ်သည်၊
အမျိုးမသိပြိုင်က မှားတတ်သည်။

ဟူသော စကားပုံနှင့်အညီ ပစ္စယသတ္တိ ပြိုင်ဆိုင်၏ဟုဆိုသော်လည်း အမျိုးချင်းတူမျှမှ ပြိုင်နိုင်သည်။ အမျိုးချင်းပင် တူငြားသော်လည်း သဘာဂချင်းဖြစ်မှ ပြိုင်နိုင်သည်။ သဘာဂချင်းပင် ဖြစ်သော်လည်း ပစ္စည်း ပစ္စယုပ္ပန် တူမျှမှ ပြိုင်နိုင်သည်။ အမျိုးတူ၊ သဘာဂတူ၊ ပစ္စည်း, ပစ္စယုပ္ပန် တူမျှခြင်း။ ဤလက္ခဏာ သုံးပါးသည် ပစ္စည်းပြိုင်၏ သဘောလက္ခဏာပေတည်း။

(ခ) ရှေးဦးစွာ ပဋ္ဌာဝါရ နှစ်ချက်စုကို ကျက်ထားစေရမည်။ ရှစ်ပစ္စည်း၊ ကိုးမျိုးကို ဒိုးကဲ့သို့ မွေနိုင်စေရမည်။ သုံးချက်စုစာအုပ်တွင် ရှိပြီးဖြစ်သော ပစ္စည်းပြိုင်ကို မကြည့်စေရ။ နှစ်ချက်စုနှင့် ဃင္ဒနာအစဉ်ကို တိုက်ဆိုင်၍ ပြိုင်စေရမည်။ သို့မှ ပစ္စည်း ပစ္စယုပ္ပန်မြင်၍ ဃင္ဒနာကို ဖြိုင်ဖြိုင်ကြီး ရွေးနိုင်ပြီးလျှင် ပစ္စည်းပြိုင် ပိုင်ပိုင်နိုင်နိုင် ရှိသည်ဟု မှတ်ယူရမည်။

(ဂ) ပစ္စည်းပြိုင်၏သဘောမှာ အမျိုးတူ ဓာတ်တူ သဘာဂ ပစ္စည်းတို့တွင် မူတည်သောပစ္စည်းနှင့် ပစ္စည်း, ပစ္စယုပ္ပန် အများဆုံးသော ပစ္စည်း (သို့မဟုတ်) တူမျှသောပစ္စည်းများကို ရွေးချယ်စိစစ်၍ ရှေးဦးစွာ

ပြိုင်ကြရမည်။ ထို့နောင် အစဉ်အတိုင်း ပစ္စည်း၊ ပစ္စယုပ္ပန် များရာကို ရှာဖွေ၍ပြိုင်ပါ။ ထို့နောင် အနည်းဆုံးကိုထား၍ ပြိုင်ကြသည်ဟု အမြဲ မှတ်ရန် ဥပဒေသတည်း။

ပစ္စည်းပြိုင်သဘောကို ဥပမာပြဆိုချက် (ဆရာကြီးနည်း)

(ဃ) လောကူပမာဖြင့် 'ပြိုင်၏' ဟုဆိုသော် အဘယ်သို့ ပြိုင်ကြသနည်းဟူမူ -

ဥပမာ- လူပေါင်း ၂၄-ယောက် (သို့မဟုတ်) ၄၉-ယောက် ရှိသည်တို့တွင် အမျိုးတူ ဇာတ်တူအားဖြင့် အကြီးဥက္ကဋ္ဌ ရှစ်ယောက်ရှိ၏။ ၎င်းရှစ်ယောက် မှာလည်း နောက်လိုက်ငယ်သားနှင့်တကွ (၁၅)ယောက်စီ၊ ရှစ်ယောက်စီ စသည်ဖြင့် ရှိကြ၏။ (၁၅)ယောက်မှာလည်း ငွေ(၁၀၀ိ)ရှိသူ၊ ငွေ(၅၀ိ)စသည် ရှိသူ၊ လုံးလုံးမရှိသူဟု ခွဲ၍၊ မိမိတို့ အသင်းသားထဲတွင် ငွေ(၁၀၀ိ)ရှိသူက အသင်တို့ (၁၄)ယောက်မှာ ငွေ(၁၀၀ိ)ရှိသူ ထွက်ခဲ့ကြ ဟုဆိုသော် ၄-ယောက်၊ ၅-ယောက်စသည် ထွက်၏။ ကျန်သောသူများမှာ (၅၀ိ-၂၀ိ)စသည်ဖြင့် ရှိ၍သာ မထွက်ရ။ မိမိရှိရင်းငွေ (၁၀၀ိ)ကို လျှော့၍ ထိုသူတို့၏အရှိကို ငဲ့ပြီးလျှင် (၅၀ိ)ရှိသူ ထွက်ခဲ့ကြဟုဆိုသော် တစ်ယောက်၊ နှစ်ယောက်စသည် ထွက်လာ၏။ ကျန်သောသူတို့ မပြိုင်နိုင်သေးက ရှိပြီးငွေကို လျှော့၍လျှော့၍ ပြိုင်သကဲ့သို့ မှတ်လေ။ (ဤကား ဆရာကြီး ဥပမာပေးပုံတည်း။)

'လူပေါင်း (၂၄/၄၉) ယောက်'ဆိုသည်မှာ (၂၄)ပစ္စည်း၊ ဝါ- အမျိုးပေါင်း (၄၉)မျိုးကို ရည်၍ဆိုသည်။ 'ဥက္ကဋ္ဌရှစ်ယောက်' ဆိုသည်မှာ ရှစ်ပစ္စည်း၊ ကိုးမျိုးတည်း။ 'တစ်ယောက် တစ်ယောက်လျှင် ငယ်သားနှင့်တကွ ၁၅-ယောက်စီ၊ (၈)ယောက်စီ'ဆိုသည်မှာ သဟဇာတမျိုး(၁၅)၊ အာရမ္မဏမျိုး(၈) စသည်တို့တည်း။

'ငွေ(၁၀ဝိ)ရှိသူ'ဆိုသည်မှာ ဟေတုမူဖြစ်အံ့- ဟိတ်၆-ပါး။ '(၅၀-၂၀) စသည်ရှိသူ'ဆိုသည်မှာ ဟိတ် ၃-ပါး၊ ဟိတ် တစ်ပါးသာ ရှိသည်ကိုဆိုသည်။ 'လုံးလုံးမရှိသူ'ဆိုသည်မှာ သဟဇာတမျိုး(၁၅)တွင် သဟဇာတကမ္မ၊ သဟဇာတာဟာရ၊ ဈာန။ ဤသုံးပါးကို ရည်၍ဆိုသည်။

'၄-ယောက် ထွက်၍ ပြိုင်ကြ၏' ဟူသည်မှာ သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ။ ဤ ၄-ပစ္စည်းတည်း။ 'တစ်ယောက် နှစ်ယောက် ထွက်၍ပြိုင်ကြ၏'ဟူသည်မှာ အညမည၊ သမ္ပယုတ္တ စသည်တို့ကို ရည်၍ဆိုသည်ဟု သဘောကျအောင် မှတ်လေ။

အဋ္ဌကထာ ဋီကာတို့၌ သာမည ဝိသေသ ပြိုင်ပုံ

(၁) အဋ္ဌကထာ ဋီကာတို့၌ ပစ္စယသတ္တိ ပြိုင်ဟန် **သာမည**ကား- လောဘမူဇောဝီထိ၌ ပထမဇောနာမက္ခန္ဓာ လေးပါးတို့တွင် တစ်ပါးသော နာမက္ခန္ဓာသည် သုံးပါးသော နာမက္ခန္ဓာအားလည်းကောင်း၊ သုံးပါးသော နာမက္ခန္ဓာသည် တစ်ပါးသော နာမက္ခန္ဓာအားလည်းကောင်း၊ နှစ်ပါးသော နာမက္ခန္ဓာသည် နှစ်ပါးသော နာမက္ခန္ဓာအားလည်းကောင်း ကျေးဇူးပြုကြရာ၌ သဟဇာတ၊ အညမည၊ သဟဇာတနိဿယ၊ သမ္ပယုတ္တ၊ သဟဇာတတ္ထိ၊ သဟဇာတအဝိဂတ။ ဤခြောက်ပစ္စယတို့သည် ပြိုင်၏။ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား ကျေးဇူးပြုရာ၌ ဆိုင်ရာပစ္စည်း ထည့်၍ ပြိုင်လေ။

ဝိသေသအားဖြင့်သော်ကား- လောဘမူဇောဝီထိ စိတ္တုပ္ပါဒ်၌ရှိသော လောဘ မောဟ ဟိတ်နှစ်ပါးသည် လောဘမူ ပထမဇောဝီထိ စိတ် စေတသိက် စိတ္တဇရုပ်တို့အား ဟေတုသတ္တိဖြင့် ကျေးဇူးပြုသောအခါ ဟေတုသတ္တိဟုဆိုအပ်သောသဘောကို မစွန့်မူ၍ ဟေတု၊ သဟဇာတ၊ သဟဇာတနိဿယ၊ သဟဇာတတ္ထိ၊ သဟဇာတအဝိဂတ။ ဤငါးပစ္စယ

သတ္တိတို့သည် ပြိုင်ကြကုန်၏။ ဤသို့ အစရှိသောနည်းဖြင့် မိမိအမျိုးတူ သဘာဂ ဖြစ်ရာတို့၌သာလျှင် ဝိထိချပြီးလျှင် ရှစ်ပစ္စည်း ကိုးမျိုးအလိုက် ထိုက်သင့်ရာကို ပြိုင်ကြလေ။

(၂) **သဘာဂ-ဝိသဘာဂ အရေအားဖြင့်** ပစ္စယသတ္တိ ပြိုင်ရာတို့၌ တစ်ခုသောတရား၏ များစွာသော ပစ္စည်းရှိသည်၏အဖြစ်ကြောင့် ဟေတုပစ္စည်း၌ ဟိတ် ၆-ပါးတို့တွင် အမောဟဟိတ်သည် တစ်ခုသောတရား ဖြစ်၏။ ထိုအမောဟသည် ပုရေဇာတ၊ ကမ္မ၊ အာဟာရ၊ ဈာန။ ဤ ၄-ပစ္စည်းသည် ကျေးဇူးမပြုနိုင်။ ကြွင်းကုန်သော (၂၀)သော ပစ္စည်းတို့သည် ယထာရဟ ကျေးဇူးပြုကြကုန်၏။

အလောဘ၊ အဒေါသတို့၌ ဣန္ဒြိယ၊ မဂ္ဂပစ္စည်းတို့သည် ကျေးဇူးမပြုကုန်။ ကြွင်းသော (၁၈)ပစ္စည်းတို့သည် ကျေးဇူးပြုကုန်၏။

လောဘ၊ မောဟတို့၌ ဝိပါကပစ္စည်းသည် ကျေးဇူးမပြု။ ကြွင်းသော (၁၇)ပစ္စည်းတို့သည် ကျေးဇူးပြုကုန်၏။

ဒေါသ၌ အဓိပတိပစ္စည်းသည် ကျေးဇူးမပြု။ ကြွင်းသော (၁၆)ပစ္စည်း တို့သည် ကျေးဇူးပြုကုန်၏။

အာရမ္မဏအစရှိသော ပစ္စည်းတို့၌လည်း တစ်ခုသောတရား၏ များစွာသော ပစ္စည်းရှိသည်၏အဖြစ်ကို သိလေ။

ထို့ကြောင့် ပဋ္ဌာနအဋ္ဌကထာ၌ -

ဧကမ္ပိသ အနေကပစ္စယဘာဝတော်တိ ဟေတုပစ္စယေ တာဝ အမောဟော ဧကော ဓမ္မော။ သော ပုရေဇာတကမ္မာဟာရဈာန-ပစ္စယော ဝ န ဟောတိ၊ သေသာနံ ဝီသတိယာ ပစ္စယာနံ ဝသေန ပစ္စယော ဟောတိ။ အလောဘာဒေါသာ ဣန္ဒြိယမဂ္ဂပစ္စယာပိ န ဟောန္တိ၊ သေသာနံ အဋ္ဌာရသန္နံ ပစ္စယာနံ ဝသေန ပစ္စယာ ဟောန္တိ။ လောဘမောဟာ ဝိပါကပစ္စယာပိ န ဟောန္တိ၊ သေသာနံ

သတ္တရသန္နံ ပစ္စယာနံ ဝသေန ပစ္စယာ ဟောန္တိ။ ဒေါသော အဓိပတိပစ္စယောပိ န ဟောတိ၊ သေသာနံ သောဠသန္နံ ပစ္စယာနံ ဝသေန ပစ္စယော ဟောတိ[၁]-ဟု မိန့်၏။

(၃) သဘာဝမျိုးသက်သက်၌ တစ်ခုသောပစ္စည်း၏ များစွာသော ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်၏အဖြစ်ကြောင့် (၂၄)ပါးသော ပစ္စည်းတို့တွင် အမောဟသည် ဟေတုပစ္စည်း ဖြစ်၏။ ထိုအမောဟသည် ဟေတု တစ်ပစ္စည်း ၏အဖြစ်ကို မစွန့်မူ၍သာလျှင် ဟေတု၊ အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ ဣန္ဒြိယ၊ မဂ္ဂ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတတို့နှင့် စပ်သဖြင့်သာလျှင် တစ်ပါးကုန်သော၊ (၁၁)ပါးကုန်သော အခြင်းအရာတို့ဖြင့် အနေကပစ္စယ အဖြစ်သို့ရောက်၏။ ဤ (၁၁)ပါးသော ပစ္စည်းကိုလည်း ဝိပါက်ဟိတ်တို့၌သာလျှင် ရအပ်၏။

ကုသိုလ်, ကြိယာဟိတ်တို့၌ကား ဝိပါက လျော့၍ (၁၀)သာရ၏။ အလောဘ၊ အဒေါသဟိတ်တို့သည် ထို (၁၀)ပစ္စည်းမှ အဓိပတိ၊ ဣန္ဒြိယ၊ မဂ္ဂ သုံးပါးကို ပယ်၍ ကြွင်းခုနစ်ပစ္စည်းတို့၏အစွမ်းဖြင့် အနေကပစ္စယ အဖြစ်သို့ ရောက်ကုန်၏။

လောဘ၊ ဒေါသ၊ မောဟတို့သည်လည်း အဓိပတိ၊ ဝိပါက၊ ဣန္ဒြိယ၊ မဂ္ဂ လေးပါးကိုပယ်၍ ကြွင်းခုနစ်ပစ္စည်းတို့၏အစွမ်းဖြင့် အနေကပစ္စယ အဖြစ်သို့ ရောက်ကုန်၏ဟူလို။

ထို့ကြောင့် အဋ္ဌကထာ၌ -

အမောဟော ဟေတုပစ္စယော၊ သော ဟေတုပစ္စယတ္တံ အဝိဇဟန္တောဝ အဓိပတိသဟဇာတအညမညနိဿယဝိပါကဣန္ဒြိယမဂ္ဂသမ္ပယုတ္တဝိပ္ပယုတ္တအတ္ထိအဝိဂတာနံ ဝသေန အပရေဟိပိ ဧကာဒသဟာကာရေဟိ အနေကပစ္စယဘာဝံ ဂစ္ဆတိ၊ အလောဘာ-

---
၁။ ပဋ္ဌာနအဋ္ဌ၊ ၄၊ ၃၈၇။

ဒေါသာ တတော အဓိပတိက္ကန္ဒြိယမဂ္ဂပစ္စယေ တယော အပနေတွာ သေသာနံ ဝသေန အနေကပစ္စယဘာဝံ ဂစ္ဆန္တိ။ ဣဒံ ဝိပါကဟေတူသုယေဝ လဗ္ဘတိ၊ ကုသလကိရိယေသု ပန ဝိပါကပစ္စယတာ ပရိဟာယတိ။ လောဘဒေါသမောဟာ တေ တယော ဝိပါကဋ္ဌာတိ စတ္တာရော အပနေတွာ သေသာနံ ဝသေန အနေကပစ္စယဘာဝံ ဂစ္ဆန္တိ[၁]-ဟုမိန့်၏။

အာရမ္မဏပစ္စည်း အစရှိသည်တို့၌လည်း အာရမ္မဏပစ္စည်းသဘောကို မစွန့်မူ၍ ကြွင်းခုနစ်ပစ္စည်းတို့သည် အနေကပစ္စယ အဖြစ်သို့ရောက်သောအဖြစ်ကို နည်းမှီ၍သိကြလေ။ အဋ္ဌကထာ၌ကား ရှစ်ပစ္စည်းကုန်အောင်ပြ၏ဟူပေ။

ဃဋနာပစ္စည်းပြိုင် ဆိုရိုး

(၄) အထူးမှတ်ရန် ပစ္စည်းပြိုင်ဆိုရိုးစကား၌ -

'သမ္ပယုတ္တက္ခန္ဓာအားတပ်သော'ဟု ပစ္စယုပ္ပန်ကို သာမညအားဖြင့် ဆိုထားသောကြောင့် ဟေတု ပစ္စည်းဖြစ်အံ့- သဟိတ်စိတ်၊ စေတသိက်နာမက္ခန္ဓာဟု အဝိပါက၊ သဝိပါက ဃဋနာအလိုက် ထိုက်သင့်ရာ သိရှိနားလည်စေရန်အလို့ငှာ ဆရာတပည့် အပြန်အလှန် ပြောပုံပြောနည်းနှင့်တကွ အမြွက်မျှ ပြဆိုပေအံ့။

'ဟေတု ပစ္စည်းက- ဟိတ် ၆-ပါး ပစ္စည်း။ သဟိတ်စိတ် ဧကသတ္တတိ၊ မောဟမူဒွေး၌ မောဟကြဉ်သော စေတသိက် ဒွေပညာသ၊ သဟိတ်စိတ္တဇရုပ်၊ သဟိတ် ပဋိသန္ဓေကမ္မဇရုပ် ပစ္စယုပ္ပန်ထားလျှင်၊ ဟိတ်ပါသော သဟဇာတမျိုး (၁၁)ပစ္စည်းတို့တွင် ဟေတုနှင့် ဘယ်နှစ်ပစ္စည်း ပြိုင်နိုင်ကြသနည်း'ဟု မေးပါ။

၁။ ပဥ္စပကရဏ၊ ဋ္ဌ၊ ၃၈၉။

'သဟဇာတမတ္တ၊ သဟဇာတနိဿယ၊ သဟဇာတတ္ထိ၊ သဟဇာတ-အဝိဂတ၊ ဤ ၄-ပစ္စည်း ပြိုင်ပါသည်'ဟု ဖြေပါ။

၄င်းလေးပစ္စည်းကို သဗ္ဗဋ္ဌာနိကဃဋ္ဋနာဟု ခေါ်သည်။ အဘယ့်ကြောင့် ခေါ်သနည်း။ ဤ ၄-ပစ္စည်းတို့သည် ခပ်သိမ်းကုန်သော သခ်ၤတဖြစ်ကုန်သော ရုပ်နာမ်တရားတို့၏ တည်ရာဖြစ်ကြကုန်၏။ အကြောင်းလည်း ဖြစ်ကြကုန်၏။ ထို ၄-ပစ္စည်းတို့နှင့်ကင်း၍ဖြစ်သော တစ်စုံတစ်ခုသောတရားဟူ၍ မရှိကောင်း။ ထို့ကြောင့် သဟဇာတ၊ သဟဇာတနိဿယ၊ သဟဇာတတ္ထိ၊ သဟဇာတအဝိဂတ၊ ဤ ၄-ပစ္စည်း တို့သည် နောက်နောက်သော ဃဋ္ဋနာဟူသမျှတို့၌ လိုက်၍ပြိုင်ကြလေသောကြောင့် 'သဗ္ဗဋ္ဌာနိကဃဋ္ဋနာ'ဟု ခေါ်သည်မှတ်လေ။ (ပထမချက်)။

ထို့ကြောင့် ပဋ္ဌာနအဋ္ဌကထာ၌ -

သဗ္ဗဋ္ဌာနိကာသဗ္ဗဋ္ဌာနိကာတောတိ ဧတေသု စ သဟဇာတ-နိဿယအတ္ထိအဝိဂတပစ္စယာ သဗ္ဗဋ္ဌာနိကာ နာမ၊ သဗ္ဗေသံ သခ်ၤတာနံ ရူပါရူပဓမ္မာနံ ဌာနဘူတာ၊ ကာရဏဘူတာတိ အတ္ထော။ ဧတေဟိ ဝိနာ ဥပ္ပဇ္ဇမာနော ဧကဓမ္မောပိ နတ္ထီတိ[၁]- ဟု မိန့်၏။

(၅) ဟေတုပစ္စည်းက- အညမညကိုင်၍ ဟိတ် ၆-ပါး ပစ္စည်း။ သဟိတ်စိတ် စေတသိက် ဟဒယဝတ္ထု ပစ္စယုပ္ပန်ထားလျှင်၊ ဟေတုနှင့် ဘယ်နှစ်ပစ္စည်း ပြိုင်ကြသနည်း။ ၄င်းလေးပစ္စည်းတွင် အညမညကို ထည့်၍ အညမညနှင့်တကွ ၅-ပစ္စည်း ပြိုင်ကြသောကြောင့် 'သအညမညဃဋ္ဋနာ' ဟု ခေါ်သည်။ (ဒုတိယချက်)။

(၆) ဟေတုက- အညမညနှင့်သမ္ပယုတ္တကိုင်၍ ဟိတ် ၆-ပါး ပစ္စည်း။ သဟိတ်စိတ် စေတသိက် ပစ္စယုပ္ပန်ထားလျှင်၊ ဘယ်နှစ်ပစ္စည်း

၁။ ပဋ္ဌာနအဋ္ဌ၊ ၄၊ ၃၉၃။

ပြိုင်ကြသနည်း။ ၄င်းလေးပစ္စည်းတွင် အညမညနှင့်သမ္ပယုတ္တကို ထည့်၍ ၆-ပစ္စည်း ပြိုင်သောကြောင့် 'သအညမည သမ္ပယုတ္တဃဋနာ'ဟု ခေါ်သည်။ (တတိယချက်)။

(၇) ဟေတုက- သဟဇာတ၊ ဝိပ္ပယုတ္တကိုင်၍ ဟိတ် ၆-ပါး ပစ္စည်း။ သဟိတ်စိတ္တဇရုပ်၊ သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ် ပစ္စယုပ္ပန် ထားလျှင်၊ ဘယ်နှစ်ပစ္စည်း ပြိုင်ကြသနည်း။ ၄င်းလေးပစ္စည်းတွင် ဝိပ္ပယုတ္တထည့်၍ ၅-ပစ္စည်း ပြိုင်ကြသောကြောင့် 'သဝိပ္ပယုတ္တဃဋနာ'ဟု ခေါ်သည်။ (စတုတ္ထချက်)။

ဤနည်းကိုမှီ၍ ပစ္စည်း၊ ပစ္စယုပ္ပန် သဘာဂဖြစ်ရာ တိုက်ဆိုင်ကြပြီး လျှင် ဆရာတပည့် အပြန်အလှန်မေးမြန်း၍ ပစ္စည်းပြိုင် ကုန်သည့်တိုင် အောင် သဘောကြီးကြီးထားလျက် ပြောဆိုချပို့တော်မူကြပါကုန်။

ဃဋနာဝေါဟာရ ဥပဒေသ

(၈) အလုံးစုံသော ပစ္စည်းတို့နှင့်ဆိုင်ရာ ဃဋနာဝေါဟာရ ဥပဒေသ တို့ကို နည်းရရုံမျှ ရေးဦးစွာ ပြဆိုပေအံ့။

အဘယ့်ကြောင့် 'အဝိပါကဃဋနာ'ဟု ခေါ်ရသနည်း။ ဟေတုပစ္စည်း၌ ကုသိုလ်, အကုသိုလ်, အဗျာကတဟိတ် ကိုးပါးတို့ကို သာမညအားဖြင့် ဆိုအပ်ကုန်သည်ဖြစ်၍ မသုံးသပ်အပ်သော ဝိပါက်ဟိတ် ရှိသောကြောင့် 'အဝိပါကဃဋနာ'ဟု ခေါ်ပါသည်။ ထိုသို့ပင် မသုံးသပ် အပ်သော ဝိပါက်ဟိတ် ရှိသော်လည်း ရှေးဦးစွာသော အဝိပါကဃဋနာတို့၌ 'အဗျာကတေန အဗျာကတ' ဝိဿဇ္ဇနာ၌ကား ဝိပါက်ဟိတ်ကိုလည်း ရသည်ဟုမှတ်။ (အချို့သူတို့က အဝိပါကဃဋနာ ဖြစ်သောကြောင့် ဝိပါက်ဟိတ် မရဟု ညာဝါးပြောဆိုတတ်ကြသည်၊ သတိမူလေ။)

ထို့ကြောင့် အဋ္ဌကထာ၌ -

ဧတေသု ပန ဃင္နေသု သဗ္ဗပဌမာနိ စတ္တာရိ ဃင္နာနိ သာမညတော နဝန္နမ္ပိ ဟောတူနံ ဝသေန ဝုတ္တာနိ အဝိပါကာနိ။ အဗျာကတေန အဗျာကတဝိသယဇ္ဈနေ ပနေတ္ထ ဝိပါကဟေတုပိ လဗ္ဘတိ[၁]-ဟုမိန့်၏။

ဧတေသု ပန ဃင္နေသု၊ တို့တွင်။ သဗ္ဗပဌမာနိ၊ အလုံးစုံသော ဃင္နာတို့၏ ရှေးဦးစွာဖြစ်ကုန်သော။ စတ္တာရိ၊ ကုန်သော။ ဃင္နာနိ၊ တို့ကို။ သာမညတော၊ သာမန်အားဖြင့်၊ ဝါ- ကုသိုလ်, အကုသိုလ်, အဗျာကတ ဟိတ်တို့နှင့် ဆက်ဆံသောအားဖြင့်။ နဝန္နမ္ပိ၊ ကုန်သော။ ဟေတူနံ၊ တို့၏။ ဝသေန၊ စပ်သဖြင့်။ ဝုတ္တာနိ၊ ဆိုအပ်ကုန်သည်။ ဟုတ္ဘာ၊ ဖြစ်၍။ အဝိပါကာနိ၊ မသုံးသပ်အပ်သော ဝိပါက် ရှိကုန်သည်။ ဟောန္တိ၊ ကုန်၏။ ပန၊ ထိုသို့ပင် မသုံးသပ်အပ်သော ဝိပါက်ဟိတ် ရှိသော်လည်း။ ဧတ္ထ၊ ဤရှေးဦးစွာသော။ အဝိပါကဃင္နာ၊ တို့၌။ အဗျာကတေန အဗျာကတဝိသယဇ္ဈနေ၊ ၌။ ဝိပါက-ဟေတုပိ၊ ဝိပါက်ဟိတ်ကိုလည်း။ လဗ္ဘတိ၊ ရအပ်၏။

မူလဋီကာ၌လည်း -

အဝိပါကာနီတိ အနာမဋ္ဌဝိပါကာနီတိ အတ္ထော၊ န ဝိပါကဟေတု-ရဟိတာနီတိ[၂]-ဟု မိန့်သည်ကိုထောက်ပါ။ (အဝိပါကဃင္နာ ဟူက နည်းတူမှတ်ကြ။)

(၉) အဘယ့်ကြောင့် 'သဝိပါကဃင္နာ'ဟု ခေါ်သနည်း။ ဟောတု ဖြစ်အံ့- ဝိပါက်ဟိတ် သုံးပါး ထိုဟိတ် သုံးပါးနှင့်တကွဖြစ်သော ဝိပါက် နာမက္ခန္ဓာ၊ သဟိတ် စိတ္တဇရုပ်၊ သဟိတ် ပဋိသန္ဓေကမ္မဇရုပ်တို့သာ ရအပ် လေသောကြောင့် 'သဝိပါကဃင္နာ' ခေါ်သည်ဟု မှတ်အပ်၏။

(၁၀) အဘယ့်ကြောင့် 'သာမညဃင္နာ'ဟု ခေါ်သနည်း။ ဟောတု

၁။ ပဥ္စပကရဏ၊ ဋ္ဌ၊ ၄၅၄။ ၂။ ၄၄း၊ မူလဋီကာ၊ ၂၂၄။

ဖြစ်အံ့- ဝိသေသဖြစ်ကြသော သက္ကန္ဒြိယမဂ္ဂဃင္ဓနှာ၊ သာဓိပတိက္ကန္ဒြိယ- မဂ္ဂဃင္ဓနှာတို့ကို ယောက်သောအားဖြင့် သဟဇာတမတ္တ စသောပစ္စည်းတို့ကို ဟိတ်(၆)ပါး၊ ဟိတ်(၃)ပါးတို့၌သာ ပေါင်းစုဝေဖန်၍ သာမည ပြိုင်ဆိုင်ကြ သောကြောင့် 'သာမညဃင္ဓနှာ' ဟု ခေါ်သည်ဟူလို။ (သာမညဃင္ဓနှာ ဟူက ဤနည်းတူသိ။)

သဟဇာတမိဿကဋ္ဌ ဩမက ဥက္ကဋ္ဌ ပြိုင်ပုံအထူး

(၁၁) သဟဇာတမိဿကဋ္ဌ အညမည၊ နိဿယ၊ ဝိပါက၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ။ ဤခုနစ်ပစ္စယသတ္တိတို့နှင့်သာ ဃင္ဓနှာ ဝေဖန်၍ ပြိုင်ကြသော်လည်း သဟဇာတပစ္စည်းသည် မိမိသဘောကို မစွန့်မူ၍ ဟေတု၊ အဓိပတိ၊ အညမည၊ နိဿယ၊ ကမ္မ၊ ဝိပါက၊ အာဟာရ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ။ ဤ (၁၄)ပစ္စည်းတို့၏အစွမ်းဖြင့် အနေကပစ္စယအဖြစ်သို့ ရောက်၏။ ဤကား ဥက္ကဋ္ဌနည်းအားဖြင့်သာ ဆိုကြောင်း အဋ္ဌကထာ လာသည်။ ထို့ကြောင့် -

သဟဇာတပစ္စယော သဟဇာတပစ္စယတ္တံ အဝိဇဟန္တောဝ ဟေတုအဓိပတိအညမညနိဿယကမ္မဝိပါကအာဟာရဣန္ဒြိယ- ဈာနမဂ္ဂသမ္ပယုတ္တဝိပ္ပယုတ္တအတ္ထိအဝိဂတာနံ ဝသေန အပရေဟိ စုဒ္ဒသဟာကာရေဟိ အနေကပစ္စယဘာဝံ ဂစ္ဆတိ။ အယမ္ပိ ဥက္ကဋ္ဌ- ပရိစ္ဆေဒေါ[၁]-ဟု မိန့်၏။

(၁၂) ထိုသို့ပင် (၁၄)ပစ္စယ ပြိုင်သင့်၏ဟုမိန့်သော်လည်း (၁၄)ပစ္စယ မပြိုင်ဟု မှတ်ရမည်။ အဘယ့်ကြောင့်နည်း။ ဟဒယဝတ္ထု မဟာဘုတ်ဟု ဆိုအပ်သော သဟဇာတပစ္စည်းတို့နှင့် စပ်ကြသဖြင့် ဤ

၁။ ပဋ္ဌာနအဋ္ဌကထာ၊ ဌ၊ ၃၉၀။

(၁၄)ပစ္စယတို့တွင် ဟေတု၊ အဓိပတိ၊ ကမ္မ၊ အာဟာရ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂတို့၏ မိမိတို့ဆိုင်ရာ သဘာဂလက္ခဏာတို့ဖြင့် အသီးသီး ပြိုင်ပြီး ပြိုင်ဆဲ ပြိုင်လတ္တံ့ ဖြစ်သောကြောင့် ဤ၌ မရထိုက် မပြိုင်ထိုက်၏အဖြစ်ကို သိအပ်လေတော့သည်။

ထို့ကြောင့် အဋ္ဌကထာ၌ပင် -

ဝတ္ထုသဟဇာတာဒီနံ ပန ဝသေနေတ္ထ ဟေတုပစ္စယာဒီနံ အာဘောဂါဝိ ဝေဒိတဗ္ဗော[၁]- ဟု မိန့်ရပြန်သည်ဟူလို။

ဤသို့ ဥက္ကဋ္ဌနည်းဖြင့် ပြသော နိဿယ၊ ဝိပါက စသောပစ္စည်းတို့ကို လည်း ဤနည်းတူသိလေ။ ကြွင်းသမျှသော ပစ္စည်းတို့၌လည်း မိမိသဘော သတ္တိကို မစွန့်မူ၍ အမျိုးတူဇာတ်တူ သဘာဂဖြစ်ရာတို့၌ ပြိုင်ဆိုင်ကြသည်၏ အဖြစ်ကို သိနိုင်လောက်ပြီဖြစ်၍ ပစ္စည်းပြိုင်၏အဓိပ္ပာယ် ဤတွင် တစ်ခန်းရပ် လိုက်ပြီ။

အနေကပစ္စယကထာ ပြီး၏။

ပစ္စည်းပြိုင်ပုံ ဆိုရိုး (ဆရာကြီးဦးအုန်း ချုပ်နည်း)

ပစ္စည်းပြိုင်ပုံ ဆိုရိုးစကား အနုသန္ဓေဆက်စပ်ပုံ အကောက်ဆရာနှင့် အနည်းငယ် ကွဲလွဲငြားသော်လည်း ဆရာကြီး ချုပ်နည်းအစဉ် ဖြစ်သည့် အတိုင်း စစ်ပြပေတော့အံ့။

(၁) ဟေတုမိဿက၌ ဃဋနာ (၂၄)ပါးတည်း။ (၂၄)ပါးဟူသော်ကား သာမညဃဋနာ (၉)ပါး၊ သဣန္ဒြိယမဂ္ဂဃဋနာ (၉)ပါး၊ သာဓိပတိ-ဣန္ဒြိယမဂ္ဂဃဋနာ (၆)ပါးအားဖြင့် (၂၄)ပါးဖြစ်သတည်း။

၁။ ပဥ္စပကရဏ၊ ၄၊ ၃၉၀။

ထို(၂၄)ပါး တို့တွင် - သာမညဈာန် (၉)ပါးဟူသော်ကား အဝိပါကဈာန် လေးပါး၊ သဝိပါက-ဈာန် ငါးပါးအားဖြင့် ကိုးပါး ဖြစ်သတည်း။ ထိုကိုးပါး တို့တွင် -

* အဝိပါကဈာန် (၄)ပါးဟူသော်ကား သဗ္ဗဥ္ဉာဏိကဈာန်၊ သအညမညဈာန်၊ သအညမည သမ္ပယုတ္တဈာန်၊ သဝိပ္ပယုတ္တဈာန် အားဖြင့် လေးပါး ဖြစ်သတည်း။

ထိုလေးပါးတို့တွင် သဗ္ဗဥ္ဉာဏိကဈာန်၌ သမ္ပယုတ္တက္ခန္ဓာ သဟိတ် စိတ္တဇရုပ်၊ သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်အားတပ်သော ဟိတ်(၆)ပါးဖြစ်အံ့- သဟဇာတ၊ သဟဇာတ နိဿယ၊ သဟဇာတတ္ထိ၊ သဟဇာတ အဝိဂတ။ ဤ (၄)ပစ္စယသတ္တိတို့သည် ဟေတုပစ္စည်းနှင့် ပြိုင်ကုန်၏။ (သချာ သတ္တ၊ ဆိုရိုး မပြုနှင့်။)

သအညမညဈာန်၌ သမ္ပယုတ္တက္ခန္ဓာ ဟဒယဝတ္ထုအားတပ်သော ဟိတ်(၆)ပါး ဖြစ်အံ့- သဟဇာတ၊ အညမည၊ သဟဇာတ နိဿယ၊ သဟဇာတတ္ထိ၊ သဟဇာတ အဝိဂတ။ ဤ (၅)ပစ္စယသတ္တိတို့သည် ဟေတုပစ္စည်းနှင့် ပြိုင်ကုန်၏။ သချာ တီကာ။

သအညမည သမ္ပယုတ္တဈာန်၌ သမ္ပယုတ္တက္ခန္ဓာအားသာ တပ်သော ဟိတ်(၆)ပါး ဖြစ်အံ့-သဟဇာတ၊ အညမည၊ သဟဇာတ နိဿယ၊ သမ္ပယုတ္တ၊ သဟဇာတတ္ထိ၊ သဟဇာတ အဝိဂတ။ ဤ(၆)ပစ္စယ သတ္တိတို့သည် ဟေတုပစ္စည်းနှင့် ပြိုင်ကုန်၏။ သချာ တီကာ။

သဝိပ္ပယုတ္တဈာန်၌ သဟိတ်စိတ္တဇရုပ်၊ သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ် အားတပ်သော ဟိတ်(၆)ပါး ဖြစ်အံ့- သဟဇာတ၊ သဟဇာတ နိဿယ၊ သဟဇာတ ဝိပ္ပယုတ္တ၊ သဟဇာတတ္ထိ၊ သဟဇာတ အဝိဂတ။ ဤ(၅)ပစ္စယသတ္တိတို့သည် ဟေတုပစ္စည်းနှင့် ပြိုင်ကုန်၏။ ဤကား အဝိပါကဈာန် (၄)ပါးဖြစ်သတည်း။ သချာ တီကာ။

* သဝိပါကဃဋ္ဋနာ ငါးပါးဟူသော်ကား- သဗ္ဗဋ္ဌာနိကဃဋ္ဋနာ၊ သအညမညဃဋ္ဋနာ၊ သအညမည သမ္ပယုတ္တဃဋ္ဋနာ၊ သဝိပ္ပယုတ္တဃဋ္ဋနာ၊ သအညမည ဝိပ္ပယုတ္တဃဋ္ဋနာအားဖြင့် (၅)ပါးဖြစ်သတည်း။

ထို (၅)ပါးတို့တွင် သဗ္ဗဋ္ဌာနိကဃဋ္ဋနာ၌ သမ္ပယုတ္တက္ခန္ဓာ သဟိတ် စိတ္တဇရုပ်၊ သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်အားတပ်သော ဝိပါက်ဟိတ် သုံးပါး ဖြစ်အံ့- သဟဇာတ၊ သဟဇာတ နိဿယ၊ ဝိပါက၊ သဟဇာတတ္ထိ၊ သဟဇာတ အဝိဂတ။ ဤ (၅)ပစ္စယသတ္တိတို့သည် ဟောတုပစ္စည်းနှင့် ပြိုင်ကုန်၏။ နောက်ဃဋ္ဋနာတို့၌လည်း အမျိုးအမည်ဖော်ထုတ်၍ ပြိုင်လေ။ သချာ ဇကံ။

သအညမညဃဋ္ဋနာ၌ သမ္ပယုတ္တက္ခန္ဓာ ဟဒယဝတ္ထုအားတပ်သော ဝိပါက်ဟိတ် သုံးပါး ဖြစ်အံ့- အညမညထည့်၍ ဤ(၆)ပစ္စယသတ္တိ တို့သည် ဟောတုပစ္စည်းနှင့် ပြိုင်ကုန်၏။ သချာ ဇကံ။

သအညမည သမ္ပယုတ္တဃဋ္ဋနာ၌ သမ္ပယုတ္တက္ခန္ဓာအားတပ်သော ဝိပါက်ဟိတ် သုံးပါး ဖြစ်အံ့- အညမည၊ သမ္ပယုတ္တထည့်၍ ဤ(၇)ပစ္စယ သတ္တိတို့သည် ဟောတုပစ္စည်းနှင့် ပြိုင်ကုန်၏။ သချာ ဇကံ။

သဝိပ္ပယုတ္တဃဋ္ဋနာ၌ သဟိတ်စိတ္တဇရုပ်၊ သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်အားတပ်သော ဝိပါက်ဟိတ် သုံးပါး ဖြစ်အံ့- သဟဇာတ ဝိပ္ပယုတ္တ ထည့်၍ ဤ(၆)ပစ္စယသတ္တိတို့သည် ဟောတုပစ္စည်းနှင့် ပြိုင်ကုန်၏။ သချာ ဇကံ။

သအညမညဝိပ္ပယုတ္တဃဋ္ဋနာ၌ ဟဒယဝတ္ထုအားတပ်သော ပဋိသန္ဓေဟိတ် သုံးပါး ဖြစ်အံ့- အညမည၊ သဟဇာတဝိပ္ပယုတ္တ ထည့်၍ ဤ(၇)ပစ္စယသတ္တိတို့သည် ဟောတုပစ္စည်းနှင့် ပြိုင်ကုန်၏။ သချာ ဇကံ။

ဤကား သဝိပါကဃဋ္ဋနာ (၅)ပါးဖြစ်သတည်း။ ဤသို့လျှင် အဝိပါကဃဋ္ဋနာ လေးပါး၊ သဝိပါကဃဋ္ဋနာ ငါးပါးကို ပေါင်းသည်ရှိ

သော် သာမညဈာန် (၉)ပါးဖြစ်သတည်း။ (သင်္ချာ ပြဆိုရခြင်းသည် ဈာန် ပါဌ်တော်အတွက်သာ။ ဆိုရိုး မပြုရ။)

* သက္ကန္ဒိယမဂ္ဂဈာန် (၉)ပါး၌ သာမညဈာန် ကိုးပါးတွင် သဗ္ဗဒွါနိကဈာန်၌ ဣန္ဒြိယ၊ မဂ္ဂကိုထည့်၍ (၆)ပစ္စယ။ သမ္ပယုတ္တက္ခန္ဓာ သဟိတ် စိတ္တဇရုပ်၊ သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်အားတပ်သော အမောဟဟိတ် ပစ္စည်းထား၍ (၉)ပါးစေ့အောင် ဆိုလေ။ သိလောက်ကပြီ။

* သာဓိပတိဣန္ဒြိယမဂ္ဂဈာန် (၆)ပါးလည်း သာမညဈာန် ကိုးပါးတွင် အဝိပါကဈာန်မှ ဒုတိယချက်၊ သဝိပါကဈာန်မှ ဒုတိယချက်၊ ပဉ္စမချက်ကို ပယ်ပြီးလျှင်၊ သဗ္ဗဒွါနိကဈာန်၌ အဓိပတိ၊ ဣန္ဒြိယ၊ မဂ္ဂတို့ကို ထည့်၍ (၇)ပစ္စယ။ သမ္ပယုတ္တက္ခန္ဓာ၊ သာဓိပတိ စိတ္တဇရုပ်အားတပ်သော ဝီမံသာဓိပတိ ပစ္စည်းထား၍ (၆)ပါးစေ့အောင် ဆိုလေ။

ဤသို့လျှင် ဟေတုမိဿက၌ သာမညဈာန် (၉)ပါး၊ သက္ကန္ဒိယ မဂ္ဂဈာန် (၉)ပါး၊ သာဓိပတိ ဣန္ဒြိယ မဂ္ဂဈာန် (၆)ပါးကို ပေါင်းသည်ရှိသော် ဈာန် (၂၄)ပါး ဖြစ်သတည်း။

သက္ကန္ဒိယ မဂ္ဂဈာန် (၉)ပါး၌ သင်္ချာကား- အဝိပါကမှာ စတ္တာရိ။ သဝိပါကမှာ ဧကံ။ သာဓိပတိ ဣန္ဒြိယ မဂ္ဂဈာန် (၆)ပါး၌ နည်းတူ။ စတ္တာရိ၊ ဧကံသာ ထူးတော့၏။

ပစ္စည်းပြိုင်ဆိုသောအခါ တက်နည်း စစ်နည်းတို့ကို ဤဟေတုမိဿက ကို နည်းမှီ၍ ဆိုကြလေ။ နောက်၌ မရေးတော့ပြီ။

ဟေတုမိဿက ပြီး၏။

(၂) အာရမ္မဏမိဿက၌ ဈာန် ငါးပါးတည်း။ ငါးပါးဟူသော်ကား- အဓိပတိ ဥပနိဿယဈာန်၊ ပုရေဇာတ အတ္ထိ အဝိဂတဈာန်၊

သနိဿယ ဝိပ္ပယုတ္တဃဋ္ဋနာ၊ သာဓိပတိ ဥပနိဿယဃဋ္ဋနာ၊ သာဓိပတိ နိဿယ ဥပနိဿယ ဝိပ္ပယုတ္တဃဋ္ဋနာ အားဖြင့် (၅)ပါးတည်း။ ထိုငါးပါးတို့တွင် -

အဓိပတိ ဥပနိဿယဃဋ္ဋနာ၌ အာရမ္မဏာဓိပတိ ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ (၃)။ သင်္ချာ သတ္တ။

ပုရေဇာတ အတ္ထိ အဝိဂတဃဋ္ဋနာ၌ အာရမ္မဏ ပုရေဇာတ ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ (၄)။ သင်္ချာ တိဏိ။

သနိဿယ ဝိပ္ပယုတ္တဃဋ္ဋနာ၌ ဝတ္ထာရမ္မဏ ပုရေဇာတ နိဿယ ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ (၆)။ သင်္ချာ တိဏိ။

သာဓိပတိ ဥပနိဿယဃဋ္ဋနာ၌ အလေးအမြတ်ပြုတတ်သော လောဘမူစိတ် ရှစ်ခုအားတပ်သော အလေးအမြတ်ပြုအပ်သော ပစ္စုပ္ပန်ကာလ၌ ဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသဟုဆိုအပ်သော အာရမ္မဏ ပုရေဇာတာဓိပတိ ပစ္စည်း ဖြစ်အံ့- အာရမ္မဏာဓိပတိ၊ အာရမ္မဏူပနိဿယ၊ အာရမ္မဏ ပုရေဇာတ၊ အာရမ္မဏ ပုရေဇာတတ္ထိ၊ အာရမ္မဏ ပုရေဇာတ အဝိဂတ။ ဤ (၅)ပစ္စယသတ္တိတို့သည် အာရမ္မဏပစ္စည်းနှင့် ပြိုင်ကုန်၏။ အနုလုံ၊ ပစ္စည်းရေ (၆)။ သင်္ချာ ဧကံ။

သာဓိပတိ နိဿယ ဥပနိဿယ ဝိပ္ပယုတ္တဃဋ္ဋနာ၌ အလေးအမြတ်ပြုတတ်သော လောဘမူ မရဏာသန္နဇော ငါးချက်အား တပ်သော အလေးအမြတ်ပြုအပ်သော မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ ရေသည်ရှိသော် (၁၇)ချက်သော စိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထုဟု ဆိုအပ်သော ဝတ္ထာရမ္မဏာဓိပတိ ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ (၈)။ သင်္ချာ ဧကံ။

ဤသို့လျှင် အာရမ္မဏမိဿက၌ ဃဋ္ဋနာ ငါးပါး ဖြစ်သတည်း။

အာရမ္မဏမိဿက ပြီး၏။

(၃) အဓိပတိမိဿကဒွဲ ဃဋနာ (၃၀)တည်း။ (၃၀)ဟူသော်ကား- မိဿကဃဋနာ သုံးပါး၊ ပကိဏ္ဏကဃဋနာ သုံးပါး၊ သဟဇာတဃဋနာ (၂၄)ပါး တည်း။

* မိဿကဃဋနာ သုံးပါးတို့တွင် - အတ္ထိ အဝိဂတဃဋနာဒွဲ သဟဇာတာဓိပတိ ပစ္စည်း၊ အာရမ္မဏာဓိပတိ ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ သုံး။ သင်္ချာ အဋ္ဌ။

သနိဿယဃဋနာဒွဲ သဟဇာတာဓိပတိ ပစ္စည်း၊ ဝတ္ထာရမ္မဏာဓိပတိ ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ လေး။ သင်္ချာ အဋ္ဌ။

သနိဿယ ဝိပ္ပယုတ္တဃဋနာဒွဲ သာဓိပတိ စိတ္တဇရုပ်အားတပ်သော သဟဇာတာဓိပတိ ပစ္စည်း၊ ဝတ္ထာရမ္မဏာဓိပတိ ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ ငါး။ သင်္ချာ စတ္တာရိ။ မိဿကဃဋနာဟူသည်ကား- သဟဇာတမျိုး ပဓာနထား၍ ရောနှောရာတို့ဌသာ မိဿကမှတ်။ တစ်ပါးသောအမျိုးတို့ ရောသော်လည်း မိဿကဟု မဆိုရ။

* ပကိဏ္ဏကဃဋနာ သုံးပါးတို့တွင် အာရမ္မဏ ဉပနိဿယဃဋနာဒွဲ အာရမ္မဏာဓိပတိ ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ သုံး။ သင်္ချာ သတ္တ။

ပုရေဇာတ အတ္ထိ အဝိဂတဃဋနာဒွဲ အာရမ္မဏ ပုရေဇာတာဓိပတိ ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ ခြောက်။ သင်္ချာ ဧကံ။

သနိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတဃဋနာဒွဲ ဝတ္ထာရမ္မဏာဓိပတိ ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ ရှစ်။ သင်္ချာ ဧကံ။

* သဟဇာတဃဋနာ (၂၄)ပါးဟူသော်ကား- ဆန္ဒာဓိပတိဃဋနာ (၆)ပါး၊ စိတ္တာဓိပတိဃဋနာ (၆)ပါး၊ ဝီရိယာဓိပတိဃဋနာ (၆)ပါး၊ ဝီမံသာဓိပတိဃဋနာ (၆)ပါးတည်း။

ဆန္ဒာဓိပတိဃဋနာ (၆)ပါးကား- အဝိပါကဃဋနာ သုံးပါး၊ သဝိပါကဃဋနာ သုံးပါးတည်း။ အဝိပါကဃဋနာ သုံးပါးတို့တွင် အဓိပတိ

သဟဇာတ နိဿယ အတ္ထိ အဝိဂတ သဗ္ဗဋ္ဌာနိကဃဋနာ၌ ဆန္ဒာဓိပတိ ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ ငါး။ သင်္ချာ သတ္တ ဟူသည်တည်း။

သအညမည သမ္ပယုတ္တဃဋနာ၌ သမ္ပယုတ္တက္ခန္ဓာအားတပ်သော ဆန္ဒာဓိပတိ ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ ခုနစ်။ သင်္ချာ တီဏိ။

သဝိပ္ပယုတ္တဃဋနာ၌ သာဓိပတိ စိတ္တဇရုပ်အားတပ်သော ဆန္ဒာဓိပတိ ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ ခြောက်။ သင်္ချာ တီဏိ။

သဝိပါကဃဋနာ သုံးပါးတို့တွင် အဓိပတိ သဟဇာတ နိဿယ ဝိပါက အတ္ထိ အဝိဂတ သဗ္ဗဋ္ဌာနိကဃဋနာ၌ သမ္ပယုတ္တက္ခန္ဓာ သာဓိပတိ စိတ္တဇရုပ်အားတပ်သော ဖိုလ် လေးခု၌ရှိသော ဆန္ဒာဓိပတိ ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ ခြောက်။ သင်္ချာ ဧကံ။

သအညမည သမ္ပယုတ္တဃဋနာ၌ သမ္ပယုတ္တက္ခန္ဓာအားတပ်သော ဖိုလ် လေးခု၌ရှိသော ဆန္ဒာဓိပတိ ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ ရှစ်။ သင်္ချာ ဧကံ။

သဝိပ္ပယုတ္တဃဋနာ၌ သာဓိပတိ စိတ္တဇရုပ်အားတပ်သော ဖိုလ် လေးခု၌ရှိသော ဆန္ဒာဓိပတိ ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ ခုနစ်။ သင်္ချာ ဧကံ။ (ဆန္ဒာဓိပတိဃဋနာ ပြီး၏။)

ဆန္ဒာဓိပတိဃဋနာတွင် သဗ္ဗဋ္ဌာနိကဃဋနာ၌ စိတ္တာဓိပတိဃဋနာ ဖြစ်အံ့- အာဟာရ၊ ဣန္ဒြိယကိုထည့်။ ဝီရိယာဓိပတိဃဋနာ ဖြစ်အံ့- ဣန္ဒြိယ၊ မဂ္ဂကိုထည့်။ ဝီမံသာဓိပတိဃဋနာ ဖြစ်အံ့- ဟေတု၊ ဣန္ဒြိယ၊ မဂ္ဂကိုထည့်။ သင်္ချာမှာ ဝီမံသာဓိပတိဃဋနာ အဝိပါက၌ သင်္ချာ စတ္တာရိသာ ထူးတော့၏။ အကြွင်း ဆန္ဒာဓိပတိဃဋနာနှင့် တူကုန်၏။

အဓိပတိမိဿက ပြီး၏။

(၄) အနန္တရမိဿက၌ ဃဋနာ သုံးပါးတည်း။ ဃဋနာ သုံးပါး

တို့တွင် အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတဃဋနာ၌ အလုံးစုံသော အနန္တရ ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ ငါး။ သင်္ချာ သတ္တ။

သာသေဝနဃဋနာ၌ အလုံးစုံသော အာသေဝန ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ ခြောက်။ သင်္ချာ တီဏိ။

သကမ္မဃဋနာ၌ မဂ္ဂါနန္တရဖိုလ် လေးခုအားတပ်သော မဂ်လေးခု စေတနာ ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ ခြောက်။ သင်္ချာ ဧကံ။

အနန္တရမိဿက ပြီး၏။

(၅) သမနန္တရမိဿက၊ နတ္ထိမိဿက၊ ဝိဂတမိဿကတို့သည် အနန္တရမိဿကနှင့် တူကုန်၏။

သမနန္တရမိဿက ပြီး၏။

(၆) သဟဇာတမိဿက၌ ဃဋနာ ဆယ်ပါးတည်း။ ဃဋနာ ဆယ်ပါး ဟူသော်ကား- အဝိပါကဃဋနာ ငါးပါး၊ သဝိပါကဃဋနာ ငါးပါးတည်း။

အဝိပါကဃဋနာ ငါးပါးတို့တွင် သဟဇာတ နိဿယ အတ္ထိ အဝိဂတ သဗ္ဗဋ္ဌာနိကဃဋနာ၌ အလုံးစုံသော သဟဇာတ ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ လေး။ သင်္ချာ နဝ။ သအညမညဃဋနာ၌ အလုံးစုံသော အညမည ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ ငါး။ သင်္ချာ တီဏိ။ သအညမည သမ္ပယုတ္တဃဋနာ၌ အလုံးစုံသော သမ္ပယုတ္တ ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ ခြောက်။ သင်္ချာ တီဏိ။

သဝိပ္ပယုတ္တဃဋနာ၌ အလုံးစုံသော သဟဇာတ ဝိပ္ပယုတ္တ ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ ငါး။ သင်္ချာ တီဏိ။ သအညမည ဝိပ္ပယုတ္တဃဋနာ၌ အချင်းချင်းအားတပ်သော ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ ဟဒယဝတ္ထု ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ ခြောက်။ သင်္ချာ ဧကံ။ ဤကား

အဝိပါကဃဋနာ ငါးပါးတည်း။

သဝိပါကဃဋနာ ငါးပါးတို့တွင် သဟဇာတ နိဿယ ဝိပါက အတ္ထိ အဝိဂတ သဗ္ဗဋ္ဌာနိကဃဋနာ၌ အလုံးစုံသော ဝိပါက ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ ငါး။ သချာ ဇကံ။ သအညမညဃဋနာ၌ အချင်းချင်းအားလည်းကောင်း၊ ဟာဒယဝတ္ထုအားလည်းကောင်း တပ်သော ဝိပါက ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ ခြောက်။ သချာ ဇကံ။ သအညမည သမ္ပယုတ္တဃဋနာ၌ အချင်းချင်းအားတပ်သော ဝိပါက ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ ခုနစ်။ သချာ ဇကံ။

သဝိပ္ပယုတ္တဃဋနာ၌ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်အားလည်းကောင်း၊ ဟာဒယဝတ္ထုအားလည်းကောင်း တပ်သော ဝိပါက ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ ခြောက်။ သချာ ဇကံ။ သအညမည ဝိပ္ပယုတ္တဃဋနာ၌ ဟာဒယဝတ္ထုအားတပ်သော ဝိပါက ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ ခုနစ်။ သချာ ဇကံ။ ဤကား သဝိပါကဃဋနာ ငါးပါးတည်း။

သဟဇာတမိဿက ပြီး၏။

(၇) အညမညမိဿက၌ ဃဋနာ ခြောက်ပါးတည်း။ ခြောက်ပါး ဟူသော်ကား- အဝိပါကဃဋနာ သုံးပါး၊ သဝိပါကဃဋနာ သုံးပါးတည်း။ သဟဇာတဃဋနာ ဆယ်ချက်တွင် အညမညပါသော ဃဋနာ ခြောက်ချက် ပင်တည်း။ အထူးမရှိပြီ။

အညမညမိဿက ပြီး၏။

(၈) နိဿယမိဿက၌ ဃဋနာ နှစ်ဆယ်ဖြစ်သတည်း။ ဃဋနာ နှစ်ဆယ်ဟူသော်ကား- မိဿကဃဋနာ ခြောက်ပါး၊ ပကိဏ္ဏကဃဋနာ လေးပါး၊ သဟဇာတဃဋနာ ဆယ်ပါးတည်း။

မိဿကဃဋနာ ခြောက်ပါးတို့တွင် အတ္ထိ အဝိဂတဃဋနာ၌

သဟဇာတ နိဿယ ပစ္စည်း၊ ပုရေဇာတ နိဿယ ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ သုံး။ သင်္ချာ တေရသ။

သာဓိပတိဃဋနာ၌ သဟဇာတာဓိပတိ ဝတ္ထာရမ္မဏာဓိပတိ ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ လေး။ သင်္ချာ အဋ္ဌ။

သဣန္ဒြိယဃဋနာ၌ သဟဇာတိန္ဒြိယ ပုရေဇာတိန္ဒြိယ ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ လေး။ သင်္ချာ သတ္တ။

သဝိပ္ပယုတ္တဃဋနာ၌ သဟဇာတ ဝိပ္ပယုတ္တ၊ ပုရေဇာတ ဝိပ္ပယုတ္တ ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ လေး။ သင်္ချာ ပဉ္စ။

သာဓိပတိ ဝိပ္ပယုတ္တဃဋနာ၌ သဟဇာတာဓိပတိ ဝိပ္ပယုတ္တ၊ ဝတ္ထာရမ္မဏာဓိပတိ ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ ငါး။ သင်္ချာ စတ္တာရိ။

သဣန္ဒြိယ ဝိပ္ပယုတ္တဃဋနာ၌ သဟဇာတိန္ဒြိယ ဝိပ္ပယုတ္တ ပုရေဇာတိန္ဒြိယ ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ ငါး။ သင်္ချာ တီဏိ။ (ဤကား မိဿကဃဋနာ ခြောက်ချက်တည်း။)

ပကိဏ္ဏကဃဋနာ လေးပါးတို့တွင် ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတဃဋနာ၌ ဝတ္ထုပုရေဇာတ ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ ငါး။ သင်္ချာ တီဏိ။

သာရမ္မဏဃဋနာ၌ ဝတ္ထာရမ္မဏ ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ ခြောက်။ သင်္ချာ တီဏိ။ သာရမ္မဏာဓိပတိ ဥပနိဿယဃဋနာ၌ ဝတ္ထာရမ္မဏာဓိပတိ ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ ရှစ်။ သင်္ချာ ဧကံ။

သဣန္ဒြိယဃဋနာ၌ ပုရေဇာတိန္ဒြိယ ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ ခြောက်။ သင်္ချာ ဧကံ။ (ဤကား ပကိဏ္ဏကဃဋနာ လေးချက်တည်း။)

သဟဇာတဃဋနာ ဆယ်ပါးသည် ဆိုအပ်ခဲ့ပြီးသော သဟဇာတ မိဿကဃဋနာ ဆယ်ပါးနှင့်တူ၏။

နိဿယမိဿက ပြီး၏။

(၉) ဥပနိဿယမိဿကၡ ဃဋနာ(၇)ပါးတည်း။ ဃဋနာ(၇)ပါး တို့တွင် အာရမ္မဏ အဓိပတိဃဋနာ၌ အာရမ္မဏူပနိဿယ ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ သုံး၊ သင်္ချာ သတ္တ။

သပုရေဇာတ အတ္ထိ အဝိဂတဃဋနာ၌ အာရမ္မဏ ပုရေဇာတာဓိပတိ ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ ခြောက်။ သင်္ချာ ဧက။

သနိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတဃဋနာ၌ ဝတ္ထာရမ္မဏာဓိပတိ ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ ရှစ်။ သင်္ချာ ဧက။

အနန္တရ သမနန္တရ နတ္ထိ ဝိဂတဃဋနာ၌ အလုံးစုံသော အနန္တရူပနိဿယ ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ ငါး။ သင်္ချာ သတ္တ။

သာသေဝနဃဋနာ၌ အလုံးစုံသော အာသေဝန ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ ခြောက်။ သင်္ချာ တိဏိ။

ကမ္မဃဋနာ၌ ဝိပါက် ဆတ္တိံသအားတပ်သော ဗလဝနာနာက္ခဏိက ကမ္မ ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ နှစ်။ သင်္ချာ ဒွေး။

သအနန္တရ သမနန္တရ နတ္ထိ ဝိဂတဃဋနာ၌ မဂ္ဂါနန္တရ ဖိုလ်လေးခုအားတပ်သော မဂ်လေးခု စေတနာ ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ ခြောက်။ သင်္ချာ ဧက။

ဥပနိဿယမိဿက ပြီး၏။

(၁၀) ပုရေဇာတမိဿကၡ ဃဋနာ ခုနစ်ပါးတည်း။ ဃဋနာ ခုနစ်ပါး တို့တွင် အတ္ထိ အဝိဂတဃဋနာ၌ အာရမ္မဏပုရေဇာတ ဝတ္ထုပုရေဇာတ ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ သုံး။ သင်္ချာ တိဏိ။

သနိဿယ ဝိပ္ပယုတ္တဃဋနာ၌ အလုံးစုံသော ဝတ္ထုပုရေဇာတ ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ ငါး။ သင်္ချာ တိဏိ။

သာရမ္မဏဃဋနာ၌ အလုံးစုံသော အာရမ္မဏပုရေဇာတ ပစ္စည်း၊

အနုလုံ၊ ပစ္စည်းရေ လေး။ သင်္ချာ တိဏ္ဏိ။

သာရမ္မဏ နိဿယ ဝိပ္ပယုတ္တဃဋနာ၌ အလုံးစုံသော ဝတ္ထာရမ္မဏ ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ ခြောက်။ သင်္ချာ တိဏ္ဏိ။

သာရမ္မဏာဓိပတိ ဥပနိဿယဃဋနာ၌ အာရမ္မဏ ပုရေဇာတာဓိပတိ ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ ခြောက်။ သင်္ချာ ဧကံ။

သာရမ္မဏာဓိပတိ နိဿယ ဥပနိဿယ ဝိပ္ပယုတ္တဃဋနာ၌ အလုံးစုံသော ဝတ္ထာရမ္မဏာဓိပတိ ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ ရှစ်။ သင်္ချာ ဧကံ။

သနိဿယ ဣန္ဒြိယ ဝိပ္ပယုတ္တဃဋနာ၌ အလုံးစုံသော ပုရေဇာတိန္ဒြိယ ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ ခြောက်။ သင်္ချာ ဧကံ။

ပုရေဇာတမိဿက ပြီး၏။

(၁၁) ပစ္ဆာဇာတမိဿက၌ ဃဋနာ တစ်ပါးတည်း။ ပစ္ဆာဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတတည်းဟူသော ဃဋနာတစ်ပါး၌ အလုံးစုံသော ပစ္ဆာဇာတ ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ လေး။ သင်္ချာ တိဏ္ဏိ။

ပစ္ဆာဇာတမိဿက ပြီး၏။

(၁၂) အာသေဝနမိဿက၌ ဃဋနာ တစ်ပါးတည်း။ အာသေဝန အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ အဝိဂတဃဋနာ တစ်ပါး၌ အလုံးစုံသော အာသေဝန ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ ခြောက်။ သင်္ချာ တိဏ္ဏိ။

အာသေဝနမိဿက ပြီး၏။

(၁၃) ကမ္မမိဿက၌ ဃဋနာ တစ်ဆယ့်တစ်ပါးတည်း။ ဃဋနာ (၁၁)ဟူသော်ကား- ပကိဏ္ဏကဃဋနာ နှစ်ပါး၊ သဟဇာတဃဋနာ ကိုးပါး

တည်း။

ပကိဏ္ဏကဃဋ္ဋနာ နှစ်ပါးတို့တွင် ဥပနိဿယဃဋ္ဋနာ၌ ဝိပါက် ဆတ္တိံသအားတပ်သော ဇလဝဖြစ်သော ကုသိုလ်, အကုသိုလ် စေတနာ၊ အနုလုံ၊ ပစ္စည်းရေ နှစ်။ သင်္ချာ ဒွေး။

သအနန္တရ သမနန္တရ နတ္ထိ ဝိဂတဃဋ္ဋနာ၌ မဂ္ဂါနန္တရဖိုလ် အားတပ်သော မဂ်လေးခု စေတနာ၊ အနုလုံ၊ ပစ္စည်းရေ ခြောက်။ သင်္ချာ ဇကံ။ (ပကိဏ္ဏက ဃဋ္ဋနာ နှစ်ချက် ပြီး၏။)

သဟဇာတဃဋ္ဋနာ ကိုးပါးဟူသော်ကား- အဝိပါကဃဋ္ဋနာ လေးပါး၊ သဝိပါကဃဋ္ဋနာ ငါးပါးတည်း။

အဝိပါကဃဋ္ဋနာ လေးပါးတို့တွင် ကမ္မ သဟဇာတ နိဿယ အာဟာရ အတ္ထိ အဝိဂတ သဗ္ဗဋ္ဌာနိကဃဋ္ဋနာ၌ သမ္ပယုတ္တက္ခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အားတပ်သော စေတနာ ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ ခြောက်။ သင်္ချာ သတ္တ။

သအညမညဃဋ္ဋနာ၌ သမ္ပယုတ္တက္ခန္ဓာ ဟဒယဝတ္ထုအားတပ်သော စေတနာ ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ ခုနစ်။ သင်္ချာ တိကဝိ။

သအညမည သမ္ပယုတ္တဃဋ္ဋနာ၌ သမ္ပယုတ္တက္ခန္ဓာအားတပ်သော စေတနာ ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ ရှစ်။ သင်္ချာ တိကဝိ။

သဝိပ္ပယုတ္တဃဋ္ဋနာ၌ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အားတပ်သော စေတနာ ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ ခုနစ်။ သင်္ချာ တိကဝိ။ (အဝိပါကဃဋ္ဋနာ လေးချက် ပြီး၏။)

သဝိပါကဃဋ္ဋနာ ငါးပါးတို့တွင် ကမ္မ သဟဇာတ နိဿယ ဝိပါက အာဟာရ အတ္ထိ အဝိဂတ သဗ္ဗဋ္ဌာနိကဃဋ္ဋနာ၌ သမ္ပယုတ္တက္ခန္ဓာ စိတ္တဇရုပ်, ပဋိသန္ဓေ ကမ္မဇရုပ်အားတပ်သော ဝိပါက် စေတနာ ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ ခုနစ်၊ သင်္ချာ ဇကံ။

သအညမညဃဋ္ဋနာ၌ သမ္ပယုတ္တက္ခန္ဓာ ဟဒယဝတ္ထုအားတပ်သော ဝိပါက် စေတနာ ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ ရှစ်။ သင်္ချာ ဇက်။

သအညမည သမ္ပယုတ္တဃဋ္ဋနာ၌ သမ္ပယုတ္တက္ခန္ဓာအားတပ်သော ဝိပါက် စေတနာ ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ ကိုး။ သင်္ချာ ဇက်။

သဝိပ္ပယုတ္တဃဋ္ဋနာ၌ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်အားတပ်သော ဝိပါက် စေတနာ ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ ရှစ်။ သင်္ချာ ဇက်။

သအညမည ဝိပ္ပယုတ္တဃဋ္ဋနာ၌ ဟဒယဝတ္ထုအားတပ်သော ဝိပါက် စေတနာ ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ ကိုး။ သင်္ချာ ဇက်။ (သဝိပါကဃဋ္ဋနာ ငါးချက် ပြီး၏။)

ကမ္မမိဿက ပြီး၏။

(၁၄) ဝိပါကမိဿက၌ ဃဋ္ဋနာ ငါးပါးတည်း။ ဃဋ္ဋနာငါးပါးကိုလည်း သဟဇာတမိဿကဃဋ္ဋနာ ဆယ်ချက်တွင် သဝိပါကဃဋ္ဋနာ ငါးချက်အတိုင်း ဝိပါကကို အရင်းတည်၍ ဟောလေ။

ဝိပါကမိဿက ပြီး၏။

(၁၅) အာဟာရမိဿကဃဋ္ဋနာ၌ ဃဋ္ဋနာ သုံးဆယ့်လေးပါးတည်း။ ဃဋ္ဋနာ သုံးဆယ့်လေးပါးဟူသော်ကား- မိဿကဃဋ္ဋနာ တစ်ပါး၊ သဟဇာတဃဋ္ဋနာ သုံးဆယ့်သုံးပါးတည်း။

မိဿကဃဋ္ဋနာ တစ်ပါး၌ အလုံးစုံသော နာမ်အာဟာရ၊ ရုပ်အာဟာရ ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ သုံး။ သင်္ချာ သတ္တ။

သဟဇာတဃဋ္ဋနာ သုံးဆယ့်သုံးပါးဟူသော်ကား- သာမညဃဋ္ဋနာ ကိုးပါး၊ သကမ္မဃဋ္ဋနာ ကိုးပါး၊ သဣန္ဒြိယဃဋ္ဋနာ ကိုးပါး၊ သာဓိပတိ-ဣန္ဒြိယဃဋ္ဋနာ ခြောက်ပါးတည်း။

သာမညဃဋ္ဋနာ ကိုးပါး၌ နာမ်အာဟာရ သုံးပါး ပစ္စည်း၊

သကမ္မဃဋနာ ကိုးပါး၌ စေတနာအာဟာရ ပစ္စည်း၊

သဣန္ဒြိယဃဋနာ ကိုးပါး၌ ဝိညာဏာဟာရ ပစ္စည်း၊

သာဓိပတိ ဣန္ဒြိယဃဋနာ၌ စိတ္တာဓိပတိ ပစ္စည်း၊ အနုလုံ။

သာမညဃဋနာ ကိုးချက်တွင် အဝိပါက သဗ္ဗဋ္ဌာနိကဃဋနာ၌ အာဟာရ၊ သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ ငါးပစ္စည်း၊

သဝိပါက သဗ္ဗဋ္ဌာနိကဃဋနာ၌ ဝိပါကနှင့်တကွ ခြောက်ပစ္စည်း၊ အနုလုံ။ ကြွင်းသော ဃဋနာတို့တွင်လည်း သကမ္မဃဋနာဖြစ်အံ့- ယခင် သဗ္ဗဋ္ဌာနိကဃဋနာ၌ ကမ္မကိုထည့်။ သဣန္ဒြိယဃဋနာဖြစ်အံ့- ယခင် သဗ္ဗဋ္ဌာနိကဃဋနာ၌ ဣန္ဒြိယကိုထည့်။

ဆိုရိုးစကားအစဉ်ကိုလည်း သဟဇာတ ကမ္မဃဋနာ ကိုးချက်ကို နည်းမှီ၍ ဆိုလေ။ သာဓိပတိ ဣန္ဒြိယဃဋနာ ခြောက်ချက်သည်လည်း စိတ္တာ-ဓိပတိဃဋနာ ခြောက်ချက်နှင့်တူ၏။

အာဟာရမိဿက ပြီး၏။

(၁၆) ဣန္ဒြိယမိဿက၌ ဃဋနာ ခုနစ်ဆယ့်ခြောက်ပါးတည်း။ ဃဋနာ ခုနစ်ဆယ့်ခြောက်ပါး ဟူသောကား- မိဿကဃဋနာ သုံးပါး၊ ပကိဏ္ဏက ဃဋနာ တစ်ပါး၊ သဟဇာတဃဋနာ ခုနစ်ဆယ့်နှစ်ပါး ဖြစ်သတည်း။

မိဿကဃဋနာ သုံးပါးတို့တွင် အတ္ထိ အဝိဂတဃဋနာ၌ အလုံးစုံသော သဟဇာတိန္ဒြိယ ပုရေဇာတိန္ဒြိယ ရူပဇီဝိတိန္ဒြိယ ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ သုံး။ သချာ သတ္တ။

သနိဿယဃဋနာ၌ အလုံးစုံသော သဟဇာတိန္ဒြိယ ပုရေဇာတိန္ဒြိယ ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ လေး။ သချာ သတ္တ။

သနိဿယ ဝိပ္ပယုတ္တဃဋနာ၌ စိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ်အား တပ်သော နာမ်က္ခန္ဓာ ရှစ်ပါးဟုဆိုအပ်သော သဟဇာတိန္ဒြိယ ပစ္စည်း၊

ပုရေဇာတိန္ဒြိယ ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ ငါးပါး။ သင်္ချာ တီကာ။ (မိဿကဃဋနာ သုံးချက် ပြီး၏။)

ပကိဏ္ဏကဃဋနာ တစ်ချက်၌ ပစ္ဆာဇာတဝိညာဏဓာတ်အားတပ်သော ပဉ္စဝတ္ထု၊ အနုလုံ၊ ပစ္စည်းရေ ဣန္ဒြိယ နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ခြောက်ပစ္စည်း၊ သင်္ချာ ဇကံ။ (ပကိဏ္ဏကဃဋနာ တစ်ချက် ပြီး၏။)

သဟဇာတဃဋနာ ခုနစ်ဆယ့်နှစ်ပါးဟူသော်ကား- သာမညဃဋနာ ကိုးပါး၊ သမဂ္ဂဃဋနာ ကိုးပါး၊ သဈာနဃဋနာ ကိုးပါး၊ သဈာန မဂ္ဂဃဋနာ ကိုးပါး၊ သာဟာရဃဋနာ ကိုးပါး၊ သာဓိပတိ အာဟာရဃဋနာ ခြောက်ပါး၊ သာဓိပတိ မဂ္ဂဃဋနာ ခြောက်ပါး၊ သဟေတု မဂ္ဂဃဋနာ ကိုးပါး၊ သဟေတု အဓိပတိ မဂ္ဂဃဋနာ ခြောက်ပါး။ ဤသို့လျှင် ခုနစ်ဆယ့်နှစ်ပါး ဖြစ်သတည်း။

သာမညဃဋနာ ကိုးပါး၌ နာမ်ဣန္ဒြေ ရှစ်ပါး ပစ္စည်း၊ သမဂ္ဂဃဋနာ ကိုးပါး၌ ဝီရိယ သတိ ဧကဂ္ဂတာ ပညာ ပစ္စည်း၊ သဈာနဃဋနာ ကိုးပါး၌ ဝေဒနာ ဧကဂ္ဂတာ ပစ္စည်း၊ သဈာန မဂ္ဂဃဋနာ ကိုးပါး၌ ဧကဂ္ဂတာ ပစ္စည်း၊ သာဟာရဃဋနာ ကိုးပါး၌ ဝိညာဏာဟာရ ပစ္စည်း၊ သာဓိပတိ အာဟာရဃဋနာ(၆)ပါး၌ စိတ္တာဓိပတိ ပစ္စည်း၊ သာဓိပတိ မဂ္ဂဃဋနာ (၆)ပါး၌ ဝီရိယာဓိပတိ ပစ္စည်း၊ သဟေတု မဂ္ဂဃဋနာ(၉)ပါး၌ အမောဟဟိတ် ပစ္စည်း၊ သဟေတု အဓိပတိ မဂ္ဂဃဋနာ(၆)ပါး၌ ဝီမံသာဓိပတိ ပစ္စည်း၊ အနုလုံ။

သာမညဃဋနာ ကိုးချက်တွင်- အဝိပါက သဗ္ဗဋ္ဌာနိကဃဋနာ၌ ဣန္ဒြိယ သဟဇာတ နိဿယ အတ္ထိ အဝိဂတ ငါးပစ္စည်း။ သဝိပါက သဗ္ဗဋ္ဌာနိကဃဋနာ၌ ဝိပါကနှင့်တကွ ခြောက်ပစ္စည်း၊ အနုလုံ။ (ဆိုရိုး စကားစဉ်ကိုလည်း သဟဇာတ ကမ္မဃဋနာ ကိုးချက်ကို နည်းမှီ၍ ဆိုလေ။)

ကြွင်းသော ဃဋနာတို့မှာလည်း ယခင် သာမညဃဋနာတွင် သဗ္ဗဋ္ဌာနိကဃဋနာ၌ ဝိသေသထူးသော ပစ္စည်းတို့ကို ထည့်ရမည်။ အဓိပတိပါသော ဃဋနာဖြစ်အံ့- ခြောက်ချက် ဃဋနာ ထွက်သည်။ သင်္ချာမှာ ရသင့်သည့်အလျောက် ထုတ်လေ။ အထူးမရှိပြီ။

ဣန္ဒြိယမိဿက ပြီး၏။

(၁၇) ဈာနမိဿက၌ ဃဋနာ သုံးဆယ့်ခြောက်ပါးတည်း။ ဃဋနာ သုံးဆယ့်ခြောက်ပါးဟူသော်ကား- သာမညဃဋနာ ကိုးပါး၊ သဣန္ဒြိယ ဃဋနာ ကိုးပါး၊ သမဂ္ဂဃဋနာ ကိုးပါး၊ သဣန္ဒြိယ မဂ္ဂဃဋနာ ကိုးပါး၊ ဤသို့လျှင် သုံးဆယ့်ခြောက်ပါး ဖြစ်သတည်း။

သာမညဃဋနာ ကိုးပါး၌ ဈာနင်တရားကိုယ် ငါးပါး ပစ္စည်း၊ သဣန္ဒြိယဃဋနာ ကိုးပါး၌ ဝေဒနာ စေတဂ္ဂတာ ပစ္စည်း၊ သမဂ္ဂဃဋနာ ကိုးပါး၌ ဝိတက် စေတဂ္ဂတာ ပစ္စည်း၊ သဣန္ဒြိယ မဂ္ဂဃဋနာ ကိုးပါး၌ စေတဂ္ဂတာ ပစ္စည်း၊ အနုလုံ။

သာမညဃဋနာ ကိုးချက်တွင် အဝိပါက သဗ္ဗဋ္ဌာနိကဃဋနာ၌ ဈာန သဟဇာတ နိဿယ အတ္ထိ အဝိဂတ ငါးပစ္စည်း၊ သဝိပါက သဗ္ဗဋ္ဌာနိကဃဋနာ၌ ဝိပါကနှင့်တကွ ခြောက်ပစ္စည်း၊ အနုလုံ။ (ဆိုရိုး စကားစဉ်ကိုလည်း သဟဇာတ ကမ္မဃဋနာ ကိုးချက်ကို နည်းမှီလေ။) ကြွင်းသော ဃဋနာတို့မှာလည်း ယခင် သာမညဃဋနာ ကိုးချက်တွင် သဗ္ဗဋ္ဌာနိကဃဋနာ၌ ဝိသေသထူးသော ပစ္စည်းတို့ကို ထည့်ရမည်။ အထူးမရှိပြီ။

ဈာနမိဿက ပြီး၏။

(၁၈) မဂ္ဂမိဿက၌ ဃဋနာ ငါးဆယ့်ခုနစ်ပါးတည်း။ ဃဋနာ ငါးဆယ့်ခုနစ်ပါးဟူသော်ကား- သာမညဃဋနာ ကိုးပါး။ ၄င်း၌

မဂ္ဂင်ကိုးပါး ပစ္စည်း။ သက္ကုန္တြိယဃဋ္ဋနာ ကိုးပါး။ ၎င်း၌ ဝီရိယ သတိ ကေဂ္ဂတာ ပညာ ပစ္စည်း။ သဏ္ဍာနဃဋ္ဋနာ ကိုးပါး။ ၎င်း၌ ဝိတက် ကေဂ္ဂတာ ပစ္စည်း။ သက္ကုန္တြိယ- ဈာနဃဋ္ဋနာ ကိုးပါး။ ၎င်း၌ ဧကဂ္ဂတာ ပစ္စည်း။ သာဓိပတိက္ကုန္တြိယဃဋ္ဋနာ ခြောက်ပါး။ ၎င်း၌ ဝီရိယာဓိပတိ ပစ္စည်း။ သဟေတုက္ကုန္တြိယဃဋ္ဋနာ ကိုးပါး။ ၎င်း၌ အမောဟဟိတ် ပစ္စည်း။ သဟေတုအဓိပတိက္ကုန္တြိယဃဋ္ဋနာ ခြောက်ပါး။ ၎င်း၌ ဝီမံသာဓိပတိ ပစ္စည်း။ ဤသို့လျှင် ငါးဆယ့်ခုနစ်ပါး ဖြစ်သတည်း။

သာမညဃဋ္ဋနာ ကိုးပါးဟူသော်ကား- မဂ္ဂ သဟဇာတ နိဿယ အတ္ထိ အဝိဂတ၊ ဤငါးပစ္စည်းကို အရင်းတည်ပြီးလျှင် သဗ္ဗဋ္ဌာနိကဃဋ္ဋနာ စသည် အဝိပါက လေးချက်ခွဲပါ။ ၎င်းငါးပစ္စည်းတွင် ဝိပါကထည့်၍ သဗ္ဗဋ္ဌာနိကဃဋ္ဋနာစသည် သဝိပါက ငါးချက်ခွဲရမည်။ ဤကား သာမည ဃဋ္ဋနာ ကိုးချက်တည်း။

ကြွင်းဝိသေသဃဋ္ဋနာတို့မှာလည်း ဝိသေသထူးသော ပစ္စည်းတို့ကို ယခင် သဗ္ဗဋ္ဌာနိကဃဋ္ဋနာတွင်ထည့်၍ အဝိပါက လေးချက်၊ သဝိပါက ငါးချက်အားဖြင့် ကိုးချက် ခွဲရမည်။ အဓိပတိပါသော ဃဋ္ဋနာမှာ အဝိပါက သုံးချက်၊ သဝိပါက သုံးချက် ပေါင်းခြောက်ချက် ခွဲလေ။

မဂ္ဂမိဿက ပြီး၏။

(၁၉) သမ္ပယုတ္တမိဿက၌ ဃဋ္ဋနာ နှစ်ပါးတည်း။ ဃဋ္ဋနာ နှစ်ပါး ဟူသော်ကား- သမ္ပယုတ္တ သဟဇာတ နိဿယ အတ္ထိ အဝိဂတ အဝိပါက ဃဋ္ဋနာ၌ အချင်းချင်းအားတပ်သော အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး၊ အနုလုံ။ သင်္ချာ တီဏိ။ ၎င်းငါးပစ္စည်းတွင် ဝိပါက ထည့်၍ သဝိပါက ဃဋ္ဋနာ တစ်ပါး၊ ပစ္စည်းရေ ခြောက်။ သင်္ချာ ဧကံ။

သမ္ပယုတ္တမိဿက ပြီး၏။

(၂၀) ဝိပ္ပယုတ္တမိဿကဉ္စ ဃဋနာ တစ်ဆယ့်သုံးပါးတည်း။ ဃဋနာ တစ်ဆယ့်သုံးပါးဟူသော်ကား- မိဿကဃဋနာ လေးပါး၊ ပကိဏ္ဏကဃဋနာ ငါးပါး၊ သဟဇာတဃဋနာ လေးပါးတည်း။

မိဿကဃဋနာ လေးပါးတို့တွင် အတ္ထိ အဝိဂတဃဋနာဉ္စ အလုံးစုံသော သဟဇာတ ဝိပ္ပယုတ္တ၊ ပုရေဇာတ ဝိပ္ပယုတ္တ၊ ပစ္ဆာဇာတ ဝိပ္ပယုတ္တ ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ သုံး။ သင်္ချာ ပဥ္စ။

သနိဿယဃဋနာဉ္စ အလုံးစုံသော သဟဇာတ ဝိပ္ပယုတ္တ၊ ပုရေဇာတ ဝိပ္ပယုတ္တ ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ လေး။ သင်္ချာ ပဥ္စ။

သာဓိပတိ နိဿယဃဋနာဉ္စ သာဓိပတိ စိတ္တဇရုပ်အားတပ်သော သဟဇာတာဓိပတိ ပစ္စည်း၊ ဝတ္ထာရမ္မဏာဓိပတိ ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ ငါး။ သင်္ချာ စတ္တာရိ။

သနိဿယ ဣန္ဒြိယဃဋနာဉ္စ စိတ္တဇရုပ်, ပဋိသန္ဓေ ကမ္မဇရုပ်အား တပ်သော သဟဇာတိန္ဒြိယ ပစ္စည်း၊ ပုရေဇာတိန္ဒြိယ ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ ငါး။ သင်္ချာ တီဏိ။ (မိဿက ပြီး၏။)

ပကိဏ္ဏကဃဋနာ ငါးပါးတို့တွင် ပစ္ဆာဇာတ အတ္ထိ အဝိဂတ ဃဋနာဉ္စ အလုံးစုံသော ပစ္ဆာဇာတ ဝိပ္ပယုတ္တ ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ လေး။ သင်္ချာ တီဏိ။

နိဿယ ပုရေဇာတ အတ္ထိ အဝိဂတဃဋနာဉ္စ အလုံးစုံသော ပုရေဇာတ ဝိပ္ပယုတ္တ ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ ငါး။ သင်္ချာ တီဏိ။

အာရမ္မဏဃဋနာဉ္စ အလုံးစုံသော ဝတ္ထာရမ္မဏ ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ ခြောက်။ သင်္ချာ တီဏိ။

သာရမ္မဏာဓိပတိ ဥပနိဿယဃဋနာဉ္စ ဝတ္ထာရမ္မဏာဓိပတိ ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ ရှစ်။ သင်္ချာ ဧကံ။

သက္ကန္တြိယဃင္ဃနာ၌ ပုရေဇာတိန္ဒြိယ ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ ခြောက်။ သင်္ချာ ဇော်။ (ပကိဏ္ဏက ပြီး၏။)

သဟဇာတဃင္ဃနာ လေးပါးဟူသော်ကား- အဝိပါကဃင္ဃနာ နှစ်ပါး၊ သဝိပါကဃင္ဃနာ နှစ်ပါးတည်း။

အဝိပါကဃင္ဃနာ နှစ်ပါးတို့တွင် ဝိပ္ပယုတ္တ သဟဇာတ နိဿယ အတ္ထိ အဝိဂတ သဗ္ဗဋ္ဌာနိကဃင္ဃနာ၌ အလုံးစုံသော သဟဇာတ ဝိပ္ပယုတ္တ ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ ငါး။ သင်္ချာ တိဏ်။

သအညမညဃင္ဃနာ၌ အချင်းချင်းအားတပ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထု ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ ခြောက်။ သင်္ချာ ဇော်။ (အဝိပါက နှစ်ချက်။)

သဝိပါက နှစ်ချက်တို့တွင် ဝိပ္ပယုတ္တ သဟဇာတ နိဿယ ဝိပါက အတ္ထိ အဝိဂတ သဗ္ဗဋ္ဌာနိကဃင္ဃနာ၌ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ် အားတပ်သော ဝိပါက် ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး၊ ဟဒယဝတ္ထု အားတပ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ ခြောက်။ သင်္ချာ ဇော်။

သအညမညဃင္ဃနာ၌ ဟဒယဝတ္ထုအားတပ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ ခုနစ်၊ သင်္ချာ ဇော်။ (သဝိပါက နှစ်ချက်။)

ဝိပ္ပယုတ္တမိဿက ပြီး၏။

(၂၁) အတ္ထိမိဿက၌ ဃင္ဃနာ နှစ်ဆယ့်ကိုးပါးတည်း။ ဃင္ဃနာ နှစ်ဆယ့်ကိုးပါး ဟူသော်ကား- မိဿကဃင္ဃနာ တစ်ဆယ့်တစ်ပါး၊ ပကိဏ္ဏက ဃင္ဃနာ ရှစ်ပါး၊ သဟဇာတဃင္ဃနာ ဆယ်ပါးတည်း။

မိဿကဃင္ဃနာ တစ်ဆယ့်တစ်ပါးတို့တွင် အဝိဂတဃင္ဃနာ၌

အလုံးစုံသော သဟဇာတတ္ထိ ပုရေဇာတတ္ထိ ပစ္ဆာဇာတတ္ထိ အာဟာရတ္ထိ ဣန္ဒြိယတ္ထိ ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ နှစ်၊ သင်္ချာ တေရသ။

သနိဿယဃဋနာ၌ သဟဇာတ နိဿယ ပုရေဇာတ နိဿယ ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ သုံး။ သင်္ချာ တေရသ။

သာဓိပတိဃဋနာ၌ သဟဇာတာဓိပတိ အာရမ္မဏ ပုရေဇာတာ-ဓိပတိ ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ သုံး။ သင်္ချာ အဋ္ဌ။

သာဓိပတိ နိဿယဃဋနာ၌ သဟဇာတာဓိပတိ ဝတ္ထာရမ္မဏာ-ဓိပတိ ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ လေး။ သင်္ချာ အဋ္ဌ။

သာဟာရဃဋနာ၌ အလုံးစုံသော နာမ်အာဟာရ ရုပ်အာဟာရ ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ သုံး။ သင်္ချာ သတ္တ။

သဣန္ဒြိယဃဋနာ၌ သဟဇာတိန္ဒြိယ ပုရေဇာတိန္ဒြိယ ရူပဇီဝိ-တိန္ဒြိယ ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ သုံး။ သင်္ချာ သတ္တ။

သနိဿယ ဣန္ဒြိယဃဋနာ၌ သဟဇာတိန္ဒြိယ ပုရေဇာတိန္ဒြိယ ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ လေး။ သင်္ချာ သတ္တ။

သဝိပ္ပယုတ္တဃဋနာ၌ သဟဇာတ ဝိပ္ပယုတ္တ ပုရေဇာတ ဝိပ္ပယုတ္တ ပစ္ဆာဇာတ ဝိပ္ပယုတ္တ ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ သုံး။ သင်္ချာ ပဉ္စ။

သနိဿယ ဝိပ္ပယုတ္တဃဋနာ၌ သဟဇာတ ဝိပ္ပယုတ္တ ပုရေဇာတ ဝိပ္ပယုတ္တ ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ လေး။ သင်္ချာ ပဉ္စ။

သာဓိပတိ နိဿယ ဝိပ္ပယုတ္တဃဋနာ၌ သာဓိပတိစိတ္တဇရုပ်အား တပ်သော သဟဇာတာဓိပတိ ဝတ္ထာရမ္မဏာဓိပတိ ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ ငါး။ သင်္ချာ စတ္တာရိ။

သနိဿယ ဣန္ဒြိယ ဝိပ္ပယုတ္တဃဋနာ၌ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်အားတပ်သော သဟဇာတိန္ဒြိယ ပုရေဇာတိန္ဒြိယ ပစ္စည်း၊ အနုလုံ၊

ပစ္စည်းရေ ငါး။ သင်္ချာ တိကာ။ (မိဿကဃဋနာ တစ်ဆယ့်တစ်ချက် ပြီး၏။)

ပကိဏ္ဏကဃဋနာ ရှစ်ပါးတို့တွင် ပစ္စာဇာတ ဝိပ္ပယုတ္တ အဝိဂတဃဋနာ၌ အလုံးစုံသော ပစ္စာဇာတ ပစ္စည်း၊ အနုလုံ၊ ပစ္စည်းရေ သုံး။ သင်္ချာ တိကာ။

ပုရေဇာတ အဝိဂတဃဋနာ။ သနိဿယ ဝိပ္ပယုတ္တဃဋနာ။ သာရမ္မဏဃဋနာ။ သာရမ္မဏ နိဿယ ဝိပ္ပယုတ္တဃဋနာ။ သာရမ္မဏာ-ဓိပတိ ဥပနိဿယဃဋနာ။ သာရမ္မဏာဓိပတိ နိဿယ ဥပနိဿယ ဝိပ္ပယုတ္တဃဋနာ။ သနိဿယ ဣန္ဒြိယ ဝိပ္ပယုတ္တဃဋနာ။ ဤဃဋနာ ခုနစ်ပါးတို့သည် ပုရေဇာတဃဋနာ ခုနစ်ပါးနှင့် တူကုန်၏။ (ပကိဏ္ဏက ဃဋနာ ရှစ်ချက် ပြီး၏။)

ဤသဟဇာတဃဋနာ ဆယ်ပါးသည် ဆိုအပ်ခဲ့ပြီးသော သဟဇာတဃဋနာ ဆယ်ပါးနှင့်တူ၏။

အတ္ထိမိဿက ပြီး၏။

(၂၂) နတ္ထိမိဿကသည် အနန္တရမိဿကနှင့် တူကုန်၏။

နတ္ထိမိဿက ပြီး၏။

(၂၃) ဝိဂတမိဿကသည် အနန္တရမိဿကနှင့် တူကုန်၏။

ဝိဂတမိဿက ပြီး၏။

(၂၄) အဝိဂတမိဿကလည်း အတ္ထိနှင့်တူ၍ ဃဋနာ (၂၉)ပါး ဖြစ်သတည်း။

အဝိဂတမိဿက ပြီး၏။

ဃင္ဂနာအရေအတွက်လင်္ကာ (ကျက်မှတ်ပါ)

"မှတ်ကြဟောတု စတုဝိသံ၊ အာရမ် ပဥ္စ၊ တိံသာ ဓိပတိ၊
တြိ အနန်၊ ဆယ်တန် သဟ၊ အည ခြောက်ထွေ၊ နိဿယေ
ဝိသ၊ သတ္တ ဥပူ၊ ဧကူ ပစ္ဆာ၊ အာသေဝန တထေဝတည့်၊
ကမ္မ ဆယ့်တစ်၊ ငါးဖြစ် ဝိပါ၊ ဧယာတိံသ အာဟာရရှင့်၊
ဆသတ္တတိ ဣန္ဒြိယ၊ ဆတ္တိံသ ဈာန်၊ မဂ္ဂံ သတ်ပျည်း၊
နှစ်စီး သမ္ပယုတ်၊ ဝိပ္ပယုတ် တေရ၊ ဧကူနတိံသော
အတ္ထိဟောသည်၊ မှတ်လော ဃင္ဂနာ (၄၁၅)တည်း။"
(သမနန္တရ, နတ္ထိ, ဝိဂတသည် သုံးပါးစီ၊ အနန္တရနှင့်တူ၏။
အဝိဂတသည် (၂၉)ပါး၊ အတ္ထိနှင့်တူကြ၍ လင်္ကာတွင်မထည့်။)

ဃင္ဂနာပစ္စည်းပြိုင် ပြီး၏။

ပုစ္ဆာဝါရ(၂၄)ကျမ်း ပြောဆိုချပုံနည်း

အနုသန္ဓေဆက်စပ်ပုံကား- နိဒ္ဒေသဝါရကို ဟောတော်မူသည်၏ အခြားမဲ့၌ ပုစ္ဆာဝါရကို ဟောတော်မူ၏။ ထိုပုစ္ဆာဝါရသည်လည်း ဓမ္မအနုလုံ၊ ဓမ္မပစ္စနိက်၊ ဓမ္မအနုလောမ ပစ္စနိက်၊ ဓမ္မပစ္စနိယာနုလောမ အားဖြင့် ဓမ္မနယ လေးပါးတည်း။ ထိုလေးပါးတို့၏ အထူးကား -

(၁) ပဒ ပဒါဝသာန၊ ဝါ- မူလ မူလီတို့ကို 'န'မပြစ်မူ၍ ဟောတော်မူခြင်းသည် ဓမ္မအနုလုံ မည်၏။

(၂) ပဒ ပဒါဝသာနတို့ကို 'န'ပြစ်၍ ဟောတော်မူခြင်းသည် ဓမ္မပစ္စနိက် မည်၏။

(၃) ပဒကို 'န'မပြစ်မူ၍၊ ပဒါဝသာနကို 'န'ပြစ်၍ ဟောတော်မူခြင်း သည် ဓမ္မအနုလောမပစ္စနိက် မည်၏။

(၄) ပဒကို 'န'ပြစ်၍၊ ပဒါဝသာနကို 'န'မပြစ်ဘဲ ဟောတော်မူခြင်း သည် ဓမ္မပစ္စနိယာနုလောမ မည်၏။ ဤကား အထူးတည်း။ ဟောနည်းကို နောက်မှ ဆိုလတ္တံ့။

(က) **တိကဉ္စ ပဋ္ဌာနဝရံ ဒုကုတ္တမံ၊**

ဒုကံ တိကဉ္စေဝ တိကံ ဒုကဉ္စ။

တိကံ တိကဉ္စေဝ ဒုကံ ဒုကဉ္စ၊

ဆ အနုလောမမှိ နယာ သုဂမ္ဘီရာ။[၁] ဟူသော သင်္ဂါယနာတင် ဆရာကြီးတို့ မိန့်မှာတော်မူသော ဂါထာနှင့်အညီ ဓမ္မအနုလုံသည်လည်း တိကပဋ္ဌာန်း၊ ဒုကပဋ္ဌာန်း၊ ဒုကတိကပဋ္ဌာန်း၊ တိကဒုကပဋ္ဌာန်း၊ တိကတိကပဋ္ဌာန်း၊ ဒုကဒုကပဋ္ဌာန်းအားဖြင့် ခြောက်ကျမ်း အပြားရှိ၏။ ဤနည်းအတူ-

---

၁။ ပဋ္ဌာန၊ ပါဠိ-၁၊ ၁၅။

(ခ) **တိကဉ္စ ပဋ္ဌာနဝရံ ဒုကုတ္တမံ၊**

ဒုကံ တိကဉ္စေဝ တိကံ ဒုကဉ္စ။

တိကံ တိကဉ္စေဝ ဒုကံ ဒုကဉ္စ၊

ဆ ပစ္စနီယမှိ နယာ သုဂမ္ဘီရာ။[1] ဟူသော ဂါထာနှင့်အညီ ဓမ္မပစ္စနိက် ခြောက်ကျမ်း အပြားရှိ၏။

(ဂ) **တိကဉ္စ ပဋ္ဌာနဝရံ ဒုကုတ္တမံ၊**

ဒုကံ တိကဉ္စေဝ တိကံ ဒုကဉ္စ။

တိကံ တိကဉ္စေဝ ဒုကံ ဒုကဉ္စ၊

ဆ အနုလောမပစ္စနီယမှိ နယာ သုဂမ္ဘီရာ။[2] ဟူသော ဂါထာနှင့်အညီ ဓမ္မအနုလောမပစ္စနိက် ခြောက်ကျမ်း အပြားရှိ၏။

(ဃ) **တိကဉ္စ ပဋ္ဌာနဝရံ ဒုကုတ္တမံ၊**

ဒုကံ တိကဉ္စေဝ တိကံ ဒုကဉ္စ။

တိကံ တိကဉ္စေဝ ဒုကံ ဒုကဉ္စ၊

ဆ ပစ္စနီယာနုလောမမှိ နယာ သုဂမ္ဘီရာ။[3] ဟူသော ဂါထာနှင့်အညီ ဓမ္မပစ္စနီယာနုလောမ ခြောက်ကျမ်း အပြားရှိ၏။ ဤသို့လျှင် ခြောက်ကျမ်း လေးလီဖြစ်သောကြောင့် ပဋ္ဌာန်း (၂၄)ကျမ်း ဖြစ်သတည်း။

ဓမ္မနယ လေးပါး၌ ပုစ္ဆာဝါရကျမ်းပေါင်း

၁။ ထိုနှစ်ဆယ့်လေးကျမ်းတို့တွင် ဓမ္မအနုလုံ၌ တိကပဋ္ဌာန်းသည် လည်း ကုသလတ္တိကပဋ္ဌာန်း၊ ဝေဒနာတ္တိကပဋ္ဌာန်း (လ) သနိဒဿနသပ္ပဋိဃတ္တိက ပဋ္ဌာန်းအားဖြင့် တိကပဋ္ဌာန်းပေါင်း (၂၂)ပါး

၁။ ပဋ္ဌာန၊ ပါဠိ-၁၊ ၁၆။

၂။ ၎င်း၊ ၁၇။

၃။ ၎င်း၊ ၁၈။

ရှိ၏။

၂။ ဓမ္မအနုလုံ၌ ဒုကပဋ္ဌာန်းသည်လည်း ဟေတုဒုကပဋ္ဌာန်း၊ သဟေတုဒုကပဋ္ဌာန်း (လ) သရဏဒုကပဋ္ဌာန်းအားဖြင့် ဒုကပဋ္ဌာန်းပေါင်း (၁၀၀)ရှိ၏။

၃။ ဓမ္မအနုလုံ၌ ဒုကတိကပဋ္ဌာန်းသည်လည်း ဟေတုဒုက်ကို မူတည်၍ ကုသလာဓမ္မာ အစ၊ အနိဒဿနအပ္ပဋိဃာဓမ္မာ အဆုံးရှိသော (၆၆)ပါးသော တိက်ပုဒ်တို့ကို မူလီသွတ်ရာ၌ ဟေတုကုသလ ဒုကတိက ပဋ္ဌာန်း၊ ဟေတုအကုသလ ဒုကတိကပဋ္ဌာန်း၊ ဟေတုအဗျာကတ ဒုက-တိကပဋ္ဌာန်း (လ) ဟေတုသနိဒဿနသပ္ပဋိဃ ဒုကတိကပဋ္ဌာန်း၊ ဟေတုအနိဒဿနသပ္ပဋိဃ ဒုကတိကပဋ္ဌာန်း၊ ဟေတုအနိဒဿနအပ္ပဋိဃ ဒုကတိကပဋ္ဌာန်းအားဖြင့် (၆၆)ကျမ်းတည်း။

ဤနည်းတူ သဟေတုကဒုက်ကို မူတည်ရာ၌ (၆၆)ကျမ်း (လ) သရဏဒုက်ကို မူတည်ရာ၌ (၆၆)ကျမ်း။ ဤသို့ (၆၆)ကျမ်း အလီတစ်ရာ လီ၍ ဒုကတိကပဋ္ဌာန်းကျမ်းပေါင်း (၆၆၀၀)ရှိ၏။

၄။ ဓမ္မအနုလုံ၌ တိကဒုကပဋ္ဌာန်းသည်လည်း ကုသလတိက်ကို မူတည်၍ ဟေတုဓမ္မာ နဟေတုဓမ္မာ (လ) သရဏာဓမ္မာ အရဏာဓမ္မာ အဆုံးရှိသော ဒုက်ပုဒ်(၂၀၀)ကို မူလီသွတ်ရာ၌ ကုသလဟေတု တိကဒုက ပဋ္ဌာန်း၊ ကုသလနဟေတု တိကဒုကပဋ္ဌာန်း (လ) ကုသလသရဏ တိက-ဒုကပဋ္ဌာန်း၊ ကုသလအရဏ တိကဒုကပဋ္ဌာန်းအားဖြင့် ကျမ်း(၂၀၀)။

ဤနည်းတူ ဝေဒနာတိက်ကို မူတည်ရာ၌ ကျမ်းနှစ်ရာ (လ) သနိဒဿနသပ္ပဋိဃတိက်ကို မူတည်ရာ၌ ကျမ်းနှစ်ရာ။ ဤသို့ ကျမ်း (၂၀၀)ကို အလီ နှစ်ဆယ့်နှစ်လီ လီ၍ တိကဒုကပဋ္ဌာန်းပေါင်း (၄၄၀၀)ရှိ၏။

၅။ ဓမ္မအနုလုံ၌ တိကတိကပဋ္ဌာန်းသည်လည်း ကုသလတိက်ကို မူတည်၍ သုခါယ ဝေဒနာယ သမ္ပယုတ္တာဓမ္မာ အစ၊ အနိဒဿနအပ္ပဋိဃာ ဓမ္မာ အဆုံးရှိသော (၆၃)ပါးသော တိက်ပုဒ်တို့ကို မူလီသွတ်ရာ၌ ကုသလ သုခါယ ဝေဒနာယ သမ္ပယုတ္တ တိကတိကပဋ္ဌာန်း၊ ကုသလ ဒုက္ခာယ ဝေဒနာယ သမ္ပယုတ္တ တိကတိကပဋ္ဌာန်း၊ ကုသလ အဒုက္ခမသုခါယ ဝေဒနာယ သမ္ပယုတ္တ တိကတိကပဋ္ဌာန်း (လ) ကုသလ သနိဒဿန-သပ္ပဋိဃ တိကတိကပဋ္ဌာန်း၊ ကုသလ အနိဒဿနသပ္ပဋိဃ တိကတိက ပဋ္ဌာန်း၊ ကုသလ အနိဒဿနအပ္ပဋိဃ တိကတိကပဋ္ဌာန်း အားဖြင့် (၆၃)ကျမ်း။

ဤနည်းတူ ဝေဒနာတိက်ကို မူတည်ရာ၌ (၆၃)ကျမ်း (လ) သနိဒဿနသပ္ပဋိဃတိက်ကို မူတည်ရာ၌ (၆၃)ကျမ်း။ ဤသို့ (၆၃)အလီ နှစ်ဆယ့်နှစ်လီ လီသည်ဖြစ်၍ တိကတိကပဋ္ဌာန်းပေါင်း တစ်ထောင့်သုံးရာ ရှစ်ဆယ့်ခြောက် (၁၃၈၆)ရှိ၏။

၆။ ဓမ္မအနုလုံ၌ ဒုကဒုကပဋ္ဌာန်းသည်လည်း ဟေတုဒုက်ကို မူတည်၍ သဟေတုကာဓမ္မာ အစ၊ အာရဏာဓမ္မာ အဆုံးရှိသော တစ်ရာ ကိုးဆယ့်ရှစ် (၁၉၈)ပါးသော ဒုက်ပုဒ်တို့ကို မူလီသွတ်ရာ၌ ဟေတု သဟေတုက ဒုကဒုကပဋ္ဌာန်း၊ ဟေတုအဟေတုက ဒုကဒုကပဋ္ဌာန်း (လ) ဟေတုသရဏ ဒုကဒုကပဋ္ဌာန်း၊ ဟေတုအရဏ ဒုကဒုကပဋ္ဌာန်း အားဖြင့် (၁၉၈)ကျမ်း။

ဤနည်းတူ သဟေတုကဒုက်ကို မူတည်ရာ၌ (၁၉၈)ကျမ်း (လ) သရဏဒုက်ကို မူတည်ရာ၌ (၁၉၈)ကျမ်း။ ဤသို့ (၁၉၈)ကျမ်း အလီတစ်ရာ လီ၍ ဒုကဒုကပဋ္ဌာန်းပေါင်း တစ်သောင်းကိုးထောင့်ရှစ်ရာ (၁၉၈၀၀)ရှိ၏။

၇။ ဓမ္မပစ္စနီက်၊ ဓမ္မအနုလောမပစ္စနီက်၊ ဓမ္မပစ္စနီယာနုလောမတို့၌

လည်း ဓမ္မအနုလုံနှင့်အတူ ဝေဖန်လေ။

ဓမ္မအနုလုံ၌ ပဋ္ဌာန်းခြောက်ကျမ်းကို ပေါင်းသော် သုံးသောင်းနှစ်ထောင်သုံးရာရှစ် (၃၂၃၀၈)ကျမ်းရှိ၏။ ဓမ္မအနုလုံ၌ ရအပ်သော ကျမ်းပေါင်းကို ဓမ္မနယ လေးပါးရှိသောကြောင့် လေးလီ လီသော် ပုစ္ဆာဝါရ၌ ပဋ္ဌာန်းကျမ်းပေါင်း တစ်သိန်း နှစ်သောင်း ကိုးထောင့်နှစ်ရာ သုံးဆယ့်နှစ် (၁၂၉၂၃၂)ကျမ်းရှိ၏ ဟူလို။

ပုစ္ဆာဝါရ၌ပဋ္ဌာန်းကျမ်း အရေအတွက် ပြီး၏။

ဝါရ (၇)ပါး၊ သုဒ္ဓ၊ ဒုကာဒိသင်္ချာဝါရတို့ဖြင့် စစ်ပုံအထူး

၈။ ဤသို့ဆိုခဲ့ပြီးသော တစ်သိန်း-နှစ်သောင်း-ကိုးထောင်-နှစ်ရာ-သုံးဆယ်-နှစ်ပါးသော ပဋ္ဌာန်းကျမ်းအပေါင်းတို့တွင် တစ်ပါး တစ်ပါးသော ပဋ္ဌာန်းကျမ်း၌ ပဋိစ္စဝါရ၊ သဟဇာတဝါရ၊ ပစ္စယဝါရ၊ နိဿယဝါရ၊ သံသဋ္ဌဝါရ၊ သမ္ပယုတ္တဝါရ၊ ပဉှာဝါရအားဖြင့် ခုနစ်ဝါရစီ အတိုင်းအရှည် ရှိကုန်၏။

ထိုခုနစ်ဝါရတို့တွင် တစ်ဝါရ တစ်ဝါရ၌ ပစ္စည်းအနုလုံ၊ ပစ္စည်းပစ္စနိက်၊ ပစ္စည်းအနုလောမပစ္စနိက်၊ ပစ္စည်းပစ္စနိယာနုလောမအားဖြင့် လေးပါးစီ အပြားရှိကုန်၏။

ထိုလေးပါးသော ပစ္စယနယတို့တွင် ပစ္စည်းအနုလုံ၊ ပစ္စည်းပစ္စနိက်၌ သုဒ္ဓသင်္ချာဝါရ၊ ဒုကာဒိသင်္ချာဝါရအားဖြင့် နှစ်ပါးစီ ရှိ၏။

ပစ္စည်းအနုလောမပစ္စနိက်၊ ပစ္စည်းပစ္စနိယာနုလောမ၌ကား ဒုကာဒိသင်္ချာဝါရ တစ်ပါးစီသာ ရှိ၏။

သုဒ္ဓသင်္ချာဝါရ၌တံသည်လည်း (ဆိုရာ၌လည်း) ဟေတုပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ (လ) အဝိဂတပစ္စည်း၏ သုဒ္ဓသင်္ချာဝါရအားဖြင့် (၂၄)ပါးအပြား ရှိ၏။ ဒုကာဒိသင်္ချာဝါရ၌တံသည်လည်း ဟေတုပစ္စည်း၏

ဒုကာဒိသင်္ချာဝါရ (လ) အဝိဂတပစ္စည်း၏ ဒုကာဒိသင်္ချာဝါရအားဖြင့် (၂၄)ပါးအပြားရှိ၏။ ထို(၂၄)ပါးတို့တွင် ဟေတုပစ္စည်း၏ ဒုကာဒိသင်္ချာဝါရ၌တုံသည်လည်း ဒုက၊ တိက (လ) စတုဝီသကအားဖြင့် နှစ်ဆယ့်သုံးပါး အပြားရှိ၏။ အကောက်ဆရာက ဒုက၊ တိက (လ) တေဝီသက အားဖြင့် နှစ်ဆယ့်သုံးပါး အပြားရှိ၏ဟု စစ်တော်မူ၏။

ဒုကဟူသည် မူတစ်ခု မူလီတစ်ခု၊ တိကဟူသည် မူနှစ်ခု မူလီ တစ်ခု (လ) တေဝီသကဟူသည် မူနှစ်ဆယ့်နှစ်ခု မူလီတစ်ခု၊ စတုဝီသက ဟူသည် မူ ၂၃-ခု မူလီတစ်ခု ရှိသောကြောင့်၊ ဤသို့ စတုဝီသက ထည့်အောင် (ထိတိုင်အောင်)စစ်မှ နှစ်ဆယ့်သုံးပါး ရှိသည်။ လိုမည်ထင်၍ စတုဝီသကပါ ထည့်စစ်လိုက်သည်။

ထို(၂၃)ပါးတို့တွင် ဒုက၌တုံသည်လည်း ဟေတုမူ အာရမ္မဏဒုက (လ) ဟေတုမူ အဝိဂတဒုကအားဖြင့် (၂၃)ပါးအပြားရှိ၏။ ဤနည်းတူ တစ်ခုစီလျှော့၍ တိက(၂၂)၊ စတုက(၂၁)၊ ပဉ္စက(၂၀) (လ) တေဝီသက နှစ်၊ စတုဝီသက တစ်ခုသာ ရှိ၏။ အာရမ္မဏဒုကာဒိ စသည်ကိုလည်း ဟေတု ဒုကာဒိနည်းမှီ၍ သိလေ။ (အနည်းငယ်ထူး၍ အစစ်ကိုပြလိုက် သည်။)

၉။ ဤသို့ဆိုခဲ့ပြီးသော သုဒ္ဓသင်္ချာဝါရ အစရှိသော သင်္ချာဝါရ အပေါင်းတို့တွင် တစ်ခုတစ်ခုသော သင်္ချာဝါရ၌ တိကပဋ္ဌာန်း၊ တိကဒုက ပဋ္ဌာန်း၊ တိကတိကပဋ္ဌာန်း။ ဤပဋ္ဌာန်းသုံးကျမ်းမှလာသော သင်္ချာဝါရ ဖြစ်အံ့- တိက် တစ်ခုတစ်ခု၌ သုံးပုဒ်ဖြစ်၍ ပထမပဒ၊ ဒုတိယပဒ၊ တတိယပဒ၊ ပထမ တတိယပဒ၊ ဒုတိယ တတိယပဒ၊ ပထမ ဒုတိယပဒ၊ ပထမ ဒုတိယ တတိယပဒ အားဖြင့် ခုနစ်ပါး။

ဤနည်းတူ ပထမပဒါဝသာန (လ) ပထမ ဒုတိယ တတိယ ပဒါဝသာနအားဖြင့် ခုနစ်ပါးဖွဲ့ပြီးလျှင် တစ်ခုတစ်ခုသော ပဒ၌ ပဒါဝသာန

ခုနစ်ပါးစီ မူလီသွတ်၍၊ ခုနစ်ခု ခုနစ်လီ၊ လေးဆယ့်ကိုးစီ ရှိ၏။

၁၀။ ဒုကပဋ္ဌာန်း၊ ဒုကတိကပဋ္ဌာန်း၊ ဒုကဒုကပဋ္ဌာန်း။ ဤသုံးကျမ်းမှလာသော သချာဝါရဖြစ်အံ့- ဒုက် တစ်ခုတစ်ခု၌ နှစ်ပုဒ်ဖြစ်၍ ပဌမပဒ၊ ဒုတိယပဒ၊ ပဌမ ဒုတိယပဒအားဖြင့် ပဒသုံးပါး။

ဤနည်းတူ ပဌမပဒါဝသာန၊ ဒုတိယပဒါဝသာန၊ ပဌမ ဒုတိယ ပဒါဝသာနအားဖြင့် တစ်ခုတစ်ခုသော ပဒ၌ ပဒါဝသာန သုံးပါးစီ မူလီသွတ်၍ သုံးခုသုံးလီ ကိုးခုစီ ရှိ၏။

တိက်၌ ဧကကပဒဖြစ်အံ့- မိမိဧကက ပဒါဝသာနမှစ၍ မူလီသွတ်။ ဒုကပဒ၊ တိကပဒဖြစ်အံ့- ပဒါဝသာန ခုနစ်ပါးမှာ အစဉ်အတိုင်း အရင်းကစ၍ မူလီသွတ်လေ။

ဒုက်၌ ဧကကပဒဖြစ်အံ့- မိမိပဒါဝသာနမှစ၍ မူလီသွတ်။ ဒွိပဒ ဖြစ်အံ့- ပဒါဝသာန သုံးပါးမှာ အစဉ်အတိုင်း အရင်းကစ၍ မူလီသွတ် ရမည်။ ဤကား ပစ္စယာဝါရပါဠိတော် ဟောသောအခါ အထူးမှတ်ရန်တည်း။

ပစ္စယာဝါရ ပါဠိတော်

၁၁။ ဓမ္မနယ လေးပါး၌ ပဋ္ဌာန်း နှစ်ဆယ့်လေးကျမ်း ဟောဟန် အမြွက်မျှ ဆိုဦးအံ့။

ဓမ္မအနုလုံ တိကပဋ္ဌာန်း၊ ကုသလတိက် ဟောဟန်ကား မိမိ ပဒါဝသာနမှစ၍ မူလီသွတ်။

၁။ သိယာ ကုသလံ ဓမ္မံ ပဋိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ။

၂။ သိယာ ကုသလံ ဓမ္မံ ပဋိစ္စ အကုသလော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ။

၃။ သိယာ ကုသလံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ။

၄။ သိယာ ကုသလံ ဓမ္မံ ပဋိစ္စ ကုသလော စ အဗျာကတော စ ဓမ္မာ ဥပ္ပဇ္ဇေယျုံ ဟေတုပစ္စယာ။

၅။ သိယာ ကုသလံ ဓမ္မံ ပဋိစ္စ အကုသလော စ အဗျာကတော စ ဓမ္မာ ဥပ္ပဇ္ဇေယျုံ ဟေတုပစ္စယာ။

၆။ သိယာ ကုသလံ ဓမ္မံ ပဋိစ္စ ကုသလော စ အကုသလော စ ဓမ္မာ ဥပ္ပဇ္ဇေယျုံ ဟေတုပစ္စယာ။

၇။ သိယာ ကုသလံ ဓမ္မံ ပဋိစ္စ ကုသလော စ အကုသလော စ အဗျာကတော စ ဓမ္မာ ဥပ္ပဇ္ဇေယျုံ ဟေတုပစ္စယာ။[၁]

ဤသို့လျှင် ကုသလပဒ၌ ပဒါဝသာန ခုနစ်ပါး ဖြစ်သတည်း။

ဤနည်းတူ -

သိယာ အကုသလံ ဓမ္မံ ပဋိစ္စ အကုသလော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ- အစရှိသဖြင့် ပဒါဝသာန ခုနစ်ပါး ဟောလေ။

သိယာ အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ- အစရှိသဖြင့် ပဒါဝသာန ခုနစ်ပါး ဟောလေ။

သိယာ ကုသလဉ္စ အဗျာကတဉ္စ ဓမ္မံ ပဋိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ- အစရှိသဖြင့် ပဒါဝသာန ခုနစ်ပါး ဟောလေ။

သိယာ အကုသလဉ္စ အဗျာကတဉ္စ ဓမ္မံ ပဋိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ- အစရှိသဖြင့် ပဒါဝသာန ခုနစ်ပါး ဟောလေ။

သိယာ ကုသလဉ္စ အကုသလဉ္စ ဓမ္မံ ပဋိစ္စ ကုသလော ဓမ္မော

၁။ ပဋ္ဌာန၊ ပါဠိ-၁၊ ၁၀။

ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ- အစရှိသဖြင့် ပဒါဝသာန ခုနစ်ပါး ဟောလေ။

သိယာ ကုသလဉ္စ အကုသလဉ္စ အဗျာကတဉ္စ ဓမ္မံ ပဋိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ- အစရှိသဖြင့် ပဒါဝသာန ခုနစ်ပါး ဟောလေ။

ဓမ္မအနုလုံ ကုသလတိက် ဟောဟန်အမြွက် ပြီး၏။

၁၂။ ဓမ္မအနုလုံ ဒုကပဋ္ဌာန်း ဟေတုဒုက် ဟောဟန်အမြွက်ကား-

၁။ သိယာ ဟေတုံ ဓမ္မံ ပဋိစ္စ ဟေတုဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ။

၂။ သိယာ ဟေတုံ ဓမ္မံ ပဋိစ္စ နဟေတုဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ။

၃။ သိယာ ဟေတုံ ဓမ္မံ ပဋိစ္စ ဟေတု စ နဟေတု စ ဓမ္မာ ဥပ္ပဇ္ဇေယျုံ ဟေတုပစ္စယာ။[၁] ဤသို့လျှင် ဟေတုပဒ၌ ပဒါဝသာန သုံးပါး။

သိယာ နဟေတုံ ဓမ္မံ ပဋိစ္စ နဟေတုဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ။ သိယာ နဟေတုံ ဓမ္မံ ပဋိစ္စ ဟေတုဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ။ သိယာ နဟေတုံ ဓမ္မံ ပဋိစ္စ ဟေတု စ နဟေတု စ ဓမ္မာ ဥပ္ပဇ္ဇေယျုံ ဟေတုပစ္စယာ။ ဤသို့လျှင် နဟေတုပဒ၌ ပဒါဝသာန သုံးပါး။

သိယာ ဟေတုဉ္စ နဟေတုဉ္စ ဓမ္မံ ပဋိစ္စ ဟေတုဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ။ သိယာ ဟေတုဉ္စ နဟေတုဉ္စ ဓမ္မံ ပဋိစ္စ နဟေတုဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ။ သိယာ ဟေတုဉ္စ နဟေတုဉ္စ ဓမ္မံ ပဋိစ္စ ဟေတု စ နဟေတု စ ဓမ္မာ ဥပ္ပဇ္ဇေယျုံ ဟေတုပစ္စယာ။ ဤသို့လျှင်

၁။ ပဋ္ဌပကရဏ၊ ၌၊ ၄၀၄။

ဟေတု နဟေတုပဒဒွဲ ပဒါဝသာန သုံးပါး။

ဓမ္မအနုလုံ ဒုကပဋ္ဌာန်း ဟေတုဒုက် ဟောဟန်အမြွက် ပြီး၏။

၁၃။ ဓမ္မအနုလုံ ဒုကတိကပဋ္ဌာန်း ဟေတုဒုက်မူ ကုသလပဒမူလီ ဟောဟန်ကား -

သိယာ ဟေတုံ ကုသလံ ဓမ္မံ ပဋိစ္စ ဟေတု ကုသလော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ။ သိယာ ဟေတုံ ကုသလံ ဓမ္မံ ပဋိစ္စ နဟေတု ကုသလော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ။ သိယာ ဟေတုံ ကုသလံ ဓမ္မံ ပဋိစ္စ ဟေတု ကုသလော စ နဟေတု ကုသလော စ ဓမ္မာ ဥပ္ပဇ္ဇေယျုံ ဟေတုပစ္စယာ[၁]။ ဤသို့လျှင် ဟေတု ကုသလပဒဒွဲ ပဒါဝသာန သုံးပါး။

ဤနည်းတူ သိယာ နဟေတုံ ကုသလံ ဓမ္မံ ပဋိစ္စ နဟေတု ကုသလော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ- အစရှိသဖြင့် ပဒါဝသာန သုံးပါး ဟောလေ။

သိယာ ဟေတုံ ကုသလဉ္စ နဟေတုံ ကုသလဉ္စ ဓမ္မံ ပဋိစ္စ ဟေတု ကုသလော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ- အစရှိသဖြင့် ပဒါဝသာန သုံးပါးဟောလေ။ (ဟေတုဒုက်မူ ကုသလပဒမူလီ ပြီး၏။)

သိယာ ဟေတုံ အကုသလံ ဓမ္မံ ပဋိစ္စ ဟေတု အကုသလော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ- အစရှိသဖြင့် ပဒါဝသာန သုံးပါး ဟောလေ။

သိယာ နဟေတုံ အကုသလံ ဓမ္မံ ပဋိစ္စ နဟေတု အကုသလော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ- အစရှိသဖြင့် ပဒါဝသာန သုံးပါး ဟောလေ။

သိယာ ဟေတုံ အကုသလဉ္စ နဟေတုံ အကုသလဉ္စ ဓမ္မံ ပဋိစ္စ

၁။ ပဋ္ဌပကရဏ၊ ၁၊ ၄၀၅။

ဟေတု အကုသလော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ- အစရှိသဖြင့် ပဒါဝသာန သုံးပါးဟောလေ။ (ဟေတုဒုကမူ အကုသလပဒမူလီ ပြီး၏။)

ဟေတုဒုကမူ အဗျာကတပဒမူလီ ပေါင်း၍ ဟောဟန်အမြွက်ကား-

သိယာ ဟေတုံ အဗျာကတံ ဓမ္မံ ပဋိစ္စ၊ သိယာ နဟေတုံ အဗျာကတံ ဓမ္မံ ပဋိစ္စ၊ သိယာ ဟေတုံ အဗျာကတဉ္စ နဟေတုံ အဗျာကတဉ္စ ဓမ္မံ ပဋိစ္စ။ ဟေတု အဗျာကတော ဓမ္မော၊ နဟေတု အဗျာကတော ဓမ္မော၊ ဟေတု အဗျာကတော စ နဟေတု အဗျာကတော စ ဓမ္မာ ဥပ္ပဇ္ဇေယျုံ ဟေတုပစ္စယာ။ (ဟေတုဒုကမူ အဗျာကတပဒမူလီ ပြီး၏။)

ဓမ္မအနုလုံ ဒုကတိကပဋ္ဌာန်း ဟောဟန်အမြွက် ပြီး၏။

၁၄။ ဓမ္မအနုလုံ တိကဒုကပဋ္ဌာန်း ကုသလတိကမူ ဟေတုပဒမူလီ ဟောဟန်ကား -

သိယာ ကုသလံ ဟေတုံ ဓမ္မံ ပဋိစ္စ ကုသလော ဟေတုဓမ္မော (လ) အကုသလော ဟေတုဓမ္မော (လ) အဗျာကတော ဟေတုဓမ္မော (လ) ကုသလော ဟေတု စ အဗျာကတော ဟေတု စ ဓမ္မာ (လ) အကုသလော ဟေတု စ အဗျာကတော ဟေတု စ ဓမ္မာ (လ) ကုသလော ဟေတု စ အကုသလော ဟေတု စ ဓမ္မာ (လ) ကုသလော ဟေတု စ အကုသလော ဟေတု စ အဗျာကတော ဟေတု စ ဓမ္မာ ဥပ္ပဇ္ဇေယျုံ ဟေတုပစ္စယာ။ ဤသို့ ကုသလဟေတုပဒမူ၌ ပဒါဝသာန ခုနစ်ပါး။

သိယာ အကုသလံ ဟေတုံ ဓမ္မံ ပဋိစ္စ (လ) အဗျာကတံ ဟေတုံ ဓမ္မံ ပဋိစ္စ (လ) ကုသလံ ဟေတုဉ္စ အဗျာကတံ ဟေတုဉ္စ ဓမ္မံ ပဋိစ္စ (လ) အကုသလံ ဟေတုဉ္စ အဗျာကတံ ဟေတုဉ္စ ဓမ္မံ ပဋိစ္စ (လ) ကုသလံ ဟေတုဉ္စ အကုသလံ ဟေတုဉ္စ ဓမ္မံ ပဋိစ္စ (လ) ကုသလံ

ဟေတုဒွ အကုသလံ ဟေတုဒွ အဗျာကတံ ဟေတုဒွ ဓမ္မံ ပဋိစ္စ၊ ကုသလော ဟေတု ဓမ္မော (လ) အကုသလော ဟေတု ဓမ္မော (လ) အဗျာကတော ဟေတု ဓမ္မော (လ) ကုသလော ဟေတု စ အဗျာကတော ဟေတု စ ဓမ္မာ (လ) အကုသလော ဟေတု စ အဗျာကတော ဟေတု စ ဓမ္မာ (လ) ကုသလော ဟေတု စ အကုသလော ဟေတု စ ဓမ္မာ (လ) ကုသလော ဟေတု စ အကုသလော ဟေတု စ အဗျာကတော ဟေတု စ ဓမ္မာ ဥပ္ပဇ္ဇေယျုံ ဟေတုပစ္စယာ။ ဤသို့ အကုသလ ဟေတုပဒ စသော ပဒခုနစ်ပါး၌ ပဒါဝသာန ခုနစ်ပါးစီဟောပုံတည်း။

ကုသလတိက်မှု နဟေတုပဒမူလီ၌ -

သိယာ ကုသလံ နဟေတုံ ဓမ္မံ ပဋိစ္စ (လ) အကုသလံ နဟေတုံ ဓမ္မံ ပဋိစ္စ (လ) အဗျာကတံ နဟေတုံ ဓမ္မံ ပဋိစ္စ (လ) ကုသလံ နဟေတုဒွ အဗျာကတံ နဟေတုဒွ ဓမ္မံ ပဋိစ္စ (လ) အကုသလံ နဟေတုဒွ အဗျာကတံ နဟေတုဒွ ဓမ္မံ ပဋိစ္စ (လ) ကုသလံ နဟေတုဒွ အကုသလံ နဟေတုဒွ ဓမ္မံ ပဋိစ္စ (လ) ကုသလံ နဟေတုဒွ အကုသလံ နဟေတုဒွ အဗျာကတံ နဟေတုဒွ ဓမ္မံ ပဋိစ္စ၊ ကုသလော နဟေတု ဓမ္မော (လ) အကုသလော နဟေတု ဓမ္မော (လ) အဗျာကတော နဟေတု ဓမ္မော (လ) ကုသလော နဟေတု စ အဗျာကတော နဟေတု စ ဓမ္မာ (လ) အကုသလော နဟေတု စ အဗျာကတော နဟေတု စ ဓမ္မာ (လ) ကုသလော နဟေတု စ အကုသလော နဟေတု စ ဓမ္မာ (လ) ကုသလော နဟေတု စ အကုသလော နဟေတု စ အဗျာကတော နဟေတု စ ဓမ္မာ ဥပ္ပဇ္ဇေယျုံ ဟေတုပစ္စယာ။ ဤသို့ ကုသလနဟေတုပဒ စသော ပဒခုနစ်ပါး၌ ပဒါဝသာန ခုနစ်ပါးစီဟောပုံတည်း။

ဓမ္မာနုလုံ တိကဒုကပဋ္ဌာန်း ဟောဟန်အမြွက် ပြီး၏။

၁၅။ ဓမ္မာနုလုံ တိကတိကပဋ္ဌာန်း ကုသလတိက်မှု သုခါယ

ဝေဒနာယ သမ္ပယုတ္တပဒမူလီ၌ ဟောဟန်အမြွက်ကား -

သိယာ ကုသလံ သုခါယ ဝေဒနာယ သမ္ပယုတ္တံ ဓမ္မံ ပဋိစ္စ (လ) အကုသလံ သုခါယ ဝေဒနာယ သမ္ပယုတ္တံ ဓမ္မံ ပဋိစ္စ (လ) အဗျာကတံ သုခါယ ဝေဒနာယ သမ္ပယုတ္တံ ဓမ္မံ ပဋိစ္စ (လ) ကုသလံ သုခါယ ဝေဒနာယ သမ္ပယုတ္တဉ္စ အဗျာကတံ သုခါယ ဝေဒနာယ သမ္ပယုတ္တဉ္စ ဓမ္မံ ပဋိစ္စ (လ) အကုသလံ သုခါယ ဝေဒနာယ သမ္ပယုတ္တဉ္စ အဗျာကတံ သုခါယ ဝေဒနာယ သမ္ပယုတ္တဉ္စ ဓမ္မံ ပဋိစ္စ (လ) ကုသလံ သုခါယ ဝေဒနာယ သမ္ပယုတ္တဉ္စ အကုသလံ သုခါယ ဝေဒနာယ သမ္ပယုတ္တဉ္စ ဓမ္မံ ပဋိစ္စ (လ) ကုသလံ သုခါယ ဝေဒနာယ သမ္ပယုတ္တဉ္စ အကုသလံ သုခါယ ဝေဒနာယ သမ္ပယုတ္တဉ္စ အဗျာကတံ သုခါယ ဝေဒနာယ သမ္ပယုတ္တဉ္စ ဓမ္မံ ပဋိစ္စ၊ ကုသလော သုခါယ ဝေဒနာယ သမ္ပယုတ္တော ဓမ္မော (လ) အကုသလော သုခါယ ဝေဒနာယ သမ္ပယုတ္တော ဓမ္မော (လ) အဗျာကတော သုခါယ ဝေဒနာယ သမ္ပယုတ္တော ဓမ္မော (လ) ကုသလော သုခါယ ဝေဒနာယ သမ္ပယုတ္တော စ အဗျာကတော သုခါယ ဝေဒနာယ သမ္ပယုတ္တော စ ဓမ္မာ (လ) အကုသလော သုခါယ ဝေဒနာယ သမ္ပယုတ္တော စ အဗျာကတော သုခါယ ဝေဒနာယ သမ္ပယုတ္တော စ ဓမ္မာ (လ) ကုသလော သုခါယ ဝေဒနာယ သမ္ပယုတ္တော စ အကုသလော သုခါယ ဝေဒနာယ သမ္ပယုတ္တော စ ဓမ္မာ (လ) ကုသလော သုခါယ ဝေဒနာယ သမ္ပယုတ္တော စ အကုသလော သုခါယ ဝေဒနာယ သမ္ပယုတ္တော စ အဗျာကတော သုခါယ ဝေဒနာယ သမ္ပယုတ္တော စ ဓမ္မာ ဥပ္ပဇ္ဇေယျုံ ဟေတုပစ္စယာ။

ဤသို့ ကုသလ သုခါယ ဝေဒနာယ သမ္ပယုတ္တပဒစသော ပဒခုနစ်ပါး၌ ပဒါဝသာန ခုနစ်ပါးစီ မူလီသွတ်၍ ဟောပုံတည်း။

ဤနည်းတူ ဒုက္ခာယ ဝေဒနာယ သမ္ပယုတ္တပဒ မူလီ

အဒုက္ခမသုခါယ ဝေဒနာယ သမ္ပယုတ္တပဒ မူလီတို့ကိုလည်း မူလီသွတ်၍ ဟောလေ။ (ဤကား ကုသလတိက်မူ ဝေဒနာတိက်မူလီတည်း။)

ဓမ္မအနုလုံ တိကတိကပဋ္ဌာန်း ဟောဟန်အမြွက် ပြီး၏။

၁၆။ ဓမ္မအနုလုံ ဒုကဒုကပဋ္ဌာန်း ဟေတုဒုက်မူ သဟေတုကဒုက် မူလီ ဟောဟန်အမြွက်ကား -

သိယာ ဟေတုံ သဟေတုကံ ဓမ္မံ ပဋိစ္စ (လ) နဟေတုံ သဟေတုကံ ဓမ္မံ ပဋိစ္စ (လ) ဟေတုံ သဟေတုကဉ္စ နဟေတုံ သဟေတုကဉ္စ ဓမ္မံ ပဋိစ္စ၊ ဟေတု သဟေတုကော ဓမ္မော (လ) နဟေတု သဟေတုကော ဓမ္မော ဟေတု သဟေတုကော စ နဟေတု သဟေတုကော စ ဓမ္မာ ဥပ္ပဇ္ဇေယျုံ ဟေတုပစ္စယာ။ ဤကား ဟေတု သဟေတုကစသော ပဒသုံးပါး၌ ပဒါဝသာန သုံးပါး။

ဟေတုဒုက်မူ အဟေတုကပဒမူလီ၌ -

သိယာ ဟေတုံ အဟေတုကံ ဓမ္မံ ပဋိစ္စ (လ) နဟေတုံ အဟေတုကံ ဓမ္မံ ပဋိစ္စ (လ) ဟေတုံ အဟေတုကဉ္စ နဟေတုံ အဟေတုကဉ္စ ဓမ္မံ ပဋိစ္စ၊ ဟေတု အဟေတုကော ဓမ္မော (လ) နဟေတု အဟေတုကော ဓမ္မော (လ) ဟေတု အဟေတုကော စ နဟေတု အဟေတုကော စ ဓမ္မာ ဥပ္ပဇ္ဇေယျုံ ဟေတုပစ္စယာ။ ဓမ္မအနုလုံ ဒုကဒုကပဋ္ဌာန်း ဟောဟန်အမြွက်ပြီး၏။

ဓမ္မအနုလုံပဋ္ဌာန်း (၆)ကျမ်း ပြီး၏။

၁၇။ ဓမ္မပစ္စနိက် တိကပဋ္ဌာန်း၌ ဟောဟန်အမြွက်ကို ပြဆိုဦးအံ့-

နကုသလတိက်၌ -

သိယာ နကုသလံ ဓမ္မံ ပဋိစ္စ (လ) နအကုသလံ ဓမ္မံ ပဋိစ္စ (လ) နအဗျာကတံ ဓမ္မံ ပဋိစ္စ (လ) နကုသလဉ္စ နအဗျာကတဉ္စ ဓမ္မံ

ပဋ္ဌိစ္စ (လ) နအကုသလဥ္စ နအဗျာကတဥ္စ ဓမ္မံ ပဋ္ဌိစ္စ (လ) နကုသလဥ္စ နအကုသလဥ္စ ဓမ္မံ ပဋ္ဌိစ္စ (လ) နကုသလဥ္စ နအကုသလဥ္စ နအဗျာကတဥ္စ ဓမ္မံ ပဋ္ဌိစ္စ၊ နကုသလော ဓမ္မော (လ) နအကုသလော ဓမ္မော (လ) နအဗျာကတော ဓမ္မော (လ) နကုသလော စ နအဗျာကတော စ ဓမ္မော (လ) နအကုသလော စ နအဗျာကတောစ ဓမ္မာ (လ) နကုသလော စ နအကုသလော စ ဓမ္မာ (လ) နကုသလော စ နအကုသလော စ နအဗျာကတော စ ဓမ္မာ ဥပ္ပဇ္ဇေယျုံ ဟေတုပစ္စယာ။

ဤသို့ နကုသလပဒ စသော ပဒခုနစ်ပါး၌ နကုသလပဒါဝသာန စသော ပဒါဝသာန ခုနစ်ပါးမူလီသွတ်၍ ဟောပုံအမြွက်တည်း။

ဓမ္မပစ္စနိကံတိကပဋ္ဌာန်း ပြီး၏။

၁၈။ ဓမ္မပစ္စနိက် ဒုကပဋ္ဌာန်း နဟေတုဒုက် ဟောဟန်အမြွက်ကို ပြဆိုဦးအံ့ -

သိယာ နဟေတုံ ဓမ္မံ ပဋ္ဌိစ္စ (လ) နနဟေတုံ ဓမ္မံ ပဋ္ဌိစ္စ (လ) နဟေတုဉ္စ နနဟေတုဉ္စ ဓမ္မံ ပဋ္ဌိစ္စ၊ နဟေတု ဓမ္မော (လ) နနဟေတု ဓမ္မော (လ) နဟေတု စ နနဟေတု စ ဓမ္မာ ဥပ္ပဇ္ဇေယျုံ ဟေတုပစ္စယာ။

ဤသို့ နဟေတုပဒ စသော ပဒသုံးပါး၌ နဟေတုပဒါဝသာန စသော ပဒါဝသာန သုံးပါးကို မူလီသွတ်၍ ဟောပုံတည်း။

ဓမ္မပစ္စနိကံဒုကပဋ္ဌာန်း ပြီး၏။

၁၉။ ဤပြဆိုခဲ့ပြီးသော ဓမ္မအနုလုံ ပဋ္ဌာန်းခြောက်ကျမ်းဟောပုံကို နည်းမှီ၍ ပဒ, ပဒါဝသာန နှစ်ပါးကို 'န' မြစ်၍ဟောတော်မူလျှင် ဓမ္မပစ္စနိက် ဟုမှတ်ပါ။ သိသာထင်ရှား ဝေဖန်သွားနိုင်လောက်ပြီဖြစ်၍ အကျယ်တဝင့် မပြတော့ပြီ။

ဓမ္မအနုလောမ ပစ္စနိက်ဖြစ်အံ့- ပဒကို 'န' မမြစ်မူ၍ ပဒါဝသာန

ကိုသာ 'နှ' မြစ်၍ ဟောတော်မူသည်ကိုသတိပြု၍ ဟောကြလေ။ သိသာလောက်ပြီ။

ဓမ္မပစ္စနီယာနုလောမ ဖြစ်အံ့- ပဒကို 'နှ' မြစ်၍ ပဒါဝသာနကို 'နှ' မမြစ်ဘဲ ဟောတော်မူသည်ကို သတိပြု၍ ခြောက်ကျမ်းစေ့အောင် ဟောလေ။ မခဲယဉ်းပြီ။

၂၀။ အာရမ္မဏာသုဒ္ဓ (လ) အဝိဂတသုဒ္ဓတို့ကိုလည်း ဟေတုကဲ့သို့ ဟောလေ။ ဒုကတိက (လ) စတုဝီသက တိုင်အောင်ဟောတော်မူသည်၏ အဖြစ်ကိုလည်း သိရမည်ဟူလို။ ဓမ္မအနုလုံ၊ ဓမ္မပစ္စနိက်၊ ဓမ္မအနုလောမ ပစ္စနိက်၊ ဓမ္မပစ္စနီယာနုလောမတို့၌ ပဋ္ဌာန်းနှစ်ဆယ့်လေးကျမ်း ဟောတော်မူပုံအမြွက်ပြီး၏။ ကြွင်းသော ဝါရခြောက်ပါး ဟောပုံအမြွက်ကား -

၂။ သိယာ ကုသလံ ဓမ္မံ သဟဇာတော ကုသလော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ။

၃။ သိယာ ကုသလံ ဓမ္မံ ပစ္စယာ ကုသလော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ။

၄။ သိယာ ကုသလံ ဓမ္မံ နိဿယာ ကုသလော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ။

၅။ သိယာ ကုသလံ ဓမ္မံ သံသဋ္ဌော ကုသလော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ။

၆။ သိယာ ကုသလံ ဓမ္မံ သမ္ပယုတ္တော ကုသလော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ။

၇။ သိယာ ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော။

ပုဋ္ဌာဝါရပါဠိတော်ဟောပုံ ပြီး၏။

ပုစ္ဆာဝါရသင်္ချာကဏ္ဍ

၂၁။ အနန္တနယဖြစ်သော မဟာပကရဏ သမန္တပဋ္ဌာန်းကျမ်းကြီး၌ မိမိဉာဏ်မီသမျှ နှိုင်းဆဆင်ခြင်၍ ပုစ္ဆာအရေအတွက် သင်္ချာအပေါင်းတို့ကို နောင်လာနောက်သား သောတုဇနတို့အကျိုးငှာ ထင်ရှားစွာ ပြဆိုဦးအံ့-

အနန္တနယဖြစ်သော မဟာပကရဏ သမန္တပဋ္ဌာန်းကျမ်း ပုစ္ဆာဝါရ ဓမ္မအနုလုံ တိကပဋ္ဌာန်း ကုသလတိက် ပဋိစ္စဝါရ ပစ္စည်းအနုလုံ၊ ဟေတု သုဒ္ဓသင်္ချာဝါရ၌ ပုစ္ဆာပေါင်း လေးဆယ့်ကိုးပါး ရှိ၏။ (၄၉)။ ဟေတုပစ္စည်း၌ ပဒ ခုနစ်ပါး ပဒါဝသာန ခုနစ်ပါးရသောကြောင့် ခုနစ်ခု ခုနစ်လီ မြှောက်ပွား၍ လေးဆယ်ကိုး ဖြစ်ပါသည်။

ဓမ္မအနုလုံ တိကပဋ္ဌာန်း ကုသလတိက် ပဋိစ္စဝါရ ပစ္စည်းအနုလုံ၊ ဟေတုအစ အဝိဂတအဆုံးရှိသော အလုံးစုံသော သုဒ္ဓသင်္ချာဝါရ၌ ပုစ္ဆာပေါင်း တစ်ထောင့်တစ်ရာ ခုနစ်ဆယ့်ခြောက်ပါး ရှိ၏။ (၁၁၇၆)။ ပစ္စည်း တစ်ခုတစ်ခု၌ လေးဆယ့်ကိုးခုစီ ရသောကြောင့် လေးဆယ့်ကိုး- နှစ်ဆယ့်လေးလီ လည်၍ ၄င်းသင်္ချာပေါင်း ဖြစ်ပါသည်။

ဓမ္မအနုလုံ တိကပဋ္ဌာန်း ကုသလတိက် ပဋိစ္စဝါရ ပစ္စည်းအနုလုံ၊ ဟေတု ဒုကာဒိသင်္ချာဝါရ၌ ပုစ္ဆာပေါင်း တစ်သောင်း-သုံးထောင်-ငါးရာ- နှစ်ဆယ့်-လေးပါး ရှိ၏။ (၁၃၅၂၄)။ ဒုက နှစ်ဆယ်သုံး။ တိက နှစ်ဆယ့်နှစ် ဤသို့စသည်ဖြင့် တစ်ခုတစ်ခုလျော့၍ စတုဝီသက တိုင်အောင်သော သင်္ချာတို့ကို ပေါင်းပြီးလျှင် သင်္ချာ တစ်ခုတစ်ခု၌ လေးဆယ့်ကိုးစီ ရသောကြောင့် လေးဆယ့်ကိုးဖြင့် မြှောက်ပွားသည်။

ဓမ္မအနုလုံ တိကပဋ္ဌာန်း ကုသလတိတ် ပဋိစ္စဝါရ ပစ္စည်းအနုလုံ၊ ဟေတု ဒုကာဒိအစ အဝိဂတ ဒုကာဒိအဆုံးရှိသော အလုံးစုံသော

ဒုကာဒိသချာဝါရ၌ ပုစ္ဆာပေါင်း သုံးသိန်း-နှစ်သောင်း-လေးထောင်-ငါးရာ-ခုနစ်ဆယ့်-ခြောက်ပါး ရှိ၏။ (၃၂၄၅၇၆)။ ဒုကာဒိသချာဝါရသည် နှစ်ဆယ့်လေးဖြစ်၍ ဟေတု ဒုကာဒိသချာဝါရ၌ ရအပ်သော သချာအပေါင်းကို နှစ်ဆယ့်လေးခုဖြင့် မြှောက်ပွား၍ ၄င်းသချာ ဖြစ်သည်။

ဓမ္မအနုလုံ တိကပဋ္ဌာန်း ကုသလတိက် ပဋိစ္စဝါရ ပစ္စည်းအနုလုံ၌ ပုစ္ဆာပေါင်း သုံးသိန်း-နှစ်သောင်း-ငါးထောင်-ခုနစ်ရာ- ငါးဆယ့်-နှစ်ပါး ရှိ၏။ (၃၂၅၇၅၂)။ သုဒ္ဓသချာဝါရ၊ ဒုကာဒိသချာဝါရတို့၌ ရအပ်သော သချာနှစ်ခုကို ပေါင်း၍ ၄င်းသချာဖြစ်ပါသည်။ (ပစ္စည်းပစ္စနိက်လည်း ပစ္စည်းအနုလုံကဲ့သို့ သချာပုစ္ဆာပေါင်းကို မှတ်လေ။)

ဓမ္မအနုလုံ တိကပဋ္ဌာန်း ကုသလတိက် ပဋိစ္စဝါရ ပစ္စည်းအနုလောမ ပစ္စနိက်၌ ပုစ္ဆာပေါင်း သုံးသိန်း-နှစ်သောင်း-လေးထောင်-ငါးရာ-ခုနစ်ဆယ့်-ခြောက်ပါး ရှိ၏။ (၃၂၄၅၇၆)။ ပစ္စည်းအနုလုံ၌ ရအပ်သော သချာအပေါင်းတွင် သုဒ္ဓသချာဝါရ၌ ရအပ်သော သချာအပေါင်းကို ပယ်သည်။ (ပစ္စည်းပစ္စနိယာနုလောမ၌လည်း ပစ္စည်းအနုလောမပစ္စနိက်ကဲ့သို့ သချာပုစ္ဆာပေါင်းကို မှတ်လေ။)

ဓမ္မအနုလုံ တိကပဋ္ဌာန်း ကုသလတိက် ပဋိစ္စဝါရ၌ ပုစ္ဆာပေါင်း တစ်သန်း-သုံးသိန်း-ခြောက်ရာ-ငါးဆယ့်-ခြောက်ပါး ရှိ၏။ (၁၃၀၀၆၅၆)။ ပဋိစ္စဝါရ၌ ရအပ်သော ပစ္စည်းအနုလုံ ပစ္စည်းပစ္စနိက် ပစ္စည်းအနုလောမပစ္စနိက် ပစ္စည်းပစ္စနိယာနုလောမ သချာပုစ္ဆာတို့ကို ပေါင်းသည်။

ဓမ္မအနုလုံ တိကပဋ္ဌာန်း ကုသလတိက်၌ ပုစ္ဆာပေါင်း ကိုးသန်း-တစ်သိန်း-လေးထောင်-ငါးရာ-ကိုးဆယ့်-နှစ်ပါး ရှိ၏။ (၉၁၀၄၅၉၂)။ ကုသလတိက်၌ ပဋိစ္စဝါရအစရှိသော ခုနစ်ဝါရဖြစ်၍ ပဋိစ္စဝါရ၌ ရအပ်သော သချာအပေါင်းကို ခုနစ်ခုဖြင့် မြှောက်ပွားသည်။

ဓမ္မအနုလုံ တိကပဋ္ဌာန်း၌ ပုစ္ဆာပေါင်း ကုဋေနှစ်ဆယ်-သုံးသိန်း-တစ်ထောင်-နှစ်ဆယ့်-လေးပါး ရှိ၏။ (၂၀၀၃၀၁၀၂၄)။ တိကပဋ္ဌာန်း၌ နှစ်ဆယ့်နှစ်တိက် ရသည်ဖြစ်၍ ကုသလတိက်၌ ရအပ်သော သင်္ချာပေါင်းကို နှစ်ဆယ့်နှစ်ခုဖြင့် မြှောက်ပွားသည်။

ဓမ္မအနုလုံ ဒုကပဋ္ဌာန်း ဟေတုဒုက် ပဋိစ္စဝါရ ပစ္စည်းအနုလုံ ဟေတုသုဒ္ဓသင်္ချာဝါရ၌ ပုစ္ဆာပေါင်း ကိုးပါး ရှိ၏။ (၉)။ ဟေတုပစ္စည်း၌ ပဒသုံးခု ပဒါဝသာန သုံးခုဖြစ်၍ သုံးခု-သုံးလီ သင်္ချာကိုးခု ရှိပါသည်။

ဓမ္မအနုလုံ ဒုကပဋ္ဌာန်း ဟေတုဒုက် ပဋိစ္စဝါရ ပစ္စည်းအနုလုံ ဟေတု (လ) အဝိဂတ သုဒ္ဓသင်္ချာဝါရ၌ ပုစ္ဆာပေါင်း နှစ်ရာ-တစ်ဆယ့်-ခြောက်ပါး ရှိ၏။ (၂၁၆)။ ပစ္စည်းတစ်ခုတစ်ခု၌ ကိုးခုစီရသောကြောင့် နှစ်ဆယ့်လေးကို ကိုးခုဖြင့် မြှောက်ပွားသည်။

ဓမ္မအနုလုံ ဒုကပဋ္ဌာန်း ဟေတုဒုက် ပဋိစ္စဝါရ ပစ္စည်းအနုလုံ ဟေတု ဒုကာဒိသင်္ချာဝါရ၌ ပုစ္ဆာပေါင်း နှစ်ထောင်-လေးရာ-ရှစ်ဆယ့်-လေးပါး ရှိ၏။ (၂၄၈၄)။ ဟေတုဒုကာဒိ၌ ဒုက နှစ်ဆယ့်သုံး၊ စတုဝီသက တစ်၊ ပေါင်း နှစ်ဆယ့်လေး။ တိက နှစ်ဆယ့်နှစ်၊ တေဝီသက နှစ်၊ ပေါင်း နှစ်ဆယ့်လေး (လ) ဒွါဒသက တစ်ဆယ့်သုံး၊ စုဒ္ဒသက တစ်ဆယ့်တစ်၊ ပေါင်း နှစ်ဆယ့်လေး။ ဤသို့ တေရသကကို ချန်လှပ်၍ အရင်းတစ်ခု အဖျားတစ်ခု ပေါင်းပြီး၍ နှစ်ဆယ့်လေး-တစ်ဆယ့်တစ်လီ လည်ပြီးလျှင် တေရသက တစ်ဆယ့်နှစ်ကို ထည့်၍ နှစ်ရာ-ခုနစ်ဆယ့်-ခြောက်ကို ဟေတုဒုက်၌ ရအပ်သော သင်္ချာကိုးခုဖြင့် ကိုးလီ လည်ပါသည်။

ဓမ္မအနုလုံ ဒုကပဋ္ဌာန်း ဟေတုဒုက် ပဋိစ္စဝါရ ပစ္စည်းအနုလုံ ဟေတု ဒုကာဒိသင်္ချာဝါရ (လ) အဝိဂတ ဒုကာဒိသင်္ချာဝါရတည်းဟူသော အလုံးစုံသော ဒုကာဒိသင်္ချာဝါရ၌ ပုစ္ဆာပေါင်း ငါးသောင်း-ကိုးထောင်-

ခြောက်ရာ-တစ်ဆယ့်-ခြောက်ပါး ရှိ၏။ (၅၉၆၁၆)။ ဟေတုဒုကာဒိ သင်္ချာဝါရ၌ ရအပ်သော သင်္ချာအပေါင်းကို နှစ်ဆယ့်လေးလီ လည်ပါသည်။

ဓမ္မအနုလုံ ဒုကပဋ္ဌာန်း ဟေတုဒုက် ပဋိစ္စဝါရ ပစ္စည်းအနုလုံ၌ ပုစ္ဆာပေါင်း ငါးသောင်း-ကိုးထောင်-ရှစ်ရာ-သုံးဆယ့်-နှစ်ပါး ရှိ၏။ (၅၉၈၃၂)။ သုဒ္ဓသင်္ချာဝါရ၊ ဒုကာဒိသင်္ချာဝါရတို့၌ ရအပ်သော သင်္ချာ နှစ်ရပ်ကို ပေါင်းသည်။ (ပစ္စည်းပစ္စနိက်၌လည်း ပစ္စည်းအနုလုံကဲ့သို့ အတူတူပင်။)

ဓမ္မအနုလုံ ဒုကပဋ္ဌာန်း ဟေတုဒုက် ပဋိစ္စဝါရ ပစ္စည်းအနုလောမ ပစ္စနိက်၌ ပုစ္ဆာပေါင်း ငါးသောင်း-ကိုးထောင်-ခြောက်ရာ-တစ်ဆယ့်-ခြောက်ပါး ရှိ၏။ (၅၉၆၁၆)။ ပစ္စည်းအနုလုံ ဟေတု ဒုကာဒိသင်္ချာဝါရ အစရှိသော အလုံးစုံသော ဒုကာဒိသင်္ချာဝါရ အပေါင်းပင်တည်း။ (ပစ္စည်း ပစ္စနိယအနုလောမ၌လည်း ပစ္စည်းအနုလောမ ပစ္စနိက်ကဲ့သို့ပင်တည်း။)

ဓမ္မအနုလုံ ဒုကပဋ္ဌာန်း ဟေတုဒုက် ပဋိစ္စဝါရ၌ ပုစ္ဆာပေါင်း နှစ်သိန်း-သုံးသောင်း-ရှစ်ထောင်-ရှစ်ရာ-ကိုးဆယ့်-ခြောက်ပါး ရှိ၏။ (၂၃၈၈၉၆)။ ပစ္စည်းအနုလုံ ပစ္စည်းပစ္စနိက် ပစ္စည်းအနုလောမပစ္စနိက် ပစ္စည်းပစ္စနိယာနုလောမ သင်္ချာကို ပေါင်းသည်။

ဓမ္မအနုလုံ ဒုကပဋ္ဌာန်း ဟေတုဒုက်၌ ပုစ္ဆာပေါင်း တစ်သန်း-ခြောက်သိန်း-ခုနစ်သောင်း-နှစ်ထောင်-နှစ်ရာ-ခုနစ်ဆယ့်-နှစ်ပါး ရှိ၏။ (၁၆၇၂၂၇၂)။ ဟေတုဒုက်၌ ပဋိစ္စဝါရအစရှိသော ခုနစ်ဝါရ ရသောကြောင့် ဟေတုဒုက် ပဋိစ္စဝါရ၌ ရအပ်သော သင်္ချာအပေါင်းကို ခုနစ်လီ လည်ပါသည်။

ဓမ္မအနုလုံ ဒုကပဋ္ဌာန်း၌ ပုစ္ဆာပေါင်း ကုဋေ တစ်ဆယ့်ခြောက် ကုဋေ-ခုနစ်သန်း-နှစ်သိန်း-နှစ်သောင်း-ခုနစ်ထောင်-နှစ်ရာ ရှိ၏။

(၁၆၇၂၂၇၂၀၀)။ ဒုကပဋ္ဌာန်း၌ ဒုက်တစ်ရာ ရသောကြောင့် ဟေတုဒုက်၌ ရအပ်သော သင်္ချာအပေါင်းကို အလီတစ်ရာ လည်ပါသည်။

ဓမ္မအနုလုံ ဒုကတိကပဋ္ဌာန်း ဟေတုဒုက်မှ ကုသလတိက် မူလီ၌ ပုစ္ဆာပေါင်း ငါးသန်း-တစ်သောင်း-ခြောက်ထောင်-ရှစ်ရာ-တစ်ဆယ့်-ခြောက်ပါး ရှိ၏။ (၅၀၁၆၈၁၆)။ ဒုကပဋ္ဌာန်း ဟေတုဒုက်၌ ရအပ်သော သင်္ချာအပေါင်းကို ကုသလတိက်၌ သုံးပဒရသောကြောင့် သုံးလီ လည်ပါသည်။

ဓမ္မအနုလုံ ဒုကတိကပဋ္ဌာန်း ဟေတုဒုက်မှ ကုသလတိက် မူလီ (လ) သနိဒဿနသပ္ပဋိဃတိက် မူလီ၌ ပုစ္ဆာပေါင်း ကုဋေ တစ်ဆယ့်တစ်ကုဋေ-သုံးသိန်း-ခြောက်သောင်း-ကိုးထောင်-ကိုးရာ-ငါးဆယ့်-နှစ်ပါး ရှိ၏။ (၁၁၀၃၆၉၉၅၂)။ နှစ်ဆယ့်နှစ်တိက် ဖြစ်သောကြောင့် ဟေတုဒုက်မှ ကုသလတိက် မူလီ၌ ရအပ်သော သင်္ချာပေါင်းကို နှစ်ဆယ့်နှစ်လီ လည်ပါသည်။

ဓမ္မအနုလုံ ဒုကတိကပဋ္ဌာန်း၌ ပုစ္ဆာပေါင်း ကုဋေ တစ်ထောင့်တစ်ရာသုံးကုဋေ-ခြောက်သန်း-ကိုးသိန်း-ကိုးသောင်း-ငါးထောင်-နှစ်ရာ ရှိ၏။ (၁၁၀၃၆၉၉၅၂၀၀)။ ဟေတုဒုက်မှ နှစ်ဆယ့်နှစ်တိက် မူလီ၌ ရအပ်သော သင်္ချာအပေါင်းကို ဒုက်ပေါင်း တစ်ရာရှိသောကြောင့် အလီတစ်ရာ လည်ပါသည်။

ဓမ္မအနုလုံ တိကဒုကပဋ္ဌာန်း ကုသလတိက်မှ ဟေတုဒုက် မူလီ၌ ပုစ္ဆာပေါင်း တစ်ကုဋေ-ရှစ်သန်း-နှစ်သိန်း-ကိုးထောင်-တစ်ရာ-ရှစ်ဆယ့်-လေးပါး ရှိ၏။ (၁၈၂၀၉၁၈၄)။ တိကပဋ္ဌာန်း ကုသလတိက်၌ ရအပ်သော သင်္ချာအပေါင်းကို ဟေတုဒုက်၌ နှစ်ပုဒ်ရှိသောကြောင့် နှစ်လီ လည်ပါသည်။

ဓမ္မအနုလုံ တိကဒုကပဋ္ဌာန်း ကုသလတိက်မှ ဟေတုဒုက် (လ)

သရဏာဒုက်မူလီ၌ ပုစ္ဆာပေါင်း ကုဋေ တစ်ရာရှစ်ဆယ့်နှစ်ကုဋေ-ကိုးသိန်း-တစ်သောင်း-ရှစ်ထောင်-လေးရာ ရှိ၏။ (၁၈၂၀၉၁၈၄၀၀)။ တိကဒုက ပဋ္ဌာန်း ကုသလတိက်မူ ဟေတုမူလီ၌ ရအပ်သော သင်္ချာပေါင်းကို ဒုက်ပေါင်း တစ်ရာရှိသောကြောင့် အလီတစ်ရာ လည်ပါသည်။

ဓမ္မအနုလုံ တိကဒုကပဋ္ဌာန်း၌ ပုစ္ဆာပေါင်း ကုဋေ လေးထောင်ခြောက်ကုဋေ-နှစ်သိန်း-လေးထောင်-ရှစ်ရာ ရှိ၏။ (၄၀၀၆၀၂၀၄၈၀၀)။ ကုသလတိက်မူ ဒုက်ပေါင်းတစ်ရာ မူလီ၌ ရအပ်သော သင်္ချာအပေါင်းကို တိက်နှစ်ဆယ့်နှစ်တိက် ဖြစ်သောကြောင့် နှစ်ဆယ့်နှစ်လီ လည်ပါသည်။

ဓမ္မအနုလုံ တိကတိကပဋ္ဌာန်း ကုသလတိက်မူ ဝေဒနာတိက်မူလီ၌ ပုစ္ဆာပေါင်း နှစ်ကုဋေ-ခုနစ်သန်း-သုံးသိန်း-တစ်သောင်း၊ သုံးထောင်-ခုနစ်ရာ-ခုနစ်ဆယ့်-ခြောက်ပါး ရှိ၏။ (၂၇၃၁၃၇၇၆)။ တိကပဋ္ဌာန်း ကုသလတိက်၌ ရအပ်သောသင်္ချာအပေါင်းကို ဝေဒနာတိက်၌ သုံးပုဒ်ရှိသောကြောင့် သုံးလီ လည်ပါသည်။

ဓမ္မအနုလုံ တိကတိကပဋ္ဌာန်း ကုသလတိက်မူ ဝေဒနာတိက် (လ) သနိဒဿနသပ္ပဋိဃတိက် မူလီ၌ ပုစ္ဆာပေါင်း ကုဋေ ငါးဆယ့်ခုနစ်ကုဋေ-သုံးသန်း-ငါးသိန်း-ရှစ်သောင်း-ကိုးထောင်-နှစ်ရာ-ကိုးဆယ့်-ခြောက်ပါး ရှိ၏။ (၅၇၃၅၈၉၂၉၆)။ ကုသလတိက်မူ ဝေဒနာတိက်မူလီ၌ ရအပ်သော သင်္ချာအပေါင်းကို ဝေဒနာတိက် အစရှိသော နှစ်ဆယ့်တစ်တိက် ဖြစ်သောကြောင့် နှစ်ဆယ့်တစ်လီ လည်ပါသည်။

ဓမ္မအနုလုံ တိကတိကပဋ္ဌာန်း၌ ပုစ္ဆာပေါင်း ကုဋေ တစ်ထောင်နှစ်ရာခြောက်ဆယ့်တစ်ကုဋေ-ရှစ်သန်း-ကိုးသိန်း-ခြောက်သောင်း-လေးထောင်-ငါးရာ-တစ်ဆယ့်-နှစ်ပါးရှိ၏။ (၁၂၆၁,၈၉၆၄၅၁၂)။ ကုသလတိက်မူ ဝေဒနာတိက် (လ) သနိဒဿနသပ္ပဋိဃတိက် မူလီ၌ ရအပ်သော သင်္ချာအပေါင်းကို ကုသလတိက် အစရှိသော မူ-နှစ်ဆယ့်နှစ်

တိက် ဖြစ်သောကြောင့် နှစ်ဆယ့်နှစ်လီ လည်ပါသည်။

ဓမ္မအနုလုံ ဒုကဒုကပဋ္ဌာန်း ဟေတုဒုက်မူ သဟေတုကဒုက် မူလီ၌ ပုစ္ဆာပေါင်း သုံးသန်း-သုံးသိန်း-လေးသောင်း-လေးထောင်-ငါးရာ-လေးဆယ်-လေးပါး ရှိ၏။ (၃၃၄၄၅၄၄)။ ဒုကပဋ္ဌာန်း ဟေတုဒုက်၌ ရအပ်သော သင်္ချာအပေါင်းကို သဟေတုကဒုက်၌ နှစ်ပုဒ် ဖြစ်သောကြောင့် နှစ်လီ လည်ပါသည်။

ဓမ္မအနုလုံ ဒုကဒုကပဋ္ဌာန်း ဟေတုဒုက်မူ သဟေတုကဒုက် (လ) သရဏဒုက် မူလီ၌ ပုစ္ဆာပေါင်း ကုဋေ သုံးဆယ့်သုံးကုဋေ-တစ်သန်း-တစ်သိန်း-ကိုးထောင်-ရှစ်ရာ-ငါးဆယ့်-ခြောက်ပါး ရှိ၏။ (၃၃,၁၁၀၉၈၅၆)။ ဟေတုဒုက်မူ သဟေတုကဒုက် မူလီ၌ ရအပ်သော သင်္ချာအပေါင်းကို သဟေတုကဒုက် အစရှိသော မူလီဒုက်ပေါင်း ကိုးဆယ့် ကိုးပါး ရသောကြောင့် ကိုးဆယ့်ကိုးလီ လည်ပါသည်။

ဓမ္မအနုလုံ ဒုကဒုကပဋ္ဌာန်း၌ ပုစ္ဆာပေါင်း ကုဋေ သုံးထောင်သုံးရာ တစ်ဆယ့် တစ်ကုဋေ-ကိုးသိန်း-ရှစ်သောင်း-ငါးထောင်-ခြောက်ရာ ရှိ၏။ (၃၃၁၁,၀၉၈၅၆၀၀)။ ဒုကဒုကပဋ္ဌာန်း ဟေတုဒုက်မူ သဟေတုကဒုက် (လ) သရဏဒုက် မူလီ၌ ရအပ်သော သင်္ချာအပေါင်းကို ဟေတုဒုက် အစရှိသော မူတစ်ရာ ဖြစ်သောကြောင့် အလီတစ်ရာ လည်ပါသည်။

အနန္တနယဖြစ်သော မဟာပကရဏ သမန္တပဋ္ဌာန်းကျမ်းကြီး ဓမ္မအနုလုံ၌ ပုစ္ဆာဝါရပေါင်း ကုဋေ ကိုးထောင်ခုနစ်ရာ တစ်ဆယ့်ကိုး ကုဋေ-လေးသန်း-ခြောက်သိန်း-ခုနစ်သောင်း-ရှစ်ထောင်-သုံးရာ-သုံးဆယ့်-ခြောက်ပါး ရှိ၏။ (၉၇၁၉,၄၆၇၈၃၃၆)။ ဓမ္မအနုလုံ၌ ရအပ်သော ပဋ္ဌာန်း ခြောက်ကျမ်းကို ပေါင်းသည်။

ဓမ္မပစ္စနိက် ဓမ္မအနုလောမပစ္စနိက် ဓမ္မပစ္စနိယာနုလောမတို့၌လည်း ဓမ္မအနုလုံကဲ့သို့ ပုစ္ဆာဝါရပေါင်း ဖြစ်၏။ အနန္တနယဖြစ်သော မဟာ

ပကရဏာ သမန္တပဋ္ဌာန်း နှစ်ဆယ့်လေးကျမ်း၌ ပုစ္ဆာဝါရပေါင်း ကုဋေ သုံးသောင်း ရှစ်ထောင် ရှစ်ရာ ခုနစ်ဆယ့် ခုနစ်ကုဋေ-ရှစ်သန်း-ခုနစ်သိန်း-တစ်သောင်း-သုံးထောင်-သုံးရာ-လေးဆယ့်-လေးပါး ရှိ၏။ (၃၈၈၇၇,၈၇၁၃၃၄၄)။ ဓမ္မအနုလုံ ခြောက်ကျမ်း၊ ဓမ္မပစ္စနိက် ခြောက်ကျမ်း၊ ဓမ္မအနုလောမပစ္စနိက် ခြောက်ကျမ်း၊ ဓမ္မပစ္စနိယာနုလောမ ခြောက်ကျမ်းကို ပေါင်းသည်။

ပုစ္ဆာဝါရသင်္ချာပေါင်းနည်း ပြီး၏။

ပဋ္ဌာနပါဠိ ဝိဘင်္ဂဝါရမှတ်ရန်

ပဋ္ဌာနပါဠိ၊ သဟဇာတဝါရ ပုစ္ဆာဝိသဇ္ဇနာ ဟောပုံအထူး

(၁) ပုစ္ဆာဝါရကို ပြပြီး၍ ဝိသဇ္ဇနာဝါရကို ပြတော်မူ၏။ ထို၌ ဓမ္မအနုလုံ ဓမ္မပစ္စနိက်၊ ဓမ္မအနုလောမပစ္စနိက်၊ ဓမ္မပစ္စနိယာနုလောမ အားဖြင့် ဓမ္မနယ လေးပါး အပြားရှိ၏။ ထိုတွင် ဓမ္မအနုလုံ၌ တိကပဋ္ဌာန်း၊ ဒုက၊ ဒုကတိက၊ တိကဒုက၊ တိကတိက၊ ဒုကဒုကပဋ္ဌာန်းအားဖြင့် ခြောက် ပါး အပြားရှိ၏။ ထိုတွင် တိကပဋ္ဌာန်း၌ ကုသလတိက် စသောအားဖြင့် (၂၂)ပါး ပြား၏။ ထိုတွင် ကုသလတိက်၌ ပဋိစ္စဝါရ၊ သဟဇာတဝါရ၊ ပစ္စယဝါရ၊ နိဿယဝါရ၊ သံသဋ္ဌဝါရ၊ သမ္ပယုတ္တဝါရ၊ ပဉှာဝါရအားဖြင့် ခုနစ်ပါး ပြား၏။

ထိုတွင် ပဋိစ္စဝါရကို ရှေးဦးစွာ ဟောတော်မူ၏။ ထို၌ ပစ္စည်း အနုလုံ၊ ပစ္စည်းပစ္စနိက်၊ ပစ္စည်းအနုလောမပစ္စနိက်၊ ပစ္စည်းပစ္စနိယာ-နုလောမအားဖြင့် လေးပါး ပြား၏။ ထိုတွင် ပစ္စည်းအနုလုံကို ရှေးဦးစွာ

ဟောတော်မူ၏။ ထို၌ ဝိဘင်္ဂဝါရ၊ သင်္ချာဝါရအားဖြင့် နှစ်ပါး အပြားရှိ၏။ ထိုတွင် ဝိဘင်္ဂဝါရကို ဟောတော်မူ၏။ (ဤကား အနုသန္ဓေ။)

(၂) ထိုဘင်္ဂဝါရ၌ ပဋိစ္စဝါရ၊ သဟဇာတဝါရ ဤနှစ်ဝါရတို့မှာ တိကပဋ္ဌာန်းဖြစ်အံ့- ပုစ္ဆာသည် ပဒခုနစ်ပါး ပဒါဝသာနခုနစ်ပါး ရှိသောကြောင့် ခုနစ်ခု-ခုနစ်လီ (၄၉)ပါးသော ပုစ္ဆာတို့ကို ရအပ်သကဲ့သို့ ဝိသဇ္ဇနာသည်လည်း (၄၉)ပါးပင် ရအပ်သလော ဟူမူ၊ (၄၉)ပါးသော ဝိသဇ္ဇနာတို့ကို မရအပ်ဟူပေ။ အဘယ့်ကြောင့် မရအပ်သနည်း။ ဤနှစ်ဝါရ၌ အကြင်ပစ္စယုပ္ပန် အကြင်ပစ္စနိက်တရားတို့သည် သဟဇာတ ပစ္စည်း ပစ္စယုပ္ပန် အဖြစ်ဖြင့် ရကောင်းသော မူလ မူလီတို့ကိုသာလျှင် ဟောသောကြောင့်လည်းကောင်း၊ ကုသိုလ်တရားနှင့် အကုသိုလ်တရားသည် သဟဇာတသတ္တိဖြင့် 'ကုသလံ ဓမ္မံ ပဋိစ္စ အကုသလော ဓမ္မော ဥပဇ္ဇတိ ဟေတုပစ္စယာ' အစရှိသော ဝိသဇ္ဇနာတို့ကို မရအပ်သောကြောင့်လည်းကောင်း၊ (၄၀)သော ဝိသဇ္ဇနာတို့ကို မရအပ်။ ကိုးပါးသော ဝိသဇ္ဇနာတို့ကိုသာလျှင် ရအပ်၊ ထုတ်အပ်၏ဟူလို။ ဒုကပဋ္ဌာန်းဖြစ်အံ့- ပုစ္ဆာကိုးပါး ရသည်ကိုသိပါ။

(၃) ထိုသို့ အဖြေ ဝိသဇ္ဇနာ မရဘဲလျက် အဘယ့်ကြောင့် (၄၉)ပါးသော ပုစ္ဆာတို့ကို မြတ်စွာဘုရားသည် ဟောတော်မူသနည်း။ အကြင်ပုစ္ဆာတို့သည် အဖြေဝိသဇ္ဇနာ ရအပ်ကုန်၏။ ထိုအဖြေဝိသဇ္ဇနာ ရသောပုစ္ဆာတို့ကိုသာလျှင် ဟောအပ် ဟောသင့် ဟောထိုက်ကုန်သည် မဟုတ်လောဟူမူ- ငါ့သျှင် စောဒနာသည့်အတိုင်း မှန်ပါပေ၏။ သို့ပင် မှန်ငြားသော်လည်း ရအပ်ကောင်းသော အဖြေရှိသော ပုစ္ဆာတို့ကိုသာလျှင် ဟောပြအပ်ကုန်သည်ရှိသော် အလုံးစုံသော တိကပဋ္ဌာန်း ဒုကပဋ္ဌာန်း စသော ပဋ္ဌာန်းခြောက်ကျမ်းတို့၌ ချုံးခြင်းကို မပြုမူ၍ ပြသင့်ပြထိုက်ကုန်သည် ဖြစ်ရာ၏။ သို့ဖြစ်သောကြောင့် ကုသလတိက်၌ အကြင်ပုစ္ဆာတို့

သည် အဖြေကိုရကုန်၏။ ထိုရကောင်းသောအဖြေရှိသော ဝိသဇ္ဇနာတို့သည် သာလျှင် ဝေဒနာတိက် အစရှိသည်တို့၌ မရအပ်ကုန်။

(မရပုံကား-'ဇဂံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ'စသော နာမက္ခန္ဓာ လေးပါးလုံးကို ကုသလတိက်၌ ရအပ်၏။ ဝေဒနာတိက်၌ကား ဝေဒနာသည် သုံးပုဒ်လုံးမှ ကြဉ်သောကြောင့် 'ဇဂံ ခန္ဓံ ပဋိစ္စ ဒွေ ခန္ဓာ၊ ဒွေ ခန္ဓေ ပဋိစ္စ ဇကော ခန္ဓော' ဤသို့သာလျှင် အဖြေ ရ၏။)

ဓမ္မအနုလောမပစ္စနိကဖြစ်သော တိကပဋ္ဌာန်း၌လည်း ဝိတက္ကတိက်၊ ပီတိတိက်တို့၏ ဝိသဇ္ဇနာ၌ အလုံးစုံသော (၄၉)ပါးသော ပုစ္ဆာတို့၏ အဖြေကို ရကုန်၏။ ထိုသို့ (၄၉)ပါးသော အဖြေကို ရသောကြောင့် သာတိသယနည်းအားဖြင့် တစ်ခုတစ်ခုသော တိက်၌ အကြွင်းမျှလောက် သော ပုစ္ဆာ(၄၀)တို့သည် အဖြေကို မရကြကုန်။ ထိုအဖြေမရသော ပုစ္ဆာ (၄၀)တို့ကို စွန့်ပယ်ချန်လှပ်၍ အကြွင်းမျှလောက်သော (၉)ပါးသော ပုစ္ဆာ တို့သည် အဖြေ ရကြကုန်၏။ ထိုအဖြေရသော (၉)ပါးသော ပုစ္ဆာတို့ကို ဟောကုန်သည်ရှိသော် လွယ်လွယ်ကူကူသိခြင်းငှာ တတ်ကောင်းသော ကြောင့် အလုံးစုံရကောင်းသော အဖြေရှိသော ပုစ္ဆာ၊ မရကောင်းသော အဖြေရှိသော ပုစ္ဆာတို့ကိုလည်း ကုသလတိက်၌ မြတ်စွာဘုရားသည် ဟောအပ်ကုန်၏ဟူလို။

(၄) ဤသို့ 'ကုသလံ ဓမ္မံ ပဋိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ'အစရှိသောနည်းဖြင့် ဟေတုပစ္စည်း၌ ကိုးပါးသော ပုစ္ဆာတို့ ကိုသာလျှင် အဖြေရအပ်ကုန်၏။ ထိုမှကြွင်းသော (၄၀)သော ပုစ္ဆာတို့သည် မရအပ်သောအဖြေ ရှိသည်ဖြစ်၍ အချည်းနှီးသော မောဃပုစ္ဆာဖြစ်သော ကြောင့် မြတ်စွာဘုရားသည် ဖြေတော်မမူကုန်။ ဤနည်းတူ အာရမ္မဏ ပစ္စည်း အစရှိသည်တို့၌လည်း သိကြလေကုန်။ (ဤကား အဋ္ဌကထာ အဓိပ္ပါယ်တည်း။)

(၅) ပဋ္ဌိစ္စဝါရ၊ သဟဇာတဝါရ ဤနှစ်ဝါရတို့၌ အမြဲမှတ်ရန် ဥပဒေသကို ပြဆိုဦးအံ့- 'ဇကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ'ဟုဟောတော်မူသော ပါဠိတွေ့ရှိပါက အစိတ်အစိတ် နာမက္ခန္ဓာကို စွဲ၍ဖြစ်သော ('ဇကံ ခန္ဓံ၊ တယော ခန္ဓေ၊ ဒွေ ခန္ဓေ ပဋိစ္စ'ကို ရည်၍ ဆိုသည်ဟုမှတ်)။ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။ (တယော ခန္ဓာ၊ ဧကော ခန္ဓော၊ ဒွေ ခန္ဓာကို ရည်၍ဆိုသည်ဟုမှတ်။)

ဟိတ်ပါဠိ၏အရကား-မိမိပစ္စယသတ္တိ ရ၏။ ထိုကတ္တား ဟိတ်ပါဠိ နှစ်ပါးတွင် အရကား- ပဓာနအားဖြင့် ကတ္တားသာတည်း။ ခန္ဓာဝါရကား- တစ်ပါးသော ခန္ဓာ၊ သုံးပါးသော ခန္ဓာ၊ နှစ်ပါးသော ခန္ဓာ၊ အစိတ်အစိတ် ကိုစွဲ၍ သုံးပါး တစ်ပါး နှစ်ပါးသော ခန္ဓာ၊ အစိတ်အစိတ် ဖြစ်သောကြောင့် 'ဧကက' လေးဝါရ၊ 'တိက' လေးဝါရ၊ 'ဒုက' ခြောက်ဝါရအားဖြင့် (၁၄)ဝါရ ဖြစ်သတည်း။

ဤအရာ၌ 'ထိုနှစ်ပါးတို့တွင်'ဟု ဆိုအပ်သောစကားကို 'ဇကံ ခန္ဓံ' စသော ကံပါဠိ၊ 'တယော ခန္ဓာ' စသော ကတ္တားပါဠိကိုသာမြင်၍ ကံ-ကတ္တား နှစ်ပါးတို့တွင် ကတ္တားပဓာနဟု အပြောများ အမှတ်များ ရှိတတ်သည်။

အကြင် ဟေတု, အာရမ္မဏစသော ပစ္စည်းတို့၏ ပစ္စယုပ္ပန် ထိုက်သောတရားကို ကံပါဠိ သဟဇာတ ပစ္စည်း ကတ္တားပါဠိ သဟဇာတ ပစ္စယုပ္ပန် ပြ၍၊ ပဋ္ဌိစ္စဝါရ, သဟဇာတဝါရ အနုလုံဝိဘင်း ထုတ်လျက် ဟောသည်ကိုလည်းကောင်း၊ အကြင်ဟေတုစသော ပစ္စည်းတို့၏ ပစ္စနိက် ထိုက်သောတရားကို ကံ သဟဇာတ ပစ္စည်း ကတ္တား သဟဇာတ ပစ္စယုပ္ပန် ပြ၍၊ ဤနှစ်ဝါရတို့၌ ပစ္စနိက်ဝိဘင်းထုတ်လျက် ဟောသည်ကို လည်းကောင်း၊ သဘောမကျသောကြောင့် အပြောများ အမှတ်များ

ရှိတတ်သည်။ သတိပြုလေ။

(၆) 'ကုသလေ ခန္ဓေ ပဋိစ္စ စိတ္တသမုဋ္ဌာနံ ရူပံ အကုသလေ ခန္ဓေ ပဋိစ္စ (လ) ဝိပါကာဗျာကတေ ကိရိယာဗျာကတေ ခန္ဓေ ပဋိစ္စ စိတ္တသမုဋ္ဌာနံ ရူပံ' ဟု ဟောတော်မူသော ပါဠိတော်တို့၌ ပဉ္စဝေါကာရဘုံ မ,၍ အစိတ်အပေါင်း နာမက္ခန္ဓာကို စွဲ၍ဖြစ်သောဟု အမြဲဆို။ ခန္ဓာဝါရ (၂၂၅)ဝါရဟု မှတ်။ ပဉ္စဝေါကာရဘုံ ဝိသေသန မ,သည်ကား ရုပ် ပစ္စယုပ္ပန် ကောက်သောကြောင့်တည်း။

အစိတ်အပေါင်း ဆိုသည်ကား - 'ကုသလေ ခန္ဓေ'စသော သာမညသဒ္ဒါသည် ဧကက၊ တိက၊ ဒုကဟုဆိုအပ်သော အစိတ်၊ စတုက ဟုဆိုအပ်သော အပေါင်း၊ ဝိသေသအနက်ကို ဟောသောကြောင့်တည်း။ တစ်ပါး၊ သုံးပါး၊ နှစ်ပါးသော ခန္ဓာအစိတ်၊ လေးပါးသော ခန္ဓာအပေါင်း ကိုစွဲ၍ မဟာဘုတ် စိတ္တဇရုပ် ဖြစ်၏ဟုလို။

(၇) 'ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ စိတ္တသမုဋ္ဌာနဉ္စ ရူပံ (လ) ဒွေ ခန္ဓာ စိတ္တသမုဋ္ဌာနဉ္စ ရူပံ' ဟုဟောတော်မူသော ပါဠိတော်တို့၌ ပဉ္စဝေါကာရဘုံ မ,၍ အစိတ်အစိတ် နာမက္ခန္ဓာကို စွဲ၍ အစိတ်အစိတ် နာမက္ခန္ဓာ စိတ္တဇရုပ် ပစ္စယုပ္ပန်ဟုဆို။ ခန္ဓာဝါရကား (၂၁၀)ဟု အမြဲမှတ်။ ခန္ဓာဝါရ (၂၁၀) ဖြစ်ပုံကား- တစ်ပါးသောခန္ဓာကို စွဲ၍ သုံးပါးသောခန္ဓာ ပထဝီမဟာဘုတ် စိတ္တဇဥပါဒါရုပ်ယူ၍ 'ဧကက' လေးဝါရ၊ သုံးပါးသော ခန္ဓာကိုစွဲ၍ တစ်ပါးသောခန္ဓာ ပထဝီမဟာဘုတ် စိတ္တဇ ဥပါဒါရုပ်ယူ၍ 'တိက' လေးဝါရ၊ နှစ်ပါးသော ခန္ဓာကိုစွဲ၍ နှစ်ပါးသော ခန္ဓာ ပထဝီမဟာဘုတ် စိတ္တဇဥပါဒါရုပ် ယူ၍ 'ဒုက' ခြောက်ဝါရ။

ဤနည်းတူ မဟာဘုတ်ကို 'ဧကက' ယူ၍ (၁၄)ဝါရ လေးလီ၊ 'တိက' ယူ၍ (၁၄)ဝါရ လေးလီ၊ 'ဒုက' ယူ၍ (၁၄)ဝါရ ခြောက်လီ၊ မဟာဘုတ်ကို 'စတုက' ယူ၍ (၁၄)ဝါရ တစ်လီတို့ကို ပေါင်းသော်

(၂၁၀) ဖြစ်သတည်း။

(၈) ပဋိသန္ဓေအခါ 'ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ ကဋတ္တာ စ ရူပံ (လ) ခန္ဓေ ပဋိစ္စ ဝတ္ထု၊ ဝတ္ထုံ ပဋိစ္စ ခန္ဓာ' ဟု ဟောတော်မူသော ပါဠိတော်တို့၌ အစိတ်အစိတ် ('ဧကံ ခန္ဓံ' စသောပါဠိကို ရည်သည်)၊ အစိတ်အပေါင်း နာမက္ခန္ဓာ ('ခန္ဓေ ပဋိစ္စ'ကို ရည်သည်)၊ ဟဒယဝတ္ထုကို စွဲ၍ဖြစ်သော ('ဝတ္ထုံ ပဋိစ္စ'ကို ရည်သည်)၊ အစိတ်အစိတ် အစိတ် အပေါင်း နာမက္ခန္ဓာ ကဋတ္တာရုပ် ပစ္စယုပ္ပန်၊ ခန္ဓာဝါရကား (၂၄၀)ဟု အမြဲမှတ်။ အစိတ်အစိတ်(၂၁၀)၊ အစိတ်အပေါင်း(၁၅)၊ ဟဒယဝတ္ထု(၁၅) ဝါရအားဖြင့် (၂၄၀)ဖြစ်၏။ စိတ္တဇရုပ်ကို မှီ၍ ယူလေ။

မဟာဘုတ် ဟောရာတို့၌လည်း ဥပါဒါရုပ် ပစ္စယုပ္ပန် ရလျှင်- ဧကက တိက ဒုက စတုက ဖွဲ့သောကြောင့် (၁၅)ဝါရ။ ဥပါဒါရုပ် ပစ္စယုပ္ပန် မရလျှင်- ဧကက တိက ဒုက သာဖွဲ့သောကြောင့် (၁၄)ဝါရ။ ရုပ် ပစ္စယုပ္ပန်ထွက်ရာ မှတ်သား၍ ဝါရအပေါင်း ဖွဲ့လေ။

(၉) 'ကုသလေ ခန္ဓေ စ မဟာဘူတေ စ ပဋိစ္စ စိတ္တသမုဋ္ဌာနံ ရူပံ အကုသလေ ခန္ဓေ စ မဟာဘူတေ စ စိတ္တသမုဋ္ဌာနံ ရူပံ' ဟုဟော တော်မူသော ပါဠိတော်တို့၌ ပဥ္စဝေါရဘုံ၌ ဖြစ်သောအခါ အစိတ်အပေါင်း နာမက္ခန္ဓာ ('ကုသလေ ခန္ဓေ စ'ကိုရည်သည်)၊ မဟာဘုတ်ကို စွဲ၍ ဖြစ်သော ('မဟာဘူတေ စ' ကိုရည်သည်)၊ စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။ ဟိတ်ပါဠ်၏ အရကား- မိမိပစ္စယသတ္တိ ရ၏။ အရကား ပဓနေ အားဖြင့် ကတ္တားသာ၊ ခန္ဓာဝါရကား (၂၂၅)ဝါရ ဖြစ်သတည်း။

ခန္ဓာဝါရဖွဲ့ပုံ အကောက်၌ မပြသောကြောင့် နည်းရရုံမျှ ဖွဲ့ပြပေအံ့-

'ကုသလေ ခန္ဓေ စ မဟာဘူတေ စ'၏အရကို ဝေဒနာ ပထဝီမဟာဘုတ်ကိုယူ၍၊ စိတ္တသမုဋ္ဌာနံ ရူပံ၏အရကို အာပေါ တေဇော ဝါယော မဟာဘုတ် စိတ္တဇဥပါဒါရုပ်ကိုယူ၍ တစ်ဝါရ။ သညာ

ပထဝီမဟာဘုတ် (လ) သခ်ါရ ပထဝီမဟာဘုတ် (လ) ဝိညာဏ် ပထဝီမဟာဘုတ်ကိုယူ၍ စိတ္တသမုဋ္ဌာန် ရုပ်၏အရကို အာပေါ တေဇော ဝါယော မဟာဘုတ် စိတ္တဇဥပါဒါရုပ်ကို ယူ၍ တစ်ဝါရ။ ဤသို့လျှင် 'ဧကက' လေးဝါရ၊

'ကုသလေ ခန္ဓေ စ မဟာဘူတေ စ'၏အရကို ဝေဒနာ သညာ သခ်ါရ ပထဝီမဟာဘုတ်ကိုယူ၍ စိတ္တသမုဋ္ဌာန် ရုပ်၏အရကို ကြွင်းဘုတ် သုံးပါး စိတ္တဇဥပါဒါရုပ်ကိုယူ၍ တစ်ဝါရ။ ဤနည်းတူ (လ) 'ဒွိက' လေးဝါရ။ ဒုကယူသော် ဝေဒနာ သညာ ပထဝီမဟာဘုတ်ကိုယူ၍ စိတ္တသမုဋ္ဌာန် ရုပ်၏အရကို ကြွင်းဘုတ် သုံးပါး စိတ္တဇဥပါဒါရုပ်ကို ယူ၍ တစ်ဝါရ။ ဤနည်းတူ (လ) ဒုက ခြောက် ဝါရ။ စတုကယူသော် ဝေဒနာ သညာ သခ်ါရ ဝိညာဏ် ပထဝီ မဟာဘုတ်ကိုယူ၍ စိတ္တသမုဋ္ဌာန် ရုပ်၏အရကို ကြွင်းဘုတ် သုံးပါး စိတ္တဇဥပါဒါရုပ်ကိုယူ၍ တစ်ဝါရ။

ဤသို့လျှင် ဧကက ၄-ဝါရ၊ တိက ၄-ဝါရ၊ ဒုက ၆-ဝါရ၊ စတုက-တစ်ဝါရအားဖြင့် ပထဝီမဟာဘုတ်နှင့် ကြွင်းဘုတ်သုံးပါး စိတ္တဇဥပါဒါရုပ်ကိုယူ၍ (၁၅)ဝါရဖြစ်သတည်း။

ဤနည်းတူ အာပေါမဟာဘုတ်နှင့် ကြွင်းဘုတ်သုံးပါး ဥပါဒါရုပ်ကိုယူ၍ (၁၅)ဝါရ။ တေဇောမဟာဘုတ်နှင့် (လ) ဝါယော မဟာဘုတ်နှင့် ကြွင်းဘုတ်သုံးပါး ဥပါဒါရုပ်ကိုယူ၍ (၁၅) ဝါရ လေးလီ။

နာမက္ခန္ဓာ ကံပုဒ်က- ဧကက တိက ဒုက စတုကယူ။ မဟာဘုတ်က- တိက (၁၅)ဝါရ လေးလီ၊ ဒုက (၁၅)ဝါရ ခြောက်လီ၊ စတုက ချင်းချင်းယူပုံကား- 'ကုသလေ ခန္ဓေ စ မဟာဘူတေ စ'၏ အရကို နာမက္ခန္ဓာ လေးပါး မဟာဘုတ်လေးပါးကို ယူ၍ စိတ္တသမုဋ္ဌာန် ရုပ်၏အရကို စိတ္တဇဥပါဒါရုပ်ကို ယူ၍ တစ်ဝါရ။ ဤသို့လျှင် (၁၅)ဝါရ (၁၅)လီဖြစ်သောကြောင့် ခန္ဓာဝါရ (၂၂၅)ဝါရ ဖြစ်သတည်း။

'အကုသလာ ဗျာကတေန အဗျာကတံ'လည်း ဤနည်းတူ သိလေ။ ထို့ကြောင့် အဋ္ဌကထာ၌ -

ကုသလေ ခန္ဓေ စ မဟာဘူတေ စ ပဋိစ္စာတိ ဧတ္ထ စိတ္တသမုဋ္ဌာနာဝ မဟာဘူတာ ဂဟိတာ၊ စိတ္တသမုဋ္ဌာနံ ရူပန္တိ ဧတ္ထ ပန ဘူတရူပမ္ပိ ဥပါဒါရူပမ္ပိ ဂဟိတံ၊ ဧကံ မဟာဘူတံ ပဋိစ္စ တယော မဟာဘူတာတိအာဒိနာ နယေန ဟိ ဘူတရူပမ္ပိ ခန္ဓေ စ မဟာဘူတေ စ ပဋိစ္စ ဥပ္ပဇ္ဇတိ၊ မဟာဘူတေ ပဋိစ္စ ဥပါဒါရူပန္တိ ဝုတ္တနယေန ဥပါဒါရူပမ္ပိ၊ အကုသလဋ္ဌ အဗျာကတဋ္ဌာတိ ပဉ္စဝိဿဇ္ဇနေသုပိ ဧသေဝ နယော[၁]- ဟု မိန့်၏။

(၁၀) ဤကုသလတိက်၌ ကံ ကတ္တားသည် သဟဇာတ ပစ္စည်း ပစ္စယုပ္ပန်၊ ဥပါဒ်ဋ္ဌီဘင် ခဏတ္တယ တူရာ၌ ကျေးဇူးပြုကြသော်လည်း တစ်ပါးသော နာမက္ခန္ဓာကိုစွဲ၍ တစ်ပါးသော နာမက္ခန္ဓာ၊ တစ်ပါးသော ခန္ဓာကိုစွဲ၍ နှစ်ပါးသော ခန္ဓာ၊ နှစ်ပါးသော ခန္ဓာကိုစွဲ၍ တစ်ပါးသော ခန္ဓာသည် ကျေးဇူးပြု၏ဟု မဆိုရ။ အဘယ့်ကြောင့်နည်း။ နာမက္ခန္ဓာ လေးပါးတို့သည် အတူတကွ ဖြစ်ကြသောကြောင့်တည်း။ သို့သော်လည်း ဝေဒနာတိက်၌ကား တစ်ပါးသော ခန္ဓာကိုစွဲ၍ နှစ်ပါးသော ခန္ဓာ၊ နှစ်ပါးသော ခန္ဓာကိုစွဲ၍ တစ်ပါးသော ခန္ဓာဖြစ်သည်ကို သိကြလေဦး။

(၁၁) ပဋိစ္စဟူသောပုဒ်၌ ပဋိ-ဣစ္စဟု ပဒစ္ဆေဒပြု၍ ပဋိ-သဒ္ဒါသည် အတူတကွအနက်၊ ဣစ္စ-သဒ္ဒါသည် ဖြစ်ခြင်းကြိယာ ဟူသောအနက်ကို ဟောသောကြောင့် ကံနှင့် ကတ္တားသည် သဟဇာတ ပစ္စည်း၊ ပစ္စယုပ္ပန် အဖြစ်ဖြင့်ကျေးဇူးပြုမှ ပဋိစ္စဝါရ၊ သဟဇာတဝါရမှာ ဟော၏။

ထို့ကြောင့် အဋ္ဌကထာ၌ -

တတ္ထ ပဋိတိ သဒိသတ္ထေ ဝတ္တတိ၊ သဒိသပုဂ္ဂလော ဟိ

၁။ ပဋ္ဌာနအဋ္ဌကထာ၊ ၄၊ ၄၁၃။

ပဋိပုဂ္ဂလော, သဒိသဘာဂေါ စ ပဋိဘာဂေါတိ ဝုစ္စတိ၊ ဣစ္စာတိ ဂမနသုက္ကာဝစနမေတံ၊ ဥဘယံ ဧကတော ကတွာ ပဋိစ္စာတိ ပဋိဂန္တွာ။ သဟုပ္ပတ္တိသင်္ခါတေန သဒိသဘာဝေန ပတွာ, တေန သဒ္ဓိံ ဧကတော ဥပ္ပတ္တိဘာဝံ ဥပဂန္တွာတိ ဝုတ္တံ ဟောတိ[၂]- ဟုမိန့်၏။

တတ္ထ၊ ထို သိယာ ကုသလံ ဓမ္မံ ပဋိစ္စ အစရှိသော ပါဠိတော်တို့၌။ ပဋိတိ၊ ပဋိဟူသော သဒ္ဒါသည်။ သဒိသတ္ထေ၊ အတူတကွဟူသော အနက်၌။ ဝတ္တတိ၊ ၏။ ဟိ သစ္စံ၊ မှန်၏။ သဒိသပုဂ္ဂလော၊ တူသောပုဂ္ဂိုလ်ကို။ ပဋိပုဂ္ဂလော စ၊ ဟူ၍လည်းကောင်း။ သဒိသဘာဂေါ၊ တူသောအဖို့ကို။ ပဋိဘာဂေါတိ စ၊ ဟူ၍လည်းကောင်း။ ဝုစ္စတိ၊ ဆိုအပ်၏။ ဣစ္စာတိ ဧတံ၊ ဣစ္စဟူသော ဤသဒ္ဒါသည်။ ဂမနသုက္ကာဝစနံ၊ ဖြစ်ခြင်း၏တူသော ကတ္တားရှိသော အပရကာလ ကိရိယာအား ငဲ့ခြင်းကို သိကြောင်းဖြစ်သော သဒ္ဒါတည်း။ ဥဘယံ၊ ပဋိ-သဒ္ဒါ, ဣစ္စ-သဒ္ဒါ နှစ်ပါးစုံကို။ ဧကတော၊ တစ်ပေါင်းတည်း။ ကတွာ၊ ပြု၍။ ပဋိစ္စာတိ၊ ကား။ ပဋိဂန္တွာ၊ တူသည်၏ အဖြစ်ဖြင့် ရောက်၍။ သဟုပ္ပတ္တိသင်္ခါတေန၊ တကွဖြစ်ခြင်းဟု ဆိုအပ်သော။ သဒိသဘာဝေန၊ ဖြင့်။ ပတွာ၊ ၍။ ဧကတော၊ ကွ။ ဥပတ္တိဘာဝံ၊ ဖြစ်ခြင်း ရှိသည်၏အဖြစ်ကို။ ဥပဂန္တွာ၊ ရောက်၍။ ဣတိ၊ သို့။ ဝုတ္တံ- ဝုတ္တော၊ ဆိုလိုသည်။ ဟောတိ၊ ၏။

(၁၂) ပဋိစ္စဝါရနှင့် သဟဇာတဝါရသည် 'နှစ်ခွဲနှင့်တစ်တင်း၊ ထမနဲနှင့်ယာဂု' ဟူသကဲ့သို့ အရသဘောအားဖြင့် အတူတူပင်။ ထို့ကြောင့် သင်္ဂါယနာတင်ဆရာကြီးတို့သည်လည်း 'ပဋိစ္စတ္တံ နာမ သဟဇာတတ္တံ၊ သဟဇာတတ္တံ နာမ ပဋိစ္စတ္တံ'ဟု မိန့်ဆိုမှာထားခဲ့လေသည်။ ထိုသို့ အတူတူ ဖြစ်လျက် အဘယ့်ကြောင့် သဟဇာတဝါရကို ထပ်၍ဟောတော်မူရပြန်

၂။ ပဥ္စပကရဏ၊ဋ္ဌ၊ ၃၉၆။

သနည်း။ အချင်းချင်း တူသောအနက်ကို မှတ်အံ့သောငှာ 'စက္ခုံ စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ'အစရှိသော သုတ္တန်ပါဠိတော်တို့၌ စက္ခုပသာဒကို စွဲ၍ ရူပါရုံဖြစ်သော်လည်း သဟဇာတသတ္တိဖြင့် အတူတကွ မဖြစ်။

ဥပါဒါရုပ်သည် ဘူတရုပ်နှင့် အတူတကွ ဖြစ်ကြသော်လည်း ဘူတရုပ်အား သဟဇာတသတ္တိဖြင့် ကျေးဇူးမပြု။ (အဖြောင့်ကား ဘူတရုပ်သည် ဥပါဒါရုပ်အား အတူတကွဖြစ်၍ သဟဇာတသတ္တိဖြင့် ကျေးဇူးပြု၏၊ အပြန် ကျေးဇူးမပြုဟူလို)။ ထိုသို့ သဟဇာတသတ္တိဖြင့် ကျေးဇူးမပြုကြလေသောကြောင့် ပဋိစ္စဝါရဖြင့် သဟဇာတပစ္စည်း၏ အဖြစ်ကို သဟဇာတဝါရဖြင့်လည်း ပဋိစ္စဟုဆိုအပ်သော သဟဇာတပစ္စည်း အဖြစ်ကို မှတ်အံ့သောငှာ ဤနှစ်ပါးသော ဝါရတို့ကို ဟောတော်မူ ကုန်၏။ ထို့ကြောင့် အဋ္ဌကထာ၌ -

အတ္ထတော ဟိ ဧတေ ဒွေပိ နိန္နာနာကရဏာ၊ ဧဝံ သန္တေပိ အညမညဿ အတ္ထနိယမနတ္ထံ ဝုတ္တာ၊ စက္ခုဉ္စ ပဋိစ္စ ရူပေ စာတိ အာဒီသု ဟိ အသဟဇာတမ္ပိ ပဋိစ္စ ဥပ္ပဇ္ဇတီတိ ဝုစ္စတိ၊ သဟဇာတမ္ပိ စ ဥပါဒါရူပံ ဘူတရူပဿ ပစ္စယော န ဟောတိ။ ဣတိ ပဋိစ္စဝါရေန သဟဇာတပစ္စယဘာဝံ, သဟဇာတဝါရေန စ ပဋိစ္စာတိ ဝုတ္တဿ သဟဇာတဘာဝံ နိယမေတုံ ဥဘောပေတေ ဝုတ္တာ[၁]-ဟုမိန့်၏။

တစ်နည်း။ ။ အဋ္ဌကထာဆရာကြီးတို့သဘောကား ဤကဲ့သို့ တူရာ၌ တဖန်ထပ်၍ ဟောတော်မူသည်ကို ကျွတ်ထိုက်သော လူနတ်ဗြဟ္မာ သတ္တဝါတို့၏ အလိုအဇ္ဈာသယ၏ အစွမ်းဖြင့်လည်းကောင်း၊ ဒေသနာတော်ကို တန်ဆာဆင်သည်၏ အစွမ်းဖြင့်လည်းကောင်း၊ နိရုတ္တိပဋိသမ္ဘိဒါ အထူးအပြားကို ဖြစ်စေခြင်း၏ အစွမ်းဖြင့်လည်းကောင်း၊ မိန့်ဆိုမြဲ ဓမ္မတာ

၁။ ပဉ္စပကရဏ၊ ဋ္ဌ၊ ၄၂၆။

ဟူလို။ ထို့ကြောင့် အဋ္ဌကထာ၌ -

အပိစ ဧတထာ ဗုဇ္ဈနကာနံ အဇ္ဈာသယဝသေန ဒေသနာဝိလာသေန နိရုတ္တိပဋိသမ္ဘိဒါပ္ပဘေဒဇာနနဝသေန စာတိ ဧတေ ဥဘောပိ ဝုတ္တာတိ[၁]-ဟု မိန့်၏။

(၁၃) **ပဋိစ္စဝါရေ ယေန သဟဇာတဝသေန ပစ္စယော လဗ္ဘတိ။**

တသ္မာ တတ္ထ နဝေဝ ပဉှာ ဝိဿဇ္ဇိတာ[၂]-

ဟု အဋ္ဌကထာ မိန့်မှာသောကြောင့် ပဋိစ္စဝါရ၊ သဟဇာတဝါရတို့၌ အကြင်ပစ္စယုပ္ပန် အကြင်ပစ္စနိက်တရားတို့ကို ဝိဘင်းသချာ ထုတ်၍ဟော ၏။ ထိုပစ္စယုပ္ပန် ထိုပစ္စနိက်တရားတို့သည် သဟဇာတ ပစ္စည်း ပစ္စယုပ္ပန် အဖြစ်ဖြင့် ကျေးဇူးပြုသောတရားတို့ကိုသာ ဟောသောကြောင့် သချာသည် အလွန်အားဖြင့် နဝတည်း။ အလျော့အားဖြင့်ကား သတ္တ ပဉ္စ တိဏိ ဧွ ဧကံ ရှိကြသေး၏။ ၄င်းသချာစုကို အောက်ကပြပြီးဖြစ်၍ သိလောက်ကပြီ။ (ဒဋ္ဌိကမ္မ)။

ပဋိစ္စဝါရ သဟဇာတဝါရကဏ္ဍ ပြီး၏။

၁။ ပဉ္စပကရဏ၊ ဋ္ဌ၊ ၄၂၆။

၂။ ၄င်း၊ ၄၂၇။

ပစ္စယဝါရ၊ နိဿယဝါရမှတ်ရန်

ပစ္စယဝါရ၊ နိဿယဝါရ ပုစ္ဆာဝိသဇ္ဇနာ ဟောပုံအထူး

(၁) ဤပစ္စယဝါရ နိဿယဝါရ နှစ်ပါးတို့၌ (၄၉)ပါးသော ပုစ္ဆာပဒ-ပဒါဝသာနတို့တွင် အကြင်ပစ္စယုပ္ပန် အကြင်ပစ္စနိက်တရားတို့ကို ဝိဘင်းသချာထုတ်၍ ဟောကုန်၏။ ထိုပစ္စယုပ္ပန် ထိုပစ္စနိက်တရားတို့သည် သဟဇာတနိဿယ ပစ္စည်း ပစ္စယုပ္ပန်သက်သက်၊ ဝတ္ထုပုရေဇာတ နိဿယ ပစ္စည်း ပစ္စယုပ္ပန်သက်သက်၊ သို့မဟုတ်-နှစ်ပါးစုံ ရောနှော၍ ပစ္စည်း ပစ္စယုပ္ပန်အဖြစ်ဖြင့် ကျေးဇူးပြုကြသော တရားတို့ကိုသာ ဟောသောကြောင့် (၁၇)ပါးသော ပုစ္ဆာပဒ-ပဒါဝသာနတို့ကိုသာလျှင် အဖြေဝိသဇ္ဇနာ ရကုန်၏။ ကြွင်းသောပုစ္ဆာ (၃၂)ပါးတို့သည် အဖြေဝိသဇ္ဇနာ မရသောကြောင့် မောဃပုစ္ဆာတို့သာ မည်ကုန်၏ဟူလို။

(၂) သတ္တရသ ဝိဘင်းသချာတို့တွင် ကုသလပဒ၌ 'ကုသလေန ကုသလံ၊ ကုသလေန အဗျာကတံ၊ ကုသလေန ကုသလာဗျာကတံ'၊ ဝိဘင်းသချာ သုံးပါးသည် သဟဇာတနိဿယသက်သက် ကျေးဇူးပြုသောကြောင့် အစိတ်အစိတ်၊ အစိတ်အပေါင်း ဆိုပုံ ဝါရထွက်ပုံ အလုံးစုံ တို့ကား ပဋိစ္စဝါရနှင့် တူ၏။ အကုသလပဒ၌လည်း နည်းတူ သိလေ။ 'အဗျာကတေန အဗျာကတံ'၌ ပဝတ္တိ ပဋိသန္ဓေ ရုပ်သက်သက်၌ သဟဇာတနိဿယ ပစ္စည်း၊ အကြွင်း ပဋိစ္စဝါရအတိုင်းပင် 'ဝတ္ထုံ ပစ္စယာ ဝိပါကာ ဗျာကတာ ကိရိယာ ဗျာကတာ ခန္ဓာ'ဟု ဟောတော်မူသော ပါဠိ၌ ဝတ္ထုပုရေဇာတနိဿယ ပစ္စည်း၊ ဟဒယဝတ္ထုမှီ၍ ဝိပါက် ကိရိယာ ဗျာကတ ခန္ဓာတို့သည် ဧကက တိက ဒုက စတုက ဖြစ်သောကြောင့် အစိတ်အပေါင်းဆို။ ခန္ဓာဝါရ (၁၅)ဝါရဟုမှတ်။ ၎င်းသချာ၌ 'စက္ခာယတနံ ပစ္စယာ စက္ခုဝိညာဏံ (လ) ကာယဝိညာဏံ'

ဟုဟောတော်မူသော ပါဠိ၌ ဝတ္ထုပုရေဇာတနိဿယ ပစ္စည်းသာ။ ပဉ္စဝတ္ထုကို အသီးအသီး မှီ၍ ပဉ္စဝိညာဏ် နာမက္ခန္ဓာတို့သည် ဧကက တိက ဒုကအစိတ် စတုက အပေါင်းဖြစ်သောကြောင့် အစိတ်အပေါင်း နာမက္ခန္ဓာ ဆိုပါ။ ခန္ဓာဝါရ (၁၅)ဝါရစီ ယူလေ။

'အဗျာကတေန ကုသလံ'၌ 'ဝတ္ထုံ ပစ္စယာ ကုသလာ ခန္ဓာ'ဟု ဟောတော်မူသော ပါဠိ၌ ပုရေဇာတနိဿယသာ။ ဟဒယဝတ္ထုကိုမှီ၍ ကုသိုလ် နာမက္ခန္ဓာတို့သည် ဧကက တိက ဒုက စတုကဖြစ်သောကြောင့် အစိတ်အပေါင်း နာမက္ခန္ဓာ ဆိုပါ။ ခန္ဓာဝါရ (၁၅)ဝါရ။ 'အဗျာကတေန အကုသလံ'လည်း နည်းတူ။ 'အဗျာကတေန ကုသလာ ဗျာကတံ'၌ 'ဝတ္ထုံ ပစ္စယာ ကုသလာ ခန္ဓာ' ပုရေဇာတ၊ 'မဟာဘူတေ ပစ္စယာ စိတ္တသမုဋ္ဌာနံ ရူပံ' သဟဇာတနိဿယ ပစ္စည်း။

ဟဒယဝတ္ထုကိုမှီ၍ ကုသိုလ်ခန္ဓာ၊ မဟာဘုတ်ကိုမှီ၍ စိတ္တဇ ဥပါဒါရုပ် ပစ္စယုပ္ပန် ဖြစ်ကြသောအခါ ဝတ္ထု မဟာဘုတ်တို့သည် ပစ္စည်း အသီးအသီး ဖြစ်ကြသော်လည်း ကုသိုလ်နာမက္ခန္ဓာ စိတ္တဇရုပ် ပစ္စယုပ္ပန် တရားတို့သည် သဟဇာတသတ္တိဖြင့် တစ်ပေါင်းတည်း အတူတကွ ဖြစ်ကြသည် ဟုမှတ်။ ခန္ဓာဝါရကား-ဟဒယဝတ္ထု၌ (၁၅)ဝါရ၊ မဟာဘုတ်၌ (၁၅)ဝါရ၊ ပေါင်း (၃၀)ဖြစ်သတည်း။

'အဗျာကတေန အကုသလာ ဗျာကတံ'လည်း ဤနည်းတူ။ 'ကုသလာ ဗျာကတေန ကုသလံ'၌ 'ကုသလံ ဧကံ ခန္ဓဉ္စ ဝတ္ထုဉ္စ ပစ္စယာ တယော ခန္ဓာ'စသော ပါဠိ၌ သဟဇာတ ပုရေဇာတနိဿယ မိဿက ပစ္စည်းယူပုံကား- တစ်ပါးသောခန္ဓာသည် သုံးပါးသောခန္ဓာအား ကျေးဇူးပြုရာ၌ သဟဇာတ ယူ။ ဟဒယဝတ္ထုသည် သုံးပါးသောခန္ဓာအား ကျေးဇူးပြုရာ၌ ပုရေဇာတ ယူ။ သို့ဖြစ်၍ ဧကက တိက ဒုက အစိတ်အစိတ် ဖြစ်သောကြောင့် ခန္ဓာဝါရ (၁၄)ဝါရ ဖြစ်သတည်း။

'ကုသလာ ဗျာကတေန အဗျာကတံ'၌ 'ကုသလေ ခန္ဓေ စ မဟာဘူတေ စ ပစ္စယာ စိတ္တသမုဋ္ဌာနံ ရူပံ'ဟု ဟောသောကြောင့် ပဋိစ္စဝါရနှင့် အလုံးစုံတူ၏။ 'ကုသလာ ဗျာကတေန ကုသလာ ဗျာကတံ'၌ 'ကုသလံ ဧကံ ခန္ဓဉ္စ ဝတ္ထုဉ္စ ပစ္စယာ တယော ခန္ဓာ'စသော ပါဠိ၌ သဟဇာတ ပုရေဇာတနိဿယ မိဿက ပစ္စည်း အစိတ်အစိတ် ဖြစ်၍ ခန္ဓာဝါရ (၁၄)ဝါရ။

'ကုသလေ ခန္ဓေ စ မဟာဘူတေ စ ပစ္စယာ စိတ္တသမုဋ္ဌာနံ ရူပံ'၌ သဟဇာတနိဿယ ပစ္စည်း၊ အစိတ်အပေါင်း နာမက္ခန္ဓာ မဟာဘုတ်ဖြစ်သောကြောင့် ခန္ဓာဝါရ (၂၂၅)ဝါရ။ ပေါင်းသော် (၂၃၉)ဝါရ ဖြစ်သတည်း။ အကုသလာဗျာကတပဒ၌ ပဒါဝသာန သုံးပါးလည်း ကုသလာဗျာကတပဒနှင့် အလုံးစုံတူ၏။ ဤသတ္တရသသင်္ချာကား အလွန်အားဖြင့် ဆိုခြင်းတည်း။ ပစ္စယနယသို့လိုက်၍ သတ္တ ပဉ္စ စတ္တာရိ တီဏိ ဒွေ ဧကံ ထွက်သောသင်္ချာ ရှိသေး၏။ အကောက်ဆိုလျှင် အလိုလို သိလောက်ကပြီ။

(၃) ပစ္စဝါရနှင့် နိဿယဝါရသည် အရသဘော အတူတူပင်။ ထို့ကြောင့် သင်္ဂါယနာတင်ဆရာကြီးတို့သည် ပါဠိတော်အဆုံး၌ 'ပစ္စယတ္တံ နာမ နိဿယတ္တံ၊ နိဿယတ္တံနာမ ပစ္စယတ္တံ'ဟု မိန့်ဆိုတော်မူခဲ့လေသည်။ သို့အရ သဘောအတူတူဖြစ်လျက် အဘယ့်ကြောင့် နိဿယဝါရကို တဖန် ထပ်၍ ဟောရပြန်သနည်းဟူမူ အချင်းချင်း အနက်ကို မှတ်အံ့သောငှာ ဟောတော်မူရပြန်သည် ဟူလို။ အဘယ်သို့ မှတ်အပ်သနည်း။

'အဝိဇ္ဇာပစ္စယာ သင်္ခါရာ' အစရှိသော ပဋိစ္စသမုပ္ပါဒ် ဝိဘင်း ပါဠိတော်တို့၌ အဝိဇ္ဇာအစရှိသော အကြောင်းတရားကြောင့် သင်္ခါရစသော အကျိုးတရားတို့ ဖြစ်ကြသော်လည်း မမှီမူ၍ ဖြစ်သော အထူးထူးသော ခဏကာလရှိသော တရားတို့ကို အကြောင်းတရားကြောင့်သာ အကျိုး

တရား ဖြစ်၏။ နိဿယသတ္တိဖြင့် မှီ၍ကား မဖြစ်ပေ။ တစ်နည်း။ ။ အချင်းချင်း တစ်ခုနှင့်တစ်ခု မှီ၍တည်သော သစ်အစရှိသည်တို့တွင် တစ်ခုသော သစ်အစရှိသည်သည် တစ်ခုသော သစ်အစရှိသည်အား နိဿယသတ္တိဖြင့် ကျေးဇူးမပြုကြသောကြောင့် ပစ္စယဝါရဖြင့် နိဿယဝါရ၌ ဟောအပ်သော သဟဇာတနိဿယ ပုရေဇာတနိဿယ သဘောရှိသော ပစ္စည်းမည်သည်၏ အဖြစ်ကိုလည်းကောင်း၊ နိဿယဝါရဖြင့်လည်း ပစ္စယဝါရဟူ၍ ဟောအပ်သော သဟဇာတ ပုရေဇာတနိဿယ သဘောရှိသော ပစ္စည်းမည်သည်၏ အဖြစ်ကိုလည်းကောင်း မှတ်အံ့သော ငှာ ဤနှစ်ဝါရကို ဟောတော်မူသည် ဟူလို။

ပစ္စယဝါရ နိဿယဝါရကထာ ပြီး၏။

သံသဋ္ဌဝါရ၊ သမ္ဗယုတ္တဝါရ ပုစ္ဆာဝိသဇ္ဇနာ ဟောပုံအထူး

(၁) ဤသံသဋ္ဌဝါရ သမ္ဗယုတ္တဝါရ နှစ်ပါးတို့၌ (၄၉)ပါးသော ပုစ္ဆာပဒ ပဒါဝသာနတို့တွင် အကြင်ပစ္စယုပ္ပန် အကြင်ပစ္စနိက်တရားတို့ကို ဝိဘင်းသချာထုတ်၍ ဟောအပ်ကုန်၏။ ထိုပစ္စယုပ္ပန် ထိုပစ္စနိက်တရား တို့သည် အချင်းချင်းနာမက္ခန္ဓာ သမ္ဗယုတ္တပစ္စည်း ပစ္စယုပ္ပန် အဖြစ်ဖြင့် ကျေးဇူးပြုကြသော တရားတို့ကိုသာ ဟောသောကြောင့် သုံးပါးသော ပုစ္ဆာပဒ ပဒါဝသာနတို့ကိုသာလျှင် အဖြေဝိသဇ္ဇနာ ရကုန်၏။ ကြွင်းသော ပုစ္ဆာ (၄၆)ပါးတို့သည် အဖြေဝိသဇ္ဇနာ မရသောကြောင့် မောဃပုစ္ဆာတို့သာ မည်ကုန်၏။ 'တီကာ' ဟူသော်ကား- ကုသလေန ကုသလံ၊ အကုသလေန အကုသလံ၊ အဗျာကတေန အဗျာကတံတည်း။

ကုသလပဒ၌ 'ကုသလံ ဧကံ ခန္ဓံ သံသဋ္ဌော တယော ခန္ဓာ၊

တယော ခန္ဓေ သံသဋ္ဌာ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ သံသဋ္ဌာ ဒွေ ခန္ဓာ' ဟု ဟောသောကြောင့် အစိတ်အစိတ် နာမက္ခန္ဓာကို နှီးနှော၍ဖြစ်သော၊ ဝါ-သမ္ပယုတ္တပစ္စည်း ပြု၍ဖြစ်သော အစိတ်အစိတ် နာမက္ခန္ဓာဟု ဤသံသဋ္ဌဝါရ သမ္ပယုတ္တဝါရ ကုန်သည့်တိုင်အောင် အစိတ်အစိတ်ဆို။ ခန္ဓာဝါရ (၁၄)ဝါရ ဖြစ်သတည်း။ အကုသလပဒလည်း နည်းတူ။ အဗျာကတပဒ၌ ပဝတ္တိ (၁၄)ဝါရ၊ ပဋိသန္ဓေ (၁၄)ဝါရဆိုလေ။

'တိဏ်ဏံ'သင်္ချာကား- အလွန်အားဖြင့် ဆိုခြင်းတည်း။ ပစ္စယနယသို့ လိုက်၍ ဒွေ ဧကံ ထွက်သေး၏။ ဤဝါရ၌ ရုပ်ပစ္စယုပ္ပန် ရုပ်ပစ္စနိက် တရားတို့သည် သမ္ပယုတ္တ ပစ္စည်း ပစ္စယုပ္ပန် မဖြစ်သောကြောင့် မဟောဟု သိကြလေဦး။

(၂) သံသဋ္ဌဝါရနှင့် သမ္ပယုတ္တဝါရသည် အရသဘော အတူတူပင်။ ထို့ကြောင့် သင်္ဂါယနာတင်ဆရာကြီးတို့သည် ပါဠိတော် အဆုံး၌ 'သံသဋ္ဌတ္တံ နာမ သမ္ပယုတ္တတ္တံ၊ သမ္ပယုတတ္တံ နာမ သံသဋ္ဌတ္တံ'ဟု မိန့်ဆိုတော်မူခဲ့လေသည်။ သို့အရ သဘောအတူတူဖြစ်လျက် အဘယ့် ကြောင့် သမ္ပယုတ္တဝါရကို တဖန်ဟောရပြန်သနည်းဟူမူ အချင်းချင်း အနက်ကို မှတ်အံ့သောငှာ ဟောတော်မူပြန်သည် ဟူလို။

အဘယ်သို့ မှတ်အပ်သနည်း။ 'သံသဋ္ဌာ ယောဇိတာ ဟယာ' အစရှိသော ပါဠိတို့၌ (သံသဋ္ဌာ၊ တူကုန်သော။ ယောဇိတာ၊ ကအပ်ကုန် သော။ ဟယာ၊ မြင်းတို့။) အညီအညွတ် ဧကုပ္ပါဒအစရှိသော အခြင်းအရာ တို့ဖြင့် ယှဉ်သည်မဟုတ် အတူတကွ က,သော မြင်းတို့ကိုလည်း သံသဋ္ဌဟူ၍ ဟော၏။ 'ယာသာ ဝိမံသာ ကောသဇ္ဇသဟဂတာ ကောသဇ္ဇသမ္ပယုတ္တာ'အစရှိသော ပါဠိတို့၌ (ယာသာ ဝိမံသာ၊ အကြင် ပညာသည်။ ကောသဇ္ဇသဟဂတာ၊ ပျင်းရိခြင်းနှင့် တကွဖြစ်၏။ ကောသဇ္ဇသမ္ပယုတ္တာ၊ အကြားကြား၌ ဖြစ်သော ပျင်းရိခြင်းနှင့်ယှဉ်၏။

ပြွမ်း၏။) အညီအညွတ် ကေပ္ပါဒအစရှိသောအစွမ်းဖြင့် နှီးနှောသည် မဟုတ် ရုံခါ ပျင်းရိခြင်းနှင့်ပြွမ်းသော သဘောကိုလည်း သမ္ပယုတ္တဟူ၍ ဟော၏။

ဤသို့ အညီအညွတ် သမ္ပယုတ္တပစ္စည်း မဖြစ်ကောင်းသော အရာတို့၌ သံသဋ္ဌ သမ္ပယုတ္တဟူ၍ ဟောသောကြောင့် သံသဋ္ဌဝါရဖြင့် သမ္ပယုတ္တပစ္စည်း၏ အဖြစ်ကိုလည်းကောင်း၊ သမ္ပယုတ္တဝါရဖြင့်လည်း သံသဋ္ဌဟု ဆိုအပ်သော သမ္ပယုတ္တပစ္စည်း၏ အဖြစ်ကိုလည်းကောင်း၊ မှတ်အပ်သောငှာ ဤနှစ်ဝါရကို ဟောတော်မူသည် ဟူလို။

(၃) ဤဆဝါရ ဝိဘင်းပါဠိတော်၌ ပစ္စယပွန်တရားကို အနုလုံ၊ ပစ္စနိက်တရားကို ပစ္စနိက်ဟု ခေါ်သောကြောင့် အနုလုံဟူသမျှမှာ ပစ္ဆာဇာတကို မရ၊ ပစ္စနိက်ဟူသမျှမှာသာ ရ၏။ ပစ္စနိက်မှာ သဟဇာတ နိဿယ အတ္ထိ အဝိဂတ ဤလေးပစ္စယကို မရ။ အနုလုံမှာသာ ရ၏။ ပစ္ဆာဇာတ သဟဇာတစသော ဤငါးပစ္စည်းမှကြွင်းသော (၁၉)ပစ္စည်းတို့ ကိုကား အနုလုံ၌လည်းကောင်း၊ ပစ္စနိက်၌လည်းကောင်း၊ ရအပ်သည်၏ အဖြစ်ကို သိကြလေ။

သံသဋ္ဌဝါရ သမ္ပယုတ္တဝါရကထာ ပြီး၏။

ပဉ္စာဝါရ ပုစ္ဆာဝိသဇ္ဇနာ ဟောပုံအထူး

(၁) ဤပဉ္စာဝါရ၌ (၄၉)ပါးသော ပုစ္ဆာပဒ ပဒါဝသာနတို့တွင် မိမိ၏ ပစ္စည်းတရားတို့သည် ပစ္စည်း၊ မိမိပစ္စည်းမှကြွင်းသော၊ ဝါ- အမျိုးမတူ ဇာတ်မတူကြသော ပစ္စည်းတရားတို့သည်ပင် ပစ္စနိက်ပြု၍ ဟောသောကြောင့် (၁၅)ပါးသော ပုစ္ဆာပဒ ပဒါဝသာနတို့ကိုသာလျှင် အဖြေဝိသဇ္ဇနာ ရကုန်၏။ ကြွင်းသော ပုစ္ဆာ (၃၄)ပါးတို့သည် အဖြေဝိသဇ္ဇနာ မရသောကြောင့် မောဃပုစ္ဆာတို့သာ မည်ကုန်၏။

ပန္နရသကား အထက်ပစ္စယုဒ္ဒါရ၌ ပြဆိုလတ္တံ့။ အလွန်အားဖြင့်သော ပန္နရသ၊ ပစ္စယနယသို့လိုက်၍ တေရသ ဧကာဒသ နဝ သတ္တ ပဉ္စ စတ္တာရိ တီဏိ ဒွေ ဧကံ ရှိကြသေး၏။ အကောက်ဟောလျှင် အလိုအလျောက် သိတန်လောက်ပြီ။

(၂) အထူးမှတ်ရန်မှာ။ ။ ပစ္စယနိဒ္ဒေသဝါရ၌ 'ဟေတု သမ္ပယုတ္တကာနံ ဓမ္မာနံ'ဟု ဟောတော်မူသကဲ့သို့ ဤပဥှာဝါရ၌ ဟောတော်မမူဘဲ 'ဟေတု သမ္ပယုတ္တကာနံ ခန္ဓာနံ'ဟု အဘယ့်ကြောင့် ဟောတော်မူသနည်း။ ပစ္စယနိဒ္ဒေသ၌ ကုသိုလ်စသော တရားတို့၏ နိဿတ္တနိဇ္ဇီဝသဘော ရှိသောကြောင့် သတ္တ ဇီဝမှ ဆိတ်သည်၏အဖြစ်ကို ပြအံ့သောငှာ 'ဓမ္မာနံ'ဟု ဟောတော်မူသည်။

ဤပဥှာဝါရ၌ကား- ဟေတုအစရှိသော ပစ္စည်းကြောင့်ဖြစ်ကုန်သော တရားတို့သည် အပေါင်းအစု ခန္ဓာအားဖြင့် ဖြစ်ကြကုန်၏။ တစ်ခုစီ တစ်ခုစီအားဖြင့် မဖြစ်ကုန်။ ဤသို့ ပစ္စယုပ္ပန်တရားတို့၏ အပေါင်းအစု ခန္ဓာအားဖြင့်ဖြစ်သောသဘောကို ပြအံ့သောအကျိုးငှာ 'ခန္ဓာနံ'ဟု ဟောတော်မူအပ်၏။ (တစ်နည်း) ပဋိစ္စအစရှိသော ဆဝါရတို့၌ ခန္ဓာ၏ အစွမ်းဖြင့် ပစ္စယုပ္ပန်ဒေသနာကို တင်တော်မူ၏။ ထိုသို့ ဟောတော်မူသော ဒေသနာအစဉ်ဖြင့် ဤပဥှာဝါရ၌လည်း ပစ္စယုပ္ပန်ဒေသနာကို တင်တော်မူအပ်၏။ ထို့ကြောင့် 'ဓမ္မာနံ'ဟု ဟောတော်မမူဘဲ၊ 'ခန္ဓာနံ'ဟု ဟောတော်မူသည် ဟူလို။

(၃) အဘယ့်ကြောင့် ပဋိစ္စအစရှိသော ဝါရတို့၌ ခန္ဓာအားဖြင့် ဟောတော်မူအပ်သနည်းဟူမူ မရောယှက်သောအားဖြင့် ခွဲဝေခြင်းကို ပြအံ့သောငှာ 'ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ' အစရှိသည်ဖြင့် ဟောတော်မူ အပ်၏။ အကယ်၍ ဓမ္မ-သဒ္ဒါနှင့် 'ဧကံ ဓမ္မံ ပဋိစ္စ သေသာ ဓမ္မာ ဥပ္ပဇ္ဇန္တိ'အစရှိသောအားဖြင့် ဟောတော်မူသည်ရှိသော် ဤမည်သော

တရားသည် ပစ္စည်း၊ ဤမည်သောတရားသည် ပစ္စယုပ္ပန်ဟု ခွဲဝေခြင်း ဝိသေသ မဖြစ်။ ဝိသေသ မဖြစ်သည်ရှိသော် ဥဒ္ဒေသနှင့် နိဒ္ဒေသသည် မထူးရာ။ ထိုသို့ အထူးကင်းသောကြောင့် မရောယှက်သောအားဖြင့် ပစ္စည်း ပစ္စယုပ္ပန်အထူးကို ပြအံ့သောငှာ 'ခန္ဓာနံ'ဟု ဟောတော်မူအပ်၏ ဟူလို။

(၄) ပစ္စယနိဒ္ဒေသဝါရ၌ 'ဟေတု သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ'ဟု ဟောတော်မူသကဲ့သို့ ဤပဋ္ဌာဝါရ၌လည်း 'ဟေတု သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ'ဟု ဟောတော်မူအပ်လေသနည်း။ 'တံသမုဋ္ဌာနာနံ'ဟူသော ပစ္စယနိဒ္ဒေသသည် ကုသိုလ် အကုသိုလ် အဗျာကတ သာမညဟိတ်တို့၏ အစွမ်းဖြင့်ဖြစ်သော ရုပ်ကို ပြခြင်းငှာ 'စိတ္တသမုဋ္ဌာနာနံ'ဟု မဟောမူ၍ 'တံသမုဋ္ဌာနာနံ'ဟု ဟောတော်မူသည်။ ထို 'တံသမုဋ္ဌာနာနံ'ဟူသော သာမညပါဠ်ဖြင့် ပဋိသန္ဓေ ကမ္မဇရုပ်ကိုလည်း ပေါင်းရုံး၍ ယူအပ်၏ ဟူပေ။

ဤပဋ္ဌာဝါရ၌ကား ကုသိုလ် အကုသိုလ် အဗျာကတ ဟိတ်လျှင် ဖြစ်ကြောင်းရှိသော စိတ္တဇရုပ် ဝိသေသကို ယူသောကြောင့် 'တံသမုဋ္ဌာနာနံ'ဟု မဟောမူ၍ 'စိတ္တသမုဋ္ဌာနာနံ'ဟု ဟောတော်မူသည်ဟု မှတ်။ ဤကဲ့သို့ဟောရာ၌ ဤနည်းတူ မှတ်ယူလေ။ 'ဒါနံဒတ္တာ'စသော အာရမ္မဏပစ္စယ ဝိဘင်းပါဠိတော်တို့၌ အဓိပ္ပါယ်ကို အရကောက် ကြည့်ရှုကာမျှဖြင့် ပစ္စည်း ပစ္စယုပ္ပန်သဘော သိတန်လောက်ပြီဖြစ်၍ မပြဆိုတော့ပြီ။ သို့ရာတွင် အကောက်လာတိုင်း ဝီထိကို အကျယ် မချပါလင့်။ အကျဉ်းမျှ ချပါလေ။

ပဋ္ဌာဝါရကထာ ပြီး၏။

ဇေယျတု။

မင်္ဂလာရာသီစု

ဟောတုရာသီစုချုပ်

၁။ 'ဟောတုပစ္စယော' ဟူသော ပစ္စယုဒ္ဒေသ၌ ပစ္စည်း ပစ္စယုပ္ပန် ပစ္စနိက်အားဖြင့် သုံးပါးတို့တွင် လောဘ ဒေါသ မောဟ အလောဘ အဒေါသ အမောဟ ဤဟိတ်ခြောက်ပါး ပစ္စည်းတရားတို့သည် သဟိတ်စိတ် ဧကသတ္တတိ၊ မောဟမူဒွေ၌ မောဟကြဉ်သော စေတသိက် ဒွေပညာသ၊ သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်၊ ဤပစ္စယုပ္ပန် တရားတို့အား ဟောတုသတ္တိဖြင့် ကျေးဇူးပြုပေကုန်၏။ အဟိတ်စိတ် အဋ္ဌာရသ၊ မောဟမူဒွေး၌ရှိသော မောဟ၊ ဆန္ဒကြဉ်သော အညသမာန် စေတသိက် ဒွါဒသ၊ အဟိတ်စိတ္တဇရုပ်၊ အဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်၊ ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိ ကမ္မဇရုပ်၊ ဤပစ္စနိက်တရားတို့အား ဟောတုသတ္တိဖြင့် ကျေးဇူးမပြုပေကုန်။

(၁) တစ်နည်းကား။ ။ လောဘမူစိတ် ရှစ်ခု၌ရှိသော လောဘ သည် မောဟသည် လောဘမောဟသည် ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ သမ္ပယုတ္တက္ခန္ဓာ သဟိတ်စိတ္တဇရုပ်တို့အား၊ စတုဝေါကာရဘုံ၌ ဖြစ်သော အခါ သမ္ပယုတ္တက္ခန္ဓာအားသာ ဟောတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ပစ္စည်းတပ်ဟန်ကား- ပစ္စုပ္ပန် အတိတ် အနာဂတ်ဖြစ်သော လောကီစိတ် ဧကာသီတိ၊ စေတသိက် ဒွေပညာသ၊ ရုပ်အဋ္ဌဝီသ၊ ကာလဝိမုတ်ဖြစ်သော ပညတ်ဟုဆိုအပ်သော အာရုံခြောက်ပါးတို့တွင် တစ်ပါးပါးကို အာရုံပြု၍ လောဘမူဇော ဝီထိစိတ္တုပ္ပါဒ် ဖြစ်လိုလတ်သည် ရှိသော် -

ဘဝင် ဘဝင် ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ မနောဒွါရာဝဇ္ဇန်း လောဘမူဇော ခုနစ်ကြိမ်၊ တဒါရုံကျသည်ဖြစ်အံ့- တဒါရုံနှစ်ကြိမ်၊ ကာမဘဝင် တစ်ဆယ်တို့တွင် တစ်ခုခုသည် ဘဝင် ဘဝင်။ တဒါရုံမကျသည်ဖြစ်အံ့- ဘဝင် ဧကူနဝီသတို့တွင် တစ်ခုခုသည် ဘဝင် ဘဝင်ဟု ဘဝင်ကိစ္စဖြစ်ထိုက်သ၍ ဖြစ်၍ချုပ်၏။

ဤသို့ အစရှိသည်ဖြင့် ဖြစ်သောအခါ လောဘမူပထမဇော အစရှိသော စိတ္တက္ခဏတစ်ခုခု၌ရှိသော လောဘသည် မောဟသည် လောဘမောဟသည် ပဥ္စဝေါကာရဘုံ၌ ဖြစ်သောအခါ သမ္ပယုတ္တက္ခန္ဓာ သဟိတ် စိတ္တဇရုပ်တို့အား၊ စတုဝေါကာရဘုံ၌ ဖြစ်သောအခါ သမ္ပယုတ္တက္ခန္ဓာအားသာ ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။

(၂) ဒေါသမူဒွေး၌ရှိသော ဒေါသသည် မောဟသည် ဒေါသမောဟသည် ကာမတစ်ဆယ့်တစ်ဘုံ၌သာ သမ္ပယုတ္တက္ခန္ဓာ သဟိတ် စိတ္တဇရုပ်တို့အား ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ပစ္စည်းတပ်ဟန်ကား- ပစ္စုပ္ပန် အတိတ် အနာဂတ်ဖြစ်သော လောကီစိတ် စေတသိတ် (လ) ပညတ်ဟု ဆိုအပ်သော အာရုံခြောက်ပါး တို့တွင် တစ်ပါးပါးကို အာရုံပြု၍ ဒေါသမူဇော ဝီထိစိတ္တုပ္ပါဒ် ဖြစ်လိုလတ် သည်ရှိသော် -

ဘဝင် ဘဝင် ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ မနောဒွါရာဝဇ္ဇန်း၊ ဒေါသမူဇော ခုနစ်ကြိမ်၊ တဒါရုံကျသည်ဖြစ်အံ့- ကာမဥပေက္ခာ တဒါရုံ ခြောက်ခုတို့တွင် တစ်ခုခုသည် တဒါရုံ နှစ်ကြိမ်၊ ကာမဘဝင်(၁၀)၊ ဘဝင် ဘဝင်။ အဝိဘူတာရုံဖြစ်အံ့- ဥပေက္ခာသဟဂုတ်ဖြင့် ပဋိသန္ဓေ နေသောသူအား ကာမဥပေက္ခာဘဝင် ခြောက်ခု၊ သောမနဿသဟဂုတ် ဖြင့် ပဋိသန္ဓေနေသောသူအား ဤပစ္စုပ္ပန်ဘဝဝယ် ရှေ့၌လေ့ကျက်ခဲ့ဖူးသော ကာမအာရုံကို အာရုံပြု၍ ဥပေက္ခာသဟဂုတ် သန္တီရဏနှစ်ခုတို့တွင်

တစ်ခုခုသည် အာဂန္တုက ဘဝင်တစ်ကြိမ်၊ ထိုဥပေက္ခာသဟဂုတ် အာဂန္တုကဘဝင်ကို အနန္တရာဒိပစ္စည်းပြု၍ မဟာဝိပါက် သောမနဿဘဝင် လေးခုတို့တွင် တစ်ခုခုသည် တဒါရုံမကျသည်ဖြစ်အံ့- ဘဝင်ဘဝင်ဟု ဘဝင်ကိစ္စ ဖြစ်ထိုက်သ၍ ဖြစ်၍ချုပ်၏။

ဤသို့ အစရှိသည်ဖြင့် ဖြစ်သောအခါ ဒေါသမူပထမဇော အစရှိသော စိတ္တက္ခဏ တစ်ခုခု၌ရှိသော ဒေါသသည်၊ မောဟသည်၊ ဒေါသမောဟသည်၊ ကာမတစ်ဆယ့်တစ်ဘုံ၌သော သမ္ပယုတ္တက္ခန္ဓာ သဟိတ်စိတ္တဇရုပ်တို့အား ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။

(၃) မောဟမူဒွေး၌ရှိသော မောဟသည် ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ သမ္ပယုတ္တက္ခန္ဓာ သဟိတ်စိတ္တဇရုပ်တို့အား စတုဝေါကာရဘုံ၌ ဖြစ်သောအခါ သမ္ပယုတ္တက္ခန္ဓာအားသာ ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ပစ္စည်းတပ်ဟန်ကား- လောဘမူဇောနှင့် အတူဆိုလေ။

(အကုသိုလ် ပြီး၏။)

(၄) မဟာကုသိုလ်ဉာဏသမ္ပယုတ် လေးခု၌ရှိသော အလောဘသည်၊ အဒေါသသည်၊ အမောဟသည်၊ အလောဘအဒေါသသည်၊ အလောဘအမောဟသည်၊ အဒေါသအမောဟသည်၊ အလောဘအဒေါသအမောဟသည် ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ သမ္ပယုတ္တက္ခန္ဓာ သဟိတ် စိတ္တဇရုပ်တို့အား၊ စတုဝေါကာရဘုံ၌ ဖြစ်သောအခါ သမ္ပယုတ္တက္ခန္ဓာအားသာ ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ပစ္စည်းတပ်ဟန်ကား- ပစ္စုပ္ပန် အတိတ် အနာဂတ်ဖြစ်သော အရဟတ္တမဂ် အရဟတ္တဖိုလ်ကြဉ်သော စိတ် (၈၇)ခု၊ စေတသိက် ဒွေပညာသ၊ ရုပ်အဋ္ဌဝီသ၊ ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန် ပညတ်ဟု ဆိုအပ်သော အာရုံခြောက်ပါးတို့တွင် တစ်ပါးပါးကို အာရုံပြု၍

မဟာကုသိုလ် ဉာဏသမ္ပယုတ်ဇော ဝိထိစိတ္တုပ္ပါဒ် ဖြစ်လိုလတ်သည်ရှိသော် -

ဘဝင် ဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ် ဉာဏသမ္ပယုတ်ဇော ခုနစ်ကြိမ်၊ တဒါရုံကျသည်ဖြစ်အံ့- တဒါရုံ နှစ်ကြိမ်၊ ကာမဘဝင် တစ်ဆယ်၊ ဘဝင် ဘဝင်။ တဒါရုံ မကျသည်ဖြစ်အံ့- ဘဝင် ဇောနုဝိသတို့တွင် တစ်ခုခုသည် ဘဝင် ဘဝင်ဟု ဘဝင်ကိစ္စဖြစ်ထိုက်သ၍ ဖြစ်၍ချုပ်၏။

ဤသို့ အစရှိသည်ဖြင့် ဖြစ်သောအခါ မဟာကုသိုလ် ဉာဏသမ္ပယုတ် ပထမဇော အစရှိသော စိတ္တက္ခဏ တစ်ခုခု၌ရှိသော အလောဘသည် (လ) အလောဘ အဒေါသ အမောဟသည် ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ သမ္ပယုတ္တက္ခန္ဓာ သဟိတ် စိတ္တဇရုပ် တို့အား၊ စတုဝေါကာရဘုံ၌ ဖြစ်သောအခါ သမ္ပယုတ္တက္ခန္ဓာအားသာ ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။ မဟာကုသိုလ် ဉာဏဝိပ္ပယုတ် လေးခု၌ရှိသော အလောဘသည်၊ အဒေါသသည်၊ အလောဘ အဒေါသသည်၊ ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ သမ္ပယုတ္တက္ခန္ဓာ သဟိတ် စိတ္တဇရုပ်တို့အား၊ စတုဝေါကာရဘုံ၌ဖြစ်သောအခါ သမ္ပယုတ္တက္ခန္ဓာအားသာ ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။ ပစ္စည်းတပ်ဟန်ကား- လောဘမူနှင့် နည်းတူဆိုလေ။

(မဟာကုသိုလ် ပြီး၏။)

(၅) မဟာဝိပါက်စိတ် ရှစ်ခု၌ရှိသော ဟိတ်သုံးပါးသည် ပဝတ္တိအခါ ကာမသုဂတိ ခုနစ်ဘုံ၌သာ သမ္ပယုတ္တက္ခန္ဓာ သဟိတ် စိတ္တဇရုပ်တို့အား ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ပစ္စည်းတပ်ဟန်ကား- ပစ္စုပ္ပန် အတိတ် အနာဂတ်ဖြစ်သော

ကာမစိတ် စတုပညာသ၊ စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌဝီသဟု ဆိုအပ်သော အာရုံခြောက်ပါးတို့တွင် တစ်ပါးပါးကို အာရုံပြု၍ မဟာဝိပါက် တဒါရုံကိစ္စ ဖြစ်လိုလတ်သည်ရှိသော် -

ဘဝင် ဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ကာမဇော တစ်ခုယုတ် သုံးဆယ်တို့တွင် တစ်ခုခုသည် ဇောခုနစ်ကြိမ်၊ မဟာဝိပါက် တဒါရုံ နှစ်ကြိမ်၊ ထို့နောင် ဘဝင် ဘဝင်ဟု ကာမသုဂတိ ဘဝင် ကိုးခုတို့တွင် တစ်ခုခုသည် ဘဝင်ကိစ္စဖြစ်ထိုက်သ၍ ဖြစ်၍ချုပ်၏။

ဤသို့အစရှိသဖြင့် ဖြစ်သောအခါ မဟာဝိပါက် နာမက္ခန္ဓာ စိတ္တက္ခဏ တစ်ခုခု၌ရှိသော ဟိတ် သုံးပါးသည် ပဝတ္တိအခါ ကာမသုဂတိ ခုနစ်ဘုံ၌သာ သမ္ပယုတ္တက္ခန္ဓာ သဟိတ် စိတ္တဇရုပ်တို့အား ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။

မဟာဝိပါက် ဉာဏသမ္ပယုတ်စိတ် လေးခု၌ရှိသော ဟိတ်သုံးပါး သည် ကာမသုဂတိ ခုနစ်ဘုံ၌သာ ပဋိသန္ဓေအခါ- သမ္ပယုတ္တက္ခန္ဓာ ကဋတ္တာရုပ်တို့အား၊ ပဝတ္တိအခါ- သမ္ပယုတ္တက္ခန္ဓာ သဟိတ် စိတ္တဇရုပ်တို့ အား ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ပစ္စည်းတပ်ဟန်ကား- ကာမတစ်ဆယ့်တစ်ဘုံမှ စုတေ၍ ကာမသုဂတိ(၇)ဘုံ၌ တိဟိတ်ပဋိသန္ဓေ နေလတ္တံ့သောပုဂ္ဂိုလ်၏ ဝိသယပဝတ္တိ၊ ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပါဝစရ (၁၀)ဘုံမှ စုတေ၍ ကာမသုဂတိ (၇)ဘုံ၌ တိဟိတ်ပဋိသန္ဓေ နေလတ္တံ့သောပုဂ္ဂိုလ်၏ ဝိသယပဝတ္တိ၊ အရူပလေးဘုံမှ စုတေ၍ ကာမသုဂတိ (၇)ဘုံ၌ တိဟိတ် ပဋိသန္ဓေ နေလတ္တံ့သောပုဂ္ဂိုလ်၏ ဝိသယပဝတ္တိအားဖြင့် သုံးပါးအပြား ရှိ၏။

ထိုတွင် ကာမတစ်ဆယ့်တစ်ဘုံမှ စုတေ၍ ကာမသုဂတိ (၇)ဘုံ၌ တိဟိတ်ပဋိသန္ဓေ နေလတ္တံ့သော ပုဂ္ဂိုလ်၏ ဝိသယပဝတ္တိသည်လည်း

ပဋ္ဌဒ္ဒါရဉ်ဖြစ်သော ဝိသယပဝတ္တိ၊ မနောဒ္ဒါရဉ်ဖြစ်သော ဝိသယပဝတ္တိ အားဖြင့် နှစ်ပါး အပြားရှိ၏။

ထိုတွင် ပဋ္ဌဒ္ဒါရဉ်ဖြစ်သော ဝိသယပဝတ္တိသည်လည်း စက္ခုဒ္ဒါရဉ် ဖြစ်သော ဝိသယပဝတ္တိ (လ) ကာယဒ္ဒါရဉ်ဖြစ်သော ဝိသယပဝတ္တိ အားဖြင့် (၅)ပါး အပြားရှိ၏။ ထိုတွင် စက္ခုဒ္ဒါရဉ်ဖြစ်သော ဝိသယပဝတ္တိ သည်လည်း ဇောနောင်စုတိ၊ ဇောနောင်ဘဝင် ဘဝင်နောင်စုတိ၊ တဒါရုံ နောင်စုတိ၊ တဒါရုံနောင်ဘဝင် ဘဝင်နောင်စုတိအားဖြင့် လေးပါးအပြား ရှိ၏။

ထိုတွင် ဇောနောင်စုတိ ဖြစ်ဟန်က- ကာမတစ်ဆယ့်တစ်ဘုံ၌ ထင်ရှားရှိသောဘဝမှ ရွေ့လျောသောအားဖြင့် ပစ္စုပ္ပန်ဘဝ၏အဆုံး စုတိ ကျ၍ ကာမသုဂတိ ခုနစ်ဘုံ၌ တိဟိတ်ပဋိသန္ဓေ နေလိုလတ်သည် ရှိသော်-

ဘဝင် ဘဝင်၊ အတီတဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ ပဋ္ဌဒ္ဒါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုန်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ မဟာကုသိုလ် မရဏာသန္နဇော ငါးကြိမ်၊ ကာမစုတိ၊ ကာမတိဟိတ် ပဋိသန္ဓေ၊ ဘဝင် ၁၅-ကြိမ် ၁၆-ကြိမ်၊ မနောဒ္ဒါရာဝဇ္ဇန်း၊ ဘဝနိကန္တိက လောဘဇော ခုနစ်ကြိမ်၊ ထို့နောင် ကာမဘဝင် ဘဝင်ဟု ဘဝင်ကိစ္စဖြစ်၍ ချုပ်၏။

ဇောနောင်ဘဝင် ဘဝင်နောင်စုတိ ကျသည်ဖြစ်အံ့- ကာမဘဝင်၊ ကာမစုတိ၊ ကာမတိဟိတ်ပဋိသန္ဓေ။ တဒါရုံနောင်စုတိဖြစ်အံ့- တဒါရုံ နှစ်ကြိမ်၊ ကာမစုတိ၊ ကာမတိဟိတ်ပဋိသန္ဓေ။ တဒါရုံနောင်ဘဝင် ဘဝင် နောင်စုတိ ကျသည်ဖြစ်အံ့- ကာမဘဝင် ကာမစုတိ၊ ကာမ တိဟိတ် ပဋိသန္ဓေ၊ ဘဝင် ၁၅-ကြိမ် ၁၆-ကြိမ်၊ မနောဒ္ဒါရာဝဇ္ဇန်း၊ ဘဝနိကန္တိက လောဘဇောခုနစ်ကြိမ်၊ ထို့နောင် ဘဝင်ဘဝင်ဟု ဘဝင်ကိစ္စဖြစ်၍ ချုပ်၏။

ဤသို့ အစရှိသည်ဖြင့် ဖြစ်သောအခါ မဟာဝိပါက် ဉာဏသမ္ပယုတ် နာမက္ခန္ဓာ စိတ္တက္ခဏ တစ်ခုခု၌ရှိသော ဟိတ်သုံးပါး သည် ကာမသုဂတိ ခုနစ်ဘုံ၌သာ ပဋိသန္ဓေအခါ သမ္ပယုတ္တက္ခန္ဓာ ကဋတ္တာရုပ်တို့အား၊ ပဝတ္တိအခါ သမ္ပယုတ္တက္ခန္ဓာ သဟိတ်စိတ္တဇရုပ် တို့အား ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။

(စက္ခုဒွါရ မရဏာသန္န လေးဝီထိ ပြီး၏။)

သောတဒွါရ၊ ဃာနဒွါ၊ ဇိဝှာဒွါရ၊ ကာယဒွါရ မရဏာသန္နဝီထိ တို့၌လည်း စက္ခုဒွါရမရဏာသန္နဝီထိကို နည်းမှီ၍ သိလေ။

(ပဉ္စဒွါရ မရဏာသန္နဝီထိ ပြီး၏။)

(၆) မနောဒွါရ၌ဖြစ်သော ဝိသယပဝတ္တိသည်လည်း ဇောနောင် စုတိ၊ ဇောနောင်ဘဝင် ဘဝင်နောင်စုတိ၊ တဒါရုံနောင်စုတိ၊ တဒါရုံ နောင်ဘဝင် ဘဝင်နောင်စုတိအားဖြင့် လေးပါးအပြားရှိ၏။

ထိုတွင် ဇောနောင်စုတိ ဖြစ်ဟန်ကား- ကာမတစ်ဆယ့်တစ်ဘုံ၌ ထင်ရှားရှိသောဘဝမှ ရွေ့လျောသောအားဖြင့် ပစ္စုပ္ပန်ဘဝ၏အဆုံး စုတိကျ၍ ကာမသုဂတိ ခုနစ်ဘုံ၌ တိဟိတ်ပဋိသန္ဓေ နေလိုလတ်သည် ရှိသော်-

ဘဝင်ဘဝင်၊ ဘဝင်စလန၊ ဘဝင်ပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ် မရဏာသန္နဇော ငါးကြိမ်၊ ကာမစုတိ၊ ကာမတိဟိတ် ပဋိသန္ဓေ၊ ဘဝင်(၁၅) (၁၆)ကြိမ်၊ မနောဒွါရာဝဇ္ဇန်း၊ ဘဝနိကန္တိက လောဘဇော ခုနစ်ကြိမ်၊ ထိုနောင် ဘဝင်ဘဝင်ဟု ဘဝင်ကိစ္စဖြစ်၍ချုပ်၏။

ဇောနောင်ဘဝင် ဘဝင်နောင်စုတိ၊ တဒါရုံနောင်စုတိ၊ တဒါရုံ နောင်ဘဝင် ဘဝင်နောင်စုတိ၊ ဤသုံးဝီထိတို့ကိုလည်း နည်းမှီ၍သိလေ။ ဤသို့အစရှိသည်ဖြင့် ဖြစ်သောအခါ (လ) ကျေးဇူးပြုပေ၏။

(ကာမာဝစရ မနောဒွါရ မရဏာသန္နဝီထိ ပြီး၏။)

ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပါဝစရဆယ်ဘုံမှ စုတေ၍ ကာမသုဂတိ ခုနစ်ဘုံ၌ တိဟိတ် ပဋိသန္ဓေနေလတ္တံ့သောပုဂ္ဂိုလ်၏ ဝိသယပဝတ္တိသည်လည်း ပဉ္စဒွါရ၌ဖြစ်သော ဝိသယပဝတ္တိ၊ မနောဒွါရ၌ ဖြစ်သော ဝိသယပဝတ္တိအားဖြင့် နှစ်ပါးအပြားရှိ၏။

ထိုတွင် ပဉ္စဒွါရ၌ဖြစ်သော ဝိသယပဝတ္တိသည်လည်း စက္ခုဒွါရ၌ ဖြစ်သော ဝိသယပဝတ္တိ၊ သောတဒွါရ၌ဖြစ်သော ဝိသယပဝတ္တိအားဖြင့် နှစ်ပါး အပြားရှိ၏။

ထိုတွင် စက္ခုဒွါရ၌ဖြစ်သော ဝိသယပဝတ္တိသည်လည်း ဇောနှောင် စုတိ၊ ဇောနှောင်ဘဝင် ဘဝင်နှောင်စုတိအားဖြင့် နှစ်ပါးအပြားရှိ၏။

ထိုတွင် ဇောနှောင်စုတိ ဖြစ်ဟန်ကား- ဝေဟပ္ဖိုလ်တိုင်အောင် ရူပါဝစရ ဆယ်ဘုံ၌ ထင်ရှားရှိသောဘဝမှ ရွေ့လျောသောအားဖြင့် ပစ္စုပ္ပန်ဘဝ၏အဆုံး စုတိကျ၍ ကာမသုဂတိ ခုနစ်ဘုံ၌ (လ) ရှိသော်-

ဘဝင် ဘဝင်၊ အတီတဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုန်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ မဟာကုသိုလ် မရဏာသန္နဇော ငါးကြိမ်၊ ရူပဝစရစုတိ၊ ကာမတိဟိတ် ပဋိသန္ဓေ၊ ဘဝင်(၁၅) (၁၆)ကြိမ်၊ မနောဒွါရာဝဇ္ဇန်း၊ ဘဝနိကန္တိက လောဘဇော ခုနစ်ကြိမ်၊ ထိုနှောင် ဘဝင်ဘဝင်ဟု ဘဝင်ကိစ္စဖြစ်၍ ချုပ်၏။ သောတဒွါရ, မနောဒွါရ ဝီထိတို့ကိုလည်း နောက်ကနည်းမှီ၍ သိလေ။

(ရူပါဝစရ မရဏာသန္နဝီထိ ပြီး၏။)

အရူပလေးဘုံမှ စုတေ၍ ကာမသုဂတိ ခုနစ်ဘုံ၌ တိဟိတ် ပဋိသန္ဓေ နေလတ္တံ့သောပုဂ္ဂိုလ်၏ ဝိသယပဝတ္တိသည်လည်း ဇောနှောင်စုတိ၊ ဇောနှောင်ဘဝင် ဘဝင်နှောင်စုတိအားဖြင့် နှစ်ပါး အပြားရှိ၏။

ထိုတွင် ဓောနှောင်စုတိ ဖြစ်ဟန်ကား အရူပလေးဘုံ၌ထင်ရှား ရှိသောဘဝမှ ရွေ့လျောသောအားဖြင့် ပစ္စုပ္ပန်ဘဝ၏အဆုံး စုတိကျ၍ ကာမသုဂတိ ခုနစ်ဘုံ၌ (လ) ရှိသော်-

ဘဝင် ဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ် မရဏာသန္နဇော ငါးကြိမ်၊ အရူပစုတိ။

ဘဝင်နှောင်စုတိကျသည်ဖြစ်အံ့- အရူပဘဝင်၊ အရူပစုတိ၊ ကာမတိဟိတ်ပဋိသန္ဓေ၊ ဘဝင်(၁၅) (၁၆)ကြိမ်၊ မနောဒွါရာဝဇ္ဇန်း၊ ဘဝနိကန္တိကလောဘဇော ခုနစ်ကြိမ်၊ ထိုနှောင် ဘဝင် ဘဝင်ဟု ဘဝင်ကိစ္စ ဖြစ်၍ ချုပ်၏။ ဤသို့ အစရှိသည်ဖြင့် ဖြစ်သောအခါ မဟာဝိပါက် စိတ္တက္ခဏ တစ်ခုခု၌ရှိသော အလောဘသည် (လ) ကျေးဇူးပြုပေ၏။

(အရူပါဝစရ မရဏာသန္နဝီထိ ပြီး၏။)

(၇) မဟာဝိပါက် ဉာဏဝိပ္ပယုတ် လေးခု၌ရှိသော အလောဘသည်၊ အဒေါသသည်၊ အလောဘ အဒေါသသည် ကာမသုဂတိ ခုနစ်ဘုံ၌သာ ပဋိသန္ဓေအခါ သမ္ပယုတ္တက္ခန္ဓာ ကဋတ္တာရုပ်တို့အား၊ ပဝတ္တိအခါ သမ္ပယုတ္တက္ခန္ဓာ သဟိတ်စိတ္တဇရုပ်တို့အား ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ပစ္စည်းတပ်ဟန်ကား ကာမတစ်ဆယ့်တစ်ဘုံမှ စုတေ၍ ကာမ သုဂတိ ခုနစ်ဘုံ၌ ဒွိဟိတ်ပဋိသန္ဓေ နေလတ္တံ့သောပုဂ္ဂိုလ်၏ ဝိသယပဝတ္တိ၊ ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပါဝစရ ဆယ်ဘုံမှ စုတေ၍ ကာမသုဂတိ ခုနစ်ဘုံ၌ ဒွိဟိတ်ပဋိသန္ဓေ နေလတ္တံ့သောပုဂ္ဂိုလ်၏ ဝိသယပဝတ္တိအားဖြင့် နှစ်ပါး အပြားရှိ၏။

ထိုတွင် ကာမတစ်ဆယ့်တစ်ဘုံမှ (လ) ဝိသယပဝတ္တိသည်လည်း ဓောနှောင်စုတိ၊ ဓောနှောင်ဘဝင် ဘဝင်နှောင်စုတိ၊ တဒါရုံနှောင် စုတိ၊ တဒါရုံနှောင်ဘဝင် ဘဝင်နှောင်စုတိအားဖြင့် လေးပါးအပြားရှိ၏။ ၄င်း

လေးဝီထိမှာ ဉာဏသမ္ပယုတ်ကို နည်းမှီ၍ ဆိုလေ။

ဝေဟာပွိုလ်တိုင်အောင်သော ရူပါဝစရဆယ်ဘုံမှစုတေ၍ (လ) ဝိသယပဝတ္တိသည်လည်း ဓောနှောင်စုတိ၊ ဓောနှောင်ဘဝင် ဘဝင်နှောင် စုတိအားဖြင့် နှစ်ပါးအပြားရှိ၏။ ၄င်းနှစ်ဝီထိမှာ ဉာဏသမ္ပယုတ်ကို နည်းမှီ၍ ဆိုလေ။

(မဟာဝိပါက် ပြီး၏။)

(၈) မဟာကြိယာ ဉာဏသမ္ပယုတ် လေးခု၌ရှိသော ဟိတ် သုံးပါးသည် အပါယ်ကြဉ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ သမ္ပယုတ္တက္ခန္ဓာ၊ သဟိတ်စိတ္တဇရုပ်တို့အား၊ စတုဝေါကာရဘုံ၌ ဖြစ်သော အခါ သမ္ပယုတ္တက္ခန္ဓာအားသာ ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ပစ္စည်းတပ်ဟန်ကား- ပစ္စုပ္ပန် အတိတ် အနာဂတ်ဖြစ်သော စိတ် (၈၉)၊ စေတသိက် ဒွေပညာသ၊ ရုပ်အဋ္ဌဝီသ၊ ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်၊ ပညတ်ဟုဆိုအပ်သော အာရုံ(၆)ပါးတို့တွင် တစ်ပါးပါးကိုအာရုံပြု၍ မဟာကိရိယာ ဉာဏသမ္ပယုတ်ဇော (လ) ရှိသော်-

ဘဝင် ဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ မဟာကြိယာ ဉာဏသမ္ပယုတ်ဇော ခုနစ်ကြိမ်၊ (တဒါရုံ ကျသည်ဖြစ်အံ့)- တဒါရုံ နှစ်ကြိမ်၊ (မကျသည်ဖြစ်အံ့)- ဘဝင် ဘဝင်ဟု ဘဝင်ကိစ္စဖြစ်၍ ချုပ်၏။ ဤသို့ အစရှိသည်ဖြင့် (လ) ပေ၏။

မဟာကြိယာ ဉာဏသမ္ပယုတ် လေးခု၌ရှိသော ဟိတ်နှစ်ပါးသည် အပါယ်ကြဉ်သော ပဉ္စဝေါကာဘုံ၌ (လ) ပေ၏။

ပစ္စည်းတပ်ဟန်ကား- ပစ္စုပ္ပန် အတိတ် အနာဂတ်ဖြစ်သော လောကီစိတ် ကောသီတိ၊ စေတသိက် ဒွေပညာသ၊ ရုပ်အဋ္ဌဝီသ၊ ကာလဝိမုတ်ဖြစ်သော ပညတ်၊ ဤအာရုံ (၆)ပါးတို့တွင် တစ်ပါးတစ်ပါး

ကို အာရုံပြု၍ မဟာကြိယာ ဉာဏသမ္ပယုတ်ဇော (လ) ရှိသော် စသည်ဖြင့် ဆိုလေ။ ဤသို့ အစရှိသည်ဖြင့် ဖြစ်သောအခါ (လ) ပေ၏။

(မဟာကြိယာ ပြီး၏။)

(၉) ရူပဝစရကုသိုလ်ငါးခု၌ရှိသော ဟိတ်သုံးပါးသည် အပါယ် ကြည်သော ပဥ္စဝေါကာရ (၂၂)ဘုံ၌သာ သမ္ပယုတ္တက္ခန္ဓာ သဟိတ်စိတ္တဇရုပ် တို့အား ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ပစ္စည်းတပ်ဟန်ကား- ရူပါဝစရကုသိုလ် ပထမဈာန်ကို ရခြင်းငှာ အလိုရှိသော တိဟိတ်ကာမ သေက္ခပုဂ္ဂိုလ်သည် ရူပါဝစရပထမဈာန်ကို ရခြင်းငှာ အလိုရှိသည်ဖြစ်၍ ကသိုဏ်းပညတ် ဆယ်ပါး၊ အသုဘပညတ် ဆယ်ပါး၊ ကာယဂတာသတိ၏ အာရုံဖြစ်သော ဆံ(ဆံပင်) အစရှိသော ကာယအစုပညတ်၊ အာနာပါနဿတိ၏ အာရုံဖြစ်သော ထွက်သက် ဝင်သက် ပညတ်၊ မေတ္တာ ကရုဏာ မုဒိတာဟုဆိုအပ်သော ဗြဟ္မဝိဟာရ တရားသုံးပါး၏ အာရုံဖြစ်သော အတိုင်းမသိသော သတ္တဝါပညတ်၊ ဤ (၂၅)ပါးသော ပညတ် ပဋိဘာဂနိမိတ်တို့တွင် တစ်ပါးပါးကို အာရုံပြု၍ ပထဝီ ပထဝီ- အာပေါ အာပေါ အစရှိသည်ဖြင့် စီးဖြန်းဖန်များ၍ ရူပါဝစရကုသိုလ် ပထမဈာန်ကို ရလိုလတ်သည်ရှိသော်-

ဘဝင် ဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ် ပထမဒွေးတို့တွင် တစ်ခုခုသည် ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူဟု သုံးကြိမ် လေးကြိမ်၊ (အာဒိကမ္မိကဖြစ်အံ့)- ဈာန် တစ်ကြိမ်၊ (သမာပဇ္ဇနဖြစ်အံ့)- ဈာန်အကြိမ်များစွာ၊ ထို့နောင် ဘဝင် ဘဝင်ဟု ဘဝင်ကိစ္စ ဖြစ်၍ ချုပ်၏။

ရူပါဝစရ ပထမဈာန် ရပြီးသော တိဟိတ် ကာမ-ရူပသေက္ခပုဂ္ဂိုလ် သည် မိမိရပြီးသော ပထမဈာန်ကို သမာပဇ္ဇနဝသီဘော်၊ အဓိဋ္ဌာနဝသီဘော်၊

ဝုဋ္ဌာနဝသီဘော်တို့ဖြင့် အလေ့အလာပြု၍ ဝင်စားလိုလတ်သည်ရှိသော်-

ဘဝင် ဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူဟု သုံးကြိမ် လေးကြိမ်၊ ထို့နောင် ဘဝင်အလျဉ်ကဲ့သို့ အလိုရှိသောအတိုင်း ဈာန်-ဈာန်ဟု အကြိမ်များစွာ၊ ထို့နောင် ဘဝင် ဘဝင်ဟု ဘဝင်ကိစ္စဖြစ်၍ ချုပ်၏။ နောက်နောက်သော သမာပဇ္ဇနဝီထိ၌လည်း ဤနည်းကို မှီ၍ သိလေ။

(၁၀) ရူပါဝစရ ပထမဈာန်ကို ရပြီးသော တိဟိတ် ကာမ-ရူပသေက္ခ ပထမဈာန်ပုဂ္ဂိုလ်သည် ဒုတိယဈာန်ကိုရခြင်းငှာ အလိုရှိသည်ဖြစ်၍ ငါရသော ပထမဈာန်သည် နီဝရဏတည်းဟူသော နီးသော ရန်သူရှိ၏။ ဝိတက်တည်းဟူသော ရန့်ရင်းသောအင်္ဂါရှိခြင်းကြောင့် ဈာန်အင်္ဂါ၏ အားသည် နည်း၏ဟု ပထမဈာန်၌ အပြစ်ကိုမြင်၍ ထိုပထမဈာန်၌ တပ်ခြင်းကို စွန့်၍ ဒုတိယဈာန်သည် ငြိမ်သက်၏ဟု နှလုံးပြု၍ ကသိုဏ်းပညတ် ဆယ်ပါး၊ အာနာပါနသညတိ၏ အာရုံဖြစ်သော ထွက်သက် ဝင်သက် ပညတ်၊ မေတ္တာ ကရုဏာ မုဒိတာဟု ဆိုအပ်သော ဗြဟ္မဝိဟာရတရား သုံးပါး၏အာရုံဖြစ်သော အတိုင်းမသိသော သတ္တဝါ ပညတ်။ ဤ (၁၄)ပါးသော ပညတ် ပဋိဘာဂနိမိတ်တို့တွင် တစ်ပါးပါးကို အာရုံပြု၍ ပထဝီ ပထဝီ (လ) ရှိသော်-

ဘဝင် ဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူဟူ၍ သုံးကြိမ် လေးကြိမ်၊ (အာဒိကမ္မိက ဖြစ်အံ့) ဈာန်တစ်ကြိမ်၊ (သမာပဇ္ဇနဖြစ်အံ့) ဈာန်-ဈာန်ဟု အကြိမ်များစွာ၊ ထို့နောင် ဘဝင် ဘဝင်ဟု ဘဝင်ကိစ္စဖြစ်၍ ချုပ်၏။

(၁၁) ရူပါဝစရ ဒုတိယဈာန်ကို ရပြီးသော တိဟိတ် ကာမ-ရူပသေက္ခ ဒုတိယဈာန်ပုဂ္ဂိုလ်သည် တတိယဈာန်ကိုရခြင်းငှာ အလိုရှိသည်ဖြစ်၍ ငါရသော ဒုတိယဈာန်သည် ဝိတက်တည်းဟူသော နီးသော ရန်သူရှိ၏။

ဝိစာရတည်းဟူသော ရန့်ရင်းသောအင်္ဂါရှိခြင်းကြောင့် ဈာန်အင်္ဂါ၏ အားသည် နည်း၏ဟု ဒုတိယဈာန်၌ အပြစ်ကိုမြင်၍ ထိုဒုတိယဈာန်၌ တပ်ခြင်းကို စွန့်၍ တတိယဈာန်သည် ငြိမ်သက်၏ဟု နှလုံးပြု၍ ကသိုဏ်းပညတ် ဆယ်ပါး (လ) သတ္တဝါ ပညတ်၊ ဤ (၁၄)ပါးသော ပညတ် ပဋိဘာဂနိမိတ်တို့တွင် တစ်ပါးပါးကို အာရုံပြု၍ ပထဝီ ပထဝီ (လ) ရှိသော်-

ဘဝင် ဘဝင် (လ) (အာဒိကမ္မိကဖြစ်အံ့) ဈာန်တစ်ကြိမ်၊ (သမာပန္နဖြစ်အံ့) ဈာန်-ဈာန်ဟု အကြိမ်များစွာ၊ ထို့နောင် ဘဝင် ဘဝင်ဟု ဘဝင်ကိစ္စဖြစ်၍ ချုပ်၏။

(၁၂) ရူပါဝစရ တတိယဈာန်ကို ရပြီးသော တိဟိတ် ကာမ-ရူပသေက္ခ တတိယဈာန်ပုဂ္ဂိုလ်သည် စတုတ္ထဈာန်ကိုရခြင်းငှာ အလိုရှိသည်ဖြစ်၍ ငါရသော တတိယဈာန်သည် ပီတိတည်းဟူသော နီးသော ရန်သူရှိ၏။ ပီတိတည်းဟူသော ရန့်ရင်းသောအင်္ဂါရှိခြင်းကြောင့် ဈာန်အင်္ဂါ၏အားသည် နည်း၏ဟု တတိယဈာန်၌ အပြစ်ကိုမြင်၍ ထိုတတိယဈာန်၌ တပ်ခြင်းကို စွန့်၍ စတုတ္ထဈာန်သည် ငြိမ်သက်၏ဟု နှလုံးပြု၍ ကသိုဏ်းပညတ် ဆယ်ပါး (လ) ဤ (၁၄)ပါးသော ပညတ်ပဋိဘာဂနိမိတ်တို့တွင် တစ်ပါးပါးကို အာရုံပြု၍ ပထဝီ ပထဝီ (လ) ရှိသော်-

ဘဝင် ဘဝင် (လ) ဘဝင်ကိစ္စဖြစ်၍ ချုပ်၏။

(၁၃) ရူပါဝစရ စတုတ္ထဈာန်ကို ရပြီးသော တိဟိတ် ကာမ-ရူပသေက္ခ စတုတ္ထဈာန်ပုဂ္ဂိုလ်သည် ပဉ္စမဈာန်ကိုရခြင်းငှာ အလိုရှိသည်ဖြစ်၍ ငါရသော စတုတ္ထဈာန်သည် ပီတိတည်းဟူသော နီးသောရန်သူရှိ၏။ သုခတည်းဟူသော ရန့်ရင်းသောအင်္ဂါရှိခြင်းကြောင့် ဈာန်အင်္ဂါ၏အားသည် နည်း၏ဟု စတုတ္ထဈာန်၌ အပြစ်ကိုမြင်၍ ထိုစတုတ္ထဈာန်၌ တပ်ခြင်းကို စွန့်၍ ပဉ္စမဈာန်သည် ငြိမ်သက်၏ဟု နှလုံးပြု၍ ကသိုဏ်းပညတ်

ဆယ်ပါး၊ အာနာပါနသညတိ၏ အာရုံဖြစ်သော ထွက်သက် ဝင်သက် ပညတ်၊ ဥပေက္ခာဟုဆိုအပ်သော ဗြဟ္မဝိဟာရတရား တစ်ပါး၏ အာရုံဖြစ်သော အတိုင်းမသိသော သတ္တဝါပညတ်၊ ဤ (၁၂)ပါးသော ပညတ် ပဋိဘာဂနိမိတ်တို့တွင် တစ်ပါးပါးကို အာရုံပြု၍ ပထဝီ ပထဝီ (လ) ရှိသော်-

ဘဝင် ဘဝင် (လ) ဘဝင်ကိစ္စ ဖြစ်၍ချုပ်၏။

ဤသို့ အစရှိသဖြင့် ဖြစ်သောအခါ ရူပကုသိုလ် ငါးခုခွဲရှိသော ဟိတ်သုံးပါးသည် အပါယ်ကြဉ်သော ပဉ္စဝေါကာရ (၂၂)ဘုံ၌သာ သမ္ပယုတ္တက္ခန္ဓာ သဟိတ်စိတ္တဇရုပ်တို့အား ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။

(ရူပကုသိုလ် ပြီး၏။)

(၁၄) ရူပါဝစရ ပထမစျာန်ကို ဝိပါက်ခွဲရှိသော ဟိတ်သုံးပါးသည် ရူပါဝစရ ပထမစျာန်ဘုံ၌သာ၊ ဒုတိယစျာန် တတိယစျာန် ဝိပါက်ခွဲရှိသော ဟိတ်သုံးပါးသည် ဒုတိယစျာန်ဘုံ၌သာ၊ စတုတ္ထစျာန် ဝိပါက်ခွဲရှိသော ဟိတ်သုံးပါးသည် တတိယစျာန်ဘုံ၌သာ၊ ပဉ္စမစျာန် ဝိပါက်ခွဲရှိသော ဟိတ်သုံးပါးသည် ဝေဟပ္ဖိုလ် သုဒ္ဓါဝါသ ငါးဘုံဟုဆိုအပ်သော စတုတ္ထစျာန်ဘုံ၌သာ၊ ပဋိသန္ဓေအခါ သမ္ပယုတ္တက္ခန္ဓာ ကဋတ္တာရုပ်တို့အား၊ ပဝတ္တိအခါ သမ္ပယုတ္တက္ခန္ဓာ သဟိတ်စိတ္တဇရုပ်တို့အား ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ပစ္စည်းတပ်ဟန်ကား- အသညသတ် အကနိဋ္ဌကြဉ်သော ရူပ(၁၄)ဘုံမှ စုတေ၍ အသညသတ်ကြဉ်သော ရူပ(၁၅)ဘုံ၌ ပဋိသန္ဓေ နေလတ္တံ့သော ပုဂ္ဂိုလ်၏ ဝိသယပဝတ္တိ၊ ကာမသုဂတိ ခုနစ်ဘုံမှ စုတေ၍ အသညသတ် ကြဉ်သော ရူပ(၁၅)ဘုံ၌ ပဋိသန္ဓေ နေလတ္တံ့သောပုဂ္ဂိုလ်၏ ဝိသယပဝတ္တိ အားဖြင့် နှစ်ပါးအပြားရှိ၏။

ထိုတွင် အသညသတ်, အကနိဋ္ဌ ကြဉ်သော ရူပ(၁၄)ဘုံမှ စုတေ၍ အသညသတ် ကြဉ်သော ရူပ(၁၅)ဘုံ၌ ပဋိသန္ဓေ နေလတ္တံ့သော ပုဂ္ဂိုလ်၏ ဝိသယပဝတ္တိသည်လည်း ဓောနောင်စုတိ၊ ဓောနောင်ဘဝင် ဘဝင်နောင်စုတိအားဖြင့် (၂)ပါးအပြားရှိ၏။

ထိုတွင် ဓောနောင်စုတိ ဖြစ်ဟန်ကား- အသညသတ်, အကနိဋ္ဌ ကြဉ်သော ရူပ(၁၄)ဘုံ၌ ထင်ရှားရှိသောဘဝမှ ရွေ့လျောသောအားဖြင့် ပစ္စုပ္ပန်ဘဝ၏အဆုံး စုတိကျ၍ အသညသတ်ကြဉ်သော ရူပ(၁၅)ဘုံ၌ ပဋိသန္ဓေ နေလိုလတ်သည်ရှိသော်-

ဘဝင် ဘဝင်၊ ဘဝင်္ဂစလနဲ၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ် မရဏာသန္နဇော ငါးကြိမ်၊ ရူပစုတိ၊ ဓောနောင်ဘဝင် ဘဝင်နောင်စုတိကျသည် ဖြစ်အံ့- ရူပဘဝင် ရူပစုတိ၊ ရူပပဋိသန္ဓေ၊ ဘဝင်(၁၅)ကြိမ် (၁၆)ကြိမ်။ မနောဒွါရာဝဇ္ဇန်း၊ ဘဝနိကန္တိက လောဘဇော ခုနစ်ကြိမ်၊ ထို့နောင် ဘဝင် ဘဝင်ဟု ဘဝင်ကိစ္စ ဖြစ်၍ ချုပ်၏။

ကာမသုဂတိ ခုနစ်ဘုံမှ စုတေ၍ အသညသတ်ကြဉ်သော ရူပ (၁၅)ဘုံ၌ ပဋိသန္ဓေ နေလတ္တံ့သောပုဂ္ဂိုလ်၏ ဝိသယပဝတ္တိသည်လည်း ဓောနောင်စုတိ၊ ဓောနောင်ဘဝင် ဘဝင်နောင်စုတိအားဖြင့် (၂)ပါးအပြား ရှိ၏။

ထိုတွင် ဓောနောင်စုတိ ဖြစ်ဟန်ကား- ကာမသုဂတိ ခုနစ်ဘုံ၌ ထင်ရှားရှိသောဘဝမှ ရွေ့လျောသောအားဖြင့် ပစ္စုပ္ပန်ဘဝ၏အဆုံး စုတိကျ၍ အသညသတ်ကြဉ်သော ရူပ(၁၅)ဘုံ၌ ပဋိသန္ဓေ နေလိုလတ်သည် ရှိသော်-

ဘဝင် ဘဝင်၊ ဘဝင်္ဂစလနဲ၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ် မရဏာသန္နဇော ငါးကြိမ်၊ ကာမစုတိ၊ ဓောနောင်ဘဝင် ဘဝင်နောင်စုတိ ကျသည်ဖြစ်အံ့- ကာမဘဝင် ကာမစုတိ၊ ရူပပဋိသန္ဓေ၊

ဘဝင်(၁၅)ကြိမ် (၁၆)ကြိမ်၊ မနောဒွါရာဝဇ္ဇန်း၊ ဘဝနိကန္တိက လောဘဇော ခုနစ်ကြိမ်၊ ထို့နောင် ဘဝင် ဘဝင်ဟု ဘဝင်ကိစ္စ ဖြစ်၍ ချုပ်၏။

ဤသို့ အစရှိသည်ဖြင့် ဖြစ်သောအခါ ရူပါဝစရ ပထမဈာန် ဝိပါက် နာမက္ခန္ဓာ စိတ္တက္ခဏ တစ်ခုခု၌ရှိသော ဟိတ်သုံးပါးသည် ပထမဈာန်ဘုံ၌သာ (လ) ပဉ္စမဈာန်ဝိပါက် နာမက္ခန္ဓာ စိတ္တက္ခဏ တစ်ခုခု၌ ရှိသော ဟိတ်သုံးပါးသည် ဝေဟပ္ဖိုလ် သုဒ္ဓါဝါသ ငါးဘုံ၌သာ၊ ပဋိသန္ဓေအခါ သမ္ပယုတ္တက္ခန္ဓာ ကဋတ္တာရုပ်တို့အား ပဝတ္တိအခါ သမ္ပယုတ္တက္ခန္ဓာ သဟိတ်စိတ္တဇရုပ်တို့အား ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။

(ရူပဝိပါက် ပြီး၏။)

(၁၅) ရူပါဝစရကြိယာ (၅)ခု၌ရှိသော ဟိတ် သုံးပါးသည် အပါယ်ကြဉ်သော ပဉ္စဝေါကာရ (၂၂)ဘုံ၌သာ သမ္ပယုတ္တက္ခန္ဓာ သဟိတ် စိတ္တဇရုပ်တို့အား ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ပစ္စည်းတပ်ဟန်ကား- ရူပါဝစရကြိယာ ပထမဈာန်ကိုရခြင်းမှာ အလိုရှိသော တိဟိတ်ကာမ ရဟန္တာပုဂ္ဂိုလ်သည် ကုသိုလ်ကို နည်းမှီ၍ အာရုံ စီးဖြန်းပုံ ဆိုလေ။

ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်၊ ပဉ္စဈာန်တို့မှာ ကုသိုလ်ကို နည်းမှီ၍ ဆိုလေ။

ကြိယာဖြစ်၍ ရဟန္တာပုဂ္ဂိုလ် ဆိုရုံမျှသာ ထူးသည်။ ရဟန္တာပုဂ္ဂိုလ် ဖြစ်ခြင်းကြောင့် 'နီးသောရန်သူရှိ၏၊ အပြစ်ကိုမြင်၍၊ တပ်ခြင်းကိုစွန့်၍၊ ငြိမ်သက်၏'ဟုစသည်ဖြင့် ဆိုခြင်းမှာ မရှိ။ အာရုံပြု၍သာ ဈာန်ကို တက်ရသည်။ ဤသို့ အစရှိသည်ဖြင့် ဖြစ်သောအခါ ရူပါဝစရကြိယာ (၅)ခု၌ရှိသော ဟိတ်သုံးပါးသည် အပါယ်ကြဉ်သော ပဉ္စဝေါကာရ (၂၂)ဘုံ၌သာ သမ္ပယုတ္တက္ခန္ဓာ သဟိတ်စိတ္တဇရုပ်တို့အား ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။

(ရူပကြိယာ ပြီး၏။)

(၁၆) အရူပကုသိုလ် လေးခု၌ရှိသော ဟိတ်သုံးပါးသည် အပါယ် ကြဉ်သော ပဥ္စဝေါကာရဘုံ၌ ဖြစ်သောအခါ သမ္ပယုတ္တကန္ဓာ သဟိတ် စိတ္တဇရုပ်တို့အား စတုဝေါကာရဘုံ၌ ဖြစ်သောအခါ သမ္ပယုတ္တကန္ဓာအား သာ ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ပစ္စည်းတပ်ဟန်ကား- ရူပကုသိုလ် ပဥ္စမဈာန်ကို ရပြီးသော တိဟိတ် ကာမ-ရူပသေက္ခပုဂ္ဂိုလ်သည် အာကာသာနဉ္စာယတနဈာန်ကို ရခြင်းငှာ အလိုရှိသည်ဖြစ်၍ ငါရသော ရူပါဝစရပဥ္စမဈာန်သည် သုခတည်းဟူသော နီးသောရန်သူရှိ၏။ ငါငြီးငွေ့သော ကသိုဏ်းရုပ်ကို အာရုံပြုခြင်းကြောင့် ဈာန်အင်္ဂါ၏အားသည် နည်း၏ဟု ရူပါဝစရ ပဥ္စမဈာန်၌ အပြစ်ကိုမြင်၍ ထိုဈာန်၌ တပ်ခြင်းကို စွန့်၍ အာကာသာနဉ္စာယတန ကုသိုလ်ဈာန်သည် ငြိမ်သက်၏ဟု နှလုံးပြု၍ အာကာသသည်ကြဉ်အပ်သော ကသိုဏ်း ကိုးပါးတို့တွင် တစ်ပါးပါးကို ခွါ၍ ရအပ်သော ကောင်းကင်ပညတ်ကိုအာရုံပြု၍ 'အာကာသော အနန္တော အာကာသော အနန္တော' ဟု စီးဖြန်းဖန်များ၍ အာကာသာနဉ္စာယတန ကုသိုလ်ဈာန်ကို ရလိုလတ်သည်ရှိသော်-

ဘဝင် ဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဉပစာ၊ အနုလုံ၊ ဂေါတြဘူဟု (၄)ကြိမ် (၃)ကြိမ်၊ (အာဒိကမ္မိက ဖြစ်အံ့) ဈာန်တစ်ကြိမ်၊ (သမာပဇ္ဇနဖြစ်အံ့) ဈာန်-ဈာန်ဟု အကြိမ်များစွာ၊ ထို့နောင် ဘဝင် ဘဝင်ဟု ဘဝင်ကိစ္စဖြစ်၍ ချုပ်၏။ သမာပဇ္ဇနဝီထိ တက်နည်း၊ ဆုတ်နည်းကို ရူပပထမဈာန် နည်းမှီ၍ သိလေ။

(၁၇) အာကာသာနဉ္စာယတန ကုသိုလ်ဈာန်ကို ရပြီးသော တိဟိတ် ကာမ-ရူပ-အာကာသာနဉ္စာယတန သေက္ခပုဂ္ဂိုလ်သည် ဝိညာဏဉ္စာယတန ကုသိုလ်ဈာန်ကိုရခြင်းငှာ အလိုရှိသည်ဖြစ်၍ ငါရသော အာကာသာနဉ္စာယတန

ဈာန်သည် ရူပါဝစရ ပဉ္စမဈာန်တည်းဟူသော နီးသောရန်သူ ရှိ၏။ ငါငြိုးငွေ့သော ကသိုဏ်းရုပ်ကို အာရုံပြုခြင်းကြောင့် ဈာန်အင်္ဂါ၏အားသည် နည်း၏ဟု အာကာသာနဉ္စာယတန ကုသိုလ်ဈာန်၌ အပြစ်ကိုမြင်၍ ထိုဈာန်၌တပ်ခြင်းကို စွန့်၍ ဤဘဝ ရှေးဘဝ အစ္စုတ္တသန္တာန်၌ ဖြစ်ဖူးသော အာကာသာနဉ္စာယတန ကုသိုလ်ကို အာရုံပြု၍ 'ဝိညာဏံ အနန္တံ၊ ဝိညာဏံ အနန္တံ'ဟု စီးဖြန်းဖန်များ၍ ဝိညာဏဉ္စာယနကုသိုလ်ဈာန်ကို ရလိုလတ် သည် ရှိသော်-

ဘဝင် ဘဝင် (လ) (အာဒိကမ္မိကဖြစ်အံ့) ဈာန်တစ်ကြိမ်၊ (သမာပဇ္ဇနဖြစ်အံ့) ဈာန် ဈာန်ဟု အကြိမ်များစွာ၊ ထို့နောင် ဘဝင် ဘဝင်ဟု ဘဝင်ကိုစွဖြစ်၍ ချုပ်၏။

(၁၈) ဝိညာဏဉ္စာယတန ကုသိုလ်ဈာန်ကိုရပြီးသော တိဟိတ် ကာမ-ရူပ-အာကာသာနဉ္စာယတန, ဝိညာဏဉ္စာယတန သေက္ခပုဂ္ဂိုလ် သည် အာကိဉ္စညာယတန ကုသိုလ်ဈာန်ကိုရခြင်းငှာ အလိုရှိသည်ဖြစ်၍ ငါရသော ဝိညာဏဉ္စာယတန ကုသိုလ်ဈာန်သည် အာကာသာနဉ္စာယတန ဈာန်တည်းဟူသော နီးသောရန်သူ ရှိ၏။ ငါငြိုးငွေ့သော ဤဘဝ ရှေးဘဝ အစ္စုတ္တသန္တာန်၌ ဖြစ်ဖူးသော အာကာသာနဉ္စာယတန ကုသိုလ်ကို အာရုံပြုခြင်းကြောင့် ဈာန်အင်္ဂါ၏အားသည် နည်း၏ဟု ဝိညာဏဉ္စာယတန ဈာန်၌ အပြစ်ကိုမြင်၍ ထိုဈာန်၌တပ်ခြင်းကို စွန့်၍ အာကိဉ္စညာယတန ကုသိုလ်ဈာန်သည် ငြိမ်သက်၏ဟု နှလုံးပြု၍ အာကာသာနဉ္စာယတန ကုသိုလ်၏ မရှိခြင်းတည်းဟူသော နတ္ထိဘောပညတ်ကို အာရုံပြု၍ 'နတ္ထိ ကိဉ္စိ၊ နတ္ထိ ကိဉ္စိ'ဟု စီးဖြန်းဖန်များ၍ အာကိဉ္စညာယတန ကုသိုလ်ဈာန်ကို ရလိုလတ်သည်ရှိသော်-

ဘဝင် ဘဝင် (လ) (အာဒိကမ္မိကဖြစ်အံ့) ဈာန်တစ်ကြိမ်၊ (သမာပဇ္ဇန ဖြစ်အံ့) ဈာန်-ဈာန်ဟု အကြိမ်များစွာ၊ ထို့နောင် ဘဝင်

ဘဝင်ဟု ဘဝင်ကိစ္စ ဖြစ်၍ ချုပ်၏။

(၁၉) အာကိဉ္စညာယတန ကုသိုလ်စျာန်ကို ရပြီးသော တိဟိတ် ကာမ-ရူပ-အာကာသာနဉ္စာယတန, ဝိညာဏဉ္စာယတန, အာကိဉ္စညာယတန သေက္ခပုဂ္ဂိုလ်သည် နေဝသညာနာသညာယတန စျာန်ကိုရခြင်းငှာ အလိုရှိသည်ဖြစ်၍ ငါရသော အာကိဉ္စညာယတန ကုသိုလ်စျာန်သည် ဝိညာဏဉ္စာယတနစျာန်တည်းဟူသော နီးသောရန်သူ ရှိ၏။ ငါငြိမ်ငြင်သော နတ္ထိဘောပညတ်ကို အာရုံပြုခြင်းကြောင့် စျာန်အင်္ဂါ၏အားသည် နည်း၏ဟု အာကိဉ္စညာယတနစျာန်၌ အပြစ်ကိုမြင်၍ ထိုစျာန်၌ တပ်ခြင်းကို စွန့်၍ နေဝသညာနာသညာယတန ကုသိုလ်စျာန်သည် ငြိမ်သက်၏ဟု နှလုံးပြု၍ ဤဘဝ ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဖူးသော အာကိဉ္စညာယတန ကုသိုလ်စျာန်ကို အာရုံပြု၍ 'သန္တ မေတံ ပဏီတ မေတံ'ဟု စီးဖြန်းဖန် များ၍ နေဝသညာနာသညာယတန ကုသိုလ်စျာန်ကို ရလိုလတ်သည် ရှိသော်-

ဘဝင် ဘဝင် (လ) (အာဒိကမ္မိကဖြစ်အံ့) စျာန်တစ်ကြိမ်၊ (သမာပဇ္ဇနဖြစ်အံ့) စျာန်-စျာန်ဟု အကြိမ်များစွာ၊ ထို့နောင် ဘဝင် ဘဝင်ဟု ဘဝင်ကိစ္စဖြစ်၍ ချုပ်၏။

ဤသို့ အစရှိသည်ဖြင့် ဖြစ်သောအခါ အရူပကုသိုလ် လေးခု၌ ရှိသော ဟိတ်သုံးပါးသည် အပါယ်ကြဉ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သော အခါ သမ္ပယုတ္တက္ခန္ဓာ သဟိတ် စိတ္တဇရုပ်တို့အား၊ စတုဝေါကာရဘုံ၌ ဖြစ်သောအခါ သမ္ပယုတ္တက္ခန္ဓာအားသာ ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။

(အရူပကုသိုလ် ပြီး၏။)

(၂၀) အရူပဝိပါက် လေးခု၌ရှိသော ဟိတ်သုံးပါးသည် အရူပ လေးဘုံ၌သာ ပဋိသန္ဓေ ပဝတ္တိအခါ သမ္ပယုတ္တက္ခန္ဓာအားသာ ဟေတု

သတ္တိဖြင့် ကျေးဇူးပြုပေ၏။

ပစ္စည်းတပ်ဟန်ကား- အရူပလေးဘုံမှ စုတေ၍ အရူပလေးဘုံ၌ ပဋိသန္ဓေ နေလတ္တံ့သောပုဂ္ဂိုလ်၏ ဝိသယပဝတ္တိ၊ ကာမသုဂတိ ခုနစ်ဘုံမှ စုတေ၍ အရူပလေးဘုံ၌ ပဋိသန္ဓေ နေလတ္တံ့သောပုဂ္ဂိုလ်၏ ဝိသယပဝတ္တိ၊ ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပဆယ်ဘုံမှ စုတေ၍ အရူပလေးဘုံ၌ ပဋိသန္ဓေ နေလတ္တံ့သောပုဂ္ဂိုလ်၏ ဝိသယပဝတ္တိအားဖြင့် သုံးပါးအပြား ရှိ၏။

ထိုတွင် အရူပလေးဘုံမှ စုတေ၍ အရူပလေးဘုံ၌ (လ) သည်လည်း ဇောနှောင်စုတိ၊ ဇောနှောင်ဘဝင် ဘဝင်နှောင်စုတိအားဖြင့် နှစ်ပါး အပြားရှိ၏။ ထိုတွင် ဇောနှောင်စုတိဖြစ်ဟန်ကား- ဘဝင် ဘဝင် (လ) ကျေးဇူးပြုပေ၏။

ကာမသုဂတိ ခုနစ်ဘုံမှ စုတေ၍ အရူပလေးဘုံ၌ ပဋိသန္ဓေ နေလတ္တံ့သော (လ)သည်လည်း ဇောနှောင်စုတိ၊ ဇောနှောင်ဘဝင် ဘဝင်နှောင်စုတိအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင် ဇောနှောင်စုတိ ဖြစ်ဟန်ကား- ဘဝင် ဘဝင်(လ) ပေ၏။

ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပ တစ်ဆယ်ဘုံမှ စုတေ၍ အရူပ လေးဘုံ၌ ပဋိသန္ဓေ နေလတ္တံ့သော (လ)သည်လည်း ဇောနှောင်စုတိ၊ ဇောနှောင်ဘဝင် ဘဝင်နှောင်စုတိအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင် ဇောနှောင်စုတိ ဖြစ်ဟန်ကား- ဘဝင် ဘဝင်(လ)ပေ၏။

(အရူပဝိပါက် ပြီး၏။)

(၂၁) အရူပကြိယာ လေးခု၌ရှိသော ဟိတ်သုံးပါးသည် အပါယ် ကြဉ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ သမ္ပယုတ္တက္ခန္ဓာ သဟိတ် စိတ္တဇရုပ်တို့အား၊ စတုဝေါကာရဘုံ၌ ဖြစ်သောအခါ သမ္ပယုတ္တက္ခန္ဓာအား

သာ ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ပစ္စည်းတပ်ဟန်ကား- ရူပါဝစရ ကြိယာပဥ္စမဈာန်ကိုရပြီးသော တိဟိတ် ကာမ-ရူပ ရဟန္တာပုဂ္ဂိုလ်သည် (လ)။ ကုသိုလ်ကို နည်းမှီ၍ အာရုံစီးဖြန်းပုံ ဆိုလေ။ ရဟန္တာပုဂ္ဂိုလ် ဆိုရုံမျှသာ ထူးတော့သည်။

(အရူပကြိယာ ပြီး၏။)

(၂၂) သောတာပတ္တိမဂ်၌ ရှိသော ဟိတ်သုံးပါးသည် ကာမသုဂတိ ခုနစ်ဘုံ၊ ဝေဟပ္ဖိုလ်တိုင်အောင် ရူပဆယ်ဘုံ၌သာ သမ္ပယုတ္တက္ခန္ဓာ သဟိတ် စိတ္တဇရုပ်တို့အား ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။ သောတာပတ္တိဖိုလ်၌ ရှိသော ဟိတ်သုံးပါးသည် ကာမသုဂတိ ခုနစ်ဘုံ၊ ဝေဟပ္ဖိုလ်တိုင်အောင် ရူပဆယ်ဘုံ၌ ဖြစ်သောအခါ သမ္ပယုတ္တက္ခန္ဓာ သဟိတ် စိတ္တဇရုပ်တို့အား၊ စတုဝေါကာရဘုံ၌ဖြစ်သောအခါ သမ္ပယုတ္တက္ခန္ဓာအားသာ ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ပစ္စည်းတပ်ဟန်ကား- လောကီစိတ် ဧကာသီတိ၊ စေတသိက် ဒွေပညာသ၊ ရုပ်အဋ္ဌဝီသဟုဆိုအပ်သော တေဘူမက သင်္ခါရတို့တွင် တစ်ပါးပါးကို အာရုံပြု၍ 'သဗ္ဗေသင်္ခါရာ အနိစ္စာ၊ သဗ္ဗေသင်္ခါရာ ဒုက္ခာ၊ သဗ္ဗေဓမ္မာ အနတ္တာ' ဟု အဖန်တလဲလဲ အမြဲနှလုံးသွင်းသောအားဖြင့် စီးဖြန်းဖန်များ၍ သောတာပတ္တိမဂ်, သောတာပတ္တိဖိုလ်ကို ရလိုလတ်သည် ရှိသော်-

ဘဝင် ဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူဟု လေးကြိမ်, သုံးကြိမ်၊ သောတာပတ္တိမဂ် တစ်ကြိမ်၊ သောတာပတ္တိဖိုလ် နှစ်ကြိမ်, သုံးကြိမ်၊ ထို့နောင် ဘဝင် ဘဝင်ဟု ဘဝင်ကိစ္စဖြစ်၍ ချုပ်၏။ (ဤဝီထိ၌ မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံတို့သည် တေဘူမက သင်္ခါရကို

အာရုံပြုကုန်၏။ ဂေါတြဘူ,မဂ်,ဖိုလ်တို့သည် နိဗ္ဗာန်ကိုအာရုံပြုကုန်၏။)

သောတာပတ္တိမဂ် သောတာပတ္တိဖိုလ်ကိုရပြီးသော ကာမ, ရူပ, အရူပ သောတာပန်ပုဂ္ဂိုလ်သည် မိမိရပြီးသော သောတာပတ္တိဖိုလ်ကို သမာပဇ္ဇနဝသီဘော်၊ အဓိဋ္ဌာနဝသီဘော်၊ ဝုဋ္ဌာနဝသီဘော်တို့ဖြင့် အလေ့အလာပြု၍ ဝင်စားလိုသည်ရှိသော်-

ဘဝင် ဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ အနုလုံ အနုလုံဟု သုံးကြိမ်, လေးကြိမ်၊ ဘဝင်အလျဉ်ကဲ့သို့ အလိုရှိသောအတိုင်း ဖိုလ်ဖိုလ်ဟု အကြိမ်များစွာ၊ ထို့နောင် ဘဝင်ဘင်ဟု ဘဝင်ကိုစ္စဖြစ်၍ ချုပ်၏။

ဤသို့ အစရှိသည်ဖြင့် ဖြစ်သောအခါ သောတာပတ္တိမဂ်၌ရှိသော ဟိတ်သုံးပါးသည် ကာမသုဂတိ ၇-ဘုံ၊ ဝေဟပ္ဖိုလ်တိုင်အောင် ရူပ(လ) ပေ၏။ သောတာပတ္တိဖိုလ်၌ရှိသော ဟိတ်သုံးပါးသည် ကာမသုဂတိ, ဝေဟပ္ဖိုလ် (လ) သဟိတ် စိတ္တဇရုပ်တို့အား စတုဝေါကာရဘုံ၌ (လ) ကျေးဇူးပြုပေ၏။

(၂၃) သကဒါဂါမိမဂ် သကဒါဂါမိဖိုလ်၌ရှိသော ဟိတ်သုံးပါးသည် ကာမသုဂတိ ဝေဟပ္ဖိုလ် (လ) စိတ္တဇရုပ်တို့အား စတုဝေါကာရဘုံ၌ ဖြစ်သောအခါ (လ) ပေ၏။

ပစ္စည်းတပ်ဟန်ကား- သောတာပတ္တိမဂ် သောတာပတ္တိဖိုလ်ရပြီးသော ကာမ, ရူပ, အရူပ သောတာပန်ပုဂ္ဂိုလ်သည် သကဒါဂါမိမဂ် သကဒါဂါမိဖိုလ်ကိုရခြင်းငှာ အလိုရှိသည်ဖြစ်၍။ သောတာပတ္တိကို နည်းမှီ၍ ဆိုလေ။ ဤသို့ အစရှိ (လ) ပေ၏။

အနာဂါမိမဂ်၌ရှိသော ဟိတ်သုံးပါးသည် ကာမသုဂတိ ၇-ဘုံ၊ ဝေဟပ္ဖိုလ်တိုင်အောင် ရူပဆယ်ဘုံ (လ) စိတ္တဇရုပ်တို့အား စတုဝေါကာရ ဘုံ (လ) ပေ၏။ အနာဂါမိဖိုလ်၌ရှိသော ဟိတ်သုံးပါးသည် အပါယ်ကြဉ်

သော ပဋ္ဌဝေါကာရ (၂၂)ဘုံ (လ)တို့အား စတုဝေါကာရဘုံ (လ)ပေ၏။ နည်းမှီ၍ ဆိုလေ။

အရဟတ္တမဂ် အရဟတ္တဖိုလ်၌ရှိသော ဟိတ်သုံးပါးသည် အပါယ် ကြဉ်သော ပဉ္စဝေါကာရ(၂၂)ဘုံ၌ ဖြစ်သောအခါ သမ္ပယုတ္တက္ခန္ဓာ သဟိတ် စိတ္တဇရုပ်တို့အား၊ စတုဝေါကာရဘုံ၌ ဖြစ်သောအခါ သမ္ပယုတ္တက္ခန္ဓာအား သာ ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ပစ္စည်းတပ်ဟန်ကား- အနာဂါမိမဂ် အနာဂါမိဖိုလ်ကိုရပြီးသော ကာမ,ရူပ,အရူပ အနာဂါမ်ပုဂ္ဂိုလ်သည် အရဟတ္တမဂ် အရဟတ္တဖိုလ်ကို ရခြင်းငှာ အလိုရှိသည်ဖြစ်၍ လောကီစိတ် ကောသိတိ (လ) စီးဖြန်းဖန် များ၍ အရဟတ္တမဂ် အရဟတ္တဖိုလ်ကို ရလိုလတ်သည်ရှိသော်-

ဘဝင် ဘဝင် (လ) ပေ၏။ ဤသို့ အစရှိသည်ဖြင့် (လ) ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။

(လောကုတ္တရာစိတ် ပြီး၏။)

ဟေတုရာသိစု ပြီး၏။

အာရမ္မဏရာသိစုချုပ်

၂။ 'အာရမ္မဏပစ္စယော'ဟူသော ပစ္စယုဒ္ဒေသ၌ ပစ္စည်း ပစ္စယုပ္ပန် ပစ္စနိက်အားဖြင့် သုံးပါးတို့တွင် ပစ္စုပ္ပန် အတိတ် အနာဂတ်ဖြစ်သော စိတ်တစ်ခုယုတ်(၉၀)၊ စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌဝီသ၊ ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန် ပညတ်၊ ဤပစ္စည်းတရားတို့သည် စိတ် တစ်ခုယုတ်(၉၀)၊ စေတသိက် ဒွေပညာသ၊ ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး ဤပစ္စယုပ္ပန်တရားတို့အား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပေ၏။ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ် (လ) ပဝတ္တိကမ္မဇရုပ်၊ ဤပစ္စနိက်တရား

တို့အား အာရမ္မဏသတ္တိဖြင့် ကျေးဇူးမပြုပေကုန်။

(၁) တစ်နည်းကား။ ။ ပစ္စုပ္ပန်ဖြစ်သော ရူပါရုံသည် စက္ခုဝိညာဏ်ဒွေးအား။ ပစ္စုပ္ပန်ဖြစ်သော သဒ္ဒါရုံသည် သောတဝိညာဏ်ဒွေးအား။ ပစ္စုပ္ပန်ဖြစ်သော ဂန္ဓာရုံသည် ဃာနဝိညာဏ်ဒွေးအား။ ပစ္စုပ္ပန်ဖြစ်သော ရသာရုံသည် ဇိဝှာဝိညာဏ်ဒွေးအား။ ပစ္စုပ္ပန်ဖြစ်သော ဖောဋ္ဌဗ္ဗာရုံသည် ကာယဝိညာဏ်ဒွေးအား။ ပစ္စုပ္ပန်ဖြစ်သော ရူပါရုံ (လ) ဖောဋ္ဌဗ္ဗာရုံသည် ပဉ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုန်းဒွေးဟုဆိုအပ်သော မနောဓာတ် (၃)ခုအား။ ပစ္စုပ္ပန် အတိတ် အနာဂတ်ဖြစ်သော ကာမစိတ် စေတသိက်ဒွေပညာသ၊ ရုပ် အဋ္ဌဝီသဟု ဆိုအပ်သော အာရုံ(၆)ပါးသည် သန္တီရဏ (၃)ခု, မဟာဝိပါက်စိတ် ရှစ်ခု, ဟသိတုပ္ပါဒ်၊ ဤ(၁၂)ခုသော နာမက္ခန္ဓာအား။ ပစ္စုပ္ပန် အတိတ် အနာဂတ်ဖြစ်သော လောကီစိတ် ဧကာသီတိ၊ စေတသိက် ဒွေပညာသ၊ ရုပ်အဋ္ဌဝီသ၊ ကာလဝိမုတ်ဖြစ်သော ပညတ်ဟုဆိုအပ်သော အာရုံ(၆)ပါးသည် အကုသိုလ် ဒွါဒသ, မဟာကုသိုလ်ဉာဏဝိပ္ပယုတ် လေးခု, မဟာကိရိယာ ဉာဏဝိပ္ပယုတ် လေးခု၊ ဤ(၂၀)သော နာမက္ခန္ဓာအား။ ပစ္စုပ္ပန် အတိတ် အနာဂတ်ဖြစ်သော အရဟတ္တမဂ် အရဟတ္တဖိုလ်ကြဉ်သော စိတ်(၈၇)ခု၊ စေတသိက် ဒွေပညာသ၊ ရုပ်အဋ္ဌဝီသ၊ ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန် ပညတ်ဟု ဆိုအပ်သော အာရုံ(၆)ပါးသည် မဟာကုသိုလ် ဉာဏသမ္ပယုတ် လေးခု၊ ကုသိုလ်အဘိညာဉ်၊ ဤ(၅)ခုသော နာမက္ခန္ဓာအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ထို(၅)ပါးတို့တွင် ကုသိုလ်အဘိညာဉ်သည်လည်း ဒိဗ္ဗစက္ခု ကုသိုလ် အဘိညာဉ်၊ ဒိဗ္ဗသောတ၊ ဣဒ္ဓိဝိဓ၊ စေတောပရိယ၊ ပုဗ္ဗေနိဝါသာနုဿတိ၊ ယထာကမ္မူပဂ၊ အနာဂတံသကုသိုလ် အဘိညာဉ် အားဖြင့် (၇)ပါးအပြား ရှိ၏။

ထိုတွင် ဒူရ အာသန္န ပဋိစ္ဆန္န သဏှ သုခုမ ဖြစ်သော ပစ္စုပ္ပန်ရူပါရုံသည် ဒိဗ္ဗစက္ခုကုသိုလ်အဘိညာဉ်အား။ ဒူရ အာသန္န ပဋိစ္ဆန္န သဏှ သုခုမ ဖြစ်သော ပစ္စုပ္ပန်သဒ္ဒါရုံသည် ဒိဗ္ဗသောတ ကုသိုလ်အဘိညာဉ်အား။ ပါဒကဖြစ်သော ရူပါဝစရ ကုသိုလ်ပဥ္စမဈာန် သတသဟဿ အစရှိသော နိမ္မိတရုပ်ဟုဆိုအပ်သော အာရုံ(၆)ပါးသည် ဣဒ္ဓိဝိဓကုသိုလ် အဘိညာဉ်အား။ အနုလောမ ပဋိလောမအားဖြင့် လွန်လေပြီးသော (၇)ရက်မှစ၍ လာလတ္တံ့သော (၇)ရက်တိုင်အောင် ကာလ(၃)ပါး၌ တည်သော အရဟတ္တမဂ် အရဟတ္တဖိုလ်ကြဉ်သော သူတစ်ပါးတို့၏ စိတ်(၈၇)ခု စေတသိက် ဒွေပညာသဟုဆိုအပ်သော ဓမ္မာရုံသည် စေတောပရိယ ကုသိုလ် အဘိညာဉ်အား။ ပဋိလောမအားဖြင့် လွန်လေပြီးသော (၇)ရက်မှ စ၍ ပုဗ္ဗေနိဝုဋ္ဌဖြစ်သော အရဟတ္တမဂ် အရဟတ္တဖိုလ်ကြဉ်သော စိတ်(၈၇)ခု၊ စေတသိက် ဒွေပညာသ၊ ပုဗ္ဗေနိဝုဋ္ဌဖြစ်သော ရုပ် အဋ္ဌဝီသဟုဆိုအပ်သော ခန္ဓာ(၅)ပါး၊ ထိုခန္ဓာ(၅)ပါးမှလျှောက်၍ သိအပ်သော နိဗ္ဗာန်၊ အမည်အမျိုးအစရှိသော ပညတ်ဟုဆိုအပ်သော အာရုံ(၆)ပါးသည် ပုဗ္ဗေနိဝါသာနုဿတိ ကုသိုလ်အဘိညာဉ်အား။ အတိတ်ဖြစ်သော လောကီကုသိုလ် အကုသိုလ်စေတနာဟု ဆိုအပ်သော ဓမ္မာရုံသည် ယထာကမ္မုပဂ ကုသိုလ်အဘိညာဉ်အား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပေ၏။

အနုလောမအားဖြင့် လာလတ္တံ့သော (၇)ရက်မှစ၍ အနာဂတ်ဖြစ်သော အရဟတ္တမဂ် အရဟတ္တဖိုလ်ကြဉ်သော စိတ်(၈၇)ခု၊ စေတသိက် ဒွေပညာသ၊ ရုပ်အဋ္ဌဝီသဟု ဆိုအပ်သော ခန္ဓာ(၅)ပါး၊ ထိုခန္ဓာ(၅)ပါးမှ လျှောက်၍ သိအပ်သော နိဗ္ဗာန်၊ အမည်အမျိုးအစရှိသော ပညတ်ဟုဆိုအပ်သော အာရုံ(၆)ပါးသည် အနာဂတံသ ကုသိုလ်အဘိညာဉ်အား။ ပစ္စုပ္ပန် အတိတ် အနာဂတ်ဖြစ်သော စိတ်တစ်ခုယုတ် (၉၀)၊ စေတသိက် ဒွေပညာသ၊

ရုပ်အဋ္ဌဝီသ၊ ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန် ပညတ်ဟုဆိုအပ်သော အာရုံ(၆)ပါးသည် မဟာကြိယာ ဉာဏသမ္ပယုတ်လေးခု၊ ကြိယာ အဘိညာဉ်၊ မနောဒွါရာဝဇ္ဇန်း၊ ဤ(၆)ခုသော နာမက္ခန္ဓာအား။ ထို(၆)ပါး တို့တွင် ကြိယာအဘိညာဉ်သည်လည်း ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတ၊ ဣဒ္ဓိဝိဓ၊ စေတောပရိယ၊ ပုဗ္ဗေနိဝါသာနုဿတိ၊ ယထာကမ္မူပဂ၊ အနာဂတံသ ကြိယာအဘိညာဉ်အားဖြင့် (၇)ပါးအပြား ရှိ၏။

ထိုတွင် ဒူရ အာသန္န ပဋိစ္ဆန္န သဏှ သုခုမဖြစ်သော ပစ္စုပ္ပန် ရူပါရုံသည် ဒိဗ္ဗစက္ခု ကြိယာအဘိညာဉ်အား အာရမ္မဏသတ္တိဖြင့် ကျေးဇူး ပြုပေ၏။ ကုသိုလ် အဘိညာဉ်ကို မှီ၍ စိတ်(၈၇)ခုနေရာမှာ စိတ်တစ်ခု ယုတ်(၉၀)ဆိုရုံသာ ထူးလေသည်။

ကသိုဏ်းပညတ်(၁၀)ပါး၊ အသုဘပညတ်(၁၀)ပါး၊ ကာယဂတာသတိ ၏အာရုံဖြစ်သော ဆံပင်အစရှိသော ကာယအစုပညတ်၊ အာနာပါနဿတိ ၏ အာရုံဖြစ်သော ထွက်သက်ဝင်သက် ပညတ်၊ မေတ္တာ ကရုဏာ မုဒိတာဟု ဆိုအပ်သော ဗြဟ္မဝိဟာရတရားသုံးပါး၏ အာရုံဖြစ်သော အတိုင်းမသိသော သတ္တဝါပညတ်၊ ဤ(၂၅)ပါးသော ပညတ်ဟု ဆိုအပ်သော ဓမ္မာရုံသည် ရူပါဝစရပထမဈာန်စိတ် သုံးခု နာမက္ခန္ဓာအား။ ကသိုဏ်းပညတ်(၁၀)ပါး အာနာပါနာသတိ၏ (လ) ဝင်သက်ပညတ်၊ မေတ္တာ ကရုဏာ မုဒိတာဟုဆိုအပ်သော (လ) ပညတ်၊ ဤ(၁၄)ပါးသော ပညတ်ဟုဆိုအပ်သော ဓမ္မာရုံသည် ဒုတိယဈာန်(၃)ခု၊ တတိယဈာန်(၃)ခု၊ စတုတ္ထဈာန်(၃)ခု နာမက္ခန္ဓာအား။ ကသိုဏ်းပညတ် (၁၀)ပါး၊ အာနာပါနဿတိ၏ (လ) ဝင်သက်ပညတ်၊ ဥပေက္ခာဟုဆိုအပ်သော ဗြဟ္မဝိဟာရတရား တစ်ပါး၏၊(လ)၊ ပညတ်၊ ဤ(၁၂)ပါးသော ပညတ်ဟုဆိုအပ်သော ဓမ္မာရုံသည် ပဉ္စမဈာန်စိတ် (၃)ခု နာမက္ခန္ဓာအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပေ၏။

အာကာသသည် ကြဉ်အပ်သော ကသိုဏ်း(၉)ပါးတို့တွင် တစ်ပါးပါးကိုခွာ၍ ရအပ်သော ကောင်းကင်ပညတ်ဟု ဆိုအပ်သော ဓမ္မာရုံသည် အာကာသာနဉ္စာယတနစိတ် သုံးခု နာမက္ခန္ဓာအား၊ ဤဘဝ ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်သော အာကာသာနဉ္စာယတန ကုသိုလ်ဟုဆိုအပ်သော မဟဂ္ဂုတ်ဓမ္မာရုံသည် ဝိညာဏဉ္စာယတန ကုသိုလ် နာမက္ခန္ဓာအား၊ ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဖူးသော အာကာသာနဉ္စာယတန ကုသိုလ်ဟု ဆိုအပ်သော မဟဂ္ဂုတ်ဓမ္မာရုံသည် ဝိညာဏဉ္စာယတန ဝိပါက် နာမက္ခန္ဓာအား၊ ဤဘဝရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဖူးသော အာကာသာနဉ္စာယတန ကုသိုလ်၊ ဤဘဝသာ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဖူးသော အာကာသာနဉ္စာယတန ကြိယာဟု ဆိုအပ်သော မဟဂ္ဂုတ်ဓမ္မာရုံသည် ဝိညာဏဉ္စာယတန ကိရိယာ နာမက္ခန္ဓာအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပေ၏။

အာကာသာနဉ္စာယတန ကုသိုလ် ကြိယာ၏ မရှိခြင်းတည်းဟူသော နတ္ထိဘာဝပညတ်ဟု ဆိုအပ်သော ဓမ္မာရုံသည် အာကိဉ္စညာယတန စိတ် (၃)ခု နာမက္ခန္ဓာအား၊ ဤဘဝရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဖူးသော အာကိဉ္စညာယတန ကုသိုလ်ဟုဆိုအပ်သော မဟဂ္ဂုတ်ဓမ္မာရုံသည် နေဝသညာနာသညာယတန ကုသိုလ် နာမက္ခန္ဓာအား၊ ရှေးဘဝသာ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဖူးသော အာကိဉ္စညာယတန ကုသိုလ်ဟုဆိုအပ်သော မဟဂ္ဂုတ် ဓမ္မာရုံသည် နေဝသညာနာသညာယတန ဝိပါက် နာမက္ခန္ဓာအား၊ ဤဘဝရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဖူးသော အာကိဉ္စညာယတန ကုသိုလ်၊ ဤဘဝသာ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဖူးသော အာကိဉ္စညာယတန ကြိယာဟု ဆိုအပ်သော မဟဂ္ဂုတ်ဓမ္မာရုံသည် နေဝသညာနာသညာယတန ကြိယာ နာမက္ခန္ဓာအား၊ နိဗ္ဗာန်ဟု ဆိုအပ်သော ဓမ္မာရုံသည် လောကုတ္တရာစိတ် (၈)ခုအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပေ၏။

(၂) တစ်နည်းကား။ ။ အကုသိုလ်ဟု ဆိုအပ်သော အာရမ္မဏ

ပစ္စည်းသည် အကုသိုလ်ချင်း၊ ကာမကုသိုလ်၊ ကာမဝိပါက်၊ ကာမကြိယာ၊ ရူပကုသိုလ်၊ ရူပကြိယာ၊ ဤ(၆)ရာသီတို့အား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပေ၏။ ထို(၆)ရာသီတို့တွင် အကုသိုလ်ဟု ဆိုအပ်သော အာရမ္မဏပစ္စည်းသည် အကုသိုလ်ချင်းအား ပစ္စည်းတပ်ဟန်ကား- အကုသိုလ်ကို အာရုံပြု၍ အကုသိုလ်ဇော ဝီထိစိတ္တုပ္ပါဒ် ဖြစ်လိုလတ်သည် ရှိသော် -

ဘဝင် ဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ အကုသိုလ်ဇော(၇)ကြိမ်၊ (တဒါရုံကျသည်ဖြစ်အံ့) တဒါရုံ နှစ်ကြိမ်၊ (မကျသည်ဖြစ်အံ့) ဇောနောင် ဘဝင် ဘဝင်ဟု ဘဝင်ကိစ္စဖြစ်၍ ချုပ်၏။

ဤသို့ အစရှိသည်ဖြင့် ဖြစ်သောအခါ အကုသိုလ်ဟု ဆိုအပ်သော အာရမ္မဏပစ္စည်းသည် အကုသိုလ်ချင်းအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပေ၏။ ကာမကုသိုလ်အား ပစ္စည်းတပ်ဟန်ကား- အကုသိုလ်ကို အာရုံပြု၍ မဟာကုသိုလ်ဇော ဝီထိစိတ္တုပ္ပါဒ် ဖြစ်လိုလတ်သည်ရှိသော်- ဘဝင် ဘဝင် (လ) ချုပ်၏။ ဤသို့ အစရှိသည်ဖြင့် (လ) ကျေးဇူးပြုပေ၏။ ကာမဝိပါက်အား ပစ္စည်းတပ်ဟန်ကား- အကုသိုလ်ကို အာရုံပြု၍ ကာမဝိပါက် တဒါရုံကိစ္စ ဖြစ်လိုလတ်သည်ရှိသော် -ဘဝင်ဘဝင် (လ) ကာမဇော တစ်ခုယုတ်သုံးဆယ် ဇော၊ ကာမဝိပါက် တဒါရုံ နှစ်ကြိမ်ချု၊ ဤသို့ အစရှိသည်ဖြင့် (လ) ပြုပေ၏။ ကာမကြိယာအား ပစ္စည်းတပ်ဟန်ကား- အကုသိုလ်ကို အာရုံပြု၍ ကာမကြိယာဇော ဝီထိစိတ္တုပ္ပါဒ် ဖြစ်လိုလတ်သည်ရှိသော်- ဘဝင် ဘဝင် (လ) ချုပ်၏။ ဤသို့ အစရှိသည်ဖြင့် (လ) ပြုပေ၏။

(၃) ရူပကုသိုလ်အား ပစ္စည်းတပ်ရာ၌ ရူပကုသိုလ်သည် စေတောပရိယ ကုသိုလ်အဘိညာဉ်၊ ပုဗ္ဗေနိဝါသာနုဿတိ၊ ယထာကမ္မူပဂ၊ အနာဂတံသ ကုသိုလ်အဘိညာဉ် အားဖြင့် (၄)ပါး အပြားရှိ၏။ ထိုတွင်

စေတောပရိယ ကုသိုလ်အဘိညာဉ်အား ပစ္စည်းတပ်ဟန်ကား- စေတောပရိယ ကုသိုလ်အဘိညာဉ်ကိုရပြီးသော တိဟိတ် ကာမ-ရူပ သေက္ခပုဂ္ဂိုလ်သည် အနုလောမ ပဋိလောမအားဖြင့် လွန်လေပြီးသော (၇)ရက်မှစ၍ လာလတ္တံ့သော (၇)ရက်တိုင်အောင် ကာလသုံးပါး၌ တည်သော သူတစ်ပါးတို့၏ အကုသိုလ် ဒွါဒသကို သိခြင်းငှာ အလိုရှိသည် ဖြစ်၍ ပါဒကဖြစ်သော ရူပါဝစရ ကုသိုလ်ပဉ္စမဈာန်ကို ဝင်စားလိုလတ် သည်ရှိသော် -

ဘဝင်ဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ အာလောက ကသိုဏ်း ပညတ် ပဋိဘာဂနိမိတ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူဟု သုံးကြိမ် လေးကြိမ်၊ ရူပါဝစရ ကုသိုလ်ပဉ္စမဈာန် စိတ်သည် ဘဝင်အလျဉ်ကဲ့သို့ အလိုရှိသောအတိုင်း ဈာန် ဈာန်ဟု အကြိမ်များစွာ၊ ထို့နောင် ဘဝင် ဘဝင်ဟု ဘဝင်ကိစ္စဖြစ်၍ ချုပ်၏။

ဤဝီထိစိတ္တုပ္ပါဒ်တို့ဖြင့် အနုလောမ ပဋိလောမအားဖြင့် (လ) အကုသိုလ် ဒွါဒသကို သိစေခြင်းငှာ အခြေပြု၏။ ထို့နောင် ‘ဣမဿ အကုသလံ ခန္ဓံ ဇာနာမိ၊ ဣမဿ အကုသလံ ခန္ဓံ ဇာနာမိ’ဟု ဆောက်တည်သောအားဖြင့် အဓိဋ္ဌာန်ဇော ဝီထိစိတ္တုပ္ပါဒ် ဖြစ်လိုလတ်သည် ရှိသော် -

ဘဝင် ဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ် (၈)ခု၊ အဓိဋ္ဌာန်ဇော (၇)ကြိမ်၊ ထို့နောင် ဘဝင် ဘဝင်ဟု ဘဝင်ကိစ္စဖြစ်၍ ချုပ်၏။ ဤဝီထိစိတ္တုပ္ပါဒ်တို့ဖြင့် အနုလောမ ပဋိလောမ အားဖြင့် လွန်လေပြီးသော (၇)ရက်မှစ၍ လာလတ္တံ့သော (၇)ရက် တိုင်အောင် ကာလသုံးပါး၌ တည်သော သူတစ်ပါးတို့၏ အကုသိုလ်ကို သိစေသောဟု ဆောက်တည်ခြင်းကိုပြု၏။ ထို့နောင် ပါဒကဖြစ်သော ရူပါဝစရ ကုသိုလ်ပဉ္စမဈာန်ကို တဖန်ဝင်စားလိုလတ်သည်ရှိသော်-

ဘဝင် ဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူဟု သုံးကြိမ် လေးကြိမ်၊ ရူပါဝစရ ကုသိုလ်ပဉ္စမဈာန်သည် ဈာန် ဈာန်ဟု အကြိမ်များစွာ၊ ထို့နောင် ဘဝင် ဘဝင်ဟု ဘဝင်ကိစ္စဖြစ်၍ ချုပ်၏။ ဤဝီထိစိတ္တုပ္ပါဒ်တို့ဖြင့် အနုလောမ ပဋိလောမ အားဖြင့် (လ) သိစေခြင်းငှာ တဖန်အခြေပြု၏။

ထို့နောင် အဓိဋ္ဌာတဗ္ဗဖြစ်သော အနုလောမ ပဋိလောမအားဖြင့် (လ) သူတစ်ပါးတို့၏ အကုသိုလ်ကို အာရုံပြု၍ စေတောပရိယ ကုသိုလ် အဘိညာဉ်ဇော ဝီထိစိတ္တုပ္ပါဒ် ဖြစ်လိုလတ်သည်ရှိသော် -

ဘဝင် ဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူဟု သုံးကြိမ် လေးကြိမ်၊ ရူပါဝစရ ကုသိုလ်ပဉ္စမဈာန်၊ စေတောပရိယ အဘိညာဉ်ဇော တစ်ကြိမ်၊ ထို့နောင် ဘဝင်ဘဝင် (လ) ချုပ်၏။ ဤဝီထိစိတ္တုပ္ပါဒ်တို့ဖြင့် အဓိဋ္ဌာတဗ္ဗဖြစ်သော အနုလောမ (လ) ကာလသုံးပါး၌တည်သော သူတစ်ပါးတို့၏ အကုသိုလ် ကို သိ၏။

ထို့နောင် စေတောပရိယ ကုသိုလ်အဘိညာဉ်သည် သိအပ်ပြီးသော အဓိဋ္ဌာတဗ္ဗဖြစ်သော အနုလောမ (လ) ကာလသုံးပါး၌ တည်သော သူတစ်ပါးတို့၏ အကုသိုလ်ကို ဆင်ခြင်လိုလတ်သည်ရှိသော် -

ဘဝင် ဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ် (၈)ခုတို့တွင် တစ်ခုခုသည် ပစ္စဝေက္ခဏာဇော (၇)ကြိမ်၊ ထို့နောင် ဘဝင် ဘဝင်ဟု ဘဝင် ကိစ္စဖြစ်၍ ချုပ်၏။ ဤဝီထိစိတ္တုပ္ပါဒ်တို့ ဖြင့် စေတောပရိယ ကုသိုလ်အဘိညာဉ်သည် သိအပ်သော သူတစ်ပါးတို့၏ အကုသိုလ်ကို ဆင်ခြင်၏။ အဘိညာဉ်ဆိုင်ရာ ဤ(၅)ဝီထိကို ကျေပွန်လျှင် နောက်နောက်သော အဘိညာဉ်ဝီထိတို့၌ မခဲယဉ်းတော့ပြီ။

(၄) ပုဗ္ဗေနိဝါသာနုဿတိ ကုသိုလ်အဘိညာဉ်အား ပစ္စည်းတပ်ဟန်

ကား- ပုဗ္ဗေနိဝါသာနုဿတိ ကုသိုလ်အဘိညာဉ်ကိုရပြီးသော တိဟိတ်ကာမ-ရူပသေက္ခပုဂ္ဂိုလ်သည် ပဋိလောမအားဖြင့် လွန်လေပြီးသော (၇)ရက်မှစ၍ ပုဗ္ဗေနိဝုဋ္ဌဖြစ်သော အကုသိုလ်ကို သိခြင်းငှာ အလိုရှိသည်ဖြစ်၍ ပါဒကဖြစ်သော ရူပါဝစရ ကုသိုလ်ပဉ္စမဈာန်ကို ဝင်စားလိုလတ်သည်ရှိသော် -

ဘဝင် ဘဝင် (လ) အာလောက ကသိုဏ်းပညတ်ကို အာရုံပြု၍ (လ) ဖြစ်၍ ချုပ်၏။ ဤဝီထိစိတ္တုပ္ပါဒ်တို့ဖြင့် ပဋိလောမအားဖြင့် (လ) အကုသိုလ်ကို သိစေခြင်းငှာ အခြေပြု၏။

ထို့နောက် 'ပုဗ္ဗေနိဝုဋ္ဌံ ခန္ဓံ ဇာနာမိ၊ ပုဗ္ဗေနိဝုဋ္ဌံ ခန္ဓံ ဇာနာမိ'ဟု ဆောက်တည်သောအားဖြင့် အဓိဋ္ဌာန်ဇော ဝီထိစိတ္တုပ္ပါဒ် ဖြစ်လိုလတ်သည်ရှိသော် -

ဘဝင် ဘဝင် (လ) မဟာကုသိုလ် အဓိဋ္ဌာန်ဇော၊ ထို့နောက် ဘဝင် ဘဝင် (လ) ချုပ်၏။ ဤဝီထိစိတ္တုပ္ပါဒ်တို့ဖြင့် ပဋိလောမအားဖြင့် (လ) အကုသိုလ်ကို သိစေသောဟု ဆောက်တည်ခြင်းကို ပြု၏။ ထို့နောက် ပါဒကဖြစ်သော ရူပါဝစရ ကုသိုလ်ပဉ္စမဈာန်ကို တဖန်ဝင်စားလိုလတ်သည်ရှိသော် ပထမပါဒကနှင့် နည်းတူချ။ တဖန်အခြေပြု၏ ဆို့မျှရုံသာ ထူးသည်။

ထို့နောက် အဓိဋ္ဌာတဗ္ဗဖြစ်သော အကုသိုလ်ကို အာရုံပြု၍ ပုဗ္ဗေနိဝါသာနုဿတိ ကုသိုလ်အဘိညာဉ်ဇော ဝီထိစိတ္တုပ္ပါဒ် ဖြစ်လိုလတ်သည်ရှိသော် -

ဘဝင် ဘဝင် (လ) ရူပါဝစရ ကုသိုလ်ပဉ္စမဈာန်သည် ပုဗ္ဗေနိဝါသာနုဿတိ ကုသိုလ်အဘိညာဉ်ဇော တစ်ကြိမ်၊ ထို့နောက်ဘဝင် (လ) ချုပ်၏။ ဤဝီထိစိတ္တုပ္ပါဒ်တို့ဖြင့် အဓိဋ္ဌာတဗ္ဗဖြစ်သော အကုသိုလ်ကို သိ၏။ ထို့နောက် ပုဗ္ဗေနိဝါသာနုဿတိ ကုသိုလ်အဘိညာဉ်သည် သိအပ်

သော အကုသိုလ်ကို ဆင်ခြင်လိုလတ်သည်ရှိသော်-

ဘဝင် (လ) မဟာကုသိုလ် (၈)ခု၊ ပစ္စဝေက္ခဏာဇော(၇)ကြိမ်၊ ထို့နောင် ဘဝင်(လ) ချုပ်၏။ ဤဝီထိစိတ္တုပ္ပါဒ်တို့ဖြင့် ပုဗ္ဗေနိဝါသာနုဿတိ ကုသိုလ်အဘိညာဉ်သည် သိအပ်သော အကုသိုလ်ကို ဆင်ခြင်၏။

(၅) ယထာကမ္မူပဂ ကုသိုလ်အဘိညာဉ်အား ပစ္စည်းတပ်ပုံကား- ယထာကမ္မူပဂ ကုသိုလ်အဘိညာဉ်ကို ရပြီးသော တိဟိတ် ကာမ-ရူပသေက္ခ ပုဂ္ဂိုလ်သည် အတိတ်ဖြစ်သော အကုသိုလ်စေတနာကို သိခြင်းငှာ အလိုရှိသည်ဖြစ်၍ ပါဒကဖြစ်သော ရူပါဝစရ ကုသိုလ်ပဉ္စမဈာန်ကို ဝင်စားလိုလတ်သည်ရှိသော်- ဘဝင် (လ) ဘဝင်ကိစ္စဖြစ်၍ ချုပ်၏။ ဤဝီထိစိတ္တုပ္ပါဒ်တို့ဖြင့် အတိတ်ဖြစ်သော အကုသိုလ်စေတနာကို သိခြင်းငှာ အခြေပြု၏။

ထို့နောင် 'အတီတံ ခန္ဓံ ဇာနာမိ၊ အတီတံ ခန္ဓံ ဇာနာမိ' ဟု ဆောက်တည်သောအားဖြင့် အဓိဋ္ဌာန်ဇော ဝီထိစိတ္တုပ္ပါဒ် ဖြစ်လိုလတ်သည်ရှိသော်- ဘဝင် (လ) အဓိဋ္ဌာန်ဇော၊ ထို့နောင် ဘဝင်ကိစ္စဖြစ်၍ ချုပ်၏။ ဤဝီထိစိတ္တုပ္ပါဒ်တို့ဖြင့် အတိတ်ဖြစ်သော အကုသိုလ်စေတနာကို သိစေသောဟု ဆောက်တည်ခြင်းကို ပြု၏။ ထို့နောင် ပါဒကဖြစ်သော ရူပါဝစရ ကုသိုလ်ပဉ္စမဈာန်ကို တဖန်ဝင်စားလိုလတ်သည်ရှိသော် ရှေးနည်းတူ ချလေ။ မထူးပြီ။

ဤဝီထိစိတ္တုပ္ပါဒ်တို့ဖြင့် အတိတ်ဖြစ်သော အကုသိုလ်စေတနာကို သိစေခြင်းငှာ တဖန်အခြေပြု၏။ ထို့နောင် အဓိဋ္ဌာတဗ္ဗဖြစ်သော အကုသိုလ်စေတနာကို အာရုံပြု၍ ယထာကမ္မူပဂ ကုသိုလ်အဘိညာဉ်ဇော ဝီထိစိတ္တုပ္ပါဒ် ဖြစ်လိုလတ်သည်ရှိသော်- ဘဝင် (လ) ရူပါဝစရ ကုသိုလ်ပဉ္စမဈာန်သည် ယထာကမ္မူပဂ ကုသိုလ်အဘိညာဉ်ဇော တစ်ကြိမ်၊ ထို့နောင် ဘဝင် (လ) ချုပ်၏။ ဤဝီထိစိတ္တုပ္ပါဒ်တို့ဖြင့် အတိတ်ဖြစ်သော

သိခြင်းငှာ အလိုရှိသည်ဖြစ်၍ ပါဒက(လ)သည်ရှိသော်- ပါဒက တစ်ဝီထိ၊ အမိဋ္ဌာန်၊ တဖန် ပါဒက၊ အဘိညာဉ်၊ ပစ္စဝေက္ခဏာဟု ငါးဝီထိ ချလေ။

ယထာကမ္မူပဂ ကြိယာအဘိညာဉ်အား ပစ္စည်းတပ်ဟန်ကား- ယထာကမ္မူပဂ (လ) ရဟန္တာပုဂ္ဂိုလ်သည် အတိတ်ဖြစ်သော အကုသိုလ်စေတနာကို သိခြင်းငှာ အလိုရှိသည်ဖြစ်၍ ပါဒက (လ)သည်ရှိသော်- ပါဒက တစ်ဝီထိ၊ အမိဋ္ဌာန်၊ တဖန် ပါဒက၊ အဘိညာဉ်၊ ပစ္စဝေက္ခဏာဟု ငါးဝီထိ ချလေ။ အနာဂတံသကြိယာအဘိညာဉ်အား ပစ္စည်းတပ်ဟန်ကား- အနာဂတံသကြိယာ (လ)ရဟန္တာပုဂ္ဂိုလ်သည် အနုလောမအားဖြင့် လာလတ္တံ့သော ခုနစ်ရက်မှစ၍ အနာဂတ်ဖြစ်သော အကုသိုလ်ကို သိခြင်းငှာ အလိုရှိသည်ဖြစ်၍ ပါဒက (လ)ရှိသော်- ပါဒက တစ်ဝီထိ၊ အမိဋ္ဌာန်၊ တဖန် ပါဒက၊ အဘိညာဉ်၊ ပစ္စဝေက္ခဏာဟု ငါးဝီထိ ချလေ။ ရဟန္တာပုဂ္ဂိုလ်၏ ကြိယာဇော ဆိုရုံမျှသာ ထူးတော့သည်။ ဤသို့ အစရှိသည်ဖြင့် ဖြစ်သောအခါ အကုသိုလ်ဟု ဆိုအပ်သော အာရမ္မဏပစ္စည်းသည် ရူပကြိယာအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပေ၏။

(အကုသိုလ် ပြီး၏။)

(၈) ကာမကုသိုလ်ဟု ဆိုအပ်သော အာရမ္မဏပစ္စည်းသည် ကာမကုသိုလ်ချင်း၊ အကုသိုလ်၊ ကာမဝိပါက်၊ ကာမကြိယာ၊ ရူပကုသိုလ်၊ ရူပကြိယာ၊ ဤ(၆)ရာသီတို့အား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပေ၏။ ထိုတွင် ပစ္စည်းတပ်ဟန်ကား- ကာမကုသိုလ်ကို အာရုံပြု၍ ကာမကုသိုလ်ဇော၊ အကုသိုလ်ဇော၊ ကာမဝိပါက် တဒါရုံကိစ္စ၊ ကာမကြိယာဇော ဝီထိ အသီးသီး ချလေ။ ရူပကုသိုလ်အား ပစ္စည်းတပ်ရာ၌ ရူပကုသိုလ်သည် စေတောပရိယ၊ ပုဗ္ဗေနိဝါသာနုဿတိ၊ ယထာကမ္မူပဂ၊ အနာဂတံသကုသိုလ်အဘိညာဉ်အားဖြင့် လေးပါး အပြားရှိ၏ (လ) သူတစ်ပါးတို့၏ ကာမကုသိုလ်ကို သိခြင်းငှာ အလိုရှိသည်ဖြစ်၍ ဆို။ ပါဒက၊ အမိဋ္ဌာန်၊

တဖန် ပါဒက၊ အဘိညာဉ်၊ ပစ္စဝေက္ခဏာဟု ငါးဝီထိ ချလေ။

'ဣမသ္သ ကုသလံ ခန္ဓံ ဇာနာမိ' ဟု ဆိုလေ။ ပုဗ္ဗေနိဝါသာနုဿတိ ကုသိုလ်အဘိညာဉ်အား ပစ္စည်းတပ်ဟန်ကား- အကုသိုလ်ကို နည်းမှီ၍ ငါးဝီထိ ချလေ။ ယထာကမ္မုပဂ ကုသိုလ်အဘိညာဉ်အား ပစ္စည်းတပ်ဟန် ကား- ယထာကမ္မုပဂကုသိုလ်အဘိညာဉ်ကို ရပြီးသော တိဟိတ်ကာမ-ရူပ ပုဂ္ဂိုလ်သည်၊ ငါးဝီထိ ချလေ။ ဤသို့ အစရှိသည်ဖြင့် ဆိုလေ။

ရူပကြိယာအား ပစ္စည်းတပ်ရာ၌ ရူပကြိယာသည် စေတောပရိယ၊ ပုဗ္ဗေနိဝါသာနုဿတိ၊ ယထာကမ္မုပဂ၊ အနာဂတံသ ကြိယာအဘိညာဉ် အားဖြင့် လေးပါးအပြားရှိ၏။ အကုသိုလ် နည်းမှီ၍ ဝီထိချ။ ရဟန္တာ ပုဂ္ဂိုလ်၏ ကြိယာဇော ဆိုမှုရုံသာ ထူးတော့သည်။ ဤသို့ အစရှိသည်ဖြင့် ဖြစ်သောအခါ (လ) အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပေ၏။

(ကာမကုသိုလ် ပြီး၏။)

(၉) ကာမဝိပါက်ဟု ဆိုအပ်သော အာရမ္မဏပစ္စည်းသည် ကာမဝိပါက်ချင်း၊ အကုသိုလ်၊ ကာမကုသိုလ်၊ ကာမကြိယာ၊ ရူပကုသိုလ်၊ ရူပကြိယာ၊ ဤ(၆)ရာသီတို့အား အာရမ္မဏ(လ)ပေ၏။ ထိုတွင် ကာမဝိပါက်ကို အာရုံပြု၍ ကာမဝိပါက် တဒါရုံ၊ အကုသိုလ်ဇော၊ ကာမကုသိုလ်ဇော၊ ကာမကြိယာဇော အသီးသီးချ။ ဤသို့ အစရှိသည်ဖြင့် ဆိုလေ။

ရူပကုသိုလ်အား ပစ္စည်းတပ်ရာ၌ ရူပကုသိုလ်သည် စေတောပရိယ၊ ပုဗ္ဗေနိဝါသာနုဿတိ၊ အနာဂတံသ ကုသိုလ်အဘိညာဉ်အားဖြင့် သုံးပါး အပြားရှိ၏။ ငါးဝီထိစီ ချလေ။ 'ဣမသ္သ ဝိပါကံ ခန္ဓံ ဇာနာမိ' ဆို။ ဤသို့ အစရှိသည်ဖြင့် ဆိုလေ။ ရူပကြိယာအား ပစ္စည်းတပ်ရာ၌ ရူပကြိယာသည် စေတောပရိယ၊ ပုဗ္ဗေနိဝါသာနုဿတိ၊ အနာဂတံသ ကြိယာအဘိညာဉ်အားဖြင့် သုံးပါးအပြားရှိ၏။ ငါးဝီထိစီ ချလေ။ ဤသို့

အစရှိသည်ဖြင့် (လ) အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပေ၏။

(ကာမဝိပါက် ပြီး၏။)

(၁၀) ကာမကြိယာဟု ဆိုအပ်သော အာရမ္မဏပစ္စည်းသည် ကာမကြိယာချင်း၊ အကုသိုလ်၊ ကာမကုသိုလ်၊ ကာမဝိပါက်၊ ရူပကုသိုလ်၊ ရူပကြိယာ၊ ဤ(၆)ရာသီတို့အား အာရမ္မဏ(လ) ပေ၏။ ထိုတွင် ပစ္စည်း တပ်ပုံကား- ကာမကြိယာကို အာရုံပြု၍ ကာမကြိယာဇော၊ အကုသိုလ်ဇော၊ ကာမကုသိုလ်ဇော၊ ကာမဝိပါက် တဒါရုံ၊ ဝိထိအသီးသီး ချ။ ဤသို့ အစရှိသည်ဖြင့် ဆိုလေ။ ရူပကုသိုလ်အား ပစ္စည်းတပ်ရာ၌ ရူပကုသိုလ်သည် စေတောပရိယ၊ ပုဗ္ဗေနိဝါသာနုဿတိ၊ အနာဂတံသ ကုသိုလ်အဘိညာဉ်အားဖြင့် သုံးပါးအပြားရှိ၏။ ငါးဝီထိစီ ချလေ။ 'ဣမဿ ကိရိယံ ခန္ဓံ ဇာနာမိ'ဟု ဆို။ ဤသို့ အစရှိသည်ဖြင့် ဆိုလေ။

ရူပကြိယာအား ပစ္စည်းတပ်ရာ၌ ရူပကြိယာသည် စေတောပရိယ၊ ပုဗ္ဗေနိဝါသာနုဿတိ၊ အနာဂတံသ ကြိယာအဘိညာဉ်အားဖြင့် သုံးပါး အပြားရှိ၏။ ငါးဝီထိစီ ချလေ။ ဤသို့ အစရှိသဖြင့် ဖြစ်သောအခါ (လ) ပြုပေ၏။

(ကာမကြိယာ ပြီး၏။)

(၁၁) ရူပကုသိုလ်ဟု ဆိုအပ်သော အာရမ္မဏပစ္စည်းသည် ရူပကုသိုလ်ချင်း၊ အကုသိုလ်၊ ကာမကုသိုလ်၊ ကာမကြိယာ၊ ရူပကြိယာ၊ ဤ(၅)ရာသီတို့အား အာရမ္မဏ (လ) ပေ၏။ ထိုတွင် ရူပကုသိုလ်ချင်းအား ပစ္စည်းတပ်ရာ၌ ရူပကုသိုလ်သည် ဣဒ္ဓိဝိဓ၊ စေတောပရိယ၊ ပုဗ္ဗေနိဝါသာနုဿတိ၊ ယထာကမ္မူပဂ၊ အနာဂတံသ ကုသိုလ်အဘိညာဉ် အားဖြင့် (၅)ပါးအပြားရှိ၏။

ထိုတွင် ဣဒ္ဓိဝိဓ ကုသိုလ်အဘိညာဉ်အား ပစ္စည်းတပ်ပုံကား-

ဣန္ဒြိဝိမ ကုသိုလ်အဘိညာဉ်ကို ရပြီးသော တိဟိတ် ကာမ-ရူပသေက္ခ ပုဂ္ဂိုလ်သည် သတသဟာဿ အစရှိသော နိမ္မိတရုပ်ကို ဖန်ဆင်းခြင်း၌ အလိုရှိသည်ဖြစ်၍ ပါဒကဖြစ်သော ရူပါဝစရ ကုသိုလ်ပဉ္စမဈာန်ကို ဝင်စား လိုလတ်သည်ရှိသော် ပထဝီကသိုဏ်းပညတ် ပဋိဘာဂနိမိတ်ကို အာရုံပြု၍ ငါးဝီထိချ။ 'သတံ ဟောမိ၊ သဟဿံ ဟောမိ' ဟု အစရှိသည်ဖြင့် ဆောက်တည်လေ။ ဤအရာ၌ ရူပကုသိုလ်သာ အဘိညာဉ်၏အာရုံဖြစ်မှ သင့်သည် ထင်ပေသည်။ ဤနှစ်နည်းတွင် နှစ်သက်ရာ ဆိုလေ။

(၁၂) တစ်နည်းကား ဣန္ဒြိဝိမ ကုသိုလ်အဘိညာဉ်ကို ရပြီးသော တိဟိတ် ကာမ-ရူပသေက္ခပုဂ္ဂိုလ်သည် ပေါ့ပါးလျင်လျား ထင်ရှားသော ကိုယ်ဖြင့် လိုရာအရပ်သို့ ရောက်စေခြင်း၌ အလိုရှိသည်ဖြစ်၍ ပါဒက ဖြစ်သော ရူပါဝစရ ကုသိုလ်ပဉ္စမဈာန်ကို ဝင်စားလိုလတ်သည်ရှိသော် ပထဝီကသိုဏ်းပညတ် ပဋိဘာဂနိမိတ်ကို အာရုံပြု၍ ဘဝင် (လ) ချုပ်၏။

ဤဝီထိစိတ္တုပ္ပါဒ်တို့ဖြင့် ပေါ့ပါးလျင်လျား ထင်ရှားသောကိုယ်ဖြင့် လိုရာ အရပ်သို့ ရောက်စေခြင်း၌ အလိုရှိသည်ဖြစ်၍ ပါဒကဖြစ်သော ရူပါဝစရ ကုသိုလ်ပဉ္စမဈာန်ကို ဝင်စား၏။

ထို့နောင် 'ဣစ္ဆိတဋ္ဌာနံ ဂစ္ဆံ သက္ကောမိ၊ ဣစ္ဆိတဋ္ဌာနံ ဂစ္ဆံ သက္ကောမိ'ဟု ဆောက်တည်သောအားဖြင့် အဓိဋ္ဌာန်ဇော ဝီထိစိတ္တုပ္ပါဒ် ဖြစ်လိုလတ်သည်ရှိသော်- ဘဝင် (လ) ချုပ်၏။

ဤဝီထိစိတ္တုပ္ပါဒ်တို့ဖြင့် ပေါ့ပါးလျင်လျား ထင်ရှားသောကိုယ်ဖြင့် လိုရာအရပ်သို့ ရောက်စေသောဟု ဆောက်တည်ခြင်းကို ပြု၏။ ထို့နောင် ပါဒကဝီထိ။ ဤဝီထိ (လ) ပေါ့ပါးလျင်လျား ထင်ရှားသောကိုယ်ဖြင့် လိုရာအရပ်သို့ ရောက်ခြင်း၌ တဖန်အခြေပြု၏။

ထို့နောင် ပါဒကဖြစ်သော ရူပါဝစရ ကုသိုလ်ပဉ္စမဈာန်ကို အာရုံပြု၍ ဣန္ဒြိဝိမ ကုသိုလ်အဘိညာဉ်ဇော ဝီထိစိတ္တုပ္ပါဒ် ဖြစ်လိုလတ်

သည့်ရှိသော် ဘဝင် (လ) ဣန္ဒြိဝိဓ ကုသိုလ်အဘိညာဉ်ဇော တစ်ကြိမ်၊ ထို့နောင် ဘဝင်(လ)ချုပ်၏။ ဤ(လ)ဖြင့် ပေါ့ပါးလျင်လျား ထင်ရှားသော ကိုယ်ဖြင့် လိုရာအရပ်သို့ ရောက်၏။

ထို့နောင် ဣန္ဒြိဝိဓ ကုသိုလ်အဘိညာဉ်သည် သိအပ်သော ပါဒက ဖြစ်သော ရူပါဝစရ ကုသိုလ်ပဥ္စမဈာန်ကို ဆင်ခြင်လိုလတ်သည်ရှိသော် ဘဝင် (လ) ချုပ်၏။ ဤ (လ) ဖြင့် ဣန္ဒြိဝိဓ ကုသိုလ်အဘိညာဉ်သည် သိအပ်သော ပါဒကဖြစ်သော ရူပါဝစရ ကုသိုလ်ပဥ္စမဈာန်ကို ဆင်ခြင်၏။ စေတောပရိယ ကုသိုလ်အဘိညာဉ်၊ ပုဗ္ဗေနိဝါသာနုဿတိ၊ ယထာကမ္မူပဂ၊ အနာဂတံသ။ ငါးဝီထိစီ ချလေ။ ဤသို့ အစရှိသည်ဖြင့် ဆိုလေ။

အကုသိုလ်၊ ကာမကုသိုလ်၊ ကာမကြိယာတို့အား ပစ္စည်းတပ်ရာ၌ ရူပကုသိုလ်ကို အာရုံပြု၍ အကုသိုလ်ဇော၊ ကာမကုသိုလ်ဇော၊ ကာမကြိယာဇော ဝီထိချလေ။ ရူပကြိယာအား ပစ္စည်းတပ်ရာ၌ ရူပကြိယာသည် စေတောပရိယ၊ ပုဗ္ဗေနိဝါသာနုဿတိ၊ ယထာကမ္မူပဂ၊ အနာဂတံသ ကြိယာအဘိညာဉ်အားဖြင့် လေးပါး အပြားရှိ၏။ ငါးဝီထိစီ ချလေ။ ဤသို့ အစရှိသည်ဖြင့် ဆိုလေ။

(ရူပကုသိုလ် ပြီး၏။)

(၁၃) ရူပဝိပါက်ဟုဆိုအပ်သော အာရမ္မဏပစ္စည်းသည် အကုသိုလ်၊ ကာမကုသိုလ်၊ ကာမကြိယာ၊ ရူပကုသိုလ်၊ ရူပကြိယာ၊ ဤ(၅)ရာသီ တို့အား အာရမ္မဏ (လ)ပေ၏။ ထိုတွင် ပစ္စည်းတပ်ဟန်ကား ရူပဝိပါက်ကို အာရုံပြု၍ အကုသိုလ်ဇော၊ ကာမကုသိုလ်ဇော၊ ကာမကြိယာဇော ဝီထိအသီးသီး ချလေ။ ဤသို့ အစရှိသည်ဖြင့် ဆိုလေ။ ရူပကုသိုလ်အား ပစ္စည်းတပ်ရာ၌ ရူပကုသိုလ်သည် စေတောပရိယ၊ ပုဗ္ဗေနိဝါသာနုဿတိ၊ အနာဂတံသ ကုသိုလ်အဘိညာဉ်အားဖြင့် သုံးပါး အပြားရှိ ၏။ ငါးဝီထိစီ နောက်ကို နည်းမှီ၍ ချလေ။ ဤသို့ အစရှိသည်ဖြင့် ဆိုလေ။

ရူပကြိယာအား ပစ္စည်းတပ်ရာ၌ ရူပကြိယာသည် စေတောပရိယ၊ ပုဗ္ဗေနိဝါသာနုဿတိ၊ အနာဂတံသ ကြိယာအဘိညာဉ်အားဖြင့် သုံးပါး အပြားရှိ၏။ ၄င်းသုံးပါးမှာလည်း ငါးဝီထိစီ ချလေ။ ဤသို့ အစရှိသည်ဖြင့် ဖြစ်သောအခါ (လ) ပေ၏။

(ရူပဝိပါက် ပြီး၏။)

(၁၄) ရူပကြိယာဟု ဆိုအပ်သော အာရမ္မဏပစ္စည်းသည် ရူပကြိယာချင်း၊ အကုသိုလ်၊ ကာမကုသိုလ်၊ ကာမကြိယာ၊ ရူပကုသိုလ်၊ ဤ(၅)ရာသိတို့အား အာရမ္မဏ (လ)ပေ၏။ ထိုတွင် ရူပကြိယာချင်းအား ပစ္စည်းတပ်ရာ၌ ရူပကြိယာသည် ဣဒ္ဓိဝိဓ၊ စေတောပရိယ၊ ပုဗ္ဗေနိဝါသာနုဿတိ၊ အနာဂတံသ ကြိယာအဘိညာဉ်အားဖြင့် လေးပါး အပြားရှိ၏။ ထိုတွင် ဣဒ္ဓိဝိဓ ကြိယာအဘိညာဉ်ကို ရပြီးသော တိဟိတ် ကာမ-ရူပ ရဟန္တာပုဂ္ဂိုလ်သည် သတာသဟာဿ အစရှိသော နိမ္မိတရုပ်ကို ဖန်ဆင်းခြင်းငှာ အလိုရှိသည်ဖြစ်၍၊ တစ်နည်း- ပေါ့ပါးလျင်လျား ထင်ရှားသော ကိုယ်ဖြင့် လိုရာအရပ်သို့ ရောက်စေခြင်းငှာ အလိုရှိသည် ဖြစ်၍ ငါးဝီထိချ။ စေတောပရိယ၊ ပုဗ္ဗေနိဝါသာနုဿတိ၊ အနာဂတံသ ကြိယာအဘိညာဉ်၊ ငါးဝီထိစီ ချလေ။ ဤသို့ အစရှိသည်ဖြင့် ဆိုလေ။

ရူပကြိယာကို အာရုံပြု၍ အကုသိုလ်ဇော၊ ကာမကုသိုလ်ဇော၊ ကာမကြိယာဇော ဝီထိအသီးသီး ချလေ။ ဤသို့ အစရှိသည်ဖြင့် ဆိုလေ။ ရူပကုသိုလ်အား ပစ္စည်းတပ်ရာ၌ ရူပကုသိုလ်သည် စေတောပရိယ၊ ပုဗ္ဗေနိဝါသာနုဿတိ၊ အနာဂတံသ ကုသိုလ်အဘိညာဉ်အားဖြင့် သုံးပါး အပြားရှိ၏။ ၄င်းသုံးပါးမှာ ငါးဝီထိစီချ။ ဤသို့ အစရှိသည်ဖြင့် ဆိုလေ။

(ရူပကြိယာ ပြီး၏။)

(၁၅) အရူပကုသိုလ်ဟု ဆိုအပ်သော အာရမ္မဏပစ္စည်းသည်

အရူပကုသိုလ်ချင်း၊ အကုသိုလ်၊ ကာမကုသိုလ်၊ ကာမကြိယာ၊ ရူပကုသိုလ်၊ ရူပကြိယာ၊ အရူပဝိပါက်၊ အရူပကြိယာ၊ ဤ(၈)ရာသီတို့အား အာရမ္မဏ (လ)ပေ၏။ ထိုတွင် အရူပကုသိုလ်ချင်းအား ပစ္စည်းတပ်ရာ၌ အရူပကုသိုလ်သည် ဝိညာဏဉ္စာယတန၊ နေဝသညာနာသညာယတန ကုသိုလ်အားဖြင့် နှစ်ပါး အပြားရှိ၏။ ထိုတွင် ဝိညာဏဉ္စာယတန ကုသိုလ်အား ပစ္စည်းတပ်ဟန်ကား- အာကာသာနဉ္စာယတနဈာန်ကို ရပြီးသော တိဟိတ်ကာမ-ရူပ-အရူပ အာကာသာနဉ္စာယတန သေက္ခ ပုဂ္ဂိုလ်သည် ဝိညာဏဉ္စာယတနဈာန်ကို ရခြင်းငှာ အလိုရှိသည်ဖြစ်၍ (လ) 'ဝိညာဏံ အနန္တံ၊ ဝိညာဏံ အနန္တံ'ဟု စီးဖြန်းဖန်များ၍ ဝိညာဏဉ္စာယတန ကုသိုလ်ဈာန်ကို ရလိုလတ်သည်ရှိသော် အာဒိကမ္မိက ဝီထိ၊ သမာပဇ္ဇနဝီထိ၊ ဟေတုကို နည်းမှီ၍ ချလေ။

နေဝသညာနာသညာယတနကုသိုလ်အား ပစ္စည်းတပ်ဟန်ကား အာကိဉ္စညာယတန ကုသိုလ်ဈာန်ကိုရပြီးသော တိဟိတ် ကာမ-ရူပ-အရူပ အာကိဉ္စညာယတန သေက္ခပုဂ္ဂိုလ်သည် နေဝသညာနာသညာယတန ကုသိုလ်ဈာန်ကို ရခြင်းငှာ အလိုရှိသည်ဖြစ်၍ (လ) 'သန္တမေတံ ပဏီတမေတံ'ဟု စီးဖြန်းဖန်များ၍ နေဝသညာနာသညာယတန ကုသိုလ်ဈာန်ကို ရလိုလတ်သည်ရှိသော် အာဒိကမ္မိက တစ်ဝီထိ၊ သမာပဇ္ဇန တစ်ဝီထိချလေ။ ဤသို့ အစရှိသည်ဖြင့် ဆိုလေ။ အရူပကုသိုလ်ကို အာရုံပြု၍ အကုသိုလ်ဇော၊ ကာမကုသိုလ်ဇော၊ ကာမကြိယာဇောဝီထိ အသီးသီးချလေ။ ဤသို့ အစရှိသည်ဖြင့် ဆိုလေ။

ရူပကုသိုလ်အား ပစ္စည်းတပ်ရာ၌ ရူပကုသိုလ်သည် စေတောပရိယ၊ ပုဗ္ဗေနိဝါသာနုဿတိ၊ ယထာကမ္မုပဂ၊ အနာဂတံသ ကုသိုလ်အဘိညာဉ် အားဖြင့် လေးပါးအပြားရှိ၏။ ငါးဝီထိစီ ချလေ။ ဤသို့ အစရှိသည်ဖြင့် ဆိုလေ။ ရူပကြိယာအား ပစ္စည်းတပ်ရာ၌ ရူပကြိယာသည် စေတောပရိယ၊

ပုဗ္ဗေနိဝါသာနုဿတိ၊ ယထာကမ္မုပဂ၊ အနာဂတံသ ကြိယာအဘိညာဉ်အားဖြင့် လေးပါးအပြားရှိ၏။ ငါးဝိထိစီ ချလေ။ ဤသို့ အစရှိသည်ဖြင့်ဆိုလေ။

အရူပဝိပါက်အား ပစ္စည်းတပ်ရာ၌ အရူပဝိပါက်သည် ဝိညာဏဉ္စာယတန၊ နေဝသညာနာသညာယတန ဝိပါက်အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင် ဝိညာဏဉ္စာယတနဝိပါက်အား ပစ္စည်းတပ်ဟန်ကား အာကာသာနဉ္စာယတနဘုံ၊ ဝိညာဏဉ္စာယတနဘုံမှ စုတေ၍ ဝိညာဏဉ္စာယတနဘုံ၌ ပဋိသန္ဓေ နေလတ္တံ့သောပုဂ္ဂိုလ်၏ ဝိသယပဝတ္တိ၊ ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပါဝစရဆယ်ဘုံမှ စုတေ၍ ဝိညာဏဉ္စာယတနဘုံ၌ (လ) ဝိသယပဝတ္တိ၊ ကာမသုဂတိခုနစ်ဘုံမှ စုတေ၍ (လ) ဝိသယပဝတ္တိအားဖြင့် သုံးပါး အပြားရှိ၏။ ထိုတွင် အာကာသာနဉ္စာယတနဘုံ၊ ဝိညာဏဉ္စာယတနဘုံမှ စုတေ၍ ဝိညာဏဉ္စာယတနဘုံ၌ (လ) ဝိသယပဝတ္တိသည်လည်း ဇောနောင်စုတိ၊ ဇောနောင်ဘဝင် ဘဝင်နောင်စုတိအားဖြင့် နှစ်ပါးအပြားရှိ၏။

ထိုတွင် ဇောနောင်စုတိဖြစ်ဟန်ကား အာကာသာနဉ္စာယတနဘုံ၊ ဝိညာဏဉ္စာယတနဘုံ၌ ထင်ရှားရှိသောဘဝမှ ရွေ့လျောသောအားဖြင့် ပစ္စုပ္ပန်ဘဝ၏အဆုံး စုတိကျ၍ ဝိညာဏဉ္စာယတနဘုံ၌ ပဋိသန္ဓေနေလိုလတ်သည်ရှိသော် -

ဘဝင်ဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ်မရဏာသန္နဇော (၅)ကြိမ်၊ စုတိ၊ ဝိညာဏဉ္စာယတနဝိပါက်သည် ရှေးဘဝအစ္ဈတ္တသန္တာန်၌ ဖြစ်ဖူးသော အာကာသာနဉ္စာယတနကုသိုလ်ကို အာရုံပြု၍ ပဋိသန္ဓေ တစ်ကြိမ်၊ ထို့နောင် ဘဝင်(၁၅)ကြိမ် (၁၆)ကြိမ်၊ မနောဒွါရာဝဇ္ဇန်း၊ ဘဝနိကန္တိက လောဘဇော ခုနစ်ကြိမ်၊ ထို့နောင် ဘဝင်ဘဝင်ဟု ဘဝင်ကိစ္စဖြစ်၍ ချုပ်၏။

ဘဝင်နှောင်စုတိ ချလေ။ နေဝသညာနာသညာယတန ဝိပါက်အား ပစ္စည်းတပ်ဟန်ကား အရူပ လေးဘုံမှစုတေ၍ နေဝသညာနာသညာယတနဘုံ ၌ ပဋိသန္ဓေ နေလတ္တံ့သော ပုဂ္ဂိုလ်၏ ဝိသယပဝတ္တိ၊ ဝေဟာပ္ဖိုလ် တိုင်အောင်သော (လ)ဝိသယပဝတ္တိ၊ ကာမသုဂတိ ခုနစ်ဘုံမှစုတေ၍ (လ)ဝိသယပဝတ္တိအားဖြင့် သုံးပါး အပြားရှိ၏။ ဝိညာဏဉ္စာယတနဝိပါက် ကို နည်းမှီ၍ ချလေ။ ဤသို့ အစရှိသည်ဖြင့် ဖြစ်သောအခါ အရူပကုသိုလ် ဟုဆိုအပ်သော အာရမ္မဏပစ္စည်းသည် အရူပဝိပါက်အား အာရမ္မဏသတ္တိ ဖြင့် ကျေးဇူးပြုပေ၏။

အရူပကြိယာအား ပစ္စည်းတပ်ရာ၌ အရူပကြိယာသည် ဝိညာဏဉ္စာယတနကြိယာ၊ နေဝသညာနာသညာယတနကြိယာအားဖြင့် နှစ်ပါး အပြားရှိ၏။ ထိုတွင် ဝိညာဏဉ္စာယတနကြိယာအား ပစ္စည်း တပ်ဟန်ကား ဝိညာဏဉ္စာယတနဘုံ၌ တည်သော ရဟန္တာပုဂ္ဂိုလ်သည် မိမိရပြီးသော ဝိညာဏဉ္စာယတန ကြိယာစျာန်ကို ဝင်စားလိုလတ်သည် ရှိသော် -

ဘဝင် ဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ အနုလုံ၊ ဂေါတြဘူဟု (၃)ကြိမ် (၄)ကြိမ်၊ ဝိညာဏဉ္စာယတန ကြိယာစျာန်သည် ဘဝင်အလျဉ်ကဲ့သို့ စျာန် စျာန်ဟု အကြိမ်များစွာ။ ထို့နောင် ဘဝင် (လ)ချပ်၏။

ဝိညာဏဉ္စာယတနကြိယာအား ပစ္စည်းတပ်ဟန်ကား သမာပတ် ရှစ်ပါးနှင့် ယထာရဟ ပြည့်စုံသော ကာမ-ရူပ အာကာသာနဉ္စာယတန အနာဂါမ်ပုဂ္ဂိုလ်သည် ရဟန္တာအဖြစ်သို့ရောက်၍ အဋ္ဌကထာနည်းအားဖြင့် အာကာသာနဉ္စာယတန ကြိယာစျာန်ကို မဝင်စားမီ ဝိညာဏဉ္စာယတန ကြိယာစျာန်ကို ဝင်စားလိုလတ်သည်ရှိသော်လည်းကောင်း၊ ပဋိလောမ အားဖြင့် နေဝသညာနာသညာယတန ကြိယာစျာန်၊ အာကိဉ္စညာယတန

ကြိယာဈာန်ကို ဝင်စားပြီးမှ ဝိညာဏဉ္စာယတန ကြိယာဈာန်ကို ဝင်စား လိုလတ်သည်ရှိသော်လည်းကောင်း၊ ဧကန္တရိကအားဖြင့် ရူပါဝစရကြိယာ ပထမဈာန် တတိယဈာန် ပဉ္စမဈာန်ကို ဝင်စားပြီးမှ ဝိညာဏဉ္စာယတန (လ) သော်လည်းကောင်း၊ ဒွန္တရိကအားဖြင့် ရူပါဝစရကြိယာပထမဈာန်၊ စတုတ္ထဈာန်ကို ဝင်စားပြီးမှ ဝိညာဏဉ္စာယတန (လ) သော်လည်းကောင်း၊ ဋီကာနည်းအားဖြင့် အနုလောမအားဖြင့်လည်း ရူပါဝစရကြိယာပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်၊ ပဉ္စမဈာန် အာကာသာနဉ္စာယတန ကြိယာဈာန်ကို ဝင်စားပြီးမှ ဝိညာဏဉ္စာယတနကြိယာဈာန်ကို ဝင်စား လိုလတ်သည်ရှိသော်လည်းကောင်း ဘဝင် (လ) ချုပ်၏။

(ဤအရာ၌ အဋ္ဌကထာဆရာ၏ အာဘော်မှာ သမာပတ်ရှစ်ပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ဖြစ်၍ မိမိအလိုရှိတိုင်း ဈာန်ကို ဝင်စားနိုင်သည်။ ဋီကာဆရာအာဘော်ကား ဒေသနက္ကမအားဖြင့် အစဉ်အတိုင်းသာ ပွားများရ၍ အစဉ်အတိုင်းသာ ဝင်စားရမည်။ တစ်နည်း- အဋ္ဌကထာဆရာ သည် ဧကန္တရိက၊ ဒွန္တရိက စသည်ကိုပြသဖြင့် အနုလောမအားဖြင့်လည်း ဝင်စားရသည်ဟု အဋ္ဌကထာအာဘော်ကို ပြတော်မူသည်။)

နေဝသညာနာသညာယတန ကြိယာအား (လ) ကား၊ နေဝသညာနာသညာယတနဘုံ၌ တည်သော ရဟန္တာပုဂ္ဂိုလ်သည် မိမိ ရပြီးသော နေဝသညာနာသညာယတန ကြိယာဈာန်ကို ဝင်စားလိုလတ် သည်ရှိသော် နည်းမှီ၍ ချလေ။ သမာပတ်ရှစ်ပါးနှင့် ယထာရဟာ ပြည့်စုံသော ကာမ-ရူပ အာကာသာနဉ္စာယတန၊ ဝိညာဏဉ္စာယတန၊ အာကိဉ္စညာယတန အနာဂါမ်ပုဂ္ဂိုလ်သည် ရဟန္တာအဖြစ်သို့ရောက်၍ အဋ္ဌကထာနည်း၊ ဋီကာနည်း ဝိညာဏဉ္စာယတနကြိယာကို မှီ၍ ဆိုလေ။

(အရူပကုသိုလ် ပြီး၏။)

(၁၆) အရူပဝိပါက်ဟု ဆိုအပ်သော အာရမ္မဏပစ္စည်းသည်

အကုသိုလ်၊ ကာမကုသိုလ်၊ ကာမကြိယာ၊ ရူပကုသိုလ်၊ ရူပကြိယာ၊ ဤ(၅)ရာသီတို့အား အာရမ္မဏ (လ)ပေ၏။ ထိုတွင် အကုသိုလ်၊ ကာမကုသိုလ်၊ ကာမကြိယာတို့မှာ အောက်ကနည်းမှီ၍ ချလေ။ ရူပကုသိုလ်အား ပစ္စည်းတပ်ရာ၌ ရူပကုသိုလ်သည် စေတောပရိယ၊ ပုဗ္ဗေနိဝါသာနုဿတိ၊ အနာဂတံသ ကုသိုလ်အဘိညာဉ်အားဖြင့် သုံးပါးအပြားရှိ၏။ ၎င်းသုံးပါးမှာ ငါးဝိထိစီ ချလေ။ ဤသို့ အစရှိသည်ဖြင့် ဆိုလေ။

(အရူပဝိပါက် ပြီး၏။)

(၁၇) အရူပကြိယာဟု ဆိုအပ်သော အာရမ္မဏပစ္စည်းသည် အရူပကြိယာချင်း၊ အကုသိုလ်၊ ကာမကုသိုလ်၊ ကာမကြိယာ၊ ရူပကုသိုလ်၊ ရူပကြိယာ၊ ဤ(၆)ရာသီတို့အား အာရမ္မဏ (လ)ပေ၏။ ထိုတွင် အရူပကြိယာချင်းအား ပစ္စည်းတပ်ရာ၌ အရူပကြိယာသည် ဝိညာဏဉ္စာယတနကြိယာ၊ နေဝသညာနာသညာယတန ကြိယာအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင် ဝိညာဏဉ္စာယတနကြိယာအား ပစ္စည်းတပ်ဟန်ကား- အာကာသာနဉ္စာယတနကြိယာစျာန်ကို ရပြီးသော အစရှိသည်ဖြင့် အရူပကုသိုလ်ကို မှီ၍ဆိုလေ။ နေဝသညာနာသညာယတန ကြိယာတို့မှာလည်း နည်းတူချလေ။ အကုသိုလ်၊ ကာမကုသိုလ်၊ ကာမကြိယာတို့မှာလည်း နည်းတူ ချလေ။ ရူပကုသိုလ်သည် စေတောပရိယ၊ ပုဗ္ဗေနိဝါသာနုဿတိ၊ အနာဂတံသ ကုသိုလ်အဘိညာဉ်အားဖြင့် သုံးပါးအပြားရှိ၏။ ဤသုံးပါးမှာလည်း ငါးဝိထိစီ ချလေ။ ရူပကြိယာမှာလည်း သုံးပါးပင်။ ငါးဝိထိစီ ချလေ။ ဤသို့ အစရှိသည်ဖြင့် ဆိုလေ။

(အရူပကြိယာ ပြီး၏။)

(၁၈) လောကုတ္တရာကုသိုလ်ဟု ဆိုအပ်သော အာရမ္မဏပစ္စည်းသည် ကာမကုသိုလ်၊ ကာမကြိယာ၊ ရူပကုသိုလ်၊ ရူပကြိယာ၊ ဤ

(၄)ရာသီတို့အား အာရုမ္မဏ (လ)ပေ၏။ ထိုတွင် ကာမကုသိုလ်အား ပစ္စည်းတပ်ဟန်ကား သောတာပတ္တိ မဂ် ဖိုလ်ကို ရပြီးသော ကာမ-ရူပ-အရူပ သောတာပန်ပုဂ္ဂိုလ်သည် မိမိရပြီးသော သောတာပတ္တိမဂ်ကို အာဝဇ္ဇနဝသီ၊ ပစ္စဝေက္ခဏာဝသီဘော်တို့ဖြင့် အလေ့အလာပြု၍ ဆင်ခြင်လိုလတ်သည်ရှိသော် -

ဘဝင် ဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ် ဉာဏသမ္ပယုတ် လေးခု၊ ပစ္စဝေက္ခဏာဇော ခုနစ်ကြိမ်၊ ထို့နောင် ဘဝင် ဘဝင်ဟု ဘဝင်ကိစ္စဖြစ်၍ ချုပ်၏။

သကဒါဂါမိ မဂ် ဖိုလ် ဆင်ခြင်ရာ၌ နည်းတူ။ အနာဂါမိ မဂ် ဖိုလ် ဆင်ခြင်ရာ၌လည်း နည်းတူ။ ဤသို့ အစရှိသည်ဖြင့် ဆိုလေ။ ကာမကြိယာအား ပစ္စည်းတပ်ဟန်ကား ကာမ-ရူပ-အရူပ ရဟန္တာပုဂ္ဂိုလ်သည် မိမိရပြီးသော အရဟတ္တမဂ်ကို အာဝဇ္ဇနဝသီ၊ ပစ္စဝေက္ခဏာဝသီဘော်တို့ဖြင့် အလေ့အလာပြု၍ ဆင်ခြင်လိုလတ်သည်ရှိသော် -

ဘဝင် (လ) မဟာကြိယာ ဉာဏသမ္ပယုတ် လေးခု၊ ပစ္စဝေက္ခဏာဇော ခုနစ်ကြိမ်၊ ထို့နောင် ဘဝင် (လ) ချုပ်၏။ ဤသို့ အစရှိသည်ဖြင့် ဆိုလေ။

ရူပကုသိုလ်အား ပစ္စည်းတပ်ရာ၌ ရူပကုသိုလ်သည် စေတောပရိယ၊ ပုဗ္ဗေနိဝါသာနုဿတိ၊ အနာဂတံသ ကုသိုလ်အဘိညာဉ်အားဖြင့် သုံးပါး အပြားရှိ၏။ ထိုတွင် စေတောပရိယ (လ)ဟန်ကား စေတောပရိယ ကုသိုလ်အဘိညာဉ်ကို ရပြီးသော ကာမ-ရူပသောတာပန် ပုဂ္ဂိုလ်သည် အနုလောမ၊ ပဋိလောမအားဖြင့် လွန်လေပြီးသော ခုနစ်ရက်မှစ၍ (လ) သူတစ်ပါးတို့၏ သောတာပတ္တိမဂ်ကို သိခြင်းငှာ အလိုရှိသည်ဖြစ်၍ ပါဒကဖြစ်သော (လ)ရှိသော် ပါဒက၊ အဓိဋ္ဌာန်၊ တဖန် ပါဒက၊ အဘိညာဉ်၊ ပစ္စဝေက္ခဏာဟု ငါးဝီထိ ချ။ သကဒါဂါမိ မဂ်၊ အနာဂါမိ မဂ်တို့မှာလည်း

ဤနည်းတူ ချ။ ပုဗ္ဗေနိဝါသာနုဿတိ၊ အနာဂတံသတို့မှာလည်း နည်းတူ။ ဤသို့ အစရှိသည်ဖြင့် ဆိုလေ။

ရူပကြိယာအား ပစ္စည်းတပ်ရာ၌ ရူပကြိယာသည် စေတောပရိယ၊ ပုဗ္ဗေနိဝါသာနုဿတိ၊ အနာဂတံသကြိယာအဘိညာဉ်အားဖြင့် သုံးပါး အပြားရှိ၏။ အထက်နည်း မှီ၍ဆိုလေ။ သောတာပတ္တိမဂ်၊ သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်တို့မှာလည်း ငါးဝီထိစီ ချလေ။ ပုဗ္ဗေနိဝါသာနုဿတိ၊ အနာဂတံသတို့မှာလည်း ငါးဝီထိစီ ချ။ ဤသို့ အစရှိသည်ဖြင့် ဆိုလေ။

(လောကုတ္တရာကုသိုလ် ပြီး၏။)

(၁၉) လောကုတ္တရာဝိပါက်ဟု ဆိုအပ်သော အာရမ္မဏပစ္စည်း သည် ကာမကုသိုလ်၊ ကာမကြိယာ၊ ရူပကုသိုလ်၊ ရူပကြိယာ၊ ဤ (၄)ရာသီတို့အား အာရမ္မဏ(လ)ပေ၏။ ထိုတွင် ကာမကုသိုလ်အား ပစ္စည်း တပ်ဟန်ကား- သောတာပတ္တိမဂ်၊ သောတာပတ္တိဖိုလ်ကို ရပြီးသော ကာမ-ရူပ သောတာပန်ပုဂ္ဂိုလ်သည် မိမိရပြီးသော သောတာပတ္တိဖိုလ်ကို ဆင်ခြင်။ သကဒါဂါမိဖိုလ်၊ အနာဂါမိဖိုလ်ကို ဆင်ခြင်။ ကုသိုလ်နှင့် နည်းတူပင်။ ကာမကြိယာအား ပစ္စည်းတပ်ဟန်ကား အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကို ရပြီးသော ကာမ-ရူပ-အရူပ ရဟန္တာပုဂ္ဂိုလ်သည် မိမိရပြီးသော အရဟတ္တဖိုလ်ကို ဆင်ခြင်လေ။ ရူပကုသိုလ်အား၊ ပစ္စည်းတပ်ရာ၌ ရူပကုသိုလ်သည် စေတောပရိယ၊ ပုဗ္ဗေနိဝါသာနုဿတိ၊ အနာဂတံသ ကုသိုလ်အဘိညာဉ်အားဖြင့် သုံးပါးအပြားရှိ၏။ ရူပကြိယာ အား ပစ္စည်းတပ်ရာ၌လည်း ၎င်းသုံးပါးပင်။ ဤသို့ အစရှိသည်ဖြင့် ဆိုလေ။

(လောကုတ္တရာဝိပါက် ပြီး၏။)

(၂၀) ရုပ်အဋ္ဌဝီသဟု ဆိုအပ်သော အာရမ္မဏပစ္စည်းသည် အကုသိုလ်၊ ကာမကုသိုလ်၊ ကာမဝိပါက်၊ ကာမကြိယာ၊ ရူပကုသိုလ်၊ ရူပကြိယာ၊ ဤ(၆)ရာသီတို့အား အာရမ္မဏ (လ) ပေ၏။ ထိုတွင် အကုသိုလ်အား ပစ္စည်းတပ်ဟန်ကား ရုပ်အဋ္ဌဝီသကို အာရုံပြု၍ အကုသိုလ်ဇော ဝီထိစိတ္တုပ္ပါဒ် ဖြစ်လိုလတ်သည်ရှိသော် ကုသိုလ်ဇောလည်း ဤနည်းတူ ဆို၍ အောက်ကနည်းတူ ချလေ။ ကာမဝိပါက်အား ပစ္စည်းတပ်ဟန်ကား ရုပ်အဋ္ဌဝီသကို အာရုံပြု၍ တဒါရုံကိစ္စ ဖြစ်လိုလတ်သည် ရှိသော် အောက်ကနည်းမှီ၍ ချလေ။

တစ်နည်းကား ကာမဝိပါက်အား ပစ္စည်းတပ်ဟန်ကား ပဉ္စဒွါရ၊ မနောဒွါရအားဖြင့် နှစ်ပါး အပြားရှိ၏။ ထိုတွင် ပဉ္စဒွါရသည်လည်း အတိမဟန္တာရုံ၊ မဟန္တာရုံ၊ ပရိတ္တာရုံ၊ အတိပရိတ္တာရုံအားဖြင့် လေးပါး အပြားရှိ၏။ ထိုတွင် အတိမဟန္တာရုံသည်လည်း စက္ခုဒွါရ၌ တစ်ပါး (လ) ကာယဒွါရ၌ တစ်ပါးအားဖြင့် ငါးပါး အပြားရှိ၏။ ထိုတွင် စက္ခုဒွါရ၌ အတိမဟန္တာရုံ ဝီထိဖြစ်ဟန်ကား -

ဘဝင်ဘဝင်၊ အတီတဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ ပစ္စုပ္ပန် ရူပါရုံကို အာရုံပြု၍ ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုန်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ကာမဇော တစ်ခုယုတ်သုံးဆယ်တို့တွင် တစ်ခုခုသည် ဇော ခုနစ်ကြိမ်၊ တဒါရုံ နှစ်ကြိမ်၊ ထို့နောင် ဘဝင်ဟု ဘဝင် ကိစ္စဖြစ်၍ ချုပ်၏။

သောတဒွါရ (လ) ကာယဒွါရတို့၌လည်း ဤနည်းကို မှီ၍ ချလေ။ မဟန္တာရုံသည် စက္ခုဒွါရ၌ နှစ်ပါး (လ) ကာယဒွါရ၌ နှစ်ပါးအားဖြင့် ဆယ်ပါး အပြားရှိ၏။

ထိုတွင် ပထမမဟန္တာရုံ ဖြစ်ဟန်ကား- ဘဝင်ဘဝင်၊ အတီတဘဝင် နှစ်ကြိမ်၊ ဒုတိယမဟန္တာရုံ ဖြစ်အံ့- အတီတဘဝင် သုံးကြိမ်၊ ဘဝင်္ဂစလန၊

ဘဝင်္ဂုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုန်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ကာမဇော ခုနစ်ကြိမ်၊ ထို့နောင် ဘဝင် (လ) ချုပ်၏။ သောတဒွါရ (လ) ကာယဒွါရတို့၌လည်း ဤနည်းတူ ချလေ။

ပရိတ္တာရုံသည်လည်း စက္ခုဒွါရ၌ (၆)ပါး (လ) ကာယဒွါရ၌ (၆)ပါးအားဖြင့် သုံးဆယ် အပြားရှိ၏။ ထိုတွင် စက္ခုဒွါရ၌ ပရိတ္တာရုံဖြစ်ဟန်ကား ဘဝင်ဘဝင်၊ အတီတဘဝင် လေးကြိမ်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုန်း၊ သန္တီရဏ၊ ဝုဋ္ဌော နှစ်ကြိမ် သုံးကြိမ်၊ ထို့နောင် ဘဝင် (လ) ချုပ်၏။ အတီတဘဝင် ငါးကြိမ်အစ ကိုးကြိမ်တိုင် လွန်လေ။

အတိပရိတ္တာရုံသည်လည်း စက္ခုဒွါရ၌ (၆)ပါး (လ) ကာယဒွါရ၌ (၆)ပါးအားဖြင့် သုံးဆယ် အပြားရှိ၏။ ထိုတွင် စက္ခုဒွါရ၊ အတိပရိတ္တာရုံ ဝီထိ ဖြစ်ဟန်ကား ဘဝင်ဘဝင်၊ အတီတဘဝင် ဆယ်ကြိမ်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ ထို့နောင် ဘဝင် (လ)ချုပ်၏။ တစ်ဆယ့်တစ်ကြိမ်၊ တစ်ဆယ့်ငါးကြိမ်တိုင် (၆)ဝီထိ ချလေ။

* ဤအတိပရိတ္တာရုံဝီထိ၌ သဲအင်းသာသနာပိုင်ဆရာတော်သည် ကံ ကမ္မနိမိတ် ဂတိနိမိတ် သုံးပါးကို ဘဝင်စိတ္တုပ္ပါဒ်တို့က အာရုံပြုကြသောကြောင့် အာရမ္မဏပစ္စည်း တပ်နိုင်သည်ဟု အာဘော်ရိပ်ရှိသည်။

* ပုဂံအတွင်းဝန်ဆရာတော်ကား အတိပရိတ္တာရုံဝီထိသည် ထင်ခြင်းသို့ရောက်၍ အာဝဇ္ဇန်းစသော ဝီထိစိတ်တို့၏ မဖြစ်ခြင်းကြောင့် တစ်စုံတစ်ခုသောစိတ်အား အာရမ္မဏပစ္စည်း မတပ်။ ထို့ကြောင့် ဤရုပ် အာရမ္မဏပစ္စည်း၌ အတိပရိတ္တာရုံကို မရသင့်။ အထူး နှလုံးသွင်းပါလေဟု မှာထား၏။ သို့မှာထားသော်လည်း

"န ဟိ သော ဓမ္မော အတ္ထိ၊ ယော စိတ္တစေတသိကာနံ

အာရမ္မဏပစ္စယဘာဝံ နဲ ဂစ္ဆေယျ ဟု ဋီကာဆရာတို့စကားနှင့် ဆန့်ကျင်၍ သဲအင်းဆရာတော်စကားသာ သင့်မြတ်၏ဟု ဆရာကြီး မိန့်ဆိုဖူးလေသည်။

မနောဒွါရသည်လည်း ဝိဘူတာရုံ၊ အဝိဘူတာရုံအားဖြင့် နှစ်ပါး အပြားရှိ၏။ ထိုတွင် တဒါရုံကျသည် မကျသည်ကို နှလုံးပိုက်၍ ပစ္စုပ္ပန် အတိတ် အနာဂတ် ကာလသုံးပါး ရုပ် အဌဝီသ အာရုံပြု၍ ချလေ။ ဤသို့ အစရှိသည်ဖြင့် ဆိုလေ။ ရူပကုသိုလ်အား ပစ္စည်းတပ်ရာ၌ ရူပကုသိုလ်သည် ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတ၊ ဣဒ္ဓိဝိဓ၊ ပုဗ္ဗေနိဝါသာနုဿတိ၊ အနာဂတံသ ကုသိုလ်အဘိညာဉ်အားဖြင့် ငါးပါး အပြားရှိ၏။ ထိုတွင် ဒိဗ္ဗစက္ခု ကုသိုလ်အဘိညာဉ်အား ပစ္စည်းတပ်ဟန်ကား ဒိဗ္ဗစက္ခု ကုသိုလ် အဘိညာဉ်ကို ရပြီးသော တိဟိတ် ကာမ-ရူပ သေက္ခပုဂ္ဂိုလ်သည် ဒူရ အာသန္န ပဋိစ္ဆန္န သဏှ သုခုမ ဖြစ်သော ပစ္စုပ္ပန်ရူပါရုံကို မြင်ခြင်းငှာ အလိုရှိသည်ဖြစ်၍ ပါဒကဖြစ်သော ရူပါဝစရ ကုသိုလ်ပဥ္စမဈာန်ကို ဝင်စားလိုလတ်သည်ရှိသော် ဘဝင် (လ) ချုပ်၏။

ဤဝီထိစိတ္တုပ္ပါဒ်တို့ဖြင့် ဒူရ (လ)ရုံကို မြင်စေခြင်းငှာ အခြေပြု၏။ ထို့နောင် 'ဣမံ ရူပံ ပဿာမိ၊ ဣမံ ရူပံ ပဿာမိ' ဟု ဆောက်တည်သော အားဖြင့် အဓိဋ္ဌာန်ဇော ဝီထိစိတ္တုပ္ပါဒ် ဖြစ်လိုလတ်သည်ရှိသော် ဘဝင် (လ) ချုပ်၏။ ဤဝီထိစိတ္တုပ္ပါဒ်တို့ဖြင့် ဒူရ (လ)ရုံကို မြင်စေသောဟု ဆောက်တည်ခြင်းကို ပြု၏။ တဖန် ပါဒကဝီထိ ဤဝီထိစိတ္တုပ္ပါဒ်တို့ဖြင့် (လ)တဖန် အခြေပြု၏။ ထို့နောင် အဓိဋ္ဌာတဗ္ဗ ဖြစ်သော ဒူရ (လ)ရုံကို အာရုံပြု၍ ဒိဗ္ဗစက္ခု ကုသိုလ်အဘိညာဉ်ဇော (လ)ရှိသော် ဘဝင် (လ) ချုပ်၏။

ဤဝီထိစိတ္တုပ္ပါဒ်တို့ဖြင့် ဒူရ (လ)ရုံကို မြင်၏။ ထို့နောင် ဒိဗ္ဗစက္ခု ကုသိုလ်အဘိညာဉ်သည် မြင်အပ်သော ဒူရ (လ)ရုံကို ဆင်ခြင်လိုလတ်

သည်ရှိသော် ဘဝင် (လ) ချုပ်၏။ ဤဝီထိစိတ္တုပ္ပါဒ်တို့ဖြင့် ဒိဗ္ဗစက္ခု ကုသိုလ်အဘိညာဉ်သည် မြင်အပ်သော ဒူရ (လ)ရုံကို ဆင်ခြင်၏။

ဒိဗ္ဗသောတ ကုသိုလ်အဘိညာဉ်အား ပစ္စည်းတပ်ဟန်ကား- ဒိဗ္ဗသောတ ကုသိုလ်အဘိညာဉ်ကို ရပြီးသော တိဟိတ် ကာမ-ရူပသေက္ခ ပုဂ္ဂိုလ်သည် ဒူရ အာသန္န ပဋိစ္ဆန္န သဏှ သုခုမ ဖြစ်သော ပစ္စုပ္ပန် သဒ္ဒါရုံကို ကြားခြင်းငှာ အလိုရှိသည်ဖြစ်၍ ပါဒက (လ) ဝင်စားလိုလတ် သည်ရှိသော် ဒိဗ္ဗစက္ခုကို နည်းမှီ၍ ချလေ။

'ဣမံသဒ္ဒံ သုဏာမိ၊ ဣမံသဒ္ဒံ သုဏာမိ'ဟု ဆောက်တည်လေ။ ငါးဝီထိချ။ ဣဒ္ဓိဝိဓ ကုသိုလ်အဘိညာဉ်အား ပစ္စည်းတပ်ဟန်ကား- ဣဒ္ဓိဝိဓ ကုသိုလ်အဘိညာဉ်ကို ရပြီးသော တိဟိတ် ကာမ-ရူပ သေက္ခ ပုဂ္ဂိုလ်သည် သတသဟဿ အစရှိသော နိမ္မိတရုပ်ကို ဖန်ဆင်းခြင်းငှာ အလိုရှိသည်ဖြစ်၍ ပါဒက (လ) ဝင်စားလိုလတ်သည်ရှိသော် ဘဝင် (လ) ချုပ်၏။ ပထဝီကသိုဏ်း ပညတ်နိမိတ်ကို အာရုံပြုလေ။

ဤဝီထိ စိတ္တုပ္ပါဒ်တို့ဖြင့် သတသဟဿ အစရှိသော နိမ္မိတရုပ်ကို ဖြစ်စေခြင်းငှာ အခြေပြု၏။ ထို့နောင် 'သတံ ဟောမိ၊ သဟဿံ ဟောမိ'ဟု ဆောက်တည်သောအားဖြင့် အဓိဋ္ဌာန်ဇော ဝီထိစိတ္တုပ္ပါဒ် ဖြစ်လိုလတ် သည်ရှိသော် ဘဝင် (လ) ချုပ်၏။ ဤဝီထိစိတ္တုပ္ပါဒ်တို့ဖြင့် သတသဟဿ အစရှိသော နိမ္မိတရုပ်ကို ဖြစ်စေသောဟု ဆောက်တည်ခြင်းကို ပြု၏။ ထို့နောင် ပါဒက (လ) တဖန် ဝင်စားလိုလတ်သည်ရှိသော် ရှေးနည်းတူ ချ။ ဤဝီထိ စိတ္တုပ္ပါဒ်တို့ဖြင့် သတသဟဿ အစရှိသော နိမ္မိတရုပ်ကို ဖန်ဆင်းခြင်းငှာ တဖန် အခြေပြု၏။

ထို့နောင် အဓိဋ္ဌာတဗ္ဗဖြစ်သော သတသဟဿ အစရှိသော နိမ္မိတရုပ်ကို အာရုံပြု၍ ဣဒ္ဓိဝိဓ ကုသိုလ်အဘိညာဉ် ဇော ဝီထိစိတ္တုပ္ပါဒ် ဖြစ်လိုလတ်သည်ရှိသော် ဘဝင် (လ) ချုပ်၏။ ဤဝီထိစိတ္တုပ္ပါဒ်တို့ဖြင့်

သတသဟာသ အစရှိသော နိမိတ်ရုပ်ကို ဖြစ်စေ၏။ ထို့နောင် ဣဒ္ဓိဝိဓ ကုသိုလ်အဘိညာဉ်သည် ဖြစ်စေအပ်သော သတသဟာသ အစရှိသော နိမိတ်ရုပ်ကို ဆင်ခြင်လိုလတ်သည်ရှိသော် ဘဝင် (လ)ချုပ်၏။ ဤဝီထိစိတ္တုပ္ပါဒ်တို့ဖြင့် သတသဟာသ အစရှိသော နိမိတ်ရုပ်ကို ဆင်ခြင်၏။

ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ် ငါးဝီထိချ။ 'ပုဗ္ဗေနိဝုဋ္ဌ ခန္ဓ ဇာနာမိ၊ ပုဗ္ဗေနိဝုဋ္ဌ ခန္ဓ ဇာနာမိ'ဟု ဆိုလေ။ အနာဂတံသ အဘိညာဉ် ငါးဝီထိ ချ။ အနာဂတ်ဖြစ်သော ရုပ် အဇ္ဈတ္တဝီသကို သိခြင်းငှာ အလိုရှိသည် ဖြစ်၍ ဆိုလေ။ 'အနာဂတံ ခန္ဓ ဇာနာမိ၊ အနာဂတံ ခန္ဓ ဇာနာမိ'ဟု ဆိုလေ။ ဤသို့ အစရှိသည်ဖြင့် ဖြစ်သောအခါ ရုပ် အဇ္ဈတ္တဝီသဟု ဆိုအပ်သော အာရမ္မဏပစ္စည်းသည် ရူပကုသိုလ်အား အာရမ္မဏ (လ) ပေ၏။ ရူပကြိယာအား ပစ္စည်းတပ်ရာ၌ ရူပကြိယာသည် ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတ၊ ဣဒ္ဓိဝိဓ၊ ပုဗ္ဗေနိဝါသာနုဿတိ၊ အနာဂတံသ ကြိယာအဘိညာဉ်အားဖြင့် ငါးပါး အပြားရှိ၏။ ရူပကုသိုလ်နည်းကိုမှီ၍ ငါးဝီထိစီ ချလေ။ ရဟန္တာပုဂ္ဂိုလ် ကြိယာဇော ဆိုရုံမျှသာ ထူးတော့သည်။ ဤသို့ အစရှိသည်ဖြင့် ဆိုလေ။

(ရုပ်အဇ္ဈတ္တဝီသ ပြီး၏။)

(၂၁) နိဗ္ဗာန်ဟု ဆိုအပ်သော အာရမ္မဏပစ္စည်းသည် ကာမကုသိုလ်၊ ကာမကြိယာ၊ ရူပကုသိုလ်၊ ရူပကြိယာ၊ လောကုတ္တရာ ကုသိုလ်၊ လောကုတ္တရာ ဝိပါက်၊ ဤ(၆)ရာသီတို့အား အာရမ္မဏ (လ) ပေ၏။ ထိုတွင် ကာမကုသိုလ်အား ပစ္စည်းတပ်ဟန်ကား ကာမ-ရူပ-အရူပ သေက္ခပုဂ္ဂိုလ်သည် အောက်မဂ် အောက်ဖိုလ်၏ အာရုံဖြစ်သော နိဗ္ဗာန်ကို ဆင်ခြင်လိုလတ်သည်ရှိသော် -

ဘဝင်ဘဝင်၊ ဘဝင်္ဂစလန၊ ဘဝုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ် ဉာဏသမ္ပယုတ် လေးခုတို့တွင် တစ်ခုခုသည် ပစ္စဝေက္ခဏာ

ဇော ခုနစ်ကြိမ်၊ ထို့နောင် ဘဝင် (လ) ချုပ်၏။ ကာမကြိယာအား ပစ္စည်းတပ်ဟန်ကား ကာမ-ရူပ-အရူပ ရဟန္တာပုဂ္ဂိုလ်သည် အရဟတ္တမဂ် အရဟတ္တဖိုလ်၏ အာရုံဖြစ်သော နိဗ္ဗာန်ကို ဆင်ခြင်လိုလတ်သည်ရှိသော် ကုသိုလ်ကို နည်းမှီ၍ ဆို။ မဟာကြိယာ ဉာဏသမ္ပယုတ် လေးခုတို့တွင် တစ်ခုခု ချလေ။

ရူပကုသိုလ်အား ပစ္စည်းတပ်ရာ၌ ရူပကုသိုလ်သည် ပုဗ္ဗေနိဝါသာနုဿတိ၊ အနာဂတံသ ကုသိုလ်အဘိညာဉ်အားဖြင့် နှစ်ပါး အပြားရှိ၏။ ထိုတွင် ပုဗ္ဗေနိဝါသာနုဿတိ ကုသိုလ်အဘိညာဉ်အား ပစ္စည်း တပ်ဟန်ကား ပုဗ္ဗေနိဝါသာနုဿတိ ကုသိုလ်အဘိညာဉ်ကို ရပြီးသော ကာမ-ရူပ သေက္ခပုဂ္ဂိုလ်သည် ခန္ဓာငါးပါးမှလျှောက်၍ သိအပ်သော နိဗ္ဗာန်ကိုသိခြင်းငှာ အလိုရှိသည်ဖြစ်၍ ပါဒက (လ)ရှိသော် ဘဝင် (လ) ချုပ်၏။ ဤဝီထိစိတ္တုပ္ပါဒ်တို့ဖြင့် ခန္ဓာငါးပါးမှလျှောက်၍ သိအပ်သော နိဗ္ဗာန်ကို မြင်ခြင်းငှာ အခြေပြု၏။

ထို့နောင် 'အသင်္ခတံ နိဗ္ဗာနံ ဇာနာမိ၊ အသင်္ခတံ နိဗ္ဗာနံ ဇာနာမိ' ဟု ဆောက်တည်သောအားဖြင့် အဓိဋ္ဌာန်ဇော ဝီထိစိတ္တုပ္ပါဒ် ဖြစ်လိုလတ် သည်ရှိသော် ဘဝင် (လ) ချုပ်၏။ ဤဝီထိစိတ္တုပ္ပါဒ်တို့ဖြင့် ခန္ဓာငါးပါးမှ လျှောက်၍ သိအပ်သော နိဗ္ဗာန်ကိုသိစေသောဟု ဆောက်တည်ခြင်းကို ပြု၏။ ထို့နောင် ပါဒက (လ) တဖန် ဝင်စားလိုလတ်သည်ရှိသော် အထက်ပါဒကနှင့် နည်းတူ ချ။ ဤဝီထိ စိတ္တုပ္ပါဒ်တို့ဖြင့် (လ) တဖန် အခြေပြု၏။

ထို့နောင် အဓိဋ္ဌာတဗ္ဗ ဖြစ်သော ခန္ဓာငါးပါးမှလျှောက်၍ သိအပ်သော နိဗ္ဗာန်ကို အာရုံပြု၍ ပုဗ္ဗေနိဝါသာနုဿတိ ကုသိုလ်အဘိညာဉ်ဇော ဝီထိစိတ္တုပ္ပါဒ် ဖြစ်လိုလတ်သည်ရှိသော် ဘဝင် (လ) ချုပ်၏။ ဤဝီထိ စိတ္တုပ္ပါဒ်တို့ဖြင့် ခန္ဓာငါးပါးမှလျှောက်၍ သိအပ်သော နိဗ္ဗာန်ကို သိ၏။

ထိုနောင် ပုဗ္ဗေနိဝါသာနုဿတိ ကုသိုလ်အဘိညာဉ်သည် သိအပ်သော နိဗ္ဗာန်ကို ဆင်ခြင်လိုလတ်သည်ရှိသော် ဘဝင်ဘဝင် (လ) ချုပ်၏။ ဤဝီထိစိတ္တုပ္ပါဒ်တို့ဖြင့် ပုဗ္ဗေနိဝါသာနုဿတိ ကုသိုလ်အဘိညာဉ်သည် သိအပ်သော နိဗ္ဗာန်ကို ဆင်ခြင်၏။

အနာဂတံသ ကုသိုလ်အဘိညာဉ်အား ပစ္စည်းတပ်ဟန်ကား အနာဂတ်ဖြစ်သော ခန္ဓာငါးပါးမှလျှောက်၍ သိအပ်သော နိဗ္ဗာန်ကို မြင်ခြင်းငှာ အလိုရှိသည်ဖြစ်၍ ပါဒက (လ) ရှိသော် ငါးဝီထိ ချလေ။ ဤသို့ အစရှိသည်ဖြင့် ဆိုလေ။ ရူပကြိယာအား ပစ္စည်းတပ်ရာ၌ ရူပကြိယာသည် ပုဗ္ဗေနိဝါသာနုဿတိ၊ အနာဂတံသ ကြိယာအဘိညာဉ် အားဖြင့် နှစ်ပါး အပြားရှိ၏။ ၎င်းနှစ်ပါးမှာလည်း ကုသိုလ်ကို နည်းမှီ၍ ငါးဝီထိစီ ချလေ။ ဤသို့ အစရှိသည်ဖြင့် ဆိုလေ။

လောကုတ္တရာ ကုသိုလ်အား ပစ္စည်းတပ်ဟန်ကား သောတာပတ္တိမဂ်ကိုရခြင်းငှာ အလိုရှိသော တိဟိတ် ကာမ-ရူပပုဂ္ဂိုလ်သည် သောတာပတ္တိမဂ် သောတာပတ္တိဖိုလ်ကို ရခြင်းငှာ အလိုရှိသည်ဖြစ်၍ လောကီစိတ် ဧကာသီတိ၊ စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌဝီသဟု ဆိုအပ်သော တေဘူမက သင်္ခါရတို့တွင် တစ်ပါးပါးကို မှတ်သားနှလုံးသွင်း၍ သဗ္ဗေ သင်္ခါရာ အနိစ္စာ၊ သဗ္ဗေ သင်္ခါရာ ဒုက္ခာ၊ သဗ္ဗေ ဓမ္မာ အနတ္တာ အစရှိသည်ဖြင့် အဖန်တလဲလဲ စီးဖြန်းဖန်များ၍ သောတာပတ္တိမဂ် သောတာပတ္တိဖိုလ်ကို ရလိုလတ်သည်ရှိသော် ဟေတုကို နည်းမှီ၍ သောတာပတ္တိ မဂ္ဂဝီထိ၊ သကဒါဂါမိမဂ္ဂ၊ အနာဂါမိမဂ္ဂ၊ အရဟတ္တမဂ္ဂ ဝီထိတို့ကို ချလေ။ ဤသို့ အစရှိသည်ဖြင့် ဆိုလေ။

လောကုတ္တရာ ဝိပါက်အား ပစ္စည်းတပ်ဟန်ကား သောတာပတ္တိမဂ် သောတာပတ္တိဖိုလ်ကို ရခြင်းငှာ အလိုရှိသော တိဟိတ် ကာမ-ရူပပုဂ္ဂိုလ်သည် မဂ္ဂ လေးဝီထိ၊ ဖလသမာပတ္တိ လေးဝီထိတို့ကို ချ။ ဤသို့

အစရှိသည်ဖြင့် ဆိုလေ။

(နိဗ္ဗာန် ပြီး၏။)

(၂၂) ပညတ်ဟု ဆိုအပ်သော အာရမ္မဏပစ္စည်းသည် အကုသိုလ်၊ ကာမကုသိုလ်၊ ကာမကြိယာ၊ ရူပကုသိုလ်၊ ရူပဝိပါက်၊ ရူပကြိယာ၊ အရူပကုသိုလ်၊ အရူပဝိပါက်၊ အရူပကြိယာ၊ ဤ (၉) ရာသီတို့အား အာရမ္မဏ (လ) ပေ၏။ ထိုတွင် အကုသိုလ်အား ပစ္စည်းတပ်ဟန်ကား အမည် အမျိုး အစရှိသော ပညတ်ကို အာရုံပြု၍ အကုသိုလ်ဇော ဝီထိ စိတ္တုပ္ပါဒ် ဖြစ်လိုလတ်သည်ရှိသော် ဘဝင် (လ) ချုပ်၏။ မနောဒွါရ ဝီထိ ချ။ ကာမကုသိုလ်၊ ကာမကြိယာတို့မှာလည်း ၎င်းနည်းတူ ချလေ။

ရူပကုသိုလ်အား ပစ္စည်းတပ်ရာ၌ ရူပကုသိုလ်သည် ပထမဈာန် (လ) ပဉ္စမဈာန်အားဖြင့် ငါးပါး အပြားရှိ၏။ ထိုတွင် ပထမဈာန်အား ပစ္စည်းတပ်ဟန်ကား ရူပါဝစရ ပထမဈာန်ကိုရခြင်းငှာ အလိုရှိသော တိဟိတ် ကာမပုဂ္ဂိုလ်သည် ရူပါဝစရ ပထမဈာန်ကို ရခြင်းငှာ အလိုရှိသည်ဖြစ်၍ ကသိုဏ်းပညတ်(၁၀)ပါး၊ အသုဘပညတ်(၁၀)ပါး၊ ကာယဂတာသတိ၏ အာရုံဖြစ်သော ဆံ အစရှိသော ကာယအစု ပညတ်၊ အာနာပါနဿတိ၏ အာရုံဖြစ်သော ထွက်သက်ဝင်သက် ပညတ်၊ မေတ္တာ ကရုဏာ မုဒိတာဟုဆိုအပ်သော ဗြဟ္မဝိဟာရတရား သုံးပါး၏ အာရုံ ဖြစ်သော အတိုင်းမသိသော သတ္တဝါပညတ် ဤ(၂၅)ပါးသော ပညတ် ပဋိဘာဂနိမိတ်ကို အာရုံပြု၍ 'ပထဝီပထဝီ, အာပေါအာပေါ' အစရှိသည်ဖြင့် စီးဖြန်းဖန်များ၍ ရူပါဝစရ ကုသိုလ်ပထမဈာန်ကို ရလိုလတ်သည်ရှိသော် ဘဝင် (လ) အာဒိကမ္မိက ချ။

ရူပါဝစရ ကုသိုလ်ပထမဈာန်ကို ရပြီးသော တိဟိတ် ကာမ-ရူပ ပထမဈာန်ပုဂ္ဂိုလ်သည် မိမိရပြီးသော ရူပါဝစရ ကုသိုလ်ပထမဈာန်ကို သမာပဇ္ဇနဝသီ၊ အဓိဋ္ဌာနဝသီ၊ ဝုဋ္ဌာနဝသီဘော်တို့ဖြင့် အလေ့အလာပြု၍

ဝင်စားလိုလတ်သည်ရှိသော် သမာပတ္တိ ဝီထိချလေ။ ဤကိုမှီ၍ (၁၄)ပါးသော ပညတ်ကို အာရုံပြုပြီးလျှင် ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်၊ အာဒိကမ္မိက၊ သမာပဇ္ဇနဝီထိ အသီးသီးချ။ (၁၂)ပါးသော ပညတ်ကို အာရုံပြု၍ ပဉ္စမဈာန် အာဒိကမ္မိက၊ သမာပဇ္ဇနဝီထိ ချလေ။ ဤသို့ အစရှိသည်ဖြင့် ဖြစ်သောအခါ ပညတ်ဟုဆိုအပ်သော (လ) ရူပကုသိုလ်အား (လ) ပြုပေ၏။

ရူပဝိပါက်အား ပစ္စည်းတပ်ရာ၌ ရူပဝိပါက်သည် ပထမဈာန် (လ) ပဉ္စမဈာန် ဝိပါက်အားဖြင့် ငါးပါး အပြားရှိ၏။ ထိုတွင် ပထမဈာန် ဝိပါက်အား ပစ္စည်းတပ်ဟန်ကား ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပါဝစရ ဆယ်ဘုံမှစုတေ၍ ပထမဈာန်ဘုံ၌ ပဋိသန္ဓေ နေလတ္တံ့သော ပုဂ္ဂိုလ်၏ ဝိသယပဝတ္တိ၊ ကာမသုဂတိခုနစ်ဘုံမှ စုတေ၍ ရူပပထမဈာန်ဘုံ၌ (လ) ဝိသယပဝတ္တိအားဖြင့် နှစ်ပါး အပြားရှိ၏။ ထိုတွင် ဝေဟပ္ဖိုလ်တိုင်အောင် သော ရူပ ဆယ်ဘုံမှစုတေ၍ (လ) ဝိသယပဝတ္တိသည်လည်း ဓောနောင်စုတိ၊ ဓောနောင်ဘဝင် ဘဝင်နောင်စုတိအားဖြင့် နှစ်ပါး အပြား ရှိ၏။ ထိုတွင် ဓောနောင်စုတိ ဖြစ်ဟန်ကား ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပ ဆယ်ဘုံ၌ ထင်ရှားရှိသောဘဝမှ ရွေ့လျောသောအားဖြင့် ပစ္စုပ္ပန်ဘဝ၏ အဆုံး စုတိကျ၍ ပထမဈာန်ဘုံ၌ ပဋိသန္ဓေ နေလိုလတ်သည်ရှိသော် နောက်ဝီထိများ နည်းမှီ၍ မရဏာသန္န ချလေ။ ဒုတိယဈာန် အစရှိသည်တို့မှာလည်း ဤနည်းကိုမှီ၍ အသီးသီးချလေ။ ဤသို့ အစရှိသည်ဖြင့် ဆိုလေ။

ရူပကြိယာအား ပစ္စည်းတပ်ရာ၌ ရူပကြိယာသည် ပထမဈာန် (လ) ပဉ္စမဈာန်အားဖြင့် ငါးပါး အပြားရှိ၏။ ယင်းငါးပါးလည်း ရဟန္တာပုဂ္ဂိုလ်ဆို၊ ကုသိုလ်ကိုမှီ၍ ချလေ။ ဤသို့ အစရှိသည်ဖြင့် ဆိုလေ။

အရူပကုသိုလ်အား ပစ္စည်းတပ်ရာ၌ အရူပကုသိုလ်သည်

အာကာသာနဉ္စာယတနကုသိုလ်၊ အာကိဉ္စညာယတနကုသိုလ် အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင် အာကာသာနဉ္စာယတန ကုသိုလ်အား ပစ္စည်းတပ်ဟန်ကား အာဒိကမ္မိက၊ သမာပဇ္ဇနဝီထိ (၂)ပါး ချလေ။ အာကိဉ္စညာယတန ကုသိုလ်မှာလည်း နည်းတူပင်။

အရူပဝိပါက်အား ပစ္စည်းတပ်ရာ၌ အရူပဝိပါက်သည်လည်း အာကာသာနဉ္စာယတန ဝိပါက်၊ အာကိဉ္စညာယတန ဝိပါက်အားဖြင့် နှစ်ပါး အပြားရှိ၏။ ထိုတွင် အာကာသာနဉ္စာယတန ဝိပါက်အား ပစ္စည်းတပ်ဟန်ကား အာကာသာနဉ္စာယတနဘုံမှ စုတေ၍ အာကာသာနဉ္စာယတန ဘုံ၌ ပဋိသန္ဓေ နေလတ္တံ့သောပုဂ္ဂိုလ်၏ ဝိသယပဝတ္တိ၊ ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပဆယ်ဘုံမှ စုတေ၍ အာကာသာ (လ) ဝိသယပဝတ္တိ၊ ကာမသုဂတိ ခုနစ်ဘုံမှ စုတေ၍ အာကာသာ (လ) ဝိသယပဝတ္တိအားဖြင့် သုံးပါး အပြားရှိ၏။

ထိုတွင် အာကာသာနဉ္စာယတနဘုံမှ စုတေ၍ (လ) ဝိသယပဝတ္တိ သည်လည်း ဇောနှောင်စုတိ၊ ဇောနှောင်ဘဝင် ဘဝင်နှောင်စုတိအားဖြင့် နှစ်ပါး အပြားရှိ၏။ ထိုတွင် ဇောနှောင်စုတိ ဖြစ်ဟန်ကား ဟောတုကို နည်းမှီ၍ မရဏာသန္နဝီထိ ချလေ။ အာကိဉ္စညာယတန ဝိပါက်မှာလည်း ဤနည်းတူ ဝေဖန်၍ချလေ။ ဤသို့ အစရှိသည်ဖြင့် ဆိုလေ။ အရူပကြိယာ အား ပစ္စည်းတပ်ရာ၌ အရူပကြိယာသည် အာကာသနဉ္စာယတနကြိယာ၊ အာကိဉ္စညာယတနကြိယာအားဖြင့် နှစ်ပါးအပြားရှိ၏။ ၎င်းနှစ်ပါးမှာလည်း ကုသိုလ်ကို မှီ၍ ချလေ။ ဤသို့ အစရှိသည်ဖြင့် ဆိုလေ။

(ပညတ် ပြီး၏။)

အာရမ္မဏရာသီစု ပြီးပြီ။

ဟောတု၊ အာရမ္မဏ ပစ္စည်းနှစ်ပါးကိုသာ ရာသီစုပြရခြင်း

မှတ်ချက်။ ။ ရာသီစုဟူသည်ကား အခြားမဟုတ်။ ပဋ္ဌာဝါရ ပါဠိတော်၌ 'ကုသလော၊ ကုသလဿ'အစရှိသော ဝိဘင်းသချာမှာ 'ကုသလော' ဟူသော ကဏ္ဍားသည် ပစ္စည်း၊ 'ကုသလဿ'ဟူသော သမ္ပဒါန်သည် ပစ္စယုပ္ပန်၊ 'ဟေတုပစ္စယေန' အစရှိသော ကရိဏ်းပါဒ်သည် အမျိုးတူရာ၌ ယထာရဟ ကျေးဇူးပြုသော ပစ္စည်းတို့တည်း။

ဤသို့ ပစ္စည်း ပစ္စယုပ္ပန် အဖြစ်ဖြင့် ကျေးဇူးပြုကြသောအခါ မည်သည့် ဝိထိစိတ္တုပ္ပါဒ်ဖြစ်၍ ကျေးဇူးပြုကြသည်တို့ကို သိစေရန်အလို့ငှာ ရာသီစုရခြင်း ဖြစ်သောကြောင့် ဟေတုပစ္စည်း၊ အာရမ္မဏပစ္စည်း နှစ်ပါးကို ရာသီစု၍ ပြလိုက်ပါက အလုံးစုံသော ဝိထိစိတ္တုပ္ပါဒ်တို့ စုံလင်ပြီဖြစ်၍ ဤနှစ်ပစ္စည်းတွင်သာ ဆရာကြီး သင်ရိုးချရိုး ပြုလေသည်။ ဆိုရိုးစကားများကို ပြင်ဆင်၍ ချပို့သည်တို့ကား ငါတကော ကောလို၍မဟုတ်ပေ။

အကျယ် ဆိုရိုးကြီးအတိုင်း ချပို့ခြင်း ပြုလုပ်နေပါလျှင် ဘေးရန်ထူပြော ဆုတ်ကပ်တောအတွင်း၌ စာသင်သားတို့မှာ တစ်နှစ်မှာ (၆)လ တောင် ကောင်းကောင်းမျှ မသင်ကြားရပေ။ သို့ပါသောကြောင့် အဘိဓမ္မာ ညဝါကို လိုရင်းအတိုချုပ် ထုတ်နုတ်၍ ဖြတ်လမ်းသွားပုံ သွားနည်း စီစဉ်လျက် (၁၂)လစေ့ရောက်က ဉာဏ်အလတ်စားရှိသူတို့ ညဝါဘက် ဆိုင်ရာ မာတိကာအစ ပဋ္ဌာန်းထိအောင်ကုန်စေရမည်။ ဉာဏ်ထက်မြက်ပါက ရှစ်လနှင့်ကုန်စေရမည်ဟု ဆရာကြီးရှိစဉ် မှာထားခဲ့ရင်းရှိသောကြောင့် ဤမျှသာ ချရိုးဆိုရိုး ပြုကုန်ရာသည်။

မင်္ဂလာရာသီစု ပြီး၏။

ဝိဘင်းသန်ချာထုတ်ပုံ

(၁) ဤပဋ္ဌာဝါရ၌ ပစ္စည်းမျိုး ရှစ်ပါးတို့တွင် သက်သက် တစ်မျိုး တစ်မျိုးကို လည်းကောင်း၊ ရော၍ လည်းကောင်း သန်ချာထုတ်ပုံကို ဆိုပေအံ့- အာရမ္မဏမျိုး သက်သက်၌ ဝိဘင်းသန်ချာ ထုတ်သော်ကား- နဝသန်ချာတည်း။ ဤ နဝသန်ချာကား- အလွန်ကိုဆိုသည်။ ပစ္စည်းသို့ လိုက်၍ နဝသန်ချာမှ အလျော့ရှိသေး၏။

နဝသန်ချာ ဟူသော်ကား-ကုသလပဒမူ၌ ကုသလော ကုသလဿ၊ ကုသလော အကုသလဿ၊ ကုသလော အဗျာကတဿ၊ သုံးပါး။ အကုသလပဒမူ၌ အကုသလော အကုသလဿ၊ အကုသလော ကုသလဿ၊ အကုသလော အဗျာကတဿ သုံးပါး။ အဗျာကတပဒမူ၌ အဗျာကတော အဗျာကတဿ၊ အဗျာကတော ကုသလဿ၊ အဗျာကတော အကုသလဿ၊ ဟူ၍သုံးပါး။ ဤသို့လျှင် နဝသန်ချာ ဖြစ်သတည်း။

(၂) သဟဇာတမျိုး သက်သက်၌ ဝိဘင်းသန်ချာ ထုတ်သော်ကား- နဝတည်း။ ဤ နဝသန်ချာကား-အလွန်ကိုဆိုသည်။ ပစ္စည်းသို့ လိုက်၍ အလျော့လည်း ရှိသေး၏။

နဝသန်ချာကား-ကုသလပဒမူ၌ ကုသလော ကုသလဿ၊ ကုသလော အဗျာကတဿ၊ ကုသလော ကုသလာဗျာကတဿ၊ သုံးပါး။ အကုသလပဒမူ၌ ဤနည်းတူ သုံးပါး။ အဗျာကတပဒမူ၌ အဗျာကတော အဗျာကတဿ၊ ဟူ၍တစ်ပါး။ ကုသလာဗျာကတပဒမူ၌ ကုသလာ-ဗျာကတော အဗျာကတဿ၊ တစ်ပါး။ အကုသလာဗျာကတပဒမူ၌ အကုသလာဗျာကတော အဗျာကတဿ၊ တစ်ပါး။ ဤသို့လျှင် နဝသန်ချာ ဖြစ်သတည်း။

(၃) ဥပနိဿယသည် အနန္တရူပနိဿယမျိုး၊ ပကတူပနိဿယမျိုး အားဖြင့် နှစ်ပါး အပြားရှိ၏။ ထိုတွင် အနန္တရူပမျိုး သက်သက်၌ ဝိဘင်းသင်္ချာထုတ်သော်ကား-သတ္တတည်း။ ဤကား အလွန်ကိုဆိုသည်။ အလျော့လည်း ရှိသေး၏။ သတ္တဟူသော်ကား-ကုသလပဒမူ၌ ကုသလော ကုသလဿ၊ ကုသလော အဗျာကတဿ၊ နှစ်ပါး။ အကုသလပဒမူ၌ အကုသလော အကုသလဿ၊ အကုသလော အဗျာကတဿ၊ နှစ်ပါး။ အဗျာကတပဒမူ၌ အဗျာကတော အဗျာကတဿ၊ အဗျာကတော ကုသလဿ၊ အဗျာကတော အကုသလဿ၊ သုံးပါး။ ဤသို့လျှင် သတ္တသင်္ချာ ဖြစ်သတည်း။

(၄) ပကတူပမျိုး သက်သက်၌ ဝိဘင်းသင်္ချာ ထုတ်သော်ကား-အာရမ္မဏမျိုး နဝသင်္ချာနှင့် တူ၏။

(၅) ဝတ္ထုမျိုး သက်သက်၌ ဝိဘင်းသင်္ချာ ထုတ်သော်ကား-တိကတည်း။ တိကဟူသော်ကား-အဗျာကတပဒမူ၌ အဗျာကတော အဗျာကတဿ၊ အဗျာကတော ကုသလဿ၊ အဗျာကတော အကုသလဿ၊ သုံးပါး။ ဤသို့လျှင် တိကသင်္ချာ ဖြစ်သတည်း။

(၆) ပစ္ဆာဇာတမျိုး သက်သက်၌ ဝိဘင်းသင်္ချာ ထုတ်သော်ကား-တိကတည်း။ တိကဟူသော်ကား-ကုသလပဒမူ၌ ကုသလော အဗျာကတဿ၊ တစ်ပါး။ အကုသလပဒမူ၌ အကုသလော အဗျာကတဿ၊ တစ်ပါး။ အဗျာကတပဒမူ၌ အဗျာကတော အဗျာကတဿ၊ တစ်ပါး။ ဤသို့လျှင် တိကသင်္ချာ ဖြစ်သတည်း။

(၇) နာနာက္ခဏိကကမ္မမျိုး သက်သက်၌ ဝိဘင်းသင်္ချာ ထုတ်သော်ကား ဒွေဟူသည်တည်း။ ဒွေဟူသော်ကား-ကုသလပဒမူ၌ ကုသလော အဗျာကတဿ၊ တစ်ပါး။ အကုသလပဒမူ၌ အကုသလော အဗျာကတဿ၊ တစ်ပါး။ ဤသို့လျှင် ဒွေဖြစ်သတည်း။

(၈) ရုပ်အာဟာရမျိုး သက်သက်၌ ဝိဘင်းသချာထုတ်သော်ကား- ကေံတည်း။ ကေံဟူသော်ကား-အဗျာကတော အဗျာကတဿ၊ ဟူ၍ တစ်ပါးတည်း။

(၉) ရုပ်ဇီဝိတိန္ဒြိယမျိုး သက်သက်၌ ဝိဘင်းသချာထုတ်သော် ကား- ကေံတည်း။ ကေံဟူသော်ကား-အဗျာကတော အဗျာကတဿ၊ ဟူ၍ တစ်ပါးတည်း။

(ပစ္စည်းမျိုး တစ်မျိုးတစ်မျိုး၌ ဝိဘင်းသချာထုတ်ပုံ ပြီး၏။)

ပစ္စည်းမျိုးရောရောတို့၌ သချာထုတ်ပုံ

သဘာဂပစ္စည်းတွန်းသောအခါ ပစ္စနိက်၌ များစွာသောပစ္စည်းမျိုးတို့ ပေါင်းစု၍ရသောကြောင့် အလွယ်တကူ ဝိဘင်းသချာ ထုတ်နိုင်စေရန် ပြဆိုဦးအံ့။

အာရုံမျိုး သဟဇာတမျိုး ဝတ္ထုမျိုး၊ ဤသုံးမျိုးရောရာ၌လည်း ကောင်း၊ ပကတူပမျိုး သဟဇာတမျိုး ဝတ္ထုမျိုး၊ ဤသုံးမျိုးရောရာ၌ လည်းကောင်း၊ ဝိဘင်းသချာထုတ်သော်ကား-ပန္နရသ သချာထုတ်ရမည်။

ပန္နရသဟူသော်ကား - ကုသလပဒမူ၌ ကုသလော ကုသလဿ၊ ကုသလော အကုသလဿ၊ ကုသလော အဗျာကတဿ၊ ကုသလော ကုသလာဗျာကတဿ၊ ဟူ၍လေးပါး။ အကုသလပဒမူ၌ အကုသလော အကုသလဿ၊ အကုသလော ကုသလဿ၊ အကုသလော အဗျာကတဿ၊ အကုသလော အကုသလာဗျာကတဿ၊ လေးပါး။ အဗျာကတပဒမူ၌ အဗျာကတော အဗျာကတဿ၊ အဗျာကတော ကုသလဿ၊ အဗျာကတော အကုသလဿ၊ သုံးပါး။ ကုသလာ- ဗျာကတပဒမူ၌ အကုသလာဗျာကတော ကုသလဿ၊ ကုသလာ-

ဗျာကတော အဗျာကတဿ၊ နှစ်ပါး။ အကုသလာဗျာကတပဒမူ၌ အကုသလာဗျာကတော အကုသလဿ၊ အကုသလာဗျာကတော အဗျာကတဿ၊ နှစ်ပါး။ ဤသို့လျှင် ပန္နရသသင်္ချာ ဖြစ်သတည်း။

အာရုံမျိုး သဟဇာတမျိုး ဤနှစ်မျိုးရောရာ၌လည်းကောင်း၊ ပကတူပမျိုး သဟဇာတမျိုး ဤနှစ်မျိုးရောရာ၌လည်းကောင်း၊ သဟဇာတမျိုး ဝတ္ထုမျိုး ဤနှစ်မျိုး ရောရာ၌လည်းကောင်း၊ ဝိဘင်းသင်္ချာ ထုတ်သော်ကား-တေရသသင်္ချာ ထုတ်ရမည်။

အာရုံမျိုး သဟဇာတမျိုး၊ ပကတူပမျိုး သဟဇာတမျိုး၊ ဤနှစ်မျိုး နှစ်မျိုးရောရာ၌ တေရသဟူသော်ကား- ကုသလပဒမူ၌ လေးပါး။ အကုသလပဒမူ၌ လေးပါး။ အဗျာကတပဒမူ၌ သုံးပါး။ ကုသလာ-ဗျာကတပဒမူ၌ အဗျာကတမူလီ တစ်ပါး။ အကုသလာဗျာကတပဒမူ၌ အဗျာကတမူလီ တစ်ပါး။ ဤသို့လျှင် တေရသသင်္ချာ ဖြစ်သတည်း။

သဟဇာတမျိုး ဝတ္ထုမျိုး ရောရာ၌ တေရသဟူသော်ကား-ကုသလပဒမူ၌ ကုသလော အကုသလဿ လျော့၍ သုံးပါး။ အကုသလပဒမူ၌ အကုသလော ကုသလဿ လျော့၍ သုံးပါး။ အဗျာကတပဒမူ၌ သုံးပါး။ ကုသလာဗျာကတပဒမူ၌ နှစ်ပါး။ အကုသလာဗျာကတပဒမူ၌ နှစ်ပါး။ ဤသို့လျှင် တေရသသင်္ချာ ဖြစ်သတည်း။

အာရုံမျိုး ပစ္ဆာဇာတာဟာရမျိုး(၁)။ အာရုံမျိုး ပစ္ဆာဇာတိန္ဒြိယမျိုး (၂)။ အာရုံမျိုး ပစ္ဆာဇာတာဟာရိန္ဒြိယမျိုး(၃)။ ပကတူပမျိုး ပစ္ဆာဇာတာဟာရ မျိုး(၄)။ ပကတူပမျိုး ပစ္ဆာဇာတိန္ဒြိယမျိုး(၅)။ ပကတူပမျိုး ပစ္ဆာဇာတာ-ဟာရိန္ဒြိယမျိုး(၆)။ သဟဇာတမျိုး အနန္တရမျိုး(၇)။ ရောရာ၌ သင်္ချာကား ဧကာဒသ ဟူသည်တည်း။

မျိုးရောရာ ရေ့ခြောက်ခု၌ ဧကာဒသဟူသော်ကား-ကုသလပဒမူ၌

ကုသလော ကုသလာဗျာကတဿ လျှော့၍ သုံးပါး။ အကုသလပဒမူ၌ အကုသလော အကုသလာဗျာကတဿ လျှော့၍ သုံးပါး။ အဗျာကတပဒ မူ၌၊ သုံးပါး။ ကုသလာဗျာကတပဒမူ၌ အဗျာကတမူလီ တစ်ပါး။ အကုသလာဗျာကတပဒမူ၌ အဗျာကတမူလီ တစ်ပါး။ ဤသို့လျှင် ဧကာဒသ ဖြစ်သတည်း။

နောက်ဆုံး (၇)ခုမြောက်၌ ဧကာဒသဟူသော်ကား-ကုသလပဒမူ၌ ကုသလော အကုသလဿ လျှော့၍ သုံးပါး။ အကုသလပဒမူ၌ အကုသလော ကုသလဿ လျှော့၍ သုံးပါး။ အဗျာကတပဒမူ၌ သုံးပါး။ ကုသလာဗျာကတပဒမူ၌ အဗျာကတမူလီ တစ်ပါး။ အကုသလာ-ဗျာကတပဒမူ၌ အဗျာကတမူလီ တစ်ပါး။ ဤသို့လျှင် ဧကာဒသ ဖြစ်သတည်း။

အနန္တရမျိုး ပစ္စာဇာတာဟာရမျိုး ရောရာ၌လည်းကောင်း၊ အနန္တရမျိုး ပစ္စာဇာတိန္ဒြိယမျိုး ရောရာ၌လည်းကောင်း၊ အနန္တရမျိုး ပစ္စာဇာတာဟာရိန္ဒြိယမျိုး ရောရာ၌လည်းကောင်း ဝိဘင်းသချာ ထုတ်သော် ကား နဝဟူသတည်း။ နဝဟူသော်ကား-ကုသလော ကုသလဿ၊ ကုသလော အဗျာကတဿ၊ နှစ်ပါး။ အကုသလော အကုသလဿ၊ အကုသလော အဗျာကတဿ၊ နှစ်ပါး။ အဗျာကတပဒမူ၌ သုံးပါး။ ကုသလာဗျာကတပဒမူ၌ အဗျာကတမူလီ တစ်ပါး။ အကုသလာ-ဗျာကတပဒမူ၌ အဗျာကတမူလီ တစ်ပါး။ဤသို့လျှင် နဝဖြစ်သတည်း။

ဝတ္ထုမျိုး ပစ္စာဇာတာဟာရမျိုး ရောရာ၌လည်းကောင်း၊ ဝတ္ထုမျိုး ပစ္စာဇာတိန္ဒြိယမျိုး ရောရာ၌လည်းကောင်း၊ ဝတ္ထုမျိုး ပစ္စာဇာတာ-ဟာရိန္ဒြိယမျိုး ရောရာ၌လည်းကောင်း ဝိဘင်းသချာထုတ်သော်ကား သတ္တ ဟူသတည်း။ သတ္တဟူသော်ကား-ကုသလော အဗျာကတဿ၊ တစ်ပါး။ အကုသလော အဗျာကတဿ၊ တစ်ပါး။ အဗျာကတပဒမူ၌ သုံးပါး။

ကုသလာဗျာကတပဒမူ၌ အဗျာကတမူလီ တစ်ပါး။ အကုသလာဗျာကတ ပဒမူ၌ အဗျာကတမူလီ တစ်ပါး။ ဤသို့လျှင် သတ္တသချာ ဖြစ်သတည်း။

ဝတ္ထုမျိုး ပစ္ဆာဇာတမျိုး ရောရာ၌လည်းကောင်း၊ ပစ္ဆာဇာတာဟာရ မျိုး ပစ္ဆာဇာတိန္ဒြိယမျိုး ရောရာ၌လည်းကောင်း ဝိဘင်းသချာ ထုတ်သော် ကား ပဥ္စဟူသတည်း။ ဝတ္ထုမျိုး ပစ္ဆာဇာတမျိုး ရောရာ၌ ပဥ္စဟူသော်ကား- ကုသလော အဗျာကတဿ၊ တစ်ပါး။ အကုသလော အဗျာကတဿ၊ တစ်ပါး။ အဗျာကတပဒမူ၌ သုံးပါး။ ဤသို့လျှင် ပဥ္စသချာ ဖြစ်သတည်း။

ပစ္ဆာဇာတာဟာရမျိုး ပစ္ဆာဇာတိန္ဒြိယမျိုး ပစ္ဆာဇာတာဟာရိန္ဒြိယမျိုး ရောရာတို့၌ ပဥ္စဟူသော်ကား-ကုသလော အဗျာကတဿ၊ တစ်ပါး။ အကုသလော အဗျာကတဿ၊ တစ်ပါး။ အဗျာကတော အဗျာကတဿ၊ တစ်ပါး။ ကုသလာဗျာကတပဒမူ၌ အဗျာကတမူလီ တစ်ပါး။ အကုသလာဗျာကတပဒမူ၌ အဗျာကတမူလီ တစ်ပါး။ ဤသို့လျှင် ပဥ္စသချာ ဖြစ်သတည်း။

ကမ္မာဟာရ ကမ္မိန္ဒြိယ ကမ္မာဟာရိန္ဒြိယမျိုး ရောရာ၌ ဝိဘင်း သချာကား-တီဏိတည်း။ တီဏိဟူသော်ကား-ကုသလော အဗျာကတဿ၊ တစ်ပါး။ အကုသလော အဗျာကတဿ၊ တစ်ပါး။ အဗျာကတော အဗျာကတဿ၊ တစ်ပါး။ ဤသို့လျှင် တီဏိသချာ ဖြစ်သတည်း။

ဤဆိုအပ်ခဲ့ပြီးသည်ကား ဥက္ကဋ္ဌနည်းအားဖြင့် အလွန်ကိုပြခြင်းတည်း။ ဩမကနည်းအားဖြင့် ပစ္စည်းတရားသို့လိုက်၍ အလျော့ရှိသေးသည်ကို သိလေဦး။

(ပစ္စည်းမျိုးရောရာတို့၌ သချာထုတ်ပုံ ပြီး၏။)

အမှာစကား။ ။ ပဋိစ္စဝါရ အစရှိသည်တို့၌ 'အကုသလံ ဓမ္မံ ပဋိစ္စ အကုသလော ဓမ္မော ဥပ္ပဇ္ဇတိ န ဟေတုပစ္စယာ' အစရှိသော

ပစ္စနိက်ပါဠိဝိဘင်းကို ဟောတော်မူသကဲ့သို့ ဤပဥ္စာဝါရ ပစ္စနိက်၌ ဝိဘင်းကို ဟောတော်မမူ။ ထိုသို့ ဟောတော်မမူသော်လည်း ထိုပစ္စနိက်လက္ခဏာကို အကျဉ်းအားဖြင့် ပြအံ့သောငှာ သင်္ဂါယနာ ဆရာကြီးတို့သည် ထားတော်မူကုန်၏။

ပစ္စယုဒ္ဓါရထုတ်နည်း

ထိုပစ္စယုဒ္ဓါရ၌ ကုသလပဒ၊ အကုသလပဒ၊ အဗျာကတပဒ၊ ကုသလာဗျာကတပဒ၊ အကုသလာဗျာကတပဒအားဖြင့် ငါးပါးရှိ၏။ ထိုတွင် ကုသလပဒ၌ ပဒါဝသာန၊ ဝါ-မူလီ လေးပါး။ အကုသလပဒ၌ ပဒါဝသာန လေးပါး။ အဗျာကတပဒ၌ ပဒါဝသာန သုံးပါး။ ကုသလာ-ဗျာကတပဒ၌ ပဒါဝသာန နှစ်ပါး။ အကုသလာဗျာကတပဒ၌ ပဒါဝသာန နှစ်ပါး။ ဤသို့ ပန္နရသ ဖြစ်သတည်း။

(၁) 'ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ'၌ ပစ္စည်းမျိုး ထုတ်သော်ကား-အာရမ္မဏ၊ သဟဇာတ၊ ဥပနိဿယ၊ ဤသုံးမျိုးကို ထုတ်အပ်၏။ အာရမ္မဏဖြင့် အာရုံမျိုး ထုတ်သော်ကား-အာရမ္မဏမတ္တ၊ အာရမ္မဏာဓိပတိ၊ အာရမ္မဏူပနိဿယ၊ သုံးပစ္စည်းတည်း။ သဟဇာတဖြင့် သဟဇာတမျိုး ထုတ်သော်ကား-သဟဇာတမတ္တ၊ ဟေတု၊ သဟဇာတာ-ဓိပတိ၊ အညမည၊ သဟဇာတနိဿယ၊ သဟဇာတကမ္မ၊ သဟဇာတာ-ဟာရ၊ သဟဇာတိန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ သမ္ပယုတ္တ၊ သဟဇာတတ္ထိ၊ သဟဇာတအဝိဂတ၊ ဤတစ်ဆယ့်သုံးပစ္စည်းကို ထုတ်အပ်၏။

ဥပနိဿယဖြင့် အနန္တရူပနိဿယမျိုး၊ ပကတူပနိဿယမျိုး၊ ဤနှစ်မျိုးကို ထုတ်အပ်၏။ အနန္တရူပနိဿယဖြင့် အနန္တမျိုးထုတ်သော်ကား-အနန္တရူပနိဿယ၊ အနန္တရ၊ သမနန္တရ၊ အာသေဝန၊ နတ္ထိ၊ ဝိဂတ၊ ဤခြောက်ပစ္စည်းကို ထုတ်အပ်၏။ ပကတူပနိဿယဖြင့် ပကတူပမျိုး

ထုတ်သော်ကား- ပကတူပနိဿယ တစ်ပစ္စည်းတည်း။ (၂၄-ပစ္စည်းဖြင့် ထုတ်သော်ကား- ပုရေဇာတ၊ ပစ္ဆာဇာတ၊ ဝိပါက၊ ဝိပ္ပယုတ္တမှတစ်ပါး ကြွင်းသောပစ္စည်း နှစ်ဆယ်တို့ဖြင့် ထုတ်ပြအပ်၏။ ပစ္စယုဒ္ဒါရ၌ မပါသော်လည်း ဉာဏဝဓုဏ္ဏမျှ ထည့်သည်။)

(၂) 'ကုသလော ဓမ္မော အကုသလဿ ဓမ္မဿ'၌ ပစ္စည်းမျိုး ထုတ်သော်ကား-အာရမ္မဏ၊ ဥပနိဿယ၊ ဤနှစ်မျိုးကို ထုတ်အပ်၏။ အာရမ္မဏဖြင့် အာရုံမျိုး ထုတ်သော်ကား-အာရမ္မဏ၊ အာရမ္မဏာဓိပတိ၊ အာရမ္မဏူပနိဿယ၊ ဤသုံးပစ္စည်းတည်း။ ဥပနိဿယဖြင့် ပစ္စည်းမျိုး ထုတ်သော်ကား-ပကတူပနိဿယ တစ်ပစ္စည်းတည်း။ (၂၄-ပစ္စည်းဖြင့် ထုတ်သော်ကား-အာရမ္မဏ၊ အဓိပတိ၊ ဥပနိဿယ၊ သုံးပစ္စည်းကို ထုတ်အပ်၏။)

(၃) 'ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ'၌ ပစ္စည်းမျိုး ထုတ်သော်ကား-အာရမ္မဏ၊ သဟဇာတ၊ ဥပနိဿယ၊ ပစ္ဆာဇာတ၊ ကမ္မ၊ ဤငါးမျိုးကို ထုတ်အပ်၏။ အာရမ္မဏဖြင့် အာရုံမျိုး ထုတ်သော်ကား-အာရမ္မဏ၊ အာရမ္မဏာဓိပတိ၊ အာရမ္မဏူပနိဿယ၊ ဤသုံးပစ္စည်းတည်း။ သဟဇာတဖြင့် သဟဇာတမျိုး ထုတ်သော်ကား-သဟဇာတမတ္တ၊ ဟေတု၊ သဟဇာတာဓိပတိ၊ သဟဇာတနိဿယ၊ သဟဇာတကမ္မ၊ သဟဇာတာဟာရ၊ သဟဇာတိန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ သဟဇာတဝိပ္ပယုတ္တ၊ သဟဇာတတ္ထိ၊ သဟဇာတအဝိဂတ၊ ဤတစ်ဆယ့်နှစ် ပစ္စည်းတည်း။ ဥပနိဿယဖြင့် အနန္တရူပနိဿယမျိုး၊ ပကတူပနိဿယမျိုး၊ ဤနှစ်မျိုးကို ထုတ်အပ်၏။

အနန္တရူပနိဿယဖြင့် အနန္တမျိုးထုတ်သော်ကား- အနန္တရူပနိဿယ၊ အနန္တရ၊ သမနန္တရ၊ ကမ္မ၊ နတ္ထိ၊ ဝိဂတ၊ ဤခြောက်ပစ္စည်းတည်း။ (အကောက်၌ ကမ္မ မပါ။ ဆင်ခြင်။) ပကတူပနိဿယဖြင့် ပကတူပမျိုး ထုတ်သော်ကား-ပကတူပနိဿယ၊ ကုသလဝိပါက် ဇေဂူနတိသ

နာမက္ခန္ဓာ အားတပ်သော နာနာက္ခဏိကကမ္မတစ်စိတ်၊ ဤနှစ်ပစ္စည်း တည်း။ ပစ္ဆာဇာတဖြင့် ပစ္ဆာဇာတမျိုး ထုတ်သော်ကား-ပစ္ဆာဇာတ၊ ပစ္ဆာဇာတဝိပ္ပယုတ္တ၊ ပစ္ဆာဇာတတ္ထိ၊ ပစ္ဆာဇာတအဝိဂတ၊ ဤလေးပစ္စည်း တည်း။ ကမ္မဖြင့် နာနာက္ခဏိကကမ္မမျိုး ထုတ်သော်ကား-ကာမကုသလ ဝိပါက် တစ်ဆယ့်ခြောက်ခုအားတပ်သော ဒွိဟေတုက နာနာက္ခဏိကကမ္မ၊ ကဋတ္တာရုပ်အားတပ်သော ဗလဝဒွိဟေတုက နာနာက္ခဏိကကမ္မ တစ်စိတ် တည်းဟူသော နာနာက္ခဏိကကမ္မ တစ်ပစ္စည်းသာတည်း။ (၂၄-ပစ္စည်း ဖြင့် ထုတ်သော်- အညမည၊ ပုရေဇာတ၊ အာသေဝန၊ ဝိပါက၊ သမ္ပယုတ္တမှ တစ်ပါး ကြွင်းသော ၁၉-ပစ္စည်းတို့ဖြင့် ထုတ်အပ်၏။)

(၄) 'ကုသလော ဓမ္မော ကုသလဿ စ အဗျာကတဿ စ ဓမ္မဿ'၌ ပစ္စည်းမျိုး ထုတ်သော်ကား-သဟဇာတ တစ်မျိုးသာ ထုတ်အပ် ၏။ သဟဇာတဖြင့် သဟဇာတမျိုး ထုတ်သော်ကား-သဟဇာတမဂ္ဂ၊ ဟေတု၊ သဟဇာတာဓိပတိ၊ သဟဇာတနိဿယ၊ သဟဇာတကမ္မ၊ သဟဇာတာဟာရ၊ သဟဇာတိန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ သဟဇာတတ္ထိ၊ သဟဇာတအဝိဂတ၊ ဤတစ်ဆယ့်တစ် ပစ္စည်းကို ထုတ်အပ်၏။

(၅-၆-၇-၈) ကုသလပဒ၌ ပဒါဝသာန လေးချက်ကို ကုသလပဒ ၌ ပဒါဝသာန လေးချက်ကို နည်းမှီ၍ ပစ္စည်းမျိုး ထုတ်လေ မထူးပြီ။

(၉) 'အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ'၌ ပစ္စည်းမျိုး ထုတ်သော်ကား-အာရမ္မဏ၊ သဟဇာတ၊ ဥပနိဿယ၊ ပုရေဇာတ၊ ပစ္ဆာဇာတ၊ အာဟာရ၊ ဣန္ဒြိယ၊ ဤခုနစ်မျိုးကို ထုတ်အပ်၏။ အာရမ္မဏဖြင့် အာရုံမျိုး ထုတ်သော်ကား အာရုံမျိုး ရှစ်ပစ္စည်းကို ထုတ်အပ်၏။ သဟဇာတဖြင့် သဟဇာတမျိုး ထုတ်သော်ကား-သဟဇာတမျိုး တစ်ဆယ့်ငါး ပစ္စည်းကို ထုတ်အပ်၏။ ဥပနိဿယဖြင့် အနန္တရူပနိဿယမျိုး ပကတူပနိဿယမျိုး ဤနှစ်မျိုးကို ထုတ်အပ်၏။ အနန္တရူပနိဿယဖြင့် အနန္တရမျိုး ထုတ်သော်

ကား အနန္တရူပနိဿယ၊ အနန္တရ၊ သမနန္တရ၊ အာသေဝန၊ နတ္ထိ၊ ဝိဂတ၊ ဤခြောက်ပစ္စည်းတည်း။ ပကတူပဖြင့် ပကတူပမျိုး ထုတ်သော်ကား- ပကတူပနိဿယ တစ်ပစ္စည်းသာတည်း။ ပုရေဇာတဖြင့် ဝတ္ထုပုရေဇာတ မျိုး ထုတ်သော်ကား-ဝတ္ထုမျိုး ခြောက်ပစ္စည်းတည်း။ ပစ္ဆာဇာတဖြင့် ပစ္ဆာဇာတမျိုး ထုတ်သော်ကား-ပစ္ဆာဇာတမျိုး လေးပစ္စည်းတည်း။ အာဟာရဖြင့် ရုပ်အာဟာရမျိုး ထုတ်သော်ကား ရုပ်အာဟာရမျိုး သုံးပစ္စည်း တည်း။ ဣန္ဒြိယဖြင့် ရူပဇီဝိတိန္ဒြိယမျိုး ထုတ်သော်ကား-ရူပဇီဝိတိန္ဒြိယမျိုး သုံးပစ္စည်းတည်း။ (၂၄-ပစ္စည်းဖြင့်ကား- ၂၄ပစ္စည်း အကုန်ထုတ်အပ်၏။)

(၁၀) 'အဗျာကတော ဓမ္မော ကုသလဿ ဓမ္မဿ'၌ ပစ္စည်းမျိုး ထုတ်သော်ကား-အာရမ္မဏ၊ ဥပနိဿယ၊ ပုရေဇာတ၊ ဤသုံးမျိုးကို ထုတ်အပ်၏။ အာရမ္မဏဖြင့် အာရုံမျိုး ထုတ်သော်ကား- အာရုံမျိုး ရှစ်ပစ္စည်းကို ထုတ်အပ်၏။ ဥပနိဿယဖြင့် အနန္တရူပနိဿယမျိုး ပကတူပနိဿယမျိုး ဤနှစ်မျိုးကို ထုတ်အပ်၏။ အနန္တရူပနိဿယဖြင့် အနန္တရမျိုး ထုတ်သော်ကား- အနန္တရူပနိဿယ၊ အနန္တရ၊ သမနန္တရ၊ နတ္ထိ၊ ဝိဂတ၊ ဤငါးပစ္စည်း တည်း။ ပကတူပနိဿယဖြင့် ပကတူပမျိုး ထုတ်သော်ကား- ပကတူပနိဿယ တစ်ပစ္စည်းသာတည်း။ ပုရေဇာတဖြင့် ဝတ္ထုပုရေဇာတမျိုး ထုတ်သော်ကား- ဝတ္ထုပုရေဇာတ၊ ဝတ္ထုပုရေဇာတနိဿယ၊ ဝတ္ထုပုရေဇာတဝိပ္ပယုတ္တ၊ ဝတ္ထုပုရေဇာတတ္ထိ၊ ဝတ္ထုပုရေဇာတအဝိဂတ၊ ဤငါးပစ္စည်း တည်း။

(၁၁) 'အဗျာကတော ဓမ္မော အကုသလဿ ဓမ္မဿ'၌ အာရမ္မဏ၊ ဥပနိဿယ၊ ပုရေဇာတ၊ ဤသုံးမျိုးတည်း။ အကြွင်း အဗျာကတော ကုသလဿကဲ့သို့ အကျယ်ဆိုလေ။ (၂၄-ပစ္စည်းဖြင့် ထုတ်သော်ကား- အာရမ္မဏ၊ အဓိပတိ၊ အနန္တရ၊ သမနန္တရ၊ နိဿယ၊ ဥပနိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ နတ္ထိ၊ ဝိဂတ၊ အဝိဂတ၊

ဤ၁၂ပစ္စည်း တည်း)။

(၁၂) 'ကုသလော စ အဗျာကတော စ ဓမ္မော ကုသလဿ ဓမ္မဿ'၌ ပစ္စည်းမျိုး ထုတ်သော်ကား- သဟဇာတ ပုရေဇာတမိဿက တစ်ပစ္စည်းသာတည်း။ သဟဇာတ ပုရေဇာတမိဿကဖြင့် ထုတ်သော်ကား- နိဿယ၊ အတ္ထိ၊ အဝိဂတ၊ ဤသုံးပစ္စည်းကို ထုတ်အပ်၏။

(၁၃) 'ကုသလော စ အဗျာကတော စ ဓမ္မော အဗျာကတဿ ဓမ္မဿ'၌ ပစ္စည်းမျိုး ထုတ်သော်ကား-သဟဇာတ၊ ပစ္ဆာဇာတာဟာရ မိဿက၊ ပစ္ဆာဇာတိန္ဒြိယမိဿက၊ ဤသုံးမျိုးကို ထုတ်အပ်၏။ သဟဇာတဖြင့် ထုတ်သော်ကား- သဟဇာတ၊ သဟဇာတနိဿယ၊ သဟဇာတတ္ထိ၊ သဟဇာတအဝိဂတ ဤလေးပစ္စည်းသာတည်း။ ပစ္ဆာဇာတာဟာရ မိဿကဖြင့် ထုတ်သော်ကား-အရောဖြစ်သော ပစ္ဆာဇာတာဟာရတ္ထိ၊ ပစ္ဆာဇာတာဟာရအဝိဂတ၊ ဤနှစ်ပစ္စည်းတည်း။ ပစ္ဆာဇာတိန္ဒြိယမိဿကဖြင့် ထုတ်သော်ကား-အရောဖြစ်သော ပစ္ဆာဇာတိန္ဒြိယတ္ထိ၊ ပစ္ဆာဇာတိန္ဒြိယအဝိဂတ၊ ဤနှစ်ပစ္စည်းကို ထုတ်အပ်၏။

(၁၄) 'အကုသလော စ အဗျာကတော စ ဓမ္မော အကုသလဿ ဓမ္မဿ'၌ ပစ္စည်းမျိုး ထုတ်သော်ကား-သဟဇာတ ပုရေဇာတမိဿက၊ တစ်ပစ္စည်းသာတည်း။ မိဿကထုတ်သော် နိဿယ၊ အတ္ထိ၊ အဝိဂတ၊ ဤသုံးပစ္စည်းသာတည်း။

(၁၅) 'အကုသလော စ အဗျာကတော စ ဓမ္မော အဗျာကတဿ ဓမ္မဿ'၌ အထက် ကုသလာဗျာကတပဒနှင့် အလုံးစုံ တူ၏။ ပုနပ္ပုန ပရိစယ ပြုကြလေ။

(ပစ္စယုဒ္ဒါရထုတ်နည်း ပြီး၏။)

ပစ္စယနယလေးပါး အထူး

၁။ ဤပြဆိုခဲ့ပြီးသော ဝိဘင်းသင်္ချာ ထုတ်ပုံ ထုတ်နည်း ပစ္စယုဒ္ဒါရတို့ကို သဘောကျအောင် ပြောဆိုပြီးမှ အကောက်၌ သဘာဂ-ဃဋနာတို့ကို ဟောကြပါလေ။ အထူးပင် ဆရာကြီး မှာထားခဲ့ပေသည်။

ဆဝါရနှင့် ပဉာဝါရ စစ်ပုံအထူးကို ပြဆိုဦးအံ့ -

(၁) ဆဝါရ၌ကား- သုဒ္ဓသင်္ချာဝါရကို ဟောတော်မူသည်၏ အခြားမဲ့၌ ဒုကာဒိသင်္ချာဝါရကို ဟောတော်မူ၏။ အဘယ့်ကြောင့်နည်း။ ဒုက၊ တိက (လ) တေဝီသက အားဖြင့် ပွားသောကြောင့်တည်း။

ဤပဉာဝါရ ပစ္စည်း အနုလုံ၌ သုဒ္ဓသင်္ချာဝါရကို ဟောတော်မူသည်၏အခြားမဲ့၌ မိဿကသင်္ချာဝါရကို ဟောတော်မူ၏။ အဘယ့်ကြောင့်နည်း။ ဒုက၊ တိက စသည် မပွားမူ၍ သဘာဂ-ဃဋနာ အားဖြင့် ရောနှော၍ ဝိဘင်းသင်္ချာ ထုတ်သောကြောင့်တည်း။

(၂) ပစ္စည်း ပစ္စနိက်၌ကား- ဆဝါရ၊ ပဉာဝါရတို့ပင် သုဒ္ဓသင်္ချာဝါရ ဒုက၊ တိက စသည်ဖြင့် စစ်ပုံ တူ၏။ ဝိဘင်းသင်္ချာ ထွက်ပုံကား ထူးသေး၏။

(၃) ပစ္စည်း အနုလောမပစ္စနိက်၌ ဆဝါရကား- ဒုက၊ တိက စသည်ဖြင့် စစ်တော်မူ၏။ ပဉာဝါရ၌ကား ဒုက၊ ဃဋနာအားဖြင့် နှစ်ပါး အပြားရှိ၏။ ဤသို့ စစ်တော်မူ၏။ တိက၊ စတုက္ကစသည် မဟောရ။ အဘယ့်ကြောင့်နည်း။ ဟေတုမူနှင့် ပစ္စနိက်ထိုက်သော ပစ္စည်းတို့ကို သဘာဂ အလားတူ ဒုကပြု၍ ဟောသောကြောင့်လည်းကောင်း၊ ဃဋနာပစ္စည်းတို့နှင့် ပစ္စနိက်ထိုက်သော ပစ္စည်းတို့ကို ဝေဖန်၍ဟောသောကြောင့်လည်းကောင်း၊ ဆဝါရကဲ့သို့ တိကစသည် မဟော။ ဤကား အထူး။

(၄) ပစ္စည်း ပစ္စနီယာနုလောမ၌ကား- ဆဝါရ၊ ပဉာဝါရတို့ပင်။

ဒုက၊ တိကစသည်ဖြင့် စစ်ပုံ တူကြ၏။ ဝိဘင်းသင်္ချာကား ထူးသေး၏။
(ဤကား ပစ္စယနယလေးပါးတို့ အထူးတည်း။)

၂။ ပစ္စည်းပစ္စနိက်၌ ပစ္စည်းမျိုး သုဒ္ဓသင်္ချာဝါရ ဝိဘင်းသင်္ချာ ထုတ်ပုံကို ပြဆိုဦးအံ့-

နဟေတု၊ နာဓိပတိ၊ နာနန္တရ၊ နသမနန္တရ၊ နာသေဝန၊ နဝိပါက၊ နဈာန၊ နမဂ္ဂ၊ နောနတ္ထိ၊ နောဝိဂတ၊ ဤဆယ်ပါးသော သုဒ္ဓသင်္ချာဝါရ၌ ပစ္စည်းမျိုး ထုတ်သော်ကား- အာရမ္မဏ၊ သဟဇာတ၊ ဥပနိဿယ၊ ဝတ္ထုပုရေဇာတ၊ ပစ္ဆာဇာတ၊ နာနာက္ခဏိကကမ္မတစ်စိတ်၊ ရုပ်အာဟာရ၊ ရူပဇီဝိတိန္ဒြိယ၊ ဤရှစ်မျိုးကို ထုတ်အပ်၏။ သင်္ချာ ပန္နရသ တည်း။ အာရုံမျိုး၊ သဟဇာတမျိုး၊ ဥပနိဿယမျိုးတွင် မိမိတို့ပါဝင်သော ပစ္စည်းကို ကြဉ်၍ ဆို။

နာရမ္မဏ သုဒ္ဓသင်္ချာဝါရ၌ ပစ္စည်းမျိုး ထုတ်သော်ကား- သဟဇာတ၊ ဥပနိဿယ၊ ဝတ္ထုပုရေဇာတ၊ ပစ္ဆာဇာတ၊ နာနာက္ခဏိကကမ္မ၊ ရုပ်အာဟာရ၊ ရူပဇီဝိတိန္ဒြိယ၊ ဤခုနစ်မျိုးကို ထုတ်အပ်၏။ သင်္ချာကား ပန္နရသ တည်း။

သင်္ချာများရာကို စဉ်၍ ပြဆိုအံ့-နဥပနိဿယ သုဒ္ဓ သင်္ချာဝါရ၌ ပစ္စည်းမျိုး ထုတ်သော်ကား-အာရမ္မဏ၊ သဟဇာတ၊ ဝတ္ထုပုရေဇာတ၊ ပစ္ဆာဇာတ၊ ကမ္မ၊ ရုပ်အာဟာရ၊ ရူပဇီဝိတိန္ဒြိယ၊ ဤခုနစ်မျိုးကို ထုတ်အပ်၏။ သင်္ချာပန္နရသတည်း။ အာရုံမျိုးမှာ အာရမ္မဏူပ ကြဉ်၍ဆို။

နပစ္ဆာဇာတ သုဒ္ဓသင်္ချာဝါရ၌ ပစ္စည်းမျိုး ထုတ်သော်ကား- အာရမ္မဏ၊ သဟဇာတ၊ ဥပနိဿယ၊ ဝတ္ထုပုရေဇာတ၊ ကမ္မ၊ ရုပ်အာဟာရ၊ ရူပဇီဝိတိန္ဒြိယ၊ ဤခုနစ်မျိုးကို ထုတ်အပ်၏။ သင်္ချာ ပန္နရသ။

နကမ္မ သုဒ္ဓသင်္ချာဝါရ၌ ပစ္စည်းမျိုး ထုတ်သော်ကား- အာရမ္မဏ၊

သဟဇာတ၊ ဥပနိဿယ၊ ဝတ္ထုပုရေဇာတ၊ ပစ္ဆာဇာတ၊ ရုပ်အာဟာရ၊ ရူပဇီဝိတိန္ဒြိယ၊ ဤခုနစ်မျိုးကို ထုတ်အပ်၏။ သင်္ချာ ပန္နရသ။ သဟဇာတမျိုးမှာ သဟဇာတကမ္မ ကြဉ်။ ဥပနိဿယမှာ မဂ္ဂါနန္တရဖိုလ်နှင့် ဗလဝ နာနာက္ခဏိကကမ္မ ကြဉ်၍ ဆို။

နအာဟာရ သုဒ္ဓသင်္ချာဝါရ၌ ပစ္စည်းမျိုး ထုတ်သော်ကား- အာရမ္မဏ၊ သဟဇာတ၊ ဥပနိဿယ၊ ဝတ္ထုပုရေဇာတ၊ ပစ္ဆာဇာတ၊ နာနာက္ခဏိကကမ္မ၊ ရူပဇီဝိတိန္ဒြိယ၊ ဤခုနစ်မျိုးကို ထုတ်အပ်၏။ သင်္ချာ ပန္နရသ။ သဟဇာတမျိုးတွင် သဟဇာတာဟာရကို ကြဉ်။

နဣန္ဒြိယ သုဒ္ဓသင်္ချာဝါရ၌ ပစ္စည်းမျိုး ထုတ်သော်ကား-အာရမ္မဏ၊ သဟဇာတ၊ ဥပနိဿယ၊ ဝတ္ထုပုရေဇာတ၊ ပစ္ဆာဇာတ၊ ကမ္မ၊ ရုပ်အာဟာရ၊ ဤခုနစ်မျိုးကို ထုတ်အပ်၏။ သင်္ချာ ပန္နရသ။ သဟဇာတမျိုးတွင် သဟဇာတိန္ဒြိယ ကြဉ်။ ဝတ္ထုမျိုးတွင် ပုရေဇာတိန္ဒြိယ ကြဉ်။

နပုရေဇာတ သုဒ္ဓသင်္ချာဝါရ၌ ပစ္စည်းမျိုး ထုတ်သော်ကား- အာရမ္မဏ၊ သဟဇာတ၊ ဥပနိဿယ၊ ပစ္ဆာဇာတ၊ ကမ္မ၊ ရုပ်အာဟာရ၊ ရူပဇီဝိတိန္ဒြိယ၊ ဤခုနစ်မျိုးကို ထုတ်အပ်၏။ သင်္ချာ တေရသ။ အာရုံမျိုးမှာ အာရမ္မဏ ပုရေဇာတ ကြဉ်။

နသဟဇာတ သုဒ္ဓသင်္ချာဝါရ၌ ပစ္စည်းမျိုး ထုတ်သော်ကား- အာရမ္မဏ၊ ဥပနိဿယ၊ ဝတ္ထုပုရေဇာတ၊ ပစ္ဆာဇာတ၊ ကမ္မ၊ ရုပ်အာဟာရ၊ ရူပဇီဝိတိန္ဒြိယ၊ ဤခုနစ်မျိုးကို ထုတ်အပ်၏။ သင်္ချာ ဧကာဒသ။

နအညမည သုဒ္ဓ၊ နသမ္ပယုတ္တ သုဒ္ဓသင်္ချာဝါရ နှစ်ပါး၌ ပစ္စည်းမျိုး ထုတ်သော်ကား-အာရမ္မဏ၊ သဟဇာတ၊ ဥပနိဿယ၊ ဝတ္ထုပုရေဇာတ၊ ပစ္ဆာဇာတ၊ ကမ္မ၊ ရုပ်အာဟာရ၊ ရူပဇီဝိတိန္ဒြိယ၊ ဤရှစ်မျိုးကို ထုတ်အပ်၏။ သင်္ချာ ဧကာဒသ။ သဟဇာတမျိုးတွင် အညမည သမ္ပယုတ္တကို ကြဉ်ဆို။

နနိဿယ သုဒ္ဓသင်္ချာဝါရ၌ ပစ္စည်းမျိုး ထုတ်သော်ကား-

အာရမ္မဏ၊ ဥပနိဿယ၊ ပစ္ဆာဇာတ၊ ကမ္မ၊ ရုပ်အာဟာရ၊ ရုပဇီဝိတိန္ဒြိယ၊ ဤခြောက်မျိုးကို ထုတ်အပ်၏။ သင်္ချာ ဧကာဒသ။ အာရုံမျိုးမှာ ဝတ္ထာရမ္မဏ ကြဉ်ဆို။

နဝိပ္ပယုတ္တ သုဒ္ဓသင်္ချာဝါရ၌ ပစ္စည်းမျိုး ထုတ်သော်ကား- အာရမ္မဏ၊ သဟဇာတ၊ ဥပနိဿယ၊ ကမ္မ၊ ရုပ်အာဟာရ၊ ရုပဇီဝိတိန္ဒြိယ၊ ဤခြောက်မျိုးကို ထုတ်အပ်၏။ သင်္ချာ နဝ။ အာရုံမျိုးမှာ ဝတ္ထာရမ္မဏ ကြဉ်၊ သဟဇာတမျိုးမှာ သဟဇာတဝိပ္ပယုတ် ကြဉ်ဆို။

နအတ္ထိ၊ နောအဝိဂတ သုဒ္ဓသင်္ချာဝါရ နှစ်ပါး၌ ပစ္စည်းမျိုး ထုတ်သော်ကား-အာရမ္မဏ၊ ဥပနိဿယ၊ နာနာက္ခဏိကကမ္မတစ်စိတ်၊ ဤသုံးမျိုးကို ထုတ်အပ်၏။ သင်္ချာ နဝ။ အာရုံမျိုးမှာ အာရမ္မဏ ပုရေဇာတ ကြဉ်၍ဆိုလေ။

(ပစ္စနိက် သုဒ္ဓသင်္ချာဝါရ ပြီး၏။)

ဟေတုမူ နာရမ္မဏ ဒုက၊ တိက၊ စတုက စသည်တို့လည်း များများ မထူးတော့ပြီ။ သုဒ္ဓသင်္ချာဝါရကို လေ့ကျက်ပါများက အလိုလို အကောက် ကြည့်ရှုကာမျှဖြင့် နားလည်နိုင်ရန်ရှိ၍ မပြတော့ပြီ။

(ပစ္စည်းပစ္စနိက် ပြီး၏။)

၃။ ပစ္စည်းအနုလောမပစ္စနိက်၌ ဒုက ဃဋနာအားဖြင့် နှစ်ပါး အပြားရှိ၏။ ထိုတွင် ဒုကသည်လည်း ဟေတုမူ နာရမ္မဏဒုက အစရှိသော အားဖြင့် တစ်ဆယ့်ကိုးပါး အပြားရှိ၏။ ထိုတစ်ဆယ့်ကိုးပါးတို့တွင် သင်္ချာ တူရာကိုပေါင်း၍ အမြွက်မျှ ပြဦးအံ့။

ဟေတုမူ နာရမ္မဏ၊ နာနန္တရ၊ နသမနန္တရ၊ နဥပနိဿယ၊ နပုရေဇာတ၊ နပစ္ဆာဇာတ၊ နာသေဝန၊ နကမ္မ၊ နာဟာရ၊ နဈာန၊ နောနတ္ထိ၊ နောဝိဂတ ဒုကတို့၌ အလုံးစုံသော ဟေတုပစ္စည်း။ အနုလောမ ပစ္စနိက်၊

သချာ သတ္တ။ ဟေတုသချာ ခုနစ်ချက် ထုတ်လေ။

နာဓိပတိဒုကဌ် ဝိမံသာဓိပတိမှတစ်ပါး ဟေတုပစ္စည်း။ နဝိပါက ဒုကဌ် ဝိပါက်ဟိတ်မှတစ်ပါး ဟေတုပစ္စည်း။ နဈာနင်္ဂ နမဂ္ဂ ဒုကဌ် အမောဟမှတစ်ပါး ဟေတုပစ္စည်း။ အနုလောမပစ္စနိက်။ သချာ သတ္တစီ ထုတ်။

နအညမည ဒုကဌ် သဟိတ်စိတ္တဇရုပ် ဟဒယဝတ္ထုမှတစ်ပါးသော သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်အားတပ်သော ဟေတုပစ္စည်း။ နသမ္ပယုတ္တ ဒုကဌ် သဟိတ်စိတ္တဇရုပ် သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်အားတပ်သော ဟေတုပစ္စည်း။ နဝိပ္ပယုတ္တဒုကဌ် သမ္ပယုတ္တက္ခန္ဓာအားသာ တပ်သော ဟေတုပစ္စည်း။ အနုလောမပစ္စနိက်။ သချာ တီဏိစီ ထုတ်။

(ဟေတုဒုကပေါင်း တစ်ဆယ့်ကိုးပါး ပြီး၏။)

ဒုကကို ဟောတော်မူသည်၏ အခြားမဲ့၌ ဃဋနာကို ဟောတော်မူ၏။ ထိုဃဋနာသည်လည်း သာမညဃဋနာ ကိုးပါး၊ သဈာနင်္ဂ မဂ္ဂဃဋနာ ကိုးပါး၊ သာဓိပတိဈာနင်္ဂ မဂ္ဂဃဋနာ ခြောက်ပါး၊ ပေါင်း ဃဋနာ (၂၄)ပါး။ အာရမ္မဏဒုက စသည်တို့၌လည်း အနုလုံ ဃဋနာ ထွက်သည့် အတိုင်း မှတ်ရမည်။ သာမညဃဋနာ ကိုးပါးတွင် အဝိပါကဃဋနာ လေးချက်၌ သဗ္ဗဋ္ဌာနိက ဃဋနာမူ၊ နာရမ္မဏ အစရှိသော မူလီ တစ်ဆယ့်ကိုးပါးတို့သည် ဟေတုမူ၊ နာရမ္မဏ အစရှိသော ဒုက တစ်ဆယ့်ကိုးပါးနှင့် အလုံးစုံ တူ၏။

သချာပါဠိ ထုတ်ပုံကား- ဟေတု၊ သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတန္တိ၊ နာရမ္မဏေ၊ နာဓိပတိယာ၊ နာနန္တရေ၊ နသမနန္တရေ၊ နဉပနိဿယေ၊ နပုရေဇာတေ၊ နပစ္ဆာဇာတေ၊ နာသေဝနေ၊ နကမ္မေ၊ နဝိပါကေ၊ နာဟာရေ၊ နဈာနေ၊ နဈာနေ၊ နမဂ္ဂေ၊ နောနတ္ထိယာ၊ နောဝိဂတေ၊ သတ္တ။ နအညမညေ၊ နသမ္ပယုတ္တေ၊ နဝိပ္ပယုတ္တေ၊ တီဏိ

ဟူသည်တည်း။

သအညမညဃဋနာမူ၊ သအညမည သမ္ပယုတ္တဃဋနာမူ အစရှိသည်တို့လည်း သဗ္ဗဋ္ဌာနိက ဃဋနာမူကို နည်းမှီ၍ သိလေ။ မိမိမူနှင့် သဘာဂဖြစ်သော ပစ္စည်းတို့မှာ သဘာဂဖြစ်ရာ ကြံ၍ ဆိုလေ။

(ပစ္စည်းအနုလောမပစ္စနိက် ပြီး၏။)

၄။ ပစ္စည်းပစ္စနီယာနုလောမဌ် ဒုက၊ တိက (လ) ဗာဝီသက အားဖြင့် (၂၁)ပါး အပြားရှိ၏။ ထိုတွင် သင်္ချာ နည်းရာမှစ၍ ပြဆိုအံ့-

နဟေတုမူ ဝိပါကဒုကဌ် သင်္ချာဧကံ။ အညမည၊ ပုရေဇာတ၊ ပစ္ဆာဇာတ၊ အာသေဝန၊ သမ္ပယုတ္တဒုက၊ ဤဒုကငါးပါး၌ သင်္ချာ တီဏိ။ ဝိပ္ပယုတ္တဒုကဌ် သင်္ချာ ပဥ္စ။ အနန္တရ၊ သမနန္တရ၊ ကမ္မ၊ အာဟာရ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ နတ္ထိ၊ ဝိဂတဒုက၊ ဤဒုက ကိုးပါး၌ သင်္ချာ သတ္တ။ အာရမ္မဏ၊ သဟဇာတ၊ ဥပနိဿယဒုက၊ ဤဒုက သုံးပါး၌ သင်္ချာ နဝ။ အဓိပတိဒုက တစ်ပါး၌ သင်္ချာ ဒသ။ နိဿယ၊ အတ္ထိ၊ အဝိဂတဒုက သုံးပါး၌ သင်္ချာ တေရသ။

ဤဆိုအပ်ခဲ့ပြီးသော နဟေတုမူမှာ သဘာဂပစ္စည်းတွင် ဟေတု ကြံ၍ ဆိုလေ။ နဟေတုမူ၌ ဒုကပေါင်း (၂၃)ပြီး၏။

တိက၊ စတုက၊ ပဥ္စက၊ ဆက္က စသည်တို့ကိုလည်း နဟေတုမူ ဒုကကို နည်းကိုမှီ၍ ကြံလေ။ အလွန် မထူးတော့ပြီ။

(ပစ္စည်းပစ္စနီယာနုလောမ ပြီး၏။)

ပဥ္စာဝါရဆိုင်ရာအဓိပ္ပာယ် ပြီး၏။

ပရမတ္ထတရားတို့၌ ပဋ္ဌာန်းပစ္စည်းဝေဖန်သော ဇယား

စိတ် စေတသိက် ရုပ် နိဗ္ဗာန်ဟုဆိုအပ်သော ပရမတ္ထတရားလေးပါးနှင့် ပညတ်တရားတို့ကို တစ်ပါးတစ်ပါး၌ ရသင့်ရထိုက်သော ပစ္စည်းသက်သက်တို့ဖြင့် ဝေဖန်ပိုင်းခြားဇယားချ၍ ဉာဏဝေမှဏဖြစ်စေခြင်းအကျိုးငှာ တစ်ပစ္စည်းလုံးလုံး ပစ္စည်းဖြစ်သောတရားစုကို ပြဆိုဦးအံ့ -

			မရ	ရ
လောဘမူစိတ်	မှာ	ဟေ,ပု,ကံ,ပါ,ဈာ,မ	၆	၁၈
ဒေါသမူစိတ်	။	၄င်း	၆	၁၈
မောဟမူ	။	ဟေ,ဓိ,ပု,ကံ,ပါ,ဈာ,မ	၇	၁၇
အဟိတ်	။	ဟေ,ဓိ,ပု,အာသေ,ကံ,ဈာ,မ	၇	၁၇
ကာမကုသိုလ်	။	ဟေ,ပု,ကံ,ပါ,ဈာ,မ	၆	၁၈
ကာမဝိပါက်	။	ဟေ,ဓိ,အာသေ,ပု,ကံ,ဈာ,မ	၇	၁၇
ကာမကိရိယာ	။	ဟေ,ပု,ကံ,ပါ,ဈာ,မ	၆	၁၈
ရူပကုသိုလ်	။	၄င်း	၆	၁၈
ရူပဝိပါက်	။	ဟေ,ဓိ,ပု,အာသေ,ကံ,ဈာ,မ	၇	၁၇
ရူပကိရိယာ	။	ဟေ,ပု,ကံ,ပါ,ဈာ,မ	၆	၁၈
အရူပကုသိုလ်	။	၄င်း	၆	၁၈
အရူပဝိပါက်	။	ဟေ,ဓိ,ပု,အာသေ,ကံ,ဈာ,မ	၇	၁၇
အရူပကိရိယာ	။	ဟေ,ပု,ကံ,ပါ,ဈာ,မ	၆	၁၈
လောကုတ္တရာကုသိုလ်	။	ဟေ,ပု,ကံ,အာသေ,ပါ,ဈာ,မ	၇	၁၇
လောကုတ္တရာဝိပါက်	။	ဟေ,ပု,ကံ,အာသေ,ဈာ,မ	၆	၁၈

အလုံးစုံသောစိတ်တို့၌ အမြဲမရကောင်းသော ပစ္စည်းစုကား (ဟေ,ပု,ကံ,ဈာ,မ) ဤ ၅-ပါးသာလျှင်တည်း။ ကြွင်းသမျှ ယထာရဟာမှတ်လေ။

			မရ	ရ
ဖဿ	မှာ	ဟေ,ပု,ကံ,ဏ္ဍံ,ဈာ,မ	၆	၁၈
ဝေဒနာ	။	ဟေ,ပု,ကံ,ဟာ,မ	၅	၁၉
သညာ	။	ဟေ,ပု,ကံ,ဟာ,ဏ္ဍံ,ဈာ,မ	၇	၁၇
စေတနာ	။	ဟေ,ပု,ဏ္ဍံ,ဈာ,မ	၅	၁၉
ဧကဂ္ဂတာ	။	ဟေ,ပု,ကံ,ဟာ	၄	၂၀
ဇီဝိတိန္ဒြိယ	။	ဟေ,ပု,ကံ,ဟာ,ဈာ,မ	၆	၁၈
မနသိကာရ	။	ဟေ,ပု,ကံ,ဟာ,ဏ္ဍံ,ဈာ,မ	၇	၁၇

သဗ္ဗစိတ္တသာဓာရဏ၌ (ဟေ,ပု) အမြဲမရ။ (ကံ,ဈာ,မ) ယေဘုယျ မရဟုမှတ်။

ဝိတက္က	မှာ	ဟေ,ပု,ကံ,ပါ,ဏ္ဍံ	၅	၁၉
ဝိစာရ	။	ဟေ,ပု,ကံ,ဟာ,ဏ္ဍံ,မ	၆	၁၈
အဓိမောက္ခ	။	ဟေ,ပု,ကံ,ဟာ,ဏ္ဍံ,ဈာ,မ	၇	၁၇
ဝီရိယ	။	ဟေ,ပု,ကံ,ဟာ,ဈာ	၅	၁၉
ပီတိ	။	ဟေ,ပု,ကံ,ဟာ,ဏ္ဍံ,မ	၆	၁၈
ဆန္ဒ	။	ဟေ,ပု,ကံ,ဟာ,ဏ္ဍံ,ဈာ,မ	၇	၁၇

ပကိဏ္ဏကက၌ (ဟေ,ပု,ကံ) အမြဲမရ။ (ဟာ,ဏ္ဍံ,ဈာ,မ) ယေဘုယျ မရဟုမှတ်။

မောဟ	မှာ	ပု,ကံ,ပါ,ဟာ,ဏ္ဍံ,ဈာ,မ	၇	၁၇
အဟိရိက	။	ဟေ,ပု,ကံ,ပါ,ဟာ,ဏ္ဍံ,ဈာ,မ	၈	၁၆
အနောတ္တပ္ပ	။	၄င်း	၈	၁၆
ဥဒ္ဓစ္စ	။	၄င်း	၈	၁၆
လောဘ	။	ပု,ကံ,ပါ,ဟာ,ဏ္ဍံ,ဈာ,မ	၇	၁၇

			မရ	ရ
ဒိဋ္ဌိ	။	ဟေ,ပု,ကံ,ပါ,ဟာ,ဣံ,ဈာ	၇	၁၇
မာန	။	၎င်း	၇	၁၇
ဒေါသ	။	ဓိ,ပု,ကံ,ပါ,ဟာ,ဣံ,ဈာ,မ	၈	၁၆
ဣဿာ	။	ဟေ,ဓိ,ပု,ကံ,ပါ,ဟာ,ဣံ, ဈာ,မ	၉	၁၅
မစ္ဆရိယ	။	၎င်း	၉	၁၅
ကုက္ကုစ္စ	။	၎င်း	၉	၁၅
ထိန	။	ဟေ,ပု,ကံ,ပါ,ဟာ,ဣံ, ဈာ,မ	၈	၁၆
မိဒ္ဓ	။	၎င်း	၈	၁၆
ဝိစိကိစ္ဆာ	။	ဟေ,ဓိ,ပု,ကံ,ပါ,ဟာ,ဣံ, ဈာ,မ	၉	၁၅

အကုသလသာဓာရဏာ၌ (ပု,ကံ,ပါ,ဟာ,ဣံ,ဈာ) အမြဲမရ။ (မ) ယေဘုယျဟုမှတ်။

သဒ္ဓါ	မှာ	ဟေ,ပု,ကံ,ဟာ,ဈာ,မ	၆	၁၈
သတိ	။	ဟေ,ပု,ကံ,ဟာ,ဈာ	၅	၁၉
ဟိရီ	။	ဟေ,ပု,ကံ,ဟာ,ဣံ,ဈာ,မ	၇	၁၇
ဩတ္တပ္ပ	။	၎င်း	၇	၁၇
အလောဘ	။	ပု,ကံ,ဟာ,ဣံ,ဈာ,မ	၆	၁၈
အဒေါသ	။	၎င်း	၆	၁၈
တတြမဇ္ဈတ္တတာအစ	။	ဟေ,ပု,ကံ,ဟာ,ဣံ,ဈာ,မ	၇	၁၇
စိတ္တုဇ္ဇုကတာအဆုံး (၁၃)	။	၎င်း	၇စီ	၁၇စီ
သမ္မာ ဝါစာ,ကမ္မန္တ, အာဇီဝ (၃)	။	ဟေ,ပု,ကံ,ဟာ,ဣံ,ဈာ	၆စီ	၁၈စီ
ကရုဏာ,မုဒိတာ (၂)	။	ဟေ,ပု,ကံ,ဟာ,ဣံ,ဈာ,မ	၇စီ	၁၇စီ

		မရ	ရ
ပဉ္စိန္ဒြေ	။ ပု,ကံ,ဟာ,ဈာ	၄	၂၀

သောဘဏစေတသိက်(၂၅)၌ (ပု,ကံ,ဟာ) အမြဲမရ။ (ဟေ,ဏ္ဍံ, ဈာ,မ) ယောဘုယျမရ။ ကြွင်း(၁၇) အမြဲရ၏ဟူပေ။

ဤတွင် မရ-ရ အစဉ်ပြီး၏။

===

		ရ	မရ
ပထဝီ,အာပေါ,			
တေဇော,ဝါယော	မှာ အာ,ဓိ,ဟ,ည,နိ,ဥ,ပု, ဝိပ္ပ,ဏ္ဍိ,အဝိ	၁၀	၁၄
စက္ခု,သောတ,ဃာန,			
ဇိဝှာ,ကာယ (၅)	။ အာ,ဓိ,နိ,ဥ,ပု,ဏ္ဍံ,ဝိပ္ပ, ဏ္ဍိ,အဝိ	၉	၁၅
ရူပ,သဒ္ဒ,ဂန္ဓ,ရသ,			
ဣတ္ထိ,ပုရိ (၆)	။ အာ,ဓိ,ဥ,ပု,ဏ္ဍိ,အဝိ	၆	၁၈
ဟဒယဝတ္ထု	မှာ အာ,ဓိ,ဟ,ည,နိ,ဥ,ပု,ဝိပ္ပ, ဏ္ဍိ,အဝိ	၁၀	၁၄
ဇီဝိတ,ရုပ်အာဟာရ (၂)	။ အာ,ဓိ,ဥ,ပု,ဟာ,ဏ္ဍိ,အဝိ	၇	၁၇

နိပ္ဖန္နရုပ်(၁၈)ခု၌ (အာ,ဓိ,ဥ,ပု,ဏ္ဍိ,အဝိ) အမြဲရ၏။ (ဟ,ည,နိ, ဟာ,ဏ္ဍံ) ကေစိ။ ကြွင်း(၁၃) အမြဲမရဟုမှတ်။

(ပရိစ္ဆေဒရုပ်,ကာယဝိညတ်,ဝစီဝိညတ်,လဟုတာ, မုဒုတာ,ကမ္မညတာ,ဥပစယ,သန္တတိ,ဇရတာ, အနိစ္စတာ) အနိပ္ဖန္နရုပ်(၁၀) မှာ အာ,ဥ- သာရ၏။ ၂ ၂၂

အနိန္ဒြိယဗဒ္ဓရုပ် (၂၀) မှာ သ,ည,နိ,ဏ္ဍိ,အဝိ- ရ၏။

			ရ	မရ
		အကြွင်း-မရ။	၅	၁၉
နိဗ္ဗာန်	မှာ	အာ,ဓိ,ဥ- ရ၏။ အကြွင်းမရ။	၃	၂၁
ပညတ်	မှာ	အာ,ဥ- ရ၏။ အကြွင်းမရ။	၂	၂၂
ပဝတ္တိအခါသက်သက်	မှာ	ဓိ,ပု,ပစ္ဆာ,အာသေ	၄	၂၀
ပဋိသန္ဓေအခါ	။	မရှိ ။	-	-
ပဝတ္တိ,ပဋိသန္ဓေ နှစ်ပါး	။	ဓိ,ပု,စ္ဆာ,အာသေမှတစ်ပါး (၂၀) ရ၏။	၂၀	၄
ဥပါဒ်ခဏတစ်ခု	မှာ	အဋ္ဌကထာအလို သဟဇာတမျိုး မှန်သမျှရ၏။	၁၅	၉
ဥပါဒ်နှင့်ဌီခဏ	။	မူဋီကာအလို သဟဇာတမျိုး မှန်သမျှရ၏။	၁၅	၉
ဌီခဏသက်သက်	။	ပုရေဇာတမျိုး၊ ပစ္ဆာဇာတမျိုး ရ၏။	၂	၂၂
ဘင်ခဏသက်သက်	။	မရှိ။	-	-
ခဏတ္တယသုံးပါး	။	အာရုံမျိုးမှန်သမျှရ၏။	၈	၁၆
စိတ်သက်သက်	မှာ	မရှိ	-	-
စေတသိက်	။	ဟေ,ကံ,ဈာ,မ	၄	၂၀
စိတ်,စေတသိက် (၂)ပါး	။	အာ,ဓိ,အနံ,သမနံ,သ,ည,နိ, ဥ,စ္ဆာ,အာသေ,ဝိ,ဟာ,ကံ, သံ,ဝိပ္ပ,တ္ထိ,နတ္ထိ,ဝိဂ,အဝိ။	၁၉	၅

			ရ	မရ
နာမ်သက်သက်	။	ဟေ,အနံ,သမနံ,ဈာ,အာသေ,ကံ, ဝိ,ဈာ,မ,သံ,နတ္ထိ,ဝိဂတ	၁၂	၁၂
ရုပ်သက်သက်	။	ပုရေဇာတ တစ်ပါးသာရ၏။	၁	၂၃
စိတ်,စေတသိက်,ရုပ်	။	အာ,ဓိ,သ,ည,နိ,ဥ,ဟာ, ဣံ,ဝိပ္ပ,တ္ထိ,အဝိ။	၁၁	၁၃
ပရမတ္ထလေးပါး	။	အာ,ဓိ,ဥ	၃	၂၁

ပစ္စယသဘာဂ	မှာ	အနံ,သမနံ၊ နတ္ထိ,ဝိဂတ။ ဤကား ပစ္စည်းလုံးလုံးတူသည်ကိုဆိုသည်။ တစ်စိတ်တစ်ဒေသတူက အမျိုးတူကိုရ။	၄	၂၀
ပစ္စယဝိသဘာဂ	။	ပု,ဈာ။သံ,ဝိပ္ပ။တ္ထိ,နတ္ထိ။ ဝိဂတ,အဝိ။	၈	၁၆
အတ္ထသရိက္ခ	။	အနံ,သမနံ-အနက်တူတစ်စုံ	၂	၂၂
သဒ္ဒသရက္ခ	။	နိ,ဥပ-သဒ္ဒါတူတစ်စုံ	၂	၂၂
ကာလပဋိပက္ခ	။	ပု,ဈာ-ကာလဆန့်ကျင်ဘက်	၂	၂၂
ဟေတုဖလ	။	ကံ,ဝိ-အကြောင်း အကျိုး	၂	၂၂
အညမညပဋိပက္ခ	။	ပု,ဈာ။သံ,ဝိပ္ပ။တ္ထိ,နတ္ထိ။ ဝိဂတ,အဝိ။ (အချင်းချင်းဆန့်ကျင်ဘက်။)	၈	၁၆

သဗ္ဗဋ္ဌာနိက	မှာ	သ,နိ,တ္ထိ,အဝိ အလုံးစုံသောရုပ်နာမ်တို့ အကြောင်းပစ္စည်း	၄	၂၀
အသဗ္ဗဋ္ဌာနိက	။	အာ,အနံ,သမနံ,ဥ,ပု,ဈာ, အာသေ,သံ,ဝိပ္ပ,နတ္ထိ,ဝိဂတ။ ပစ္စည်းပြိုင်ကိုလိုက်၍ ယထာရဟ၊	၁၁	၁၃

ရ မရ

သဗ္ဗဋ္ဌာနိက၊ အသဗ္ဗဋ္ဌာနိက၊
ပစ္စည်း သာမည၊ ဝိသေသ ခွဲကြလေဦး။

			ရ	မရ
ပဋ္ဌဝေါကာရဘုံ	မှာ	ဟေ,အစ- အဝိ,အဆုံး ရ၏။	၂၄	-
စတုဝေါကာရဘုံ	။	ပု,ဇ္ဈာ,ဝိပ- သုံးပါး မရ။	၂၁	၃
ဧကဝေါကာရဘုံ	။	ဟ,ည,နိ,ကံ,ဣံ,တ္ထိ,အဝိ	၇	၁၇

ဧကဝေါကာရဘုံ၌(အာ,ဓိ)ရ၏ဟု အချို့ဆရာတို့ယူကြ၏။ အဋ္ဌကထာ၌ မရှိ။

			ရ	မရ
ပစ္စုပ္ပန်ကာလ	မှာ	ဟေ,ဟ,ည,နိ,ပု,ဇ္ဈာ,ပါ,ဟာ,ဣံ,ဈာ,မ,သံ,ဝိပ္ပ,တ္ထိ,အဝိ	၁၅	၉
အတိတ်	။	အနံ,သမနံ,အာသေ,နတ္ထိ,ဝိဂတ	၅	၁၉
အနာဂတ်	။	မရှိ	မ	မ
ပစ္စုပ္ပန်,အတိတ်	။	သဟဇာတကမ္မ, နာနာက္ခဏိကကမ္မ	၁	၂၃
ကာလသုံးပါး,ကာလဝိမုတ်	။	အာ,ဓိ,ဉ	၃	၂၁

			ရ	မရ
ဇနကသတ္တိ	မှာ	အနံ,သမနံ,အာသေ,နတ္ထိ,ဝိဂတ	၅	၁၉
ဥပတ္ထမ္ဘက	။	ပစ္ဆာဇာတ	၁	၂၃
ဇနကောပတ္ထမ္ဘက	။	ဇနက-၅နှင့် ဥပတ္ထမ္ဘကကြဉ် ကျန်-၁၈ ရ၏။	၁၈	၆

ဖြစ်စေတတ်သော သတ္တိ။
ထောက်ပံ့တတ်သော သတ္တိ။
ဖြစ်လည်းဖြစ်စေတတ်၊ ထောက်လည်းထောက်ပံ့တတ်သော သတ္တိ။

သင်္ကေတ အသုံးအနှုန်း

ဟော-ဟောတု။ အာ-အာရမ္မဏ။ ဓိ-အဓိပတိ။ အနံ-အနန္တရ။ သမနံ-သမနန္တရ။ ဟ-သဟဇာတ။ ည-အညမည။ နိ-နိဿယ။ ဉ- ဉပနိဿယ။ ပု-ပုရေဇာတ။ စ္ဆာ-ပစ္ဆာဇာတ။ အာသေ-အာသေဝန။ ကံ- ကမ္မ။ ပါ-ဝိပါက။ ဟာ-အာဟာရ။ ဣံ-ဣန္ဒြိယ။ ဈာ-ဈာန။ မ-မဂ္ဂ။ သံ-သမ္ပယုတ္တ။ ဝိပ္ပ-ဝိပ္ပယုတ္တ။ တ္ထိ-အတ္ထိ။ နတ္ထိ-နတ္ထိ။ ဝိဂ- ဝိဂတ။ အဝိ-အဝိဂတ။

ပစ္စည်းဝေဖန်သောဇယား ပြီး၏။

ပရမတ္ထတရားတို့၌ ပဋ္ဌာန်းပစ္စည်းတို့ ကျေးဇူးပြုပုံလင်္ကာ

ပရမတ္ထတရား လေးပါးတို့၌ ၂၄-ပါးသော ပစ္စည်းတို့သည် ဘုံ-ကာလ၊ ဇနက-ဥပတ္ထမ္ဘက၊ ဇနကောပတ္ထမ္ဘက အစရှိသောအားဖြင့် အသီးသီး ကျေးဇူးပြုကြပုံ အလုံးစုံတို့ကို ရှေးဆရာကြီးများ ရေးသားထားသော ကဗျာလင်္ကာအတိုင်း သောတုဇနအများ အကျဉ်းအားဖြင့် ကျက်မှတ်ရန် ရေးသားပါအံ့ -

(၁) ဟေတု၌မှာ၊ ကာမရူပ၊ အရူပဝယ်၊ ဣန္ဒြိယ၊ ရုပ်ဗဒ္ဓ၌၊ ပစ္စုပ္ပန္န၊ ထိုကာလမှာ၊ ဇနကာနှင့်၊ အဇနကာ၊ ထမ္ဘကာဟု၊ ဤသုံးခုဖြင့် ကျေးဇူးပြုသည်၊ မှတ်ရှု ဟေတု သဘောတည်း။

(၂) အာရမ္မဏ၊ ပစ္စယမှာ၊ ကာမရူပ၊ အရူပဝယ်၊ ဣန္ဒြိယ၊ ရုပ်ဗဒ္ဓ၌၊ တိကာလိက၊ ဝိမုတ္တဟု၊ ခဏတ္တယာ၊ ဇနကာနှင့်၊ အဇနကာ၊ ထမ္ဘကာမူ၊ သတ္တိစုဖြင့်၊ ကျေးဇူးပြုသည်၊ မှတ်ရှု အာရမ္မဏ သဘောတည်း။

(၃) အဓိပတိမှာ၊ ကာမရူပ၊ အရူပဝယ်၊ ဣန္ဒြိယ၊ ရုပ်ဗဒ္ဓ၌၊ တိကာလိက၊ ဝိမုတ္တဟု၊ ဇနကာနှင့်၊ အဇနကာ၊ ထမ္ဘကာမူ၊ သတ္တိစုဖြင့်၊ ကျေးဇူးပြုသည်၊ မှတ်ဟု ဓိပတိ သဘောတည်း။

(၄-၅) အနံ့ သမနံ့၊ ဤနှစ်တန်မှာ၊ ကာမရူပ၊ အရူပဝယ်၊ နာမ်လျှင် နာမ်ချင်း၊ ဖြစ်ပါလျှင်းမှ၊ တီတကာလ၊ ဇနကဖြင့်၊ ကျေးဇူးမြင့်သည်၊ မှတ်လင့် အနံ့ သမနံ့ သဘောတည်း။

(၆) သဟဇာတ၊ ပစ္စယမှာ၊ ကာမရူပ၊ အရူပနှင့်၊ ဇကဝေါကာ၊ ဣန္ဒြိယာနိန္ဒြိယ၊ ရုပ်ဗဒ္ဓ၌၊ ပစ္စုပ္ပန္န၊ ဇနကနှင့်၊ အဇနကာ၊ ထမ္ဘကာမူ၊ ကျေးဇူးပြုသည်၊ မှတ်ဟု သဟဇာတ သဘောတည်း။

(၇-၈) အညမည၊ နိဿျနှင့်ပစ္စယမှာ၊ ကာမရူပ၊ အရူပဝယ်၊ ဇကဝေါကာ၊ ဣန္ဒြိယာနိန္ဒြိယ၊ ရုပ်ဗဒ္ဓ၌၊ ပစ္စုပ္ပန္န၊ ဇနကနှင့်၊ အဇနကာ၊ ထမ္ဘကာမူ၊ ကျေးဇူးပြုသည်၊ မှတ်ဟု အညနိဿယ သဘောတည်း။

(၉) ဉပနိဿယာ၊ ပစ္စည်းမှာကား၊ ကာမရူပ၊ အရူပဝယ်၊ ဣန္ဒြိယ၊ ရုပ်ဗဒ္ဓဉ်၊ တိကာလိက၊ ဝိမုတ္တဟု၊ တစ်ခုဇနက၊ ကျေးဇူးမျှသည်၊ မှတ်ကြ ဉပနိဿယ သဘောတည်း။

(၁၀) ပုရေဇာတ၊ ပစ္စယမှာ၊ ကာမရူပ၊ ဘုံနှစ်ဝဝယ်၊ ဣန္ဒြိယ၊ ရုပ်ဗဒ္ဓဉ်၊ ပစ္စုပ္ပန္န၊ အဇနကာ၊ အထမ္ဘကာမူ၊ ကျေးဇူးပြုသည်၊ မှတ်ဟု ပုရေဇာတ သဘောတည်း။

(၁၁) ပစ္ဆာဇာတ၊ ပစ္စယမှာ၊ ကာမရူပ၊ ဘုံနှစ်ဝဝယ်၊ ဣန္ဒြိယ၊ ရုပ်ဗဒ္ဓဉ်၊ ပစ္စုပ္ပန္န၊ ထမ္ဘကသာ၊ ကျေးဇူးဖြာသည်၊ မှတ်ပါပစ္ဆာဇာတ သဘောတည်း။

(၁၂) အာသေဝန၊ ပစ္စယမှာ၊ ကာမရူပ၊ အရူပဝယ်၊ နာမ်လျှင် နာမ်ချင်း၊ ဖြစ်ပါလျှင်းက၊ တီတကာလ၊ ဇနကဟု၊ တစ်ခုသတ္တိ၊ ကျေးဇူး သိသည်၊ မှတ်ဘိ အာသေဝနတည်း။

(၁၃) ကမ္မဉ်မှာ၊ ကာမရူပ၊ အရူပနှင့်၊ ဧကဝေါကာ၊ ဣန္ဒြိယ၊ ရုပ်ဗဒ္ဓဉ်၊ ပစ္စုပ်တီတ၊ ဒွိကာလဖြင့်၊ ဇနကဟု၊ ကျေးဇူးပြုသည်၊ မှတ်ရှု ကမ္မ သဘောတည်း။

(၁၄) ဝိပါကမှာ၊ ကာမရူပ၊ အရူပဝယ်၊ ဣန္ဒြိယ၊ ရုပ်ဗဒ္ဓဉ်၊ ပစ္စုပ္ပန္န၊ ဇနကနှင့်၊ အဇနကာ၊ ထမ္ဘကာမူ၊ ကျေးဇူးပြုသည်၊ မှတ်ရှု ဝိပါက သဘောတည်း။

(၁၅) အာဟာရမှာ၊ ကာမရူပ၊ အရူပဝယ်၊ ဣန္ဒြိယ၊ ရုပ်ဗဒ္ဓဉ်၊ ပစ္စုပ္ပန္န၊ ဇနကနှင့်၊ အဇနကာ၊ ထမ္ဘကာမူ၊ ကျေးဇူးပြုသည်၊ မှတ်ရှု အာဟာရ သဘောတည်း။

(၁၆) ဣန္ဒြိယမှာ၊ ကာမရူပ၊ အရူပနှင့်၊ ဧကဝေါကာ၊ ဣန္ဒြိယ၊ ရုပ်ဗဒ္ဓဉ်၊ ပစ္စုပ္ပန္န၊ ဇနကနှင့်၊ အဇနကာ၊ ထမ္ဘကာမူ၊ ကျေးဇူးပြုသည်၊ မှတ်ရှု ဣန္ဒြိယ သဘောတည်း။

(၁၇) ဈာနဉ်မှာ ကာမရူပ၊ အရူပဝယ်၊ ဣန္ဒြိယ၊ ရုပ်ဗဒ္ဓဉ်၊ ပစ္စုပ္ပန္န၊ ဇနကနှင့်၊ အဇနကာ၊ ထမ္ဘကာမူ၊ ကျေးဇူးပြုသည်၊ မှတ်ရှု ဈာန သဘောတည်း။

(၁၈) မဂ္ဂဉ်မှာ၊ ကာမရူပ၊ အရူပဝယ်၊ ဣန္ဒြိယ၊ ရုပ်ဗဒ္ဓဉ်၊ ပစ္စုပ္ပန္န၊

ဇနကနှင့်၊ အဇနကာ၊ ထမ္ဘကာမူ၊ ကျေးဇူးပြုသည်၊ မှတ်ရူ မဂ္ဂ သဘောတည်း။

(၁၉) သမ္ပယုတ္တမှာ၊ ကာမရူပ၊ အရူပဝယ်၊ နာမ်လျှင်နာမ်ချင်း၊ ဖြစ်ပါလျှင်းမှ၊ ပစ္စုပ္ပန္န၊ ဇနကနှင့်၊ အဇနကာ၊ ထမ္ဘကာမူ၊ ကျေးဇူးပြုသည်၊ မှတ်ရူ သမ္ပယုတ် သဘောတည်း။

(၂၀) ဝိပ္ပယုတ္တမှာ၊ ကာမရူပ၊ ဘုံနှစ်ဝဝယ်၊ ဣန္ဒြိယ၊ ရုပ်ဗဒ္ဓ၌၊ ပစ္စုပ္ပန္န၊ ဇနကနှင့်၊ အဇနကာ၊ ထမ္ဘကာမူ၊ ကျေးဇူးပြုသည်၊ မှတ်ရူ ဝိပ္ပယုတ် သဘောတည်း။

(၂၁) အတ္ထိ၌မှာ၊ ကာမရူပ၊ အရူပနှင့်၊ ဧကဝေါကာ၊ ဣန္ဒြိယာနိန္ဒြိယ၊ ရုပ်ဗဒ္ဓ၌၊ ပစ္စုပ္ပန္န၊ ဇနကနှင့်၊ အဇနကာ၊ ထမ္ဘကာမူ၊ ကျေးဇူးပြုသည်၊ မှတ်ရူ အတ္ထိ သဘောတည်း။

(၂၂-၂၃) နတ္ထိဝိဂတ၊ နှစ်ပစ္စယမှာ၊ ကာမရူပ၊ အရူပ၌၊ နာမ်လျှင်နာမ်ချင်း၊ ဖြစ်ပါလျှင်းမှ၊ တီတကာလ၊ ဇနကဖြင့်၊ ကျေးဇူးမြင့်သည်၊ မှတ်လင့် နတ္ထိဝိဂတ သဘောတည်း။

(၂၄) အဝိဂတ၊ ပစ္စယမှာ၊ ကာမရူပ၊ အရူပနှင့်၊ ဧကဝေါကာ၊ ဣန္ဒြိယာနိန္ဒြိယ၊ ရုပ်ဗဒ္ဓ၌၊ ပစ္စုပ္ပန္န၊ ဇနကနှင့်၊ အဇနကာ၊ ထမ္ဘကာမူ၊ ကျေးဇူးပြုသည်၊ မှတ်ရူ အဝိဂတ သဘောတည်း။

စတုဝီသပစ္စယမှာ ဆောင်ပုဒ်ကဗျာပြီးပြီ နိဋ္ဌိတာ။

ပဋ္ဌာနာသီသနိဂမ

(က) ဣမိနာ,ပုညကမ္မေန၊ ပညာဓိကော ဘဝါမာ,ဟံ၊ ဗုဒ္ဓတ္တံ,ပါပုဏိတွာန၊ သန္တရေယံ, သဒေဝကံ။

အတိဂမ္ဘီရ၊ သုဒုဒ္ဒသ၊ အနန္တနယ၊ သမန္တပဟု၊ ပဋ္ဌာနသာရ၊ ခေါ်ထ မည်မွန်၊ ကျမ်းတံခွန်ကို၊ နှောင်လာသောတု၊ စာသင်နတို့၊ အလေးဂရု၊ အရေးပြု၍၊ ကြည့်ရှုဘို့ရန်၊ စိတ်ရည်သန်ဖြင့်၊ စီမံပြုရ၊ ကုသလကြောင့်၊ အကျွန်ုပ်မှာ၊ ပညာဓိက၊ ဆုထူးရသော၊ အမျိုးနာယကာ၊ ဗောသတ္တာသည်၊ ဆောဆောလျင်လျင်၊ ဖြစ်စေချင်၏။

ဖြစ်ပြီးပြန်က၊ နောက်ကာလ၌၊ ဒေဝနတ်လူ၊ သုံးဘုံသူကို၊ ကြည်ဖြူ အဟုတ်၊ မြစ်သမုဒ်မှ၊ ကျွန်ုပ်နှင့်တူ၊ များဗိုလ်လူကို၊ ထုတ်ယူကယ်တင်၊ ဖြစ်စေချင်သည်၊ အမှန်မလွဲ ကုသိုလ်ပွဲ။

(ခ) အပတ္တံ,ယာဝ ဗုဒ္ဓတ္တံ၊ သံသရန္တော,ဘဝါ,ဘဝေ၊ တိဟေတုကေန ဥက္ကဋ္ဌ-သန္ဓိယာ,ပဋိသန္ဓိကော။

ရုပ်နာမ်နှစ်ဝ၊ သမူဟကို၊ နာမသမုတ်၊ အကျွန်ုပ်သည်၊ အကြင်မျှ လောက်၊ ကာလရောက်သဖြင့်၊ တောင့်တအပ်ပါ၊ လိုရာဗုဒ္ဓ၊ ပညာဓိက၊ ဆုထူးရ၍၊ အမျိုးစင်စစ်၊ ရှင်ချစ်မြတ်စွာ၊ ဗောသတ္တာလျှင်၊ မဖြစ်ပါသေး၊ ကာလဝေးလတ်၊ ယုတ်မြတ်ဘဝ၊ သံသရာ၌၊ မပြတ်မနား၊ ကျင်လည်ငြား သော်၊ များမြတ်သန္ဓေ၊ တိဟိတ်နေလျက်၊ ဘယေနတ္တိ၊ ဖြစ်ဘိယောက်ျား၊ ဇာဏီလားသို့၊ အများသိပွ၊ ဋ္ဌာရသကို၊ ခဏမကြာ၊ မြင်ကြားခါလျှင်၊ တတ်စေချင်သား၊ ဆုပန်ထားသည်၊ အမှန်မလွဲ ပြုလိုမြဲ။

(ဂ) စတုဝီသတိ ပစ္စယ၊ ဓမ္မေ့ဝ အဟံ တောဟိ။

ဖလမုပ္ပဋ္ဌမာနုပိ၊ သာသဒိသော ဓာနာမိ။

ဆုဆိုပန်ရ၊ ပြည့်စုံကလျှင်၊ ပဋ္ဌာန်နယ၊ ဂမ္ဘီရဋ္ဌ၊ သမန္တဟု၊ စတုဝီသ၊ ပစ္စယကို၊ ပုန်ပုန၊ ဥပ္ပဋ္ဌဖြင့်၊ ဖလကျိုးမှန်၊ ပစ္စယုပ္ပန်ကို၊ ရုပ်နာမ်ပိုင်းခြား၊ သိစေကြောင်းလျက်၊ များသဒိသူ၊ မရှိဟူက၊ ပြိုင်သူဘက်ကင်း၊ ဘဝဂ်တွင်းမျှ၊ အလျှင်းမရှိ၊ ဖြစ်လေဘိသည်၊ အကြံမလွဲ တုလိုဘဲ။

(ဃ) ရမည်းသင်း ဝှယပူရမှာ၊ ဒက္ခိဏာယ ဒွိထမ္ဘကေ၊ ဆေးပုလဲဂါမနာမကေ၊ အဟံဘဝါမိ ဓာတိယာ။

အဟံ၊ ငါသည်။ ရမည်းသင်း ဝှယပူရမှာ၊ ပေါက္ကံပူရ ရာဇနော်ရထာ လက်ထက်ခါက နွားမည်းတစ်သင်း အမည်ရင်းမှ ကာလရှည်ကြာ ရွေ့လျောပါ သဖြင့် ဝေါဟာယခု ဒိစတြိတ်ပြုလျက် စီရင်မှုခင်း ရုံးစိုက်ခြင်းကြောင့် ဇမ္ဗူအနှံ့ ကျော်ပြန့်သတင်း ဂုဏ်ရောင်လင်းသော ရမည်းသင်းမြို့မှ။ ဒွိထမ္ဘကေ၊ နှစ်တိုင်မျှကွာသော။ ဒက္ခိဏာယ၊ တောင်မျက်နှာ၌ တည့်တည့်နေသော။ ဆေးပုလဲဂါမနာမကေ၊ ဆေးပုလဲကုန်း ခေါ်သုံးနာမ ရပ်ဌာန၌။ ဓာတိယာ၊ ပဋိသန္ဓေ တည်နေသောအားဖြင့်။ ဘဝါမိ၊ မိဘနှစ်ပါး အချစ်များလျက် ငါ့အားမသွေ ကျွန်းမာချမ်းသာသဖြင့် ဖြစ်ခဲ့လေပြီ။

(င) အမရေ ပဝတ္တိယာ စ၊ နဂရေ မင်္ဂလာရာမေ၊ လိခေ တေရသဝဿေန၊ ပဋ္ဌာနသာရ ဂမ္ဘီရေ။

ပဝတ္တိယာ စ၊ ယခုနေရာ ပဝတ္တိအခါ၌ကား။ အမရေ၊ ဒေဝါပူရ အမရပူရ နှစ်မည်ရသော။ နဂရေ၊ 'သီရိပဝရ,ဝိဇယာနန္တယသတြိဘဝနာဒိ တျာဓိ,ပတိ ပဏ္ဍိတ မဟာဓမ္မရာဇာဓိရာဇ' ဘွဲ့ထူးရသော ဆဒ္ဒန်ဆင်မင်း သခင်, ဘိုးတော်ဘုရင်သည် လက်မွန်မဆွ ပထမတည်ထောင် ဖန်ဆင်းတော်မူ ခဲ့သော မြို့တော်ကြီး၌။ ဝါ-တွင်။ မင်္ဂလာရာမေ၊ ညဝါအရာ ပို့ချရာတွင် ဇမ္ဗူမဆန့် ပြန့်နှံ့သတင်း ဂုဏ်ရောင်လင်းသော သုံးဆယ့်ရှစ်ဖြာ မင်္ဂလာအာရမ်

ရှိသော တိုက်တော်ကြီးအတွင်း၌။ တေရသဝဿေန၊ တစ်ဆယ့်သုံးဝါ ရရှိပြီးသော။ (ဘိက္ခုနာ၊ အသျှင်ဓမ္မသာမိ အမည်ရှိသော ရဟန်းသည်။) ပဋ္ဌာနသာရဂမ္ဘီရေ၊ အနန္တနယ သမန္တပဋ္ဌာန်း၌ ခက်ခဲနက်နဲ သိမ်မွေ့လှသော အနှစ်သာရတို့ဖြင့် စီကုံးရာစီကုံးကြောင်း ဖြစ်ခြင်းကြောင့် ပဋ္ဌာနသာရမဥ္ဇရီမည်သော ကျမ်းအစုစုတို့ကို။ လိခေ-လိခါမိ၊ ဆရာနည်းနာ အမိပွါကို စိတ်ဖြာလျက်သာ ရေးသားပါ၏။

(၈) ဂေါဓေ ဝဿေနဝါသီတိ၊ ဒွိသတေက,သဟဿမို၊
သမ္ပတ္တေ မာဂသီရဿ၊ ဇုဏှပက္ခေ စ နိဋ္ဌိတော။ ။

ဂေါဓေ၊ မြန်မာဝေါဟာ နှစ်ကောဇာသည်။ ဒွိသတေက,သဟဿမို၊ တစ်ထောင်နှစ်ရာဖြစ်သော။ နဝါသီတိဝဿေ၊ ရှစ်ဆဲ့ကိုး ခုနှစ်သို့။ သမ္ပတ္တေ၊ ရောက်လတ်သော်။ မာဂသီရဿ၊ မိဂသီနက္ခတ်နှင့်ယှဉ်သော နတ်တော်လ၏။ ဇုဏှပက္ခေစ၊ လဆန်းပက္ခ တစ်ဆယ့်နှစ်ရက်မြောက်, (၅-ဒီဇင်ဘာလ-၁၉၂၇) တနင်္လာနေ့ ညဆယ်နာရီ အချိန်၌သာလျှင်။ နိဋ္ဌိတော၊ ဘေးရန်ကင်းပျောက် ပြီးဆုံးခြင်းသို့ ရောက်လတ်ကပြီ။ ဝါ-နိဂုံးကမ္ပတ် ပိတ်ဖုံးလတ်၍ ဆုံးခန်းတိုင်မြောက်ကပြီ။

ဤမည်သော **ပဋ္ဌာနသာရမဥ္ဇရီ(ခေါ်) ညဝါတံခွန်ကျမ်း**ကို ကြီးပမ်းတကုတ် မဆုတ်နစ်သော လုံ့လဝီရိယဖြင့် စဉ်းစဉ်းစားစား ရေးသားထားခြင်းဖြစ်သောကြောင့် မိမိအသိဉာဏ်နှင့် မတိုက်ဆိုင်ကာမျှဖြင့် ရုတ်ခြည်းအပြစ်မတင်ကြပါမူ၍ စဉ်းစားဉာဏ် သက်ဝင်ပြီးလျှင် အကျိုးများသော ကဏ္ဍာတို့လည်း အများအပြားပင် ပါဝင်ပေလိမ့်မည်။

အကယ်၍ ပမာဒလေခ သဘောပါရှိက အကြောင်းအကျိုးပြလျက် မေးမြန်းခြင်းပြုလျှင် မှားလျှင် မှားကြောင်း၊ မှန်လျှင် မှန်ကြောင်း ဝန်ခံရန်

နှလုံးသွင်း အမြဲပင်ရှိသောကြောင့် ငါးကြော်စားသော နည်းဥပမာဖြင့် အသားကို စား၍ အရိုးကိုစွန့်ပစ်ကြသကဲ့သို့ ပိုသည်ကိုဖျက်၊ လိုသည်ကိုစွက်၍ ကောင်းစွာ မှတ်သားတော်မူကြစေကုန်သတည်း။ ။

အရှင်ဓမ္မသာမိ

၁၂၈၉-ခု၊ နတ်တော်လဆန်း (၁၂)ရက်၊ တနင်္လာနေ့ ည (၁၀)နာရီ။ (၅-ဒီဇင်ဘာလ-၁၉၂၇)

မင်္ဂလာတိုက်၊ အိုးတော်ရပ်၊ အမရပူရမြို့။

ဆရာကြီးဦးအုန်း၏ ညဝါတခွန် ပြီး၏။

ပိဋကတ်ကျမ်းစာရင်း (ဆဋ္ဌမူ)

၁။ စူဠဝဂ္ဂပါဠိတော်
၂။ ဇာတကပါဠိတော် (ပ၊ ဒု)
၃။ ဓမ္မပဒပါဠိတော်
၄။ ပဋ္ဌာနပါဠိတော် (ပ)
၅။ ဗုဒ္ဓဝံသပါဠိတော် (ဒု)
၆။ ဝိဘင်္ဂပါဠိတော်
၇။ ပဉ္စပကရဏအဋ္ဌကထာ
၈။ သမ္မောဟဝိနောဒနီအဋ္ဌကထာ
၉။ အဋ္ဌသာလိနီအဋ္ဌကထာ
၁၀။ အဘိဓမ္မတ္ထသင်္ဂဟအဋ္ဌကထာ
၁၁။ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ (ဋီကာကျော်)
၁၂။ ဓမ္မသင်္ဂဏီမူလဋီကာ
၁၃။ မဏိသာရမဉ္ဇူသာဋီကာ (ပ၊ ဒု)
၁၄။ ဝိဘင်္ဂမူလဋီကာ
၁၅။ ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ (ပ၊ ဒု)
၁၆။ သံယုင်ဋီကာ
၁၇။ ဓမ္မသင်္ဂဏီအနုဋီကာ
၁၈။ ပဉ္စပကရဏမူလဋီကာ
၁၉။ ပဉ္စပကရဏအနုဋီကာ
၂၀။ ပဋ္ဌာနသာရဒီပနီ
၂၁။ ပရမတ္ထဒီပနီသင်္ဂဟမဟာဋီကာပါဌ
၂၂။ အဘိဓမ္မာဝတာရပုရာဏဋီကာ (ပ၊ ဒု)
၂၃။ အနုဒီပနီပါဌ

၂၄။ ပဒရူပသိဒ္ဓိ
၂၅။ သဒ္ဒနီတိ ပဒမာလာ
၂၆။ အဘိဓာနပ္ပဒီပိကာပါဠိ

ပိဋကတ်ကျမ်းစာရင်း ပြီးပြီ။

ဆရာကြီးဦးအုန်း၏ ညဝါတော်ခွန် ပြီးပါပြီ။

ထေရုပ္ပတ္တိကထာ

ကျမ်းပြုဆရာကြီးဦးအုန်း (ဦးအာဒိစ္စ)၏ အတ္ထုပ္ပတ္တိ

ကောဇာ (၁၂၀၈-၁၂၈၇)၊ ခရစ်နှစ် (၁၈၄၆-၁၉၂၅)

(တောင်မြို့၊ ညဝါအကျော်၊ ပထမကျော်စာချ)

ကျမ်းပြုဆရာကြီး အဘိဓမ္မာညဝါအကျော် ပထမကျော်စာချ **ဆရာကြီးဦးအုန်း** (ခေါ်) **ဦးအာဒိစ္စ** [ကောဇာ(၁၂၀၈-၁၂၈၇)၊ ခရစ်နှစ်(၁၈၄၆-၁၉၂၅)] လောင်းလျာကို ကုန်းဘောင်မင်း ရှစ်ဆက်မြောက်ဖြစ်သော သာယာဝတီမင်း (ခေါ်) ရွှေဘိုမင်း နတ်ရွာစံတော်မူသည့်နောက် ပုဂံမင်းလက်ထက် နွားထိုးကြီးတိုက်အဝင်အပါ ရမည်းသင်းစီရင်စု၊ အလယ်ကုန်းရွာတွင် ခမည်းတော်ဦးတုတ်ပေါ+ မယ်တော်ဒေါ်ကူးတို့မှ သက္ကရာဇ် ၁၂၀၈-ခု၊ တော်သလင်းလဆန်း (၈)ရက် တနင်္ဂနွေနေ့ နေ့တစ်ချက်တီးကျော် အချိန် မီးရှူးသန့်စင် ဖွားမြင်လေ၏။

၁၂၁၄-ခုနှစ်၊ ပုဂံမင်းကိုနန်းချ၍ မင်းတုန်းမင်း နန်းတက်လေသည်။ ၁၂၂၃-ခုနှစ်တွင် အင်းကုန်းကျောင်းတိုက်၊ ဂိုဏ်းထောက်ဆရာတော် **ဦးသုဒဿန**ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေဖြစ်လာပါသည်။ ဘွဲ့အမည် **ရှင်အာဒိစ္စ** ခေါ်တွင်၏။ (**အရှင်အာဒိစ္စဝံသ** ဟုလည်းဖော်ပြကြ၏။)

၁၂၂၇-ခုနှစ်မှစ၍ ဆရာကြီးသည် မန္တလေးမြို့၊ မဏ္ဍလာရာမတိုက်၊ ညဝါအကျော် ပြည်ဆရာတော် **ဦးဇောဓ** အရှင်သူမြတ်ခြေတော်ရင်းတွင်ခိုလှုံပြီး ပြည်ဆရာတော်၊ စံကျောင်းဆရာတော် စသည့်ဆရာတော်များထံတော်ရင်း၌ အဋ္ဌကထာ၊ ဋီကာပရိယတ္တိစာပေကျမ်းဂန်များကို နည်းနာနယ ကောင်းစွာ သင်ကြားရလေသည်။ ၁၂၂၈-ခုနှစ်၊ နယုန်လတွင် ပထမကျော်အကြီးတန်း အောင်မြင်တော်မူသည်။ ၄င်းနှစ်တွင် ပြည်ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ရောက်ရှိပါသည်။

၁၂၃၅-ခုနှစ်တွင် ပထမစာချကြီးအဖြစ်ဖြင့် ပဥ္စမသင်္ဂါယနာတင်

မင်းတုန်းမင်းဆက်ကပ်သော ဆွမ်းဆန်တော်များကို အလှူခံရရှိတော်မူသည်။ ၁၂၄၀-ပြည့်နှစ်တွင် မင်းတုန်းမင်းနတ်ရွာစံ၍ သားတော်သီပေါမင်း နန်းတက်လာသောအခါတွင်လည်း ပထမစာချကြီးအဖြစ် ဆွမ်းဆန်တော်များ ဆက်လက်၍ ဆက်ကပ်ခြင်းကို ခံယူတော်မူပြီး သာသနာတော်ကြီး၏တာဝန်ကို ထမ်းဆောင်တော်မူသည်။

၁၂၄၇-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၈)ရက် သီပေါမင်း ပါတော်မူပြီးနောက် ၁၂၄၈ (၁၈၈၆)ခုနှစ်တွင် ပြည်ဆရာတော်၏သဒ္ဒိဝိဟာရိက အမွေခံတပည့်ကြီး ပထမကျော်စာချ **ဦးအာဒိစ္စ** (ဆရာကြီးဦးအုန်း)သည် ပြည်ဆရာတော်၏ အန္တေဝါသိကလက်ရုံးတပည့် ပထမစာချ **ဦးဝိသုဒ္ဓ** (ဦးရွှေတောင်-ဟံသာဝတီသတင်းစာတိုက်-အယ်ဒီတာ)နှင့်အတူ ရဟန်းဘဝမှ ပရိသုဒ္ဓ ပြုကြလေသည်။

ထို့နောင် အမရပူရမြို့၊ ပန်းဘဲတန်းတွင်နေထိုင်စဉ်အိမ်ထောင်ကျ၍ သမီးတစ်ဦးထွန်းကားသည်။ ဆရာကြီးသည် သာသနာတော်အတွက် ကြောင့်ကြမဲ့မနေ။ သာသနာတော်မှဆင်းသက်ခဲ့ပြီး လေးနှစ်အကြာတွင် မိမိကျွမ်းကျင်ရာ အဘိဓမ္မာစာဝါများကိုသာ နေအိမ်တွင်ပင် သံဃာတော်များအား အခမဲ့ချပို့ပေးခဲ့သည်။ ဆရာကြီးသည် အလွန်ရိုးသား၏။ မည်သူ့အကူညီမျှမယူ။ ဆန်ဆိုင်ဖွင့်ပြီး မိမိကိုယ်တိုင် ဆန်ထမ်းပို့၍ အသက်မွေး၏။

၁၂၆၇-ခုနှစ် (၁၉၀၅)တွင် ဆရာကြီး၏ရဟန်းဘဝမှ ဓမ္မန္တေဝါသိက တပည့်ရင်း **ဦးသုဇာတ** (အမရပူရမြို့၊ မင်္ဂလာတိုက်၊ တိုက်အုပ်ဆရာတော်)နှင့် ဆရာကြီး၏ တူသားရင်း ဦးပဥ္စင်း **ဦးဓမ္မသာမိ** (ဤကျမ်းစာကို ပထမအကြိမ် ပုံနှိပ်ထုတ်ဝေသူ၊ နောင်တွင် မင်္ဂလာတိုက်အနောက်ဘက် ပင်းတလဲတိုက် (ခေါ်) **မင်္ဂလာရာမတိုက်သစ်** နာယကဆရာတော်)တို့ တောင်းပန်ကြသဖြင့် စာလိုက်သံဃာတော် (၁၀)ပါးနှင့်အတူ အမရပူရမြို့၊ မင်္ဂလာတိုက်သို့ ပြောင်းရွှေ့ခဲ့ကြသည်။ ဆရာကြီးသည် မင်္ဂလာတိုက်မြောက်ဘက်ရှိ ဥပုသ်ဇရပ် (ယခု **မင်္ဂလာရာမ သီလရှင်ကျောင်းတိုက်** နေရာ) ပေါ်တွင်နေထိုင်ပြီး စာဝါများ ချပို့ပေးခဲ့သည်။ စာလိုက်သံဃာများက မင်္ဂလာတိုက်တွင်း၌သီတင်းသုံးကြသည်။

တချဆရာတော် ဘဒ္ဒန္တဝိမလ မဟာထေရ်
(မိုးကုတ်ဆရာတော်ဘုရားကြီး)၏
ကြွင်းကျန်ရစ်သော ဓါတ်တော်များ

ထူးခြားချက်ရှိခဲ့သည်မှာ ဆရာကြီးဦးအုန်း ၄င်းဇရပ်သို့မရောက်မီ ရက်အနည်းငယ်ခန့်က 'ဇရပ်ပေါ်သို့ ဆင်ဖြူတော်တစ်စီးတက်သည်'ဟု ဇရပ်အလှူရှင်ဒကာ၏ အိပ်မက်မြင်မက်ခြင်း ရှိခဲ့လေသည်။

ဆရာကြီးသည် ၁၂၈၇-ခုနှစ်၊ ကဆုန်လပြည့်ကျော် (၈)ရက် (၁၄-မေလ-၁၉၂၅) ကြာသပတေးနေ့ အသက်(၇၉)နှစ် ကံကုန်သည့်တိုင် သာသနာတော်အတွက် ကျမ်းဂန်များပြုစုခြင်း၊ ရဟန်းသံဃာ၊ သီလရှင်၊ လူဝတ်ကြောင်များအား စာပေများချပို့ပေးခြင်းတို့ကို အားထုတ်ကြိုးပမ်းခဲ့လေသည်။ ဆရာကြီးသည် ထိုခေတ်နိုင်ငံတစ်ဝန်းလုံးရှိ သံဃာတော်များ၏ စာဝါလောကတွင် ညဝါအရာ၌ အကျော်စောဆုံးနှင့် စာသင်သားအကြိုက်ဆုံးသော ဆရာတစ်ဆူဖြစ်ပါသည်။

ကျမ်းပြုဆရာကြီးဦးအုန်းသည် မိုးကုတ်ဆရာတော်လောင်းလျာ **အရှင်ဝိမလအား** မင်္ဂလာတိုက်ရောက်ခါစ သာမဏေကလေးဘဝမှစ၍ သားတော်ရင်းကဲ့သို့ အရိပ်တကြည့်ကြည့်ဖြင့် စောင့်ရှောက်ကြည်ညိုခဲ့သူ ဖြစ်သတည်း။

ကျမ်းပြုဆရာကြီးဦးအုန်း၏အတ္ထုပ္ပတ္တိ ပြီး၏။

ပဋ္ဌာနသာရဂန္ထကာရက (ဘဒ္ဒန္တမေဓာဘိ) ထေရ ဆာယာရုပ်

(ကောဇာသက္ကရာဇ် ၁၂၅၇-၁၃၁၀) (ခရစ်နှစ် ၁၈၉၅-၁၉၄၈)

မင်္ဂလာတိုက်သစ် ပဓာနနာယကဆရာတော်

အမရပူရမြို့၊ မင်္ဂလာတိုက်သစ် နာယကဆရာတော်များ၏ ထေရုပ္ပတ္တိများ

(၁၂၉၀ မှစ၍ ယခုချိန်အထိ)

ဘဒ္ဒန္တခေမ္မသာမိ၏ ထေရုပ္ပတ္တိ

(ကောဇာ ၁၂၅၇-၁၃၁၀) (ခရစ် ၁၈၉၅-၁၉၄၉)

မင်္ဂလာတိုက်သစ် ပဓာနနာယကဆရာတော်

ဤကျမ်းစာကို ပထမအကြိမ်ပုံနှိပ်ရန် စိစစ်ဖြည့်စွက်ရေးသားတော်မူသော ဆရာတော်**ဦးခေမ္မသာမိ** လောင်းလျာကို ကောဇာသက္ကရာဇ် ၁၂၅၇-ခု ဝါဆိုလဆန်း (၉)ရက် (၁၂-ဇွန်-၁၈၉၅) စနေနေ့၊ စက် (၄)နာရီတွင် နွားထိုးကြီးတိုက်အဝင်အပါ ရမည်းသင်းစီရင်စုတောင်ဘက် နှစ်တိုင်အကျွာ ဆေးပုလဲကုန်းရွာ (ဆရာကြီးဦးအုန်းဇာတိ အလယ်ကုန်းရွာ၏အရှေ့ဘက်)တွင် မီးရှူးသန့်စင်ဖွားမြင်တော်မူပါသည်။ **ဆရာကြီးဦးအုန်း**၏တူသားရင်း ဖြစ်တော်မူပါသည်။

ဆရာကြီးဦးအုန်း နာမကျန်းသောအခါ ဆရာကြီး၏အစီစဉ်အရ စာဝါများခွဲဝေပေးမှုဖြင့် မင်္ဂလာတိုက်အတွင်း စာချဆရာတော် **ဦးခေမ္မသာမိ**နှင့် **ဦးအာစာရ**တို့သည် ပဋ္ဌာန်းညဝါချပို့ရာ၌ သရုပ်တွေကို သူ့အကန့်နှင့်သူပုံ၍ သရုပ်များကို နိုင်နင်းစွာ အကောင်းဆုံးရှင်းပြနိုင်ကြသည်ဟူ၏။ ဝါအငယ်ဆုံးဖြစ်သော စာချဆရာတော်လေး **ဦးဝိမလ** (မိုးကုတ်ဆရာတော်လောင်းလျာ)သည် ပဋ္ဌာန်းညဝါ ချပို့ရာ၌ ဥပမာဥပမေယျတို့နှင့် အဓိပ္ပာယ်နားလည်သဘောပေါက်အောင် အကောင်းဆုံးရှင်းပြနိုင်ပြီး စာလိုက်သံဃာပိုများ၏။ စာချဆရာတော်များသည် သူ့နည်းနှင့်သူ တစ်မျိုးစီတော်ကြသည်ဟူ၏။

၁၂၈၆-ခုတွင် မင်္ဂလာတိုက်အတွင်း ပိဋကတ်တိုက်ကျောင်းကြီး

တစ်ဆောင်ကို (အလယ်တိုက်ကျောင်းဟုလည်းခေါ်သည်) အမရပူရမြို့၊ ပွဲတော်ရပ်မှ ဒေါ်ဒေါ်သစ်နှင့်သားသမီးတစ်စုတို့က ဆရာတော်လေး ဦးဝိမလ ညဝါချပို့ရန်နေရာအဖြစ် ဆောက်လုပ်လှူဒါန်းကြသည်။ ထိုပိဋကတ်တိုက် ကျောင်း၏အရှေ့ဘက် အသားကျောင်းကြီးပေါ်တွင် ဦးဓမ္မသာမိကလည်းကောင်း၊ မြောက်ဘက်ရှိအသားကျောင်းကြီးပေါ်တွင် ဦးအာစာရကလည်းကောင်း အသီးသီး ညဝါများချပို့ပေးခဲ့ကြသည်။

ဆရာတော်၏ဦးလေးဖြစ်သူ ညဝါဆရာကြီးဦးအုန်းသည် (၇၉)နှစ် အရွယ်၌ ၁၂၈၇-ခုနှစ်၊ ကဆုန်လပြည့်ကျော် (၈)ရက် (၁၄-မေလ-၁၉၂၅) ကြာသပတေးနေ့တွင် တစ်နှစ်ကျော်ခံစားနေရသော ရောဂါဝေဒနာဖြင့်ပင် ကွယ်လွန်လေသည်။

အမရပူရမြို့၊ မင်္ဂလာတိုက်အနောက်ဘက်ကပ်လျက်တွင် တစ်ချိန်တုန်းက ပင်းတလဲမင်းသား ဆောက်လုပ်လှူဒါန်းကိုးကွယ်ခဲ့သော ပင်းတလဲကျောင်းတိုက် ရှိ၏။ ၁၂၉၀-ပြည့်ခန့် (၁၉၂၈)တွင် ထိုပင်းတလဲကျောင်းတိုက်၏ အကြီးကဲ ဆရာတော် စံလွန်တော်မူသဖြင့် ကျောင်းတိုက်အား မင်္ဂလာတိုက်သို့ လာရောက် အပ်နှံကြသည်ဟူ၏။ ဆရာတော် ဦးဓမ္မသာမိသည် နာယကဆရာတော်အဖြစ် လိုက်ပါ သီတင်းသုံး၍ ကျောင်းတိုက်ကို **မင်္ဂလာတိုက်သစ်**ဟု အမည်တွင် စေသည်။ ထိုအခါ တိုက်တွင်းသံဃာများနှင့် အထူးအားဖြင့် မိုးကုတ်ဆရာတော် တို့က မူလ**မင်္ဂလာတိုက်**ကို တိုက်ဟောင်းဟုခေါ်ဆိုလာခြင်းကို မပြုစေလိုကြပေ။

ဆရာတော်သည် အဘိဓမ္မာညဝါများ ဆက်လက်ချပို့ခြင်း၊ ဆရာကြီး ဦးအုန်းရေးသားခဲ့သောကျမ်းစာများ ပုံနှိပ်ထုတ်ဝေခြင်း၊ ကျမ်းစာများ ရေးသား ထုတ်ဝေခြင်းတို့ဖြင့် သာသနာသုံးရပ်တာဝန်ကို ထမ်းဆောင်တော်မူခဲ့သည်။

ဆရာတော်သည် ၁၃၁၀-ခုနှစ်၊ တန်ခူးလပြည့် (၁၂-ဧပြီလ-၁၉၄၉) အင်္ဂါနေ့ နေ့(၃း၃၀)နာရီ သက်တော် (၅၄)နှစ်၊ သိက္ခာတော် (၃၄)ဝါအရတွင် တစ်နှစ်ကျော်ခန့် ခံစားနေရသော ဝေဒနာဖြင့်ပင် စံလွန်တော်မူပါသည်။

ပထမအကြိမ် ပုံနှိပ်ပူဇော်သော ဆရာတော်၏ထေရုပ္ပတ္တိ ပြီး၏။

ဆရာတော် ဦးဥက္ကံသ



(ကောဇာ ၁၂၆၅-၁၃၃၉) (ခရစ် ၁၉၀၃-၁၉၇၇)

အမရပူရမြို့၊ မင်္ဂလာတိုက်၊ ဆရာကြီးဦးအုန်း၊ မိုးကုတ်ဆရာတော်နှင့် ဦးဓမ္မသာမိတို့၏ နောက်ပိုင်းကာလများတွင် တိုက်သစ်ဆရာတော်များဖြစ်ကြသော ဦးဥက္ကံသနှင့် ဦးတေဇောသာရတို့က ပဋ္ဌာန်းညဝါများကို စာလိုက်သံဃာများအား ချပို့ပေးတော်မူကြသည်။

ဆရာတော်လောင်းလျာကို ကောဇာသက္ကရာဇ် ၁၂၆၅-ခု၊ နတ်တော်လပြည့်ကျော် (၉)ရက် (၁၂-ဒီဇင်ဘာလ-၁၉၀၃) စနေနေ့ ည(၃)ချက်တီးကျော် တွင် မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့၊ ပန်းချီရပ်၌ ခမည်းတော်ဦးမှူ+မယ်တော်ဒေါ်နွဲ့တို့မှ မီးရှူးသန့်စင် ဖွားမြင်တော်မူသော မွေးချင်း(၄)ဦးအနက် အကြီးဆုံးသောသားမြတ်ရတနာ ဖြစ်ပါသည်။

ဆရာတော်လောင်းလျာသည် သာမဏေမပြုမီ ကလေးငယ်ဘဝကပင် မင်္ဂလာတိုက်၊ စာချဆရာတော် ဦးဓမ္မသာမိအထံသို့ အများဆုံးလာရောက်နေလေ့ရှိသည်။ ၁၂၇၂-ခုနှစ် သက်တော်(၇)နှစ်ခန့် အမရပူရမြို့၊ မင်္ဂလာတိုက်တွင် သာမဏေပြုတော်မူသည်။ ဘွဲ့အမည် **ရှင်ဥက္ကံသ** ဖြစ်ပါသည်။

ဆရာတော်သည် မင်္ဂလာတိုက်တွင် တိုက်အုပ်ဆရာတော် **ဦးသုဇာတ**၊ **ဆရာကြီးဦးအုန်း**နှင့် ဆရာတော် **ဦးဓမ္မသာမိ**တို့အထံတွင် ပရိယတ္တိအခြေခံမှစ၍ အထက်စာဝါများ လေ့လာသင်ယူခဲ့ပါသည်။

၁၂၈၅-ခု၊ နယုန်လဆန်း (၅)ရက် (၁၉-မေလ-၁၉၂၃) စနေနေ့ နေ့(၁၁)နာရီ (၃၀)မိနစ်အချိန်တွင် အမရပူရမြို့၊ ယက်ကန်းတော်ရပ် ကျောင်းဒကာကြီး ဦးရွှေ+ကျောင်းဒကာမကြီး ဒေါ်မမကြီးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူပြီး အမရပူရမြို့၊ သိမ်ကြီးဈေးအနီး ရှင်အရဟံနှင့် ရဟန္တာအရှင်မြတ်များ

စီစဉ်ခဲ့သော မဟာသိမ်တော်၌ မင်္ဂလာတိုက် တိုက်အုပ်ဆရာတော် **ဦးသုဇာတ**ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ရောက်ရှိပါသည်။

၁၃၀၃-ခု (၁၉၄၂)ခုနှစ် ဒုတိယကမ္ဘာစစ် ဖြစ်သောအခါ စစ်ဘေးရှောင်ရင်း စစ်ကိုင်းတိုင်း၊ အင်းတော်မြို့နယ်၊ မဲဇာမြစ်ကမ်းအနီး မာန်လည်မြို့၊ မာန်လည်ကျောင်း ဆရာတော်ဘုရားအထံခိုလှုံစဉ် စာဝါများလိုက်ခဲ့ဖူးသည်။

ထို့အပြင် မန္တလေးမြို့၊ မြတောင်တိုက် ဆရာတော်၊ ရွှေရေးဆောင်တိုက် ဆရာတော်များအထံ အထက်ပိဋကတ် စာပေကျမ်းဂန်များကို ကျမ်းကြီးပေါက် ဆရာနည်းကျ လေ့လာသင်ယူခဲ့ပါသည်။

ဆရာတော်သည် ဝိနည်းသိက္ခာနှင့်အညီ သီတင်းသုံးနေထိုင်မှုကိုသာ အလေးထားတော်မူသည်။ စာမေးပွဲ အောင်မြင်ရုံသာအောင်မြင်သော ဘွဲ့ထူး ဂုဏ်ထူးများ၊ နာမည်ကြီးခြင်းများကို မက်မောခြင်း အလျှင်းရှိတော်မမူပါ။ တပည့်များကိုလည်း ဆရာတော်ကဲ့သို့ပင် ဖြစ်စေတော်မူပါသည်။

ဆရာတော်သည် ၁၃၀၇-ခုနှစ် (၁၉၄၆)တွင် ဆရာတော်၏ ဆရာသမား ဦးဓမ္မသာမိ စံလွန်တော်မမူမီ (၃)နှစ်ခန့်ကပင် မင်္ဂလာတိုက်သစ် နာယက ဆရာတော် ဖြစ်လာပါသည်။ ဆရာသမားနှင့်အတူ သာမဏေဘဝမှစ၍ အခြေခံ စာဝါအဆင့်ဆင့်တို့ကိုလည်းကောင်း၊ အထူးအားဖြင့် ယမိုက်၊ ပဋ္ဌာန်းတို့ကို စံလွန်တော်မူသည့်တိုင် စာလိုက်သံဃာများအား ချပို့ပေးခဲ့ပါသည်။

ဆရာတော်သည် ၁၃၃၉-ခု၊ ဝါခေါင်လပြည့်ကျော် (၈)ရက် (၆-စက်တင်ဘာလ-၁၉၇၇) အင်္ဂါနေ့၊ သက်တော် (၇၄)နှစ် သိက္ခာတော် (၅၄)ဝါ အရတွင် စံလွန်တော်မူပါသည်။

ဆရာတော်ဦးဥက္ကံသ၏ ထေရုပ္ပတ္တိကထာ ပြီး၏။

ဆရာတော် ဦးတေဇောသာရ

မင်္ဂလာတိုက်သစ် နာယကဆရာတော် (ယခုလက်ရှိ)

ဆရာတော်လောင်းလျာအား ကောဇာ သက္ကရာဇ် ၁၃၀၄-ခု၊ တပေါင်းလ (၁၉၄၃-ခု၊ မတ်လ) စနေနေ့တွင် ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်၊ ဘိုတဲရွာ၌ ခမည်းတော် ဦးချစ်တူး+မယ်တော် ဒေါ်သိန်းခင်တို့မှ မီးရှူးသန့်စင် ဖွားမြင်တော်မူသော မွေးချင်းညီအစ်ကို (၂)ဦးအနက် အကြီးဆုံးသော သားမြတ်ရတနာ ဖြစ်တော်မူပါသည်။

ဆရာတော်သည် အစိုးရမူလတန်း အောင်မြင်ပြီး ၁၃၁၆-ခုနှစ် (၁၉၅၄) သက်တော် (၁၂) နှစ်ခန့်တွင် ခမည်းတော်၏ဖခင်ဖြစ်သူ (အဘိုးရင်း) ဦးဘသိန်း၏ ပစ္စယာနုဂ္ဂဟကို ခံယူပြီး ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်၊ ဘိုတဲရွာ၊ ရွာဦးကျောင်း ဆရာတော် **ဦးနန္ဒိယ**ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်ရောက်ရှိပါသည်။ ဘွဲ့အမည် **ရှင်တေဇောသာရ** ဖြစ်တော်မူပါသည်။ ဆရာတော်၏ အဘိုးဖြစ်သူ သည် ယခုအချိန်တွင် အသက်(၉၅)နှစ်ကျော်ဖြစ်ပြီး အသက်ရှင် ကျန်းမာလျက်ပင် ရှိနေပါသည်။

ဆရာတော်သည် ဇာတိရွာကျောင်းဆရာတော်အထံ ရှင်ကျင့်ဝတ်မှစ၍ သဒ္ဒါသင်္ဂြိုဟ်စသောပရိယတ္တိအခြေခံများ စတင်လေ့လာသင်ယူပါသည်။ ၁၃၂၂-ခု (၁၉၆၁)ခုနှစ် သက်တော်(၁၈)နှစ်တွင် အမရပူရမြို့၊ မင်္ဂလာတိုက်သစ်ဆရာတော် **ဦးဥက္ကံသ** အထံရောက်ရှိပြီး ပရိယတ္တိအခြေခံမှစ၍ အထက်စာဝါများကို ကျမ်းကြီးပေါက် ဆက်လက်လေ့လာသင်ယူပါသည်။

၁၃၂၄-ခု၊ တပေါင်းလဆန်း (၈)ရက် (၂-မတ်လ-၁၉၆၃) စနေနေ့ (မိုးကုတ်ဆရာတော်ဘုရားကြီး ခန္ဓာဝန်ချပြီး (၅)လအကြာ) တွင် အမရပူရမြို့၊ အိုးတော်ရပ် ကျောင်းဒကာကြီး ဦးကောင်း+ကျောင်းဒကာမကြီး ဒေါ်ညိမ်းတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး အမရပူရမြို့၊ သိမ်ကြီးဈေးအနီး၊ ရှင်အရဟံနှင့် ရဟန္တာ အရှင်မြတ်များစီစဉ်ခဲ့သော မဟာသိမ်တော်၌ မင်္ဂလာတိုက်သစ်နာယကဆရာတော် **ဦးဥက္ကံသ**ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိပါသည်။

၁၃၃၆-ခု (၁၉၇၄)မှစ၍ ဆရာသမားရင်း၏အမြော်အမြင်အရ မင်္ဂလာတိုက်သစ်နာယကဆရာတော်အဖြစ် တာဝန်လွှဲပြောင်း ဆက်ခံစေခြင်းကို ခံယူရရှိပါသည်။ ဆရာတော်သည် ရဟန်းဖြစ်စမှစ၍ မင်္ဂလာတိုက်သစ်တွင် သဒ္ဒါသင်္ဂြိုဟ်၊ ပရိယတ္တိအခြေခံစာဝါများမှစ၍ ဆရာသမားရင်းနှင့်အတူ ကူညီချပို့ပေးရပါသည်။ ယမိုက်၊ ပဋ္ဌာန်းစာဝါများကို စာလိုက်သံဃာများအား ယခုတိုင် ချပို့ပေးလျက်ရှိပါသည်။

ဆရာတော်သည် မင်္ဂလာတိုက်သစ်တွင် သီတင်းသုံးတော်မူပြီး ပရိယတ္တိစာဝါများ ချပို့လျက်လည်းကောင်း၊ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ပေါ်ပေါက်လာသောအခါ (၁၃၅၂)မှ (၁၃၆၂)ခုနှစ်အထိ အမရပူရမြို့နယ်၊ အိုးတော်ရပ်ကွက်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် အဖြစ်လည်းကောင်း၊ (၁၃၆၂)ခုနှစ်မှစ၍ယနေ့တိုင် အမရပူရမြို့နယ်သံဃနာယကအဖွဲ့ ဝန်ဆောင်ဆရာတော် အဖြစ်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဝန်ဆောင်ဆရာတော် အဖြစ်လည်းကောင်း၊ (၁၃၆၃)ခုနှစ်မှစ၍ယနေ့တိုင် အမရပူရမြို့နယ်၊ တူးမောင်းကျောင်းတိုက်ဌာနချုပ်ပမြဖြစ်သော မြို့နယ်လုံးဆိုင်ရာ 'ဝိနယာဓိကဝိနည်းစာမေးပွဲ'တွင် စာမေးပွဲဥက္ကဋ္ဌဆရာတော် အဖြစ်လည်းကောင်း သာသနာသုံးရပ်တာဝန်ကို ထမ်းဆောင်တော်မူလျက်ရှိပါသည်။

[ဆရာတော်၏ဆရာသမား **ဦးဥက္ကံသ** ရေးသားတော်မူခဲ့သော 'ပဋ္ဌိသန္ဓိဝိနိစ္ဆယကျမ်း' လက်ရေးစာမူရင်းကို (၁၉၈၂)ခုနှစ်ခန့်တွင် ပုံနှိပ်ထုတ်ဝေရန် စီစဉ်သောအခါ စာရေးဆရာကြီး ဦးဆန်းထွန်း (ဆန်းထွန်း-မန်းတက္ကသိုလ်) မင်္ဂလာတိုက်သို့ ရောက်ရှိခိုက်နှင့်ကြုံ၍ နိဒါန်းအမှာစာ ရေးပေးရန်အတွက် ထိုစာမူရင်းကို ပေးလိုက်မိ၏။ စာမူအား မိတ္တူလည်း ယူမထားမိ။ နောက်ပိုင်း ဆရာကြီးလည်း ထပ်မလာ။ များမကြာမီ ဆရာကြီးဦးဆန်းထွန်း ကွယ်လွန်လေ၏။ ထိုစာမူ ပြန်ရလိုသော်လည်း အဘယ်သို့ ဆက်သွယ်ရမှန်း မသိ။ ဆရာကြီး၏ မိသားစုမှ ထိုစာမူကို မင်္ဂလာတိုက်သို့ ပြန်ပို့ပေးလျှင် လွန်စွာကောင်းလေစွ ဟူ၍သာ။]

ဆရာတော်ဦးတေဇောသာရ၏ ထေရုပ္ပတ္တိကထာ ပြီး၏။

မြွေကျမ်းစာများကို ပုံနှိပ်ပူဇော်သော

ဘဒ္ဒန္တ ကေတိက (လေး:)

(မိုးကုတ် ဆရာတော်ဘုရားကြီး၏ မြွေနွေ့ဝါသိက)

ကောဇာ (၁၂၈၃ - ၁၃၇၂) ခရစ်နှစ် (၁၉၂၁ - ၂၀၁၁)

၏

ကြွင်းကျန်ရစ်သော ဓါတ်တော်များ





မိုးကုတ်–မင်္ဂလာ ဓမ္မကျမ်းစာများကို ပုံနှိပ်ပူဇော်သော ဆရာတော်

ဘဒ္ဒန္တဇောတိက(လေး)၏ ထေရုပ္ပတ္တိ

ကောဇာ(၁၂၈၃-၁၃၇၂) ခရစ်နှစ်(၁၉၂၁-၂၀၁၁)
မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဓမ္မန္တေဝါသိက
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ပဓာနမဟာနာယကဆရာတော်
မိုးကုတ်ဝိပဿနာမင်္ဂလာမဂ္ဂင်ရိပ်သာ၊ မင်္ဂလာတိုက်၊ အမရပူရမြို့။

ဤကျမ်းပြုစုထုတ်ဝေသောဆရာတော်သည် မိုးကုတ်ဆရာတော် ကြီး၏ ဓမ္မန္တေဝါသိက **ဦးဇောတိက(လေး)**ဖြစ်တော်မူပါသည်။ မင်္ဂလာတိုက် အတွင်း ဦးဇောတိက နှစ်ပါးရှိရာ သက်တော်၊ ဝါတော်၊ အကြီး, အငယ် အားဖြင့် ဦးဇောကြီး၊ ဦးဇောလေးဟု မိုးကုတ်ဆရာတော်ဘုရားမှ အမည်ပညတ် သတ်မှတ်တော်မူခဲ့ပါသည်။ ကျမ်းပြုဆရာတော်မှာ မိုးကုတ်ဆရာတော်ကြီး မရှိသည့်နောက် အမရပူရမြို့၊ မင်္ဂလာမဂ္ဂင်ရိပ်သာ ပဓာနမဟာနာယက ဆရာတော် ဖြစ်တော်မူပါသည်။ အမရပူရမြို့၊ မင်္ဂလာတိုက်အတွင်း တိုက်အုပ် ဆရာတော်အဖြစ် ထေရ်စဉ်ဝါလိုက်ဆက်ခံကြရာ ကျမ်းပြုဆရာတော်မှာ မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဥပဇ္ဈာယ်ဆရာတော် **ဦးသုဇာတ** ပြီးလျှင် **မိုးကုတ်–မင်္ဂလာ**၏ ခြောက်ပါးမြောက်တိုက်အုပ်ဆရာတော် ဖြစ်တော်မူ ပါသည်။

ကျမ်းပြုဆရာတော်လောင်းလျာအား စစ်ကိုင်းတိုင်း၊ တန့်ဆည်မြို့နယ်၊ ရတနာရွာတွင် ခမည်းတော်ဦးအောင်ပေါ်+မယ်တော်ဒေါ်ပိုးစုတို့မှ ကောဇာ သက္ကရာဇ် ၁၂၈၃-ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၉)ရက် (၂၅- အောက်တိုဘာလ-၁၉၂၁) အင်္ဂါနေ့ နံနက်စက် (၉)နာရီတွင် မီးရှူးသန့်စင် ဖွားမြင်တော်မူသော မွေးချင်း (၅)ယောက်အနက် စတုတ္ထမြောက်သားမြတ် ရတနာ ဖြစ်တော်မူပါသည်။ ငယ်အမည်မှာ **မောင်စံထွန်း** ဖြစ်ပါသည်။

(၁၂)နှစ်သားအရွယ် ၁၂၉၅-ခုနှစ်တွင် စစ်ကိုင်းတိုင်း၊ တန့်ဆည်မြို့နယ်၊ ရွာသာရွာ၊ ကုန်းပေါ်ကျောင်းတိုက် ဆရာတော် **ဘဒ္ဒန္တသဒ္ဓမ္မ** မဟာထေရ်အား ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ရောက်ရှိပါသည်။ ဘွဲ့အမည် **ရှင်ဇောတိက** ဖြစ်တော်မူပါသည်။ ၁၃၀၂-ခုနှစ်၊ တန်ခူးလပြည့်ကျော် (၁)ရက် (၁၁-ဧပြီလ-၁၉၄၁) သောကြာနေ့ (၁၂)နာရီ (၃)ဖဝါးအချိန်တွင် တန့်ဆည်မြို့နယ်၊ ရွာသာရွာနေ ဦးပေါ်လှ+ဒေါ်ရွှေမြည့် သားသမီးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး ရွာသာရွာ၊ ကုန်းပေါ်ကျောင်းတိုက် သာသနသောဘိနီ ခဏ္ဍသိမ်၌ ရွာရှည်ရွာ၊ ဖက်သာဆရာတော် **ဘဒ္ဒန္တဂုဏ** မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိပါသည်။

(၁၃၀၉) မှ (၁၃၁၅) ခုနှစ်ထိ ဆရာတော်သည် မန္တလေးမြို့၊ မြောက်ပြင်၊ စံကျောင်းတိုက်ဆရာတော် **ဘဒ္ဒန္တပဏ္ဍိစ္စ** အထံတော်တွင် ခိုလှုံသီတင်းသုံးတော်မူပြီး မန္တလေးမြို့၊ မစိုးရိမ်ကျောင်းတိုက် စာချဆရာတော်များအထံတော်၌လည်းကောင်း၊ အမရပူရမြို့၊ မင်္ဂလာတိုက်၊ မိုးကုတ်ဆရာတော်ကြီးအထံတော်၌လည်းကောင်း၊ ပရိယတ္တိ, ပဋိပတ္တိစာပေကျမ်းဂန် အထက်အောက်စာဝါများကို နှံ့စပ်ကုန်လုံတော်မူပါသည်။

ဆရာတော်သည် ၁၃၇၂-ခုနှစ်၊ ပြာသိုလဆန်း(၁၁)ရက် (၁၅-ဇန္နဝါရီလ-၂၀၁၁) စနေနေ့ နံနက်စောစောအချိန် (၀၀)နာရီ (၁၀)မိနစ်တွင် မန္တလေးမြို့၊ တော်ဝင်ဆေးရုံ၌ ခန္ဓာစွန့်တော်မူပါသည်။ ဆရာတော် ဦးဇောတိက(လေး)၏ မီးမခသောနှလုံးတော်၊ မျက်လုံးတော်၊ ဦးနှောက်တော်၊ သွားတော်၊ အသွေးတော်၊ ဆံတော်၊ အရိုးတော်၊ ဓာတ်တော်စသည်များ ကြွင်းကျန်ရစ်တော်မူပြီး အမရပူရမြို့၊ မင်္ဂလာတိုက်၊ မင်္ဂလာမဂ္ဂင်ရိပ်သာ အတွင်းရှိ ပဓာနနာယကကျောင်းဆောင်တွင် ဖူးမြှော်နိုင်ရန် ပူဇော်ထားပါသည်။

ဆရာတော်သည် (၁၃၅၀) မှ (၁၃၅၇) ခုနှစ်အထိ အမရပူရမြို့၊ မင်္ဂလာတိုက် တိုက်အုပ်ဆရာတော်ဖြစ်တော်မူပြီး အမရပူရမြို့၊ မင်္ဂလာတိုက် မိုးကုတ်တိုက်ကျောင်း၌ သီတင်းသုံးတော်မူ၍ စာဝါချခြင်း၊ ကျမ်းစာရေးသား ပြုစုခြင်းဖြင့်လည်းကောင်း၊ နယ်လှည့်၍ မိုးကုတ်ဝိပဿနာကမ္မဋ္ဌာန်းတရား

ဟောပြောပြသခြင်းဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဝိနည်းမိုရ်ဆရာတော် အဖြစ်လည်းကောင်း၊ (၁၃၅၇) မှ (၁၃၇၂)ခုနှစ်အထိ အမရပူရမြို့၊ မင်္ဂလာတိုက်၊ မိုးကုတ်ဝိပဿနာမင်္ဂလာမဂ္ဂင်ရိပ်သာ ပဓာနနာယကကျောင်းဌ သီတင်းသုံးတော်မူပြီး အမရပူရမြို့၊ မင်္ဂလာတိုက်နှင့် မိုးကုတ်ဝိပဿနာ မင်္ဂလာမဂ္ဂင်ရိပ်သာ ပဓာနမဟာနာယကဆရာတော်အဖြစ်လည်းကောင်း၊ သာသနာသုံးရပ်တာဝန်ကို ထမ်းဆောင်တော်မူပါသည်။

ဓမ္မကျမ်းစာများကို ပုံနှိပ်ပူဇော်သော ဆရာတော်၏ထေရုပ္ပတ္တိ ပြီး၏။

ထေရုပ္ပတ္တိကထာ ပြီး၏။

(နောက်ဆက်တွဲ)

ပဋ္ဌာန်းပစ္စည်းအစီပွါယ် ပန်းချီသရုပ်ဖော်ပုံများ

ပေါတုပစ္စယော

၁။ အမြစ်သည် ညောင်ပင်အား စည်ပင်ပြန့်ပွားခိုင်ခံ့စေသကဲ့သို့သော ကုသိုလ်ကံ့အကုသိုလ်ကံတို့၏ အကြောင်းဟိတ် (၆)ပါးတရား။

အာရုမ္မဏာပစ္စယော

၂။ တောင်ဝေး.ကြိမ်တန်းစသည်တို့သည် မစွမ်းမသန် အားနည်းသူတို့၏
ထောက်တွယ်ရာ ဖြစ်သကဲ့သို့သော စိတ်.စေတသိက်တရားတို့၏ အာရုံ(၆)ပါးတရား။

အဓိပတိပစ္စယော



၃။ စကြဝတေးမင်းသည် ပြိုင်သူကင်း၍ အုပ်စိုးသကဲ့သို့သော အဓိပတိပစ္စည်းတရား။

အနန္တရပစ္စယော

စကြဝတေးမင်း နတ်ရွာလားသော် သားကြီးရတနာ ဘုရင်ဖြစ်လာသကဲ့သို့သော အာရုံတူ
စိတ်.စေတသိက်တို့၏ အစဉ်မပြတ် ဖြစ်ပေါ်သော အနန္တရပစ္စည်းတရား၊

သမနန္တရပစ္စယော

၅၊ စကြဝတေးမင်း တောထွက် ရဟန်းပြုသော် သားကြီးရတနာ ဘုရင်ဖြစ်လာသကဲ့သို့သော ကိစ္စဌာန လျော်လျောက်ပတ်သော စိတ်. စေတသိက်တို့၏ ကောင်းစွာအစဉ်မပြတ် ဖြစ်ပေါ်သော သမနန္တရပစ္စည်းတရား။

သဟာဇာတပစ္စယော

မိုးကုတ်ဝိပဿနာ မင်္ဂလာမဂ္ဂင်ရိပ်သာ၊ သံဝေဇနီယဌာန၊ မင်္ဂလာတိုက်၊ အမရပူရမြို့ တပည့်သံဃာများမှပူဇော်သည်။

စီစဉ်သူ - မရူပသိဂီ (I.T.B.M.U) Tel: 0973087091

၆။ ဆီမီးတောက်နှင့် အလင်းသည် အတူတကွ ဖြစ်သကဲ့သို့သော သဟဇာတပစ္စည်းတရား ခြောက်ပါး။

၆။ ဆီပီးတောက်နှင့် အလင်းသည် အတူတကွ ဖြစ်သကဲ့သို့သော သဟဇာတပစ္စည်းတရား ခြောက်ပါး။

အညွှမညွှပစ္စယော

၇။ သစ်သား သုံးခွထောက်သည် အချင်းချင်း ထောက်ကန်ထား သကဲ့သို့သော
အညမညပစ္စည်းတရား သုံးပါး။

နိသာယပစ္စယော

၈။ မြေကြီးသည် သစ်ပင် စသည်တို့အား တည်ရာမှီရာ ဖြစ်သကဲ့သို့သော နိဿယပစ္စည်းတရား။

၈။ မြေကြီးသည် သစ်ပင် စသည်တို့အား တည်ရာမှီရာ ဖြစ်သကဲ့သို့သော နိဿယပစ္စည်းတရား။

ဥပနိဿယပစ္စယော

၉။ ရွာသော မိုဃ်းကြီးသည် သစ်ပင်, သတ္တဝါ စသည်တို့အား အားကြီးသောမှီရာ
ဖြစ်သကဲ့သို့သော ဥပနိဿယပစ္စည်းတရား။

ပုရေဇာတပစ္စယော

၁၀။ ကမ္ဘာဦး၌နေ.လတို့သည် ရှေးဦးစွာဖြစ်နှင့်၍ ကျေးဇူးပြုသကဲ့သို့သော ပုရေဇာတပစ္စည်းတရား။

၁၀။ ကမ္ဘာဦး၌နေ.လတို့သည် ရှေးဦးစွာဖြစ်နင့်၍ ကျေးဇူးပြုသကဲ့သို့သော ပုရေဇာတပစ္စည်းတရား။

ပစ္ဆာဇာတပစ္စယော



၁၁။ လင်းတငယ်တို့၏ ခန္ဓာကိုယ်အား အာသာဆန္ဒဖြင့် အသက်ရှင်နိုင်ရန် နောက်မှဖြစ်ခြင်းက ကျေးဇူးပြုသကဲ့သို့သော ပစ္ဆာဇာတပစ္စည်းတရား။

အာသေဝနပစ္စယော

၁၂။ ထပ်ခါထပ်ခါ သင်အပ်သော ကျမ်းဂန်အား လေ့ကျက်ခြင်းငှာ အားရှိသကဲ့သို့သော အာသေဝနပစ္စည်းတရား။

ကမ္မပစ္စယော



၁၃။ အပင်မျိုးစေ့သည် ဗီဇအမူအရာအလိုက် ရှင်သန် ပေါက်ရောက်သကဲ့သို့သော
အကျိုးတရားတို့ကို ပြုပြင်တတ်သော ကမ္မပစ္စည်းတရား။

၁၄၊ လေပြေအေးသည် အေးငြိမ်းသော အာဝါသအောက်၌ နေသူအား ငြိမ်သက်
ချမ်းငြိမ်းစေသကဲ့သို့သော ကံတို့၏ အကျိုးဖြစ်သော ဝိပါကပစ္စည်းတရား။

အာဟာရပစ္စယော

၁၅။ အိမ်ဟောင်းအား မယိမ်းမယိုင် နိုင်ခံ့စေရန် ကျားကန် ထောက်ပံ့ပေးသကဲ့သို့သော
ရုပ်. နာမ် အာဟာရပစ္စည်းတရား။

ဏ္ဍန္တိယပစ္စယော



၁၆။ တစ်တိုင်းပြည်တည်း၌ အထူးထူးသောဝန်ကို အုပ်ချုပ်အစိုးရသော မင်းမှူးမတ်တို့သည်
မိမိတို့ဆိုင်ရာ ပိုင်စိုးကြသကဲ့သို့သော ဣန္ဒြိယပစ္စည်းတရား သုံးပါး။

၁၇။ တောင်ထိပ်၊ သစ်ပင်ထက်မှ ကြည့်သူသည် အဝေးအနီး အရပ်တို့ကို
ထင်ရှားတပ်အပ် မြင်ရသကဲ့သို့သော ဈာနပစ္စည်းတရား။

မဂ္ဂပစ္စယော

၁၈။ ကမ်းတစ်ဖက်သို့ရောက်အောင် ဆောင်ပို့တတ်သော လှေကူးတို့ သဘောကဲ့သို့သော ထွက်မြောက်ကြောင်းဖြစ်သော မဂ္ဂင်ပစ္စည်းတရားများ။

သမ္ပယုတ္တပစ္စယော

၁၉။ ဆီ. ထောပတ်. ပျား. သကာ ဟူသော စတုမဓု ရောသောအခါ အချင်းချင်း စပ်ယှဉ် နှီးနှောသကဲ့သို့သော သမ္ပယုတ္တပစ္စည်းတရား။

ဝိပ္ပယုတ္တပစ္စယော

၂၀။ အချို အချဉ် အစပ် အငန် အဖန် အခါးဟူသော ခြောက်ပါးသော အရသာသည် ရောသောအခါ
အချင်းချင်း မနီးမနော မစပ်ယှဉ် သကဲ့သို့သော ဝိပ္ပယုတ္တပစ္စည်းတရား သုံးပါး။

အတ္တိပစ္စယော

၂၁။ ဟိမဝန္တာတောင်မင်းသည် မြက်သစ်ပင်တို့အား မိမိ ထင်ရှားရှိခိုက် ပွားပြန့်စေခြင်းငှာ ထောက်ပံ့သကဲ့သို့သော အတ္တိပစ္စည်းတရား။

၂၂။ ညဥ့်၏ကင်းခြင်းသည် နေ့ဖြစ်ခြင်းငှာ၊ ဆီမီး၏ငြိမ်းခြင်းသည် အမိုက် (မှောင်) ဖြစ်ခြင်းငှာ ထင်ရှားမရှိခြင်းဖြင့် ကျေးဇူးပြုသကဲ့သို့သော နတ္ထိပစ္စည်းတရား။

ဝိဂတပစ္စယော

၂၃။ ကွယ်ပျောက်သွားသော နေရောင်သည် လရောင်လင်းစေခြင်းငှာ ကင်းချုပ်ခြင်းဖြင့် ကျေးဇူးပြုသကဲ့သို့သော ဝိဂတပစ္စည်းတရား။

အဝိဂတပစ္စယော



၂၄။ မဟာသမုဒ္ဒရာသည် မိမိကိုမှီ၍ ပျော်ရွှင်ကြကုန်သော ငါးမကောင်းရ်တို့အား
မကင်းသောအဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့သော အဝိဂတပစ္စည်းတရား။

အမရပူရမြို့ မိုးကုတ်-မင်္ဂလာ ဓမ္မစေတီတော်ကျမ်းစာများ







ဖြန့်ချိရေး
- ၁။ မိုးကုတ်ဝိပဿနာမိခင်ပင်မ သံဝေဇနီယဌာန
မင်္ဂလာမဂ္ဂင်ရိပ်သာနှင့် မင်္ဂလာတိုက်၊
အိုးတော်ရပ်၊ အမရပူရမြို့နယ်၊ မန္တလေးမြို့။
- ၂။ ကုဿာသယပိဋကတ်စာအုပ်ဆိုင်
ရွှေတိဂုံဘုရားတောင်ဘက်မုခ်ဈေးတော်ရှံ
ရန်ကုန်မြို့။ ဖုန်း - ၀၁ - ၃၇၄၈၁၃

ISBN 978-99971-856-3-1

ဤဓမ္မစေတီတော်ကို မည်သူမဆို ဓမ္မဒါနအဖြစ် ကူးယူလှူဒါန်းပူဇော်နိုင်ပါသည်။

Graphic: NaingLin(SweTaw)